
http://www.cherrythitsar.org



http://www.cherrythitsar.org

စိတ်ကူးချိုချိုအနုပညာ
(၈၅)၊ ၁၆၄-လမ်း၊
တာမွေ၊ ရန်ကုန်။
ဖုန်း - ၇၂၆၆၂၄

http://www.cherrythitsar.org

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောက်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက် နှောက်ယှက်သောပြည်ပနိုင်ငံများအားဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

စိတ်ကူးချိုချိုစာအုပ် - ၆၀

# ကျွန်တော် တင်အောင်ထွန်း

ခင်နှင်းယု

၂၀၀၂ ခုနှစ် မေလ
ဒုတိယအကြိမ်

http://www.cherrythitsar.org


| | |
|---|---|
| စာမူခွင့်ပြုချက် | ၁၀၁/၂၀၀၂ (၁) |
| မျက်နှာဖုံးခွင့်ပြုချက် | ၁၇၁/၂၀၀၂ (၂) |
| ပုံနှိပ်သူ | ဦးကျော်ငွေမင်း<br>အောင်သိန်းသန်းပုံနှိပ်တိုက်<br>(၀၅၉၉၂)<br>၄၄၊ သိမ်ဖြူလမ်း၊ ရန်ကုန်။ |
| ထုတ်ဝေသူ | ဦးထွန်းထွန်းဦး<br>နှင်းဦးလွင်စာပေ<br>ပြည်လမ်း၊ ကမာရွတ်<br>ရန်ကုန်။ |
| ပုံနှိပ်ခြင်း | ဒုတိယအကြိမ် |
| အုပ်ရေ | ၁၀၀၀ |
| ထုတ်ဝေသည့်ကာလ | မေလ၊ ၂၀၀၂ |
| တန်ဖိုး | ၅၀၀ ကျပ် |

## အခန်း (၁)

# ပန်းများမွှေးသောည

ဒေါ်ခင်နှင်းယုခင်ဗျား -

ကျွန်တော်ကတော့ နပိုလီယံမဟုတ်ပါဘူး။

နပိုလီယံဗိုနာဘတ်ဟာ ဥရောပရာဇဝင်မှာ စစ်တိုက်ပွဲတွေကြောင့် ကျော်ကြားခဲ့ရုံမက အချစ်ပွဲတွေမှာလည်း ကျော်ကြားခဲ့တဲ့ သူတစ်ယောက်ဖြစ်ခဲ့ပါသည်။ တစ်နည်းပြောရရင်တော့ မိန်းမတွေနဲ့ အသည်းခွဲတမ်းကစားတဲ့ နေရာမှာ ကမ္ဘာကျော်ကြီးပေါ့ခင်ဗျာ။

ဒါကြောင့်လည်း နပိုလီယံကနေ ပေးတဲ့ ချစ်သဝဏ်လွှာ၊ မေတ္တာဘွဲ့၊ ရှင်းရှင်းအရပ်သုံးနဲ့ ရေးရင်တော့ ရည်းစားစာတွေဟာ စာတစ်စောင် ပေတစ်ဖွဲ့ ကျစ်ရစ်တာပေါ့။

သူပဲစာရေးတော်လို့လား၊ သာမန်စစ်ဗိုလ်လေးဘဝကနေ ဧကရာဇ်ဘုရင်မင်းမြတ်ကြီး ဖြစ်လာလို့လား၊ နပိုလီယံ ဗိုနာဘတ် မင်းဆက်မင်းနွယ်ကို ပထမဆုံး စတင်တည်ထောင်သူရဲ့ စာမို့လို့လား၊ ဂုဏ်ကိုလိုက်ပြီး သူ့စာတွေဟာ ကမ္ဘာကျော်ခဲ့ရတာလား။ ဒါကိုတော့ ကျွန်တော်မသိ။ ရာဇဝင် သုတေသီတွေ ကျွန်တော့်ထက်

# ၈ ခင်နှင်းယု

ပိုသိမှာပေါ့။ အမှန်တော့ အသည်းစားဘုရင်ကြီးပေါ့။

လူ့လောကများ သိပ်အံ့ဩဖို့ကောင်းတာပဲ။ ဧကရာဇ် မင်းမျိုး မင်းနွယ်၊ မင်းဆက်တွေက ပြင်သစ်လူထုကို ညှဉ်းပန်း နှိပ်စက်လို့ ပေါ်ပေါက်လာရတဲ့ ပြင်သစ်တော်လှန်ရေးကြီး၊ ဒီကမ္ဘာ ကျော် ပြင်သစ်တော်လှန်ရေးက ပေါက်ဖွားလာတဲ့ စစ်ဗိုလ်လေး နပိုလီယံက ဘယ့်နှယ် ဘယ့်နှယ့်၊ တော်လှန်ရေး လမ်းစပျောက်ပြီး သူကိုင်တိုင် ဧကရာဇ်ဘုရင်အဖြစ် သူ့ကိုယ်သူ ကြေညာပြီး အသက်ဦးဆံပိုင်ဘုရင်ခေတ်ကိုပဲ ပြန်လည် အသက်သွင်းခဲ့တယ်။ ဂျိုးဇက်ဖင်းကို မိဖုရားခေါင်ကြီးအဖြစ် တင်မြှောက်တဲ့ ၏နေရာမှာ ဂိုဏ်းချုပ်ကြီးတွေကသာ ဘုရင်မိဖုရားတွေကို သရဖူဆောင်း ခဲ့ပေမယ်လို့ သူဧကရာဇ်ဖြစ်တော့မှ သူကိုယ်တိုင် ဆောင်းပေးခဲ့ တယ်လို့ ကျွန်တော်ဖတ်ဖူးပါတယ်။

ဒါပေမယ့်လည်း ဂျိုးဇက်ဖင်းကို မတွေ့ခင်က အရပ်သူကအစ သူစစ်တိုက်လို့နိုင်တဲ့ တိုင်းပြည်ငယ်လေးတွေက မင်းသမီးတွေ အဆုံး၊ မိန်းမတွေရဲ့ အသည်းအမျိုးမျိုးကို ကင်လိုကင် ဖုတ်လိုဖုတ်ပြီး ပြင်သစ် အရက်ချိုနဲ့ မြည်းခဲ့တဲ့ နပိုလီယံ အသည်းစားဘုရင်ကြီးကို ဘယ်သူမှ မမေ့ခဲ့ကြဘူးနော်။

ကျွန်တော်ကိုတော့ မေ့ကြပါပြီ။

ကျွန်တော်က နပိုလီယံမှ မဟုတ်ဘဲကိုး။

ဒါပေမယ့် နပိုလီယံလို ကမ္ဘာကျော် မဟုတ်သော်လည်း မိန်းမ တွေကို အသည်းခွဲတမ်း ကစားတဲ့ နေရာမှာတော့ နပိုလီယံ မသာ သော်လည်း တန်းတူလိုက်နိုင်တယ်လို့ ကိုယ့်ကိုယ်ကို ဖော်ကောင် လုပ်ပါရစေ ဒေါ်ခင်နှင်းယုခင်ဗျား။

ဟုတ်တယ်။ ကျွန်တော် ဖော်ကောင်လုပ်ရမယ်၊ ကျွန်တော် ဝန်ခံရမယ်၊ အသည်းနာနာနဲ့ ဖွင့်ဟ ထုတ်ဖော် ဝန်ခံရတော့မယ်။

http://www.cherrythitsar.org



တကယ်လည်း ကျွန်တော်အသည်းတွေဟာ အရက်ကြောင့် အသည်းကြွပ်ရောဂါ၊ အသည်းကျွမ်းရောဂါဖြစ်ခဲ့ပြီကိုး။ ခုခေတ် မြီးကောင် ပေါက်တွေလို အသည်းကွဲစာရေးရတော့မယ်လို့ အထင် မသေးပါနဲ့နော်။ ဆုံးအောင်လည်းဖတ်ပါ။ စာရေးလေ့မရှိတော့ တောင်းပန်ရသေးတယ်။ ထပ်မံပြီး ပြောပါရစေ။

ဒီစာရေးသူ ကျွန်တော်ဟာ တင်အောင်ထွန်းပေါ့။

ဒေါ်ခင်နှင်းယုကိုယ်တိုင် မွေးထုတ်တဲ့ ဇာတ်ကောင် အသီး သီးမှာ မွေးထုတ်သူကိုယ်တိုင် ပစ်ပယ်ခံရ၊ အမေ့ခံရ၊ ဝိုင်းပယ်ခံရတဲ့ တင်အောင်ထွန်းပါပဲ။

"မွေး" ၊ "ကုသိုလ်ကြမ္မာမှီပါခဲ့" ၊ "အတွတ်ရေ" ဒီစာအုပ်သုံးအုပ်စလုံးကို ကျွန်တော်ဖတ်ခဲ့ပြီးပါပြီ၊ ဒီသုံးအုပ် ကိုဖတ်ပြီးတော့မှ ဒီစာကို ဒေါ်ခင်နှင်းယုဆီ ကျွန်တော်ရေးမိတာပဲ။

ဒေါ်ခင်နှင်းယုဟာ ဇာတ်ကောင်အသီးသီးဖြစ်ကြတဲ့မွေး၊ ကိုကိုနိုင်၊ အတွတ်တို့ကို ပွဲထုတ်ပြီးခဲ့ပေမဲ့ ကျွန်တော် တင်အောင် ထွန်းကိုတော့ မေ့ကျန်ရစ်ခဲ့လို့လား၊ စိတ်နာကြည်းလွန်းလို့လား၊ ဗီလိန်သို့မဟုတ် ငမိုက်သား၊ မုဆိုး၊ အသည်းစားကောင်ကို မုန်းလွန်း လို့လား ဒေါ်ခင်နှင်းယုရယ်။ တင်အောင်ထွန်းဆိုတဲ့ အကောင်ကို အေမီနဲ့ လက်ထပ်ပြီးတဲ့နောက် ဒေါ်ခင်နှင်းယုရဲ့ မွန်မြတ်တဲ့ ဇာတ်စင်ပေါ်ကို ဆွဲတင်မပြတော့ဘူး။

မတရားဘူးလို့တော့ မစွပ်စွဲလိုပါဘူး။ ဒါပေမင့် လောကရဲ့ ဇာတ်သဘင်ကို အညီအမျှ ရှုတတ်သူသာ ဒေါ်ခင်နှင်းယု ဖြစ်ခဲ့ရင် တော့ ကျွန်တော် တင်အောင်ထွန်းကို ငယုတ်မာကြီး ဘဝအနေနဲ့ပဲ ဖြစ်ဖြစ်၊ အသည်းစား မုဆိုးအခန်းကပဲဖြစ်ဖြစ် ကျွန်တော့ကို ကပြခွင့် တစ်နေရာတော့ ပေးသင့်ပါတယ်။

ကျွန်တော်လျှောက်လဲပါရစေဦး။

http://www.cherrythitsar.org

# ၁၀ ခင်နှင်းယု

အီဂျစ်ဘုရင် ဖာရောက်လို အသည်းစားဧကရာဇ် ဖြစ်ရုံမက တိုင်းပြည်ရဲ့ ရေနံတွင်းတွေကို ကိုယ်ကျိုးအတွက် ရောင်းစားတဲ့ ဘုရင်တွေကျတော့ ဘုရင်ရင့်မာကြီးမို့လိုလားဗျာ၊ သူတို့အကြောင်းကို တခမ်းတနားပွဲထုတ်ခွင့် ကမ္ဘာ့စာပေမှာ ရခဲ့ပါတယ်။

ကျွန်တော်ကတော့ သာမန်လူတစ်ယောက် ဖြစ်ပါတယ်။ ဒေါ်ခင်နှင်းယုဟာ ဘက်မလိုက်စာရေးဆရာ ဖြစ်ခဲ့ရိုးမှန်ရင် ကျွန်တော့်ကို ဒေါ်ခင်နှင်းယုရဲ့ တခြားဇာတ်ကောင်များနဲ့အတူ အသိ အမှတ်ပြုစေ ချင်တယ်။

ဒီစာကို မွေးရဲ့ အပါးမှာ ကျွန်တော်ရောက်နေရင်းကနေ ရေးတယ်ဆိုရင် ဒေါ်ခင်နှင်းယု အံ့သြမှာပဲ။

'အတွတ်ရေ' ဝတ္ထုတစ်အုပ်လုံးမှာ များသောအားဖြင့်ဇနက္က ဇာတ်တော်လာ စကားလုံးတွေကို အများဆုံးသုံးခဲ့တယ်။ ကျွန်တော် လည်း ရင်ထဲကလှုပ်ရှားလာလို့ စာရေးချင်လွန်းလို့သာ ရေးရတယ်။ မွေးတို့ ကိုကိုနိုင် အတွတ်တို့လိုတော့ စာရေး မကျွမ်းကျင်ပါ။

ကျွန်တော်ဆိုတာကတော့ ဇနက္ကမင်းသား ဉဒါန်းကျူး သလို လောကများ ' မကြံဘဲနဲ့လည်း ဖြစ်တတ်တယ်၊ ကြံလျက်နဲ့ ပျက်တတ်၏' ဆိုတဲ့ စကားသိပ်မှန်တာဘဲနော်။

'မွေး' ဝတ္ထုကိုဖတ်ရင်း ဒေါ်ခင်နှင်းယုဆီ စားရေးဖို့ ကျွန်တော် ကြိုးစားပါတယ်။

'ကုသိုလ်ကြမ္မာမမှီပါခဲ့ ဝတ္ထုကို ဖတ်ပြီးတော့လည်း စာရေး မယ်လို့ ထပ်မံကြိုးစားပါတယ်။

'အတွတ်ရေ' ဝတ္ထုဖတ်ပြီးတော့ဖြင့် ကျွန်တော် မနေနိုင် တော့ဘူး၊ ရေးဖြစ်အောင်ရေးချင်တဲ့ အသည်းနှလုံးက၊ ဆန္ဒက တိုက်တွန်းလာတဲ့အခါ ကျွန်တော် ကလောင်ကိုင်ပြီး ရေးဖြစ်လာပြီ၊

ဒေါ်ခင်နှင်းယုရဲ့ စာပေစဉ်မှာ 'ကျွန်းဧကရီ' နဲ့ 'မိန်းမရိုင်း'

http://www.cherrythitsar.org



ဝတ္ထုဟာ ထင်ရှားတဲ့ မှတ်တိုင်တစ်တိုင်အဖြစ် နေရာယူခဲ့တယ်။

'ကျွန်းဧကရီ'ရဲ့ ဇာတ်ကောင်ဗိုလ်တင်မောင်ဟာ သူ့ဖွင့်ဟချက်ကို ကျွန်းဧကရီမှာ တင်ပြခဲ့တယ်။ 'မိန်းမရိုင်း' မှာတော့ ဦးကျော်မင်းရဲ့ ဖွင့်ဟဝန်ခံချက်ကို ဒေါ်ခင်နှင်းယု တင်ပြခဲ့တယ်။

ခုလည်းမွေးရဲ့ အကြောင်းကို 'မွေးတည့်လေ' ဆိုတဲ့ ဝတ္ထုရှည်ကြီး အနေနဲ့ စာတစ်စောင် သီးသန့် စင်တင်တဲ့နေရာမှာ ကျွန်တော် တင်အောင်ထွန်းပါမှ ပြီးပြည့်စုံခြင်းအဖြစ်သို့ ရောက်မယ် ဆိုရင် ဒေါ်ခင်နှင်းယုက ကြီးကျယ်တယ်ထင်မှာပဲနော်။

ပထမတော့ ဖြစ်သမျှ အကြောင်းစုံတွေကို ရင်မှာမျိုသိပ်ပြီး ကိုယ့်စခန်းကို သိမ်းတော့မလို့ပါပဲ။

ဒါပေမဲ့ . . .

ယခုလိုအချိန်သို့ ရောက်ပြီဆိုလျှင် အတွတ်နှင့်မွေးတို့အတူ တကွ မွေးဖွားခဲ့သော ဝါးခယ်မမြို့ပြင်ရှိ လယ်ကွင်းများထဲတွင် စပါး စေ့လေးတို့သည် အိပ်ပျော်ရာမှ နိုးကြပေတော့မည်။

အဲဒီစာတန်းလေးကို ဒေါ်ခင်နှင်းယု မွေးရဲ့ ဝတ္ထု အစမှာ ရေးခဲ့တယ်။

ကျွန်တော်ဟာ တခြားအချိန်တွေမှာ မအေမီရဲ့ ရင်ခွင်ကြား မှာ လူးလှိမ့်ပျော်ပါးနေရခိုက်၊ တခြားတခြားသော ကျွန်တော်ရဲ့ သားကောင်း သမင်လေးတွေရဲ့ အသည်းကို အရက်နဲ့ မြည်းနေခိုက် ဆိုရင်တော့ မွေးကို မေ့နေရိုးအမှန်ပါ။

ခုလို မိုးစက်ငွေမျှင်နဲ့ ပိတောက်ရွှေပွင့်လှာတို့ နှုတ်ခမ်းချင်း ဆက်ချိန်ရောက်ရင်ဖြင့် ကျွန်တော့်ချစ်ဦး သော်ကရွာ ကျေးတော်သူ မွေးကို ကျွန်တော် ဘယ်မေ့ပါလိမ့်မလဲ ဒေါ်ခင်နှင်းယုရယ်။

ငတွတ်ကြီး စခဲ့တဲ့ဇာတ်လမ်းလေ။

တက္ကသိုလ်မှာ နေခဲ့တဲ့ ရက်တွေလေ။

## ၁၂ ခင်နှင်းယု

အတွက်ကြီးရယ် ရေချိုးခန်းဝင် ရေချိုးတဲ့ အချိန်မှာလည်း ရေချိုးခန်း မင်းသားကြီးအဖြစ် အော်လိုက်ဟစ်လိုက်ရတဲ့ သီချင်း၊ မှန်ရှေ့မှာ ခေါင်းဖီးချိန်လည်း ဟစ်လိုက် ဆိုလိုက်ရတာလေ။

တေးဆိုကြ ပျော်ကြတာတွေ၊ ငယ်ငယ်က သဘာဝအခြေ၊ မြင်ယောင်လို့နေ၊ ခုနေမှား ဟိုခေတ်အခါတွေ၊ ပြန်ကာပဲ တွေးကြည့်ရင်လေ၊ လွန်ကွာခြားပေ။

သူငယ်ချင်းတွေ သင်းဖွဲ့ကာရယ် မြူးပျော်လို့နေ၊ မိုးဥတုရောက်ရင်လေ၊ မြစ်ကမ်းခြေ ရေများလွှမ်းကာနေ၊ တေးချိုချို သံဆိုရင်းနဲ့ ပျော်ခဲ့တာတွေ၊ ငယ်ချစ်ဆွေရေ စိတ်ကမျှော်မှန်း ယော်ယမ်းကာနေ။

အမြဲပဲတွေပါစေ အခါခါဆုတောင်းနေ၊ ကျောင်းဘုရား သွားကာပင် တူယှဉ်မကွဲပေ။

မြင်ယောင်ပါရဲ့ အဆွေ၊ ဖော်တစ်သင်း မြူးလို့လေ၊ လှေလှော်ရင်းကစားကြပေ၊ သပြေသီးများလည်း စားကြပျော်ပျော်လေ။

လှည်းယဉ်ကလေး စီးလို့လေ၊ ပွဲတော်ခရီး သွားခဲ့ပေ၊ ဆူကာ ညံကာ ပျော်ရွှင်တာတွေ၊ နားထဲမှ ကြားယောင်ပါလို့နေ။

အာကာဗွေ မြူတွေဆိုင်း၊ အုံ့မှိုင်းရီဝေ မိုးသက်ဆင်ပြီလေ၊ မိုးရွာ ရင် ရေတွေချိုး၊ တိုးကာပင် ပျော်ပါသေး အေးလို့တန်နေ။

အိုးပုတ် အိုးပုတ်ကလေးတွေ ရှိပါတယ်လေ။

ချိုးရုပ် ချိုးရုပ် ကလေးနဲ့ ကစားမယ်လေ။

လာလာလေ၊ လာလေမလား၊ မလာချင်ရင် နေပါလားလေ။

အဲဒီအခါက အကြောင်းတွေကိုလေ၊ ငယ်ချစ်ဆွေရေ

အဝေးကမျှော်မှန်း ယော်ယမ်းကာနေ . . . ။

ကဲ . . . ကျွန်တော်ကတော့ အတွက်ဆိုနေကျ သီးချင်းကို တစ်ပုဒ်လုံး အစအဆုံးကို ရေးပြလိုက်တာပဲ။

http://www.cherrythitsar.org



သီချင်းက မဆန်းပါဘူး၊ တကယ့်ကို ဟောင်းတဲ့ ခေတ်ဟောင်း သီးချင်းတစ်ပုဒ်။ ဒါပေမဲ့ အနှစ်နှစ်ဆယ်ဓာတ်ပြားတို့၊ ခေတ်ဟောင်း သီးချင်းတို့လာရင်၊ ကျွန်တော်တို့ တစ်ခေတ် လူတစ်စု ဟာ ရေဒီယိုနားကို ပြေးသွားမိကြတယ်။

တကယ်လည်း အနှစ်နှစ်ဆယ်လောက် ပြန်ငယ်သွားကြ တယ်လို့ အောက်မေ့မိကြတယ်။

ကိုယ့်ဇာတ်လမ်းနဲ့ ကိုယ့်ဇာတ်ထုပ်တစ်ခုစီရှိကြသလို၊ ကိုယ့်ငယ်ကြိုက် သီချင်းတစ်ပုဒ်လည်း ဇာတ်လမ်းနဲ့ယှဉ်တွဲ ရှိစမြဲပဲ။

ဘယ်သူပဲဖြစ်ဖြစ် ငယ်ရာက ကြီးလာတဲ့သူတွေကိုး။ခုတော့ နှစ်ဆယ်ကျော် ငါးနှစ်ပတ်လည်ကနေ လေးဆယ်ကျော် ငါးဆယ် ပတ်လည် ရောက်ခဲ့ပေမင့်လည်း ဘယ်သူက ကိုယ့်ငယ်ဘဝကို မေ့မလဲ။

အတွက်က ဒီသီချင်းကို ဘယ်မေ့နိုင်မလဲ။ သူနဲ့မွေးဘဝကို အကျဉ်းချုပ်လိုက်ရင် ဒီသီချင်းလေး တစ်ပုဒ်အတိုင်းပဲ။ မြရောင် ပျိုးပင်တွေ ပတ်လည်ဝိုင်းနေတဲ့ သော်ကကျေးရွာရဲ့ တစ်ဖက်ကမ်း က ဝါးခယ်မမြို့ကလည်း မိုးဦးကျဆိုရင် စပါးခင်းတွေ မြရောင်လွှမ်း ချိန်မှာ ဟိုတုန်းကတော့ သာယာတာအမှန်ပဲလေ။

အဲ . . . တညင်းခွံတွေ ဗွက်ထဲမှာ ပုပ်နေတဲ့ ဈေးပတ်ဝန်း ကျင် တစ်ဝိုက်တော့ သွားကြည့်ပြီး ဝါးခယ်မမြို့ဟာ ပုပ်စော်နံတဲ့ မြို့လို့ ဆုံးဖြတ်ရင်တော့ ကျယ်ပြန့်တဲ့ အမြင်မဟုတ်ပေဘူး။

သိမ်ကြီးဈေးနောက်က ကုန်စိမ်းရွက်ပုပ်တွေ လွှမ်းနေတဲ့ လမ်းကြားကို ကြည့်ပြီး ရန်ကုန်မြို့ အလှကို ဆုံးဖြတ်လို့မရသလိုပါပဲ။

ခုမှတော့ ဝါးခယ်မမြို့ရဲ့ အလှဘွဲ့ကို သီကျူးထုတ်ဖော် မနေပါနဲ့၊ အစကသာ အရုပ်ဆိုးမလိုလိုနဲ့၊ တကယ်တမ်း သာယာ ပျော်မွေ့စရာ ကောင်းတဲ့ ဝါးခယ်မမြို့လေးကို ချစ်တတ်ရင်ဖြင့်

## ၁၄ ခင်နှင်းယု

ဝါးခယ်မမြို့သူ မွေးကိုလည်း ကိုတင်အောင်ထွန်း ပစ်ခွာမပြေးပါဘူးလို့ ဒေါ်ခင်နှင်းယုက ဒီစာဖတ်ရင်း စိတ်ထဲက ရန်တွေ့နေမယ်ဆိုတာ ကျွန်တော်သိပါတယ်။

ဆိုလိုရင်း ပျောက်သွားပြန်ပြီ၊ ကျွန်တော် ပြောချင်တာက ပြီးခဲ့တဲ့ သင်္ကြန်မှာ မွေးတို့ခြံဝင်းကြီးရဲ့ ညာဘက်ထောင့်မှာ အငြိမ်းစား သံအမတ်ကြီးတစ်ဦးရဲ့ ရေသဘင်မဏ္ဍပ်ရှိတယ်၊ သူကမွေးတို့ခြံနဲ့ စပ်ရက်၊ သင်္ကြန်အခါတိုင်း မဏ္ဍပ်ထိုးပြီး ရေကစားတယ်၊ ယဉ်ယဉ် ကျေးကျေး သိမ်သိမ်မွေ့မွေ့ပါပဲ၊ မွေးရဲ့ ခြံထောင့်မှာလည်း ပိတောက်ပင်ကြီးကလည်းအပွင့်တွေ ဝင်းဝါလို့ အလှပြကားတွေဟာ သံအမတ်ကြီးမဏ္ဍပ်မှာ ကပြပြီး ရေကစားသွားကြတယ်။

အဲဒီအထဲမှာလေ အဆိုကျော် အံ့ကြီးတို့ မြကြီးတို့အုပ်စု ပါကြတာပေါ့။ နောက်တစ်ခေတ်ပေါ် မောင်ဝင်ဦးတို့လည်းပါတယ်၊ သူတို့ဟာ သူတို့ကိုယ်ပိုင်သီချင်းတွေကို မသီဆိုဘဲ အတွတ်ဆိုနေကျ ငယ်ချစ်ဆွေ သီချင်းကို ဆိုသွားကြတယ်။

ဒီအခါမှာ ကျွန်တော်မလွမ်းဘဲ နေပါ့မလား၊ သူတို့တောင် သူတို့ရဲ့ ငယ်ဘဝကို ဒီသီချင်းလေးကို ရွတ်ဆိုရင်း တမ်းတသွားကြတယ်။

ကျွန်တော် အပယ်ခံ တင်အောင်ထွန်းက ဒီသီချင်းကြားပြီး စိတ် ချောက်ချားနေချိန်မှာ အဝေးခြံထောင့်မှာ ကြည့်လိုက်တော့ ကျွန်တော့်အချစ်ဦး မွေး အရင်ကလို ငယ်အလှနဲ့ မစိုပြည်တော့ပေမဲ့ ရင့်ကျက် တည်ငြိမ်တဲ့ သူ့မျက်နှာဟာ ကျက်သရေ တစ်မျိုးပဲ။

သူလည်း ဒီသီချင်းရဲ့ လွမ်းမိုးမှုကို ခံစားနေရတယ်လို့ ကျွန်တော်ထင်တယ်၊ သူ့မျက်နှာညှိုးညှိုးလေးနဲ့ ပိတောက်ပွင့်ခက်တွေကို ပိုက်ပြီး သူ့အိမ်ကြီးရှိရာကို တစ်လှမ်းချင်း လှမ်းတက်သွားတယ်။

http://www.cherrythitsar.org



'မွှေးရေ' လို့ ဟစ်ခေါ်ချင်လိုက်တာ၊ ငယ်တုန်းက တစ်ခါဆုံခဲ့တဲ့ သကြ်န်ရက်လို သူ့အပါးကို ပြေးလိုက်ပြီး ငွေဖလားနဲ့ ရေသွန်းချင် လိုက်တာ၊ လက်ထဲက ပိတောက်တစ်ခက်ကို မွှေးခေါင်းပေါ်မှာ ပန်ပေးချင်လိုက်တာ။

အို . . . အသံမထွက်နိုင်တဲ့ဘဝ။

ပြေးလိုက်ရအောင် ခြေလှမ်းကို ပိုင်ဆိုင်ခွင့်မရှိတဲ့ဘဝ။

"အချစ်ရဲ့၊ မောင်ဒီမှာလေ" လို့ ကိုယ့်ရင်ဘတ်ကိုယ်ပုတ်ပြီး ပြောလို့မရတဲ့ဘဝ။

အို . . . ဒေါ်ခင်နှင်းယုရယ်၊ ကျွန်တော်စာရေးဆရာ ဖြစ်ချင်တယ်။ အဲဒီတစ်နေ့ရဲ့ စိတ်အစဉ် ခံစားမှုလေးကိုပဲရေးခြယ်ပြ ချင်တယ်။

ဝေဒနာခံစားမှုရှိမှ စာရေးတတ်တယ်ဆိုတဲ့ ဒေါ်ခင်နှင်းယုရဲ့ နှလုံးသားထဲကို ကျွန်တော်တင်အောင်ထွန်း ဝိညာဉ်ပူးပြီး ပြော ချင်တယ်။ရေးချင်တယ်။

အဲဒီည အိပ်မပျော်တော့ဘူးလေ။

ဝဋ်တွေလည်ခဲ့ပြီကော . . . ၊ ပိတောက်သင်းတဲ့ သကြ်န် ချိန်မှာ အတွတ်ချိုးပေး၊ ခူးပေးတဲ့ ပိတောက်ခက်ကို အသာယူပြီး မွှေးဆံပင်မှာ ပန်ပေးခဲ့တဲ့တင်အောင်ထွန်း။

ကျွန်တော်တို့နှစ်ယောက် ပိတောက်ပင်အောက်မှာ ကြည်မွေ့နေတဲ့အဖြစ်ကို ပိတောက်ပင်ပေါ်ကနေကြည့်ရင် အတွတ် ကြီး တစ်ယောက်ခံစားတဲ့ ဝေဒနာကို ခုတော့ ကျွန်တော် စာနာ တတ်ပြီး၊ ခံစားနေရပြီလေ။ အနိုင်ယူခဲ့တဲ့ အကွက်တွေ တစ်ဘဝ တောင် မကူးဘူး၊ မျက်မှောက်မှာကို ခံနေရပြီ။

ဝိညာဉ်လေးသာဖြစ်ရင် ဒေါ်ခင်နှင်းယုကိုပူးပြောချင်တယ် ဆိုတာတောင် ဝိပဿနာတွေ အထပ်ထပ်ရှုမှတ်နေတဲ့ ဒေါ်ခင်နှင်းယု

အပါးကို ကျွန်တော့်လို နတ်ဆိုးနဲ့တူတဲ့ အကောင်ရဲ့ ဝိညာဉ်ဟာ မကပ်နိုင်ပါဘူးလေ။

ဒါကြောင့် ဒီစာကို အဝေးကနေ ရေးရခြင်းပါ။ဒေါ်ခင်နှင်းယု၊

ပြေပြစ်ကျစ်လျစ်သိပ်သည်းခြင်း မရှိရင်လည်း အစီအစဉ် မကျရင်လည်း ခွင့်လွှတ်ပါ။ ဒါပေမယ့် ဆုံးရင်တော့ ဒေါ်ခင်နှင်းယု ကျွန်တော့်အပေါ် နားလည်မှာပါ။

အသည်းစား နတ်ဆိုးလေးရဲ့ အိပ်မပျော်သော ညများမှာ ပြော ကြားတဲ့ ပုံပြင်လေးတိုလိုပဲ သဘောထားပြီး ကျွန်တော့်စာကို ဖတ်ပါနော်။

ကျွန်တော်သာ မွှေးစာတွေကို မီးရှို့မပစ်ခဲ့ရင် ခုလို စာရေးတဲ့ အခါ အထောက်အထားကောင်းကောင်းရမှာ၊ ကျွန်တော် . . . ကျွန်တော် . . . ပက်စက်လိုက်တာ၊ အင်္ဂလန်မသွားခင် တစ်ပတ်မှာ မွှေးရဲ့ စာတွေကို မီးရှို့ပစ်ခဲ့တယ်။

ရောမမြို့ မီးလောင်တဲ့ မီးတောက်ကို ကြည့်ပြီး ဘဝင်ခိုက် ကြည်နူးပြီး၊ စောင်းတီးလို့ ပျော်မွေ့နေတဲ့ နီရိုးဘုရင်လို။

ခုချိန်ခါ မွှေးမှာဖြင့် ဒုက္ခတွေ ပင်လယ်ဝေလို့ ဘဝလမ်းမှာ မီးလျှံကြားထဲ သွားနေရတဲ့မွှေး၊ မွှေးအသည်းနှလုံးကို လောင်နေတဲ့ မီးရောင်ကို လမင်းအရောင်လိုကြည့်ပြီး အေမီရဲ့ ရွှေရင်စုံကို မျက်နှာအပ်ပြီး ပျော်ခဲ့တဲ့ အကောင်လေ။

ဒီကောင် ခုတော့ ခံရပြီလေလို့၊ ပက်ပက်စက်စက် မရယ် လိုက်ပါနဲ့ဦး။

ကျွန်တော်က စိန်ပေါလ်ကျောင်းထွက်ဆိုတော့ စိန်ပေါလ် လေသံနဲ့ပဲ ပြောပါရစေ။

ကျွန်တော် ငယ်ငယ်တုံးက ရှိတ်စပီးယားရဲ့ ဗင်းနစ်မြို့က ကုန်သည်ဆိုတဲ့ ဝတ္ထုကို သင်ခဲ့ရတယ်၊ ဖတ်ခဲ့ရတယ်၊ ဝေဖန်ခြင်းမှာ

http://www.cherrythitsar.org



အဆင့်မြင့်တဲ့ အင်္ဂလန်က စာပေဝေဖန်ရေးသမားထဲက တစ်ယောက် က ဒီဝတ္ထုမှာ ရှိုက်စပီးယားကို ပြောခဲ့တယ်။ ဝေဖန်ခဲ့တယ်။ "လူဆိုးခန်း နေရာမှာပါဝင်ကပြရတဲ့ ဂျူးလူမျိုးရှိုင်းလော့ကို အပြစ်ဒဏ်ပေးတဲ့ နေရာမှာ စာရေးဆရာ ရှိတ်စပီးယားဟာ ရှိုင်းလော့ကျူးလွန်တဲ့ အပြစ်ထက် စာရေးဆရာ ပေးတဲ့ အပြစ်ဒဏ်က ပိုမိုကြီးမားနေတယ်" လို့ ဝေဖန်ရေးသားထားတယ်။ ခုလည်း ကျွန်တော်ငမိုက်သား တင်အောင်ထွန်း အပေါ်မှာ စာရေးဆရာ ဒေါ်ခင်နှင်းယု ပေးထားတဲ့ အပြစ်ဒဏ်ရယ်လို့တော့ သိပ်မရှိပါဘူး။ ဒါပေမင့် ဘဝက ကျွန်တော် ပြုခဲ့တဲ့ အမှုထက် ကျွန်တော် ခံစားနေရသော ဆိုကျိုး အပြစ်ဒဏ်က ပိုမိုကြီးမားပါတယ်လို့ ဘဝသခင်ကံမင်းကြီးကို လျှောက်လဲနေရခြင်းပါ။

ဒီလျှောက်လဲချက်ကြီးကိုသာ ပြည်သူ့တရားခွင် ရောက်အောင် ဝတ်လုံတော်ရကြီး ဒေါ်ခင်နှင်းယုက တင်ပြပေးပါ။

ကျွန်တော်ပြောချင်တာက ကျွန်တော်ဟာ သူတော်ကောင်းကြီး တင်အောင်ထွန်းပါလို့ . . . ။

ကဲ . . . ဒီလိုဆို တင်အောင်ထွန်းခေါ် ဖရက်ဒီဘက်က သက်သေခံ အထောက်အထားပြပါလို့ ဆိုရင် မိုးကောင်းကင်က လမင်းကြီးကိုပဲ သက်သေထူရမယ့်ဘဝပါ။

လောကများ ဖရက်ဒီတို့ကောင်းစားစဉ် တစ်ခေတ်ကတော့ တက္ကသိုလ်နယ်မြေမှ ဖရက်ဒီတို့တောင် နာမည်ကို အဆုံးမခေါ်ရက်ကြပေဘူး။ ဖရက်လို့ပဲ ကျောင်းသူနယ်မြေမှာ သတင်းမွှေးခဲ့တဲ့ ကျွန်တော်ပေါ့။

ခုတော့လည်း ကျွန်တော်ဘက်က သက်သေ လိုက်မယ့်သူ လမင်းကြီးမှာတောင် စကားမပြောနိုင်။ လမင်းကြီးသာ စကားဆိုနိုင်ခဲ့ရင် ကျွန်တော် ပြဿနာ အလွယ်ဆုံး ပြေလွယ်ပါတယ်။ ဘာလဲ

http://www.cherrythitsar.org



. . . ဟိုဒင်းလေ၊ ကိုယ်ကိုယ်တိုင် စာမရေးတတ်သော်လည်း စာဖတ်ခဲ့သူမို့ ဒေါ်ခင်နှင်းယုတို့ထက် တစ်ခေတ်စော ကျော်ကြား ခဲ့တဲ့ စာရေးဆရာမ ဒေါ်ကြည်အေး အသုံးအနှုန်းနဲ့ ပြောရရင် သက်သေလိုက်မယ့် လမင်းကြီး ကိုယ်တိုင် သော်မှ (နှစ်ဆယ်ရာစု နှစ်အလွမ်း) ဆိုတဲ့ ကဗျာကို ရွတ်ဆိုပြီး ငိုချင်းချနေတဲ့ တစ်ခေတ်ပါလား။

ဩော် . . . လောကဓံဆိုတာ ဒါပဲ ထင်ပါရဲ့၊ အလှည့်ကျ တော့လည်း မနွဲ့ရပေဘူးပေါ့လေ။ လုံးဝ သက်သေမရှိ ရှေ့နေမရှိ လောကဓံ ခုံးရုံးမှာ အပြစ်ဒဏ်ခံသွားရင်း၊ မျက်စိမှိတ်ခံသွားရတဲ့ သူတွေနဲ့စာတော့ တော်သေးတာပေါ့လို့ ကျွန်တော်ဖြေပါတယ် ဒေါ်ခင်နှင်းယုရယ်၊ သက်သေလိုက်ရမယ့် ၄၉ ယူဇနာ ကျယ်ဝန်း ပါတယ်ဆိုတဲ့ လမင်း။

တစ်သောင်းသော စကြဝဠာတိုက် အမှောင် ဇာတ်ခင်း နေရစဉ် ကမ္ဘာဦးသူများရဲ့ ဆန္ဒအရ တက်လာရတဲ့ လမင်း။ 'ဆန္ဒ' ဆိုတဲ့ အမည်က ကာလရွေ့လျောပြီး 'စန္ဒာ' လို့ လှပတဲ့ အမည် တစ်လုံး ရထားတဲ့လမင်း။

အို . . . လမင်းကြီးရယ်၊ အရှင် လမင်းကြီးကိုသော်မှ မနုဿ လူသား အမှောင်ဇာတ်ခင်းခဲ့သူတွေက ပြန်လည် တော်လှန် ပုန်ကန်ခဲ့လို့ အလှများ ပျက်တော့မလားလို့ တထိတ်ထိတ် စိုးရိမ်နေရတဲ့ တစ်ခေတ်မှာ ငမိုက်သား ပမ္ပွား ကျွန်တော် ငတင်အောင်ထွန်းသက်သေမဲ့ အပြစ်ဒဏ်ခံနေရတာ မဆန်းပါ ဘူးလေ။

ဒီနေရာမှာ စာရေးဆရာတွေကို အားကိုးရမှာပဲ။ ကျွန်တော် သိရသလောက် စာရေးဆရာဆိုတာ ဘက်မလိုက်ရဘူး။ တစ်ယောက်ပဲဖြစ်စေ၊ အများပဲဖြစ်စေ၊ မတရားသဖြင့် ခံနေရရင်

http://www.cherrythitsar.org



ခံစားနေ သူဘက်က မားမားမတ်မတ်ရပ်ဖို့ ပေါ်လာရတဲ့ လူတန်းစား တစ်ရပ်လို့ ကျွန်တော် အသိအမှတ် ပြုထားပါတယ်။

ဒါကြောင့်မို့ ကျွန်တော်ဘက်က လျှောက်လဲပေးပါလို့ ဒေါ်ခင်နှင်းယုကို အကူအညီခေါ်ရတာပါ။

တန်ဆောင်မုန်းလဆန်း ၁၄-ရက်

တန်ဆောင်မုန်းလပြည့် လဝန်းဟာ ၁၂ ရာသီမှာ အကြည်လင်ဆုံးလို့ စာဆိုတို့ စာဖွဲ့ခဲ့တယ်။ အဲဒီ လပြည့်ကို အကူး၊ ည ၂ချက်တီးမှာ သာနေတဲ့ လမင်းကြီးကို တိုင်တည်မှာပါ။

တိမ်တိုက်တွေဖုံးပြီး သူကိုယ်တိုင် ရန်သူတွေ အလွှမ်းမိုးခံ နေရချိန်ကို တိုင်တည်မှာ မဟုတ်ဘူး။

တေးဆိုပြီး မြစ်ကို စုန်သွားကြတဲ့ ညငှက်ကလေးများလည်း ဝါးခယ်မမြစ်ရဲ့ ပတ်ဝန်းကျင်မှာ မရှိကြလေတော့ ကျွန်တော့်ဘက်က မျက်မြင်သက်သေ မဲ့ရတာပေါ့လေ။

ညမှာ ပွင့်ခဲ့ကြတဲ့ ညပန်းများလည်း ငုံခဲ့ကြပြီး၊ ပန်းများမပွင့်၊ ပန်းများ မလှ၊ ပန်းများ မမွှေးကြတော့ဘူး။

“အတွတ်ရေ” နောက်ဆက်တွဲမှာ ဒေါ်ခင်နှင်းယု ရေးခဲ့တဲ့ ပွဲတွေ့ အမြတ်တရားထဲက နှလုံးသွင်းဆင်ခြင်ပုံနဲ့ ဆိုရင်တော့ အမြဲဆင်းရဲ သဘောပဲလို့ သင်္ခါရနယ်မြေကို သင့်တင့်လျှောက်ပတ် အောင် နှလုံးသွင်းသင့်ပါတယ်။

ဒါပေမဲ့ အဆင့်မမြင့်သေးတဲ့ ကျွန်တော်အတွက် ယောဂီ ကြီး ဒေါ်ခင်နှင်းယု သာသနာ့ရိပ်သာက ခဏထွက်ခဲ့ပါ။

နိဗ္ဗာန်ချမ်းသာကို တစ်ယောက်တည်း ခံစားမသွားပါနဲ့ဦး။ ဒေါ်ခင်နှင်းယု ယုံကြည်ရာ၊ အားထားရာ၊ မွေးဖခင်အစစ်ရှင်တော် မြတ်ဘုရားသော်မှ လောကရဲ့ အစီးအပွား၊ အဆွေအမျိုးတို့ရဲ့ အစီးအပွားအတွက် လေးသင်္ချေနဲ့ ကမ္ဘာတစ်သိန်း ပါရမီဖြည့်လာခဲ့တဲ့

## ၂၀ ခင်နှင်းယု

မဟာကရုဏာရှင်ကြီးပါ။

ဒီကရုဏာရှင်ရဲ့ သမီးတော် ဒေါ်ခင်နှင်းယုရဲ့ အသည်းနှလုံးမှာ ကျွန်တော့်ကို ခိုဝင်ခွင့်ပေးပါ။ ဘုရားပါရမီတော်နဲ့ စာရင်ဂဏ်မြစ်ကမ်းခြေမှာရှိတဲ့ သဲပွင့်အမျှနဲ့ သဲတစ်ပွင့်လောက် ပါရမီချင်းကွာခြားနေပါတယ်လို့ ဒေါ်ခင်နှင်းယု ဆိုကောင်းဆိုမှာပါပဲ။

ဒါပေမဲ့ အားကိုးရမယ့်အချိန်မှာ သဲတစ်ပွင့်ကိုပဲ ဆုပ်ရ ဆုပ်ရအားရှိပြီး လွတ်မြောက်ချိန်ကို မျှော်လင့်ရတာပါပဲ။

ခုချိန်မှာ နေရောင်ထိတွေ့ပြီး တဖိတ်ဖိတ်တောက်ပနေတဲ့ ရွှေ့ဆောင်ကြယ်မင်းရဲ့ အားကိုးနေရချိန်ပဲလို့ဆိုရင် မမှားပါဘူး။

ညငှက်ကလေးများလည်း တေးဆိုပါစေ။

ညပန်းများလည်း မွှေးပါစေ။

လမင်းကြီးလည်း သာပါစေ။

## အခန်း (၂)

# မြတ်ဘက်ရှင်ဓါးသောက

မွေးနဲ့ကျွန်တော်နဲ့ ဇာတ်လမ်းမှာ လဆန်း ၁၄-ရက်ညများ ဟာ အရေးပါ အရာရောက်တဲ့ နေရာမှာ ပါဝင်ခဲ့ပါတယ် တစ်ခါ တစ်လေ ဗေဒင်ဟောကိန်း၊ လက္ခဏာဟောသမားတွေက လူ တစ်ယောက်ရဲ့ ကံကြမ္မာနဲ့ ဂြိုဟ်များ၊ နက္ခတ်များ၊ ဂဏန်းများ ဆက်သွယ်နေပုံကို ဟောတဲ့အခါ၊ ဟိုခေတ် ကျွန်တော်တို့ လူငယ်ပိုင်း တွေဟာ မယုံချင်ကြဘူး။ ခုခေတ် (သိပ္ပံနည်းကျကျ) စကား ခေတ်စား နေချိန်မှာတော့ ပိုလို့ပဲ မယုံကြည်ကြဘူးပေါ့လေ။

သို့သော်လည်း ကျွန်တော်နဲ့ မွေးရဲ့ ကံကြမ္မာ ဒီလဆန်း ၁၄ရက် (၁၄)ဆိုတဲ့ ဂဏန်းဟာ ထူးထူးခြားခြား ပါဝင်ခဲ့တယ်။ ၁နဲ့၄ ပြန်ပေါင်းလိုက်တော့ ၅ (ငါး) ဆိုပါတော့လေ။ ၅ ဂဏန်းဆိုရင် လည်း မမှားဘူး

ဘာဖြစ်လိုလဲဆိုရင် မွေးနဲ့ကျွန်တော် ပထမဆုံး တွေ့တဲ့ည ဟာ တန်ဆောင်မုန်းလဆန်း ၁၄ ရက်နေ့ည။

ကိုကိုနိုင်နဲ့မွေး လက်ထပ်ကြတာဟာလည်း တန်ဆောင်မုန်း

http://www.cherrythitsar.org



လဆန်း ၁၄ရက်၊ အင်္ဂလိပ်ရက်နဲ့ဆိုရင်လည်း သူတို့နှစ်ဦး လက်ထပ်ရက်ဟာ နိုဝင်ဘာလ ၂၃ ရက်ဆိုတော့ ၂နဲ့၃ပေါင်းရင်လည်း ၅ပဲ

ကိုကိုနိုင်ဆုံးတဲ့နေ့ဟာလည်း စက်တင်ဘာလ ၅ ရက်ဆိုတော့ ၅ဂဏန်းဟာ မွေးဘဝကို စိုးမိုးချယ်လှယ်နေတယ်လို့ဆိုရမှာပေါ့လေ။

ဒီလဆန်း ၁၄ ရက်ညများမှာ ကျွန်တော်တို့ နှစ်ယောက်၊ ကျွန်တော်တို့ဘဝရဲ့ အနာဂတ်ကို တွေ့ဆုံဆွေးနွေးလေ့ရှိတယ် ဆိုပါတော့။

ဒီတုန်းကတော့ စစ်ကမပြီးသေးဘူးပေါ့လေ။ ဝါးခယ်မမြို့ကလေးတော့ စစ်ဘေးဒဏ်က ဝေးခဲ့လေတော့ ကျွန်တော်တို့နှစ်ယောက်လည်း အေးအေးချမ်းချမ်း တွေ့ဆုံခွင့်ရတယ်၊ ဆွေးနွေးလို့ မပြီးပြတ်သေးတဲ့ ပြဿနာလေးတွေကို နောက်နေ့ကျတော့စာရွက်ပေါ်မှာ တင်ရေးပြီး အတွက်တို့အိမ်က ကိုသာဘော်ကြီးနဲ့အပေးအယူလုပ်ခဲ့ကြရတာပေါ့။

မွေးစာတွေကို ကျွန်တော်မီးရှို့ပစ်ခဲ့ပြီးလို့ ပြောခဲ့ပါတယ်။ သတိရသမျှ လေးတွေ မရေးမဖြစ်တဲ့ အရေးကြီးတဲ့ အစိတ်အပိုင်းလေးတွေ ကျွန်တော် သတိရသလောက် ပြောပြချင်တယ်။

မွေးဟာ ကျွန်တော်နဲ့တွေ့စဉ် တည်ငြိမ်ရှာပါတယ်၊ သူသဘောကို တင်ပြဆွေးနွေးတော့လည်း မကောက်ကျစ်၊ မစဉ်းလဲဘူး၊ သူ့သဘောအယူအဆကို ပွင့်ပွင့်လင်းလင်း ပြောပြရှာတယ်။ ကျွန်တော်ကတော့ ယောကျ်ားလေးဆိုတော့ ဒီတုန်းက ဆွေးနွေးချက်တွေမှာ ဖြစ်နိုင်တာ မဖြစ်နိုင်တာထက် ဖြစ်ချင်တာ တစ်ခုကိုပဲဇွတ်တင်ပြခဲ့တယ်။

စစ်ပြီးငြိမ်းခဲ့သော် . . .

ကျွန်တော်က ရန်ကုန်ပြန်ရမှာပေါ့၊ မွေးနဲ့ခုလို မြစ်တစ်မြစ်

http://www.cherrythitsar.org



သာ ခြားတဲ့နေရာကနေ ပိုလိုဝေးတဲ့နေရာကို ခွဲခွာသွားရမယ်၊ ဖေဖေတို့က ဝါးခယ်မသား၊ ဝါးခယ်မဇာတိဆိုပေမင့် ရန်ကုန်မှာပဲ အခြေချထားတော့ ရန်ကုန်ကို သူ့အလုပ်အတွက်ရော၊ ကျွန်တော် ပညာရေး အတွက်ရော ပြန်ရမှာက သေချာတယ်။ တစ်ညတွေ့ကြ ဆဲမှာ မွေးကပြောတယ်. . .

"စစ်ပြီးငြိမ်းခြင်းဟာ အများပြည်သူအတွက် ကောင်းတဲ့ နိမိတ်ပဲ၊ မွေးနဲ့မောင်တော့ ခွဲရမှာ သေချာတယ်၊ မွေးလေ လဆန်း ၁၄ ရက် ညတိုင်း အဲဒီ လရောင်အောက်မှာ မွေးတစ်ယောက်တည်း ကျန်ရစ်မှာ" တဲ့။

ကျွန်တော်ကတော့ တွေ့ရင်သေအောင် လွမ်းတတ်တဲ့သူဆို တော့

"အို . . . မွေးတစ်ယောက်တည်း မနေရစ်ခဲ့ရဘူး၊ မောင့်နောက် ကို လိုက်ခဲ့ရမယ်၊ မွေးနဲ့မောင် တက္ကသိုလ်တွေ ပြန်ဖွင့်ရင် စာဆက်သင်ပြီး ဒီဂရီကို နိုင်ငံခြားမှာ သွားယူမယ်၊ မောင့်ကို ချစ်ရင် မွေး မောင့်နောက်ကို လိုက်ခဲ့နော်"

" မဖြစ်နိုင်တာတွေက မတွေးနဲ့မောင်၊ မွေးနဲ့မောင် ဘက်က ချည်း မကြည့်နဲ့၊ တကယ်တော့ မွေးနဲ့မောင် တွေ့တာဟာ စော တယ်။

"ဘာ . . . စောတယ်၊ အမလေး၊ အတွေ့တောင် နောက်ကျ သေးတယ်လို့ မောင်ထင်တယ်"

သူဟာ မို့မို့အိအိ၊ သူ့လက်ချောင်းလေးတွေနဲ့ ကျွန်တော့် နှုတ်ခမ်းလေးတွေကို ဖိလိုက်တယ်။

"ဒီလို မပြောနဲ့မောင် ၁၇နှစ်၊ ၁၈နှစ် ဆိုတော့ (teen-age) ဆိုတဲ့အရွယ်၊ အတွေးအခေါ် မရင့်ကျက်သေးတော့ မွေးနဲ့မောင် တွေ့ချိန်ဟာ စောတယ်၊ မေမေပြောတာတွေဟာ မှန်တယ်၊

http://www.cherrythitsar.org



မိန်းကလေးတွေ ယောက်ျားလေးတွေဟာ တစ်သက်တာ အိမ်ထောင်ရေး ကိစ္စကို အသက် ၂၀ ကျော်မှ စဉ်းစားသင့်တယ်တဲ့၊ ခုလည်း မောင်ကတော့ ပြောတာပဲ၊ မွှေးရဲ့ မောင့်နောက်ကို လိုက်ခဲ့ပါ။ လဆန်း ၁၄ရက် လမင်းကြီးအောက်မှာ မွှေးတစ်ယောက်တည်း လွမ်းကျန်ရစ်ခဲ့မှာ၊ မောင်မကြည့်ရက်၊ မထားရက် ဆိုပေမင့် လက်တွေ့မဖြစ်နိုင်ဘူး မောင်”

“ဘာဖြစ်လို့”

“မောင်ပြောတာတွေဟာ ငယ်ရွယ်တဲ့ ခံစားချက်နဲ့ အချစ်တစ်ခုတည်းကိုသာ ကြည်တဲ့ မောင်နဲ့မွှေးဘက်ကတော့ မှန်မှာပေါ့။ မောင့်မိဘတွေဘက်က မောင့်ကြည့်သင့်တယ်။ သူတို့ရဲ့ တစ်ဦးတည်းသော သားလေးဟာ ဒီဂရီမှမရခင် မိန်းမယူလာတော့၊ ရင်ကျိုးရှာမှာပေါ့၊ ဒါကြောင့် မောင့်ဖေဖေတို့ ရန်ကုန်ပြန်ရင် မောင်အေးအေး လိုက်သွားပါ၊ စာဆက်ပြီးသင် ဒီဂရီရတော့၊ မောင့်နောက်ကို မွှေးလိုက်ခဲ့မယ်၊ မွှေးလည်း ဒီဝါးခယ်မမှာပဲ စာဆက်သင်မှာပါ၊ မေမေဟာ မွှေးတို့စာသင်ဖို့အတွက် အစီအစဉ်လုပ်ထားပါတယ်၊ အဆင်ပြေရင် မွှေးနဲ့မောင် တက္ကသိုလ်တောင် အတူစာသင်ခွင့် ရချင်ရမှာ၊ ပညာဆုံးခန်းတိုင်ရထားတော့ မောင့်ဖေဖေလည်း စိတ်ချမ်းသာတာပေါ့၊ ဒီဂရီ တစ်ခုရထားတော့ ကိုယ်ခြေထောက်ပေါ်လည်း ကိုယ်ရပ်တည်နိုင်တယ်၊ မွှေးတို့နှစ်ယောက် စီးပွားရေးဟာ မိဘကို အပူမကပ်ရတော့ဘူး”

“ဒီလိုဆို. . . မွှေးချစ်တာဟာ မောင့်ကိုမဟုတ်ဘူး၊ ဒီဂရီကိုပေါ့ . . . ” ကျွန်တော် ဒီလိုမေးလိုက်တော့

သူက ခပ်အုပ်အုပ်ကလေး ရယ်သွမ်းသွေးလိုက်တယ်။

“မောင်ရေ. . . အခု မွှေးနဲ့မောင် ၁၀တန်း (ဂျပန်ခေတ် ၁၀ တန်း) ရှိသေးတယ်လေ၊ အဲဒီတော့ မွှေးချစ်တာဟာ ဒီဂရီလား

http://www.cherrythitsar.org



မောင့်ကိုလားဆိုတာ မောင်သိသင့်ပါတယ်၊ ပြီးတော့ မွေးဝင်ရောက်လာတဲ့အတွက် မောင်တို့မိသားစု အသိုင်းအဝိုင်းလေးဟာ ဖရိုဖရဲဖြစ်ရတယ်၊ ကသိကအောင့် ဖြစ်ရတယ်ဆိုတဲ့ ဂယက်မဖြစ်စေချင်ဘူး၊ အေးချမ်းတဲ့ အိမ်သားတစ်ယောက်အနေနဲ့ မောင်တို့မိသားစုထဲကို ဝင်ချင်တယ်၊ မွေးခုမလိုက်ချင်းဘူး ဆိုတာ မောင့်ကို ချစ်လွန်းလို့"

"မွေးပြောတာ အဆန်းကြီးပဲ"

"မဆန်းပါဘူး၊ တကယ်မောင့်ကိုချစ်လို့ မောင်ရှေ့ရေးကို မွေးကြည့်ပြီး ပြောတာ၊ တကယ်လူတစ်ယောက်ကို ချစ်ရင် သူရဲ့ ရှေ့ရေးကောင်းစားရေးကို မြင်မြော်တွေးခေါ် ပေးရမယ်၊ အနစ်နာခံသင့်ခံရမယ်လေ၊ မောင်ပညာသင်ကြားရေးမျာ လွတ်လွတ်လပ်လပ် သင်ကြားနိုင်ဖို့အတွက် လက်ထပ်ရေးကို ဒီဂရီရပြီးမှ စဉ်းစားပါလို့ မွေးပြောရတာ၊ မွေးကမိန်းမသားပါ။ တစ်ယောက်တည်း ခွဲကျန်ရစ်မှာကို သာပြီတော့၊ မလိုလားသေးတယ်၊ ဒီလမင်းကြီးအောက်မှာ မွေးတစ်ယောက်တည်း၊ လွမ်းရစ်ခဲ့ရမှာဆိုတဲ့ အကွက်လေး တစ်ကွက်တည်း ကြည့်ပြီး၊ မောင့်နောက်ကို မွေးထလိုက်လို့ မဖြစ်ဘူး၊ မွေးမလုပ်ရက်ဘူး"

ဒီနေရာမှာ ကျွန်တော့်အပြစ်ကို ပွင့်ပွင့်လင်းလင်း ရေးပြပါရစေ၊ ကလက်တယ်လို့ မထင်ပါနဲ့၊ ရှေးတုန်းက မြန်မာစာပေမှာ ဘုရင်တစ်ပါးဖြစ်ဖြစ်၊ ပညာရှိတစ်ယောက်ဖြစ်ဖြစ်၊ တရားအစီအရင်ဆုံးဖြတ်ချက်မှန်ရင်၊ ထီးချက်စောင့် နတ်သမီးဟာ သာခုသုံးကြိမ်ခေါ်တယ်၊ ကျွန်တော်ကတော့ မွေးပါလေးကို သုံးကြိမ်တိတိ၊ နမ်းမိတယ်၊ (သာခုခေါ် နည်းလက်သစ်ဆိုရင် မမှားပေဘူးပေါ့)

"မောင်. . . သဘောပေါက်ပြီးမွေး၊ ဒီဂရီရရင်သာ မွေးမောင်နောက်ကို လိုက်ခဲ့ဆိုရင် ဘယ်သူတွေတားတား၊ မွေးလိုက်ရမယ်နော် ဘယ်သူ့ကြောင့်လည်း၊ ဘာ့ကြောင့်၊ နေပါဦး ဆိုတဲ့ အကြောင်း

ပြချက် တစ်ခုမှ မပြရဘူး၊ မွှေးရဲ့ စကားတည်ပါစေ”

“အို . . . ဒီစကားကမွှေးက ပြောရမှာပါ။ နောက်တော့မှ ပုဆိုးကိုပိုက် စောင်ကိုပိုက်ပြီး၊ အထုတ်ကြီးတစ်ထုပ်နဲ့ မွှေး တစ်ယောက်တည်း အရှုံးမဇာတ် မခင်းပါရစေနဲ့မောင်၊ ဘယ်လိုက် ရမှန်းမသိ ဖြစ်နေဦးမယ်”

“မွှေးလေး မောင့်ကို စိတ်ချ လစဉ်မပြန်နိုင်တောင် ပွဲတော် ရက်၊ ကျောင်းပိတ်ချိန်တွေဆိုရင် မောင်လေ မွှေးဆီ ရောက်အောင် ပြန်ခဲ့မယ်”

ကျွန်တော်ငတင်အောင်ထွန်း ချစ်သူကို ကတိတွေ တစ်ပုံကြီး ပေးခဲ့လိုက်တာ၊ ခုနေမျှား သော်ကဘက်ကမ်းကို ကူးသွား ခဲ့ရင် ဒီတုန်းက ကျွန်တော်တို့အပါးမှာ ပေါက်နေတဲ့ မြသစ်ရွက်စိမ်းတွေက ဟားဟားဟားနဲ့ သရော်ကြမှာ ကတိမတည်တဲ့ အသည်းစား ဘုရင်ကြီး လာပြီဟေ့လို့ ဝိုင်းသရော်ပြီး၊ မောင်းထုတ်ကြမှာပဲနော်။

ဘာဖြစ်လို့လဲဆိုရင် မဂိုလမ်း (အခု ရွှေဘုံသာလမ်း) အရှေ့ပေါ် တက္ကသိုလ်ကနေ၊ အခုတက္ကသိုလ်ကြီးလည်းရောက်ရော၊ တန်ဆောင်မုန်း လဆန်း ၁၄ရက် တက္ကသိုလ်အသင်းတွေရဲ့ ပွဲနေ့တွေမှာ ကျွန်တော် တင်အောင်ထွန်းဟာ လူဖမ်းသူ၊ ကျောင်းသူ၊ အနုအရွတွေနဲ့ တွဲမိနေပြီလေ။ မွှေးတို့ရဲ့ သော်ကကျေးရွာကလေးကို ခြေဦးတောင် မတည်မိဘူး။

တစ်နေ့က မိုးစက်တွေ ဖြာကျပြီး မြက်ခင်းတွေ စိမ်းလာ ချိန်မှာ မွှေးပြောခဲ့တဲ့ စကားတစ်ခုကို သတိရမိတယ်။ ဒီတုန်းက ညဘက်မဟုတ်ဘူး၊ နေ့လယ်ချိန် ခဏလေးပါပဲ၊ အတွတ်တို့ အိမ်ခြံစည်းရိုးနောက်မှာ လမ်းလျှောက်ရင်း မွှေးပြောခဲ့တယ်၊ ဒီအချိန်ဟာ မိုးဦးကျစ ကျွန်တော်တို့ အပြီးအပိုင် ရန်ကုန်ကို မပြောင်းကြခင် တစ်ပတ်ပေါ့။

http://www.cherrythitsar.org



မွှေးက သော်ကဘုရားကြီးကို လက်ညှိုးထိုးပြတယ်၊ ပျိုးပင်စိမ်းစိမ်းအလယ်မှာ စေတီတော်ကြီးဟာ မြတဘက်ပေါ်က ရွှေဆွမ်းအုပ်ကြီးလိုဘဲ၊ ကျွန်တော်တို့ တွေ့ရတယ်”

“မောင်. . . သော်က ဘုရားကြီးရဲ့ သမိုင်းကို သိလား” တဲ့။

“မသိဘူး မွှေး”

“သမိုင်းအစစ်ကတော့ ဘယ်ဟာမှန်းလဲမသိဘူး၊ မွှေးလည်း အတိအကျမသိဘူး၊ မွှေးတစ်ခုသိထားတာရှိတယ်၊ ဒီသော်က ဘုရားကို တည်သူဟာ မွန်ဘုရင်မ ရှင်စောပုတဲ့၊ တိုင်းရေးပြည်ရေး မငြိမ် မသက်တဲ့ တစ်ချိန်မှာ ဘုရင်မကြီးဟာ သူ့ရင်ထဲ သောကတွေ လှိုက်ဆူပြီး ပူပန်နေချိန်မှာ အပူသောကတွေ ကင်းကောင် သူ့ရင်မှာ လွှမ်းခြုံထားတဲ့ မြတဘက် ကို ဌာပနာပြီး ဒီသော်က ဘုရားကြီးကို စတင်တည်ခဲ့တာတဲ့၊ နောက် မွမ်းမံသူတွေကတော့၊ ဝါးခယ်မဘက်က သူဌေး ဒေါ်အေးမြနဲ့ မွှေးတို့ရဲ့ ဘိုးဘွားတွေပေါ့လေ။ ပူပင်သောကတွေ ဘုရင်မကြီး ရင်ထဲ လှိုက်ဆူနေချိန်မှာ တည်ခဲ့တာမို့ (သောကဘုရား) လို့ အမည်တွင်ရစ်တာထက် နောက်မှ ကာလရွေ့လျားလို သော်ကဘုရားလို့ဖြစ်လာတာ”

“အဲဒါဘာဖြစ်လဲ”

မွှေးလေ ကျွန်တော်မျက်နှာကို စေ့စေ့ကြည့်ရင်း သူ့နှုတ်ခမ်းလေးတွေဟာ ကြိုးစားပြီး ပြုံးရှာပေမယ်လို့ သူ့မျက်လုံး ဝိုင်းဝိုင်းတောက်တောက်ကြီးမှာ မျက်ရည်တွေဝေလို့။

“မွှေး. . . ဒုတိယရှင်စောပု ဘုရင်မကြီး မဖြစ်ပါရစေနဲ့၊ မောင်နဲ့ ခွဲရလို့ အသည်းစိမ်းစိမ်း မြတဘက်ရောင်ကို ဌာပနာမြှုပ်နှံပြီး၊ သော်ကဘုရား အသစ်တစ်ဆူကိုလည်း မွှေးထပ်ပြီး မတည်ပါရစေနဲ့ မောင်ရယ်”

http://www.cherrythitsar.org



ကဲ. . . ကျွန်တော် တင်အောင်ထွန်းဟာ မွေးက တည့်တည့် ပြောတော့မှပဲ ရိပ်မိတော့တယ်။ မွေးရဲ့ မျက်ခမ်းစက မျက်ရည်ဥ တွေကို ကျွန်တော် လက်ကိုင်ပုဝါဖြူနဲ့ တို့ပေးမိတယ်။

"မွေးရဲ့ အသည်းနှလုံးဟာ ပျိုးပင်စိမ်းလေးတွေလို အားလုံး ရဲ့ မှီရာ တည်ရာ မျိုးရိက္ခာကို ပေးနိုင်တဲ့ စပါးနှံများရဲ့ မိခင်အနေပဲ ဖြစ်ပါရစေ၊ ချစ်တဲ့သူနဲ့ ကွေကွင်းရခြင်း ဆင်းရဲကြောင့် အပူသောက ဓာတ်အားလွန်းပြီး မြေကြီးဘဝကနေ တစ်ဖြစ်လဲတဲ့ ကျောက်စိမ်း အသည်းနှလုံးမျိုးကို ရင်မှာ မပိုက်ပါရစေနဲ့." တဲ့

မွေး တတွတ်တွတ်ပြောခဲ့တဲ့ စကားလုံးလေးတွေကိုလည်း ခုမှ ပြန်လည်ကြားယောင်လာတယ်၊ ကျွန်တော် ဈာပနပြာချခဲ့တဲ့ စာရွက် လေးများပေးမှာ ရေးခဲ့တဲ့ စားသားလေးတွေထဲက နက်နဲတဲ့ အဓိပ္ပာယ် အယူအဆအတွေးအခေါ်တွေကိုလည်း ခုအသက် ၄၀ကျော်မှ တန်ဖိုးထားမိတယ်။ ပြန်လည်မြင်ယောင်မိတယ်။ အတိမ်အနက်ကို ပြန်လည် ဆင်ခြင်းမိတယ်။

ခုတော့မှလည်း သူ့နှလုံးသား စိမ်းပျော့ပျော့လေးဟာ မွန်နေ ပြည်သူတို့ရဲ့ ဘုရင်မရှင်စောပုရဲ့ မြတဘက်လို စိမ်းပျော့ နူးညံ့ပါပေ တယ်၊ ဒါကြောင့်မို့လို့လည်း သူ့မိသားစု၊ သူ့ပတ်ဝန်းကျင် သူနဲ့တွေ့ထိ ဆက်ဆံရသူတွေကို နူးညံ့တဲ့ နှလုံးသားနဲ့၊ တတ်နိုင်သလောက် ကူညီ ကယ်တင်၊ မိမိကိုယ်ကိုးလည်း စွန့်လွှတ်အနစ်နာခံခဲ့သူပါလား၊ မြပုဝါစိမ်း နုနုနဲ့ သူတစ်ဖက်သား နှလုံးသားပူလောင်သမျှကို ထွေးပိုက်ယုယခဲ့သူလေးပါလားဆိုတာ ကျွန်တော်လေ့လာ တန်ဖိုး ထားမိတယ်။

ဘုရင်မ ရှင်စေပုဟာ မွန်ပြည်သူတွေကို မျိုးရိက္ခာ ဖူလုံ စေပြီး အစာရေစာ ဝဖြိုးစေပြီး ကျွေးမွေးပြုစုခဲ့သလိုပဲ မွေးကလေ သူဆု တောင်းလေးမှာတောင် သူအသည်းနှလုံးရဲ့ အစိမ်းရောင်ဟာ

http://www.cherrythitsar.org



လူသားတို့ ရိက္ခာဖြစ်တဲ့ စပါးနှံများရဲ့ မိခင် ပျိုးပင်လို အစိမ်းရောင် ဖြစ်ပါရစေတဲ့။

ဘယ်လိုပဲ အဖိုးတန်တန်၊ ပွဲလယ်တင့်တင့်၊ မာကျောတဲ့ မြသားလို ကျောက်စိမ်းလို အသည်းနှလုံးမျိုးကို မပိုင်ချင်တဲ့ သဘောပေါ့၊ မှန်ပါပေတယ်၊ ဩော်. . . အစိမ်းရောင်၊ အရောင်စိမ်း တစ်ခုထဲမှာကို သဘောသက်ရောက်ပုံ၊ ပတ်ဝန်းကျင်ကို အကျိုးပြုပုံ စုပေါင်းဖွဲ့စည်းထားတဲ့ ဓာတ် အစုအဝေးတစ်ခုနဲ့ မတူခဲ့ပါလား။

ဣတ္ထိယခေါ် မိန်းမတို့သည် လေ့နဲ့မြင်းလို၊ မယွင်းဘဲတူညီ ပွဲကိုင်ရာလူနောက် စီးရာကိုသာပါတတ်သည်လို့ အဆိုကျော် ခေတ် ဟောင်းတေးသံရှင် ဦးခင်မောင်ရင်ရဲ့ မိန်းမဇီကာကို ကောက်ချက် အဖွင့်ဆိုရာမှာ နေရာတကာတိုင်း မမှန်ဘူးဆိုတာကိုလည်း ကျွန်တော် တင်အောင်ထွန်း နှလုံးသွင်းမိပြီ။

ဘုရင်မကြီး ရှင်စောပုကို မွန်ပြည်သူတို့ ဦးထိပ်ထားမြတ်နိုး သလို ကျွန်တော် မွှေးကို မြတ်နိုးလေးစားလာပါပြီ ဆိုတာကို အမြင် သာနီးသော်လည်း ခရီးဝေးလို့ မဖွင့်သာ မလှစ်သာတဲ့ ငတင်အောင် ထွန်းကိုယ်စား ကျွန်တော့်ချစ်ဦးသူ မွှေးကို ဒေါ်ခင်နှင်းယုက တစ်ဆင့် တင်ပြ ပြောကြားပေးပါနော်။

ကျွန်တော်ရဲ့ စကားအစကို ပြန်ကောက်ပါရစေတော့၊ ကျွန်တော့်ကိုယ်ကျွန်တော် ဘာကြောင့် သူတော်ကောင်းပါလို့ လျှောက်လဲရလဲဆိုရင် ပထမ အမှတ် ၁ အနေနဲ့ပဲ ပြောပါရစေ။

ကျွန်တော်နဲ့မွှေး လမင်းအလင်းအောက်၊ တိတ်ဆိတ် ငြိမ်သက်တဲ့ ပတ်ဝန်းကျင်၊ မွှေးပျံ့တဲ့ညပန်းများအလယ်၊ တေးဆိုတဲ့ ညငှက်ကလေးများရဲ့ ဂီတသံကို ကျူးရင့်ချိန်၊ အဲဒီအချိန်မှာ တွေ့ဆုံခဲ့ကြတယ်။ တစ်ကြိမ်တည်းလည်း မဟုတ်ခဲ့ပါဘူး၊ ဒါပေမင့် ယုယ ကြင်နာလို့ နှင်းဖွဲ့နှင်းမှုန် အအေးက မွှေးကို ကာကွယ်ပေးဖို့

http://www.cherrythitsar.org



နွေးပါစေလို့ ကျွန်တော်ရင်ငွေ့နဲ့ ပိုက်ထွေးယုယခဲ့တာ အမှန်။ သူရဲ့ ချစ်ဖွယ်ကောင်းတဲ့ ပါးအို့ စိုစိုပြည်ပြည်ကို ကျွန်တော် ပါးချင်းအပ်ခဲ့တာကလွဲလို့ ပဋ္ဌင်ါးပါးနဲ့ လွန်ကျူးတဲ့ အတွေ့ ယောက်ျားတိုင်း မထိန်းနိုင်တဲ့ အတွေ့မျိုးနဲ့ မွေးအပေါ် ကျွန်တော် မကျူးလွန်ခဲ့ပါဘူး။

ဒါကြောင့်လည်း တစ်ခုသော လဆန်း ၁၄-ရက်နေ့၊ နိုဝင်ဘာ၂၃-ရက်နေ့မှာ စင်ကြယ်သော အပျိုစင်ဘဝနဲ့ မွေးဆိုသော မိန်းကလေးတစ်ယောက်ဟာ ဗိုလ်မှူးနိုင်ဆိုတဲ့ သူနဲ့ လက်ထပ်နိုင်ခဲ့ခြင်းပါ။ လတ်ဆတ်သော ပန်းဦးကို တင်ဆက်ခဲ့ခြင်းပါ။

အတိုနဲ့ လိုရင်း ရှင်းရှင်းတင်ပြရာမှာ နိဒါန်း သွယ်လှချည်လားလို့ အပြစ်တော်မတင်လိုက်ပါနဲ့ စာရေးဆရာမကြီးရယ်။ ကျွန်တော် လိုရင်းကို သိပ်ထိရောက်စေချင်တဲ့ စေတနာလွန်သွားလို့ပါ။ ဒုတိယ ကျွန်တော့်အကြောင်းပြချက်လေးကို ဆက်ဖတ်ပါဦး။

ကျွန်တော်တို့ ယောက်ျားများဟာ အာနန္ဒာနွယ်ဝင်တွေပါ။ ဒီနေရာမှာ ဒေါ်ခင်နှင်းယုက ကိုယ့်ဟာကို ကိုယ့်ချစ်ဦးသူနဲ့ ကိုယ့်အချစ်အကြောင်း ဖွဲ့နွဲ့ရာမှာ မြတ်စွာဘုရားသခင်ရဲ့ ညီတော်ရှင်အာနန္ဒာကို ဆွဲမထည့်ပါနဲ့လို့ အပြစ်မဆိုပါနဲ့ဦး။

ကျွန်တော်ဟာလည်း ဒေါ်ခင်နှင်းယုလိုပဲပေါ့၊ ပွဲတွေ အမြတ်တရားစာတမ်းမှာ ရှင်အာနန္ဒာအကြောင်း ထည့်သွင်းရေးထားတာ ဖတ်လိုက်ရတော့ ကျွန်တော့်လျှောက်လဲချက်ကို ပြီးပြည့်စုံအောင် အကောင်အထည်ပြရာမှာ ဝတ်လုံတွေလိုလည်း ဥပဒေအကြောင်းအချက် အချက်ကို ကိုကားမပြတတ်တဲ့သူမို့ ကိုယ်ဖတ်ဖူးတဲ့ စာရေးဆရာတွေဆီက အထောက်အထားကို ဆွဲယူတင်ပြရတာပါ။

ညီတော် မင်းနန်လို့ခေါ်တဲ့ ရှင်အာနန္ဒ အလောင်းအလျာဟာ သက်န်းမဆီးခင် သောတာပန်အဖြစ် မဆိုက်ရောက်ခင်

http://www.cherrythitsar.org



သူလက်ဆက်ခဲ့သူဟာ ဘဒ္ဒကလျာဏီမင်းသမီး။ မဟာသာကီတွေ ထဲမှာ သူ့တစ်ခေတ် သူ့အလျောက်တော့ အလှမှာ ကျော်ကြားခဲ့တဲ့ မင်းသမီးပေါ့။

လက်ထပ်ဆွမ်းကျွေးပြီး မြတ်စွာဘုရားသခင်ဟာ ညီတော် မင်းနန်သပိတ်ပိုက်ပြီး ကျောင်းတော်ကို လိုက်ပို့စေခဲ့တယ်၊ ညီတော်ဟာ မြတ်စွာဘုရားနောက်တော်ပါးက သပိတ်ပိုက်ပြီး လိုက်ပါသွားတဲ့အခါ လေသာပြတင်းက လက်ကလေး တပြပြနဲ့ ကျန်ရစ်တဲ့အလှပိုင်ရှင် ဇနပဒကလျာဏီ မင်းသမီးကို မျက်လုံးထဲက မဖျောက်နိုင်ဘူး၊ မြတ်စွာ ဘုရားသခင်က တောလမ်းကနေ ကြွသွား တော့ မီးလောင်ထားတဲ့ သစ်ငုတ်တိုပေါ်မှာ မျောက်မောင်းမ တစ်ကောင် ငုတ်တုတ်ကြီး ထိုင်နေတယ်။

"ညီတော် အာနန္ဒာ ယခုသင်လက်ထပ်ခဲ့တဲ့ ဘဒ္ဒကလျာဏီ အလှနဲ့ ဒီမျောက်မောင်းမ ဘယ်သူလှသလဲ" လို့မေးတော့

ညီတော် မင်းနန်က ဘဒ္ဒကလျာဏီ လှပါတယ်လို့ ပါးစပ်က အသံထွက် လျှောက်ထားတဲ့အပြင် စိတ်ထဲကလည်း ဘုရားသခင်ကို အပြစ်တင်မိသတဲ့၊ မေးပဲ၊ မေးရက်တယ်၊ ငါ့ချစ်ဦးသူ ဘဒ္ဒကလျာဏီ အလှနဲ့ နှိုင်းတောင်မှ မနှိုင်းယှဉ် မနှိုင်းသာတဲ့ ဒီမျောက်မောင်းမကြီး နဲ့များ နှိုင်းပြီးမေးရက်ပါပေတယ်လို့ ဘုရားရှင်ကိုတောင် အပြစ်တင်ခဲ့ တဲ့ အာနန္ဒာ။

ဒီအာနန္ဒာမင်းသား ဘုရားနဲ့အတူ နတ်ပြည်ကြွသွားတော့ လည်း နတ်သား နတ်သမီးတွေကို တွေ့တယ်။ နတ်သမီးရဲ့ အလှဟာ လူ မိန်းမတွေနဲ့ ကွာချင်တိုင်း ကွာခဲ့တာပေါ့။ ဒီအခါမှာ မြတ်စွာဘုရား ဟာ ညီတော် မင်းနန်ကို မေးပြန်တယ်။

"ညီတော်၊ ဘဒ္ဒကလျာဏီနဲ့ ယခု နတ်သမီးများနဲ့ ဘယ်သူ လှသလဲ" လို့မေးတော့ . . .

# ၃၂ ခင်နှင်းယု

"မနိုင်းသာပါဘုရား" လို့ ဖြေခဲ့တယ်လို့ ကျွန်တော် ကြားဖူး ဖတ်ဖူးပါတယ်။ ဒါတင်မက မြတ်စွာဘုရားသခင်ရဲ့ ကျောင်းတော် ပတ်ဝန်းကျင်မှာ တရားအားထုတ်သူ အရိယာတွေ အလယ်မှာ အာနန္ဒာလောင်း ပထမအကြိမ် ရည်ရွယ်ချက်မှားလို့ အထင်အမြင် သေးခံရတဲ့အထိ အာနန္ဒာဟာ နတ်သမီးအလှမှာ မိန်းမောခဲ့တယ်။

ဝိပဿနာဆိုတာ သံသရာကို ပြတ်အောင် 'ချင်' ဆိုတဲ့ ဆန္ဒကို ပြတ်အောင် အားထုတ်ခြင်းပါဆိုမှ ညီတော်မင်းနန် တစ်ယောက် နတ်သမီး လိုချင်လို့ တရားအားထုတ်တယ်လို သတင်းဆိုး ကြီးဖြစ်အောင်ကို နတ်သမီးအလှကို ညီတော်မင်းနန် တပ်မက် စွဲလမ်းခဲ့ပါတယ်လို့ ဒေါ်ခင်နှင်းယုရဲ့ ပွဲတွေ့အမြတ်တရားမှာ ကျွန်တော် ဖတ်ဖူးခဲ့ပါတယ်။

ဒီနေရာမျာ နောက်တစ်ဘဝ နိဗ္ဗာန်ဝင်မယ့် ရှင်အာနန္ဒာ အလောင်း အလျာတောင်မှ အလှကြိုက် အလှနဲ့တွေ့ရင် အရှုံးအမူး ဖြစ်ခဲ့သေးတာ နိဗ္ဗာန်ဆိုတဲ့လမ်းကို ရေးရေးမှ မမြင်သေးတဲ့ ကျွန်တော်အပါအဝင် ယောက်ျားသား ငနွားတွေ အလှကို ကြိုက် တာ၊ အေမီရဲ့ အတွေ့ကို မရှောင်နိုင်တာ၊ ဆန်းပါသလားခင်ဗျာ။

ကျွန်တော် ထပ်မံရှင်းပြပါရစေ။

ခေတ်တွေသာ ပြောင်းသွားပေမင့် တက္ကသိုလ်နယ်မြေမှာ စစ်မဖြစ်မီနဲ့ စစ်ကြီးအပြီး အခြေအနေဟာ အပြောင်းအလဲ သိပ်မရှိလှဘူး လို့ ကျွန်တော်ထင်ပါတယ်။

ရှေးခေတ် တက္ကသိုလ်အကြောင်း၊ တက္ကသိုလ်ကျောင်းသား တွေရဲ့ အရှုပ်အပွေ၊ အနောက်အပြောင် ဇာတ်လမ်းတွေကို ဒေါ်ခင်နှင်းယု သိရှိခဲ့ပြီး ဖြစ်ပါတယ်။

အဲဒီလိုကျောင်းသားလောကမှာ အရှုပ်အပွေ အနောက် အပြောင် ဇာတ်လမ်းတွေရှိခဲ့သလို ဗိုလ်ချုပ်အောင်ဆန်းနဲ့တကွ

http://www.cherrythitsar.org



တိုင်းပြည်ကို အကျိုးပြုခဲ့တဲ့ တိုင်းပြည်အတွက် သားကောင်းရတနာတွေကိုလည်း ဒီတက္ကသိုလ်က မွေးထုတ်ခဲ့ပါတယ်။

ကျောင်းသူတွေဆိုလည်း စာပေဘက်မှာရော၊ တိုင်းပြည်အတွက်ရော ရှပ်ရှပ်ချွံချွံ တိုင်းပြည်အတွက် အကျိုးသက်ရောက်မယ့် ကျောင်းတော်သူကြီးတွေကို မွေးထုတ်ခဲ့သလို၊ အလှပြရုံ လင်ရှာရုံ တက္ကသိုလ်နယ်မြေကို အသုံးပြုခဲ့သူတွေဟာ အများကြီးပဲ။

ဒီလိုကျောင်းသူတွေကို ခုလည်း တွေ့ရဦးမယ်။ နောင်ကိုလည်း တွေ့ရဦးမယ်။ ဒါဟာ မဆန်းပါဘူး။ ကျွန်တော်တို့ တစ်ခေတ်မှာလည်း အေမီတို့အုပ်စု၊ အထူးသဖြင့် အေမီရယ် ခင်မာဝင်းရယ် သန်းလှအေးရယ် ကုသိုလ်ကြမ္မာ မမှီပါခဲ့အထဲမှာပါတဲ့ ဝင်းတင်ကြီးရဲ့ဇနီးမေ ခေါ် တင်တင်မေတို့ အုပ်စုတစ်ဖွဲ့ဆိုရင် ကျောင်းသားတွေ အာသာငမ်းငမ်း တက်ခဲ့ကြရတဲ့ အုပ်စုပေါ့။

အမေရိကန်နိုင်လွန်ပေါ်စ တစ်ကိုက် ၄၅ကျပ်ကို သူတို့အုပ်စုက ဘရာစီရာနဲ့ တက္ကသိုလ်နယ်မြေမှာ စတင်ဝတ်ချိန်ပဲ။ ပန်းနုရောင် သွေးကြွနေတဲ့ ဖြူဖြူလှလှ ကိုယ်တွင်းသားတွေမှာ နိုင်လွန်အဖြူဟာ လွှမ်းရုံလေး လွှမ်းထားသလို ဖြစ်နေတယ်။ နှင်းဆီပန်းရောင်သွေး ပွင့်ဖတ်ကို လက်ဖျားလေးနဲ့ တို့ကြည့်ရင် နူအိနေသလို အနားများ ဖြတ်လျှောက်သွားကြရင် လိုက်လို့သာ တို့ချင်လောက်အောင်ကို အသားရောင်တွေက ပန်းသွေးကြွနေတယ်။

ရင်အလှကို သာမာန်ထက်ထွားအောင် ဘရာစီရာခံထားပြန်တော့ ကျွန်တော် အသက်ရှူမမှားလောက်ပေဘူးလား။

ဒီတုန်းက ပိုးပါတိတ်တို့ ချည်ပါတိတ် အကောင်းစားတွေဟာ အဆင်ဆန်းတွေခင်ဗျ။ အမောက်တွေနဲ့ ကြက်တွေလည်း ပါတယ်။ ရေခဲ သမင်ရုပ်တွေလည်း ပါတယ်။ ဝင်းတင်ကြီးကလေ ပန်းချီဝါသနာပါတဲ့ လူဆိုတော့ သူချစ်သူ မေရဲ့အလှကို ကျွန်တော်တို့

ကို တစ်နေ့ ပန်းချီဆရာ အမြင်နဲ့ ပြောပြတယ်။

"မေများ လမ်းလျှောက်သွားရင်လေ၊ ရေခဲ သမင်လေးတွေ နှင်းခဲပြင်ပေါ်မှာ ပြေသွားသလို သမင်ချိုလေးတွေဟာ လှုပ်ရှား ကျော့နော့ နေတာဘဲ" တဲ့။

မလွန်ပါဘူး။ သူဖွဲ့တာ မလွန်ပါဘူး။

ကျွန်တော်ရဲ့ အေမီ တင်ပါးကို ဆော့ပြီး လမ်းလျှောက်သွား ရင်တောင် သူ့တင်ပါးဝိုင်းဝိုင်းပေါ်က အမောက်ရဲရဲနဲ့ ကြက်ဖလေး တွေ ဟာ စပါးစေ့လေးတွေ တဒေါက်ဒေါက်နဲ့ ကောက်စားနေ သလား ထင်ရအောင် တင်ပါးကို ကြွရွလှုပ်ရှားပြီး သူတို့ လမ်းသွား တတ်တယ်။

တင်ပါးအလှကို ပိုလို့ပေါ်လွင်စေတဲ့ ခြောက်လက်မသံချွန်ခုံ မြင့်ဖိနပ်တွေရဲ့ သမံတလင်းပေါ် တဒေါက်ဒေါက်ထိသွားတဲ့ အသံဟာ ကြက်ဖတွေ နှင်းခဲပြင်ပေါ်က ရေခဲသမင်တွေကို လှုပ်လှုပ် ရွရွ ဖြစ်လာအောင် အသက်သွင်းပေးတဲ့ ဂီတသံတွေလိုပါပဲလေ။ ဒီတော့လည်း မှော်ရုံတော်မှာ ကျွန်တော်တို့ သမင်ဖမ်း ကြက်ပစ် ထွက်တာ ကျွန်တော်တို့ လွန်ပါသလားခင်ဗျား။

အင်းလျားကန်ရဲ့ ရေပြင်မှာရော၊ အင်းလျားကန် အလယ် ကျွန်းမှာရော ရေသူမလေးတွေနဲ့ လှေကလေးကို လှော်မည်။ ဇာတ်ထုတ်ကို ကျွန်တော်ခင်းချိန်မှာ အေမီတို့က ပါးနပ်ပေတယ်။ ဒီနေရာမှာ 'တို့' လို့ ဗဟုဝုစ်ကိန်း သုံးရတာ ကျွန်တော်နဲ့အေမီ နှစ်ယောက်တည်း မဟုတ်ဘူးလေ။ ကိုယ့်အုပ်စုနဲ့ ကိုယ်ပေကိုး။

ပါးနပ်တယ်ဆိုတာက ငယ်တုန်းက ငယ်အမြင်နဲ့ ပြောရ တာပါ။ အေမီက ပန်းဦးကို အပေးအကမ်း ရက်ရက်ရောရော ဖောဖောသီသီ ရှိလေတော့ အတွေ့သဘောမှာ အေမီအပေါ် အလေးသာခဲ့တာပေါ့။

http://www.cherrythitsar.org



ဝါတော် ခြောက်ဆယ်ရ ရသေ့မကြီးလို အထိန်းအချုပ် ကျွန်တော်တွေနဲ့ ကျွန်တော့် ချစ်ဦးသူ (ဒေါ်ရွှေမွှေး) ကြီးနဲ့တော့ ဒီနေရာမှာ ကွာခဲ့ကြတာပေါ့လေ။

အမှန်တော့ မိန်းမတို့ကျွန်ကွေ ပန်းဦးကို တန်ဖိုးထားတဲ့စိတ်ကို လေးစားရမှန်း မသိတဲ့ ကျွန်တော်တို့ ငယ်စိတ်ပေကိုး။ နောက်မှ နောင်တ ဆိုတာ ရတတ်သလိုဘဲ ဒီခေတ်နယ်မြေမှာ ဝမ်းအက်ဖ်တူးအက်ဖ်၊ သရီးအက်ဖ်ထိခဲ့ဖူးတဲ့ ကျောင်းသူ တစ်ချို့ဟာ (F) ပြဿနာကို ဆေးပြားလေးတွေနဲ့ပဲ ဖြေရှင်းခဲ့ကြတာပဲ။ ကျွန်တော်တို့စိတ်ထဲမှာတော့ ကျွန်တော်တို့ဟာ ချစ်ဦးသူ ပန်းဦးပန်းတွေလို့ ကိုယ့်ကိုယ်ကို အထင်ကြီးခဲ့ကြရာမှာ ကျွန်တော်နဲ့ဝင်းတင်ကြီးနံပါတ်တစ်ပေါ့၊ ဝမ်းအက်ဖ် (one F) ထိပြီးသားလို့ မေတို့ အေမီတို့ကို ကျွန်တော်တို့ သိရချိန်ဟာ သားတစ်ယောက် ဖခင်ဖြစ်မှပဲ ဆိုကြပါဆို့။

ကျွန်တော်လွန်ခဲ့ပါတယ်လေ။ မွှေးတုန်းကဆိုရင် မွှေးရဲ့ အချစ်ဦးဟာ မောင်ပဲ ဖြစ်ရမယ်လို့ တိုထွာခဲ့ရတာအမော။ ကျောင်းသားငယ်စရိုက်နဲ့ ဝါးခယ်မဘက်ကမ်းက ကျောင်းကြီးမှာ ဂျပန်ခေတ် ကျောင်းနေစဉ်က တခြားကျောင်းသားက မွှေးကို ချစ်ပါတယ်လို့ ကျောင်းသားအချင်းချင်း ပြောရင်တောင် ကျွန်တော်ရယ်လက်သီးချင်း ဖြေရှင်းပြီး အချစ်သူရဲကောင်းလုပ်ရတာလေ။

ကျွန်တော်စာတွေထဲမှာလည်း . . .

"မွှေး အချစ်ဦးဟာ မောင်သာဖြစ်ရမယ်"

"မွှေးကို ဘယ်သူမှ မချစ်ရဘူး"

" မွှေးနဲ့မောင် ချစ်ပြီးမှ တခြားယောကျ်ားလေးတွေ ပေးတဲ့ စာရရင် မောင့်ကို ပေးဖတ်ရမယ်" နဲ့ အမလေး အချစ်သဝန်ကြောင် လိုက်ရတာ အမော။

စကားစပ်မိလို့ ရေးပြပါရစေဦး။ အဲဒီ ဂျပန်ခေတ်မှာ

http://www.cherrythitsar.org



ဗမာ့လွတ်လပ်ရေး တပ်မတော်အတွက် စစ်သားစုဆောင်းရေး ဝါးခယ်မမှာ လာလုပ်သွားတော့ ကျွန်တော့် သူငယ်ချင်း ကိုခင်မောင် ဦး ပါသွားတယ်။ ခုတော့ သူမရှိတော့ဘူး၊ တိုက်ပွဲ တစ်နေရာမှာ ကျဆုံးသွားရှာပါပြီ၊ သူရှေ့တန်းစစ်မြေပြင်တွေကနေ ကျွန်တော့်ဆီ စာလှမ်းလှမ်းပြီး ကြုံရင် ကြုံသလို ရေးမှာတယ်၊ တစ်နေ့တော့ သူစာထဲမှာ အကြောင်းတစ်ခု ပါလာတယ်။

**တင်အောင်ထွန်း**

ငါဒီနေ့ စိတ်မကောင်း၊ စိတ်မကောင်းတာကို သက်သာစေချင်လို့ မင်းဆီကို လှမ်းရေးမိတာပဲ။ အကြောင်းကလည်း တိုက်ဆိုက်နေလို့ပဲ။ ငါ့ရဲဘော် ဝါးခယ်မသား မြသင်းရယ်လေ၊ ငါ့ရင်ခွင်မှာပဲ ကွယ်လွန်ခဲ့ပြီ၊ ရန်သူနဲ့ တိုက်လို့ရတဲ့ ဒဏ်ရာနဲ့ပဲပေါ့။ သူကမသေခင်ပြောတယ်။ ခင်မောင်ဦးတဲ့၊ သူ့ဘယ်ဘက်အိတ်ထဲမှာ စာတစ်စောင်ရှိတယ်၊ မွေးဆီရောက်အောင်ပေးပါလို့ ပြောခဲ့တယ်။

ငါစိတ်ထိခိုက်မိတာ ဒီစာကို သူ့ရင်ဘတ်ပေါ်က အိတ်ထဲက ငါ ဆွဲထုတ်ချိန်မှာ ရဲဘော် မြသင်းရယ် . . . အသက်မရှိတော့ဘူး၊ သူ့စာရွက်ဖြူဖြူရဲ့ အနားသတ်တွေဟာ တမင်များလိုင်းသားဘောင်ခတ်ထားတယ် ထင်ရအောင် ရင်ညွန့်က သွေးနှလုံးသွေးတွေနဲ့ စို့ရွှဲလို့၊ သူ့စာကတော့ ရိုးရိုးလေးပါပဲ။ ဝါးခယ်မမြေပေါ်က ခွာခဲ့ကတည်းက တိုင်းပြည်ချစ်စိတ်နဲ့ တိုက်ပွဲအလီလီဝင်ခဲ့ပေမဲ့ မွေးကို တစ်နေ့မှာ မမေ့ခဲ့ဘူး။ တစ်ဘက်သက် လူရဲ့အချစ်ကို ဖော်ထုတ်ဖို့ သူ့မှာ တိုင်းပြည်ကို ဦးစားပေးနေရချိန်မို့ မွေးဆီ စာမရေးဖြစ်ခဲ့ဘူး။ မသေခင်တော့ ရေးဖြစ်အောင် ရေးပြီး သူ့အိတ်ထဲမှာ အမြဲထည့်ထားတယ်တဲ့။ သူသေရင်တော့ ဒီစာဟာ မွေးဆီရောက်တန်ကောင်းပါရဲ့တဲ့။ ငါ့ဖြင့် ရဲဘော်မြသင်း စာကို

http://www.cherrythitsar.org



ဖတ်ရင်း လက်တွေလည်းတုန်လာတာပဲ စာထက် သူ့အလောင်းကို ဦးစားပေးသယ်ရမှာ ငါ့တာဝန်ဖြစ်တော့ သူ့အလောင်းသယ်ပြီး၊ သူ့စာယူလိုက်တဲ့အခါ စာရွက်ဟာ သွေးတွေ ပေကျံပြီး အရောင်တွေ ပြာရုံမကဘူး၊ စက္ကူလေးလည်း ပျော့အိကြေမွသွားလေတော့ ဒီစာဟာ မွေးလက်ကို မရောက်တော့ဘူး။

သူငယ်ချင်းတင်အောင်ထွန်း၊ မင်းချစ်ဦးသူ မွေးကို တစ်ဖက်သတ်ချစ်သူတွေ ပေါပါတယ်။ ဒီအထဲမှာမှ မင်းကိုသူ့ခမျာ ခေါင်းခေါက်ရွေးခဲ့သူမို့ မွေးရဲ့အချစ်ကို လေးစားပါ။

**ခင်မောင်ဦး**

. . . ဆိုတဲ့စာကို ရတုန်းကမျှား လူတန်းစားညာဉ်ရှိတဲ့ ပြူရို ကရက်သား ကျွန်တော် တင်အောင်ထွန်းဟာလေ ရဲဘော်မြသင်းကိုတောင် အချစ်သဝန်ကြောင်မိတယ်။ နောက်မှ တစ်ဖက်သတ် ချစ်သူပဲရယ်လို့ စိတ်ကို ဖြေရတယ် ဒေါ်ခင်နှင်းယုရယ်။

မွေးကလည်းလေ ကျွန်တော်နဲ့ချစ်ပြီးမှ သူ့ဆီကို ရောက်လာတဲ့ အပေးခံရတဲ့ ရည်းစားစာ ဟူသမျှ ကျွန်တော်ဆီပို့ပေးပါတယ်။

မွေးကို ဒါလောက်လည်း ချုပ်ချယ်ခဲ့သလောက် အေမီနဲ့ကျမှ ဝင့်လည်တယ်ထင်လို့သာ မမေရှင်ကြီးသီချင်းကိုသာ ကျွန်တော် ဟစ်ဆို ချင်တော့တယ်။

ဘာဖြစ်လို့လဲဆိုတော့ ကျွန်တော် အင်္ဂလန်မှာ စာဆက်သင်နေတုန်း မအေမီရယ်၊ စောင်းတော်ရှင် ကိုသစ္စာနဲ့ ဝမ်းအက်ဖ်ထိကြသေးသတဲ့၊ ကဲ . . . ။

စောင်းတော်ရှင် ကိုသစ္စာအကြောင်းလည်း ကျွန်တော် တစ်ခန်း ရေးပြပါ့မယ်။ တော်ကြာ ဒေါ်ခင်နှင်းယုက စောင်းတော်ရှင် ဇာတ်ကားထဲက ပြည်လှဖေကြီးနဲ့ မှားနေမှာစိုးလို့။

စာကလည်း ဟိုရောက် ဒီရောက် ကပေါက်တိ ကပေါက်ချာ

http://www.cherrythitsar.org



လို့ မထင်ပါနဲ့နော်။ အေမီတို့လို အလှကြွယ်သူ ကျောင်းသူတွေနဲ့တော့ ကျွန်တော်တို့ နွားကျခံခဲ့ပုံကို ပေါ်လွင်စေချင်လို့ ပြန်ရေးပြရာမှာ အစီအစဉ် အဆီအငေါ် မတည့်ရင် ခွင့်လွှတ်ပါနော်။

မွှေးကတော့ ဒီအချိန်မှာ တစ်ခါတစ်လေများ ဖျင်ကြမ်းပင်နီအကျႌနဲ့၊ မြို့မစိမ်း လုံချည်ဝတ်ပြီး၊ လွာဖိနပ်ကြီးနဲ့၊ သူ့ကိုတွေ့လိုက်တိုင်း သူအတွက်သူ စာသင်နေရတာရယ်။ သူ့မိသားစုဝမ်းရေးအတွက် ရုံးတက်နေရတာရယ်၊ ပြီးတော့ သူ့ဝါသနာကန်တော်ကြီးစောင်းက ရုပ်စုံဂျာနယ်တိုက် တစ်ခုမှာ ဝင်ပြီး ညနေဘက် အချိန်ပိုင်း အလုပ် လုပ်နေရတာနဲ့ပဲ ပြီးနေတာပဲ။

ဩော် . . . သူ့အတွက် အလုပ်-အလုပ်-အလုပ်။ တကယ့်ကို ဒီမိန်းမ ဝဋ်ဒုက္ခကြီးပါပေတယ်ဗျာ။ ရှင်းရှင်း ရေးရရင် ဒီတုန်းက အလုပ်လုပ်ခြင်းဟာ ဂုဏ်ယူစရာလို့ မထင်ခဲ့မိပေဘူး။

ဖိမ်ခန်းတစ်နေရာမှ မပါခဲ့တဲ့ မွှေးရဲ့ လှုပ်ရှားနေရချိန်တွေမှာ ကျွန်တော်ဟာ အေမီနဲ့ အင်းလျားကန် ရေလယ်ကျွန်း မှော်ရုံတောမှာ ရော၊ တခြားကျောင်းသူတွေကို အလှည့်နဲ့ ကျွန်တော်တို့ အလွှာအုပ်စုကားကိုယ်စီနဲ့ လှည့်ထုတ်ပြီး ဖိမ်ကျနိုင်ကြတဲ့ အချိန်ပဲပေါ့။

အတွတ်နဲ့တွေ့တဲ့အခါ တစ်ကြောင်း နှစ်ကြောင်းလောက်ပဲ မွှေးဆီ ဝတ်ကျေ တမ်းကျေ စာရေးတော့တယ်၊ ကျွန်တော့် သူငယ်ချင်း အတွတ်ကို ဒီနေရာမှာ ကျွန်တော်ချီးကျူးပါတယ်။ သူဟာ မွှေးရဲ့ သက်တော်စောင့်၊ အပါးတော်မြဲကြီး ကျနေတာပဲ။ မွှေးရဲ့ ဘဝအစမှာ ကသိကအောက် ဖြစ်လာချိန် ဆိုရမှာပေါ့။ သူအပါးက မခွာ မွှေးကို စောင့်ရှောက်ခဲ့တယ်။

“ဖရက်ရယ် . . . မွှေးအနေနဲ့ သူ့မိဘတွေနဲ့အတူ ဝါးခယ်မမှာ နေတုန်းကလို ဘာမှ အဆင်မပြေတော့ဘူး၊ ခက်တာကလည်းကွာ သူနေတဲ့ အိမ်ကို ညစာအချိန်မီ ပြန်မရောက်နိုင်လို့ ထမင်းဆိုင် တစ်ခုခု

http://www.cherrythitsar.org



ဝင်စားပြန်တော့လည်း အတွတ်ရယ် မွှေး မျက်နှာမထားတတ်ဘူး ဆိုပြီး တလုတ် နှစ်လုတ်စားပြီး တော်ပစ်လိုက်ရော” လို့ အတွတ်က မွှေးအစားဆင်းရပုံကို ပြောပြတယ်။ အဲဒီအချိန်က၊ ကန်တော်ကြီး စောင်း ဗဟန်းတစ်ဝိုက်မှာ မြိုင်ရုံကလည်း မဖျက်သေး၊ ထမင်းဆိုင်၊ စားသောက်ဆိုင်၊ အပ်ချုပ်ဆိုင်တွေ၊ ခုမြေ ကျေးရှင်း နေရာကနေ တိရစ္ဆာန်ရုံအဝ၊ အင်္ဂလိပ်သင်္ချိုင်းနားအထိ လိုချင်တာ ရတဲ့ အချိန် ပါပဲ။

“ကိုယ့်မှာ မွှေးတစ်ယောက်တည်း ကန်တော်ကြီးစောင်းကနေ ဦးဝိ စာရလမ်း အိမ်အထိ ညနေစောင်း ပြန်ရတာ၊ စိတ်မချလို့ ပြန်ပို့ရတာတွေ၊ ဟိုကျ ထမင်းလခ ပေးစားတဲ့ ထမင်းချိုင့်ကလည်း အေးစက်ကြီး၊ အဲဒီတော့လည်း စားတယ်ဆိုရုံစားပြီး တော်ပစ် လိုက်ရော၊ ဒီလိုသာ မွှေးကြာကြာနေရင်တော့ လဲသွားမှာပဲ။ ခက်တာကကွာ ဒီမိန်းကလေး ပတ်ဝန်းကျင်ကို ဂရုစိုက်လွန်း ပါတယ်။ ထမင်းဆိုင် ဘာဖြစ်သေးလဲ။ ကိုယ့်ထမင်း ကိုယ်ဝယ်စား တာပဲ။ ဝအောင်စားပါမွှေးလို့ ကိုယ်ကပြောရင် ဟာ အတွတ်က လည်း ဒီမတော်တရော်အချိန် ယောကျ်ားလေး တစ်ယောက်နဲ့အတူ ဒီဆိုင်မျာ ထမင်းစားတာ တစိမ်းတွေမြင်ရင် အကြောင်း မသိလူ တွေက အပျက်လို့ ထင်သွားမှာပေ့ါတဲ့၊ ခက်လိုက်တာ အလွန်ပါပဲ၊ ခုခေတ်မှာ မဆန်းပါဘူး၊ မွှေး။ အရက်ဆိုင် ဟိုတယ် ညကလပ်တွေ မှာ မိန်းကလေးတွေ ဒီလို ထမင်းစားရုံတင်မဟုတ်ဘူး။ ကိုယ့်အတွဲ နဲ့ကိုယ်၊ ဖန်ခွင်ချင်းတွေ့၊ ရင်ချင်းအပ်၊ ပဥ္စငါးပါးအကုန်အပ်ပြီး လုပ်ချင်တာလုပ်နေတာ၊ မွှေးကလည်း ထိန်းတဲ့ သီလတွေ များလိုက် တာ၊ ကြာရင် မင်းသေလိမ့်မယ်လို့ ကိုယ်ပြောရသေးတယ် ဖရက် ရယ် . . . ’

အတွတ်ပြောသလိုပါပဲ မွှေးအဖို့သာ ဆန်းနေ ဒီတုန်းက

http://www.cherrythitsar.org



မေရှိမလင်းကလပ်တို့ ပြည်ထောင်စုကလပ်တို့ ပဲခူးကလပ်တို့ဆိုတာ အထက်တန်းလွှာတွေရဲ့ ကလပ်ပေါင်းစုံမှာ နိုင်ငံခြားက ရင်ချင်းအပ်က ပွဲတွေ ခြိမ့်ခြိမ့်သဲပေါ့ ဒေါ်ခင်နှင်းယုရယ်။

ခုမှ နိုင်ငံခြားယဉ်ကျေးမှုကို တိုက်ဖျက်ပစ်ရမယ်လို့ လက်သီး လက်မောင်းတန်းပြီး လက်ဦးအောင်ကြွေးကြော်ခဲ့သူ အရာရှိများဟာ ကန်တော့ပါရဲ့ အပြာဇာတ်ထုပ် အပြာဇာတ်လမ်းကို နိုင်ငံခြားက ခိုးသွင်းပြီး သူတို့ အိမ်တွေမှာပြ။ ကိုယ့်ပြည်တွင်းဖြစ် အပြာမယ်တွင်မက၊ နိုင်ငံခြားအပြာမယ်ကိုတောင် အင်ပို့သွင်းကုန် လုပ်ပြီး ခြေတော်တင်နိုင်တဲ့အဖြစ်တွေကိုဗျ၊ ဟဲ. . . ဟဲ၊ဆရာတင့်တယ်လေသံနဲ့ သုံးရရင်တော့ "မသိရင် ကောင်းကြသပေါ့၊ သိရင် ဘယ်မှာကောင်းနိုင်ကြမတုန်း" လိုသာ ဟစ်ဟစ်ပြီး ကျွန်တော် သူကောင်းသား ငိုချင်ချင်တယ်။ အတွတ်ပြန်ပြောချက် အရသိလကြီးသူ မွှေးကို မခံချင်အောင် အတွတ်က ပြောတယ်တဲ့။

"မင်းအစ်ကိုတွေ နိုင်ငံရေးလုပ်တုန်းက မင်းလယ်သူမတွေနဲ့ အတူ ဆားနဲ့ စားခဲ့ဖူးတယ်ဆိုလို့ စိတ်ကိုဆွပြောလည်း လယ်သူမနဲ့ အတူ ဆားနဲ့စားရတော့ ဘာဖြစ်လဲ၊ ခုအတွတ်နဲ့အတူ အချိန်မတော် ထမင်းဆိုင်မှာ သူမစားနိုင်ဘူး။ ဟင်းကို ထမင်းကို ပြောနေတာ မဟုတ်ဘူး။ စားရတဲ့အချိန် တွဲရတဲ့အဖော်ကို ပြောနေရတာ၊ လယ်သူမနဲ့ တွဲစားပြီး စက်တိုင်တက်ရတော့ ဘာအရေးလဲတဲ့"

အတွတ်ဟာ မွှေးဆီက ပြန်လာတိုင်း မွှေးအကြောင်းကို အဘိုအိုလေးလို တတွတ်တွတ်ပြောနေပေမင့် ကျွန်တော်ဟာ ကိုယ်နဲ့ ဘာမှမဆိုင်တဲ့ တစိမ်းသူတစ်ယောက် အနေနဲ့ နားထောင်နေမိတော့တယ်။

ဩော်. . . အဲဒီတော့လည်း တက္ကသိုလ် ဘွဲ့နှင်းသဘင် လမ်းမကြီးပေါ်က သစ်ပုပ်ပင်ကြီးအောက်မှာ ကျွန်တော့်ကို ရေလို

http://www.cherrythitsar.org



အကောင်၊ ဆိုးတဲ့ ဆေးရောင်လိုက်ပြီး အရောင်အပြောင်းအလဲမြန်တဲ့ အကောင်ဆိုပြီး အတွတ်ကျွန်တော့်ကို ဆွဲဆိုးတာ၊ ထိုးသင့်ပါတယ်လေ။ ဒေါ်ခင်နှင်းယု လေသံနဲ့ပြောရရင် ထိုးသင့်သောအကြောင်းကို ပြုမိသောကံကြောင့် အထိုးခံရခြင်းအကျိုးကို ခံစားရခြင်းပေတည်းလို့ အကြောင်းအကျိုး ဆက်သွယ်ခြင်းသဘောကို ကျွန်တော် အခုအသက် ၄၀ ကျော်မှ စဉ်းစား ဆင်ခြင်မိပါပြီ။

အတွတ်က ကျွန်တော်ဖောက်ပြန်ပြောင်းလဲတာတွေကို ရိပ်မိ တာတင်မဟုတ်ဘူး။ မျက်မြင်လည်း တွေ့နေရပြီကို။ သူက ဆက်ပြောသေးတယ်။

“အဝတ်အစားနဲ့ပတ်သက်ပြီးတော့လည်း၊ အတွတ် တစ်ခါ တလေ ဒေါပွပြီး မွှေး အဲဒီသိက္ခာခြောက်ဆယ်ရ ရသေ့အိုမကြီးလိုပဲ ဝတ်စားနေတော့မှာလား၊ မွှေးမှာ ပိုက်ဆံမရှိလည်း အတွတ်ဝယ်လာ ခဲ့မယ်လို့ ပြောမိတယ်။ အတွတ်ကလည်းကွယ်၊ ကြည့်ကောင်းပြီး သန့်ရှင်းသပ်ရပ်ရင် တော်ရောပေါ့၊ မွှေးရဲ့ လခက ဖေဖေတို့ မေမေတို့ ဆီလည်း ပြန်ပို့ရသေးတယ်၊ ပြီးတော့လေ မွှေးပညာသင်ရေး ဘယ်လိုပဲနေနေ၊ လေးတို့၊ ထွေးတို့ကို ဒီဂရီရအောင် ပညာသင် ပေးရဦးမယ် အတွတ်။ ဖေဖေဟာ ရုတ်တရက် ဝိပါကဝဋ်ကြောင့် နားမကြား၊ စိတ်ချောက်ချားပြီး၊ ရှင်းရှင်းပြောရရင် ရူးသွားရပေမဲ့ သူ့ရည်ရွယ်ချက်က ငါ့သား၊ ငါ့သမီးတွေ ပညာဆုံးခန်းတိုင် ရောက်ရ မယ်ဆိုတာ သူ့ရည်ရွယ်ချက်၊ သူစိတ်ချောက်ချားလို့ တစ်နေ့လုံး ဘာလုပ်လုပ်၊ ညနေစောင်းရင် စာကြည့်မှန်အိမ်ပြောင်းကို ပြောင် လက်နေအောင်တိုက်၊ စာကြည့်စားပွဲ အလယ်ကောင်မှာ မှန်အိမ် ထွန်းပြီး၊ သူ့သားသမီးအစုံ စာကြည့်ချိန်မှာ ဆုံစေရတယ်၊ ပြီးတော့လေ အတွတ်ဘာသိလဲ အတွတ်တို့က လောကဓံကိုလည်း ဘာမှ မခံစားရဖူးဘူး၊ တစ်ဦးတည်းသောသူဌေးသား၊ မွှေးတို့မှာ

http://www.cherrythitsar.org



ဖေဖေလည်းရောဂါရ၊ မေမေ့လယ်တွေလည်းပျက်၊ စပါးတွေလည်း အညှောက်ပေါက်၊ အစ်ကိုတွေကလည်း စီးပွားရေးကို လှည့်မကြည့်၊ နိုင်ငံရေးကို ခြေစုံပစ်ဝင်ချိန်မှာ မွေးတို့အခြေအနေတော့ ယိုင်ပြီဆိုပြီး ဆွေမျိုးတွေကအစ၊ ဝိုင်းနှိမ်တယ်အတွတ်ရဲ့ သိလား၊ အရူးရဲ့ သားသမီးတွေ ဘယ်တော့မှ ပညာဆုံးခန်းတိုင်ရောက်မှာ မဟုတ်ဘူးလို့ ဝိုင်းအထင်သေးတဲ့၊ အဲဒီအမျိုးတွေကိုလည်းလေ၊ မွေးအကြောင်းပြချင်တယ်၊ အလုပ်နဲ့ သူတို့ရဲ့ အထင်သေးမှုကို ပယ်ဖျက်ပြချင်တယ်။ ပြီးတော့ မွေးသာ အစစ ခြိုးခြံပြီး လက်ရှိ ရန်ကုန်မြို့ရဲ့ ပတ်ဝန်းကျင်ဒဏ် သာယာမှုကို ခံနိုင်ရည် ရှိပေမင့် ကောင်မလေးတွေ၊ လေးတို့၊ ထွေးတို့ ပညာမပြည့်စုံဘဲ ရန်ကုန်ရုံးတွေမှာ အလုပ်ဝင်လုပ်ရင် အတွင်းဝန်တွေကအစ ရုံးအုပ်အထိ ခြေတော်တင်ခံရမှာ သိလား။ ဒါကြောင့် မွေးဘက်က ခြိုးခြံပြီး သူတို့ကို ပညာဆုံးခန်းတိုင်ရောက်အောင် ပေးရတာ၊ မွေးအဝတ်ဝယ်မယ့်အစား၊ သူတို့ကို ဖို့ရတာ သိလား အတွတ်ရဲ့ဆိုပြီး ကိုယ့်ကို ရန်တွေ့သေးတယ် ဖရက်ရယ်။”

အတွတ်ပြောတာမှန်တယ် ဒေါ်ခင်နှင်းယု၊ မွေးက အတွတ်ပြောပြသလိုပဲ မိန်းကလေးတွေရဲ့ ဝမ်းစာရှာရေး၊ စီးပွားရေးဟာ အကာအကွယ်မတတ်ရင်း မိန်းကလေးတွေအတွက် အရာရှိဆိုးတွေ အန္တရာယ်ဟာ အင်မတန်ကြီးပါတယ်။ ဟဲ. . . ဟဲ. . . ဒီနေရာမှာ ကျွန်တော်ဖော်ကောင်လုပ်ပါရစေ၊ ဗြူရိုကရက်နွယ်ဝင်၊ ကျွန်တော်တင်အောင်ထွန်းလည်း ဗြူရိုကရက်ကုလားထိုင် ထိုင်ရတဲ့ အရာရှိဘဝ ရောက်လာတဲ့အခါ ကျွန်တော့်ဘိုးအေ ဗြူရိုကရက်များလို မြည်းစမ်းခဲ့ဖူးလို့ပါပဲ။ ခြေရာနင်းခဲ့လို့ပါပဲ။

မွေးဟာ သူပြောသလိုပါပဲ၊ အလုပ်တွေ ပတ်ခြားဝိုင်းလုပ်ရင်းက တက္ကသိုလ်စာမေးပွဲတွေကို အပြင်ကဖြေဆိုရင်း ဘီအေ

http://www.cherrythitsar.org



ဒီဂရီ ရသွားတယ်လေ။ သူ့ခမျာ သူ့ချစ်သူနဲ့အတူ စာသင်ချင်လှတဲ့ တက္ကသိုလ်နယ်မြေကို နင်းမသွားရရှာဘူး။

ကျွန်တော့် အေမီကတော့ တက္ကသိုလ်နယ်မြေက အောင်မြင်စွာ ဆုတ်ခွာသွားတယ်လို့ ဆိုရမယ်၊ သူဟာဒီဂရီမရခဲ့ဘူး၊ (အောင်မြင်စွာ) လို့ ဘာကြောင့် အထူးပြုစကားလုံးကို သုံးရသလဲဆိုရင်၊ ကျွန်တော့်လို ဘိလပ်ပြန်ဆိုပါတော့၊ ဘီအက်စီ အဆောက်အအုံ အင်ဂျင်နီယာ တစ်ယောက်ကို အလှပိုက်ကွန်ငွေကြိုးနဲ့ ရက်ထားတဲ့ ကွန်ရွက်နဲ့ သေသေချာချာအုပ်ဖမ်းပြီး အိုင်အေ မအောင်ဘဲ တက္ကသိုလ်နယ်မြေက စာမေးပွဲ (F)ရော၊ အက်ဖ် ပေါင်းစုံထိပြီး ထွက်ခွာသွားတယ်။

သူတို့အဖို့ ဘာအက်ဖ်ထိထိ၊ မဖြုံသာဘူးလေ၊ သူတို့အဖေ သူဌေးမင်းက ကျွန်တော်နဲ့လက်ထပ်တော့ စိန်တစ်ဆင်စာ တိုက်တစ်လုံး ကားတစ်စီးလက်ဖွဲ့ရုံတင်မက၊ အကြီးအကျယ်ဆုံး လက်ထပ် အခမ်းအနားကြီးလည်း အကုန်အကျခံပြီး သူတို့ရဲ့ တစ်ဦးတည်းသောသမီးကို ရေစက်သွန်းချပြီး၊ ကျွန်တော့်ကို ပေးလှူလိုက်ပါတယ်။

ကျွန်တော့်မေမေနဲ့ အဒေါ်တို့ရဲ့အသည်းခြေကြိုက်၊ နှလုံးကြိုက် ပွဲသဘင်ပေပေါ့၊ ဒီနေရာမှာ ဖေဖေမပါဘူးလားလို့ ဆိုရမယ်။ ကျွန်တော့် ပြစ်မှုထဲမှာ ဖေဖေပါ ပါတယ်။ ခုအချိန် ဖေဖေကွယ်လွန်သွားပြီမို့ ကျွန်တော်မသိခဲ့သေးတဲ့ ဒေါ်ခင်နှင်းယု မသိသေးတဲ့ ဖေဖေ့အကြောင်း၊ ကျွန်တော်ဖွင့်ဟ တင်ပြပြီးမှ ဒီပြည်သူ့ခုံရုံးမှာ လျှောက်လဲချက်ဟာ ဖြင့်စွဲချက်တင်ထိုက်မတင်ထိုက် ပြည်သူတို့က ဆုံးဖြတ်စေချင်ပါတယ်။

တခြား လူတစ်ယောက်ရဲ့ အပြစ်ကို ချေပပြောဆိုပိုင်ခွင့် ကာကွယ်ပိုင်ခွင့်ကျတော့ ပါးစပ်ကို အားစေးထည့်၊ အမျိုးမျိုး

# ၄၄ ခင်နှင်းယု

ခြိမ်းခြောက် ထားပြီး ကိုယ်က အပေါ်စီး အထက်စီးနဲ့ သူတစ်ပါးရဲ့ အပြစ်ကိုသာ စွဲချက်တင်တတ်သူ ယောကျ်ားသားတစ်ချို့ လူစားမျိုးနဲ့ စာတော့ ကျွန်တော် တင်အောင်ထွန်းကို ဒေါ်ခင်နှင်းယု ယောကျ်ား အာဇာနည်အဖြစ် အမှုကွန်းတင်ထိုက်ပါတယ်ဗျာ။ ဘာကြောင့်လဲ ဆိုတော့ ကျွန်တော်ဟာ ကျွန်တော်ဘာလုပ်တယ်ဆိုတာကို ရိုးသားစွာ မထိမ်မချန်တင်ပြခဲ့တယ်။ စွဲချက်တင်မယ်ဆိုလည်း အတင်ခံ ရဲပါတယ်။ အပြစ်ဒဏ်ပေးလည်း အပြစ်ခံရဲပါတယ်။ မွေး ဖခင်အကြောင်းကိုတောင် ကွယ်ဝှက်ထိမ်ချန်ထားခြင်းမရှိ ကျွန်တော် တင်ပြပါတယ်။

ဒီနေရာမှာ သေသောသူအကြောင်း၊ မကောင်းမပြောရ ဆိုပေမင့် ဖေဖေဟာ ကျွန်တော်နဲ့ ကံကြမ္မာတူ ခံစားရသူမို့ ဖေဖေ့ ဘက်ကလည်း စေတနာကောင်းလေးနဲ့ လျှောက်လဲလိုတဲ့ သဘောပါ။

ဝေသန္တရာဇာတ်တော်ထဲပါတဲ့ ဇာလီရဲ့ စိတ်ထားကို အားကျ လို့ပါ။ မြင်းမိုရ်တောင်ကို တိုက်ခတ်တဲ့လေကို လက်ဖဝါးနဲ့ ကာသလိုပဲ။ သူ့ဖခင်ကို မင်းပရိတ်သက်က ပြစ်တင်ပြောဆိုသမျှ ဇာလီဟာ ငယ်ပင်ငယ်သော်လည်း သူ့အမြင် သူ့အသိနဲ့ မင်းရင်ပြင် မှာ ဖခင်ဘက်က လျှောက်လဲခဲ့ဖူးပါတယ်။ ဒီသဘောပါပဲ။

# အခန်း (၃)

# ကျွန်တော့်ဟေဟေ

မွှေးလည်း ကိုကိုနိုင်နဲ့လက်ထပ်ပြီး ကြပြီ၊ ကျွန်တော်လည်း အေမီနဲ့ လက်ထပ်ပြီးပြီ၊ အတွတ်ကြီး တစ်ယောက်ကတော့ လန်ဒန်မှာရှိနေချိန်ပဲ။

တစ်နေ့တော့ ကျွန်တော်ကိစ္စတစ်ခုနဲ့ ဝင်ဆာလမ်းက အတွတ် မေမေဒေါ်သောင်းစိန်ကြီးကို သွားတွေ့တယ်။ အိမ်မှာ အဘွားကြီးတွေ မရှိဘူး။ အပြင်ခဏထွက်သွားတယ်၊ ထိုင်စောင့်နေပါဦးလို့ အိမ်ဖော်ကလေးမလေးက ကျွန်တော့်ကို ပြောပြီး ဧည့်ခန်းမှာ နေရာပေးတယ်၊ ဒါပေမင့် ဧည့်ခန်းမှာ ဧည့်သည်၃-၄ယောက် အားရပါးရ စကားပြောနေကြတယ်။ အတွတ်တို့အိမ် ဧည့်ခန်းဟာ သော်ကရွာက မွှေးတို့အိမ် ဧည့်ခန်းလိုပဲ၊ တောဆန်ဆန် ဧည့်သည်တွေလည်း ဒီဧည့်ခန်းမှာပဲ ထိုင်တတ်တယ်။ သူတို့ရဲ့ သော်ကဘက်က လှေထောင်အလုပ်တွေ သမ္ဗန်ခတ်သူတွေ အဝင်အထွက်မပျက်ခဲ့ဘူး၊ မွှေးရှည်ကော်ဇောကြီးတွေ ခန်းလုံးပြည့် ခင်းပေးထားပေမင့်၊ တောဧည့်သည်ဖြစ်ဖြစ် မြို့ဧည့်သည်ဖြစ်ဖြစ်

http://www.cherrythitsar.org



ဒီညှော်ခန်းရဲ့ ဆိုဖာတွေပေါ်မှာပဲ ထိုင်စေရတယ်၊ ညှော်ခံတယ်။ အဖွားကြီးကိစ္စရှိလို့ အပြင်ထွက်သွားချိန်မှာ အဖွားကြီး လက်စွဲတော်ကိုသာဘော်က တောညှော်သည်ဆိုလည်း ဝါးခယ်မ ငါးရံခြောက်နဲ့ လက်ဖက်သုပ် ရေနွေးကြမ်းနဲ့ တောအကြိုက် ညှော်သည်အကြိုက် ညှော်ခံထားနှင့် ရတယ်။ မြို့ညှော်သည်ဆိုလည်း မြို့အကြိုက် ကော်ဖီတို့ မုန့်တို့ပေါ့လေ။

အတွတ်ရဲ့ မေမေကို အဲဒါလေးတွေ ကျွန်တော်သဘောကျတယ်ခင်ဗျ။ သူမရှိတုန်း ဘယ်ညှော်သည်လာလာ အစားအသောက်တစ်ခုခုနဲ့ ညှော်မခံထားရင် အိမ်သားတွေကို ဆူတယ်။

ကျွန်တော် အိမ်မှာကတော့ ဝါးခယ်မနယ်မြေက ကျွန်တော်တို့ လယ်တွေကို လုပ်တဲ့ လယ်သမားတချို့ ကိစ္စရှိလို့ လာရင် နောက်ဖေးက လာရတယ်၊ ထမင်းစားခန်း မရောက်ခင် မီးဖိုနဲ့ တစ်ဆက်တည်း အခန်းက ကွပ်ပျစ်ပေါ်မှာပဲ ထိုင်စေရတယ်။ ဒါတောင် သူတို့လက်မှာ ငှက်ပျောသီး၊ သရက်သီး၊ ငါးရံ့ခြောက်၊ ငံပြာရည်၊ တစ်ခုခုတော့ ပါလာစမြဲပါပဲ။ မှိုင်းလုံးခံ ကော်ဇောအပြည့်ခင်းထားတဲ့ ဆိုဖာခုံနဲ့ ကျွန်တော်တို့ညှော်ခန်းကို သူတို့အုပ်စုလှမ်းလို့တောင် ကြည့်ဖူး မြင်ဖူးမယ် မထင်ပါဘူး။

ကြီးကြီးထားရော မေမေရော၊ ဒီနေရာမှာ တစ်သဘောတည်းပဲ၊ ဒီလိုတောညှော်သည်တွေကို ကျွန်တော်တို့ စားတဲ့ပန်းကန်နဲ့ မကျွေးရဘူး။ သီးခြားသံပန်းကန် ကြွေရည်သုတ်နဲ့ ကျွေးရတယ်။

"ဟော့ . . . သူတို့လက်ထဲပါလာတဲ့ လက်ဆောင်နဲ့တန်းဖိုတူဟင်းဘဲချက်"ဆိုတဲ့စကားကိုကြီးကြီးထားဟာပါးစပ်ကမျှားတောင်ဖွင့်ပြောတယ်ကျွန်တော်ဒါတွေကျတော့ မေမေတို့ ကြီးကြီးထားတို့သဘောထားကို မကြိုက်ပါဘူး။ဒါပေမင့်ကျွန်တော်တို့သားအဖကဟာအိမ်ကြီးရှင် သခင်မနှစ်ပါးရဲ့ မီးဖိုဆောင်အပေါ် ထားရှိတဲ့ ဝါဒရေးရာ

http://www.cherrythitsar.org



ကို ဘယ်လိုမှ မပယ်လှန်နိုင်ခဲ့ပါဘူး။

မေမေကတော့ အစေခံတွေ လခထုတ်ချိန်ဆိုတစ်လလုံးမှာ ပန်ကန်ကွဲသမျှ ဇွန်း ခက်ရင်း အပျောက်အရှ ရှိသမျှစာရင်း အကုန်စစ် လခထဲက ဖြတ်တော့တာပဲ၊ ဖေဖေက "တစ်လထဲမှာ စုမဖြတ်နဲ့ကွယ်၊ အရစ်ကျနည်းနည်းဖြတ်" လို့ တစ်ခါတစ်လေ နည်း နည်းပါးပါး ဝင်ပြောရင်. . .

"ဒါဟာ စနစ်၊ နို့မို့ရင် စည်းစနစ်မရှိဘဲ၊ စည်းကမ်းမရှိသေရင် အိမ်က ပန်ကန်တွေ ဇွန်း ခက်ရင်းတွေ ကုန်ရောပေါ့" လို့ ဖေဖေကို ပြန်ပြောရင်ပဲ ဖေဖေက မေမေ့ကို ဘာတစ်လုံးမှ မစွက်ဖက်တော့ဘူး မပြောတော့ဘူး။

အလုပ်ရှိသေအောင်လို့ စည်းကမ်းတကျလခထဲက ဖြတ်တာကို ဖေဖေကလည်း မကန့်ကွကလိုပါဘူး။ ဒါပေမဲ့ တစ်လ တည်း စုဖြတ်တာ လခထုတ်ချိန်မှာ စားပွဲထိုး ထမင်းချက် တစ်ချို့ ဟာ လစာမကျန် ဖြတ်သွားတာကို ဖေဖေက စိတ်မသက်မသာ ဖြစ်ဟန်တူပါတယ်။ ကျွန်တော်တို့ အိမ်မှာသုံးတဲ့ ပန်းကန် ဇွန်း ခက်ရင်းတွေက ဟိုတုန်းက ရိုးကူမွကဵက ပစ္စည်းတွေဆိုတော့ တန်ဖိုးကလည်းကြီးတော့ မတော်တဆကွဲပျက် ပျောက်ရှတဲ့ နေရာမှာ လျော်ကြေးပေးရတဲ့ ထမင်းချက် စားပွဲထိုးတွေအနေနဲ့ မသက်သာဘူးပေါ့လေ။

မေမေဟာ သစ်တောမင်းကြီးသမီး၊ ရွှေတောင်ကြား လမ်းမွေး၊ ရွှေမင်းသမီးလေးဆိုတော့လည်း ကျွန်တော့်ဖေဖေရဲ့ ဝါးခယ်မ ရွှံ့မြေကို နင်းဖူးမယ် မထင်ပါဘူး။ ကျွန်တော်တောင် အဲဒီစစ်ပြေးမှ မေမေနဲ့အတူ ဖေဖေတို့ ဇာတိကို လိုက်ခဲ့ရလို့ ဝါးခယ်မကို ရောက်ခဲ့တာ။ ကျွန်တော်က ရန်ကုန်မြေဖွား။ ရန်ကုန်သား၊ ဒပ်ဖရင် သားဖွားဆေးရုံ ရဲ့ ပန်ကာအောက်မှာ

http://www.cherrythitsar.org



ပြင်သစ်ပြည်လုပ် ဝိုင်အရက်ချိုကို မေမေ သောက်ပြီး ဖွားခဲ့တာ ပေါ့လေ။ ကိုယ်ဂုဏ်ပုဒ်တွေကို ကိုယ်ချီးကျူး ဖော်ထုတ်ရေးရ တာပါပဲ။

တစ်ခါတလေတော့လည်း မေမေနဲ့ ကြီးကြီးထားဟာ ဇော် ဇော်ချင်း ထိပ်တိုက်တွေ့တတ်ကြတယ်။ မေမေကလည်း စစ်ပြေးချိန်မို့ ခေတ္တခဏသာ ဝါးခယ်မအိမ်မှာ လာနေပေမင့် ဝါးခယ်မသူ ဝါးခယ်မသားဆို ဘယ်သူနဲ့မှ မဆက်ဆံဘူး။ ကြီးကြီးထားကလည်း မေမေပါလာတဲ့ အိမ်ထောင်ပရိဘောဂ၊ ပန်ကန် ခွက်ယောက်ကို ကျွန်တော်တို့မိသားစု သုံးရတယ်။ သူ့ပစ္စည်းဆိုတာမှ မီးဖိုချောင်မှာ လက်ဖျားနဲ့ မတို့ရဘူး။

ရန်ကုန်ပြန်ရောက်တော့လည်း မေမေက မေမေ့နယ်မြေ မှာ သူက ကြီးစိုးပြန်လေတော့ သူ့ပန်းကန် ခွက်ယောက်ကို ကြီးကြီးထား လက်ဖျားနဲ့ မတို့ရဘူးလေ။ အဲ. . . အဲ၊ အစေခံ လခဖြတ်ဖို့တို့ ဘာတို့ဖို့ နေရာကျတော့ အကျိုးတူ လက်တွဲပြီး ပူးတွဲနှိမ်နင်းတဲ့ သူနေရာမှာ တစ်သဘောတည်းပါပဲ။

အခုစိတ်နဲ့ ပြန်တွေးကြည့်တော့ ကျွန်တော်တို့မိသားစုထဲ မွေး တစ်ယောက် ပါဝင်မလာတာဟာ ကံကောင်းလေခြင်း၊ မွေးအတွက် ကောင်းသော မလာမိခြင်းပေပဲလို့ တွေးမိတယ်။ သေသေချာချာ တွေးကြည့်ရင် မိသားစုကလေးကသာ လေးယောက် ရှိတယ်။ အတော် ဦးနှောက်ခြောက်စရာ ကောင်းတဲ့ ကျွန်တော်တို့ အိမ်ပဲခင်ဗျ။

ကျွန်တော်စကားစ လမ်းလွဲသွားပြန်ပြီ အဲ့. . . အဲ့ဒီတစ်နေ့ အတွက် မေမေမရှိတာနဲ့ ကျွန်တော်ကိစ္စကလည်း အဘွားကြီးကို စောင့်တွေ့ရမှာမို့ စောင့်မယ်ကြံတော့၊ ဧည့်ခန်းမှာ ဧည့်သည်တွေနဲ့ ကိုသာဘော် အာပေါင်အာရင်းသန်သန်နဲ့ စကားပြောနေကြတာကိုး။

http://www.cherrythitsar.org



ဧည့်သည်ကြီး စကား အားရပါးရ ပြောနေတာကို နားစိုက် နားထောင်ရင်း စိတ်ဝင်စားနေတော့ ကျွန်တော်လာတာကို တောင် ကိုသာဘော်ကြီး မမြင်ဘူး။ ဒါနဲ့ ကျွန်တော်လည်း စန္ဒရားခန်းဘက်ကိုသွားပြီး စန္ဒရားတီးရင်း စောင့်မယ် စိတ်ကူးမိ တယ်။

တော်ကြာ ကျွန်တော့် စန္ဒရားသံဟာ သူတို့စကားဝိုင်းကို အနှောင့်အယှက်ဖြစ်မှာစိုးလို့ စန္ဒရားတီးတဲ့ခုံပေါ်မှာပဲ ထိုင်ရင်း သူတို့စကားသံတွေကို နားထောင်နေမိတယ်။ စန္ဒယားခန်းဟာ သီးခြားအခန်းတစ်ခု ဖြစ်ပေမင့် ဧည့်ခန်းကို တိုက်ရိုက်မြင်နေရတယ်၊ ဇာခန်းဆီးတွေ တပ်ထာတော့ ဧည့်ခန်းက လူပေါင်းစုံကိုလည်း မြင်ရ တယ်။ သူတို့စကားသံကိုလည်း ကြားရတယ်။ လက်ဟန် ခြေဟန်ကို လည်း ပြတ်ပြတ်သားသား မြင်ရတယ်။

သူတို့ဟာ မွှေးမေမေ ဒေါ်တင်တင်ကြီးဆုံးတဲ့အကြောင်းကို ဝိုင်းဖွဲ့ပြောနေကြပုံရတယ်။ ဒေါ်တင်တင်ကြီးကို သင်္ဂြိုဟ်တဲ့ အချိန်မှာ ဝါးခယ်မကလာကြတဲ့ သိဟောင်း ကျွမ်းဟောင်းတွေ ထင်တာပဲ လူပိန်ပိန် မွန်မွန်ရည်ရည် လူတစ်ယောက်ကတော့ တီဘီရောဂါ အကြောင်းကို ပြောရင်းက တစ်ယောက်ကဝင်ပြောတယ်။

“ဒီမိန်းမ တီဘီရောဂါနဲ့ သေတာပဲ ကံကောင်းတယ် ဆိုရ မယ်၊ နှလုံးရောဂါမပါတာပဲတော်သေး၊ တကယ်တည်းဗျာ လင် ပြဿနာ၊ ဆွေစု မျိုးစုကြီးရဲ့ ပြဿနာ၊ သားတွေရဲ့ နိုင်ငံရေး ပြဿနာ၊ သူ့အိမ်ပေါ်ရောက် လာသမျှ ပြေလည်နိုင်သမျှ ပြေလည် အောင် ကိုင်တွယ်တတ်တယ်ဗျာ။ တင်တင်ကြီး . . . တင်တင်ကြီး. . . အသေစောလေခြင်း၊ သူကယ်ခဲ့လို့ ခေါင်းမပြတ် ခဲ့ရတဲ့ လူစုကဖြင့် သူသေဆုံးတာကို စိတ်ထိခိုက်ဖို့ နေနေသာသာ သိမှသိကြရဲ့ လားမသိ။ တခြားအချိန်တွေထက် တင်တင်ကြီး အစွမ်းကို ကျုပ်

ဒီအချိန်မှာ အတော် လေးစားမိတယ်။ အဲဒီတုန်းက မြို့ပြအုပ်ချုပ်ရေး ကင်းမဲ့သွားချိန်လေးပေါ့။ ဒီစပ်ကူးမပကူးလေးမှာ ဝါးခယ်မ သခင် တစ်စု ကယ်ခဲ့ပေလို့ နို့မို့ရင်လား၊ ဦးဘဖေကြီးတို့ မောင်ဘလှတို့ မိသားစု ကိစ္စအချောပဲ”

ဒီစကားလုံးတွေကို ပြောနေတဲ့ လူကြီးကိုကျွန်တော်မသိဘူး ခင်ဗျ။ သူ့မျက်နှာကို မြင်ဖူးသလိုတော့ ရှိတယ်။ သူဟာ စကားပြော ချိန်မှာ အာပေါင်အာရင်း သန်သန်နဲ့ ချက်ကျလက်ကျ သိပ်ရှိတာပဲ။ ဝဝဖိုင့်ဖိုင့် ထောင်ထောင်မောင်းမောင်း မျက်နှာက ရွှင်ရွှင်ပျပျနဲ့ လူပျော်ကြီးပုံပဲ။

ကျွန်တော်ဟာ ကျွန်တော့အဘိုး ဦးဘဖေဆိုတဲ့ စကားလုံး ရယ်၊ ကျွန်တော်အဖေနာမည် ဦးဘလှဆိုတဲ့ အသံကြားတာနဲ့ သူတို့ စကားဝိုင်းကို ပိုမို စိတ်ဝင်စားလာတယ်။ စူးစူးစိုက်စိုက် နားထောင်နေမိတယ်။

အဲ့ဒီလူကြီးက ဆက်ပြောသည်။

“တခြားမြို့တွေမှာ အဲ့ဒီလို ရုတ်တရက် အင်္ဂလိပ်အုပ်ချုပ် ရေး အဖွဲ့က အဆုတ်၊ ဂျပန်အုပ်ချုပ်ရေး မလာခင်မှာ တောကြောင် တွေ ဓားပြတွေ အသတ်ခံရလို့တစမျိုး၊ ကျောင်းတော်က ရန်စ၊ နိုင်ငံရေး ရန်စတွေကြောင့် မြို့ပေါ်က ကြေးရတတ်တွေ စက်ပိုင်ရှင် တွေဟာ လက်နက်ကိုင် သခင်ပေါက်စ လူငယ်တချို့ရဲ့ ကလဲ့စား အခြေခံရတယ်၊ ကိုဘလှတို့ မိသားစုကသာ မသိတာ မောင်ရင်ရေ့၊ ဦးဘဖေကြီးကတော့ ကောင်းကောင်းသိ၊ သူတို့အပါအဝင် ဝါးခယ်မ သူဌေးတွေကိုဝါးခယ်မသခင်တစ်စုကယ်ခဲ့တယ်ဆိုတာကို၊ ဒါကြောင့်မို့ ဦးဘဖေကြီးဟာ သေသာသွားရော ဝါးခယ်မ သခင် အုပ်စုကို ကျေးဇူးတင်လို့ မဆုံးခဲ့ဘူး”

ကျွန်တော်တို့ရဲ့ ဘိုးအေ ဦးဘဖေကြီးဟာ ဂျပန်ခေတ်အတွင်း

http://www.cherrythitsar.org



ဆိုးသွားတယ်။ ဒီလူကြီး ဆက်လက်ပြောပြတဲ့ အကြောင်းတွေကို ကျွန်တော်ငယ်သေးလို့လည်း တစ်ကြောင်း၊ မနီးစပ်လို့လည်း တစ်ကြောင်း၊ ဘိုးဘိုးတို့ဆီက မသိခဲ့ဘူး။ သူ့စကားက စိတ်ဝင်စားစရာ ကောင်းလာတဲ့အပြင် ကျွန်တော့်ကိုလည်း အသိတရား ရစေပါတယ်။ ပြီးတော့ စကားမပြောခင် သီးချင်းတစ်ပုဒ်ကို ဆိုလိုက်တယ်။

နောင်ဥဒါန်းဘယ်မကြေစရာ × × × ကမ္ဘာတစ်ခါင်မှာတော့ ဗမာ အထင်အရှား၊ တို့ခေတ်တွင်မှ ညံ့ကြတော့မှာလား၊ တို့ဗမာ တို့ဗမာ မဟုတ်လေသလား+တို့ဗမာ+ဒါငါတို့ဗမာ×ရဲရဲဗမာပီပီ× ဗမာပြည်×တို့ဗမာဖို့ပါ . . .

သူဟာ အဲဒီ သီချင်းကို လက်သီး လက်မောင်းတန်းရင်း အားရပါးရ ဆိုပြလိုက်တာ သူ့ပါးစပ်ထဲက ကွမ်းတချို့တောင် အပြင် ထွက်စဉ်သွားတယ်။ ဘေးက လူတွေက ဝိုင်းရယ်တယ်။ ကျွန်တော် စိတ်ထဲ ဘာများဖြစ်သွားလဲ အောက်မေ့တယ်။ ပြီးမှ ဆက်ပြော ပြန်ရော။

“ဒီသီချင်းဟာ ဒို့ဗမာသီချင်း၊ ဒီသီချင်းကိုများ အခုဟစ်ဆိုလိုက်ရရင် နှစ်ပေါင်းသုံးဆယ်လောက် ငယ်သွားသလိုဘဲ၊အဲဒီအပိုဒ် ပြီးမှ ခု ကမ္ဘာမကြေ အမျိုးသားသီးချင်းကို ဆက်ဆိုရတာ၊ဆိုတဲ့အခါ တိုင်းလည်း ဗြိတိသျှ အစိုးရကို ရွှပ်ရွှပ်ချွံချွံ တိုက်ခဲ့တဲ့ ကိုယ့်ရဲဘော်ရဲဘက် ရောင်းရင်းသခင်တွေကို သတိရတယ်ဗျာ။ ကျုပ်ဟာ အင်္ဂလိပ် အစိုးရ မြို့ပြအုပ်ချုပ်ရေး သခင်အဖွဲ့ထဲမှာ ပါခဲ့တယ်။ သခင်တွေ အုပ်ချုပ်ရေး ဝင်ကိုင်ရချိန်မှာ ကျုပ်တို့ဆိုခဲ့တဲ့ သီချင်းကတော့။

အဆင်ပြေစွာ × သခင်တွေမှာ
ရန် ရန်ချင်း မတုံ့လျှင်းဘဲ
စိတ်ရင်းညီမျှစွာ × ခင်မင်စွာ × ကြင်နာစွာ
သတ္တဝါ ရင်ဝယ်သားလို

# ၅၂ ခင်နှင်းယု

တရားလမ်းကြောင်းနဲ့ နှိမ်နင်းမယ် ယုံပါ။

. . . ဆိုတဲ့ သီချင်းကို ဆိုကြတာပေါ့လေ။ ဒါပေမဲ့ ကျုပ်တော့ တို့ဗမာ သီချင်း ဟစ်ဆိုရသလို အရသာမတွေ့ အားမတွေ့ပါဘူးဗျာ၊ သီချင်းထဲ စိတ်ရောက်သွားတာနဲ့ ကျုပ်ပြောပြတဲ့ စကားကြောင်း ပြောင်းသွားတယ်၊ စင်စစ်တော့ တင်တင်ကြီး အဆုံးအမက သခင်တစ်စုကို လွှမ်းမိုးသွားတယ်၊ သူသာ မကယ်ရင် ကိုဘလှတိုပ မိသားစု ခေါင်းအပြုတ်ပဲ၊ သခင်ပေါက်စ လူငယ်လေးတွေမှာ သခင်သန်းတင်က အထက်မြက်ဆုံး အဆိုးဆုံးလို့ ဆိုရမယ်၊ သူ့ဘက်က ကြည့်တော့လည်း သူမှန်ပါတယ်။ ဒီလိုဗျ ကိုဘလှရဲ့ လက်ရှိဇနီးက ဒီရန်ကုန်က သစ်တောမင်းကြီး ဦးဘစမ်းရဲ့ သမီး မမြသွယ်၊ ကိုဘလှဟာ လက်ရှိမိန်းမ ဒေါ်မြသွယ်ကို လက်မထပ်ခင် မိန်းမတစ်ယောက် ရှိခဲ့တယ် . . . ”

ကျွန်တော်ဟာ ကျွန်တော်အဖေရဲ့ ကျွန်တော်မသိတဲ့နောက်ကြောင်းကို အစဖော်လာတော့ ပိုပြီး စိတ်ဝင်စားမိလာတယ်။

“အဲဒီ ပထမမိန်းမက သခင်သန်းတင်ရဲ့ အစ်မပဲ၊ သခင်သန်းတင်တို့ဟာ ထော်ကနွယ်ဘက်မှာ နေပေမင့် လယ်ပိုင်ချောင်းပိုင်၊ သူ့အဖေကြီးကလည်း ထော်ကနွတ်ရွာ မျက်နှာဖုံးပဲ၊ မော်တော်ထောင်တယ်၊ သမ္မန်လည်းခက်တယ်၊ သခင်သန်းတင် အစ်မ မနှင်းကြည်က မိန်းမချောလေးပဲ၊ သူက ဝါးခယ်မ အရှေ့ပိုင်းကျောင်းမှာ ဆရာမ၊ ကိုဘလှက လူငယ်ချင်း မေတ္တာမျှတာနဲ့ မနှင်းကြည်ကို လက်ထပ်ပြီး သူတို့အိမ်မှာ ထားခဲ့ရတယ်၊သူကတော့ ဝတ်လုံအတတ်ကို ဘိလပ်မှာ သွားသင်တယ်လေ၊ ဒီနေရာမှာ မနှင်းကြည်ခမျာ ဆရာမ ဆိုပေမင့် အဲဒီကိုဘလှ အမေ ဒေါ်ဇီဇာရဲ့ ဆေးလိပ်ခုံလည်း အုပ်ထိန်းရသေးတယ်၊ ဒေါ်ဇီဇာရဲ့ မီးဖိုချောင်ကိုလည်း တစ်ဖက်က ထိန်းရသေးတယ်၊ နာမည်ကိုက မဇီဇာဆိုတဲ့

http://www.cherrythitsar.org



အတိုင်း သိပ်ဇီဇာများတာပဲ၊ ရန်ကုန်မှာတော့ သူ့နာမည်က ဒေါ်ထားထားပေ့ါ၊ အခု ရွှေတောင်ကြားလမ်းမှာ သူတို့တိုက်တစ်လုံး ရှိတယ်။ သူ့လယ်တွေကို သိမ်းပြီးစ စပါးသွားခြင်ရင် ခါးမှာ ခြောက်လုံးပူးထိုးပြီး သန်းခေါင်ကျော် မီးထွန်းပြီးတော့ကို ယောက်ျား တွေနဲ့ တန်တူစပါးချင်တဲ့ မိန်းမဗျ၊ သူက သူ့မောင် ကိုဘလှ ယူလို့ သာ သဘောတူလိုက်ရတာ၊ သူ့မောင်ဟာ မနှင်းကြည်တို့လို မိန်းကလေးမျိုးနဲ့ တန်တယ်မထင်ဘူး။"

ဥည့်သည်ကြီးဟာ ရေနွေးကြမ်းကို တစ်ချက်မော့ပြီး ဆက်ပြောတယ်။

"ကိုဘလှလည်း လန်ဒန်ထွက်သွားရော မနှင်းကြည်ကို ပညာပြတော့တာပဲ တကယ်တော့ ကလေးမလေးဟာ သေသေ ဝပ်ဝပ်နဲ့ ကြန္ဒြေရှင်လေးပါ။ နောက်ဆုံးတော့ သူ့လုပ်ပုံက မနှင်းကြည် ဟာ ထွက်ပေါက်ကို မရတော့၊ နေမရအောင်ကို နှိမ်လွန်းလို့ အညာက ရှမ်းဖက်ပွဲစားလေးနဲ့ ထွက်ပြေးရတယ်၊ ရိုးရိုးထွက်ရခြင်း မဟုတ်ပဲ သူ့အစ်မဇာတ်လမ်းဟာ လင်ငယ်နေ ဇာတ်လမ်းဖြစ်ရခြင်း မှာ တစ်တရားခံဟာ ဒေါ်ဇီဇာပဲဆိုတာ သခင်သန်းတင်ကအသည်း စွဲထားတာ၊ ကျုပ်သာ စာရေးတတ်ရင် ဒီဇာတ်လမ်း ဝတ္ထုတစ်ပုဒ် ဖြစ်သေးတယ်။ ကိုဘလှ ပြန်လာတော့လည်း မဇီဇာက မနှင်းကြည် လင်ငယ်နောက်လိုက်သွားပြီအဖြစ်နဲ့ ဇာတ်လမ်းကို တစ်ခန်းရပ်ခိုင်း ပြီး ကိုဘလှကို သူတိုပ တစ်ဆွေလုံး တစ်မျိုးလုံးကြိုက် ခုသစ်တော မင်းကြီး ဦးဘစမ်းသမီး မမြသွယ်နဲ့ လက်ထပ်ပေးလိုက်တာပါပဲ၊ နောက်ပိုင်း နောက်ပိုင်း ဝါးခယ်မမှာ ကြီးပြင်းလာတဲ့ လူငယ်လေး တွေတောင် မနှင်းကြည်ရဲ့ ဇာတ်လမ်း အမှန်ကို မသိရှာကြဘူး။"

ဖေဖေနဲ့ ဆရာမ မနှင်းကြည်ရဲ့ ဇာတ်လမ်းလိုပဲ၊ ကျွန်တော် တို့ မွေးတို့ အတွတ်တို့ရဲ့ ဇာတ်လမ်းကိုလည်း ဝါးခယ်မမြို့မှာ

ဒဏ္ဍာရီတွေလို အကြောင်းသိတွေဟာ တီးတိုး ပုံပြင်လေးတွေကို ပြောရစ်ကြ မှာပဲနော်။ ဒီလူကြီးက ဆက်ပြောတယ်။

"တင်တင်ကြီးတို့အိမ်မှာပဲ တချို့သခင်ကြီးကြီးပိုင်းတွေ အရေးကြီးပြဿနာတွေ၊ နိုင်ငံရေးအကြောင်း၊ စည်းရုံးရေး အကြောင်းတွေ ရေနွေးကြမ်းဝိုင်းမှာ ထိုင်ရင်း ပြောလေ့ပြောထ ရှိကြတယ်၊ ဒီတုန်းက တင်တင်ကြီးပြောပြပုံက ကျူပ်ရင်ထဲတောင် တစ်မျိုးအရသာပဲ၊ သူက တခြားသခင်တွေကိုလည်း သူ့သားတွေကို ခေါ်သလို သားတို့ရေလို့ပဲ ခေါ်တတ်တယ်၊ တပ်မတော်သား ရဲဘော်တွေကိုလည်းသားတို့ရေပဲခေါ်တတ်တယ်သူကဘာပြောသလဲဆို တံစဉ်ဆိုတာ မြန်မာ တစ်ပြည်ထဲက လယ်သမားတင်

ကိုင်တာ မဟုတ်ပါဘူးကွယ့်တဲ့၊ တိုင်းပြည်တိုင်းက လယ်သမားတွေ ဟာ စက်မှုလယ်ယာမထွန်းကားချိန်မှာ ဒီတံစဉ်ကို ကိုင်ခဲ့ရတာပါတဲ့၊ ကမ္ဘာသူ ကမ္ဘာသားတွေ မျိုးရိက္ခာစပါး ကုံလုံကြွယ်ဝဖို့ အစား ပြဿနာ ပြေလည် ဖြေရှင်းအောင် သံခေတ် လယ်သမားတွေ လက်ထက်ကလတည်းက တံစဉ်ကို လက်စွဲခဲ့တာ၊ ဒီတံစဉ်နဲ့စပါးနှံကို ရိတ်ဖြတ်သိမ်းဆည်းပေးရတာပါတဲ့၊ လူတွေရဲ့ လည်းပင်းကို ဖြတ်ဖို့ လယ်သမားလက်မှာ တံစဉ်ကို အပ်ခဲ့ကြတာမှ မဟုတ်ဘဲတဲ့။

တူကလည်း ဒီလိုပါပဲ။ အလှည့်ကျမနွဲ့ရဘူး၊ တူဖြစ်ရင်လည်း ထုရမယ်။ ပေဖြင့်ရင်လည်း ခံရမယ်ဆိုပေမင့် တူဟာ အိုးအိမ်ကို ဆောက်လုပ်ဖို့ လူသားတွေခိုလှုံဖို့ တိုက်တာအဆောက်အအုံတွေ ဆောက်ဖို့ အလုပ်သမားတွေလက်ကို အပ်ခဲ့တာပါ။ တစ်ယောက်နဲ့ တစ်ယောက် မသင့်မြတ်ကြတိုင်း တူနဲ့ထုသတ်ဖို့ လက်စားချေဖို့ တူဘဝကို ရောက်လာတာမဟုတ်ဘူး၊ အလုပ်သမားတွေကိုလည်း စွဲကိုင်စေတာ မဟုတ်ဘူးတဲ့။ သခင်သန်းတင်ကို ကွပ်ကဲမနိုင်လို့ ကိုဘလှမိသားစု လည်းပင်းပြတ်ပွဲ ဖြစ်ခဲ့ရရင် ဝါးခယ်မ သခင်တစ်စုရဲ့

http://www.cherrythitsar.org



အမည်းစက် ဇာတ်လမ်းကြီးဟာ ဝါးခယ်မမြေပေါ်မှာ ထင်ရစ်မှာ။ ဒါကြောင့်မို့ အားလုံးမှာ တာဝန်ရှိပါတယ် လက်ကျဲထဲ၊ အုပ်ချုပ်ရေး မဲ့ချိန်မှာ ဝါးခယ်မက အုပ်ချုပ်ရေး တာဝန်ခံ သခင်တစ်စုဟာ ဝါးခယ်မမြို့ကို သွေးတစ်စက် မကျအောင် ကွပ်ကဲ ထိန်းအုပ်ခဲ့တယ်။ ဆိုတဲ့ ရာဇဝင်လှလှကိုပဲ ဒီမြို့ သက်တမ်းမှာ တွင်ရစ်ပါစေတဲ့. . ” ကဲဗျာ၊ ဘယ်လောက်စကားပြော တော်တဲ့မိန်းမလည်း၊ အစက သတ်ပါ့မယ် ပုတ်ပါ့မယ် ကဲကဲနဲ့ လက်သီး လက်မောင်းတန်းတဲ့ သခင်သန်းတင်တည်း ငိုင်ကျသွားတာပဲ၊ တဖြည်းဖြည်း စဉ်းစားပြီးမှ သခင်သန်းတင်လည်း ကတိတစ်ခုပေးတယ်၊ သူ့လက်ချက်နဲ့တော့ ကိုဘလှတို့ မိသားစု မသေစေရဘူးဆိုတဲ့ ကတိပါဘဲ. . . ဩော်. . . တင်တင်ကြီး တင်တင်ကြီး သူ့အိမ်ပေါ် ပြဿနာတစ်ခုခု ရောက်လာ ရင် ပြေပြေလည်လည်နဲ့ ငြိမ်သွားအောင် လုပ်နိုင်တဲ့ အမျိုးသမီးကြီး တစ်ယောက်ပါပဲ . . . ဆုံးရှာပြီနော်. . . ” သူက သူ့စကားကို ကြေကွဲစွာနဲ့ အဆုံးသတ်တယ်။

လူပိန်ပိန်တစ်ယောက်က ဘာပြန်ပြောသလဲဆိုရင်. . .

“အဲဒီတုန်းက ကျွန်တော်တို့ကလည်း ငယ်စိတ်နဲ့ဆိုတော့ သခင်သန်းတင်ကို ထောက်ခံမိတယ်။ ကျုံမငေး သခင်ဘဇင်ကြီးရဲ့ အပြုတ်ရှင်း ဝါဒကို သဘောကျမိကို။ သခင်ဘဇင်ကြီးရဲ့ အပြုတ်ရှင်း ဝါဒကတော့ မြေပိုင်ရှင်တွေ အာဏာရှိချိန်မှာ တန်ခိုးရှိချိန်မှာ တင်းတောင်းနှစ်မျိုးထားပြီး သူတို့ယူချိန်မှာ စံမကိုက်တင်းတောင်းသေးနဲ့ ချိန် လယ်သမားကို ဝမ်းစာပေးချိန်မှာစံမကိုက်တင်းတောင်းသေးနဲ့ ပေးတဲ့ လယ်ပိုင်ရှင်၊ စက်ပိုင်ရှင်တွေကို အဲဒီလို အုပ်ချုပ်ရေးမဲ့ချိန်မှာ သူ့လက်ထဲရှိတဲ့လက်နက်နဲ့အပြုတ်ကိုရှင်းတာဘဲဗျို့၊ငယ်သွေး ငယ်စိတ်နဲ့ဆိုတော့၊ အဲဒီကျုံမငေး သခင်ဘဇင်ကြီးရဲ့ အပြုတ်ရှင်း ဝါဒကို တယ်ကြိုက်၊သိပ်ကြိုက်ပေါ့။ ခုမှ သွေးအေးချိန် ပြန်တွေးမှ၊

http://www.cherrythitsar.org



ဩော်. . . ဝါးခယ်မ သခင်တစ်စု တော်ပါပေတယ်။ အမြော်အမြင် ကြီးတယ်၊ ဒါကြောင့် အင်္ဂလိပ်အစိုးရ လက်ထက်ကလည်း မြောင်းမြ ဟာ ဒီစကြိုတ်မြို့ပေမင့် ဝါးခယ်မလို နယ်ပိုင်ရုံးစိုက်တဲ့ မြို့မှာ မြောင်းမြစီရင်စု တို့ဗမာအစည်းအရုံးကို ဝါးခယ်မမြို့ပေါ်မှာ ထားရ တယ်။

ဘာသာရေး၊ သာသနာရေးမှာ ဆိုနိုင်ခက်ခဲတဲ့ လူငယ်တစ်စု မဟုတ်ပေဘူး၊ တက်ကြွတဲ့ သခင်လူငယ်ပိုင်းနဲ့ ဝါးခယ်မလူကြီးပိုင်း။ ဦးရှင်ကြီး ပသပွဲနဲ့ ပတ်သက်ပြီး ပဋိပက္ခဖြစ်ချိန်မှာ သခင် ကိုယ်တော်မှိုင်းကြီး ဝင်ရောက် ဖြန်ဖြေပေးတာကိုလည်းရှိရှိသေသေ လိုက်နာခဲ့ကြပေတယ်လို့ ခုမှပဲ ကိုယ့်အုပ်စု စွမ်းရည်ကို ကိုယ်ပိုပြီး ကြည်ညိုမိတယ်ဗျာ. . . ”

ကျွန်တော်မှာတော့ သူတို့အုပ်စုရဲ့ သူတို့မြို့ကလေးကို ဂုဏ်ရည်သွေး ပြောနေတာကို နားထောင်ရင်း ဝမ်းနည်းလာတယ်၊ ငိုချင်လာတယ်၊ ဖေဖေနဲ့ဆရာမ မနှင်းကြည် ပြဿနာအတွက် လည်း ကာယကံရှင်တွေကို တောင်းပန်ချင်စိတ် ပေါ်လာတယ်။ ကျွန်တော် ဝမ်းပန်းတနည်း နားထောင်နေရဆဲမှာ တစ်ယောက်က . . .

“ကျုပ်ကလေ၊ ကျုပ်က ကိုဘလှတို့မြေသွယ်တို့ကိုမရင်းနှီး ပါဘူး၊ မဇီဇာကိုတော့ လယ်သမားတွေ အပေး လုပ်ပုံထက် ဆေးလိပ်ခုံ သမားတွေအပေါ် ဆက်ဆံပုံကို နည်းနည်းမှ မကြိုက် ဘူး။ ဆေးလိပ် လိပ်သမတွေဟာ သူတို့ရေ သူတို့သောက်ရတယ်။ ရောဂါကူးစက်မှာမို့ အိုး သီးခြားပေးထားတယ်ဆိုလည်း ထားဗျာ၊ မတော်တဆ သူတို့ ရေအိုးထဲကရေ ခပ်သောက်မိရင် တစ်ခါတည်း သွန်ပစ်တယ်။ ဒါတော့ လူလူချင်းစော်ကားတာ။ မနှင်းကြည်နဲ့ အတူ သူ့တူမ ကြူကြူသင်းကို အလုပ်သမားတွေ အုပ်ချုပ်ဖို့ထားတော့

http://www.cherrythitsar.org



လည်း၊ ကြူကြူသင်း၀တ်တဲ့ အစနဲ့တူတဲ့ ထမီ၊ အင်္ကျီဆင်တူဆိုတာ ဆေးလိပ်ခုံသမတွေ လုံး၀ မ၀တ်ရဘူး၊ ဒါဟာ အလုပ်ခွင်ပြဿနာမှ မဟုတ်ဘဲဗျာ . . . ”

“ကဲလေ. . တော်ကြပါတော့၊ ပြောကြတာက ပြဿနာများကို အေးချမ်းစွာ ဖြေရှင်းတတ်တဲ့ ဒေါ်တင်တင်ကြီး အကြောင်း ပြောရင်း ပြောရင်း စကားကြောင်းက အနာဟောင်းကို ပြန်ဆွပြီး အာဃာတပွားစေတဲ့ အကြောင်း ဖြစ်နေတယ်၊ ရပ်လိုက် ကြပါတော့ ဗျာ . . . ” တဲ့။

သူတို့စကားဝိုင်းဟာ အတွတ်အမေ ဒေါ်သောင်းစိန်လည်း ပြန်ရောက်လာတာနဲ့ စကားကြောင်းပြောင်းသွားပြီး လူစု ကွဲသွားကြ တယ်။

ကျွန်တော်လည်း ဒေါ်ဒေါ် ဒေါ်သောင်းစိန်နဲ့ ကိစ္စရှိတာ ပြောဆို ပြန်လာခဲ့တယ်။

အဲဒီညမှာ ကျွန်တော် အိပ်လို့မပျော်ခဲ့ဘူး။ အကြိတ်အခဲ ကျွန်တော့်ရင်ထဲမှာ တစ်ခါက ဖြစ်ခဲ့ရတဲ့ မွေးရဲ့ မေမေအပေါ်လည်း ကျွန်တော်ခွင့်လွှတ် ကျေနပ်ခဲ့တဲ့ စိတ်နဲ့ နောင်တရမိတယ်။

ယောက္ခမကြီးအဖြစ် မတော်လိုက်ရတဲ့အတွက် ကျွန်တော် ကံဆိုခြင်း တစ်ကွက်ပေါ့လေ။ ကျွန်တော် မွေးမေမေအပေါ် မကျေနပ်ခဲ့တာလေးလည်း ရှင်းပြပါရစေဦး။ တပိုင်းစီ ရှင်းမှ ပြဿနာက ပြေလည်မှာမို့ပါ။

ကျွန်တော်နဲ့မွေးဟာ စတွေ့ပြီး အပြေအလည် ဖြစ်မလိုလိုနဲ့ မပြေလည်ခဲ့ရတာတော၊ အဖြစ်တွေ အများကြီးပဲ၊ ကျွန်တော်ရဲ့ နောက်ပိုင်းစာတွေ သူ့မေမေ မိသွားချိန်မှာ သူ့မေမေက ကျွန်တော့် အပေါ် အထင်သေးရက်လေခြင်းလို့ ကျွန်တော် စိတ်ဆိုးမိတဲ့ အချိန် ပါပဲ။ မွေးကလေ ကျွန်တော့်အပေါ် သူ့မေမေရဲ့ ထင်မြင်ချက်ကို

http://www.cherrythitsar.org



ညတစ်ညမှာ ကျွန်တော့်ကို ပြောပြတယ်။

"မေမေကလေ၊ မျက်ရည်တွေ ဖြိုင်ဖြိုင်ကျလို့ မွေးမျက်စိရှေ့မှာ မေမေတစ်ခါမှ ဒီလိုမငိုဘူး မောင်ရယ်၊ သူချစ်တဲ့သားတွေ နိုင်ငံရေး အပြစ်ဒဏ်ကြောင့် ထောင်ကျတုန်းကလည်း သူဒီလိုမငိုဘူး။ တိုက်ပွဲမှာ ကျသွားတော့လည်း ဒီလိုမငိုဘူး၊ သူ့စိတ်ကို ကြံ့ကြံ့ခံ တင်ထားတယ်။ မွေးနဲ့မောင် ချစ်နေပြီဆိုတာကို အခိုင်မာ သိရတဲ့ အဲဒီနေ့မှာ လှိုက်လှိုက်လှဲလှဲ ငိုတော့ မွေးကျူးလွန်တဲ့ ပြစ်မှုဟာ သိပ်ကြီးနေလို့ပေါ့"

"အပြစ်-ဟုတ်လား. . .၊ မွေးမောင့်ကို ချစ်တာ အပြစ်"

ကျွန်တော်လေ၊ ဒီနေရာမှာ ဒေါသထွက်သွားမိတယ်၊ မွေးကို မဟုတ်ပါဘူး၊ မွေးရဲ့မေမေကို။

"မောင် ဒေါသမဖြစ်နဲ့လေ၊ မွေးပြောတာတွေကို ဆက်နားထောင်ဦးလေ"

သူဟာ ကျွန်တော် ပခုံးကိုပုတ်ပြီး သတိပေးသလိုပြောလိုက်မှ သူ့စကားကို ကျွန်တော် အေးအေးဆေးဆေး ဆက် နားထောင်မိတယ်။ ကျွန်တော်သိချင်တဲ့ မေးခွန်းကိုလည်း ဆက်မေးမိတယ်။

"ပထမဆုံး မောင်စာတွေ စ စပေးပြီးတော့ မောင့်စာတွေကို မွေးရဲ့ မေမေကို တင်ပြခဲ့တယ်ဆို၊ ဒီတော့ မွေးရဲ့ မေမေကို အသိပေးပြီးမှ မောင့်ကို ချစ်တယ်လိုပ မောင်ယူဆတယ်၊ ခုမှ ဘယ်လိုဖြစ်တာလဲ

"ဒီလိုပါမောင်၊ မေ့မေ့ဘက်ကလည်း မှန်ပါတယ်၊ မောင့်ဘက်ကလည်း မှန်ပါတယ်၊ ပထမဆုံး စာတွေတင်ပြစဉ်က မေမေ့ကို တိုင်ပင်ရုံ အကြံဉာဏ်ရယူရုံသဘောပဲ၊ မွေးကလည်း ပြန်စာထဲမှာ မွေးချစ်တဲ့သူနဲ့ လက်ထပ်တဲ့သူဟာ တစ်ယောက်တည်းပဲ ဖြစ်စေချင်တယ်လို့ မွေးရေးပြခဲ့တာ မောင်သတိရသေးလား"

http://www.cherrythitsar.org



ကျွန်တော် ခေါင်းညိတ်ပြလိုက်တယ်။

"မေမေ့စိတ်ထဲမှာလည်း မောင့်စာတွေဖတ်ပြီး ဆွေးနွေးရို အကြံပေးရုံ သဘောပဲ ပြောပြခဲ့တာတဲ့၊ ဘယ်နည်းနဲ့မှ မောင်တို့ အသိုင်းအဝိုင်းမှာ မွှေးဟာ အံဝင်ခွင်ကျ ဖြစ်မှာ မဟုတ်လို့ သမီးရဲ့ အိမ်ထောင်ရေးဟာ မြလည်း စိတ်ဆင်းရဲမှာပဲ၊ မေမေဟာ သမီးစိတ်ကို နားအလည်ဆုံး မိခင်ပါ။ သမီးစိတ်ကို နားလည်းသလို၊ သတို့ မိသားစု အသိုင်းအဝိုင်း ပတ်ဝန်းကျင်ကို သမီးသိတာထက် မေမေ ပိုသိတာပေါ့၊ သမီးလေးငယ်သေးတယ်၊ သမီးမသိတာတွေ အများကြီး ရှိသေးတယ်၊ ပြီးတော့ . . . ပြီးတော့. . . သမီးဟာလေ မေမေ့အပေါ် သစ္စာရှိသလိုလိုနဲ့ သမီးဟာ မေမေ့ကို ညာတယ်၊ ဒီသူငယ်ကို ပြန်ချစ်တဲ့ အချိန်မှာ မေမေ့ကို မသိမပေးဘူး၊ မေမေ စာကို မိပေလို့ပေါ့ဆိုပြီး မေမေက ရှိုက်ကြီးတငင် ငိုတယ် မောင်ရယ်။"

မွှေးဟာ သူ့မေမေပြောစကားကို ပြန်ပြောပြီး. . .

"မွှေး . . . မွှေးဟာ မေမေ့ကိုညာ၊ မေမေက သဘောမတူနိုင်ဘူးဆိုတဲ့ မောင့်ကို ချစ်မိပါပကော"

. . . ဆိုပြီး ကျွန်တော် ပခုံးပေါ်မှာ သူ့မျက်နှာလေးအပ်ပြီး ချုံးချပြီးငိုတော့တယ်။ ဒီတုန်းက အင်မတန်အေးမြတဲ့ ဆောင်းညလယ်ရဲ့ သန်းခေါင်ယံလေတွေရော၊ ငွေနှင်းမှုန်စက်တွေ ရောဟာ ငယ်ရွယ်သူ ကျွန်တော်တို့ နှစ်ယောက်ရဲ့ နှလုံးသားအပူမီးကို မငြိမ်းသတ်နိုင်ခဲ့ဘူး။ ကျွန်တော်ဟာ တကယ့် ကရုဏာမေတ္တာနဲ့ပဲ မွှေးကို တင်းတင်း ကျပ်ကျပ် ဖက်ပြီး နှစ်သိမ့်စေခဲ့ပေမင့် ရင်ထဲမှာ တော့ သူ့မေမေကို မကျေနပ်နိုင်ခဲ့ဘူး။

ကျွန်တော်ရေးတာ ဒေါ်ခင်နှင်းယုရဲ့ ရေးပြီး ဝတ္ထုထဲမှာ မပါသေးတဲ့၊ ကျွန်တော်တို့ နှစ်ဦးသာ သိတဲ့ အချက်အလက်အချို့ကို

http://www.cherrythitsar.org



သာ ကောက်နှုတ်ချက် ရွေးချယ်တင်ပြထာမို့အဆက်အစပ်မရှိသလို ဖြစ်ကောင်းဖြစ်မယ်။

သူ့မေမေကို မကျေနပ်နယ်လို့ပဲ ဆိုရမယ်။ ခံပြင်းစိတ် ကျွန်တော့်မှာ ဖြစ်သွားတယ်လေ။ ကျွန်တော့်လိုကောင်ကို ဘာလို့ သူ့သမီးနဲ့ သဘောမတူရမှာလဲ။ သူ့သားတွေလို နိုင်ငံတော်အတွက် စစ်မှုထမ်းဖို့ နိုင်ငံရေး အစည်းအရုံးတွေမှာ ဝင်ရောက်လှုပ်ရှားဖို့က ကျွန်တော်တို့ အသိုင်းအဝိုင်းနဲ့ နီးမှမနီးစပ်ပဲ။ ဒီလို မနီးစပ်လို့ ပါဝင်လှုပ်ရှားခြင်းမရှိတာ တစ်ခုတည်းကို ထောက်ပြပြီး အမျိုးမချစ်ဘူး အများအကျိုးအတွက် ကိုယ်ကျိုးကို စွန့်လွှတ်ရဲတဲ့ သတ္တိမရှိဘူးလို့ ငါ့ကို အထင်သေးတယ်။ သူ့သမီးနဲ့ လက်ထပ်ဖို့ တားမြစ်တာ အဘွားကြီး မတရားဘူးလို့ ဒီတုန်းက မဖောက်ပြန်သေးသော မောင်တင်အောင်ထွန်းလေး ဥမ္မပေါက်စ ငယ်နုသွေးဟာ မွှေးရဲ့ မေမေအပေါ် နာကြည်းခဲ့မိတယ်။

ဝါးခယ်မ မြို့တွင်မက မြန်မာ့ လူမှုစနစ်မှာ စစ်မဖြစ်ခင် အိမ်ထောင်ရေးပေါ် သဘောထားမှာ အုပ်ထိန်းသူတွေရဲ့ သဘောထားကို ဒေါ်ခင်နှင်းယု သိပြီးသားပါ။ တချို့ကလည်း သားသမီးကို လက်ထပ်ရေးမှာ လွတ်လပ်စွာ ရွေးချယ်ပိုင် ခွင့်ပေးခဲ့တယ်။

တချို့ ငွေရှင်ကြေးရှင်တွေကတော့ အိုင်စီအက်စ်၊ ဘီစီအက်စ်၊ ဘီလပ်ပြန် ဝတ်လုံတော်ရတို့၊ အင်ဂျင်နီယာတို့ ဆရာဝန်တို့ အမြီး ရှည်ရှည်သလောက်၊ ငွေနဲ့ စိန်နဲ့ စက်ဝယ်ချိန်ပဲမို့လား။ သူတို့ရဲ့ သမီးတွေမှာသာ နောက်ပိုင်းကျတော့ ပွဲတက်မယားသာ ဖြစ်ခဲ့တယ်။ တစ်နည်း ဘန်ကောက်လုံချည်ပေါ့ဗျာ။ ဘန်ကောက်လုံချည်တို့ ချိတ်ပုဆိုးတို့ဆိုတာ မင်္ဂလာပွဲ ပွဲနေပွဲထိုင်မှာ တင့်တယ်ရုံသာ ထုတ်ဝတ်ပြီး ကျန်ရက်ပေါင်းများစွာမှာ ကျွန်မသား ဗီရိုအမှောင်

http://www.cherrythitsar.org



အခန်းအတွင်း အလျှောင်ခံနေရတဲ့ ဘဝပေပဲ။

သူကောင်းသား လူလည်တွေကလည်း ငွေနဲ့ စိန်နဲ့ အသိမ်း အပိုက်ခံပေမင့် ယောက္ခမကြီးများ စိတ်ကျေနပ်အောင် ချိတ်ပုဆိုး ဇနီးကို ခဏသာ ပွဲထုတ်ပြီး နေ့စဉ်တော့ ကိုယ်ကြိုက်တဲ့ လုံချည်ကို ထည်လဲ ဝတ်ပြီးနွှဲခဲ့ကြတယ်လေ။ ဟဲ. . . ဟဲ၊ သူ့တွက်ကိန်း ကိုယ့်တွက်ကိန်းနဲ့ နှစ်ဦးနှစ်ဖက် အမြတ်ထုတ်လိုက်ကြတာ တွက်သွားကိုက်လို့။

ကျွန်တော်တို့ခေတ်မှာ ဒီအရှိန်ဟာ မကုန်သေးလေတော့ ကျွန်တော်တို့လို လူဆိုတာ ပညာမပြည့်စုံ။ စစ်မပြီးသေးလို့ တက္ကသိုလ် ဆက်ပညာမသင်ရသေး၊ နိုင်ငံခြားဒီဂရီတွေ မရသေး ပေမင့်၊ ဘိလပ်ပြန် ဝတ်လုံတော်ရကြီး ဦးဘလှရဲ့တစ်ဦးတည်းသော သားဆိုတဲ့အရှိန်။ ဝါးခယ်မ အရှေ့ပိုင်းမှာဖြင့် မြေပိုင်ရှင် ဆေးလိပ်ခုံ ပိုင်ရှင် သူဌေးမကြီး ဒေါ်ဇီဇာ (ခေါ်) ဒေါ်ထားထားဆိုတဲ့ အရှိန်နဲ့ ချစ်သူဝိုင်းဝိုင်းလည်နေတဲ့ အချိန်ပါဗျာ။ စစ်ပြီးလို့ရန်ကုန်ရောက်ရင် လည်း၊ သမီးရှင်များ၊ မျက်စီကျသည်းခြေကြိုက်၊ သမက်ဖမ်းဖို့ ကျောက်မျက် ရတနာချယ်ထားတဲ့ ပိုက်ကွန်ကို အိမ်လာပြရတဲ့ ကျွန်တော်လိုကောင်ကို မွှေးရဲ့ မေမေဟာ သူ့သမီးနဲ့ သဘောမတူ နိုင်လို့ ချုံးပွဲချ ငိုတယ်ဆိုတာ ကျွန်တော့်ရင်ထဲ ခုရုံမက ကျွန်တော့် သိက္ခာကို စော်ကားတယ်လို့ ထင်မှတ်မှားမိတယ်။

ကျွန်တော်နဲ့မွှေးဟာ . . .
ချိန်းတဲ့ညကျမှာ ××× ရွှေလမောင်သူတွင်ကျယ် ×
ကမ္ဘာမြေ၊ တစ်ခုလုံး × မြူမဖုံး တိမ်မကွယ်
ထက်ကောင်းကင်အလယ် ××× ထိန်ထိန်သာတော့တယ်
× အံတကြိတ်ကြိတ် ထိတ်များထိတ်ပါတယ်။
အဲဒီလို မြို့မငြိမ်းရဲ့ နှစ်ယောက်ထဲ နေချင်တယ် သီချင်း

http://www.cherrythitsar.org

# ၆၂ ခင်နှင်းယု

ထဲကလို အံ့တကြိတ်ကြိတ် ဇာတ်လမ်းထဲက လသာသော ညများမှာ သူများချစ်သူတွေလို မခင်းမိပါဘူး။ ချစ်ဖို့လွယ်သလောက် လက်ထပ်ရေးဟာ မလွယ်ပါလားဆိုတာကို လက်တွေ့သိရတာပဲ။

အဲဒီတစ်ချိန်မှာ မွေးမေမေကို ကျွန်တော်မကျေနပ်ခဲ့ဘူး။ ဒုတိယ တစ်ချိန်ဟာဖြင့် ကျွန်တော်တို့နှစ်ဦးရဲ့ကြားမှာ ပြဿနာလေးတွေရှိသလို တိုင်းပြည်မှာလည်း ပဋိပက္ခ စ, လာတဲ့အချိန်လို့ ဆိုရမယ်။ ဒေါ်ခင်နှင်းယုကတော့ စာဖတ်ရင်း ထင်မယ်၊ အမလေးကို ရွှေထွန်းရယ်ကြီးကျယ် လှချည့်လား၊ ရှင်တို့နှစ်ဦးရဲ့ ပြဿနာဟာ တိုင်းပြည်အခြေအနေနဲ့ ဆက်သွယ်နေတယ်လို့ ပြောမယ်။ ကြီးကျယ်တာလည်း မဟုတ်ပါဘူး။ ဘုရင့်သားတော်သမီးတော်များလည်း မဟုတ်ပါဘူး။ တောင်ငူမြို့စားနဲ့ အင်းဝဘုရင့်သမီးတော်တို့ မပြေလည်ကြလို့ အင်းဝနဲ့ ဟံသာဝတီ စစ်ဖြစ်ရတဲ့ အခြေမျိုးတော့လည်း ဟုတ်ပါဘူး။ ဒါပေမင့် "အတွက်ရေ" ဝတ္ထုထဲမှာ ဒေါ်ခင်နှင်းယု ရေးပြသလိုပဲ၊ မင်းသမီးလေး၊ လက်အပ်စူးတာနဲ့ တိုင်းပြည် တစ်ပြည်လုံး အိပ်ပျော်သွားကြရတယ်။

ကာလဒေဝီလရသေ့နဲ့ နာရဒရသေ့နှစ်ပါး ပြဿနာ မပြေလည်လို့ တစ်တိုင်းပြည်လုံးမှောင်အတိကျ၊ အလုပ်လုပ်လို့ မဖြစ်ခဲ့ဘူးလို့ ကျွန်တော် ဒေါ်ခင်နှင်းယုရဲ့ ထိပ်စုဖုရား မဖျိုင်းဝတ္ထုထဲမှာ ဖတ်ခဲ့ဖူးပါတယ်။

နှစ်ယောက်တည်းပြဿနာဟာလည်း တိုင်းပြည်နဲ့ ဆက်သွယ်နေပါတယ်။ တိုင်းပြည်ရဲ့ ပြဿနာဟာလည်း နှစ်ယောက်တည်းကို အရှိန်ဟပ် ဂယက်ရိုက်စေတယ်လို့ ကျွန်တော် ဆိုလိုရင်းပါ။

ဒေါ်ခင်နှင်းယုသိပြီးအတိုင်း၊ မွေးရန်ကုန်ရောက်လာတော့၊ ကျွန်တော့်စာတွေကို အတွက်က မွေးဆီကိုသယ်သွားရတဲ့အချိန်ပေါ့၊ ကျွန်တော်ဟာ တစ်ဖက်သောခြေကို အေမီရဲ့ မြေထဲမှာ စတင်ချချိန်

http://www.cherrythitsar.org



တစ်ဖက်သော ခြေကဖြင့် မွေးအပါးကခွာရန် ရုပ်သိမ်းဖို့ပြင်စအချိန် လို့ဆို့ရမယ်။ အတွတ်က ကျွန်တော်လုပ်ပုံ၊ မငြိမ်တာကို တစ်နေ့တော့ ပွင့်ပွင့်လင်းလင်း သတိပေးတယ်။

တခြားကျောင်းသားတွေတော့ အိပ်ပျော်ကြပြီ၊ စစ်ကိုင်း ဆောင် ဝရန်တာမှာ ကျွန်တော်တို့ နှစ်ယောက်တည်း စကားပြော နေကြတယ်၊ အတွတ်က ပြောပြတယ်။

“မင်းကလည်း မွေးကို အထင်သေးလာပြီပေါ့၊ မွေးတို့ဟာ လုပ်မှ ကိုင်မှ စားရတဲ့အဖြစ်၊ အေမီလို မချမ်းသာဘူး၊ အေမီလို မလှဘူးလို့ မင်းမွေးကို အရေးပေး မဆက်ဆံတော့ဘူးပေါ့၊ ဖရက် ဟုတ်လား၊ အေမီကိုတော့ မင့်အဖေ၊ ကားသစ်ကြီးနဲ့ ခေါ်ထုတ်သွား တယ်၊ မွေးကို တော့ ဘတ်စကားနဲ့ ဘယ်လိုက်ခဲ့ပါ။ ညာလိုက်ခဲ့ပါနဲ့၊ မွေးဟာ အစုတ်ပလုတ် မင်းထင်သလိုမဟုတ်ဘူးဆိုတာ ဖရက် ဝါးခယ်မမှာ နေတုန်းက သူတို့ရဲ့ အခြေအနေကို သိတယ်မို့လား။ ကံအကြောင်း မသင့်လို့ ခုလိုနိမ့်ကျသွားချိန်မှာ မင်းခွာရက်တယ် ဖရက်ရယ်”

အတွတ်နဲ့ ကျွန်တော်ဟာ ညီအစ်ကိုရင်းလို ချစ်လာတဲ့ သူတွေဆိုတော့ ကျွန်တော့်အဖြစ်ကို ပွင့်ပွင့်လင်းလင်းပဲ သူပြော လာတယ်။

ကျွန်တော်ကလည်း ကျွန်တော်ပါပဲ၊ မွေးကို ဘတ်စကားနဲ့ ချိန်း၊ ရုပ်ရှင်ကြည့်ရအောင် ခေါ်တဲ့အခါ၊ ရုပ်ရှင်ကြည့်ဖို့ ပိုက်ဆံက အစ၊ မွေးကိုပဲ အကုန်ခံခိုင်းမိတယ်။ မွေးက ကျွန်တော်နဲ့အတူ ရုပ်ရှင်လည်း မကြည့်ပါဘူး။ တစ်ခါပဲ ဘတ်စကားနဲ့ လိုက်လာပြီး စကားတစ်ခွန်း နှစ်ခွန်းပြောတာလွဲလို့ သူကျွန်တော်ခေါ်ရာကို ဘယ်တော့မှ မလိုက်တော့ဘူး။ ကျွန်တော်ဆက်ဆံပုံဟာ သူ့အပေါ် နှိမ်ပြီး အေမီကို အရေးပေး လေးစားလာခဲ့ပြီကို ရိပ်မိသွားပြီခင်ဗျ။

ဒီအကြောင်းမွေးရဲ့ ရင်ထဲမှာ ခုနေသမျှ လန်ဒန်မှာ ကျွန်တော် ရောက်နေချိန်၊ သူလှမ်း စာရေးတော့မှ ပေါ်လာတယ်။

ဒီစာအကြောင်း ကျွန်တော် ဆက်လက်ဖော်ပြပါ့မယ်။ခုတော့ အတွတ်နဲ့ကျွန်တော် ဆွေးနွေးခဲ့တာကိုပဲ ရေးပြပါရစေဦး။

အတွတ်ပြောသမျှကို ကျွန်တော် ငြိမ်ငြိမ်သက်သက် နားထောင်နေမိပါတယ်။ ပါးစပ်ကသာ မလှလို့ မချမ်းသာလို့ မဟုတ်ပါဘူးကွာလို့သာ ပြောရတယ်၊ ဒါဖြင့်ရင် ဘာကြောင့် မွေးကို ပစ်ခွာသွားသလဲ ဆိုတဲ့အမေးကျတော့လည်း ကျွန်တော် မဖြေနိုင် ဘူး။ အဲဒီအချိန်မှာ အတွတ်က ဆက်ပြောတယ်။

"မွေးဟာ သောက်တော့ ရေအိုးစင်၊ စားတော့ ထမင်းဆိုင် ဆိုသလို ပလက်ဖောင်းပေါ်မှာ လွယ်အိတ်တစ်လုံးနဲ့ သူ့ခမျာ ပြေးလွှား နေရပေမင့် ဖရက်ထင်သလို အထိန်အကွပ်မဲ့ ကလေ ကချေမဟုတ်ဘူး။ သူ့အမေရယ်၊ သူ့ဦးလေးတွေရယ်၊ အစောင့် အကြပ်တွေကြားက မင်းကို သူချစ်နေရတာ"

"ဘာပြောတယ်အတွတ်၊ ကိုယ်နားမလည်ဘူး"

"အေး. . . နားမလည်ရင် သေသေချာချာနားထောင်၊ သူ့မေမေအကြောင်းတော့ မင်းသိပြီးပြီ၊ သူ့မေမေက မွေးကိုမလွှဲသာ လို့ ရန်ကုန်လွှတ်ရပေမယ့်လို့ ဗြူရိုကရက်မိသားစု၊အသိုင်းအဝိုင်း ထဲမှာ သူ့သမီး မရောက်စေရဘူးဆိုတာ အမြဲလည်း သူ့သမီးကို သတိပေးတယ်။ အဘွားကြီးက သူ့မောင်ဝမ်းကွဲတွေကို မွေးခြေလှမ်း ကို အမြဲကြည့်ဖို့ အထောက်တွေချထားတယ် သိရဲ့လား။ မွေးရဲ့ ဦးလေးတွေကလည်း ကိုကိုနောက်တို့လို နိုင်ငံရေးသမားတွေပဲ မင်းသိတယ်မို့လား။

"အေး"

"အခု ဖဆပလမှာလည်း နိုင်ငံရေး ပဋိပက္ခဖြစ်လာတော့၊

http://www.cherrythitsar.org



ကွန်မြူစ်ပါတီ ပြဿနာ ပေါ်လာတယ်၊ မွေးဟာ သူ့အလုပ်လုပ်တဲ့ သတင်းစုံ ဂျာနယ်မှာလုပ်ရင်း သူ့ကိုချစ်တဲ့ စာပေသမားတွေရှိတယ် မောင်ရင်ရေ့၊ မင်းက အေမီတို့လို လှမှ ဂုဏ်ရှိမှ ငွေရှိမှ ချစ်သူ ဝိုင်းဝိုင်းလည်နေတယ်၊ မထင်ပါနဲ့၊ မွေးကို တစ်ဖက်သက် ချစ်နေကြတဲ့ စာပေသမား၊ နိုင်ငံရေးသမား၊ သူ့အစ်ကိုတွေ့ရဲ့ ရဲဘော်ဟောင်းတွေ ပြည့်လို့။ မွေးရဲ့ ရင့်ကျက်တဲ့ ဣန္ဒြေအကာအကွယ်ကို မထိုးဖောက်ရဲ့ လို့သိလား။ သူ့ဦးလေးက မွေးဟာ ၁၈နှစ်ကျော်ခဲ့ပြီမို့ သူ့လက်ထပ် ရေးကို လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့် ပေးသင့်တယ်လို့ အဘွားကြီးကို ကြီးကြီးတင်ကို သူပြောပေမင့်၊ သူရဲဘော်ဟောင်း ဖြစ်တဲ့ ကွန်မြူနစ် ပါတီဝင် သူငယ်ချင်းတွေ၊ မွေးရဲ့ အလုပ်ဆင်းတဲ့ ဂျာနယ်တိုက်မှာ မွေးကို လာတွေ့ ဆက်ဆံကြရင် သူကလည်း ကွန်မြူနစ်ကို ချစ်ရင်ဖြင့် သူ့တူမ ရုပ်ကြမ်းဝါဒသမားတွေ အလယ် ရောက်သွားပြီး၊ ဗုဒ္ဓဘာသာကို မကိုးကွယ်တော့ပါဘူးဆိုပြီး၊ တကတည်းမှပဲ၊ ထိန်းချုပ်ရတာ တရားဟောရတာ အမော . . . မွေးမှာလေ အဲဒီအခက်အခဲတွေ ပြဿနာတွေကြားက မင်းကို သူချစ်နေရှာတာပါ ဖရက်၊ ခုလည်း မင်းစာတွေ မရတာကြာပြီ၊ ပြတ်ပြတ်သားသား မင်းစိတ်ကို သိချင်တယ်တဲ့ . . . မွေးက ပြောလိုက်တယ်”

အတွတ်က အဲ့ဒီစကားပြောပြီး သူ့အခန်းကို ထသွားတယ်။ ကျွန်တော်နဲ့မွေးမှာ ရိုမီရိုနဲ့ဂျူးလီယက် မဟုတ်ပေမယ့်လို့ အမေက မြူရိုကရက်ကို မချစ်ရဘူး၊ ဦးလေးတွေက ကွန်မြူနစ်ကို မချစ်ရဘူးနဲ့ မွေး စိတ်ဆင်းရဲ သောကရောက်လိုက်ရတာနော်။ အဲဒီအတွေးက ခုမှ တွေးမိတာပါ။ မွေးအပေါ် ကရုဏာသက်ရောက်သော အတွေးက ၄၀ကျော်မှ ပေါ်လာတာ စစ်ကိုင်းဆောင်ပေါ်က ဝရန်တာမှာ အတွေးကတော့ သူတို့သမီး သူတို့တူမကို အဖြစ်သည်းလိုက်တာ၊

http://www.cherrythitsar.org



ဒီကောင်က အေမီတို့လို အလှ္ဟာတွေထဲက မိန်းကလေးတွေကို ခေါင်းခေါက် ရွေးနိုင်တဲ့အကောင်ဆိုပြီး၊ တွေးရင်းတွေးရင်း ဒေါသပြီး အတွတ် အခန်းကို ပြေးဝင်မိတယ်။ အတွတ်လည်း ကျွန်တော် လှုပ်ရှားမှုကို ကြည့်ပြီး အံ့အားသင့်နေပုံရတယ်။

“ဒီမှာ အတွတ် ကိုယ့်လိုအကောင်ကို သူ့အမေ သူ့ဦးလေး တွေက သဘောမတူနိုင်ရအောင် ငါက ကလေကချေ ကလေကဝ သားသမီးလားကွ၊ နက်ဖြန်သန်ဘက်ဆို အင်ဂျင်နီယာဘွဲ့ကို နိုင်ငံခြားသွားယူမယ့် သူ။ အေမီလို ကျောက်စိမ်းတွင်းပိုင်ရှင်သမီး၊ ဝန်ထောက်၊ အရေးပိုင် အရာရှိ ကျောက်စိမ်းတွင်းသူဌေး၊ စက်သူဌေး ရဲ့ သမီးတွေ၊ သမီးတွေ ငါ့ကိုလိုချင်လို့ အိမ်ပေါ်မှာ ရွှေကလပ်နဲ့ လာဆက်ရတဲ့သူပါ။ ဟော့. . . ဦးပုညပြော ပြောရရင် ဗျာဆံဝိုက် ဗျာဆံခါအပျိုတွေ လာလွန်းလို့ ဆရာတော်ကျောင်းပေါ်က ကြိမ်ဆော်၍ချရသေးသည်. . . ဆိုရလောက်အောင် ငါတို့အဆင့် ရှိပါတယ် အတွတ်”

“ဟာ-ဟာ-ဟ”

အတွတ်က သရော်ရယ် ရယ်လိုက်တယ်ခင်ဗျာ။

“ဟုတ်ပါတယ်၊ ဖရက်ရယ်၊ မင်းဘာသာကြိမ်ဆော်ပြီချချ၊ ဘာနဲ့ဘဲ ကန်ချချ၊ အဲဟို-မင်းပြောတဲ့ သူဌေးကြီးအရာရှိကြီး၊ ကြီးလေးကြီး အရှင်မျိုးစုံတွေက ရွှေကိုယ်တော်လေး၊ ငွေကိုယ်တော် လေးနဲ့ သူ့သမီးများကို စက်ပြီး၊ ဆက်သဆက်သ၊ ဝါးခယ်မသူ၊ ငါတို့ရဲ့ မွေးဟာ မင်းပြောခဲ့တဲ့ သူဌေးသမီးများလို ပေါကုန်ရှုံးကုန်၊ ငါတို့ကုန် ရောင်းကုန် မဟုတ်ပေဘူးဆိုတာ မောင်ရင် မြဲမြဲမှတ်ထား ပါ။ ပြီးတော့ အိမ်ထောင်စုတိုင်းမှာ ကိုယ့်မိသားစုထဲကို ဝင်လာမယ့် လူတစ်ယောက်ကို တိုင်းတာတဲ့ပေတံချင်းလည်း မတူဘူးဆိုတာ မောင်ရင် လေးလေး နက်နက်စဉ်းစားပါ။ မင်းတို့ မိသားစုလို

http://www.cherrythitsar.org



အတိုးတွက် တွက်သားကိုက်အောင် ငွေကြေးဖလှယ် ကုန်သည် ဆန်ဆန် ငွေရှင်မြေရှင်တွေဆန်ဆန် အိမ်ထောင်ရေးမှာ မွေးတို့ မိသားစုက မလုပ်တတ်ဘူး။ ဒါပဲသိထားပါ။ အတွတ်အိပ်တော့မယ်” တဲ့။ ဒီစကားပြောပြီး ယဉ်ယဉ်လေးနဲ့ အတွတ်ဟာ ကျွန်တော့်ကို မောင်းထုတ်လိုက်တယ်။ ကျွန်တော်လည်း ကျွန်တော့်အခန်း ပြန်သွားပြီး မွေးဆီကို စားရေးလိုက်တယ်။

“မွေး . . . ”

ကိုယ့်စာတွေ မီးရှို့လိုက်ပါတော့

**တင်အောင်ထွန်း**

ဆိုတဲ့စာအကြောင်းပါပဲ မွေးရဲ့စာများ အားလုံးကိုလည်းဈာပနပြာချ လိုက်၊ ကဲ-မှတ်ကရော။

ဟင်း . . . ရင်ထဲမှာ အခုတော့ ပူလိုက်တာ အဲဒီစာတွေကို မီးရှို့စဉ်က ပြာတွေ ပြာတွေလေ၊ သစ္စာကြီးသူရဲ့ စာကနေ ဖြစ်လာတဲ့ ပြာတွေလ၊ ခုတော့မှ ကျွန်တော့်နှလုံးထဲ အသည်းထဲကို တစိမ့်စိမ့် ဝင်ပြီး တွယ်ကပ်လာပြီထင်ပါရဲ့ အမလေး ပူလိုက်တာဗျာ။

ဒေါက်တာနေဝင်းကြီးနဲ့ ဒေါက်တာအုံးမောင်တို့ရဲ့ မကယ်နိုင် တော့ဘူးလား။ ကျွန်တော့်စာဖတ်နေရင်း ဒေါ်ခင်နှင်းယုက အရူး စာဖတ်နေတာကျနေတာပဲ၊ ပူးလိုက်တာ လောင်လိုက်တာ၊ ကယ်ပါ ယူပါနဲ့လို့ စာဖတ်ရင်း မညည်းပါနဲ့ဦး။ အခုစာကို လေ စိတ်ရောဂါ အထူးကု ဆေးရုံကြီးပေါ်ကနေ ရေးနေချိန်ပါ၊ ရင်ထဲမှာ ပူလိုက်တာဗျာ။

ဖေဖေ့အကြောင်းကို အတွတ်တို့အိမ်မှာ သခင်တစ်စု ပြောပြနေကြလို့ ကျွန်တော်သိခဲ့ရပြီ။ မွေးမေမေ ဒေါ်တင်တင်ကြီး အပေါ် ကျွန်တော် မကျေမနပ်၊ အကြိတ်အခဲ ရှိသမျှလည်း ပြေလည် သွားပြီဆိုပါတော့ အဘွားကြီးစိတ်ဓာတ်ကို အဲဒီတော့မှာ သဘော

http://www.cherrythitsar.org



ပေါက်ပါတယ်။

မွေးရဲ့ စာများအားလုံးကို ကျွန်တော်ပြာချလိုက်ပေမင့် စာတစ်စောင် ကျွန်တော့်လက်ထဲမှာ ထူးထူးခြားခြား ကျန်ရစ်တယ်။ တစ်စောင်ဆို ဆိုသလောက်ပါပဲ၊ ဒီစာကို လန်ဒန်မှာ ကျွန်တော်ရှိနေတုန်း သူရေးလိုက်တာ၊ ဒီအကြောင်းကို နောက်တစ်ခန်းမှ ကျွန်တော် ဖော်ပြမယ်။

## အခန်း (၄)

# ပန်းစားဘီလူး

"ဖေဖေ. . . မိန်းမတွေကို ကြောက်တယ်"

ဒီစကားကို ဖေဖေကျွန်တော့်ကို ပြောပြချိန်ဟာဖြင့် သူအိပ်ရာပေါ်မှာ နားနေရချိန်ပဲ၊ ရောဂါရယ်ရယ်လို့တော့မရှိဘူး၊ မေမေဟာ လွန်ခဲ့တဲ့ နှစ်က နှလုံးရောဂါနဲ့ ဆုံးသွားပါပြီ။ ကျွန်တော်ဟာ အေမိနဲ့အတူ သီးခြားနေရာက တစ်ယောက်တည်းသောသား ဖြစ်နေတော့ ဖေဖေ အထီးကျန်နေချိန်မှာ ကျန်းမာရေး ချို့ယွင်းလာတော့ ဖေဖေ့အနားကို ပြန်လာကြတာပါ။

ဒေါ်ဇီဇာကတော့ ဝါးခယ်မမှာ အနေများတယ်။ ကျွန်တော်တို့ သားအဖနှစ်ယောက် ဆွေးဆွေးနွေးနွေး ဒီလိုတစ်ခါမှ တွေ့ဆုံစကားပြောဖို့ ကျွန်တော်လက်ထပ်ပြီးကတည်းက အချိန်မရခဲ့ဘူး။

"သားကို ဖေဖေသနားပါတယ်၊ ခုမှ ပိုသနားတယ်"

လို့ ဖေဖေက အဆက်အစပ်မရှိ ကျွန်တော့်ကို ပြောတယ်။ ဖေဖေ ထူးထူးခြားခြား စကားပြောတာနဲ့ ကျွန်တော်လည်း အံ့အားသင့်သွားတယ်။

"ဖေဖေဟာ သားကို ပြောသင့်တာတွေ အများကြီးရှိတယ်။ မပြောခဲ့တာဟာ ဖေဖေ့အမှားပါပဲ၊ ခုပြောပြမှာကတော့ ဖေဖေ မောင်မြင့်မောင်နဲ့ တွေ့တယ်"

မောင်မြင့်မောင်ဆိုတာ ကျွန်တော်သူငယ်ချင်းတစ်ယောက်ပဲ သိပ်ရင်းနှီးပြီး သောက်ဖော် သောက်ဖက်ဆိုပါတော့။ သူက ပြည်ထောင်စု ဘဏ်မှာ အလုပ်လုပ်တယ်၊ ဂေဇက်ဝင် အရာရှိ တစ်ယောက်ပါပဲ။

"ဟုတ်ကဲ့ . . . ဖေဖေ"

" သူက ပြောတယ်၊ သားဟာ အိမ်မှာတင် သောက်ရုံမက လမ်းဘေးဘားတွေမှာလည်း စည်းမရှိ ကမ်းမရှိ သောက်လာပြီဆို"

ကျွန်တော်ဟာ ခေါင်းမဖော်ရဲဘူး။ ကိုယ့်အပြစ်နဲ့ကိုယ် ဖြစ်နေတာကိုး။

"ပြီးတော့. . . အရက်မှိုလို့ အမူးလွန်ပြီးအောက်ခြေလွတ် လာပြီဆိုရင် မောင်မြင့်မောင်တို့ကဆွဲပြီး ကားပေါ်တင်ရတယ်တဲ့၊ ဒီအချိန်မှာ "မွေး" ရေ၊ "မွေး" ရေလို့ အသံကုန် အော်တာပဲဆို"

"အို. . ဖေဖေရယ်၊ ကျွန်တော် ငိုချင်လိုက်တာ၊ ကျွန်တော့်ကို ဘာဖြစ်လို့ ဒီအကြောင်းမေးရတာလဲဟင်"

ကျွန်တော်ဟာ ဖေဖေ့ကို ပြန်ပြောရင်း တကယ်လည်း ငိုချင်လာတယ်၊ ကျွန်တော်တို့ အရက်သမားဆိုတာ ငိုလွယ်၊ ရယ်လွယ်ကို။

"မွေးကို မသနားဘူးလား သားရယ်၊ ကိုယ့်ဘာသာ ဖြစ်ချင်တာဖြစ်၊ ဒီမိန်းကလေးကို သားတပြီး ငိုဖို့မကောင်းတော့ပါဘူး၊ သား သူ့ကို မေ့ပစ်သင့်ပါပြီ"

"မွေးကို ကျွန်တော်မေ့ပစ်ရမလား ဖေဖေ၊ ဟုတ်လား"

ကျွန်တော်ဟာ အသံအကျယ်ကြီးနဲ့ အော်လိုက်မိတယ်၊ ခုတင်ပေါ်က ဖေဖေရဲ့ လက်တစ်ဖက်ပေါ်မှာ မျက်နှာအပ်ထားပြီး

ရှိုက်နေမိတယ်၊ အသက်ပြင်းပြင်းရှူနေမိတယ်။ ပြီးတော့ ကျွန်တော် ခေါင်းကို ခါယမ်းလိုက်ပြီး ဆက်ပြောမိတယ်။

"ဖေဖေ . . . ဆရာမ ဒေါ်နှင်းကြည်ကို မေ့လို့ရရင် ကျွန်တော်ဟာ မွေးကို မေ့လို့ရမယ်"

"ဟင် . . . သားဒီအကြောင်းကို သိပြီးနှင့်ပြီပေါ့တ်လား" လို့ သူပြန်မေးတယ်။

"ခွင့်လွှတ်ပါဖေဖေ၊ သားသိခဲ့ပြီးပါပြီ၊ ဖေဖေ့ကျန်းမာရေး အတွက် ခုလိုနားနေရချိန်မှာ သားဖေဖေစိတ်ထိခိုက်အောင် ပြောမိ သွားပြီ"

"ဖေဖေ စိတ်မထိခိုက်တတ်ပါဘူး၊ မနှင်းကြည်အကြောင်း သိရတော့ ဖေဖေ့ကို သားအထင်သေးမသွားဘူးလား"

"မသေးပါဘူး ဖေဖေ၊ ကျွန်တော့်ရင်ထဲ တင်းခံနေတဲ့ ပြဿနာတွေတောင် လျော့ပါးသွားပါတယ်"

ကျွန်တော်ဟာ ဒီစကားကနေဖေဖေနဲ့ဆရာမဒေါ်နှင်း ကြည်အကြောင်း သိခဲ့ရတဲ့ နေ့အကြောင်း အတွက်တို့ အိမ်မှာ ဝါးခယ်မ သခင်တစ်စုနဲ့ စုံကြတုန်း ကျွန်တော်ကြားခဲ့တဲ့ စကားတွေကို ဖေဖေ့ကို ပြောပြလိုက်တယ်"

"ဟုတ်တယ်၊ အဲဒီအကြောင်းတွေဟာ အကုန်အမှန်ကြီးပဲ၊ ဒီတော့ သားကမေးစရာရှိတယ်၊ ဒီလိုကိုယ်ကိုယ်တိုင် ခံစားရပါ ရက်သားနဲ့ သားနဲ့မွေးချစ်နေပါတယ်လို့ သိတဲ့အချိန်မှာ ဖေဖေက လည်း မေမေနဲ့အတူ မွေးကို မချစ်ရဘူး၊ လက်မထပ်ရဘူးလို့ ဖေဖေကပါ ဝင်ပြီး ဖျက်ရသလဲ။ ဖေဖေထိပ်ဆုံးက ပါရသလဲလို့ မေးစရာရှိတယ်။

ဖေဖေကလည်း တကယ့်အကြားအမြင်ရှိတဲ့ ဗေဒင် ဆရာကြီး ကျနေတာပဲ၊ ပြောနေလိုက်တာလေ။ ကျွန်တော်က

# ၇၂ ခင်နှင်းယု

ငြိမ်ငြိမ် သက်သက် စူးစူးစိုက်စိုက် နားထောင်နေမိတယ်။

"မွေးကို သနားလို့" ဖေဖေရဲ့ ဒီစကားလုံးလည်း ကြားရော ကျွန်တော် သက်ပြင်းချ လိုက်မိတယ်။ မမျှော်လင့်တဲ့ စကားတွေကို ပဲ တစ်လုံးချင်း တစ်လုံးချင်း ကြားနေရတော့တယ်။

"မွေးဟာ ဖေဖေတို့ အသိုင်းအဝိုင်းထဲကို ဝင်လာရင်ဒုတိယ မနှင်းကြည် ဇာတ်ထုပ်ခင်းရတော့မယ်၊ ဖေဖေနဲ့သားရဲ့အကြောင်း က တူမလိုလိုနဲ့ မတူဘူး၊ သားကအေမီကို သားကိုယ်တိုင်လည်းချစ်၊ သားရဲ့ မေမေကိုလည်း မလွန်ဆန်ချင်ဘူး၊ ဒီတော့ သားနဲ့အေမီ လက်ထပ်ရေးဟာ သိပ်ပြေပြစ်တာဘဲ၊ အေမီ့အဖေရဲ့ ငွေကြေး အင်အားကလည်း သားရဲ့ မေမေနဲ့ကြီးကြီးထား အကြိုက်ပေကိုး။ ဘာပဲပြောပြောပေါ့လေ၊ မင့်မေမေနှလုံးရောဂါနဲ့ သေရတဲ့ အကြောင်းမှာ သားရဲ့ ပရောဂမပါဘူးလို့ စိတ်ဖြေပါသားရယ်၊ သား မှာ ဖြေသာပါတယ်"

(ဒီနေရာမှာ ဒေါ်ခင်နှင်းယုကို တစ်ချက်တော့ ရှင်းပြပါရစေ။ ကျွန်တော်လည်း ဖတ်ပြီးတဲ့မွေး ပထမစာအုပ်မှာ ကျွန်တော့်မှာ အမေ မရှိဘူးလို့ပါတယ်။ မှန်တယ်၊ သို့ပေမင့် မေမေက အစောကြီး ဆုံးသွားတာမဟုတ်ပါဘူး။ အေမီနဲ့လက်ထပ်ပြီးမှ ဆုံးတာပါ)

"အမှန်တော့ မိန်းကလေးသုံးယောက်ဟာ သုံးပုံစံထွက်လာ တယ်ကွဲ့ ဖေဖေပြောတာ နားလည်လား"

ကျွန်တော် ခေါင်းခါပြလိုက်တယ်။

"မနှင်းကြည် သိပ်သည်းတယ်၊ သူ့ယောက်မကြီး နှိမ်သမျှ ကို မရှုနိုင် မကယ်နိုင်လွန်းလို့သာ သူ့ခမျာ ထွက်ပေါက်ရှာသွားရ တာ၊ ဖေဖေကိုယ့်ချစ်သူအကြောင်း ကိုယ်အသိဆုံးပေါ့၊ နာမည်နဲ့ကို လိုက်တယ်၊ စကားပြောလည်း အေးအေးချိုချိုနဲ့ မျက်နှာက အင်မတန် ကြည်လင်တယ်"

http://www.cherrythitsar.org



ဖေဖေဟာ သူ့ချစ်သူကို ဒီလိုချီးမွမ်းခန်းဖွင့်နေချိန်မှာ သူ့မျက်နှာကလည်း ကြင်လင်နေသလိုပဲ။

"သားသာ သူ့ကို မြင်ဖူးရင်လည်း သူ့ကို ချစ်မှာပါ"

"ဟင် . . . ဖေဖေဘာလို့ လိုက်မရှာလဲဟင်၊ ဖေဖေ ဝတ်လုံဘွဲ့ ယူပြီးပြန်လာချိန်မှာ လိုက်ရှာသင့်ပါတယ် ဖေဖေရယ်၊ ကြီးကြီးထားနဲ့ အတူမနေဘဲ သီးခြားနေလိုက်ရင် ပြီးရော"

"ပြောသင့်ပါတယ် သားရယ်၊ နောက်တ ဆိုတာ နောင်မှ ရကြတာပဲ၊ ရုတ်တရက် သတင်းကြားကြားချင်း မမကြီး ဩဇာကိုလည်း မပယ်လှန်နိုင်ဘူး၊ ပြီးတော့ စိတ်ထဲမှာ သူတစ်ယောက်တည်း ထွက်သွားပြီး ဖေဖေအင်္ဂလန်က ပြန်လာချိန်ထိ စောင့်စေချင်တယ် လေ၊ သူထွက်သွားပုံကို ရင်ထဲ ခုသွားပြီး လိုက်မရှာမိဘူး၊ လိုက်ရှာလည်း အို့. . . ဖေဖေတို့မိသားစုကို သူသိပ်နာကြည်းသွားပါပြီ သားရယ်၊ ဖေဖေ့ရင်ထဲမှာ အဲဒီတုန်းက အမြင်တွေ မပြတ်သားဘူး၊ ဆုံးဖြတ်ချက်တွေ မပြတ်သားဘူး၊ ပထမက နားကြည်းစိတ်၊ ဒုတိယက ငွေကိုချစ်လို့သာ မနှင်းကြည် လိုက်လာခဲ့ရတယ်၊ စညားကတည်းက မမထား လက်အောက်မှာ အမှန်တော့ တစ်နေ့မှာ မပျော်ခဲ့ရဘူး၊ ဝတ်လုံတော်ရကတော် သူဌေးမကြီးရဲ့ ယောက်မ ဖြစ်လာသော်လည်း တစ်ခါမှ အိမ်ထောင်သုခ မခံစားရတော့ ခုချိန်မှာ သူရဲ့ နောက်ချစ်သူနဲ့အတူ ပျော်ပါစေဆိုတဲ့ ခွင့်လွှတ်စိတ်လည်းပါခဲ့ပါတယ်။ ပြီးတော့ . . . ပြီးတော့ ဖေဖေလည်း သားလိုပဲပေါ့၊ ထဘီကျွန်ပဲ၊ သားတို့မေမေ မင်းကြီးသမီးကို မမထားက အဆင်သင့် ဒီမှာပြင်ဆင်ပြီးဖြစ်တော့ ဒီကြိုးက ဖေဖေ့ကို အတင်းထုံးချီ လိုက်တာပဲ၊ သား သဘောပေါက်လား"

ကျွန်တော်လည်း ခေါင်းပဲ ညိတ်ပြနိုင်တယ်။ မိထွေးလို့လည်း မပြောနိုင်တဲ့ ဖေဖေရဲ့ ပထမဇနီးကို ကျွန်တော်တောင်

လိုက်ရှာချင်သလိုပဲ။

"ဖေဖေခုတော့ မိန်းမတွေကို ကြောက်တယ်၊ ကိုယ်အပြစ်မရှိတိုင်း ကြောက်ရသလားလို့ဆိုမှာပဲ၊ မနှင်းကြည် ဘယ်လောက်အေးပြီး ဘယ်လောက်ပျော့လဲဆို၊ ဖေ့ဖေ့ကို ဆေးလိပ်သမတစ်ယောက် ဖြစ်တဲ့ မဝက်ကပြောပြတယ်၊ မဝက်ဟာ ဆေးလိပ်ခုံအမျိုးသမီးထဲမှာ ခေါင်းဆောင်ဆိုပါတော့၊ ဖေဖေ့ကို ကိုကိုကြီးလို့ပဲလေးလေးစားစား ခေါ်တယ်။

ဆေးလိပ်ခုံ အမျိုးသမီးထဲ တစ်ချို့လည်း သူတော်ကောင်းပါပါတယ်၊ တချို့ကျတော့ သူတော်မကောင်းလို့ မဟုတ်ဘူး၊ မမထားကို တမင်ကို ရွဲ့ချင်လို့ ရှမ်းဖက်တွေကို ကပ်ကျေးနဲ့ ထိုးဖောက်၊ နောက်ဖေးက လှည့်ထုတ် ရောင်းစားချင်စားတာ၊ အဲဒါ မနှင်းကြည်က အလုပ်ခွင်မှာလုပ်တဲ့ပစ္စည်းကို ရှိသေဖို့၊ တစ်ဖက်က အလုပ်သမားတွေဟာ အလုပ်ခွင်ပစ္စည်းကို မရှိသေရင် အလုပ်သမတွေကိုက သူခိုးတွေမို့ ဆိုတဲ့ အကြောင်းပြချက် ဆေးလိပ်ခုံပိုင်ရှင်မှာရသွားမယ်။ ဒါကြောင့် လုပ်ငန်းပိုင်းမှာ ကိုယ့်ဘက်ကတော့ အပြစ်မရှိအောင်နေဖို့ အလုပ်သမားတွေကို တရားဟောပါတယ်၊ တစ်ဖက်ကလည်း သူကစေတနာနဲ့ မမကြီး မသိအောင် ဒီအလုပ်သမလုပ်တာကို ဖုံးထားမိတယ်၊ မင်းရဲ့ ကြီးကြီးက မဝက်တို့ ရှေ့မှာပဲဒီကိစ္စကို သိလည်းသိရော၊ ငါ့ပစ္စည်းကို ဖျက်လို ဖျက်ဆီးလုပ်တဲ့အလုပ်သမားကို အားပေးတယ်ဆိုပြီး မနှင်းကြည် ပါးကို ရိုက်တာပဲ၊ ဒီကတည်းကိုက ဖေဖေ့ချစ်သူဟာ ဝါးခယ်မ ဒေါ်ဇီဇာ့ အိမ်ရိပ်ကပျောက်သွားတာပါပဲ. . . "

ဖေဖေ မောမောနွမ်းနွမ်းကြီး ဖြစ်သွားပုံရတယ်။

"ဖေဖေရယ် . . ဖြစ်ပြီးခဲ့တဲ့ စိတ်မောစရာအတိတ်ကြီးကိုပြန်မဖော်ချင်ပါနဲ့တော့လေ"

http://www.cherrythitsar.org



"ဆုံးအောင် နားထောင်ပါဦးသား"

ကျွန်တော်ဟာ ဖေဖေ့လက်တွေကို ဖည်းဖြည်းဆုပ်နယ်ပြီး နားထောင်နေလိုက်တယ်။

"မနှင်းကြည်ကတော့ အစစပြေပြစ်အောင် လုပ်တယ်၊ သူ့အပေါ် အလုပ်သဘောနဲ့ရော၊ ကာယကံမြောက် ကျူးလွန်စော်ကားတာရော လင်မသိအောင် ငုံ့ခံပြီး . . . ဖေဖေတို့ မြို့ကြီးကို ပဋိပက္ခ မဖြစ်ပွားစေဘူး၊ ဖေဖေခုနပြောသလို မိန်မသုံးယောက်က သုံးပုံစံ ဆိုတာ ဆက်ရှင်းမလို့ . . .။

သားရဲ့ ချစ်သူ မွှေးက ဖေဖေမြင်ဖူးသားပဲ၊ ဂျပန်တစ်ခေတ်လုံး ဝါးခယ်မမှာ နေစဉ် မြင်ဖူးပါတယ်၊ အတွတ်ကလည်း သားတို့ လူငယ်ချင်း ပြောင်နောက် စကားပြောချိန်မှာ မကျည်းတန်မကျည်းတန်လို့ သူ့ပါးစပ်ဖျားမှာ ပြောနေတာ ဖေဖေကြားသားပဲ၊ ဒါပေမင့် မွှေးဟာ အကျည်းမတန်ပါဘူး၊ သူတို့ ညီအစ်မတွေထဲမှာတော့ အကျည်းတန်ဆုံးပေါ့လေ၊ ပြီးတော့. . . ပြီးတော့ သားရဲ့ အေမီလောက်တော့ မလှဘူးပေါ့လေ"

"ဖေဖေရယ် ဒီစကားလုံးတွေကိုတော့ ထပ်မသုံးပါနဲ့ မှန်တဲ့အတိုင်းပြောတာဆိုပေမင့် ကျွန်တော်ကို ငေါ့နေသလိုပဲ"

"ဖေဖေနဲ့သားဆိုတာ တစ်ယောက်နဲ့တစ်ယောက် ငေါ့နေဖို့ မလိုပါဘူး၊ သားစိတ်ထိခိုက်ရင် နောက်ထပ် ဒီလိုစကားမျိုး ဖေဖေနောက်ထပ် ဒီလိုစကားလုံးမျိုး ထပ်မသုံးပါဘူး၊ အဲ. . . အဲ ခုန စကားဘယ်ရောက်သွားလဲ၊ မွှေးဟာ မလှပေမင့် ကျက်သရေရှိတယ်၊ သူ့မျက်နှာပြုံးဟာ သူ့ပတ်ဝန်းကျင်ကို တောက်ပကွန့်ရွှနေစေသလိုပဲ သူ့လှုပ်ရှားပုံဟာ ဖျတ်ဖျတ်လတ်လတ်နဲ့ သူ့စိတ်စေတနာက သူ့မျက်နှာ ပေါ်လွင်နေတယ်။ တချို့ မိန်းကလေးတွေ သားမြင်ဖူးသားပဲ၊ မျက်နှာလှနေပေလို့ပဲ၊ ဒေးဝိုင်ဝိုင် တွေတွေ ဝေဝေ,

http://www.cherrythitsar.org



ဆူဆူအောင့်အောင့် သူတို့မျက်နှာ မြင်ရတာကို ရင်လေးတယ်၊ ဖေဖေက မင်းတို့ သူငယ်ချင်းတွေ ဝါးခယ်မမှာ ဆုံမိလို့ တစ်ယောက် တစ်ယောက် နောက်ပြောင်ရင် ဖေဖေတို့ လူကြီးတွေနဲ့မဆိုင်လိုသာ၊ ဖေဖေကြားသားပဲ၊ အဲဒီမှာ မောင်မြင့်မောင် ပြောပြောနေတာ မှန်တယ်ကွဲ့၊ မွေးတို့များ အကျည်းတန်တယ်ဆိုပေလို့၊ အကျည်း မတန်ရင် ခက်မယ်တဲ့၊ ချစ်သူဝိုင်းဝိုင်းလည်နေတာပဲတဲ့၊ အေး. . . ဒီနေရာမှာ သားနားလည်ရမှာက မွေးရဲ့ အပြုံးဟာ မိန်းမရွှင်မပြုံး တဏှာပြုံး မဟုတ်ဘူးနော်”

“သားနားလည်ပါတယ် ဖေဖေ”

“ပန်းချီကျော်ကြီး တွေပြောတဲ့ မိုနာလီဇာအပြုံးလည်း မဟုတ်ပါဘူး။ အေး . . . ဂျပန်ခေတ် ဝါးခယ်မှာ နေတုန်းက အာရှလူငယ်တွေ လုပ်ငန်းတစ်ခုခုလုပ်လို့ ဖေဖေတို့မြို့ကို မြို့မျက်နှာ ဖုံး အနေနဲ့ဖိတ်ရင် ငါ့သားချစ်တဲ့ မွေးဆိုတာ ဘယ်လို မိန်းကလေး မျိုးပါလိမ့်လို သတိထား အကဲခတ်လို့ ဖေဖေက မွေးပုံစံကို အခု အသေးစိတ် ပြောပြနေတာပါ။ ဒါပေမင့် မွေးက မနှင်းကြည်နဲ့ မတူတာ တစ်ခုရှိတယ်။ သူတက်တက်ကြွကြွ အများအတွက် အလုပ် တွေ လုပ်ပေးတယ်။ ရွှင်ရွှင်ပျပျရှိတယ်၊ ဒါပေမင့်နော်. . . သူ့ကို နှိမ်တဲ့ သဘောတော့ သွားမချိုးလိုက်နဲ့ ပေါက်ကွဲလွယ်တယ်၊ ဆက်ဆက်ကြဲပဲဟေ့၊ မာန်ရှိတယ်”

ကျွန်တော်လေ ဖေဖေ့မျက်နှာကြည့်ရင်း ဒီစကားရောက် တော့ သြော် . . . ဒါကြောင့်လည်း သူငါ့ဖေဖေဖြစ်တာပဲ၊ သူပြောတာ တွေ မှန်လိုက်လေလို့ စိတ်ထဲက တွေးနေမိတယ်။

“အဲဒီတော့၊ ဟေ့ တကယ်လို့များ မွေးဟာ တို့မိသားစု အထဲ ရောက်လာရင် ပြီးပါရော၊ သူပုန်မလေးဖြစ်မှာ၊ ငါ့သားလည်း စိတ် ဆင်းရဲ မွေးလည်း စိတ်ဆင်းရဲ၊ မင်းမေမေရော ကြီးကြီးထားရော

http://www.cherrythitsar.org



အကုန်အကုန်၊ တစ်ခါတည်းကို မွေးကတွယ်ပစမယ့်ပုံ၊ ဒါကြောင့်ပါ သားရယ်။ ဖေဖေဟာ သား မွေးကို ကြိုက်တယ်လို့ ဖေဖေတို့ကို ပြေပြ စဉ်က မွေးကို မထောက်ခံတာဟာ ကိုယ့်မိသားစုအကြောင်း ကိုယ် သိလို့ပါ မွေးမှာ အပြစ်ရှိလို့မဟုတ်ပါဘူး”

ဖေဖေဟာ သူပြောချင်တာ တချို့တဝက်ကို ပြောပြရလို့ ရင်ထဲမှာ ပြေလည်သွားပုံရပါတယ်၊ ပြီးတော့ ဆက်ပြောတယ်။

“သားဆီကို မွေးရေးတဲ့စာတချို့ကို ဖေဖေကြားက ဖျောက်ဖျက်ခဲ့တာတွေ ရှိတယ်၊ သားကလည်း မောင်မြင့်မောင်ဆီကို တချို့အပ်ထား တယ်တဲ့ဟုတ်လား”

“ဟုတ်ပါတယ် ဖေဖေ”

“အေး . . . ဖေဖေလည်း တချို့စာတွေ ဖတ်ရင်း မီးရှို့ ဖြတ်တောက် ခဲ့ပေမင့် တစ်စောင်ကိုတော့ သိမ်းထားပြီး မောင်မြင့် မောင် လက်ထဲပဲအပ်ခဲ့တယ်၊ ကာယကံရှင်တောင်မှ မှတ်မိရဲ့လား ဟင်”

ဖေဖေ့အမေးကို ကျွန်တော်မဖြေရဲဘူး၊ ဘာလို့လဲဆိုတော့ ဒီစာကို ကျွန်တော်သတိရရုံတင်မဟုတ်၊ ကျွန်တော်ခုမှ ဒီအကြောင်း တွေးမိရင်ရှက်လို့။

“သိမ်းမြစ်ကမ်းပါးမျာ ကျွန်တော်ဖတ်ခဲ့တဲ့စာလား ဖေဖေ”

“ဟုတ်တာပေါ့ မင်းက ဒီစာကို ဖတ်ပြီး မြစ်ထဲပစ်ချမလို့ မောင်မြင့်မောင်က ဆွဲယူပြီး သိမ်းထားလိုက်တယ်။ သူဘဏ်အဖွဲ့နဲ့ ပြန်လာတော့ ဒီစာဖေဖေ့ကို ပြတယ်၊ ဖေဖေက တစ်နေ့ မွေးရဲ့စိတ် ကို အထောက်အထား ခိုင်ခိုင်လုံလုံပြနိုင်မှ မွေးကို ဘာကြောင့်တို့ မိသားစုထဲမှာ မဝင်စေချင်တာလဲ၊ ဖေဖေ့စေတနာအပေါ် သားကြီး ရော မွေးရော နားလည် သဘောပေါက်အောင် တစ်နေ့ရှင်းပြဖို့ ဒီစာက အရေးကြီးလို့ မောင်မြင့်မောင်ကိုပဲ ပြန်သိမ်းထားခိုင်းတယ်၊

http://www.cherrythitsar.org



သားဖတ်ပြီးသော်လည်း လိုအပ်လို့ သုံးချင်ရင်မောင်မြင့်မောင်ဆီမှာ တောင်းယူပါ။ ဖေဖေ့ စကားတွေဟာ မွေးကို အပြစ်တင်နေတာ မဟုတ်ဘူးနော်၊ မွေးဒီအချိန်က ဒီမာန်ဒီစိတ်ရှိသင့်တယ်၊ ဖေဖေ့ သမီးသာ ဆိုရင်လည်း ဒီလိုမာန်မရှိရင် ဖေဖေက သွင်းပေးမှာ၊ သို့သော် ချွေးမအဖြစ်တော်ခဲ့ရရင်တော့ မွေးတစ်ယောက် ဒီမာန် ကြောင့် တို့မျှားမိသားစု အလယ်မှာ စိတ်ဆင်းရဲမှာမို့ သားတို့ရဲ့ ချစ်ခြင်းကို ဖေဖေ ခွဲရတာပါ”

“ကဲ . . . အလှဇကရီ မအေမီကတော့ ကောင်းကင်က တမန်တော် ဖန်ဆင်းပြီး လွှတ်လိုက်တဲ့ ကောင်းကင်ကနတ်သမီး ဆိုတော့ သူ့မှာငွေ၊ အစေခံ၊ အခြွေရံ၊ အပြည့်အစုံနဲ့ ဖေဖေတို့ မိသားစု ထဲဝင်လာတာ၊ သူကြိုက်သလိုနေမယ်၊ သူကြိုက်သလို စားမယ်၊ သွားမယ်ပဲ၊ သူမွေးတဲ့ကလေးပေမင့်လည်း သူကြည့်ချင်မှ ကြည့်မယ်လေ နာနီကို ထည်လဲလုံးနိုင်တယ်၊ မင်းမေမေအကြိုက်၊ ကြီးကြီးထား အကြိုက်၊ မြန်မာပုံစံ၊ မြန်မာ့ဟန် ချွေးမစားမျိုးတော့ မဟုတ်ဘူး”

ဖေဖေဟာ သူ့ချွေးမအပေါ် ရှင်းရှင်းပဲ ဝေဖန်ပြတယ်။

“မီးဖိုချောင်မှာ သူကြီးကိုင်သမျှ ထားရာနေ စေရာသွား၊ ပိပိ ပြားပြားမဟုတ်တော့ဘူး၊ မမထားလည်း သူတို့တင်တဲ့ စစ်ကဲ သူတို့ မနိုင်ဖြစ်တော့တာပဲ။

မင်းမေမေဟာလည်း နိုင်ငံရေးသမားတွေနဲ့ တချို့ မရှုနိုင် မကယ်နိုင်အောင် ငွေကြေးဒုက္ခ ခံစားရသူတွေလို ဖြစ်ရတဲ့ နှလုံး ရောဂါမျိုးမဟုတ်ဘူး၊ သားလည်းခေတ်မီသူပဲ၊ နှလုံးဆိုတဲ့ ရုပ်ပုံစံမှာ တစ်စုံတစ်ရာ ချို့ယွင်းတဲ့ မွေးရာပါ နှလုံးရောဂါမျိုးမှ မဟုတ်ပဲ၊ သူ့အဖေ မွေးကတည်းက ငွေဇွန်ကိုက်မွေးလာတာ၊ အစစ ပတ်ဝန်း ကျင်က လိုလေးသေးမရှိပေမင့်၊ ဝင့်ဆုံအောင် စိတ်ထားမတတ်လို့

http://www.cherrythitsar.org



ဖြစ်ရတဲ့ နှလုံးရောဂါမျိုး၊ ယောနိသော။ မနသိကာယ ဆိုတဲ့ သဘောကို ပေါက်ကိုမပေါကလို့ ဖြစ်ရတဲ့ ရောဂါမျိုးဆိုတော့ ဖေဖေလည်း မတတ်နိုင်ဘူး။

ဖေဖေပြောသည်မှာ မလွန်ပါ။ တစ်နေ့တစ်နေ့ မေမေမှာ အစေခံချုပ်ရှိပေမင့်လည်း မျက်နှာမလွှဲနိုင်။ ထမင်းချက်က ဆီပိုသုံးနိုးနိုး၊ ပန်ကန်ခွဲနိုးနိုး၊ ဟင်းများခိုးစားမလား၊ သူသောက များလိုက်ရတာ၊ ကျွန်တော်တို့သဘောကတော့ အိမ်မှာ ပန်းခြံ ထားထာ၊ မာလီ ထားတယ်ဆိုတာ ခြံမှာသပ်ရပ်သန့်ရှင်းပြီး စိတ်ချမ်း သာအောင် ထားထာပဲ။ ပန်းအိုးတစ်လုံးကွဲမှာစိုးလို့ ပန်းတစ်ပွင့် ပျောက်ပြီး မာလီခိုးသွားမှာစိုးလို့ ပူပန်ရနဲ့ ဩော်. . . မေမေ၊ မေမေ၊ သေသေချာချာ တွေးကြည့်တော့လည်း အတော်အဖြစ်ဆိုး တဲ့ရောဂါ၊ ကျွန်တော်တို့မှာလည်း ဘာတရားမှ မရှိတော့ တရား မပြနိုင်ဘူး။ သူက သူ့စိတ်သူမနိုင်တော့ ကုသိုလ် အလှူပြုရာမှာ တောင် စိတ်ကို အပြတ်မထားနိုင်ဘူး၊ စေတနာသုံးတန် ပြတ်ပြီး မလှူ ငါလှူနေတုန်း ဝိုင်းကူတဲ့လူတွေ ပစ္စည်းတွေ အရမ်းသုံးမလား ဆိုပြီး နောက်ဆံအမြဲတင်းတတ်တယ်၊ ဒါကြောင့်လည်း အသက်က ချောချောချူချူမထွက်၊ သူများ နှလုံးရောဂါ ဖြုန်းဒိုင်း သေပေမင့် မေမေဟာ ဝေဒနာကို အတော်ခံစားရပြီးမှ ကိုယ့်ဒုက္ခ ကိုယ်ရှာတဲ့ သူတွေ အများကြီးပဲ၊

ကျွန်တော်တို့ သားအဖနှစ်ယောက် ဒီနေ့ဟာဖြင့် မိန်းမ ဆိုသော သတ္တဝါများကို ခွဲခြမ်းစိတ်ဖြာ လေ့လာတယ်ဆိုရင် မမှား ဘူးပေါ့။

"ကဲ. . . မင်းမေမေအပေါ် အထင်သေးဖို့ ဖေဖေပြောတဲ့ ရည်ရွယ်ချက်မဟုတဘူး၊ သားလည်း မေမေ့အကြောင်း သိပြီးသားပဲ၊ မိန်းမတွေကို ကြောက်တယ်လို့ ဖေဖေအစချီခဲ့လို့၊ ဖေဖေတို့ မိန်းမ

http://www.cherrythitsar.org



ငါးယောက်အကြောင်း လေ့လာပြတာပါလေ၊ တကယ်ဖေဖေ ပြောချင်တာက သားအကြောင်း”

“ကျွန်တော့် အကြောင်းလား”

ကျွန်တော်ဟာ ကျွန်တော့်ရင်ဘတ်ပုတ်ပြပြီးမေးလိုက်တယ်။

“အေးပေါ့ . . . ဖေဖေ့စကားမှ မဆုံးသေးပဲ၊ မောင်မြင့်မောင်က မင်းအရက်သောက်ပုံ၊ ကွန်ရွေ့မရ အရမ်းကျ လာတာက အစ နောက်ဆုံး ဘာပြောလဲဆိုတော့ မင်းအေမီကို ကွာဖို့ သူ့ကို တိုင်ပင်တယ်ဆို”

ကျွန်တော်ဟာ ဒီစကားကြားပြန်တော့ သက်ပြင်းချပြီး ဖေဖေ့အပါးက ထလာမိတယ်၊ ဟင်းလင်းပွင့်နေတဲ့ ပြတင်းပေါက်နားသွားရပ်နေမိတယ်၊ အသက်မရှူမဝသလို ဖြစ်သွားတယ်။ လက်ပိုက်ပြီး ဖေဖေ့ဘက်တော့ လှည့်လိုက်တယ်။ ဖေဖေ့အနားတော့ သွားမထိုင်မိဘူး။

“ခုမှ ဒီစိတ်ကူးရတာ မဟုတ်ပါဘူး ဖေဖေရယ်” လို့ ပြောမိတယ်။

“ဘယ်အချိန်လောက်တုန်းကလဲ”

“ကျော်ထွန်းဦးကို မွေးပြီးမှပဲ ဆိုပါတော့”

“ ကဲ . . . ဆက်ပြောပါဦး”

ပထမအကြောင်းကတော့ သေးဖွဲ သိမ်ငယ်လွန်းပါတယ်လေ၊ ငါမလို့ ငါခံရတာပဲ။ ငါ့လိုပဲ၊ တစ်ချို့ယောကျ်ားတွေဟာ ဒီခေတ်မှာ ခံရတာပဲ၊ မဆန်းပါဘူးလို့ စိတ်ဖြေတယ်”

“ဆိုပါဦးလေ၊ ပထမအကြောင်းကို”

ကျွန်တော် လန်ဒန်မှာနေတုန်း၊ စာရေးဆရာ၊ မောင်သစ္စာနဲ့ သူ . . . သူ ဖြစ်ပြီး ကုလားဆရာဝန် တစ်ယောက်နဲ့ သူ့ကွန်ရွေ့မပျက်

http://www.cherrythitsar.org



သူ့ကိစ္စကို ရှင်းလိုက်တယ်လို့ သိတဲ့နေပဲ”

“ဟင်. . . ”

“ ဟုတ်ပါတယ် ဖေဖေရယ်၊ သားပြန်ပြောရတာတောင် ရှက်ပါတယ်၊ နောက်တော့လည်း မင်းဆက်ငါးသွယ် ရှင်းဘို့မယ် ဆိုတာတောင် ရှိပါသေးတယ်လို့ ကျွန်တော်စိတ်ဖြေပါတယ်၊ ကိုယ်ကလည်း လူကြီးလူကောင်း အရာရှိတစ်ယောက်ဖြစ်နေတော့ ကျွန်တော် အကျယ်မပွားချင်လို့ နေလိုက်တယ် . . . ဒုတိယ”

ကျွန်တော်က ဒုတိယအကြောင်းကို တောက်လျှောက်ကြီး ဆက်မပြောနိုင်ဘူး။

“ဒုတိယအကြောင်း ဆက်ပါဦး”

ဖေဖေက စကားထောက်ပေးတယ်။

“ဖေဖေတော့ သတိထားမိလား၊ မထားမိလားမသိဘူး၊ လောပိတမှာ လျှပ်စစ်ဓာတ်အား၊ အသုံးချဖို့ စချိန်၊ အင်ဂျင်နီယာ တွေနေဖို့ အလုပ်သမားတွေနေဖို့ ကျွန်တော် အဆောက်အအုံ တာဝန်ခံ သွားရောက်လုပ်ပေးရတုန်းကပါပဲ။ သားလေးကို နာနီနဲ့ ဖေဖေတို့ အိမ်မှာပဲ ထားခဲ့တယ်လေ . . .၊ သူနဲ့ကျွန်တော် နှစ်ယောက်လည်း အေးအေးလူလူလည်း ရှိအောင်ဆိုပြီး လောပိတ ကိုထွက်လာတဲ့ချိန် ကြုံကြုံဖန်ဖန် ဖေဖေရယ်၊ လွိုင်ကော်က ပြည်ထောင်စုနေ့မှာ ပွဲတော်လုပ်တော့ ရွှေမန်းအောင်ဝင်းဖေ ဇာတ် လွိုင်ကော်မှာ လာကတယ်။ အဲဒီဇာတ် အဖွဲ့က နာမည်ကြီး ထိုက်ပါ တယ်။ ဖေဖေတို့ကတော့ ဒီဇာတ်ပွဲတွေကို စိတ်မဝင်စားဘူး။ ကျွန်တော်လည်း ရုပ်ရှင်ကြည့်ရင်တောင် မြန်မာရုပ်ရှင်ကားကို အထင်သေးလို့ ဘယ်တော့မှ မကြည့်ဘူး။မြန်မာဇာတ်ပွဲဆိုတော့ ဝေးရော။ ဒါပေမင့် ရွှေမန်းအောင်ဝင်းဖေအဖွဲ့က နာမည်ကြီး

သလောက် တော်လည်း တော်တယ်၊ ခေတ်လဲမီတယ် ဖေဖေ အဲဒီမဖွဲ့မှာ ဘယ်သူပါလာတယ် ထင်သလဲ၊ စာရေးဆရာ မောင်သစ္စာ ပါလာတယ်"

"ဟင် . . . စာရေးဆရာဆိုတာ ဝတ္ထုတွေ စာတွေရေးတာ မဟုတ်ဘူးလား"

"ဟုတ်ပါတယ်၊ သူက ဘက်စုံတယ် ဖေဖေ၊ စာပေနယ်မှာ စာရေးဆရာ မောင်သစ္စာအနေနဲ့ ကျော်ကြားသလို ဇာတ်သဘင် လောကမှာ စောင်းတော်ရှင် မောင်သစ္စာလို့ ကျော်ကြားသူပဲ"

"ဩော် . . . "

"ကျွန်တော်တို့ကလည်း၊ မိန်းမတွေ ဘာကြောင့် ဒီလူကို ကြိုက်ပါလိမ့်လို့ လေ့လာအကဲခတ်ရင်းက ကျွန်တော်တို့ပါ သဘော ကျသွားတယ်။ လူပုံက မြန်မာဇာတ်မင်းသားတွေလို ဆံပင်ရှည်နဲ့ ဘာနဲ့ မဟုတ်ဘူး၊ ဇာတ်ထဲမှာ မင်းသားလို ဝတ်တဲ့အခါမှ သျှောင် တစောင်းကို ဆံပင်ပုံစံနဲ့ထုံးတာ သူက မကဘူး၊ အဆိုနဲ့အတီးမှာ သိပ်တော်တာပဲ။ အထူးသဖြင့် စောင်းကောက်တီးတာမှာ တော်လို့ စောင်းတော်ရှင် မောင်သစ္စာလို့ သူ့ကို လူတွေကခေါ်တာ၊ တိုတိုပဲ ပြောပါရစေ ဖေဖေရာ ကျွန်တော်တို့ အုပ်ချုပ်ရေးမှူးက ရွှေမန်း အောင်ဝင်းဖေတို့ အဖွဲ့ကို ဖိတ်ခေါ် ကျွေးမွေးဧည့်ခံတယ်လေ၊ လာဖို့ခက်ခဲတဲ့ ဒီလိုဒေသတွေမှာ မြန်မာဇာတ်သဘင်တွေ အလာ နည်းတာကို သူစေတနာထား။ ဦးစားပေးပြီး လာကတာကို ကျေးဇူးတင်ကြောင်း အထိမ်းအမှတ် ဧည့်ခံပွဲဆိုပါတော့၊ အဲဒီပွဲမှာ စစ်ဘက်ရော နယ်ဘက်ရော အရာရှိစုံပေါ့။ ဧည့်ခံပွဲမှာ ဘယ်လောက်များ ဧည့်ဝတ်ကျေလဲဆို ကျွန်တော့် အေမီထိပ်ဆုံး ကပေါ့၊ တခြားအရာရှိတွေလည်း မျက်စေ့ရှုပ်အောင်ကို အေမီဟာ ခွက်ချင်းအပြိုင်တော့ပြီး ဧည့်ခံလိုက်တာမှ ကျွန်တော် ဟန်လုပ်ပြီးသာ

နေရတယ်၊ သိပ်ရှက်တာပဲ။ ညီညီမျှမျှဆို တော်သေးတယ်၊ မောင်သစ္စာက စောင်းကောက်နဲ့ သူတို့ဇာတ်တစ်ဖွဲ့လုံး ကိုယ်စား ပြန်လည်ဖျော်ဖြေခဲ့တယ်။ မောင်သစ္စာကို ဣန္ဒြေပျက်အောင် အေမီက ဦးစားပေးဧည့်ခံတယ်၊ အဲဒီနေ့ အိမ်ပြန်လာတော့ အကြီး အကျယ် ရန်ဖြစ်တာပဲ၊ ရှင်းရှင်းပြောရရင် ကျွန်တော် သေနတ်ကို တောင် ဆွဲမိတယ်၊ ဒီစကားတွေ ဒီတင်ပဲ ဖြတ်လိုပ်ပါစို့ ဖေဖေရော နားပါတော့”

“နားပါတယ်၊ အနားလည်းရပါတယ် ဖေဖေမပင်ပန်းပါဘူး၊ သားကို ပြောသင့်တာလေး ဆုံးအောင်တော့ ပြောချင်တယ်။ သားကို အဆိုးမဆိုပါဘူး၊ ခက်သားလားကွယ်၊ မိန်းကလေးတွေဟာ မိခင် မျိုးဆက်တွေပါပဲ၊ သူတို့ရဲ့ သားအိမ်ဟာ၊ ဖေဖေ့အယူအဆက တော့ လူသားတို့ရဲ့ မျိုးဆက်ပြန့်ပွားအောင် တာဝန်ယူ တန်ဖိုးထားရ၊ သူတို့ကလည်း သားအိမ်မှ သားငယ်လေးကို မေတ္တာနဲ့ စောင့်ရှောက် လာခဲ့သူမို့ မိခင် မျိုးနွယ်အနေနဲ့ အမိကို ရှေ့တင်ပြီး “မိဘ” လို့ ကျေးဇူးတရားဖော် ထုတ်ပြီး ရှိခိုးပူဇော်ကြရတာ၊ အေး . . . တစ်ချို့ မိန်းကလေးတွေဟာ အဲဒီတန်ဖိုးမသိပဲ “သားသတ်” ဇာတ်ထုပ် ခင်းကြတော့ သိပ်ကြောက်ဖို့ ကောင်းတာပဲ၊ သူတို့လုပ်တာ လူမသိဘူး ထင်ပေမင့် အဲဒီလို မိန်းမမျိုး မျက်နှာဟာ ဘယ်လောက်လှလှ ကျက်သရေမရှိဘူး သား။ ကဲ ထားတော့၊ ဖေဖေပြောချင်တာက အေမီမှာ အပြစ်မရှိဘူး မဟုတ်ဘူး၊ ရှိပါတယ်၊ အဲဒါသားဟာ ဝင့်လည်တာ၊ ဖေဖေလည်း သားကို ပွင့်ပွင့်လင်းလင်း ပြောရရင် သားလည်း လန်ဒန်ကို မသွားခင်တချိန်မှာ သားတခြား မိန်းကလေးတွေ အပေါ်မှာ ပွေခဲ့ရှုပ်ခဲ့တာကိုး၊ သားသတ် ဇာတ်ထုပ်ခင်တဲ့ မိန်းမတွေက ကျွန်မတို့သားသတ်ဇာတ်ထုပ် ခင်းခြင်းရဲ့ တစ်တရားခံဟာ ရှင်တို့ လိုယောကျ်ားတွေကြောင့်ပဲလို့

ပြောရင် သားဘယ်လို ဖြေမလဲ။

“ဟုတ်ပါတယ်၊ ဖေဖေ၊ သားလည်း စဉ်းစားမိပါတယ်၊ ဆိုရှယ်ကျတဲ့ မိန်းကလေးတွေအတွက်၊ ဘာမှ ကိစ္စမရှိပေမင့် ရိုးရိုးသားသား ကျောင်းသူလေးတွေအပေါ် ကျွန်တော် ကျူးလွန်ခဲ့တဲ့ မိုက်ပြစ်သား စိန်ရေ သင့်တာပဲလေလို့ ယူဆလိုက်လို့ ခုထိအေမီနဲ့ ကွာတဲ့ ရှင်းတဲ့ အဖြစ်မရောက်သေးတာပဲ။ စိတ်ထဲမှာတော့ မျိုသိပ်ရလွန်းလို့ ကိုမြင့်မောင်ကို ဖွင့်တိုင်ပင်မိတာ”

“အေး . . ဖေဖေဆိုလိုချင်တာက သားမှာလည်း သားတစ်ယောက်ပဲ ရှိတယ်၊ သူ့ရှေ့နှစ်ဆို ငါးတန်း၊ ဘာပဲပြောပြော သူ့ရဲ့စံပြဟာ သူ့အဖေပဲ၊ သားနေပုံထိုင်ပုံမဟုတ်ရင်ဖြစ်ဖြစ်၊ သားနဲ့ အေမီ ကွဲခဲ့ရင်ဖြစ်ဖြစ်၊ သားတို့ချမ်းသာတဲ့ ပိုက်ဆံတွေဟာ သားရဲ့ကလေး အကျင့်စာရိတ္တကို ကယ်မှာမဟုတ်ဘူး၊ ကလေးကို ထိခိုက်မယ် ဆိုတာ မြဲမြဲမှတ်ထား၊ ဒီတော့ မင်းရဲ့ သားမျက်နှာကို ထောက်ထားပြီး အေမီကို ကွာဖို့ရှင်းဖို့ မစဉ်းစားပါနဲ့ဦး သားရယ်. . .”

ဖေဖေက သူ့စကားကို အဆုံးသတ်လိုက်တယ်။ ကျွန်တော် ဖေဖေကို အချိန်နဲ့တိုက်ရမယ့် ဆေးတွေတိုက်ပြီး သိပ်ခဲ့တယ်။ ဘာကတိမှတော့ မပေးခဲ့ဘူး။

စိတ်ထဲမှာ အဲဒီတစ်နေ့လုံးဟာ ကြည်နူးသလို ဝမ်းနည်းသလိုပဲ။ ကြည်းနူးမိတာကတော့ ဖေဖေရဲ့ မွေးအပေါ်ထားရှိတဲ့ စိတ်ထားပါပဲ။ မွေးကို ပြောပြချင်တယ်။ မွေးမောင်တို့ အပေါ်ထားရှိတဲ့ သဘောထားဟာ ဘာပဲပြောပြော တင်းမာနေပါတယ်။ မွေး အမေကပြောထားသလို့ မောင်တို့အိမ်ပတ်ဝန်ကျင်ဟာလည်း အတော့်ကို စိတ်ပျက်စရာကောင်းတဲ့ အသိုင်းအဝိုင်း မှန်ပါတယ်။ ဒါပေမင့် ဖေဖေဟာ ခါးခါးသီး လူငယ်တွေ ချစ်ခြင်းကို ခွဲချင်လို့ မဟုတ်ပါဘူး၊ မွေး ဒုက္ခရောက်မှာစိုးလို့။ မွေး ဒုတိယ မနှင်းကြည်

http://www.cherrythitsar.org



ဇာတ်ခင်းရမှာမိုလို့ ဖေဖေက မွေးကို မောင်တို့ မိသားစုထဲ မဝင်စေတာပါမွေးရယ်. . လို့။ ဖေဖေရဲ့ နောက်ဆုံးရက်တွေကို လက်ချိုး မျှော်လင့်နေရတဲ့အချိန်မှာ . . .

“ခွင့်လွှတ်ပါတယ်”

ဆိုတဲ့ စကားလုံးလေးလာပြောစေချင်လိုက်တာလေ။ မွေး ပါးစပ်က အဲဒီစကားလုံးလေးတွေကြားရရင် ဖေဖေဟာ သိပ်ကြည်နူး မှာပါဘဲ။

ဇာတ်ရည်မလည်သေးလေတော့ အချိတ်အဆက်မမိ သလိုဖြစ်နေတယ်။ မွေးကို ဒီတုန်းက ဆက်သွယ်ပိုင်ခွင့်, ပြောပိုင် ဆိုပိုင်ခွင့်သာရှိခဲ့ရင် ဖေဖေရဲ့ နောက်ဆုံးနေမှာ ကျွန်တော်မွေးကို သွားတွေ့ပြီး အကျိုးအကြောင်းပြေပြရင်၊ မွေးဟာ ဖေဖေ့ကို လာရောက်တွေ့ဆုံဖို့ ဝန်လေးမယ့် မိန်းမတစ်ယောက် မဟုတ်ပါဘူး။

ဒါပေမင့် ကျွန်တော်ကလည်း အေမီ အဆိပ်တက်ချိန်၊ ဒေါ်ဒေါ်ထား လွမ်းမိုးမှုကလည်း ရှိနေချိန်ဆိုတော့ မွေးနဲ့ ကျွန်တော် တွေ့ဆုံဖို့က ကမ္ဘာခြားနေပြီ၊ ပြေလည်သင့်တာတွေ မပြေမလည် ဖြစ်ခဲ့ရတာပေါ့လေ။

ကဲ . . . ဖေဖေရဲ့ မွေးအပေါ် ကောက်ချက်ချပုံ၊ မွေး စိတ်ဓာတ်အပေါ် ဖေဖေလေ့လာပုံကို မှန်ကန်ကြောင်း ကျွန်တော် ကလည်း အထောက်အထားပြရပေမယ်။ ဒါကြောင့် ဒီစာကို ဆေးရုံပေါ်မှာရေးနေဆဲ၊ ကိုမြင့်မောင် ကျွန်တော်ကို လာတွေ့တဲ့ နေ့တစ်နေ့မှာ မွေးစာကို တောင်းယူလာပြီး ပူးတွဲဖော်ပြ လိုက်ပါ တယ်။ မွေးဟာ အဲဒီစာကို ကျွန်တော် လန်ဒန်မှာ ရှိစဉ် ပေးလိုက်တာ။ တခြားစာတွေကို ပြာချပြီးနောက် ဒီစာကို လန်ဒန်မြို့က သိမ်းမြစ် ထဲကို ဆုတ်ခြေချခဲ့မလို့၊ ကိုမြင့်မောင်က တားမြစ်ပြီး သိမ်းယူထား ပေလို့။

http://www.cherrythitsar.org



ဩော် . . . စိတ် . . စိတ်၊ ချစ်လုံးလုံး- မုန်းလားလား၊ မွေးသာ သိရင် ကျွန်တော်ကို သိပ်စိတ်နာမှာ၊ အစစ ကျွန်တော်ရဲ့ မိုက်စိတ်နဲ့ တစ်ခါတစ်ခါတေခဲ့ ပေခဲ့တဲ့အကျင့်တွေကို ကိုမြင့်မောင် ထိန်းခဲ့ပေလို့ပဲ။

ဒီတုန်းက ကိုမြင့်မောင်က ပညာတော်သင်အနေနဲ့ ကျွန်တော်ဆီရောက်လာတာမဟုတ်ပါဘူး၊ ဘဏ်ငွေကိစ္စအတွက် အစိုးရမစ်ရှင်အဖွဲ့မျာ ပါလာတာ။ စက္ကူတစ်းစပေါ်က စာတစ်ကြောင်းဟာ တိုင်းပြည်ကြီးတစ်ခုရဲ့ သမိုင်းမျာ မပြောနဲ့တော့၊ ကျွန်တော့် ဖေဖေ ပြဿနာမှာတောင် ကျန်ခဲ့ရင် ကျန်ခဲ့သလို အရေးပါလာတာပဲ။ ကဲ . . . မွေးရဲ့ စာကို ဆက်ဖတ်ပါအုံး ဒေါ်ခင်နှင်းယု . . .

**မောင်**

ရှိသေစွာ စာရေးလိုက်ပါတယ်။

ဒီစာဟာ ဒုတိယ မွန်ဘုရင်မ ရှင်စောပုထံက ရေးတဲ့ စာပေ့ါ။

ဘုရင်မကြီးလို မြတဘက်မရှိလေတော့ သူ့ရဲ့အသည်းလွှာ၊ စိမ်းပျော့ပျော့ကို ဌာပနာတိုက်သွင်းပြီး ဒုတိယ သော်ကဘုရားကို တည်ရတော့မယ် ဘုရားအမကြီး မွေးလေ။

အရင်ကလို စာရေးတဲ့အခါမှာ မောင့်ရဲ့ အချစ်ကို အချစ် စာရေးလိုက်ပါသည် မောင်လို့စာအစရဲ့ ကဏ္ဍကို ဖွင့်ပိုင်ခွင့် မွေးမှာ မရှိတော့ဘူး။

တစ်ခါက မွေးနဲ့မောင် အတွတ်တို့ရဲ့ ခြံစည်းရိုးနောက်မှာ ထိုင်ကြရင်း စကားပြောခဲ့တဲ့တစ်နေ့ကို မောင်သတိရဦးမှာပေ့ါ။ အဲဒီတုန်းက အချစ်က ပြောခဲ့ဖူးတယ်။

ဘုရင်မကြီး ရှင်စောပဟာ ပူပန်သောကတွေများလို့ သောက ဗျာပါဒတွေ ငြိမ်းလိုသော ဆန္ဒနဲ့ သူ့မြတဘက်ကို ဌာပနာ

http://www.cherrythitsar.org



ပြီး၊ ဒီသော်က ဘုရားကြီးကို တည်ခဲ့တယ်။

အချစ်ဟာဖြင့် ဒုတိယ ဘုရင်မကြီး ရှင်စောပုလဲ မဖြစ်ပါရစေနဲ့၊ ဒုတိယသော်ကဘုရားကို မတည်ပါရစေနဲ့လို့ မွေးပြောခဲ့တာကို မောင် သတိရသေးလား။

ခုတော့ . . . မွေးဟာ ဘုရင်မကြီး မဖြစ်လိုသော်လည်း အကြောင်းကံ ပါလာပြီမို့ သောကတွေ ရင်မှာ ပိုက်ရတဲ့ ဘုရင်မကြီး ဖြစ်လာရတာပေါ့၊ ဘုရားအမကြီး ဖြစ်လာရတော့မှာပေါ့၊ ကိုယ့်ကိုယ် ကို ကြီးကြီးကျယ်ကျယ်

ဒုတိယမွန်ဘုရင်မကြီး ရှင်စောပုကို အမည်ခံပြီး ဒီစာကို ရေးလိုက်တာ မောင်သဘောပေါက်ပြီပေါ့နော်။

မောင်. . အေမီနဲ့ စေ့စပ်သွားပြီး၊ အင်္ဂလန်ထွက်ခွာသွားချိန်ဟာ လောကခံလက်ဝှေကြိုးဝိုင်းမှာ ဒုတိယအကြိမ် နံရိုးအောက်ကို တစ်ဖက်လူ လက်သီးအထိုးခံလိုက်ရခြင်းပါပဲ။

ပထမတစ်ချီကတော့ မေမေရဲ့ အရိပ်အောက် သော်ကဘက် ခြံမြေကြီးမှာ မိသားစု သိုက်သိုက်ဝန်းဝန်းနဲ့ ပျော်ပျော်ရွှင်ရွှင် ကြီးပြင်း လာတဲ့မွေးဟာ လောကရဲ့ဘဝ၊ ရှေ့လာမယ့် အချိန်တွေဟာ ပြေပြစ် ချောမွေ့စွာပဲ နေရမယ်လို့ ထင်တာပဲ။

စာတွေကို ကြိုးစားသင်၊ ဒီဂရီလည်းရရော ကိုယ်ကြိုက်တဲ့သူနဲ့ လက်ထက်ကြရော၊ မွေးရဲ့အတွေး၊ မွေးရဲ့ ရည်ရွယ်ချက်ဟာ ငယ်ငယ်တုန်းက ဒါ့ထက်မပိုခဲ့ပါဘူး။

မေမေရဲ့ အဆုံးအမကတော့၊ သမီးရယ်တဲ့၊ လူဖြစ်လာတယ်ဆိုတာ စားဝတ်နေ ဒီသုံးခုအတွက်တင်ဖြစ်လာရင် တို့များလည်း၊ အကြောင်းသုံးခုကိုသာ သိတဲ့ တိရစ္ဆာန်ထက် ဘာထူးဦးမှာလဲ၊ ဒါကြောင့် ကိုယ်ကိုယ်တိုင် စာဝတ်နေဖို့အကြောင်း သုံးခုအတွက် လှုပ်ရှားတိုင်း ကိုယ့်ရပ်ကွက်၊ ကိုယ့်မြို့၊ ကိုယ့်တိုင်းပြည်၊ ဒါထက်

http://www.cherrythitsar.org



ပိုနိုင်ရင် လူ့ဘောင်လူသားတို့အတွက် တတ်နိုင်သမျှ လုပ်သွားပါ ဆိုတာကို မွေးနားမှာ အစဉ်ကြားရက်ပါ။

မေမေရဲ့ ဒီလိုအဆုံးအမကြောင့် ဒီဂရီရရင် သတင်းစာတိုက် တစ်တိုက်မှာထိုင်၊ သတင်းစာဆရာ သို့မဟုတ် ကျောင်းဆရာမ အလုပ်နဲ့ အသက်မွေးပြီး ကိုယ့်ပတ်ဝန်းကျင်ကို အလုပ်အကျွေး ပြုမယ်ပေါ့။

ဇနက္ကမင်းသား ဥဒါန်းကျူးစကားထဲမှာ ပါလာသလိုပါပဲ။ မကြံဘဲနှင့်လည်းဖြစ်တတ်၏။ ကြံလျက်နှင့်လည်း ပျက်တတ်၏တဲ့။ အမှန်တော့ ဇနက္ကမင်းသားက မစိုးမပိုင်သော သဘောကို ဆင်ခြင် ပြီး ဥဒါန်းကျူးခဲ့တာပဲ၊ မွေ့ဘဝမှာလည်း ဘာမှ ထင်သလို မဖြစ်ပဲ၊ ဝါးခယ်မမြစ်ကြီး စုန်လာကတည်းက ဇနက္ကမင်းသား သင်္ဘော ပျက်ကိန်းကြုံလိုက်ရတာ၊ ရပ်တည်ရာ မရခဲ့ဘူး။ မေမေလည်း တီဘီ ရောဂါရပြီး ခုတော့ မေမေလူ့လောကမှာ ကြာကြာ မနေတော့ဘူး။

ဒီပြဿနာဟာဖြင့် မွေ့ပထမအရွယ်မှာ လောကဓံလက်ဝှေ့ ကြိုးဝိုင်းကိုအဝင် ပထမဆုံးခံရတဲ့ လက်သီးဒဏ်ပဲ။ ကျွန်မဟာ မိန်းမသားပဲဆိုပြီး ခွေကျသွားလို့ မဖြစ်ပြန်တော့ ပြန်ထ လာဖို့ အား ယူရပြန်တာပေါ့။

နိုင်ငံရေးသမားတွေကတော့ မိုးသောက်ကြယ် ခူဝံကြယ် တွေဟာ လမ်းမှန်ကို ရှေ့ဆောင်ပြရုံမကဘူး။ အားသစ် အင်သစ် စိတ်မာန်သစ်တွေကို ပွားစေတယ်ပေါ့။ မွေ့အဖို့တော့ ရွှေရောင် တလက်လက် ဝင်းပနေတဲ့ ရင်ခတ်ပန်း၊ ဒီပန်းရွှေဝါကို ကြည့်ပြီး မွေ့ အားသစ် စိတ်သစ်မွေးခဲ့ရတယ်မောင်။

ဝါဆိုဝါခေါင် ရေဖောင်ဖောင်မှာ မွေ့တို့သော်ကရွာ ပတ်ဝန်း ကျင်မှာ စပါးပင်တွေ ပြည့်ဖြိုးနေကြပြီ။ သော်ကဘုရားရှင် ရွှေစေတီတော်ကြီးကလည်း ရွှေတောင်ကြီးမိုးသလို မြလယ်ကွင်း

http://www.cherrythitsar.org



တွေ့ ပတ်လည်မျာ လယ်မြေမိသားစု မောပန်းလေသမျှ အားပေးပြီး အားတက်ဖွယ် စိတ်တန်းခိုးတွေနဲ့ စိတ်ဓာတ်ကို ငြိမ်းအေးအောင် ဖန်တီးနေချိန်ပါပဲ။

ဒီချိန်မှာလေ တရားလေသလား၊ မတရားလေသလားမသိ လက်နက်နဲ့ အာဏာသာရှိရင် ဝိုင်းပြီး ရှိခိုးချီးမြှောက် ပူဇော်ပသ ဦးညွှတ်တတ်တဲ့ လူတစ်စုဟာ ဘာတွေလုပ်နေတယ် ထင်သလဲ။ တောင်ပြုံးဆိုတဲ့ရွာမှာ တောင်ပြုံးမင်းညီနောင် ပွဲသဘင်ကို ခြိမ့်ခြိမ့် သဲကျင်းပပြီး၊ ကပွဲကြီး ကျင်းပနေချိန်ပေါ့။

မွေးသာ တန်ခိုးအာဏာပိုင်ဆိုင်ခွင့်ရှိခဲ့ရင် သူတစ်ပါး ကိုးကွယ် ပသ ပူဇော်ပွဲကိုလည်း မဖျက်ပါဘူး။ နတ်ကပွဲကိုလည်း မဖျက်ပါဘူး။ ဒါပေမဲ့ မွေးလေ၊ မွေးဘာလုပ်မလဲ သိလား။ ရင်ခတ် ပန်းဘုရင်မရဲ့ ပွဲသဘင်ကို ခြိမ့်ခြိမ့်သဲကျင်းပမယ်။ ရင်ခတ်ပန်း ဘုရင်မဆိုတာ ဘယ်သူလဲသိလား။ တောင်တော်သခင်မပေါ့။ သူ့ နာမည်အရင်းကတော့။ ကျေးတောသူမယ်အပါ။ ဒါပေမယ့် သူဟာ တောင်တော် သခင်မဆိုတဲ့ ဘွဲ့ကိုလည်း ရထိုက်တယ်။ ရင်ခတ်ပန်း ဘုရင်မဆိုတဲ့ ဘွဲ့ကိုလည်း ယူထိုက်တယ်။ ညို့မှိုင်းနေတဲ့ သူ့တောင်ပေါ်မှာ သူ့ ရက်ကန်း ခတ်သံကို ကြားယောင်နိုးနဲ့ မွေး မန္တလေးကိုရောက်ရင် မျှောခဲ့မှန်းခဲ့ နားစွင့်ခဲ့ရတယ်။ သူ့လက်ခတ်သံ ဟာ သောင်းတိုင်က ကြားအောင်၊ ထက်မိုးယံက အမှားအမှန်ကို ဆုံးဖြတ်တတ်တဲ့၊ တာဝတိံသာပျော် သိကြားမင်းကြီးကို တိုင် တည်နေသလိုပဲ။

လက်နက်ကြီးသခင် ၊ တောင်းပြုန်းမင်းလေးဟာ မယ်အု အချစ်ကို ဓားမိုးပြီး တောင်းခံလည်း မယ်အုဟာ မပေးခဲ့ဘူး။ မင်းလေးရဲ့ လက်သပ်မွေး စီးတော်ကျားနဲ့ ခြိမ်းခြောက်တိုက်သတ်ပြီး မယ်အု အချစ်ကို တောင်းခံပေမင့်၊ ဒီနေရာမှာ ရက်ကန်းသည်မလေး၊

http://www.cherrythitsar.org



သူ့ကိုကြည့်ရင် ရိုးသားနုနယ်တဲ့ အနုပညာနဲ့ အသက်မွေးသော်လည်း တောင်ပြုန်းမင်းလေးဘယ်လိုပဲ ခြိမ်းခြောက် ခြိမ်းခြောက် အသက်သာ စွန့်ခဲ့တယ်၊ သူ့အချစ်ကို မပေးခဲ့ဘူး။

သူ့ချစ်သူ ကိုရင်မောင့် မျက်ကွယ်မှာ စီးတောကျား ကိုယ်သတ်လို့ ရက်ကန်းသည်မယ်လေး သေခဲ့ရပြီး၊ နှိမ်ချင်တဲ့ သဘော၊ စိုးမိုးချင် တဲ့သဘောတွေကို တော်လှန်တိုက်ဖျက်တဲ့ မယ်အုစိတ်ဓာတ်ကို မွှေး အနေနဲ့ အမြဲလေးစားမိတယ်။ ရက်ကန်း စင်ပေါ်ကနေ တောင်းပြုန်မင်းလေး ခေါ်ရာကို အေးအေးသာ လိုက်ခဲရင်ဖြင့် တောင်ပြုန်းမင်းကြင်ယာတော် ချီးမြှောက် ခံရမယ့်သူ ပေ့ါ။ ကြင်ယာတော် မယ်အုကို နတ်ကတော်တွေ ဝိုင်းဝိုင်းလည်ပြီး ပူဇော်ပသရမယ့် အချိန်ပေ့ါ။ သို့ပေမင့် ချော့လို့လည်းမရ၊ ချောက်လို့ လည်းမရ၊ မတရားသဖြင့် ဓားကိုင် အရက်သောက်၊ စီးတော်ကျား အားကိုးနဲ့ အဲဒီတစ်ခေတ်မှာ လွှမ်းမိုးနေတဲ့ တောင်ပြုန်းမင်းလေးကို ခေါင်းမာမာနဲ့ ရင်ဆိုင်ခဲ့တာ ရက်ကန်းသယ်မလေး မယ်အု တစ်ယောက်ပဲ ရှိခဲ့တယ်။

မယ်အုကို စီးတော်ကျားက ကိုက်သတ်ပြီး ချီယူသွားချိန်မှာ ဆံထုံးပျက်လေတော့ ဆံပင်ကကြွေကျပြီး မြေခ ကျန်ရစ်တဲ့ ရင်ခတ်ပွင့်လေးတွေဟာ စီးတော်ကျားရဲ့ သွားရာမြေပြင်မှာ လွင့်စဉ်ပြီး ကျန်ရစ်တယ်။ ဒီပန်းလေးတွေဟာ ခုတော့ တပွင့်ချင်း ဇယ်ဆက်သလို တောင်ပေါ်ကနေ တောင်ခြေအထိလမ်းတစ်လျှောက် အထိမ်း အမှတ် လမ်းစဉ်ကို ပြခဲ့တယ်မောင်။

ရင်ခတ်ပန်းရနံ့ လေထဲမှာ သင်းပျံ့လာချိန်ဆို မွှေးလေ. . ရင်ခတ်ပန်းဘုရင်မ ပွဲသဘင်ကို တစ်ပြည်လုံးကျင်းပပြီး သူ့ကို ပူဇော်ချင်တယ်၊ ပသချင်တယ်။

မွှေးဘာတွေ ရေးနေလဲလို့ မောင်က ထင်မယ်။ မွှေးဟာ

http://www.cherrythitsar.org



တောင်တော်သခင်မနဲ့တော့ မတူခဲ့ပါဘူး။ ဒါပေမင့် သူစိတ်ဓာတ်ကို ရယူနိုင်အောင်ကြိုးစားပြီး နှလုံးသားထဲမှာ မွေးခဲ့တော့မှ ဒီလောက ခရီးကြမ်းကို ရဲရဲတင်းတင်း လှမ်းရဲခဲ့လို့ ကျေးဇူးတော်ရှင် သခင်မကို ပူဇော် ပသိုခြင်းပါ။ နတ်ကိုးကွယ်ချင်တာလည်း မဟုတ်ပါဘူး။

လောကမျှာ ချစ်တာဟာလည်း မဆန်းပါဘူး။ အိမ်ဦးခန်းမှာ လက်က ဓမ္မပဒစာအုပ်ကြီးဖွင့်ကိုင်ပြီး 'ဟဲ့-အချစ် ဝတ္ထုမဖတ်နဲ့၊ စိတ်တွေ လေတယ် လွင့်တယ်၊ တစ်နေ့တစ်နေ့ နင်တို့လင်ယူဖို့ ရည်စားထားဖို့လောက် စိတ်ကူးနေတယ်လို့ ဆူ၊ ကြိမ်းနေတဲ့ အဖွားကြီးတွေ လည်း၊ ငယ်တုန်းက ရွှေမြင်းမိုရ်တောင်လုံးကို တုံးမှတ်လို့ ခုန်ခဲ့ကြတဲ့ အဖြစ်ရောက်အောင်၊ ပုဆိုးပိုက်ကာ စောင်းပိုက်ကာနဲ့ ချစ်သူတွေနောက် လိုက်ခဲ့ကြလို့ အခုဆုံးမစရာ သားသမီးတွေ မြေးတွေ မွေးခဲ့ကြတာပဲ မဟုတ်လား။

မွေးလည်း အချစ်နဲ့ မကင်းခဲ့ပါဘူး။ ချစ်တဲ့နေရာမှာ မောင့် အပေါ်မှာရော၊ မိဘဆွေမျိုးသားချင်း၊ ကိုယ့်ပတ်ဝန်းကျင် ဆက်သွယ် နှီးနွှယ်လေသမျှ ချစ်လွန်လွန်းလို့၊ ချစ်စရာရှိရင် သူများထက်လည်း သဲပိုလွန်းလို့ ခံစရာရှိတော့လည်း အလူးအလှိမ့်ခံရတာပေ့ါ။ ဒီအတွက်လည်း မွေးဘယ်သူကိုမှ အပြစ်မတင်ပါဘူး။ ချစ်အားစိတ် အရှိန်လွန်တော့ အချစ်လေးညို့ကြိုးဟာ ဆွဲအားပြင်းရင် ပြင်းထန် သလောက် တစ်ဖက်လူကိုလည်း စူးတတ်တယ်။ ပြတ်ထွက်တော့ လည်း ကိုယ့်ဘက်ကိုသာ ပြန်မှန်စမြဲပဲ။

ဒါပေမင့်လည်း အချစ်ကို ပူဇော်ပသရာဆိုပြီး။ တစ်နေ့ တစ်နေ့ ငေးငိုင်တွေဝေပြီး အချစ်နတ်သမီးရဲ့ ယဇ်ပလ္လင်အောက်မှာ ဒူးထောက်ထိုင်နေဖို့ အချိန်လည်း မရှိဘူး။

**"အသည်းနှလုံးကို ပြန်ပေးပါ"** လို့ နတ်သမီးတန်းခိုးနဲ့ မောင့် ဆီပေးအပ်ထားတဲ့ အသည်းနှလုံးကို ရယူပါလိုကြောင်း

ဆုတောင်း နေချိန်မရဘူးမောင်။

ညနှစ်ချက်တီးခါနီး ကြေးနီရောင် လမင်းကြီး ထွန်းပချိန်ရောက်လို့ သစ်ရိုက်တွေပေါ်မှာ ငွေမှုန်နှင်းစက်ကို တလက်လက်မြင်ရင်ဖြင့် လနတ်ဖမ်းစားတဲ့ အချစ်ဖျားဒဏ်ကို ခိုက်ခိုက်တုန်အောင် ခံရပါတယ်။ ဒီအတွက်လည်း မွေး မလိမ်လိုပါဘူး။ မနက်အရုဏ်ဦး လင်းရောင်ရဲက ရှေ့ပြေးကို ထွေးထွေးနီနီ မြင်လိုက်တဲ့တစ်ချက်တည်း ပျော့သမျှ နွမ်းသမျှ လွမ်းသမျှကို ညအမှောင်ထဲထားခဲ့ပြီ ကိုယ့်မိသားစုအတွက်၊ကိုယ့်ပတ်ဝန်းကျင်အတွက်ခြေပြင်ပြီး ခရီး စ

မောင်ကတော့ ဖုတ်ဖက်ခါပြီး မောင်တို့ဖြူရိုကရက်မျိုးတူ၊အေမီနဲ့ပ စေ့စပ်ပြီး အင်္ဂလန်ကို ထွက်သွားလိုက်တာပဲ။ မွေးမှာတော့ လသာညများမှာ မောင်နဲ့အချစ်ဆွေးနွေးခဲ့ကြသလို၊ မွေးတို့ရဲ့ လက်ထပ်ရေးဟာ လွယ်မယောင်နဲ့ ခက်ကြရတယ်။ တစ်ခါတလေ တော့လည်း ကလေးတွေပဲ တွေးမိတယ်။ လောကကြီးမှာ ဓနရှင် ဆိုတာတွေ၊ အရင်းရှင်တွေ၊ နယ်ချဲ့သမာတွေ၊ လက်ဝဲလက်ယာ ဖြူရိုကရက်တွေရော မရှိရင် ကမ္ဘာကြီးများ ငြိမ်းချမ်းလေမလားလို့။

အန္တတိတ်တို့ အာတိတ်တို့ စက်ဝိုင်းလို ရေခဲပြင်မှာ နယ်မြေ သတ်မှတ်ပြီး သူတို့အုပ်စုတွေ နေကြဆိုပြီး သွားပို့ထားချင် လောက် အောင်၊ မွေးအဲဒီပတ်ဝန်းကျင်ကို ငြီးငွေ့မိတယ် မောင်ရယ်။ သူတို့ အားပြိုင်တဲ့ဒဏ်ဟာအပြစ်မဲ့သူ၊ နှလုံးသား နုနယ်ငယ်ရွယ်ဖြူစင်သူ လေးတွေကို သိပ်ထိခိုက်စေရတာပဲ။

တကယ်တော့လည်း မြတ်ဘုရား တရားတော်နဲ့ ညှိရင် လောဘ ဒေါသ မောဟ မကင်းလေသမျှ ဘယ်ဘုံသူ ဘုံသားမှ မအေးချမ်းနိုင်ပါလားနော်။ ဪ . . . အမြင်သာ ကွဲသော်လည်း ဆင်းရဲဖြင့် အတူတူပါလားမောင်။

http://www.cherrythitsar.org



မွေးလေ၊ စိတ်ဓာတ်ကိုတော့ ခုနရေးပြခဲ့တဲ့ တောင်တော်သခင်မ စိတ်ဓာတ်ကို မွေးရတယ်။ သူ့စိတ်ဓာတ် ဒီလိုရင့်ကျက်ခဲ့တာကလည်း ရေခံမြေခံမာကျောတဲ့ အညာမြေဒေသမှာ မွေးဖွားသူပေမို့လားမသိဘူး။

တကယ့် မွေးရဲ့ စိတ်ရင်းကတော့ ပျော့ညံ့တယ်လို့ ဆိုရမယ်။ မြစ်ဝကျွန်းပေါ် သူမို့ပါ။ တောင်တော်သခင်မ စိတ်ဓာတ်ကိုသာ မသွင်းခဲ့ရင် မောင်နှိမ်ခဲ့တဲ့ တစ်ချိန်မှာ အချစ် ဒူးထောက်ပုံရက် အရှုံးပေးရမှာ။ အချစ် ရှင်ပြမယ်။

မောင့်ကို အားကိုးရာ၊ မှီခိုရာ၊ အားထားရာအဖြစ်နဲ့ လက်ကို မြဲမြဲကိုင်ချင်တယ်၊ မေမေကပြောလည်း၊ မောင့်ကို မေမေ သေသေချာချာ ပေါင်းမကြည့်သေးလို့ပါ။ မောင်ဟာ လူတော်လေးပါလို့ စိတ်ထဲက အမြဲပဲ မောင့်ဘက်ကလည်း ချေပ လျှောက်လဲမိတယ်။

ကိုယ့်ဘာသာ အလုပ်တွေရှုပ်ပြီး ပလက်ဖောင်းပေါ်က မွေးအနေနဲ့ ဇာတ်စုံကဲ့နေရချိန်မှာ သူငယ်ချင်းတွေဆီက မောင့် သတင်း ဘယ်လိုကြားကြား၊ မွေးမယုံခဲ့ဘူး။

အေမီ့ကိုလည်း အပြစ်မတင်ဘူး။ မောင်ဟာလေ ငါ့လိုပဲ သူ့အသိုင်းအဝိုင်းကို မလွန်ဆန်နိုင်လို့ အေမီ့ကို လက်ထပ်ရမှာပါလေလို့ အမြဲခွင့်လွှတ်စိတ်နဲ့ တွေးမိပါတယ်။

ခုတော့ မောင်ကိုယ်တိုင်က အေမီ့ကို ချစ်၊ မွေးအပေါ် ထားခဲ့တဲ့ ကတိသစ္စာကို မောင်ကိုယ်တိုင် ချိုးဖောက်ခဲ့တာပဲ။ ဘယ်သူ့ပရောဂမှ မပါဘူးဆိုတာ သိရပြီ။

မြန်မာပြည်မှာ ပုံပြင်နဲ့ စကားပုံတခု ရှိတယ်လေ။ "ပုဇွန်ထုပ်ကြီးလဲမှ၊ ရှင့်အချစ် ရှင့်စေတနာကို သိရတော့တယ်" ဆိုတာ။ အရှည်ကိုတော့ အချစ် ရေးမပြတော့ဘူး။

အချစ်လည်းဘဲ မောင့်ကို သေသေချာချာ ပြန်တွေးကြည့်မှ

http://www.cherrythitsar.org



မောင့်လှုပ်ရှားမှုတွေရဲ့ အသေးစိတ်နောက်ပိုင်း မောင့်စေတနာတွေ ပေါ်လာတယ်။

မေမေ့အပေါ်ထားခဲ့တဲ့ ကတိတောင်ဖျက်ပြီး ရန်ကုန်မှာ အလုပ်လုပ်နေရဆဲတစ်နေ့ မောင့်နောက်လိုက်ပြီး စကားပြောစရာလေးတွေ ဆွေးနွေးတိုင်ပင်စရာတွေကို ချိန်းတွေ့မယ်ဆိုပြီး တိရစ္ဆာန်ရုံမှာ တနေ့တွေ့တဲ့နေကို မောင်သတိရမှာပေါ့။ အဲဒီတုန်းက မောင်က အချစ်ကို ဘတ်စကားနဲ့ ခေါ်ခဲ့တယ်။

အချစ်ရဲ့ ရန်ကုန်ရောက်မှ အချစ်နဲ့ နှစ်ယောက် မတွေ့ရလို့ ပါဆိုတော့၊ ဟုတ်ပါရဲ့၊ ငါဟာအလုပ်ရယ်၊ ကျောင်းရယ်နဲ့ပဲ ပတ်ချာလည်နေလိုက်တာ၊ တစ်ခါတစ်ခါ ချစ်သူဆန္ဒကို လိုက်လျောသင့်ပါတယ်ဆိုပြီး မောင်နဲ့တွေ့ဖို့ ဒုတိယအကြိမ် ချိန်းဆိုခဲ့တယ်။ အဲဒီနေ့ကို မောင်သတိရသေးလား။ ဘယ်က ဂျစ်ကားစုတ်ကြီးလည်း မသိဘူး။ မောင်းလာပြီး အဲဒီအပေါ်မှာလည်း ကျောင်းသား အပြည့်နဲ့။

သမာဒေဝ နတ်ကောင်း နတ်မြတ်တွေက အချစ်ကို နှိုးဆော်သလိုပဲ အချစ်၊ အဲဒီနေ့က အလုပ်တွေ များလွန်းလို့ မလိုက်နိုင်ဘူးလို့ ငြင်းလိုက်တယ်။

ဂျစ်ကားစုတ်မကလို့ ချယ်ဂါလီနဲ့ ခေါ်ခေါ်၊ မြေပြင်မှာ ခြေကျင်ပဲ လျှောက်ရလျှောက်ရ၊ ချစ်သူနဲ့သာ အတူသွားရမယ်ဆိုရင်လေ အချစ်တို့ မိန်းမပိုက်တွေဟာလေ လိုက်ဝံ့ပါတယ်၊ စွန့်ဝံ့ပါတယ်။ ဒါပေမင့် မောင့်ခေါ်ပုံက အချစ်သိက္ခာကို စော်ကားတာဘဲ။ အဲဒီနေ့က လိုက်များလိုက်မိရင် ရုံးကလူတွေကလည်း မွှေးဆိုတဲ့ မိန်းကလေးတစ်ယောက်ဟာ ယောကျ်ားတွေ ဂျစ်ကားနဲ့ ခေါ်ထုတ်သွားတာကို လိုက်တဲ့မိန်းမလို့ အစွပ်အစွဲခံရ၊ အထင်သေးခံရမယ်။

ဘာကြောင့်လဲဆိုတော့ အဲဒီအချိန်ဟာ အတွင်းဝန်ရုံး ပတ်ဝန်းကျင်နဲ့ တက္ကသိုလ်ကျောင်းသူ အဆောင်လောကမှာ၊

http://www.cherrythitsar.org



လူမဆန်တဲ့အရာရှိတစ်ချို့နဲ့ ကျောင်းသားတစ်ချို့သောင်းကျန်းချိန်ပေါ့။ မိန်းကလေးတွေကို ရည်းစားထား၊ ချစ်သူတို့ သဘာဝအတိုင်း ချိန်းတွေ့၊ မင်းသားတွေက ဘီးလူးခေါင်းဆောင်းထားသတွေ ဆိုတော့ ချစ်သူရဲ့အသားကို အပေါင်းအသင်းတွေနဲ့ ဝေမျှလိုက်တော့၊ အော်ဒါလိုက် ကြေးစားဘဝကို ရောက်သါးကြတဲ့အထိ မချိမဆံခံလိုက်ကြရတယ်။ အင်းလျားသူ တစ်ယောက်ကတော့ သူ့ဘဝကို အင်းလျားကန် ရေပြင်မှာပဲ အဆုံးသတ်လိုက်တယ်။

အချစ် အဲဒီနေ့က တကယ် အလုပ်များးတာ မဟုတ်ဘူး။ မောင့်အမူရာမကြိုက်ို့ အချစ်ခြေတစ်လှမ်း နောက်ဆုတ်ခြင်းပဲ။ အဲဒီတစ်ချက်ပဲ အချစ်ရေးပြပါရစေတော့။

အချစ်အပေါ် ထားရှိတဲ့ မောင့်စေတနာတွေကို မောင်အသိဆုံးပါပဲ။

မြေနုကျွန်းသူ မွေးမှာတော့. . . ။

ရေနဲ့မြေနဲ့ နုန်းနဲ့ မကင်းနိုင်တဲ့၊ ကင်းလို့မဖြစ်ကြတဲ့ ကြာပန်းလိုဘဲ အစဉ်နေရမယ် မောင်။ ချစ်စရာ ကောင်းတဲ့ ကြာပဒုံဟာ ဘဒ္ဒမကမ္ဘာဦး တည်းကတည်းက ဘုရားငါးဆူအတွက် သက်န်း ငါးစုံကို ရင်မှာ ပိုက်လာတဲ့ ကမ္ဘာဦးအစ ပန်းဦးပန်းမြတ်ဖြစ်ပါတယ်။ ဘယ်တော့မှ ရတနာသုံးပါးနဲ့ ကင်းလို့ မဖြစ်ဘူး။

မင်းသုံးတဲ့ မြနန္ဒာကန်ညိုမှာလည်း မင်းမိဖုရား၊ သားတော်သမီးတော်တွေကို စိတ်နှလုံး ရွှင်ကြည်အေးမြစေပြီး၊ မင်းပါးစိုးခွင်အထက်လွှာမှာ စံစဉ်နေဆဲမှာ သူ့အချိန်အလျောက် သူ့ပတ်ဝန်းကျင်မှာ ဝင်ဆံ့ရမှာပဲ။

ကမ္ဘာဦး ပြဟ္မာကြီးများနဲ့ အတူ ပေါ်လာတဲ့ ပန်းဦးပန်းမြတ်ပေပဲလို့ အစဉ်လည်း မာန်မဝင်နိုင်ဘူး။ ဘာကြောင့်လဲဆိုတော့ မွေးတို့ မြစ်ဝကျွန်းပေါ် ပန်းပဒုမ္မာဟာ လယ်တောခွင်လယ်မှာ၊

http://www.cherrythitsar.org



လယ်တောကိုလည်း အလှဆင်လို့၊ ကောက်စိုက်သူ ပျိုဖြူတွေကို အမြဲလက်တွဲပြီး သူတို့ နှလုံးသားကို ရွှင်ပြုံးစေတဲ့ မြေဆန်တဲ့ပန်း ဖြစ်ပါတယ်။

စက်ရုံတွေ ထွန်းကားတဲ့ လမ်းတစ်လျှောက် မီးရထားတွေ ဖြတ်သန်းသွားရင် မောင်မြင့်မှာပေါ့၊ ညစ်ပတ်ပေရေနေတဲ့ မြို့နောက်ဘက်၊ ရွာနောက်ဘက်၊ စက်ရုံဝင်းတွေရဲ့နောက်၊ ရေပုပ် ရေညှိ ရေမည်းတွေပြည့်နေတဲ့ ရေအိုင်ရုပ်ဆိုးတွေမှာလည်း ဝင်ဆံ့အောင် ပတ်ဝန်းကျင်နဲ့ ကိုက်အောင် နေတတ်တဲ့ အောက်ခြေမလွတ်တဲ့ ပန်း ဖြစ်တယ်။

သူ့ရင်ကဖြစ်တဲ့ ကြာဝတ်ဆံကလည်း ကြာခွက်အဖြစ် ကလေးငယ်တွေကို အာဟာရလည်းပေးတယ်။ ကြာရိုးကို အဆစ်ချိုးလို့ ကလေးတွေ ကစားစရာဖြစ်အောင် ပျော်ရွှင်မှုကိုလည်း ပေးတတ်တဲ့ ပျော်တော်ဆက်ပန်းလည်း ဖြစ်ပါတယ် မောင်ရယ်။

မြကန်သာမှာပဲပွင့်ပွင့်၊ ရေအိုင် အရုပ်ဆိုးမှာပဲ နေနေ၊ အညစ်အကြေး ရွံ့ပုပ်ရွံ့ရေ မစင်အောင် သူ့ဝတ်လွှာကို သန့်ရှင်းအောင်နေတတ်တဲ့ ပန်းလည်း ဖြစ်တယ်။

မွှေးဟာ အလွှာအသီးသီးနဲ့ ဝင်ဆံ့တဲ့ ကြာပန်းများနဲ့အတူ မြစ်ဝကျွန်းပေါ်မှာ မွေးဖွားလာသူမို့၊ ကြာပန်း ဆန်ရမယ်လို့ မွှေးကိုယ်ကို တတ်နိုင်သလောက် ဆုံးမခဲ့ရတယ်။

ကိုယ်ကသာ ကြာပန်းဖြစ်အောင် ကြိုးစားပေမယ်လို့ တချို့လူတွေအဖို့ မွှေးရဲ့ လှုပ်ရှားဆောင်ရွက်မှုတွေဟာ ငရဲပန်းအသွင် ဖြစ်နေလို့ပဲ စိတ်ကို ဖြေပါတယ်။

မွှေးစာလည်း ရှည်သွားပြီ။ လွန်လေ ရှေးခါတုန်းကတော့ မောင့်ဆီကို စာတွေရေးရင်း ရှည်ရှည်ကြီးရေးပါ အချစ်ရဲ့ ဆိုပေမင့်။ ခုချိန်မှာတော့ အချစ်ရဲ့ စာတစ်လုံးဟာ အဏုမြူဗုံးတစ်လုံးကို

http://www.cherrythitsar.org



ကြောက်မက်ဖွယ်ရာ မောင်ထင်မယ်၊ အချစ်သိပါတယ်။

ခု စာရေးရခြင်း အကြောင်းကလည်း မောင့်အပေါ် ထားခဲ့တဲ့ ကတိကြောင့်ပါ။ မောင့်မေတ္တာကို လက်ခံပြီးတဲ့နောက် အချစ်ဆီကို လာသမျှစာ၊ အချစ်ရဲ့ မေတ္တာကို ခံယူလိုပါကြောင်း ဘယ်လူကပဲ နောက်ထပ်လာပြောပြော မောင့်အသိပေးရမယ်လို့ ကတိတောင်း ထားတယ်လေ။ ဒီကတိအတိုင်း အသိပေးရတာပါ။ နောက်ထပ်ရတဲ့ မေတ္တာစာအသစ်တွေကိုတော့ တစ်မြေတည်းနေစဉ်ကလို မဟုတ် တော့လို့ မလွယ်ကူလို့ ပို့မပေးနိုင်တော့ဘူး။

ဦးလေးတော်တွေ ဆန္ဒကြောင့် မွေးအိမ်ထောင်ရေးကို၊ ကွန်မြူနစ်လူငယ်ပိုင်းက သူတွေကိုလည်း မရွေးရဘူး။ သို့သော် မွေးဟာ ဗုဒ္ဓ အဘိဓမ္မာကို သေသေချာချာ လေးလေးနက်နက် လေ့လာပြီးရင်ဖြင့် သူတို့မွေးရဲ့ ဆုံးဖြတ်ချက်တွေအပေါ် မှာ ဝင်ရောက် မစွက်ဖက်ပါဘူးတဲ့။

မေမေကလည်း မောင့်ကိုပြောခဲ့သလိုဘဲ။ မောင်တို့ရဲ့ ပြူရို ကရက် ပတ်ဝန်းကျင်မှာ သမီးတစ်သက်လုံး စိတ်မချမ်းသာမှာမို့ မောင့်ကို လက်မထပ်ရဘူးတဲ့။

မိခင်တို့မည်သည် သူငယ်ချင်းလို မိတ်ဆွေကောင်းလို အပေးအယူနဲ့ သားသမီးအပေါ် ဆက်ဆံရပေမင့်၊ တစ်ခါတစ်ရံ ကိုယ့် သားသမီးမှာ အန္တရာယ်ကျရောက်မယ်ထင်ရင် လူဆိုး ဇာတ်ခင်းပြီး ရှေ့က ရင်ဆီးခံရမယ်တဲ့။

သူ့မှာ တီဘီရောဂါကြောင့် လောကကို စွန့်ခွာရမယ့်ဆဲဆဲမှာ မေမေအကြိုက်ဆုံး အိမ်ထောင်ဘက်ကို ရွေးချယ်ပေးခဲ့မယ်ဆိုတယ်။ မေမေရွေးတဲ့သူက ဗိုလ်မှူးနိုင်တဲ့။ မောင်နဲ့ တက္ကသိုလ်မှာ ရင်းနှီး မယ် မထင်ဘူး။ အတွတ်နဲ့တော့ ကျွမ်းကြတယ်။

လက်ထပ်ရက်ကတော့ ဝေးပါသေးတယ်။ စေ့စပ်ပွဲကတော့၊

http://www.cherrythitsar.org



ရှေ့အပတ်ထဲမှာ လုပ်မှာမို့ မောင့်ဆီကို အကြောင်းကြားခြင်းပဲ။ အချစ်တစ်သက်မှာ တိတ်တိတ်ကလေး ကြိတ်လုပ်တာရယ်လို့ မလုပ်တတ်ဘူး မောင်။

ဘ၀ ဘ၀၊ ချစ်သောသူနှင့်ကွေကွင်းရခြင်း
ဆင်းရဲ။
မချစ်မနှစ်သက်သူတို့နှင့် အတူ နေရခြင်း
ဆင်းရဲ။
ချစ်ပင်ချစ်သော်လည်း၊ သဘောခြင်းမညီတဲ့
သူတွေနဲ့ အတူ နေရခြင်း ဆင်းရဲမှ ကင်းလွတ်
ရပါလို့။

**ချမ်း မြေ့ ရွှင် လန်း ပါ စေ။**

**မွေး**

P.S ဒုတိယဘုရင်မ ရှင်စောပု၏ နောက်ဆုံးစာဖြစ်ပါသည်။

ကဲ . . . မွေးရဲ့စာအဆုံးမှာ ဖေဖေ မွေးအပေါ်လေ့လာချက်မှန်၊ မမှန် ဒေါ်ခင်နှင်းယု လေ့လာနိုင်ပါပြီ။ ဒီတော့ ဖေဖေ့ဘက်က ကျွန်တော် ပြောပြချင်တာတစ်ခုကတော့ ခုခေတ်စကားနဲ့ ဆိုရင် ကျွန်တော်တို့ ဆွေမျိုးတစ်စုဟာ သွေးစုတ်ဘီးလူး၊ သားစားကြူးတဲ့၊ အစွယ်ပေါက် အရင်းရှင် မနရှင်တွေကို အလုပ်အကျွေးပြုတဲ့ ဗြူရိုကရက် အုပ်စုအနေနဲ့ ကျွန်တော်တို့ဟာ သီးသန့် လူတန်းစားတစ်ရပ် ဖြစ်ခဲ့တာ အမှန်ပါပဲ။

ဒါပေမဲ့ ဖေဖေ့လို လူကျတော့၊ လုပ်ဟန်သည် အစွယ်ပေါက်ဘီလူး အသိုင်းအဝိုင်းကို ထောက်ခံနေသော်လည်း သက်ရောက်သော အကျိုးနဲ့ စေတနာက မွေးအပေါ် တကယ့် မေတ္တာ စေတနာမို့ ဖေဖေသည် သားစားဘီးလူးမဟုတ်ပါ။ တောင်တော် ရွှေပုပ္ပားက

http://www.cherrythitsar.org



မယ်ဝဏ္ဏတို့နွယ်ဝင်၊ ပန်းစားဘီလူးပဲ ဖြစ်ပါတယ်လို့ မွှေးကို ပြော ပြချင်လိုက်တာ။ ဒေါ်ခင်နှင်းယုကိုလည်း ပြောပြပါတယ်။

ရင်ခတ်ပန်းဘုရင်မရဲ့ ပွဲသဘင်ကို မြိမ့်မြိမ့်သဲ ကျင်းပချင်တဲ့ အချစ်ဦး မရွှေမွှေးကို ပုပ္ပားဆို တောင်ညိုရိပ်က ကျွန်တော် ငတင်အောင်ထွန်းတို့ သားအဖ ပန်းစကားဝါ ရွှေသွေးကို ပဏ္ဏာချင်း လဲ လှယ်ပြီး ပြေရာပြေကြောင်း တောင်းပန်ချင်ပါတယ်။ အမျိုးပင် မတူသော်လည်း ရင်ခတ်ပန်းနဲ့ စကားဝါပွင့်ဟာ ရွှေရောင်ပြိုးပြက်လို့ ပန်းလောကကို မွှေးရနံ့ပေးတဲ့ ပန်းတွေပဲလို့ တီးတိုးပြောချင်လိုက် တာနော်။

ပုပ္ပားတောင်တော်ရဲ့ ဇာတ်လမ်းကွဲတွေကလည်း ကြေကွဲ စရာတွေပါပဲလေ။ ဗျတ္တလို လူစွမ်းကောင်းကို ဧကရာဇ်က သတ်ပစ်တဲ့ ဇာတ်လမ်းကလည်း ပုပ္ပားတောင်ခြေရဲ့ ဇာတ်လမ်းပဲ။

ပုပ္ပားဟာ မီးငြိမ်တောင်မို့ ပုပ္ပားကိုမှီလို့ တည်လို့ဖြစ်လာတဲ့ ဇာတ်လမ်းတွေဟာ သောက အပူငြိမ်းတဲ့ ဇာတ်လမ်းတွေပဲ ဖြစ်စေ ချင်တယ်။ တကောင်းပြည်သား မီးရှို့အသတ်ခံရတဲ့ မောင်တင့်တယ် ဟာလည်း ပုပ္ပားတောင်ခြေကျမှာ အပူငြိမ်းရတယ်ဆိုရင် မမှားပါဘူး။

ဒါကြောင့် ကျွန်တော်ဟာ အေးချမ်းသော နယ်မြေအဖြစ်၊ ပုပ္ပားတောင်ခြေကို ရာဇဝင်တွင်စေချင်တယ်။ ကျွန်တော်ပြင်ရေးမယ့် ရာဇဝင်သစ်မှာတော့၊ တကောင်းဘုရင်ကြီးသည်လည်း ချို့ယွင်းချက် မရှိသော ဘုရင်ကြီး၊ မင်းကျင့်တရားဆယ်ပါးနဲ့အညီ တိုင်းပြည်ကို အုပ်စိုးလို့၊ တိုင်းသူပြည်သားကိုလည်း ရင်ဝယ်သားသကဲ့သို့ အုပ်စိုး သော ဘုရင်ကြီး၊ လယ်ကွင်းကိုးခရိုင်အပါအဝင် ပုပ္ပားတောင်ခြေကို စိုပြည် စိမ်းလန်းစေတဲ့ ဘုရင်နော်ရထာလို ဘုရင်မျိုး ဖြစ်စေရမယ်။

အဲဒီအခါမှာ မောင်တင့်တယ်ဟာလည်း တကောင်းပြည့်ရှင် ဘုရင်ယောက်ဖတော်ဖြစ်လို့ ရှင်ထွေးလှနဲ့ စောမယ်ရာလည်း ဘုရင်

က ရွှေလက်တွဲပြီး၊ မိဖုရားမြှောက် နန်းသိမ်းပွဲကျင်းပ၊ အမလေး ကျွန်တော့် ရာဇဝင်သစ်ကြီး ဘယ်လောက်ကောင်းလိုက်မလဲ။ ဦးကုလားရာဇဝင်ထက်တောင် ကျွန်တော့်စာအုပ်က စွံဦးမယ်။ မီးဖိုထိုးပြီး အသတ်ခံရတဲ့ မောင်တင့်တယ်၊ အပူဇာတ်လမ်းကလည်း မပါလာတော့ဘူး။ မောင်တယ့်တယ်ဟာ မီးဖိုတင်ပြီး အသတ်မခံ ရတော့ဘူးဆိုကတည်းက အေးချမ်းငြိမ်သက်စွာ ကောင်းသော သေခြင်းဖြစ်တယ် ဆိုရင်ဘဲ မီးပူငြိမ်းအောင် ရင်ပူငြိမ်းအောင်၊ အုန်းရေသောက်ရ အုန်းသီးကပ်ရတဲ့ အဖြစ်ကလည်း မရှိတော့၊ ကဲလေ. . . တိုင်းပြည်မှာလည်း ခုခေတ် လူငယ်တွေ၊ စပါးမွှေးစူး နေတဲ့ နတ်အုန်းသီး ပြဿနာလည်း ပြေလည်သွားရော၊ မောင်တင့်တယ်ကို ချစ်တယ်ဆိုရင်တောင် တိုင်းပြည်အတွက် အာဇာနည်သူရဲကောင်းကြီး မောင်တင့်တယ်အဖြစ် အမှုကွန်းတင်ရစ် မှာ။ အိမ်တွင်းမှာ နတ်အုန်းသီး ပြဿနာ ပြေလည်သွားရင်ကို အိမ်ခြေ တစ်သန်းဆို အုန်းသီး အလုံး တစ်သန်း၊ ပြည်သူလူထု အသုံး ချဖို့ အပိုထွက်လာရော။

**"ရွှေညာသားကို ပျားလိုချစ်ပါ မင်းတကာတို့"**

ဆိုတဲ့ မင်းမဟာဂီရိ နတ်ချင်းထဲကလို၊ ဘုရင်နဲ့နတ်နဲ့ရော၊ အုပ်ချုပ်ခံ လူတန်းစား ပြည်သူနဲ့ရော၊ ပြေလည်ကြတဲ့ ရာဇဝင်သစ်ကြီး မဟုတ်ပါလား ဒေါ်ခင်နှင်းယုရယ်။ ကျွန်တော်တင်အောင်ထွန်းသည် ဘယ်သောအခါ ရာဇဝင်သစ်ကို ပြင်ရေးနိုင်သော စာရေးဆရာ ဖြစ်ပါ့မလဲ။ စာရေးဆရာ ဖြစ်ဖို့ဆိုတာကလည်း လွယ်မယောင်နဲ့ ခက်ပါကလား။

ဩော် . . . ဖြစ်များဖြစ်နိုင်ရင် မွှေးဆီကို စာတစောင် ပေတဖွဲ့ ပြန်ကြားချင်လိုက်တာ။

## မောင်ရဲ့ အချစ် မွေးရယ် . . .

ဒုတိယဘုရင်မ ရှင်စောပု ဖြစ်အောင်လို့ မွေးရဲ့အသည်းနှလုံးမှာ မီးမွှေးပေးခဲ့တဲ့ မောင်ဟာလည်း ခုတော့ ဒုတိယ နော်ရထာဘုရင်ဖြစ်ချင်ပါတယ်လို့။

မီးငြိမ်တောင် ပုပ္ပားတောင်ညိုရိပ်မှာ အာဃာတတွေ ပြေတဲ့ "ချစ်ညိုးပြေ" စေတီကို တည်ချင်ပါတယ်။

ဒီဘုရားရဲ့ မုခ်ဝတွေမှာ ရင်ခတ်ပန်းနဲ့ စကားဝါကို ယှဉ်တွဲစိုက်ချင်တယ်၊ ဘုရားမုခ်ဝတိုင်းမှာ ရှိတတ်တဲ့ အစောင့်ဘီလူးတွေရုပ်ဟာလည်း အစွယ်မပါ၊ နတ်ဘီလူးလိုလှတဲ့ နတ်သားလေးတွေပုံကို မောင်ထုချင်တယ်။ နတ်သားလက်မှ ငွေခရုကိုင်လို့ စီးသွန်းတဲ့ ရေဟာ ပုပ္ပားတောင်ခြေကို ရွှန်းပစိုပြေတဲ့ သီးစိုပြည် ဖြစ်ရပါစေ့မယ်လို့ . . .

ဖြစ်ချင်တဲ့ ဆန္ဒပဲ ရှိခဲ့တယ်၊ ဘာစာတစ်လုံးမှ တစ်ဦးနဲ့ တစ်ဦး ဆက်သွယ် ရေးပိုင်ခွင့် မရှိတော့ဘူးနော်။

ကျွန်တော် ဖေဖေဟာ နွေဦးပေါက်ရာသီကိုမှ မစောင့်တော့ဘူး။ ဆောင်းရာသီကုန်ဆုံးခါနီး ဖေဖော်ဝါရီလထဲမှာဘဲ ကွယ်လွန်အနိစ္စ ရောက်ခဲ့တယ်။

သူမကွယ်လွန်ခင် ကျွန်တော့်ကို ပြောခဲ့တဲ့စကား၊ နောက်ဆုံး အဆုံးအမ ဆိုပါတော့။ ဒီစကားကိုတော့ ဒေါ်ခင်နှင်းယုကို ရေးပြပါရ စေ။

"သား - တဲ့။ ဖေဖေတို့သားတို့မှာ ငွေကြေးတွေ ပြည့်စုံပါတယ်တဲ့။ ဖေဖေခုလို အိပ်ရာပေါ် လဲနေချိန်မှာ ဖေဖေ့ကို ပြုစုဖို့ ဖေဖေ့ငွေထဲကနေ စပါရှယ်နပ်စ်ငှားဖို့လည်း အလုံအလောက်ရှိတာပဲ။ သားမှာလည်း ငွေရှိတာပဲ။ ခုလည်း ဖေဖေအိပ်ရာပေါ် လဲနေချိန်၊ သားက အလုပ်သွား၊ သမီးမိန်းကလေးကလည်း

http://www.cherrythitsar.org



မရှိတော့၊ ဖေဖေ သူနာပြုဆရာမနဲ့ပဲ နေရတာပဲ။ အေး . . . သူကလည်း လိုလေသေး မရှိအောင် ပြုစုပါတယ်။

သားဟာ ဘယ်လိုပဲ အရက်သောက်သောက်၊ ဖေဖေ့သား တင်အောင်ထွန်းကြီး တစ်ယောက် အရက်ဖိုဝင်ပြီး ဈာန်ပျံနေနေ၊ ဟော . . . ခုလို ညဉ့်အိပ်ခါနီး ဖေဖေနေကောင်းရဲ့လားလို့ စကားလေး တစ်ခွန်းမေးပြီး၊ ခြေဆုပ်လက်နက်ပြုတာလေ၊ ဖေဖေ ဘယ်လို ကြည်နူးမှန်းမသိဘူး" တဲ့။

ဘုရား. . . ဘုရား၊ ဖေဖေ အဲဒီလို ကြည်ကြည်နူးနူးအေးအေး သာသာ ပြောသံကြားတော့၊ ကျွန်တော်လေ၊ ထမျှားတောင် က ချင်တယ်၊ အို . . . ဘယ်လို ဝမ်းသာမှန်းမသိဘူး။

"ခုခေတ်မှာလေ၊ စိတ်ထဲက အမြဲစေတနာရှိတာပဲ။ အချိန်မှာ မရှိပဲ၊ နပ်စ်ငှားပေးထားသားပဲ၊ ပြီးရောပေါ့"

. . . ဆိုပြီး မိဘရဲ့ နောက်ဆုံးရက်တွေမှာ ဖေဖေ မေမေ နေကောင်းရဲ့လားလို့ တစ်ခွန်းမှ မမေးသူတွေရှိတယ်။ ရှိတတ်တယ် ဆိုတာ သားယုံသလား။

ကျွန်တော်လေ ဖေဖေ့လက်ဖျားလေးတွေကို ဆုပ်ရင်းက ခေါင်းညိတ်ပြမိတယ်။

"သာဓု. . . သာဓု . . . ၊ ဖေဖေ့သားလေး၊ ဝဋ်ဆင်းရဲက၊ ကျွတ်လွတ်ပြီး၊ အမှန်ကို မြင်ပါစေ" တဲ့။ ကဲ-ဖေဖေရဲ့ နောက်ဆုံး စကားကို ကျွန်တော်ခုထိ ကြားယောင်ရက်ပဲ။ ဖေဖေရဲ့ နောက်ဆုံး ရက်၊ မေမေရဲ့ နောက်ဆုံးရက်တွေဟာ ကျွန်တော့အတွက် သိပ်အဖိုးတန်တာပဲ။ ဘာကြောင့်လည်းဆိုတာကို ကျွန်တော် ဆက်ပြီးရေးပြတဲ့အခါ ဒေါ်ခင်နှင်းယု သဘောပေါက်လာပါလိမ့် မယ်။

နောက်ဆုံးတွေ့ရတဲ့ နောက်ဆုံးရက်ကတော့၊ ကျွန်တော့်ရဲ့

http://www.cherrythitsar.org



ကြီးကြီးထား ဒေါ်ဇီဇာရဲ့ နောက်ဆုံးရက်ပါပဲ။

သူ့လုပ်ငန်းက ဆေးလိပ်လုပ်ငန်း၊ ဆေးရိုး စပ်တာကအစ ဆေးလိပ်ဖောက်သည်လက်ထဲရောက်သည်အထိ၊ သူ အသေးစိပ် ပါဝင်ခဲ့တာဘဲ။ ဝါးခယ်မမှာ အကြီးဆုံး ဆေးလိပ်ခုံ သုံးခုံအနက် ကြီးကြီးထားရဲ့ (ထားဆေးလိပ်ခုံ) က တစ်ခုအပါအဝင်ပဲ၊ လယ်မြေ တွေက ဘယ်လိုပဲ ဝင်ငွေကောင်းကောင်း၊ သူရဲ့ ဆေးလိပ်လုပ်ငန်း ကို မစွန့်လွှတ်ခဲ့ဘူး။

ကျွန်တော်တို့ တိုက်ခံအိမ်ကြီးဟာ၊ ဝါးခယ်မအရှေ့ပိုင်းမှာ ရွာလယ်ကျောင်းကို လွန်ပြီးသွားရတယ်။ တခြား ကြေးရတက် မြေပိုင်ရှင်တွေလည်း ကျွန်တော်တို့အိမ်နဲ့ တစ်တန်းတည်း၊ ကမ်းနားလမ်းမှာ ဝါးခယ်မ မြေကြီးကို မျက်နှာချင်းဆိုင် ဆောက် ထားကြတယ်။

ကျွန်တော်တို့ ခြံဝင်းက အားလုံး သူဌေးတွေထဲမှာ အကျယ် ဆုံးလို့ ထင်တယ်။ ကြီးကြီးထားဟာ နောက်ဖက်မှာ ဆေးလိပ်ခုံ အတွက် တန်းလျားရှည်ကြီးကို နေရာယူ ဆောက်ထားဖို့ ဒါလောက် ခြံဝန်းအကျယ်ကြီးကို ဝယ်ထားတာ ဖြစ်ပါလိမ့်မယ်။ အမှန်တော့ အဲဒီခြံမြေဟာ ဖေဖေနဲ့ ကြီးကြီးထား နှစ်ယောက်အပိုင်ပါပဲ။

ကျွန်တော်အနေနဲ့ ဝါးခယ်မမြေကို မရင်းနှီးတာကတော့ ကျွန်တော်ရေးခဲ့သလိုပဲ၊ ရန်ကုန်မွေး၊ ရန်ကုန်ကြီး ဖြစ်နေတယ်။ မွေး နဲ့ မဆုံပါသော ဖူးစာကံက 'ကြုံ' လာတော့၊ ကျွန်တော်ဟာ စစ်ပြေးချိန်မှာ အေးမြချမ်းငြိမ်းတဲ့ ဝါးခယ်မမြို့ အရိပ်ကို ခိုဝင်နားနေ ဖို့ ရောက်လာရတာပေါ့။

ခု ကြီးကြီးထားရဲ့ နောက်ဆုံးရက်ရောက်လာတော့ ကျွန်တော် သူ့ကို ရန်ကုန်ဆေးရုံကြီး ခေါ်လာတယ်။ ကျွန်တော်က တော့ ဆေးပညာ နားမလည်တော့ မသိဘူး။ သမားတော်ကြီး

ဒေါက်တာကြည်ပေါ ကတော့ အဆုတ်နာ (တီ-ဘီ) မဟုတ်ဘူး၊ အဆုတ်ကင်ဆာလို့ ပြောတယ်။ ဖြစ်နိုင်ပါတယ်။ နှစ်ရှည်လများ သူရဲ့ ဆေးစပ်၊ ဆေးမှုန်တွေက အဆုတ်ကို ညစ်ညမ်းလာစေတယ် ထင်ပါရဲ့ ဒီတုန်းက ကင်ဆာ ဝဒ် (ကင်ဆာသီးသန့်ခန်း) ရယ်လို့ မရှိသေးဘူး၊ ပရိုက်ဗိတ်ဝဒ်ခေါ်တဲ့ သီးသန့်ခန်းတွေ၊ ဆေးရုံကြီး နောက်ဖက်မှာ ရှိနေသေးတယ်။ တစ်နေ့ကို ၁၅၊ နေ့သူနာပြုဆရာမ ညသူနာပြု ဆရာမ ထားနိုင်တယ်။

"အေမီရော ဖရက်ရော ကြည့်မှ မကြည့်နိုင်ဘဲဟာ၊ နပ်စ်ပဲ ခေါ်ထားလိုက်ပါ" လို့ အေမီက ပြောတယ်။ အေမီရဲ့ လွတ်လပ်ခြင်း ဝါဒအရ၊ ကျွန်တော်တို့မှာလည်း ငွေကြေးပြည့်စုံနေတော့ အဆင်ပြေ ပါတယ်။

ကျွန်တော်လည်း နေ့တိုင်း ရုံးဆင်းချိန် ရောက်တဲ့အခါလည်း ရောက်တယ်၊ တစ်ရက်ခြား နှစ်ရက်ခြားလည်း ရောက်ပါတယ်။

တစ်ညနေဟာ အပေါ်ထပ် ယောကျ်ားအခန်းက စပါယ်ရှယ် နပ်စ် 'ဒေါရစ်' ဟာ ကြီးကြီးထားအခန်းကို ပြေးလာတယ်။ ကျွန်တော် တို့ရဲ့ သူနာပြုဆရာမ 'စတယ်လာ'နဲ့ ခေါင်းချင်းရိုက် တီးတိုး ပြောနေကြတယ်။

"ဒါဟာ ဆရာဝန် မတတ်နိုင်ဘူး' လို့ သူတို့လေသံ တစ်ချက် တစ်ချက် ထွက်လာတယ်။ ကျွန်တော်နဲ့ ဆရာမလေးတွေနဲ့က အဖွဲ့ ကျပြီး၊ ရင်းနှီးပြီး ဖြစ်နေတယ်။ ကျွန်တော်တို့ရဲ့ သူနာပြု ဆရာမလေးက လေသံနဲ့ ကျွန်တော်ကို လာပြောတယ်။

"ဖရက်၊ ဒေါရစ်နဲ့ ခဏလိုက်သွားပြီး သူ့ကို ကူလိုက်စမ်းပါ တဲ့၊ အန်တီထား အနားမှာ လူမရှိမှာစိုးလို့ စတယ်လာမလိုက်နိုင်ဘူး" တဲ့။

ကျွန်တော်လည်း ဘာမှန်းညာမှန်းမသိ ဒေါရစ်ခေါ်ရာကို

http://www.cherrythitsar.org



လိုက်သွားရတယ်။ ဒေါ်ရစ်ရဲ့ လူနာဟာ ဖေဖေ့သူငယ်ချင်း၊ မင်းကြီး ဦးသော်ဇင်ဖြစ်နေတယ်။ သူဟာ ရက်ပိုင်းအတွင်း ကွယ်လွန်တော့ မယ်လို့ ဒေါ်ရစ်က ပြောတယ်။

"ဆရာမ . . . ဆရာမ၊ လိုက်သွားလေ၊ ဆရာမ . . . ဟော လူမည်းကြီးတွေ ခေါ်လာပြီ၊ အခန်းဝမှာ ခွေးနက်ကြီး၊ မောင်မောင် ရောက်မလာသေးဘူးလား၊ မောင်မောင် လိုက်သွား၊ . . . မင်းလိုက်သွား . . .' ဆိုတဲ့ အသံကို အခန်းထဲရောက်တော့ ကျွန်တော် ကြားရတယ်။ တုန်တုန်ရီရီနဲ့ ပြောနေတဲ့ လူနာအဖိုးကြီး တစ်ယောက်ကိုလည်း တွေ့ရတယ်။ အင်မတန်အားနည်းနေတဲ့ အထဲကကို ဖျစ်ညှစ်အော်နေတယ်။ ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိဘူး။

"သူ့သား မောင်မောင် ဘုန်းကြီးသွားပင့်တယ်၊ သူ့ဇနီးလည်း လာတော့မယ် ဖရက်၊ ဒေါ်ရစ်ဘာမှ မရွတ်တတ်ဘူး၊ တတ်သမျှ မှတ်သမျှ ရွတ်စမ်းပါ" တဲ့။

ဒေါ်ရစ်က ခရစ်ယာန်မို့လို့ မရွတ်တတ်တာ အဆန်းမဟုတ် ပါဘူးဘော။ ကျွန်တော် ဗုဒ္ဓဘာသာက ဘာရွတ်ရမှန်းမသိ၊ ဘာကစ ရွတ်ရမှန်းကို မသိတော့ဘူး။

"ခွေးနက်ကြီး . . . လက်ကို စကိုက်ပြီ၊ ဆရာမ ဒေါ်ရစ် မကယ်တော့ဘူးလား"

လူနာရဲ့အော်သံ ထပ်ပြီး ကြားပြန်တော့ ကျွန်တော် ရင်နာ လိုက်တာ။ ကျွန်တော်ဟာ ဣတိပိသောထဲက သံဗုဒ္ဓေကို ရွတ်ရ တယ်။ မကြာခင်ပဲ ဦးသော်ဇင်ရဲ့ ဇနီးနဲ့အတူ ဘုန်းတော်ကြီး တစ်ပါးလည်း ကြွလာတယ်။ သူ့သား မောင်မောင်လည်း ရောက်လာ တယ်။

ကျွန်တော်က သံဗုဒ္ဓေဆုံးတော့ ခဏ ဝရန်တာကို ထွက်ပေး

http://www.cherrythitsar.org



လိုက်တယ်။ ဒေါ်ရစ်လည်း ဘုန်းတော်ကြီး ရွတ်ဖတ်သရဇ္ဈာယ် နေတုန်းဆိုတော့ ခေတ္တရှောင်ပေးတယ်ထင်ပါရဲ့ ကျွန်တော့်အနား လာရပ်တယ်။

"ဖရက် . . . ဖရက်၊ သေခါနီးဇောဆိုတာ ခုမှ ဒေါ်ရစ် ယုံတော့တယ်၊ လက်တွေ့မှ ယုံတော့တယ်" တဲ့။ ကျွန်တော့်ကို သူလေသံလေးနဲ့ ပြောတော့ ကျွန်တော်လည်း အတော် တုန်လှုပ် သွားတယ်။

"ကျွန်တော့် ဖေဖေဟာ သူတော်ကောင်းကြီးပါခင်ဗျာ၊ အရက်လည်း မသောက်၊ မိန်းမလည်း မလိုက်ဘူး၊ အို . . . ကွယ်လွန် ခါနီး ခုလို ဇောမကပ်အောင် ဖေဖေ့ကို ဘာတရား ကယ်ပါ့မလဲ"

အသက် ၂၀ လောက်ရှိသေးတဲ့ သူ့သားလေး မောင်မောင် ဟာ ကျွန်တော်အနားကို လာငိုတော့တယ်။ ကျွန်တော်လည်း မောင်မောင့်ကို နှစ်သိမ့်ရတယ်။ သေခါနီး ဇောပြန်ပုံနဲ့၊ ဘဝတစ်ခု တစ်ခုချုပ်ငြိမ်း ကူးပြောင်းပုံကို ကျွန်တော်လည်းမသိ။ နာရီဝက် လောက်ကျမှ လူနာရှင်တွေကို နှစ်သိမ့်စကား ပြောပြီး ကြီးကြီးထား အခန်းကို ပြန်လာရတော့တယ်။ လှေကားကိုအဆင်း ကျွန်တော် စဉ်းစားမိတယ်။ မင်းကြီး ဦးသော်ဇင်လို သူတော်ကောင်းတောင် သေခါနီး ဘာစွဲလမ်းပြီး ဇောဖောက်လာတာလဲမသိဘူး။ သူ့ နောက်ဆုံးအချိန်ဟာ စိတ်ချောက်ချားစရာ ကောင်းလိုက်တာ။ ကျွန်တော့်လို အရက်သမား၊ မိန်းမပွေသူဆိုရင်တော့ ပြီးပါလေရော၊ ပြီးပါလေရော၊ ဘာတွေ စွဲလို့ ဘာတွေ ဇောကပ်လာမလဲမသိဘူး။

တော်ပါသေးရဲ့။ ဖေဖေဟာ တည်တည်ငြိမ်ငြိမ်ပဲ သေခြင်း တရားကို ရင်ဆိုင်သွားလို့ ကျွန်တော်စိတ်ဖြေနိုင်သေးတယ်ခင်ဗျ။

ကြီးကြီးထား အခန်းဝရောက်တော့ ကျွန်တော့် ရင်ထဲ ဒိတ် ခနဲ ဖြစ်သွားတယ်။ လူနာကတော့ ဘာမှမဖြစ်ပါဘူး။ စတယ်လာ

http://www.cherrythitsar.org



တိုက်တဲ့ ကြက်စွပ်ပြုတ်အရည်ကို ဖြည်းဖြည်းလေး သောက်နေတယ်။ သူ အဖတ်မဝင်တာ လဆန်း စ ကတည်းကပဲ။

ကျွန်တော် ဒိတ်ခနဲဖြစ်ရတဲ့ အကြောင်းက “ယောက်မလုပ်သူကို ပါးရိုက်၊ နိုင့်ထက်စီးနင်းလုပ်၊ ဆေးလိပ်ခုံ သမားတွေအပေါ် နိုင်တိုင်းဖိ၊ လယ်သမားတွေအပေါ် စပါးပေး၊ ပေးရာမှာလည်း တင်းမမှန်၊ တောင်းမမှန်ခြင်တဲ့ ငါ့ကြီးကြီးထား၊ သူများ သေခါနီးရင် ဘာဖောများ ဆိုက်ဦးမလဲ’ ဆိုတဲ့ အတွေးက ဝင်လာလို့ပါပဲ။

အို . . . အိမ်ရောက်တော့လည်း အိပ်မပျော်ဘူး၊ ကိုယ့်နံဘေးမှာ အိပ်ပျော်နေတဲ့ အေမီကို ကြည့်ရင်းလည်း အသက်ရှူမှားမိတယ်။

ပါဏာတိပါတာကံဆိုတာ သူများအသက်ကို သက်တာလို့ ဗုဒ္ဓဘာသာတိုင်း သိပါတယ်၊ ကျွန်တော်လည်း တခြားဗုဒ္ဓဘာသာတွေ အသိထက် မပိုခဲ့ပါဘူး။ တစ်ခါတလေတော့လည်း ခြင်ကောင်လေး၊ ကြမ်းပိုးလေးကအစ၊ ပုရွက်ဆိတ်ကလေးတွေပဲ ဖြစ်ဖြစ်၊ သေစေချင်တဲ့ စိတ်နဲ့ သတ်တာလည်းရှိတယ်၊ မတော်တဆ သတ်မိတာလည်း ရှိတာပေါ့လေ။

မအေမီ လူသတ်ပုံကတော့ ကိုယ့်ရင်သွေးကို သန္ဓေဖျက်ဆေးတွေသောက်ပြီး ဖျက်ရက်သတ်ရက်တဲ့ လူသတ်မကြီးပါလား ဆိုပြီး အသက်ရှူမှားတာပါ။ ယခင်ကတော့ ကျွန်တော်ရဲ့ အိပ်ရာဝင် ညဥ့်များဟာ နတ်သမီးရင်ငွေ့နဲ့ အတွေ့ထူး အငွေ့ထူးတွေကြောင့် ဇိမ်ကျပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်ခဲ့ပါတယ်။

ခု ကျွန်တော့်အဖြစ်ကတော့ အသူရကာယ်ဘုံက နတ်သမီးနဲ့ စံစားမိတဲ့မင်းသား ဖြစ်နေတယ်။ မသိခင်ကတော့ ပန်းမွှေ့ရာခင်းတဲ့ သလွန်ပေါ်မှာ နတ်သမီးရဲ့ ညအတွေ့တွေကို ကုန်လွန်ခဲ့ရတယ်။ ဒီမင်းသားဟာ တစ်ည တစ်ရေးနိုးချိန်မှာ သူ့အပါးက မင်းသမီး

http://www.cherrythitsar.org



ပျောက်သွားတော့ လိုက်ကြည့်တယ်။ သူ့မင်းသမီးဟာ အသူရကယ် ဘုံက နတ်သမီးဖြစ်တော့ ညဥ့်သန်းခေါင်းရောက်ရင်ပဲ သူတို့နှစ်ဦး နေ့လယ်က ပျော်မြူးခဲ့တဲ့ ဥယျာဉ်အလယ်က ရေကန်ကို ဆင်းပြီး ခွေးနက်ကြီး စားမျိုတာကို ခံရတယ်။

အသူရကယ်ဆိုတာ ငရဲဘုံပဲဖြစ်တော့ အရုဏ် လင်းခါနီး ရောက်ရင် လှပတဲ့ လူသားမင်းသမီးအသွင် ပြန်ဖြစ်ပြီး ရေကန်ပေါ် တက်လာရတာကိုး။

ဒီအကြောင်းကို မြင်တွေ့သွားကတည်းက မင်းသားဟာ မပျော်တော့ဘူး။ သူ့ရဲ့ထွက်ပေါက်ကို ရှာတော့တယ်။

ကျွန်တော်လည်း မပျော်တော့ဘူး။ အသက်ရှူမှားနေပြီ။ သြော် ဝတ္ထုပဲ ဖြစ်လိုက်စမ်းပါတော့။ ဝတ္ထုသာဆို အေမီနဲ့ ကွာရှင်းပြီး တရားတွေ ကျတဲ့ တင်အောင်ထွန်းဟာ ဘုန်းကြီး ဝတ်သွားရောလို့ နိဂုံးချုပ်လိုက်ရင် ပြီးသွားမှာပါပဲ။ တကယ့် လူ့လောက ဒီလိုဖန်တီး ချင်တိုင်း ဖန်တီးလို့ မရပါလားနော်။

စာက ရေးချင်တာကနေ ချော်သွားပြန်ပြီ။

အင်း . . . မလွဲမသွေ တွေ့ရတဲ့ ကြီးကြီးထားရဲ့ နောက်ဆုံးရက် ကို ကျွန်တော် ရေးပြမှာပါ။ သူ့နောက်ဆုံးရက် ကလည်း တစ်ဘာသာ အဆန်းပဲ။

သူ့ညီမဝမ်းကွဲ ဝါးခယ်မက ဆရာမဒေါ်မာလေးနဲ့ သူ့ဆေးလိပ်ခုံက သူ့ရဲ့ ကိုယ်စားလှယ်ဆိုပါတော့၊ ဖေဖေပြောတဲ့ မဝက်လည်း လာပြီး ပြုစုတယ်။ ဆေးရုံမှာ မကွယ်လွန်စေချင်တာနဲ့ လက်လွှတ်ပြီးလို့ ဆရာဝန်တွေကလည်းဆိုရော၊ အိမ်ကို ခေါ်လာ ကြတယ်။ နေ့ သူနာပြုဆရာမ၊ ည သူနာပြုဆရာမလည်း ထားရက်ပါပဲ။ သူ့ညီမ ဝမ်းကွဲ ကတော့ ဝါးခယ်မမှာကတည်းက အတူမနေဘူး။ ဝါးခယ်မ အနောက် ပိုင်းမှာ သူ့သီးခြားအိမ်နဲ့ပဲ

http://www.cherrythitsar.org



နေတယ်၊ ကျောင်းဆရာမ အပျိုကြီးပါပဲ။

သူလည်း အနားမှာ အမြဲရှိတယ်။ အိပ်ရာဝင်ခါနီးတိုင်း ကြီးကြီးထားအနားမှာ ပရိတ်ရွတ်လို့ ကြီးကြီးထား ကြီးမှူးပြီး ဝါးခယ်မ မုံရွာ ကျောင်းမှာ ဘုံကထိန်ခင်းခဲ့တာတွေ၊ ရန်ကုန် မင်းကွန်းကျောင်းတိုက်မှာ ကြီးကြီးထားရဲ့ ပြုခဲ့တဲ့ ကုသိုလ် အဆောက်အအုံတွေ စာရင်းက အစ၊ အန်တီမာလေးဟာ အဆင် သင့်သလို သူ့အစ်မကို ပြောပြတယ်။ သူ့အစ်မ ကုသိုလ် ပွားစေ ချင်တဲ့ သဘောပေါ့။

ဒါပေမင့် သူတို့လည်း စိတ်ညစ်၊ ကျွန်တော်လည်း စိတ်ညစ် တဲ့ အကြောင်းက အိမ်သားတွေကို တွေ့တိုင်း၊ ပက်လက်ကနေ လက်နှစ်ဖက်ကို ဝိုင်းဝိုင်းပြတယ်။ အသံကလည်း သိပ်မထွက် တော့ဘူး။

"အန်တီမာလေး၊ ကြီးကြီးထား ဘာကို ပြထာလဲဟင်"

ကျွန်တော်မေးတဲ့အခါတိုင်း အန်တီမာလေးလည်း စိတ်ရှုပ် သွားတယ်။

"မပြောတတ်ဘူး တင်အောင်ထွန်းရေ၊ လက်ကိုသာ ဝိုင်းဝိုင်း ပြနေတာပဲ၊ မဝက်၊ ညည်းကော မသိဘူးလား"

"မသိဘူး၊ မမာမာရဲ့"

"ခက်တော့တာပဲ၊ တစ်ခုခုတော့ စွဲနေပါပြီ၊ ခက်သားလား၊ အန်တီမာလေးက ခဏခဏသတိပေးတယ်၊ ကိုယ့်မှာ ကိုယ်ပိုင် အလုပ်လည်းဖြစ်တယ်။ ကြိုက်တဲ့အချိန် အနားယူလို့ရတယ်၊ သီတင်း နေ့ ဥပုသ်စောင့်ပြီး အလဒါနတွေချည်းပဲ လုပ်လို့မပြီးဘူး၊ သေခါနီး ဇောမဖောက်အောင် စိတ်ငြိမ်အောင် စိတ်ပြတ်အောင် ဝိပဿနာ တရားကို အားထုတ်ပါ။ မဟာစည် သာသနာ့ရိပ်သာကို မသွားချင် တောင်၊ မိုးကုတ် ဟံသာဝတီ စွန်းလွန်း အစရှိတဲ့ ရိပ်သာ တစ်ခုခုမှာ

http://www.cherrythitsar.org



အားထုတ်ပါ။ ခဏခဏ သတိပေးတယ်၊ မရဘူး မရဘူး၊ ခုအချိန်ကျ မှ ဘယ်လိုလုပ်ရပ့်ါမလဲ”

အန်တီမာလေးက ညည်းလည်းညည်းစရာပဲ။ အန်တီမာ လေးဟာ ကျောင်းဆရာမပေမင့် နွေရာသီကျောင်းပိတ်ရင် ရန်ကုန် လာပြီးနေတယ်။ ကျွန်တော်တို့အိမ်မှာ ခဏပဲတည်းပြီ မဟာစည် သာသနာ့ရိပ်သာမှာ တရားဝင်နေတာပဲ၊ ကျောင်းဖွင့်ခါနီးမှ ဝါးခယ်မ ကိုပြန်တယ်။

ကျွန်တော်ရယ်၊ အန်တီမာလေးရယ်၊ မဝက်ရယ်၊ သုံး ယောက် ခေါင်းချင်းဆိုင် တိုင်ပင်ကြတယ်။ အိမ်ဆရာဝန်ကို ဖွင့်ဟ ပြောကြပြီး နောက်ဆုံးပေါ် ဂျပန်ဆေးကို ကြီးကြီးထားကို ထိုးပေး ကြတယ်။ ဒီဆေးအစွမ်းက လပိုင်းတော့ မတတ်နိုင်ဘူး။ ရက်ပိုင်း အတွင်းတော့ လူနာဟာ သတိကောင်းပြီး သေခါနီး လုပ်ချင်တာ မှာချင်တာတွေ လုပ်လို့ရသတဲ့။ နောက်ဆုံး ဆေးအစွမ်းနဲ့ ကြီးကြီး ထားဟာ အသံ နည်းနည်းထွက်ပြီး စကားပြောလာတယ်။ အန်တီမာ လေးက . . .

“လက်ချောင်းတွေ ကွင်း-ကွင်းပြတယ် ဘာလုပ်ချင်တာလဲ မမကြီး . . . ” လို့ ကမန်းကတန်းမေးရတယ်။

“အထုပ် . . . အထုပ်” လို့ လေသံနဲ့ ပြန်ဖြေတယ်။ ကျွန်တော် နဲ့ အန်တီမာလေးကတော့ ကြောင်းပြီး နာမလည်ကြဘူး။ မဝက် ကတော့ ချက်ချင်းသိတယ်ဗျ။

“မမကြီးရဲ့ လက်ဝတ်လက်စားထုပ်လား” လို့ မေးတော့ ကြီးကြီးထားဟာ ခေါင်းညိတ်ပြပြီး ခဏမှိန်းသွားတယ်။ မဝက်က သက်ပြင်းကြီးချပြီး ရှင်းပြောပြတယ်။

“ဆရာမကြီး ဒီအထုပ်အကြောင်း ကျွန်မသိတယ်၊ သူ့ လက်ဝတ်လက်စား စိန်တွေကို သီးသန့်ထုပ်ထားတယ်၊ ဘာလို့သိ

http://www.cherrythitsar.org



လဲဆိုတော့ ဝါးခယ်မမှာ တစ်မြို့လုံးကင်းချပြီး ဓားပြတိုက်ခံရတော့ တခြားပစ္စည်း ဘာမှ မယူဘူး၊ သူနဲ့ ကျွန်မ အဲဒီအထုပ်ယူပြီး နောက်ဖေးက ဆက်သွားဖူးချုံနောက်မှာ ပုန်းနေရတယ်၊ ဒီအထုပ်ကို စွဲလမ်းနေမှာ . . . ”

မဝက်စကားဆုံးတော့မှ အန်တီမာလေးရယ်၊ ကျွန်တော်ရယ် ကြီးကြီးထား ပေးထားတဲ့ သော့နဲ့ သူ့မီးခံသေတ္တာကို ဖွင့်ကြတယ်။ မဝက်ပြောတဲ့၊ သူပိုင် သူဝတ်တဲ့ လက်ဝတ်လက်စား စိန်ထုပ်ကို တွေ့တယ်။

ကျွန်တော်တို့ တူအရီးနှစ်ယောက် ဒီအထုပ်ကို ယူပြီး ကြီးကြီး ထား မျက်လုံးဖွင့်ပြချိန်မှာ ပြပြီး သူဝိုင်းဝိုင်းပြနေတဲ့ လက်နှစ်ဖက်ထဲကို ထည့်လိုက်ကြတယ်။ ခေါင်းညိတ်ပြပြီး မျက်လုံး တွေဟာ ဝင်းပပြောင်လက်သွားတာပဲ။ အံ့သြစရာကောင်းလိုက် တာ။ ဘယ်လောက်များ ဒီအထုပ်ကို မြဲမြဲဆုပ်ထားသလဲ ဆိုတာ၊ သူသေတော့ လက်ချောင်းလေးတွေကို မနည်းဖြေယူရတယ်။ ဆွေမျိုးတွေ မလာခင် အန်တီမာလေးဟာ ပြင်းပြင်းထန်ထန် ငိုတယ်။

“တင်အောင်ထွန်း မင်းဘာမှမသိဘူးနော်၊ မင်းတို့ ကြီးကြီး ထားဟာ အဲဒီစိန်ထုပ်ကို စွဲလမ်းသွားပြီ” တဲ့။

“အန်တီမာလေးကလည်း၊ သူလိုချင်တာ သူ့ရင်ဘတ်ပေါ်မှာ တင်ပြီး ဆုပ်ကိုင်ပြီး သေသွားတာ၊ ကျေကျေနပ်နပ် ရှိသွားတာပေါ့”

“အဲဒီလိုမဟုတ်ဘူး၊ ဒီစိန်ထုပ်ကို ငါသေရင် ဘယ်နေရာ ဘာကို လှူလိုက်လို့မှ မပြောပဲ၊ တစ်ခါတည်းကို မြဲမြဲကြီး ဆုပ်ထားတာ သုံးရက်လုံးလုံး နောက်ဆုံး ဆရာဝန် ဆေးထိုးတဲ့ အထိ သတိပြန်လည်လာလည်း၊ လှူဖို့မပြောဘူး၊ အမလေး ကြောက် စရာကောင်းလိုက်တာ၊ အဖြစ်ဆိုးလိုက်တာ မမကြီးရဲ့” ဆိုပြီး

http://www.cherrythitsar.org

## ၁၁၂ **ခင်နှင်းယု**

ခပ်အုပ်အုပ်လေး အသံဖွင့်ပြီး ငိုရှာတယ်။

တခြားပစ္စည်းတွေတော့ သင့်သလိုဝေခွဲပြီး၊ ဒီစိန်ထုပ်ကိုတော့ အန်တီမာလေး အကြံဉာဏ်ပေးတဲ့အတိုင်း၊ ကျွန်တော် လုပ်ပါတယ်၊ ကျွန်တော်တို့ အိမ်နောက်က ဆပ်သွားဖူးတောကိုရှင်းပြီး မူလတန်း ကျောင်းဖွင့်တယ်။ သူ့ဆေးလိပ်ရုံသမားတွေရဲ့ သားသမီးတွေနေစေပြီး ဒီကျောင်းရဲ့ အုပ်ချုပ်ရေးတာဝန်ကိုတော့ အန်တီမာလေး ယူပါတယ်။

ကျွန်တော်တို့ မဟာသာကီ အုပ်စုဝင် မဟာ ရဲတိုက်ကြီးက သုံးဦးသော မဟာန္ဓယ်တို့ရဲ့ နောက်ဆုံးနေ့များရဲ့ ဇာကို ကျွန်တော် တင်ပြပြီးပါပြီ။

http://www.cherrythitsar.org

## အခန်း (၅)

# ပွဲတော့်အမှား

"သရဏဂုံ တည်ရတယ်. . . သရဏဂုံ တည်ရတယ်"

အန်တီမာလေးရဲ့ အသံဟာ ဒေါသသံနဲ့ ပေါက်ကွဲလာတဲ့ အသံ။ ကျောင်းဆရာမပီပီ စကားပြောရရင် သူ့မိသားစုနဲ့ရော၊ ကျွန်တော်တို့ မိသားစုနဲ့ရော၊ ဆက်ဆံပြောဆိုတဲ့နေရာမှာ ကြီးကြီးထားတို့လို မခက်ထန်ဘူး၊ သိပ်ပြီး သာသာညှင်းညှင်း တိုးတိုးသက်သာ ပြောတတ်တယ်။ ခုတစ်ခါ ခုနစ်သံနဲ့ကို အော်နေတာဘဲ။ ဘာများ အိမ်ကြီးပေါ်မှာ ဖြစ်နေပါလိမ့်။ ရုံးကဆင်းလာတဲ့ ကျွန်တော်ဟာ အိမ်ပေါ်မှာ ဘာဖြစ်နေတယ်လို့ မသိဘူး။ ပထမတော့ အိမ်ကြီးပေါ်ကို ပြေးတက်သွားမလို့ တက်တော့မယ့်ဆဲဆဲ ခြေလှမ်းကို အေမီရဲ့ အသံဟာ တန့်ရပ်သွားစေတယ်။

"ဘာသရဏဂုံလည်း . . . သူများအိမ်ကို နိမိတ်မရှိ နမာမရှိ

http://www.cherrythitsar.org



မပြောပါနဲ့၊ သရဏဂုံဆိုတာ သေမှ တင်ရတာ”

ကျွန်တော်လည်း ခြေလှမ်းကို ပြန်ဆုတ်ပြီး အသာလေးကားရင်း နံဘေးက ကုလားထိုင်တစ်လုံးမှာ ထိုင်ပြီး အိမ်ပေါ်က စကားသံတွေကို နားထောင်နေတယ်။ ကျွန်တော်ထင်တာကတော့ အေမီ ချွတ်ခန်းလို့ ထင်လို့ပဲ။

“ဒါဗုဒ္ဓဘာသာလားအေမီ၊ သရဏဂုံဆိုတာတောင် ဘာမှန်းမသိဘူး၊ အန်တီမာလေး ရှက်လိုက်တာ၊ ဒီအိမ်ကြီးက ကျက်သရေရှိမင်္ဂလာရှိလိုက်တာမှ အလွန်ပါပဲ၊ ကျက်သရေမင်္ဂလာမရှိတာက အေမီတို့လင်မယား၊ အန်တီမာလေး သာသာညင်းညင်း ပြောလို့ရမယ် ထင်လို့ ပြောနေတာ၊ အေမီအော်သလို အန်တီအော်နိုင်တယ်၊ သရဏံ ဂုံဆိုတာ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံ သရဏံ ဂစ္ဆာမိ၊ သံဃံ သရဏံ ဂစ္ဆာမိ၊ ဘုရား၊ တရား၊ သံဃာတို့ကို ကိုးကွယ်ရာဟူ၍လည်း ဆည်းကပ်ပါ၏တဲ့ နားလည်ပြီလား၊ မင်းတို့အိမ်မှာ ကိုကိုကြီးရော မမထားရော မမမြသွယ်လည်း မရှိကြတော့ဘူး၊ နှစ်ယောက်လုံး အိမ်ထောင်ဦးစီး အဖြစ်နဲ့ နေရမယ့်အချိန်မှာ အိမ်ထောင်ဦးစီး လုပ်ရမယ့် သူတွေက မိုလင်းကမိုးချုပ်’

“ဘယ်လိုနေနေ၊ ဒါအေမီတို့အိမ်ပါ၊ အေမီတို့ အိမ်ရေးကိစ္စမှာ အန်တီမာလေး ဘာမှ ဝင်မစွက်ဖက်ပါနဲ့၊ အေမီ ဘာလုပ်လုပ်၊ အန်တီမာလေး ဘာမှ ဝေဖန်စရာမလိုဘူး၊ နေပုံထိုင်ပုံ မကြိုက်ရင် အန်တီမာလေး တခြားမှာသွားနေ၊ ပိုက်ဆံလိုချင်ရင် အမွေဆိုင်တယ် ထင်ရင် ကြိုက်သလောက်ခွဲယူသွား”

“ဟား . . . ဟား . . . ရိုင်းရိုင်းပဲအန်တီမာပြောတော့မယ်။ ငါဟာနင်တို့လို တရားမဲ့တဲ့မိန်းမ၊ တာတွယ်စွဲလမ်းတတ်တဲ့မိန်းမ မဟုတ်ဘူးဟေ့၊ ဒီအိမ်ပေါ်မှာ ဒီစကားကို ပြောရတာ ငွေတစ်ပြား၊ ပျဉ်တစ်ချပ်ကို လိုချင်လို့လို့မထင်နဲ့။ ငွေလည်း မလိုဘူး၊ ရွှေလည်း

မလိုဘူး၊ ဝါးခယ်မမှာ ကျောင်းဆရာမကြီး ဒေါ်မာလေးဆိုရင် ငါ့အိမ် ငါ့ယာ ငါ့ငွေကြေး အပြည့်အစုံနဲ့ ခိုင်ခိုင်မာမာ နေနိုင်တဲ့မိန်းမ သိရဲ့လား၊ ငါ ငါဆိုတာ စကားအဖြစ်ပြောရပေမဲ့ အဲဒီပစ္စည်း တွေကိုလည်း ငါမစွဲလမ်းဘူး၊ တရားဝင် ငါပိုင်ဆိုင်ခွင့်ရှိတဲ့ ဟောဒီ အိမ်ကြီးက ရသင့်တဲ့ အမွေကိုလည်း အန်တီမာလေး တစ်ပြားမှ မယူဘူး အောက်မေ့လိုက်၊ သူများ မိသားစု ကိစ္စမှာ ဝင်ရှုပ်ချင်လို့ ဝင်ပြီး ဝေဖန်ချင်လို့ ဒီစကား ပြောရတာမဟုတ်ဘူး၊ တခြားမှာ သွားနေလို့ နှင်ချဖို့လည်းမလိုဘူး၊ အစတုန်းက မမထား ကိစ္စပြီးရင် ဝါးခယ်မကို ချက်ချင်းပဲ ပြန်မလို့၊ ခုအန်တီမာလေးကို နှင်ချလို့ ဟောဒီအိမ်ကြီးမှာ တမင်ကို နေမယ်၊ သာသနာပြုပြီးမှကို၊ အန်တီမာလေး ဝါးခယ်မကို ပြန်မယ်သိလား"

"ဟော့. . . ဘတ္တလာ၊ ဟော့. . . ဘတ္တလာဂျင်မီ"

အေမီရဲ့ အော်ခေါ်သံပေါ်လာပြီး သူ့ဘတ္တလာဂျင်မီ လှေကားပေါ်ကို ပြေးတက်သွားတယ်။ ကျွန်တော်လည်း ကျွန်တော့် ကိုယ်ကို မမြင်အောင် ဧည့်ခန်းထောင့် တစ်နေရာမှာ ဝင်ပုန်းနေ လိုက်တယ်။

"ငါ့ ပစ္စည်းတွေ အကုန်သိမ်း၊ ဝင်ဒါမီယာက အိမ်ကို အကုန် ပြောင်း၊ ဒရိုင်ဘာ ဘရှင်နဲ့ ငါအခုလာခဲ့မယ်၊ ကားအဆင်သင့် ထုတ်ထားလိုက်"

အေမီရဲ့ အမိန့်ပေးသံကို ကြားရတယ်။ ဖေဖေနေမကောင်း လို့ လာမနေရခင်က ကျွန်တော်တို့ လင်မယားအတွက် ဖေဖေ လက်ဖွဲ့ထားတဲ့ ဝင်ဒါမီယာကအိမ်မှာ သီးခြားနေကြတယ်။

"အများမသိပါစေနဲ့ဆိုပြီး တိုးတိုးကျိတ် ဆုံးမပြောရင် မရချင် ဘူး၊နက်ဖြန်သန်ဘက် အရွယ်ရောက်လာမယ့် ဒီသားလေးဟာ အေမီ တို့လင်မယား အရက်နဲ့ နေ့တိုင်း ပွဲတော်တည်နေတာကို

http://www.cherrythitsar.org



မြင်ရင်၊ အဲဒီ ကလေးက အဲဒီမိဘခြေရာကို နင်းလာမှာပေါ့၊ ခုထိ ဒီကလေး သရဏဂုဏ် သုံးပါးကို မသိသေးဘူး၊ ကိုကိုကြီး ဆုံးခါနီး သက်န်းချီပြလိုက်တာကလွဲလို့ ဒီကလေးလည်း သက်န်းမဆီးရ သေးဘူး၊ ဟောဒီ သားလေးကို ကျောင်းပိတ်ရက် ရှင်ပြုပြီးမှ အေးအေးဆေးဆေး ဝါးခယ်မကို ပြန်မယ်၊ ဟောဒီအိမ်မှာ သာသနာ ကို ပြုပြီးမှ ပြန်မယ်၊ ကြိုက်သလို အမွေခွဲဝေယူကြ၊ အန်တီမာလေး တစ်ပြားမှ မယူဘူး"

"ကိုယ့်မိဘ ကိုယ့်ငွေကြေးနဲ့ နေလာတာ အေမီဆိုတဲ့ ကောင်မကို ဘယ်သူ စွက်ဖက်ဝေဖန်တာကိုမှ ခံခဲ့တာမဟုတ်ဘူး၊ ကိုယ့်တိုက် ကိုယ်သွားနေမယ်၊ ဖရက်ကို ပြောလိုက်၊ သားကြီး ကျောင်းဆင်းရင်ကလေးခေါ်ပြီး လိုက်ချင် လိုက်လာခဲ့နိုင်တယ်လို့"

"ပြောလိုက်မယ်၊ ပြောလိုက်မယ်၊ သူက အပျိုကြီး၊ ဘာမှ မသိဘူး ဝင်ရှုပ်တယ်လို့၊ ဘယ်လိုပဲထင်ထင်၊ ဒီကလေးကြောင့် ဒီစကား စ ရတာ၊ ဒီကလေးကို ရှင်ပြုပြီးရင် လာခေါ်ကြ၊ ရှင်မပြု သေးမချင်း၊ ဒီကလေးကို လာမခေါ်ပါနဲ့၊ ဘယ်တော့မှ ထည့်မှာ မဟုတ်ဘူး၊ အသည်း မရှိဘူးပြောပြော၊ နှလုံးမရှိဘူး ပြောပြော၊ ရုံးကနေ ဥပဒေနဲ့ခေါ်ခေါ်၊ ဒီကလေး ရှင်ပြု မပြီးမချင်း အန်တီမာ မထည့်ဘူး၊ ငါ့မှာ မဆိုင်ဘဲ ဒီပြဿနာ ဝင်ခေါင်းတည်ရတယ်။ အမှန် တော့ ငတင်အောင်ထွန်း ရှော်လို့ ညံ့လို့ ငါဝင်ပါ ရတာ မိအေမီ"

အန်တီမာလေး အသံဟာအော်ဟစ်ရုံမကဘူး တုန်တုန်ရီရီနဲ့ ကြေကွဲသံရော ငိုသံရော ပါလာတယ်။

"ပြီးတော့. . . အန်တီမာလေး သဘောနဲ့ ဒီစကားတွေကို ပြောနေတယ် မအောက်မေ့နဲ့၊ စကား မပြောချင်လို့၊ မမထား သင်္ဂြိုဟ်ဖို့ကိစ္စအတွက် လာကတည်းက မျက်နှာချင်းမဆိုင်ရအောင် တမင် နေတာ သိရဲ့လား၊ မနေ့က အေမီရဲ့ မာမီက ပြောခိုင်းလို့

http://www.cherrythitsar.org



သိပြီလားဟေ့၊ သိပြီလား”

“ဘာ. . .၊ မာမီက ဘာပြောခိုင်းတယ်. . . ”

“အေး-ပြောပြမယ်၊ ဘာပြောတယ်ဆိုတာ သေသေချာချာ နားထောင်၊ နားထောင်ပြီးမှ ဖြည်းဖြည်းစဉ်းစား၊ ဖြည်းဖြည်း ဆုံးဖြတ်”

အန်တီမာလေး အသံဟာ ခဏရပ်သွားပြီးမှ ငိုသံနဲ့ပဲ ဆက်ပြောတယ်။

“အေမီ့ကို ဘာမှ မပြောကြတော့ဘူးလားတဲ့၊ သူတော့ လက်မြှောက်ပြီတဲ့၊ သားအမိမို့လို့ မျက်နှာချင်းဆိုင်ပြီး နေရေး ထိုင်ရေး ဆွေးဆွေးနွေးနွေး ပြောမယ်ဆိုရင် သူ့ကို ကျောခိုင်းထိုင် နေတယ်၊ မျက်နှာကလည်း ရှစ်ခေါက်ချိုးနဲ့၊ ထစ်ခနဲဆို ဒက်ဒီနဲ့ ပဲရစ်မှာ သွားနေမယ်၊ အေမီ ဒီမှာနေလို့ မဖြစ်ဘူးပဲ ပြောနေတယ် တဲ့”

အေမီရဲ့ အဖေဟာပဲရစ်နဲ့ မိုးကုတ် ပတ္တမြား ကုန်ကူးနေတဲ့ ကျောက်တွင်း သူဌေးဆိုတော့၊ အေမီဟာ စိတ်တိုင်းမကျလို့ သူ့မိခင်က တစ်ခုခုပြောရင်၊ အေမီ ပဲရစ်မှာ သွားနေမယ်ဆိုတာတော့ လက်သုံးစကားပဲ၊ ကျွန်တော်နဲ့ ရန်ဖြစ်ရင်လည်း ပဲရစ်ကို ခြေကုပ် ရပြီး မြန်မာပြည်ကို ခြေကန်ထွက်သွားဖို့ အေမီ့အနေနဲ့ သိပ်လွယ် နေတယ်လေ။ အဖွားကြီး ပြောတဲ့စကားကို အန်တီ မာလေးက ဆက်ပြောတယ်။

“သူ့ရဲ့ ကျန်းမာရေးဟာ မကောင်းဘူး၊ တစ်နေ့တစ်ခါ ဝေးလို့ တစ်ခါတစ်လေတောင်၊ ဒီတယ်လီဖုန်းလေးနဲ့ မာမီ နေကောင်းရဲ့လားလို့ မေးဖော်မရဘူးတဲ့၊ ကိုယ့်သမီးအဖြစ် ကိုယ့် အထုပ်ဖြေရတာ ရှက်လှပါတယ် ဆရာမကြီးရယ်၊ မဖြစ်လွန်းလို့ပါ။ သူ့အဖေကလည်း ပဲရစ်မှာအနေများ၊ ငွေကိုလည်း ရေလို သုံးနိုင်

http://www.cherrythitsar.org



တယ်၊ ကျွန်မ စိတ်ချမ်းသာမှုတွေဟာ သူရှာပေးတဲ့ငွေတွေအပေါ်မှာ မတည်ဘူး ဆရာမရဲ့၊ အလုပ်များလို့ တခြားမိန်းကလေးတွေလို လခစား အလုပ်လုပ်နေရတယ်ဆိုရင် မိခင်တစ်ယောက်အနေနဲ့ သူ့နေပုံထိုင်ပုံတွေကို ခွင့်လွှတ်နိုင်ပါတယ်တဲ့။ ကျွန်မ ပစ္စည်းနဲ့ ကျွန်မ ပါ။ သမီးက မပြုစုလည်း နေ့ ည ဆရာမလေးတွေ ထားရင် ရောဂါအတွက် ပြုစုဖို့ မလိုပါဘူးတဲ့။ လည်လွှန်းတဲ့ဘီး ချေးသင့်မှာ စိုးရတယ်၊ မိဘ စိမ်ရေသင့်မှာ ကျွန်မကြောက်တယ်တဲ့။ အဲဒီလို အေမီရဲ့ မာမီက ပြောတယ်၊ စိမ်ရေဆိုတာကော သိရဲ့လား၊ သူဘာကို ကြောက်နေလဲ အေမီ သိသလား၊ ဟင်. . .၊ အေမီ သိသလား. . . ."

"မသိဘူး"

အန်တီမာလေး မေးသံကို အေမီဟာ အသံပြတ်နဲ့ဖြေတယ်။

"အေမီ့ကို လူသတ်ခံရမှာတဲ့၊ သိရဲ့လား"

အန်တီမာလေးရဲ့ ပြောသံကိုကြားတဲ့ အေမီတော့ ဘယ်လို ခံစားရမလဲ မသိဘူး။ ကျွန်တော်တော့ ကျောစိမ့်သွားတာပဲ။

"ဘာ. . . ဘာကိစ္စ အေမီ့ကို လူသတ်ရမှာလဲ"

"အန်တီမာလေးတို့က ဆရာမကြီးတွေ၊ ဘီအီးဒီတွေ ဆိုပေမင့် တောမြို့က ဆရာမကြီးတွေဆိုတော့ ရန်ကုန်မြို့က အရှုပ်တော်ပုံကို မသိဘူးပေါ့၊ အေမီရဲ့ မာမီပြောပြမှ ကြက်သီးများတောင် ထမိတယ်၊ သူကပြောပြတယ်၊ ဆရာမရယ် သတင်းစာ မဖတ်ဘူးလားတဲ့၊ ဟိုတစ်လောက ဆရာဝန်ကတော် လှဥမ္မာကို လူသတ်သွားတာတဲ့၊ အဲဒီ ဆရာဝန်ကတော်ဟာ အေမီတို့ မာဂရက် ကျော်အေးထွန်းတို့ ပင်စီ မင်းကျော်တို့နဲ့ ပွဲဖော်၊ ပွဲဖက်တွေတဲ့၊ ညကလပ်တွေသွား၊ သန်းခေါင်ကျော်မိုးလင်းမှ ပြန်ကြနဲ့ မိန်းမ အုပ်စုအနေနဲ့ ဒါလောက်ပွဲတော့၊ ပြန်ပေးဆွဲခံရသလိုလို၊ လင်ကြီး

ကပဲ သတ်ခိုင်းသလိုလို့နဲ့ သေရပါရောလားတဲ့၊ လင်ဆရာဝန် ခမျာလဲ သူ့မိန်းမကို လူဆိုးတွေ ငွေပေး သတ်ခိုင်းတယ်ဆိုပြီး ကြားထဲက အဖမ်းခံရ ထောင်ချခံရတယ်တဲ့၊ ဘယ်လိုနည်းနဲ့ သေသေ မိခင် တစ်ယောက်အနေနဲ့ ကိုယ့်သမီးတစ်ယောက် မရှုမလှ သေရမှာကို ကျွန်မ တွေးတွေး ကြောက်သတဲ့"

"အိုး . . . ဒါတွေဟာ သူ့အကြောင်းနဲ့သူတို့ ဖြစ်တာပါ၊ အေမီ မြန်မာပြည်မှာ ကြာကြာမနေပါဘူး"

"ဒီစကား၊ ဒီလိုပြောမယ်ဆိုတာ အန်တီမာလေးသိပြီးသား၊ အေမီရဲ့ မာမီကိုယ်တိုင်က ပြောပြီးသား၊ ဒီတော့ သူတောင်းပန် ချင်တာ က ဒီနွေကျောင်းပိတ်မှာ သူ့မြေးကျော်ထင်ဦးကို ရှင်ပြုပြီးမှ ဆရာမကြီး ဝါးခယ်မကို ပြန်ပါတဲ့။ သူ့ဟာသူ ပဲရစ်မကလို့ ဘယ်ပဲသွားနေနေ၊ သူ့မြေးကိုတော့ သူခုလို ထူနိုင် ထနိုင်တုန်း ရှင်ပြုသွားချင်တယ်၊ ဆရာမကြီး အစစ စီစဉ်ခဲ့ပါတဲ့၊ ရှင်လူထွက် ပြီးတော့ သူ့သားသူ မြောက်ဝင်ရိုးစွန်းကိုပဲ ခေါ်သွားသွား၊ ခေါ်ပေ တော့. . . ကဲ. . . အေမီရဲ့ မာမီပြောတာတွေကို အန်တီမာလေး ပြောပြတာ"

"အို. . . ဒီကိစ္စအားလုံးဟာ အေမီနဲ့ ဖရက် ဒီမိဘအနေနဲ့ လုပ်ရမှာတွေ အန်တီမာလေးနဲ့ ဘာမှမဆိုင်ဘူး၊ နောက်မှ ကြည့်ရှင်း မယ် ခုသွားမယ်"

ကျွန်တော်ရဲ့ အေမီဟာ ဒိုင်း. . . ဒိုင်းနဲ့ တစ်ခါတည်းကို လှေကားပေါ်ကနေ တောက်လျှောက်ဆင်းလာပြီး သူ့ကားနဲ့ သူထွက်သွားတာပဲ၊ ဧည့်ခန်းထောင့်ချိုးမှာထိုင်နေတဲ့ ကျွန်တော့်ကို တောင် မြင်ပုံမရဘူး။

ကျွန်တော်လည်း အသက်မှန်မှန်ရှူပြီးမှ လှေကားကို တစ်လှမ်းချင်းတက်ပြီး အန်တီမာလေးရှိရာကို သွားရတယ်။

http://www.cherrythitsar.org



အိမ်ပေါ်ထပ်ဧည့်ခန်းမှာ ဆိုဖာတစ်ခုပေါ် ထိုင်ရက်ငိုနေတဲ့ အန်တီကို ကျွန်တော်တွေ့ရတယ်။ သူဟာ ကျွန်တော့်ကို တွေ့တယ်ဆို စကား ပြောမလို့ဟန်ပြင်တယ် ကျွန်တော် လက်ဝါးကာပြလိုက်ပြီး သူ့ဘေး က နေရာလွတ်မှာ ထိုင်လိုက်တယ်။

"ကျွန်တော် အားလုံးကြားပါတယ်၊ အန်တီမာလေး စိတ် အေးအေးထားပါ. . . ကဲ ဒေါ်ဝက်ရေ အန်တီဖို့ရော ကျွန်တော် သောက်ဖို့ရော အအေးတစ်ခုခုယူခဲ့ပါ"

ကျွန်တော်ဟာ ကျွန်တော့်အဒေါ်ကို စိတ်ငြိမ်သွားအောင် နှစ်သိမ့်လိုက်တော့မှပဲ အန်တီမာလေးဟာ ဝမ်းနည်းပမ်းနည်း ပိုပြီး ငိုရှာတယ်ခင်ဗျာ။

"မငိုပါနဲ့ အန်တီမာလေး၊ ဒီဇာတ်ထုပ်ဟာ ဒီလိုဖြစ်လာ လိမ့်မယ်ဆိုတာ ကျွန်တော်သိပြီးသားပါ၊ မလွဲမသွေ တစ်နေ့ ရင်မဆိုင်ရ၊ တစ်နေ့ ရင်ဆိုင်ရမယ်ဆိုတာ ကျွန်တော်သိပါတယ်. . . အမှန်တော့ ဒီဇာတ်လမ်းရဲ့အစ တရားခံဟာ ကျွန်တော်ပါပဲလေ . . . ကဲ. . . စိတ်အေးအေးထား လိမ္မော်ရည်သောက်လိုက်ဦး"

အန်တီမာလေးဟာ ပဝါဖြူနဲ့ မျက်ရည်သုတ်ရင်း "ငါ့တူကြီး ဒီလို သဘောပေါက်နားလည်ရင် အန်တီမာလေး ဝမ်းသာပါတယ်။ ဒီအပျိုကြီးမ၊ တို့မိသားစုထဲဝင်ရှုပ်တယ်လို့သာ အထင်မလွဲပါနဲ့. . . ဒီကိစ္စဟာ ဖြည်းဖြည်းပြောပြီး အေးအေးဆေးဆေးပြီးဖို့ စကား တောင် မစသေးဘူး ခုနစ်သံနဲ့ သူကအော်ပြီး အန်တီမာလေးရဲ့ မျက်နှာကို အရက်နဲ့ပက်လို့. . . "

"ဟင်"

"ဒေါသမဖြစ်ပါနဲ့. . . ဖရက်၊ ခွင့်လွှတ် ခွင့်လွှတ် မင်းက မေးစရာရှိမယ်၊ ယောဂီဖြစ်ပြီး အန်တီမာ သည်းမခံနိုင်ဘူးလားလို့ သည်းခံနိုင်ပါတယ်၊ ဒါပေမင့် ဖြည်းဖြည်းပြောမရမယ့် မိန်းမမို့ သူက

http://www.cherrythitsar.org



အာဠာဝကသံနဲ့ အော်လာတော့ အန်တီမာလေးလည်း အာဠာဝက အသံနဲ့ ဝက်ဝက်ကွဲအောင် ပြန်အော်ရတာ၊ ပြောရတဲ့သူကတောင် ရှက်သေး”

သူဟာလိမ္မော်ရည်သောက်ပြီး ဖြည်းဖြည်းဆက်ပြောတယ်။ ကျွန်တော်လည်း သဘောပေါက်ပါတယ် သူ့ကို ထောက်ခံရင်း “ဟုတ်ပါတယ် အန်တီမာလေးရယ် ကျွန်တော်ဟာ အားလုံးကို ခွင့်လွှတ်နိုင်အောင် ကြိုးစားပါတယ်။ ဖေဖေ့စကားကို နားထဲမှာ ကြားယောင်နေလို့ပါ။ ကျွန်တော် ပထမတစ်ကြိမ် သူ့ကို ကွာဖို့ စဉ်းစားတုန်းက ကျွန်တော့်အကြံကို ဖေဖေသိသွားတယ်၊ ဖေဖေက လည်း အန်တီမာလေး ပြောသလိုပဲ အရေးအကြီးဆုံးက ကျော်ထင်ဦးရဲ့ နောင်ရေးကို ကြည့်ပြီး သားတို့လင်မယား ကွာဖို့ ရှင်းဖို့ပြဿနာ မဖြစ်ပါစေနဲ့လို့ တောင်းပန်ထားလို့ ကျွန်တော်ရဲ့ အကြံဟာ ပထမအကြိမ် မအောင်မြင် တာပါ အန်တီမာလေး” လို့ ပြောပြတယ်။

“အို့ . . ခုကွာဖို့ ရှင်းဖို့ အန်တီမာလေး ဖရက်ကို တိုက်တွန်း ပြောနေတာမဟုတ်ဘူး၊ အန်တီတို့ဆွေမျိုးက ဒီလို သူများ သားသမီး ကို ကွာမှာ ရှင်းမှာကို အန်တီမာလေး မထောက်ခံဘူး”

“ကျွန်တော်လည်း နားလည်ပါတယ်၊ ဖြစ်ပြီးတဲ့ အကြောင်း တွေကို ပြောပြတာ အန်တီမာလေး ရှေ့ဆက်ပြီး ကျွန်တော်က ခွင့်လွှတ်နိုင်လို့ ဆက်လို့ပဲ ပေါင်းပေါင်း သူ့အကြောင်းက သူနေပုံ ထိုင်ပုံ အပေါ်မှာတည်တာပဲ”

“မှန်ပါတယ်လေ၊ အန်တီမာလေးတို့ကတော့ တရား အားထုတ်ထားသူတွေမို့ ဖြေနိုင်ပါတယ် သူ့သဘော သူဆောင် နေတာအကြောင်းကြောင့်၊ အကျိုးဖြစ်တာ သတ္တဝါတစ်ဦးရဲ့ ကံဟာ သူပြုလုပ်မှုအပေါ်မှာ တည်တာပဲ၊ ဘုရားသခင်တောင်ချွတ်မရတဲ့

http://www.cherrythitsar.org



သတ္တဝါတွေအပေါ်မှာ ငါဘုရား မကယ်နိုင်ပြီလို့ ညည်းညူမိတဲ့ အဖြစ် ရောက်ရပါတယ်။ သူ့အမေအနေနဲ့ကလည်း မိခင် တစ်ယောက် အနေနဲ့စိတ်ပူသင့်တာပေ့ါ။ အန်တီတို့ ပတ်ဝန်းကျင်မှာ တော့ လူတစ်ယောက်ဟာ မကောင်းမှု အကုသိုလ်တွေကို ဆက်တိုက် ကျူးလွန်လာရင်ဖြစ်ဖြစ် ငါ. . . ငါဆိုပြီး ထင်တာတွေကို လုပ်လာရင် အကုသိုလ် ဝင်လာရင် ကုသိုလ်ဆက်ပေးတာတို့ဘာတို့ လုပ်သေးတယ်. . .၊ တင်အောင်ထွန်း. . .၊ ခက်ပါတယ်လေ. . . လူလေး ဖရက်ရယ် မင်းကလည်း ရှော်လွန်းပါတယ်. . . ”

အန်တီမာလေးရဲ့ စကား ဒီနေရာရောက်တော့ ကျွန်တော် ဒီအခါ ကြွေမဆောင်နိုင်ဘူး. . . မျက်နှာလက်ဝါးနဲ့အုပ် ငိုမိတယ်။

“ဒါလောက်အထိ လင်မယားနှစ်ယောက်စလုံး ခြေလွတ်နေ လို့ အန်တီမာလေးမသိဘူး။ ယောကျ်ားတွေဓမ္မတာ အိမ်မှာ ကြွေ ရရ အနည်းအကျဉ်းတော့ သောက်ကြစမြဲပဲ။ သူ့အိမ်မှာ သူ့ထုံးစံ၊ ငါဘာမှ ဝင်မပါသင့်ဘူးဆိုပြီးနေတာ ခု ကြာကြာနေမှ ဖရက်တို့ အဖြစ်ကလည်း ဆိုးလှချည်းလား လူလေးရယ်. . . ”

သူ ခဏနားပြီး ဆက်ပြောတယ်. . .

“ဖရက်ဒီ ဆိုးခဲ့တာတွေကို ပြန်မတွေးနဲ့တော့၊ ပြီးခဲ့တာတွေ လည်း ပြီးပြီး ဖရက်ဒီ၊ ဒီနေ့ကစပြီ အရက်ဖြတ်ဖို့လည်း ကြိုးစားပါ။ အေမီရဲ့ မာမီ ဆန္ဒအတိုင်း ကျော်ထင်ဦးကိုလည်း ရှင်ပြုပေးလိုက်၊ ဖရက်ဒီ ကလည်း အေမီကို မကွာနဲ့၊ သူ့နောက်ကို လိုက်သာသွား သူ့ကို တမင်အရွဲ့တိုက် ပြီး အန်တီမာလေးပြောတာ ဖရက်ဒီတို့ရဲ့ သားကျော်ထင်ဦးကို အန်တီ မာလေးမှာ သိမ်းပိုက်ထားခွင့် မရှိပါဘူး”

“ဟင့် အင်း. . . ဒီတစ်ခုတော့ ကျွန်တော့်အစီအစဉ်ကို အန်တီမာလေး နားထောင်ပါ”

http://www.cherrythitsar.org



“ဖရက်ဒီ. . . ဘာစီစဉ်ထားသလဲ”

“ကျွန်တော်ဟာ အရက်ချိုးကပ်နေပြီ ဆိုပါတော့ ကြိုးစားပြီး တဖြည်းဖြည်း အရက်ဖြတ်ဖို့ ကျွန်တော့်တာဝန်ထားပါ၊ ကွာဖို့ ရှင်းဖို့လည်း ကျွန်တော်မလုပ်သေးပါဘူး။ ဒီအိမ်ဟာ ကျွန်တော့် အဖေအိမ်၊ ကျော်ထင်ဦးက ကျွန်တော့်သား၊ အန်တီမာလေးနဲ့ မဆိုင်ပေမင့် ကျွန်တော်နဲ့ လုံးဝဆိုင်တယ်၊ ကျွန်တော့်သားနဲ့ ကျွန်တော်နဲ့ ဒီအိမ်မှာ နေရစ်တာကို ဘယ်သူမှ ကန့်ကွက်ပိုင်ခွင့် မရှိဘူး။ ကျွန်တော့်ကိုလည်း ဖရက်သားကြီးကို ခေါ်ပြီးလိုက်ခဲ့လို့ သူ့မှာအမိန့်ပေးပိုင်ခွင့်မရှိဘူး ဆိုတာတော့ အန်တီမာလေး နားလည်ထားပါ”

“ဒီတော့. . . ဒီတော့. . . ဘာလုပ်မှာလဲ”

“လောလောဆယ် သားကြီးနဲ့ အန်တီမာလေး ဒီအိမ်ကြီးမှာ နေရစ်ပါဦး၊ အေမီရဲ့ မာမီပြောသလိုပဲ ပုတီးစိပ်တို့ ရှင်ကျင့်ဝတ်တို့ သင်ထားပြီး နွေကျောင်းပိတ်ရင် ကျော်ထင်ဦးကို ရှင်ပြုပြီးမှ အန်တီမာလေး ဝါးခယ်မကို ပြန်ပါ။ သူ့မာမီကို ကျွန်တော် ညနေ သွားတွေ့ပြီး အဘွားကြီး စိတ်အေးချမ်းအောင် ကျွန်တော် ကတိ သွားပေးမယ်၊ ကျွန်တော့်မှာ ရှေ့လ ပထမပတ်မှာ ကွမ်းလုံဘက်က တံတားရော၊ အဆောက်အအုံတွေရော စစ်ဆေးဖို့ တာဝန်ရှိတယ်၊ တစ်လလောက်ကိုကြာမယ်၊ ကျွန်တော်အပြန် သားကြီး ရှင်ပြုမှာနဲ့ အတော်ပဲ. . .၊ ဟုတ်လား အန်တီမာလေး ကျေနပ်လား”

“ကျေနပ်ပါဘိ. . . ဖရက်ရယ်၊ ဟင်း. . . ဝမ်းနည်းစရာ ကောင်းလိုက်တဲ့ အဖြစ်တွေ၊ ငွေကြေးပြည့်စုံဘာမှ ပူပင်စရာမရှိဘဲနဲ့ ဘုရား၊ ဘုရား၊ ဒုက္ခဆင်းရဲတွေ ရောက်လိုက်ကြရတာနော်။ အကုသိုလ်တွေ ကျူးလွန်လိုက်ကြရတာနော်. . .၊ လူတွေဟာ ဆင်းရဲလို့ အကုသိုလ် အမှုတွေပြုတာပါ ဆိုတဲ့စကားဟာ ဖရက်ဒီတို့

http://www.cherrythitsar.org



မိသားစု အတွက် မမှန်ပါလား”

အန်တီမာလေးဟာ ညည်းညည်းညူညူ ဖြည်းဖြည်းလေး ပြောပြီး အိပ်ခန်းကို ထ သွားတယ်။

ကျွန်တော်လည်း ခေတ္တနား၊ ရေမိုးချိုးပြီး အေမီရဲ့ အမေနေတဲ့ အိမ်ကို ကားမောင်းပြီး ထွက်သွားရတယ်။ မသွားခင် တော့ သားကြီးကျော်ထင်ဦး ကျောင်းဆင်းလာရင် ‘မာမီနဲ့ ဒက်ဒီ၊ ဘွားဘွားကြီးနေမကောင်းလို့ သွားမေးတဲ့အနေနဲ့ပဲ ပြောထားပါ အေမီအကြောင်း ဘာမှ မပြောပါနဲ့’လို့ အန်တီမာလေးကို မှာခဲ့ရ သေးတယ်။

သားကြီး ကုသိုလ်ကလည်း တစ်မျိုးပဲ သူဌေးတွေရဲ့ မြေး ဖြစ်ပေမင့် သူ့မှာမွေးကတည်းက နာနီ့ရင်ခွင်မှာပဲ ကြီးပြင်းလာရသူ ဖြစ်နေတယ်။ အိပ်လည်း နာနီနဲ့ သူနဲ့က တစ်ခန်း အိပ်ရတာကိုး။ သူ့အဖိုးအဖွားတွေကလည်း ကျွန်တော်နဲ့ ကုန်လွန်ခဲ့ရတာများတာဘဲ။ ကြာတော့လည်း ကျော်ထင်ဦးဟာ သူ့မာမီနဲ့ခွဲနေရတာ အကျင့်ရနေ တော့ အေမီကို တမ်းတမ်းတတ စွဲစွဲလမ်းလမ်း ဖြစ်မနေတာကိုဘဲ ကျေးဇူးတင်နေရသေးတယ်။

အေမီရဲ့ အမေအိမ်ရောက်တော့လည်း ထုံးစံအတိုင်း သူဌေး သူအိုမကြီးတွေရဲ့ ပုံစံကို တွေ့ရတာပေါ့လေ။ သမီးအတု သူနာပြု ဆရာမလေးကို အဖော်လုပ်လို့ ကတ္တီပါ ပိန်းတန်းအပါးလေးကို စီးပြီး ကျွန်တော့်ကို သူ့ခုတင်ကနေ ထလာပြီး အိပ်ခန်းဝကို လာကြိုတယ်။

“အို. . . မာမီကလည်း ကျွန်တော် လာမှာပေါ့၊ခုတင်မှာလှဲ နေပါ” ကျွန်တော်က နှုတ်ဆက်ရင်း သူ့လက်များကို ကိုင်လိုက် တယ်ဆို အဘွားကြီး မျက်လုံးတွေဟာ ကြည်နူးနှစ်သိမ့်တဲ့ ပီတိနဲ့ ရွှန်းစိုသွားတာပဲ။

“မာမီမထနိုင်တာမှ မဟုတ်တာ ဖရက်ဒီ၊ အစားသာ ဝင်

အောင်မစားနိုင်လို့ အားနည်းနေတာ အေမီရော၊ ကျော်ထင်ဦး ရောပါမလာဘူးလား။ ခုတစ်လော မလာတာကြာလို့ နေများမကောင်းကြဘူးလား လို့” သမီးနဲ့မြေးကို တွေ့ချင်တဲ့ဇောနဲ့ လှမ်းမေးရှာတယ်။ ကျွန်တော်ဟာ သူ့ခုတင်ဘေးက ဆိုဖာပေါ်မှာ အဘွားကြီးကို ခေါ်သွားပြီး ထိုင်ဖို့ပြောရတယ်။ “ကျော်ထင်ဦး ကျောင်းမဆင်းသေးဘူး မာမီ၊ အေမီလည်း အလုပ်တွေ နည်းနည်းရှုပ်နေလို့”

အဘွားကြီးအပါးမှာပဲ ကျွန်တော်ဟာ ဖြည်းဖြည်းလေး ထိုင်ချလိုက်ရတယ်။

“မာမီ အိပ်လို့ရော ပျော်လား၊ ခုတစ်လော ကြီးကြီးထားဆုံးတဲ့ ကိစ္စနဲ့ရောပြီး အလုပ်တွေများနေလို့ ကျွန်တော်အလာနည်းသွားတာ၊ မာမီကလည်း ပျော်အောင်အိပ်၊ အစားလည်း ကြိုးစားစားပြီး ကိုယ့်စိတ်ကိုယ် ချမ်းသာအောင်နေပါ မာမီရယ် . . .။ မာမီတို့မှာ ဘာမှ လိုလေသေး မရှိတာပဲဟာ”

“မှန်ပါတယ် မှန်ပါတယ်၊ သမက်တစ်ယောက်အနေနဲ့ ဒီလိုအားပေးတာ ကျေးဇူးတင်လို့ မဆုံးပါဘူး ဖရက်ဒီရယ်။ မာမီရဲ့ ဆေးကို ဖရက်ဒီသိသားပဲမို့လား၊ စကားလုံးအလှအပ၊ အပို၊ အချွဲတွေကိုလည်း မာမီမလိုချင်ပါဘူး၊ ဖရက်ဒီ ပြောသလောက် စကားလုံးတောင် မများပါနဲ့၊ တစ်လမှာ တစ်ခါပဲ တယ်လီဖုန်းထဲကနေ မာမီရေ နေကောင်းလားလို့ သမီးအလိမ္မာကမေးရင် မာမီဆေးသောက်ဖို့ မလိုတော့ပါဘူး သားရယ်၊ နှစ်လမှာ တစ်ခါလောက်မျက်နှာချိုချိုနဲ့ မာမီ့ကိုများ လာကြည့်ရင်တော့လေ မာမီရှိတဲ့စည်းစိမ်နဲ့ အေမီရဲ့ အပြုံးကိုလဲတယ်၊ လဲတယ်၊ သားကြီးတင်အောင်ထွန်းရေ တစ်မြစ်ရိုးလုံး နောက်ပေမင့် သောက်ရေအိုးကြည်ရင်ပြီးရောလို့ စကားပုံသာကြားဖူးတယ်။ တစ်မြစ်ရိုးလုံးကြည်ပြီး သောက်ရေအိုးမှ ကွက်ပြီး နောက်တဲ့အဖြစ်။ အားလုံးနဲ့

http://www.cherrythitsar.org



ဆက်ဆံရေးကောင်းပြီး မအေတစ်ယောက်အပေါ် မှာ တင်းမာလွန်း တော့ စိမ်ရေသင့်မှာ စိုးတယ်”

ကဲ. . . ဘာပြောကောင်းမလဲခင်ဗျာ။ ကျွန်တော် ခုရက် အတွင်း ဘာဇာတ်ထုပ်တွေ ခင်းနေရသလဲမသိ။ အဘွားကြီးတွေ ကိုပဲ ချော့နေရတယ်။ သူ့ခမျာလည်း မျက်ရည်စမ်းစမ်းနဲ့ လက်ကိုင် ပဝါဖြူလေး မျက်လုံးကို တို့ကာ တို့ကာနဲ့ ပြောပြန်ရော။

“ကျွန်တော်လည်း သူတော်ကောင်း မဟုတ်ပါဘူး မာမီရယ်၊ ကျွန်တော့်ရှိတဲ့ တရားနဲ့ပဲ ကျွန်တော်တရားပြတာပါ။ သူ့အပြုံး မရတော့ မာမီမှာ အဖက်ဖက်ပြည့်စုံပါရက်နဲ့ တကတည်း၊ လိုချင်တာ မရသော ဆင်းရဲကို ခံနေရတယ်မို့လား လိုချင်တာ မရရင် မလိုချင် တာနဲ့ ပြီးတာပဲ”

“ပြောရက်လိုက်တာ သားကြီး ဖရက်ဒီရယ်၊ ပြောရက်လိုက် တာ လိုချင်တာမရသော ဆင်းရဲကို မလိုချင်ခြင်းနဲ့ ဖြတ်လိုက်ရမယ် လား၊ အမလေး လွယ်လိုက်တာ သားရယ်၊ ပြောတော့ လွယ် သလောက် အဲဒီလိုချင်သော ဆင်းရဲ၊ ဆင်းရဲဆိုသော စိတ်ဒုက္ခကို ဘာတရားနဲ့ ဖြတ်ရပါ့မယ်”

အမှန်တော့ အဘွားကြီးပြောတာမှန်တယ်လေ၊ ကျွန်တော် လည်း တတ်သမျှ မှတ်သမျှနဲ့ အဘွားကြီး သက်သာအောင်လို့သာ ပြောလိုက်တာ။ ကျွန်တော်ကိုယ်တိုင်က လိုချင်သော ဆင်းရဲနောက် ကို အမြဲပဲလိုက်နေပြီး ဒုက္ခတွေ ပင်လယ်ဝေနေတဲ့ ငတင်အောင်ထွန်း ဖြစ်နေတာကို၊ အဲဒီတစ်ချိန်က သတိမရှိမိဘူး၊ မတွေးမိဘူး၊ သောက်ချင်သော အရက်ခွက်ကို တစ်ရက်ဖြတ်ဖို့တောင် စိတ်မကူး မိဘူး။ ဒါပေမင့် ကျွန်တော် တတ်သမျှ မှတ်သမျှ အရက်သမား တရားပဲ ဆိုပါတော့ ခင်ဗျ။ ယောက္ခမကြီးကို တရားပြရတယ်။ အမှန်တော့ ကျွန်တော့် ပတ်ဝန်းကျင်က ကျွန်တော့်ကို သင်ထားတဲ့

http://www.cherrythitsar.org



တရားတွေပါ။ သူတစ်ပါးလို စာပေတွေ ဖတ်၊ ဘုန်းကြီး တရားတွေ နာပြီး ပောတဲ့ တရားတွေ မဟုတ်ပါဘူး ခင်ဗျာ။

"မာမီ့ကို ရက်ရက်စက်စက် ပြောတာ မဟုတ်ပါဘူး မာမီရယ် ကျွန်တော့်မှာလည်း တရားမရှိပါဘူး၊ ကျွန်တော် စဉ်းစားမိသရွေ့ ပြောပြရတာပါ။ ကျွန်တော်တို့မိသားစု၊ ကျွန်တော်တို့ ပတ်ဝန်းကျင်ကိုပဲကြည့်။ ဖေဖေကတော့ မပါဘူးလေ၊ မေမေဟာ လိုလေသေးမရှိ ဝတ်လုံတော်ရ ကတော်၊ သစ်တောမင်းကြီးရဲ့ တစ်ဦးတည်းသောသမီး၊ ဖေဖေက အကျင့်သိက္ခာနဲ့ ပြည့်စုံတဲ့ လင်သားတစ်ယောက်၊ ချမ်းသာတာလည်း နှစ်ဖက်မိဘဥစ္စာနဲ့ ပိုလျှံနေတာပဲ၊ ဘဝတစ်ခုမှာ ဒါထက်၊ ဘာများ ပြည့်စုံနိုင်မှာလဲ။ ဒါပေမင့် ကိုယ့်အိမ်ထောင်မိသားစု၊ ကိုယ့်ပတ်ဝန်းကျင်နဲ့ ခွင်ကျသွားအောင် လိုက်လျောပြီး မနေတတ်၊ စိတ်ထားမတတ်တော့ နှလုံးရောဂါနဲ့ကို သေရော။ ကဲလေ မဟုတ်ဘူးလား၊ သေသေချာချာ စဉ်းစားကြည့်ပါ မာမီ၊ တစ်ခါတစ်ခါ ပတ်ဝန်းကျင်က ကိုးလိုးကန့်လန့် အဆင်မပြေနိုင်အောင် ဆိုးဝါးနေတာမဟုတ်ဘူး၊ ကိုယ်က ဆန့်ကျင်ဘက်ကြီး ဖြစ်နေတာ၊ ကြီးကြီးထားအဖြစ်လည်း မပြောနဲ့တော့ မာမီတို့ အသိပဲ၊ အဲဒီတော့ သူတို့ရဲ့ရောဂါတွေကို ဇီဝကလည်း မတတ်နိုင်ဘူး။ လိုချင်တာမပြည့်စုံတာ လိုက်ကြည့်နေရင်တော့ ဘာမှ ပြည့်စုံမှာမဟုတ်ဘူး။ မာမီ စိတ်ဒုက္ခရောက်ရင် ခြံထဲကိုဆင်းလျှောက်၊ မာမီသနားလို့ ခေါ်ထားတဲ့ တရုတ်ဘိန်းစားကြီးကိုကြည့်၊ သူ့ကို ဘယ်သူမှလည်း မခိုင်းချင်တော့ဘူး၊ သူလည်း ဘာမှ မလုပ်နိုင်ဘူး၊ ဝါးချွန်တစ်ခု၊ တောင်းတစ်လုံးနဲ့ မာမီ့ခြံထဲ သစ်ရွက်ခြောက်တွေ လိုက်ထိုး တောင်းထဲထည့်၊ တောင်းပြည့်ရင် မီးတစ်ခါရှို့ရင်း ဘာဘုရား တရားမှလည်း မရှိဘူး။ မာမီက ထမင်း အလကားကျွေးထားပေလို့ . . . ကဲလေသူတို့ဘဝထက်စာရင် . . . အမလေး မာမီဘဝက

http://www.cherrythitsar.org



အဆထတစ်ရာသာတယ်။ အဲဒါတွေကို ကြည့်ဖြေဦးမှပေါ့ မာမီရယ်”

ကျွန်တော်လည်း တတ်သမျှနဲ့ တရားပြရတာ။ မာမီက သီးသန့် မာလီရှိပေမဲ့ ဘိန်းဖြတ်ပြီး ဘိန်းမစားတော့ဘဲ တရုတ်အဘိုးအိုတို့ ဆင်းရဲတဲ့ မြန်မာအဘိုးအိုတို့ကို အဲဒီလို ထမင်းကျွေးပြီး စောင့်ရှောက်ထားတတ်တယ်။ မာမီရဲ့ မိဘများဟာ ကျောက်စိမ်းတွင်းပိုင်၊ တရုတ် ကပြားတွေဖြစ်တယ်.

“မှန်ပါတယ်၊ မှန်ပါတယ် ဖရက်ရယ်၊ မာမီလည်း ဒီလိုစိတ်နဲ့ ဖြေခဲ့လို့ စိတ်သက်သာနေတာပေါ့။ မာမီက စည်းစိမ်ဥစ္စာတွေထပ်ပြီး လိုချင်နေတာ မဟုတ်ပါဘူး၊ ခု တရုတ်အဘိုးကြီးတွေ မြန်မာအဘိုးကြီးတွေ မာမီထားတာလည်း ကုသိုလ်လိုချင်လို့၊ အိုခြင်းဆင်းရဲဆိုတဲ့ (ရောဂါကို ဆိုလိုတာ မဟုတ်ဘူးနော်) အိုချိန်ဘဝမှာ အထီးကျန် ပြုစုမယ့်သူမရှိ အပြစ်ပယ်ခံရတဲ့ဘဝကို ကြောက်လွန်းလို့ မာမီရှာကြံ ကုသိုလ်ပြုနေတာပါ။ မာမီဖြစ်နေတဲ့ စိတ်ဆင်းရဲက ဖရက်ဒီလဲ သိပြီးပါ၊ ဆရာမဒေါ်မာလေး ဖရက်ကို တချို့တစ်ဝက် ပြောပြပြီးပြီ ပေါ့”

“တစ်ဝက်မဟုတ်ပါဘူး မာမီ၊ အားလုံး ပြောပြပြီးပါပြီ”

“အေး. . . လင်မယားဆိုတော့ မိအေမီအကြောင်း ဖရက်ပိုသိမှာပေါ့၊ ကိုယ့်ပေါင်ကို ကိုယ်လှန်မထောင်းချင်ပေမဲ့ ရင်သွေးတစ်ယောက်ရဲ့ အန္တရာယ်ကို ကြိုတင်ကာကွယ် ရမယ်ဆိုရင် မိခင်တစ်ယောက်မှာတော့ ပေါင်ကိုလှမ်းထောင်းရုံတင် မဟုတ်ဘူး၊ ဖြတ်ပစ်တဲ့ ဝေဒနာကိုတောင်ခံဖို့ မာမီအသင့်ပြင်ပြီးပါ။ ဖရက်ရယ်၊ အေး. . . အရင်အချိန်တွေကဆိုရင်တော့ အေမီကို ငယ်ငယ်ကတည်းက ထားခဲ့တာကိုက ပြင်ဦးလွင်က ကွန်ဗင့်ကျောင်း၊ ဒီတော့ သူလည်း မြန်မာ ဘယ်ဆန်တော့မလဲလေ၊ သမီးလေးအပြစ်မဟုတ်ဘူး၊တို့မိဘတွေအပြစ်လို့ကိုယ့်စိတ်ကိုဖြေပါတယ်၊တကယ်

တော့ ကွန်ဗင့်နဲ့လည်း ဆိုင်သင့်သလောက် ဆိုင်ပါတယ်၊ တက္ကသိုလ် ရောက်တော့လည်း၊ ဒီဂရီတစ်ခု ယူခဲ့ရင်ဖြင့် ပဲရစ်မှာ သူ့အဖေနဲ့ အတူထားပြီး ဘွဲ့တစ်ခု ထပ်ယူစေချင်ပါတယ်၊ ရန်ကုန်တက္ကသိုလ် မှာ ဖရက်ကိုသာရခဲ့တယ်။ ဒီဂရီတော့ မရခဲ့ဘူး၊ သူတွဲတဲ့ခရစ်ယာန် ကျောင်းသူတွေကြောင့်လို့ဆိုရအောင်လည်း မာမီနေခဲ့တဲ့ ကြည့်မြင်တိုင် အေဘီအမ်က ဆရာမကြီးတွေ ကြည့်စမ်း၊ ဣန္ဒြေ လည်းရှိ၊ မီးဖိုမှာလည်းစေ့လို့၊ အချုပ်အလုပ်ဆိုတာမှာလဲ ပထမတန်း ခရစ်ယာန်အမျိုးသမီးကြီးတွေပါ။ မာမီလေ ကျောင်း ပိတ်ရက်ရောက်ရင် မြန်မာမှု မြန်မာဆန်အောင် အမြဲကြိုးစားပါ တယ်၊ မရဘူး၊ နေ့တိုင်း မဟုတ်တောင် မာမီရဲ့ ဘုရားခန်းကို တစ်လ တစ်ခါ လာဖူးပါ သမီးရယ် ဆိုတာတောင် စိတ်ထဲရှိပြီးတာပဲ၊ ကဲ- ခရစ်ယာန် အမျိုးသမီးတွေကမှ တနင်္ဂနွေနေ့တိုင်း သူတို့ ဘုရား ရှိခိုးကျောင်း သူတို့တက်သေးတာ”

အဘွားကြီး ခဏစကားစဖြတ်ထားတုန်း သူရဲ့ သူနာပြု ဆရာမလေး နန့်ဝါမေဟာ နို့တဖန်ခွက်၊ ပန်းသီးစိတ်တွေ၊ သပျစ်သီးနီညိုရောင်တွေကို ဖန်ပြာပန်းကန်လေးတွေနဲ့ထည့်ပြီး ကျွန်တော့်ရှေ့ လာချတယ်။

“မာမီ နွားနို့သောက်ဖို့ အချိန်တော်ပြီ” တဲ့။

အေး-ဟုတ်ပါတယ် . . . ဖရက်ဖို့ လိမ္မော်ရည်ယူခဲ့ဖို့ မသန်းရှင်ကို ပြောလိုက်ပါဦး ဆရာမရယ်၊ မာမီလေ ညဘက်ကျရင် ထမင်းမစားနိုင်တော့ နို့တစ်ခွက်ပဲ မှန်မှန်သောက်ရတယ် ဒီပန်းသီးနဲ့ သပျစ်သီးက အေမီတို့ဖေဖေ လေယာဉ်ပျံနဲ့ပို့လိုက်တာမို့ စားသွားဦး၊ ဖရက်ရယ် အပြန်ကျရင်လည်း မာမီ့မြေးကြီး ကျော်ထင်ဦးဖို့ ပန်းသီး တွေ ယူသွားစမ်းပါ။ သူတယ်ကြိုက်တယ်၊ သူ့ဘဘ ပဲရစ်က ပို့လိုက် တာလို့ ဩော် . . . ဖရက်ဒီပြောလည်းပြောစရာပဲ ကိုပြည့်မောင်

http://www.cherrythitsar.org



ရယ်လေ၊ လေယာဉ်ပျံ တစ်ပတ်တစ်ခါ မှန်မှန်ပို့ပေးတယ်၊ မာမီနဲ့ ဘာတည့်လဲ၊ မာမီကြိုက်တတ်တဲ့ အစားအစာ၊ သပျစ်သီး၊ ပန်းသီးတို့ အစုံပို့ပေးတယ်။ ဒါက စပါယ်ရှယ်လေ။ ဩစတေးလျ ပန်းသီးလေ၊ လိုချင်တာရှိလည်းမှာတဲ့၊ တစ်နေ့ကတော့ မာမီစာတစ်စောင် သူ့ဆီရေးလိုက်တယ်၊ အေမီရဲ့ ဒက်ဒီရယ်၊ ပို့သမျှ အားလုံးရလို့ ဝမ်းလည်းသာ ကျေးဇူးလည်းတင်ပါတယ်လို့၊ ကျွန်မ ဘာစားချင်လဲ ဆိုတော့ သားအဖသုံးယောက် ထမင်းတစ်ဝိုင်းတည်းထိုင် မျက်နှာ ချင်းဆိုင်ပြီး ငါးရေချိုဟင်းလေးချက်ပြီး၊ ရှမ်းပဲပုပ်ချက်ကို မြစ်ကြီးနား တညင်းသီးနဲ့ တို့စားချင်တယ်လို့. . . ”

အဘွားကြီး ဆိုချင်တဲ့ စကားလုံးအဓိပ္ပာယ်အပြည့်အစုံ လေး လေးနက်နက်ကို သိတဲ့ ကျွန်တော်ဟာ စိတ်ထိခိုက်သွားမိတယ်၊ အပေါ်ယံကတော့ မျက်နှာထားမပျက် ပြုံးရင်း၊ သူကျွေးတဲ့ ပန်းသီး ကို ဝါးစားလိုက်ရတယ်။

“မာမီပြောတာက ပဲပုပ်ချက်ပဲ စားရစားရ၊ သားအဖ သုံးယောက် မျက်နှာချင်းဆိုင် ပျော်ပျော်ရွှင်ရွှင် ထမင်းတစ်နပ် စားရ ရင် သေပျော်ပါပြီ”

သူဟာ နွားနို့ဖန်ခွက်ကို ယူပြီး တဖြည်းဖြည်း သောက်ရာ က ဆက်ပြောတယ်။

ခုတော့ သုံးယောက်တည်းနေရတာ သုံးကွဲကွဲလို့ မအေကို လည်း ရန်သူတော်ကြီးလိုဘဲ၊ တစ်နေ့က ရာဇဝတ်ဝန်ကြီး စောလှမင်းက မာမီ နေကောင်းတာ လာကြည့်တယ်။ ကြည့်ရာက ပြောပြတာ သနားစရာပဲ၊ အတိုချုပ်လိုက်တော့ သူ့မိန်းမခင်လှမင်း အကြောင်းပေါ့။ သူလည်း ပြောမရတော့ လက်ပိုက်ကြည့် နေရတော့ တယ်တဲ့၊ ပြီးခဲ့တဲ့ စနေနေ့က သူ့အုပ်စုတွေနဲ့ မေရှိမရင်း ကလပ်ကို သွားမယ် ဆိုတာပဲ၊ သူသိတယ်တဲ့၊ ညသန်းခေါင်ကျော်တော့

http://www.cherrythitsar.org



မရမ်းကုန်းဌာနက သူ့တပည့်ဌာနအုပ်က တယ်လီဖုန်းလှမ်းဆက်လို့ အမြန်လာပါဆိုတော့၊ သူလည်း ကမန်းကတန်းသွားရတယ်၊ ဟိုရောက်တော့ သူ့တပည့်က အင်းလျားကန်စောင်း ခေါ်သွားတော့ ကားတခုထဲမှာ ခင်လှမင်းက အိပ်ပျော်နေတယ်။ ပတ်တရောင်ရဲသားတွေ ကင်းလှည့်ရင်း မိန်းမတစ်ယောက် ကားထဲမှာ အိပ်ပျော်ရက်တွေ့တယ်ဆိုတာနဲ့ သူသွားကြည့်တော့ ခင်လှမင်းကို ဌာနအုပ်က သိတယ်၊ ဒါနဲ့ အစောင့်ရဲတစ်ယောက် ကားအနားမှာ ချပြီး သူ့ဆီ ဖုန်းဆက်လိုက်တာတဲ့၊ သူလည်း တပည့်တွေရှေ့မှာ ရှက်ရှက်နဲ့ပဲ ခင်လှမင်းကိုသူ့ကားပေါ် ပြောင်းခေါ်ပြီး မောင်းလာခဲ့ရတယ်။ အဖြစ်အပျက်အားလုံးကို သူ့တပည့်တွေဆိုတော့၊ သူပြည်ဖုံးကားချခိုင်းတာ ပေါ့လေ၊ အဲဒီကားက သံရုံးအရာရှိ တယောက်ရဲ့ ကားတဲ့။ ကဲ-အိမ်ရောက်တဲ့အထိ ခင်လှမင်းဟာ အိပ်ရာက နိုးနေပေမယ့် အမူးမပြေသေးဘူး။ သူလဲ ခင်လှမင်းဆွေမျိုးတွေကို ညတွင်းချင်းဘဲ ခေါ်ပြလိုက်တယ်တဲ့၊ ဆိုးလိုက်တဲ့အဖြစ်။ ဆွေမျိုးတွေက ခင်လှမင်းကို လွန်လွန်းချည့်ရဲ့ဆိုပြီး ဝိုင်းဆူတာကို၊ ဒီလိုသူ့ကို အမျိုးတွေ ဝိုင်းကြိမ်းရမလား ရှက်လှချည်ရဲ့ ဆိုပြီး အဆိပ်သောက် လို့တဲ့. . . ကဲ-သူကပဲ သောက်ရသေးတယ်ကွယ်၊ ဦးစောလှမင်းလဲ ခုတော့ ဘာမှ မပြောတော့ဘူး၊ အသက်ချင်းက လည်းကွာ ခင်လှမင်း မှာ ကလေးမရှိတော့ ပိုလွတ်နေတာပေါ့. . ၊ အေး-ခင်လှမင်း ဘာပဲဖြစ်ဖြစ် အရေးကြီးတာက တို့သမီးအေမီ”

အဘွားကြီးဟာ စကားအဆုံးသတ်ပြီး နို့ကို ကုန်အောင် သောက်လိုက်တယ်။

“မာမီ သူ့အကြောင်းကို ဆက်မပြောနဲ့တော့ မောတယ်၊ သောက်နေကျနို့လေးတောင် မာမီမဝင်လို့ ဒုက္ခပိုရောက်မယ်၊ မတတ်နိုင်ဘူး မာမီ၊ တစ်ခုပဲ ကျွန်တော်တို့တက်နိုင်တာကို လုပ်မယ်

http://www.cherrythitsar.org



လေ”

“တတ်နိုင်တာ. . . ဘာကို တတ်နိုင်လို့လဲ”

“မာမီပြောလိုက်တဲ့ ကိစ္စ အန်တီမာလေးကို ပြောတဲ့ကိစ္စလေ။ သားကြီး ကျော်ထင်ဦးကို နွေရာသီ ကျောင်းပိတ်ရင်၊ ရှင်ပြုမယ်။ အန်တီမာလေးလည်း ဒီကိစ္စပြီးမှ ဝါးခယ်မပြန်မယ်။ ကျွန်တော် ရွှေလဆန်းမှာ ကွမ်းလုံဘက်ကို ခရီးထွက်မယ်၊ တစ်လလောက် ကြာမယ်။ မာမီ ဒီကြားထဲ ကျန်းမာရေးပြည့်စုံအောင်နေဟုတ်လား။ ဒီအလှူမှာ မာမီ ဦးစီးရမယ်၊ ပဲရစ်ကိုလည်း စာရေးထားလိုက်ပေါ့. . သားကြီးရဲ့ ဘဘလည်း ဒီရှင်ပြုကို လာချင်မှာပဲ။ ပျော်ပျော်သာနေ မာမီရေ၊ ကဲ-ကျွန်တော်လည်းပြန်ဦးမယ်။ ဒီကြားထဲ ကိစ္စရှိရင် ဖုန်းဆက် ဟုတ်လား”

အဘွားကြီးဟာ ကျွန်တော့်လက်ကို တင်းတင်းကျပ်ကျပ် ကိုင်ပြီး နှုတ်ဆက်လိုက်တယ်၊ ကျွန်တော်ဒီအိမ်ကြီးပေါ်က တစ်လှမ်းချင်းလှမ်းပြီး အဆင်း၊ ကားပေါ် အတက်ဟာ ဘာဖြစ်လို့မှန်းလဲ မသိဘူး၊ စိတ်ထဲ လေးလေးကြီးပဲ၊ ဒေါ်ခင်နှင်းယုရယ်။

အိမ်ရောက်တော့ မှောင်နေပြီ၊ ကျွန်တော်လည်း အိမ်ခန်းကို တိုက်ရိုက်ဝင်ပြီး အိပ်ရာပေါ် ခြေပစ် လက်ပစ် ပစ်လှဲပြီး စိတ်ရောလူရော နားလိုက်တယ်။ ခရီးသွားမယ့် ကိစ္စကိုတော့ နက်ဖြန်မှပဲ စီစဉ်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်။

“ဒက်ဒီ၊ အိပ်ပျော်ပြီလား. . . ”

ဆိုပြီး သားကြီး ကျော်ထင်ဦးဟာ ကျွန်တော့်ခုတင်ပေါ် ခုန်တက်လိုက်တယ်၊ ကျွန်တော့်လည်ပင်းကို တအားဖက်ပြီး နမ်းလိုက်တယ်။

“မာမီ ဘယ်မှာနေရစ်လဲ. . . ”

“ဘွားဘွား နေမကောင်းလို့ ဘွားဘွား အနားမှာ နေရစ်

http://www.cherrythitsar.org



တယ် သား။ သားကြီး အိပ်ချိန်တန်ပြီ၊ ဘာဖြစ်လို့ မအိပ်သေးလဲ”

“ဒက်ဒီ့ကို စောင့်နေတာ၊ ဘွားလေး ဆရာမက ပြောတယ်၊ အိပ်ခါနီးရင် ကိုယ့်ဖေဖေ၊ မေမေကိုကန်တော့ပြီးမှ အိပ်ရတယ်တဲ့၊ ပြီးတော့လေ ခုလို ဘွားဘွားကြီး နေမကောင်းရင် ကျောင်းပိတ်ရက်တွေ ရောက်တဲ့အခါ ကိုယ့်ဘွားဘွားအိမ် သွားရတယ်၊ နေကောင်းရဲ့လားလို့ မေးရတယ်တဲ့၊ ဒယ်ဒီ နောက်တစ်ခါသွားရင် သားကြီးကို ခေါ်သွားရမယ်နော်”

“ခေါ်မယ်. . . ခေါ်မယ် သား”

ဩော် . . . ကျွန်တော်တို့ လင်မယားနှစ်ယောက်ဟာ အင်မတန် ရိုးသားသော ပြုဖွယ်ကိစ္စ၊ ကိုယ့်မြန်မာ့ထုံးစံကို သားကြီးကို သင်ကြားပေးဖို့ မေ့လျော့နေအောင်ကို အပျော်ကြူးတဲ့ လင်မယားပါလားနော်။ ကျွန်တော်လည်း အဲဒီညက အထူးရှက်မိတယ်။

“ပြီးတော့တဲ့၊ ဘွားဘွားတို့အိမ်ရောက်ရင်တဲ့ ဘွားဘွား ခိုင်းခိုင်း မခိုင်းခိုင်း ခြေဖျားလက်ဖျားတွေကို ဆုပ်ပေး၊ နင်းနှိပ်ပေးပြီးမှ ပြန်လာရမယ်တဲ့၊ ခုလည်း ဒက်ဒီ ညောင်းလာလား၊ သားကြီး နှိပ်ပေးမယ်လေ”

“အို. . . ဖေဖေ မညောင်းပါဘူး၊ သားကြီး သွားအိပ်တော့နော်”

ကျွန်တော်ဟာ ငိုသံပါကြီးနဲ့ တုန်တုန်ရီရီ ပြောရင်းသားကြီးကို ဖက်နမ်းလိုက်တယ်။ သားကြီးဟာ ခုတင်ပေါ်က ဆင်းပြီး ကြမ်းပေါ်မှာ ကျုံ့ကျုံ့ယုံ့ယုံ့ ထိုင်ကန်တော့တယ်။

“သားကြီး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေ”လို့ ကျွန်တော် ဆုပေးလိုက်တယ်။

“ဒီနေ့ည နာနီနဲ့ မအိပ်ချင်ဘူး ဒက်ဒီ၊ ဘွားဘွား ဆရာမ

http://www.cherrythitsar.org



အခန်းထဲ ကို သွားအိပ်မယ်နော်၊ ဘွားဘွားကလေ အိပ်ခါနီးကျ ပုံတွေပြောပြတယ်၊ နာနီတွေ ပြောပြတဲ့ ပုံနဲ့လည်း မတူဘူး၊ နောက် ညတွေကျရင်လည်းတဲ့၊ သိဒ္ဓတ္ထ မင်သားတို့၊ ရာဟုလာ မင်းသား လေးတို့ အကြောင်းလည်း ပြောပြမယ်တဲ့ မနေ့ညကလေ ဘွားဘွား ဆရာမက ဟိုပုံ . . အရက်သောက်, မိဘကို ညှင်းဆဲတဲ့ မိတ္တဝန္ဒက အကြောင်း ပြောတယ်။ ဒက်ဒီ. . .၊ သားကြီး သိပ်သဘောကျ တာပဲ”

သားကြီးဟာ သူတတ်သမျှ အကျဉ်းချုပ်ပြောပြပြီး ကျွန်တော့် အိပ်ခန်းထဲက ပြေးထွက်သွားတယ်။ ဩော် . . . ဘုရား . . . ဘုရား။ ဖေဖေရဲ့ နောက်ဆုံး နေ့များမှာ ဖေဖေစိတ်ချမ်း သာအောင် ကျွန်တော်ပြုခဲ့တဲ့ ကုသိုလ်ဆက်ကြောင့်ထင်ပါရဲ့ သားကြီးဟာ ကျွန်တော့်ကို ခြေဆုပ်လက်နယ်ပြုလို့ ကြည်နူး နှစ်သိမ့်စရာ ကောင်းလိုက်တာ။ အမိုက်မ မိအေမီဟာ သူ့အမေ နေမကောင်းတာကို ကိုယ်ဖိရင်ဖိ ပြုစုနှိပ်နယ်တာကို တစ်ခါမှ ကျွန်တော်ဖြင့် မတွေ့ခဲ့မိဘူး။ ကျွန်တော်ဘာဖြစ် မှန်းလဲမသိဘူး။ အဲဒီအကြောင်းသွားတွေးမိတော့ ကြက်သီးဖြန်းဖြန်း ထမိတယ်။

ကျွန်တော်ခရီးသွားမှာ တစ်ယောက်တည်းမဟုတ်ဘူး။ ကိုမြင့်မောင်ကလည်း ကွမ်းလုံးကနေ နယ်စပ်ဘက်ကို ခရီးထွက်ချင် လို့ အတူလိုက်မယ်။ သူဟာ လက်ထောက်အုပ်ချုပ်ရေးမှူး (ဟိုတုန်း က အခေါ်) ပြည်ထောင်စုဘဏ်မှာ အလုပ်လုပ်တယ်။ ကျွန်တော်နဲ့ အတွတ်လိုပဲ ရင်းနှီးတယ်၊ အတွတ်က မသောက်တဲ့သူ၊ ကိုမြင့်မောင် က သောက်တဲ့လူမို့ စရိုက်တူပြီး ပိုရင်းနှီးတယ်လို့ ဆိုရမယ်။

ဒါပေမင့် ကိုမြင့်မောင်ဟာ အရာရှိတစ်ယောက်ပီပီ အရက် သောက်ပေမင့် ဣန္ဒြေရရ အိမ်မှာပဲ သောက်တယ်။ ကျွန်တော့်ကို ထိန်းဖို့ကိုသာ လမ်းဘေးဘားတွေကို လိုက်လိုက်လာတာ။

http://www.cherrythitsar.org



သူ့မိန်းမက စည်းကမ်းရှိ ကွန္ဒြေရရ မိန်းမပေကိုး။ကျွန်တော်ကတော့ နဂိုကလည်း အပျော်ကြိုက်၊ ထိန်းရမယ့် ဇနီးကိုယ်တိုင်က ကျွန်တော်နဲ့ ခွက်ပြိုင်မော့ ကျွန်တော်ဟာ အေမီကို မနိုင်တဲ့စိတ်ရော၊ မွေးကို တမြည့်မြည့်နဲ့ သတိပြန်ရတဲ့ စိတ်ရော၊ ရောထွေးယှက်တင်လာရင် ထိန်းမရအောင်ကို စည်းမဲ့ ကမ်းမဲ့ သောက်တာပဲ။

ကိုမြင့်မောင်ဟာ မွေးနဲ့ ကျွန်တော်နဲ့ ကိစ္စမှာလည်း မွေးထံကရတဲ့ စာတချို့ကို၊ ဖေဖေမေမေတို့ဟာ တစ်ခါက တင်းတင်းကျပ်ကျပ် စစ်ဆေးလာချိန်မှာ သူ့ဆီမှာ အပ်ထားတတ်တယ်။ ဒါကြောင့် ဆုတ်မပစ် မီးမရှို့မိဘဲ ကျန်တဲ့ သိမ်းမြစ်ကမ်းပါးမှာ ကျွန်တော်ဖတ်တဲ့ မွေးရဲ့ စာကို သူ့ဆီပေးထားမိပေလို့ပဲ။ ဒေါ်ခင်နှင်းယုဆီ ခုလို စာရေးတဲ့အခါ တွဲဖက်တင်ပြနိုင်တာ။

ပြီးတော့၊ ကျွန်တော် ခရီးထွက်ရင် လိုက်မယ့် အဖော်တစ်ယောက်ကတော့ မြကြေးမှုံဖြစ်တယ်။ မြကြေးမှုံဟာ ကျွန်တော့်ဘဝမှာ မထင်ရှားသော်လည်း ကျွန်တော့်အတွက် အရေးကြီးတဲ့ ဇာတ်ကောင်တစ်ယောက် အနေနဲ့ ဝင်ရောက်က,ပြလာသူဖြစ်တော့ သူဘယ်သူလဲဆိုတာ ဒေါ်ခင်နှင်းယုနဲ့ မိတ်ဆက်ပေးပါရစေ။

ကျွန်တော့်ဘဝမှာတင်မဟုတ်ဘူး။ သူ့ရဲ့ လက်ရှိဘဝကလည်း မထင်ရှားတဲ့ ယိမ်းသမလေးဖြစ်တယ်။ သူဟာ ဒေါ်ခင်နှင်းယု ဖြစ်စေချင်တဲ့ ပန်းပန်လျက်ပါ ဇာတ်ထုပ်ထဲက မဗေဒါလို အငြိမ့်သမမျိုး ဖြစ်ချင်တယ်။ ဖြစ်အောင် ကြိုးစားသော်လည်း မဖြစ်ဘူး ဆိုပါတော့လေ။ ဘဝကံအကြောင်းလည်းပါတယ်။ အခြေအနေကလည်း မပေးဘူး။ ခုတော့ ရွှေမန်း အောင်ဝင်းဖေ ဇာတ်အဖွဲ့မှာ ယိမ်းခေါင်းဆောင်တို့၊ ဇာတ်ရံတို့အဖြစ် လိုနေတဲ့နေရာဖြည့်ရတဲ့ ကချေသည်မဘဲ ဆိုပါတော့။

ရွှေမန်းအောင်ဝင်းဖေကို ကျွန်တော် ချီးကျူးမိပါတယ်။

http://www.cherrythitsar.org



သူဟာ ရွှေမန်းတင်မောင်လိုတဲ၊ သူတို့ရဲ့ ရတနာပုံ ရွှေမန်းမြို့တော်ရဲ့ ဂုဏ်ကို စုပ်တဲ့သူ၊ လေးစားတဲ့သူ ဖြစ်တယ်။ ပြီးတော့ တစ်ခု တော်တာက သူရဲ့ကိုယ်ပိုင် လက်ထပ်မယားကလွဲလို့ သူ့ဇာတ် အဖွဲ့ဝင် ကချေသည်လေးတွေအပေါ်မှာ သူသစ္စာစောင့်တယ်၊ စောင့်စည်းတယ်ဆိုတာ မြကြေးမုံ့ဆီက ကျွန်တော်သိရတယ်။ သူ့ ဇာတ်အဖွဲ့မှာလည်း ကချေသည်မလေးတွေဟာ ကျွန်ခေတ်လို အရာရှိဆိုးတွေနဲ့ ကျွန်တော်တို့လို လူပွေခေါ်ထုတ်ပြီး တစ်ည ပြဿနာရှင်းကြတဲ့ အလုပ်မျိုးကို မလုပ်ရဘူး၊ လုပ်တဲ့သူကို သူသာ သိရင်လည်း ပြင်းပြင်းထန်ထန် အရေးယူတယ်။

"စနစ်ကတော့ ကောင်းပါတယ်၊ ကိုကြီးတာရဲ့၊ တစ်ခါ တလေ ကျွန်မတို့ ဇာတ်သမလေးတွေဘက်ကကို ဖောက်တာ" တဲ့။

ဒါက မြကြေးမုံ့ရဲ့ ဖွင့်ဟဝန်ခံချက်။ 'ကိုကြီးတာ' ဆိုလို့ ဒေါ်ခင်နှင်းယုက ခေါင်းရှုပ်မသွားနဲ့ဦး၊ ကျွန်တော်ဟာ မြကြေးမုံ့ကို ကျွန်တော့်နာမည် အတိအကျနဲ့ ရာထူးကို ပြောမပြဘူး။ ကျွန်တော့် နာမည် 'အတာ'လို့ ပြောထားလို့ သူကျွန်တော့်ကို 'ကိုကြီးတာ'လို့ ပဲခေါ်တယ်။

လူကုံထံနဲ့ ဂုဏ်သရေရှိ ကြက်ခြေရှင် အမျိုးသမီးလေးတွေနေ တဲ့ တက္ကသိုလ် အမျိုးသမီးဆောင်တွေမှာတောင်၊ အဆောင်မှူးတွေ စည်းကမ်းတကျ ထိန်းချုပ်တဲ့ကြားက အစ်ကို၊ ဦးလေးအဖြစ်နဲ့ ဘဂ်လားမောင်နှမတွေအဖြစ် ဖန်ဆင်းပြီး၊ ကျောင်းသူတွေ လှည့် လှည့်ထွက်သွားလို့ (F) ပြဿနာထိလို့၊ အဆောင်မှူး အပျိုကြီး ဆရာမတွေ ဦးနှောက် ခြောက်ရတာ ဒေါ်ခင်နှင်းယု အသိဘဲ။ ဒီတော့ မြကြေးမုံ့ရဲ့ ဖွင့်ဟပြောပြချက်ဟာ မထူးဆန်းပါဘူး။

ခုလည်း မြကြေးမုံ့ဟာ ခွင့်တစ်လ ယူထားပြီး၊ ကျွန်တော့် ကို သူ့အစ်ကိုအနေနဲ့ အစ်ကိုနဲ့အတူ အညာဘုရားဖူး လိုက်မယ်ဆိုတဲ့

http://www.cherrythitsar.org



အစီအစဉ် စီစဉ် ထားတာကိုး။ ကျွန်တော်ကလည်း အေမီ မပါတဲ့ လမ်း ဖြစ်နေတော့ ကွမ်းလုံ နယ်ခြားရဲ့ အအေးဓာတ်ကို မြကြေးမှုံ ရင်ငွေ့နဲ့ ကာကွယ်မယ်ပေါ့။

မြကြေးမှုံဟာ ဇာတ်ဆောင်မင်းသမီး မဖြစ်သော်လည်း လုံးလုံးကျစ်ကျစ် တစ်တစ်ရစ်ရစ်နဲ့ စကားပြောလည်း အင်မတန် သွက်၊ ကျွန်တော်ရဲ့ ပွဲတော်တည်နေကျ ဟင်းတွေမှာ လျှာတွေ့တဲ့ ဟင်းတစ်ခွက် ဆိုပါတော့လေ။

ကျွန်တော်တို့ခရီးထွက်တဲ့ညမှာ ကားနဲ့သွားမှာမို့ ကားပေါ် ပစ္စည်းအပြည့်အစုံတင်ပြီး ထမင်းချက်ရယ်၊ ဒရိုင်ဘာရယ် ခေါ်ပြီး ရွှေမန်းအောင်ဝင်းဖေ ကပြနေတဲ့ပွဲကို ဝင်ကြည့်တယ်။ သူတို့ဇာတ် အဖွဲ့ဟာ လှိုင်မြစ်ကမ်းပါးမှာ ကပြနေကြတယ်။ ကားထဲမှာ တပည့် နှစ်ယောက်ထားခဲ့ပြီး ကျွန်တော်နဲ့ ကိုမြင့်မောင်ဟာ ပွဲဝင်ကြည့် တယ်။ မြကြေးမှုံအခန်းပြီးရင် သူ့ပစ္စည်းတွေယူပြီး ကျွန်တော်တို့နဲ့ မြကြေးမှုံလည်း လိုက်မယ်ပေါ့။

အဲဒီည 'စောင်းတော်ရှင် မောင်သစ္စာ'ရဲ့ အခန်းကလည်း ကောင်းလိုက်တာဗျာ။ ခေတ်အခေါ် အော်ပရာဆိုပါတော့။ မောင်သစ္စာဟာ ကျေးတောသားလို ရိုးရိုးလေး ဝတ်ထားပေမင့် လှတယ်။ သူဟာ နွေဦးရာသီမှာ သူ့စောင်းကို ပိုက်ပြီး နွေရွက် ကြွေတော့မှာ၊ စောင်းတီးနေတာ တစ်ခါတည်း ကောင်းကင် နတ်သမီးလေးတွေ ဆင်းလာကကြတဲ့ အခန်းပေါ့။ သူ့သီချင်းက ကောင်းတာသာတိတယ်။ ကျွန်တော် မရတော့ဘူး။ ပထမဆုံး ရွက်တွေကြွေ နေတဲ့ တောအခန်းလေးပေါ်လာပြီး အရိုးခြောက်နေ တဲ့ သစ်ကိုင်းလေးတွေပေါ်မှာ ရွက်သစ်ဦးလေး တွေပေါ်လာတယ်။ ပြီးတော့ ပန်းပွင့်ရောင်စုံလေးတွေ တစ်ပွင့်စီ ပွင့်လာပုံကို နောက်ခံတေးနဲ့ သရုပ်ဖော်တာမှာ ရွှေမန်း အောင်ဝင်းဖေရဲ့

http://www.cherrythitsar.org



တီထွင်ချက်ဟာ ပဲရစ်ကဘဲလေး၊ ပီကင်း အော်ပရာတွေကို မမီသေးသော်လည်းရှိတဲ့ ပစ္စည်း၊ ရှိတဲ့ဆလိုက်မီးနဲ့ တင်ပြသွားပုံက အောင်မြင်တယ် ဆိုရမယ်။

ပြီးတော့မှ ဥဩသံ အေးအေးနွဲ့နွဲ့လေး ပေါ်လာပြီး၊ စောင်းတော်ရှင် မောင်သစ္စာ ထွက်လာတာပဲ။ မောင်သစ္စာရဲ့ သီချင်းသား အတိုချုပ် ကျွန်တော်မှတ်မိသမျှကတော့. . .

သဘာဝရဲ့ အလှကို ဖော်ပြမွေးထုတ်ပါသော လောက နတ်ကို သူပူဇော်ပသပါတယ်တဲ့။

နွေဦးရဲ့ ပန်းများကိုလည်း သူချစ်ပါသတဲ့၊ နွေဦးရဲ့ အလှကို တေးသီသူနဲ့ဘဝတူ ငှက်ဥဩလေးကိုလည်း သူချစ်ပါတယ်တဲ့။

သို့သော်လည်း သူမသိတဲ့ ပြဿနာကို မေးပါရစေတဲ့။ ဥဩလေး ဂီတမောင် သီဆိုတဲ့ တေးဟာ နွေဦးအလှပန်းများကို ဖွဲ့တဲ့ တေးလား. . .။

မိခင်ပျောက်လို့ရှာသောတေးလား . . . ချစ်သူပျောက်လို့ ရှာသော တေးလား . . . သမုဒယနဲ့ ယှဉ်တွဲထွက်လာတဲ့ အလွမ်းတေး လား. . .။

ရွက်သစ်တွေကြွေတော့မယ် အခါမှာ အရိုးပြိုင်းပြိုင်းနဲ့ အကိုင်း ခြောက်တွေသာ အထီးကျန်မယ့် သင်္ခါရအဖြစ်ကို ဆင်ခြင်မိလို့ သီဆိုတဲ့ သံဝေဂတေးလား. . . တဲ့။

ကဲဗျာ ကျွန်တော် မှတ်မိသလောက် ရေးပြရတာ။ သီချင်းစာသား အစစ်က တကယ်ကောင်း။ သူ့စောင်းကောက်နဲ့ ဘက်ညီ၊ မြန်မာဟန် အပီသဆုံးနဲ့ အကောင်းဆုံး အခန်းတစ်ခန်းလို့ ဆိုချင်တာပဲ။ အဲဒီလို တီးနေတုန်းမှာမှ နတ်သမီးခုနစ်ဖော် ကောင်းကင်က သက်ဆင်းလာပြီး သူ့အပါးမှာ ကကြတာပါပဲ။ နတ်သမီးလေးတွေ ဆိုတဲ့ သီချင်းက. . .

http://www.cherrythitsar.org



လူ့ဘောင်လောကသားတို့ရဲ့ စိတ်နှလုံးချမ်းမြေ့မှုကိုပေးတဲ့ အနုပညာမှာ သဘာဝရဲ့ အလှပန်းချီ၊ ပန်းမလ် တောတောင် ရေမြေတွင် မဟုတ်ပါဘူးတဲ့။

အေးမြတဲ့ဂီတဟာလည်း တစ်ခုအပါအဝင်မို့ စောင်းတော်ရှင် ကိုသစ္စာကို သူတို့ပူဇော်ပါတယ်ဆိုတဲ့၊ သီချင်းနဲ့ နတ်သမီးလေး တွေဟာ စောင်းတော်ရှင် ကိုသစ္စာကို ရှိခိုးပြီး ကွယ်ပျောက်သွား ကြတယ်။

ဟင်း . . ရေးရင်း ရေးရင်း၊ ဒီနေရာရောက်တော့ မောလိုက် တာ ဒေါ်ခင်နှင်းယုရယ်။ ဇာတ်လမ်းထဲမှာ ချစ်ဖွယ် ခင်ဖွယ် ချီးကျူး စရာကောင်းတဲ့ မောင်သစ္စာကို အဲဒီညက နောက်ဆုံး တွေ့ရခြင်းပဲ။ ချွေးတွေ ပြန်လာလိုက်တာ ရှင်းအောင်တော့ ရေးပြပါဦးမယ်လေ။ အလောတကြီး ဖြတ်ရေးမိလို့ ဒေါ်ခင်နှင်းယု စိတ်ရှုပ်မသွားပါနဲ့နော်။ ဆက်ဖတ်ပါဦး။

စောင်းတော်ရှင်မောင်သစ္စာ အခန်းပြီးသွားပေမင့်မြကြေးမှု တို့ယိမ်းအဖွဲ့ကပြီးတဲ့အထိ ကျွန်တော်နဲ့ ကိုမြင့်မောင် ဆက်ကြည့် နေကြတယ်။ မြကြေးမှု အကလည်းပြီးရော ကိုမြင့်မောင် ကားဆီကို ထွက်သွားပြီး ကျွန်တော်ကတော့ မြကြေးမှုအဝတ်လဲတဲ့ အခန်းရှိရာ ကို ထွက်လာတယ်။ ခါတိုင်းဆို အခန်းတွေ စောင့်တဲ့ ကောင်လေး တစ်ကောင်ကို ကျွန်တော်ပိုက်ဆံပေးထားနေကျ။ ဒီတစ်ခါတော့ သူနဲ့ ကျွန်တော် မဆုံမိကြဘဲ ကျွန်တော်ဟာ မြကြေးမှု အဝတ်လဲခန်းကို စိတ်မှန်းနဲ့သွားတယ်။ ဇာတ်စင်နောက်မှာ ရွက်ဖျင်ခန်းတွေရဲ့ အပြောင်းအလဲကို ကျွန်တော်မသိတော့ မြကြေးမှုအခန်း ဘယ် အခန်းလဲလို့ မေးမလို့ ရွက်ဖျင်ခန်းတစ်ခုရဲ့အဝကို ဆွဲဟပြီး ကြည့်လည်း ကြည့်လိုက်ရာ မောင်သစ္စာနဲ့ မအေမီ တူပြိုင် ဂူလှိုဏ်၊ အရမ်းကျ နေကြတာကို တွေ့တာပဲ။ အသားတွေ ဆတ်ဆတ်

http://www.cherrythitsar.org



တုန်ပြီး အဲဒီအချိန်၊ အဲဒီအချိန်၊ အဲဒီဒေါသနဲ့ ကျွန်တော့် လက်ဆွဲအိတ်ထဲ အဆင်သင့် ပါလာတဲ့ သေနတ်နဲ့ မိအေမီကိုရော မောင်သစ္စာကိုရော ကျွန်တော် ပစ်ထည့်လိုက်မလို့ ချိန်နေတုန်း သေနတ်သံတွေ ပေါ်လာတယ်။ ဒီတုန်းက အရာရှိတွေဟာ လိုင်စင်နဲ့ ကိုယ်ပိုင်သေနတ်တွေ ကိုင်ဆောင်ခွင့်ရတယ်၊ နယ်ခြားဘက်ကို သွားရင် ကျွန်တော်အမြဲ သေနတ်ယူသွားတယ်။

အခန်းစောင့်သူငယ်လေးလည်း ဘယ်ကရောက်လာလဲ မသိဘူး။ အော်နေတုန်း. . .

"ကိုကြီးတာ လာလာ ဒီမှာ ခဏပုန်းနေ" ဆိုပြီး၊ မြကြေးမှုံဟာ ကျွန်တော်တို့ကို ဆွဲခေါ်သွားပြီး အဝတ်ပုံတစ်ခုထဲမှာဝှက်ထားလိုက်တယ်။ အပြင်မှာ ဘာတွေ ဘယ်လိုဖြစ်လဲတော့ မသိဘူး ခင်ဗျ။ "မီး. . . မီးဆိုတဲ့အသံ၊ လူတွေ ယောက်ယက်ခက် ပြေးလွှားကြနဲ့၊ အရပ် ပျက်သလား အောက်မေ့ရတယ်။ အော်သံဟစ်သံတွေ ကြားရတယ်။ မြကြေးမှုံဟာ ကျွန်တော့်ကို ဆွဲထုတ်ပြီး၊ "လာ လာ ပြေးကြစို့" ဆိုပြီး ပြေးချိန်မှာတောင် မီးတွေ ဝိုင်းဝိုင်းလည်နေပြီ။ ကျွန်တော်ဟာ မြကြေးမှုံ ခေါ်ရာကို ဒရွတ်ဆွဲ လိုက်ပါသွား နေမိတယ်။

နောက်ဆုံး ကျွန်တော်သတိရတာကတော့ လူတွေ အော်သံဟစ်သံနဲ့ မီးလောင်ကျွမ်းနေတဲ့ ဇာတ်ရုံကြီးဟာ ကျွန်တော်တို့နောက်မှာ ကျန်ရစ်တယ်။ ကျွန်တော်နဲ့ မြကြေးမှုံဟာ၊ လှိုင်မြစ်ပေါ်မှာ လှေတစ်စင်းနဲ့ ရှိနေတာပဲ သတိရတော့တယ်။ ပြီးတော့ ကျွန်တော် ဘာမှ သတိမရတော့ဘူး။

သတိရချိန်မှာမျက်လုံးဖွင့်ကြည့်တော့ မနည်းကြည့်ရတယ်။ မျက်စိကလည်း မသဲကွဲ၊ မျက်နှာကလည်းနာ၊ ခြေထောက်တွေလည်းနာ၊ တစ်ကိုယ်လုံးရိုက်ထားသလိုပဲ။

"ကိုကြီးတာ သတိရလာပြီနော်၊ စိတ်အေးအေးထားတဲ့"
မြကြေးမှုံရဲ့ အသံကို ကြားရတယ်။

"ဘာမှ မတွေးနေနဲ့၊ နောက်မှ ကြေးမှုံ အကြောင်းစုံကို ပြောပြမယ်တဲ့၊ ဒါအဖေတို့ရဲ့ ယာတော"တဲ့။

တိုတိုပဲ ရေးပြပါရစေ၊ မြကြေးမှုံတို့သားအဖဟာ ကျွန်တော့်ကို မြန်မာဆရာနဲ့ သူတို့တဲမှာပဲ ကျိတ်ကုတယ် ဆိုပါတော့။ ဒဏ်ရာကတော့ ရှင်းရှင်းပျောက်ပါရဲ့၊ မျက်စိကလည်း ကွယ်မသွားပါဘူး။ ဒါပေမယ့် မျက်နှာမှာ မီးဟပ်တဲ့ ဒဏ်ရာဟာ မျက်နှာတစ်ခြမ်းကို ဖူးဖူးကြွကြွ အမာရွတ်နဲ့ဖုံးပြီး ကျွန်တော့်မျက်နှာတောင် ကျွန်တော် မမှတ်မိတဲ့ အဖြစ်ရောက်နေ တော့တယ်။ ခြေထောက်ကတော့ ငန်းမန်းလိုက်တယ် ဆိုရမှာပေါ့။ အနာသာ ပျောက်သွားရော တစ်ဖက်အကြော နည်းနည်း လိုက်သွားလို့ လမ်းသွားရင် မစန့်ဘူး၊ ပုံပျက်နေတယ်။ မြကြေးမှုံဟာ အကသင်ချင်လို့ ကြည့်မြင်တိုင်မှာ သူ့ဦးလေးနဲ့အတူ ငယ်ငယ်ကတည်းကနေတာ။ ခု သူတို့အဖေရွာက ရွာနာမည်တောင်မရှိတဲ့ ရွာငယ်လေးပဲ။ ဒါလောက်ပဲ ခေါ်တဲ့နေရာပါပဲ။ တွံတေးနဲ့တော့ မဝေးလှဘူး။ တကယ်တော့ လယ်သမားကို စော်ကားတဲ့အထဲ ကျွန်တော်မပါပါဘူးဆိုပေမင့် ဖေဖေတို့ ကြီးကြီးထားတို့ လယ်သမားတွေ အပေါ် ဖိစီး နှိပ်စက်ခဲ့တဲ့ ဒဏ်အကြွေးကို ကျွန်တော် ဆပ်နေရပြီ။ ခုတော့ 'ရောက်သမျှ ဘေးဒဏ် ပုဏ္ဏားခံကွဲ့လေး'ဆိုတဲ့ ဘဝကို ရောက်သွားရတယ်။

"ကိုကြီးတာ. . . အဲဒီညက ဘာဖြစ်လို့ ကိုသစ္စာကို သေနတ်နဲ့ ပစ်သတ်တာလဲ. . . ဟင်" လို့ မြကြေးမှုံက အေးအေးဆေးဆေး တစ်နေ့မေးတယ်။

ကျွန်တော့်ဘဝမှာ အဲဒီည အကြောင်းကို ဘယ်တော့မှ

http://www.cherrythitsar.org



ပြန်မတွေးချင်ဘူး။ သတိရရင် သူရဲချောက်သလို၊ အိပ်မက်ဆိုးကြီး မက်သလိုဖြစ်ပြီး၊ ကယောင်ချောက်ချား ထဖြစ်တာပဲ။ ကြေးမှုံတို့ သားအဖေလည်း၊ ကျွန်တော့်ကို အရက် သို့မဟုတ် ထန်းရည်ကို တိုက်ပြီး လူမှန်းမသိအောင် မူးပြီး အိပ်ပျော်သွားမှပဲ ကျွန်တော်ဟာ အိပ်မက် ဆိုးကြီးက လွတ်တော့တယ်။

"ကိုကြီးတာလေ ကြေးမှုံကို တသက်သစ္စာရှိစွာ ပေါင်းပါ့မယ်လို့ သစ္စာဆိုပါ့မယ် ကြေးမှုံရယ်။ ကိုကြီးတာကို ချစ်ရင် ကြေးမှုံကလည်း သစ္စာဆိုပါ။ ဘယ်သောအခါမှ အဲဒီညအကြောင်း ကိုကြီးတာရဲ့ နောက်ကြောင်း ရယ်ကို ပြန်ပြီး မမေးတော့ပါဘူးလို့"

ကျွန်တော် ကြေကြေကွဲကွဲနဲ့ ပြောသံကို အပြစ်မဲ့တဲ့ မျက်နှာလေးနဲ့ စူးစူးစိုက်စိုက်နားထောင်တယ်။ ကျွန်တော် ကာယကံရှင် ကိုယ်တိုင်ကလည်း သေနတ်ကို ချိန်သာ ချိန်ထားမိတယ်၊ဘယ်သူက လက်ဦးအောင် ပစ်လိုက်မှန်းကို မသိဘူး။

"သစ္စာဆိုပါတယ် ကိုကြီးတာရယ်၊ ကြေးမှုံလည်း ဘယ်တော့မှ အငြိမ့်သမ မလုပ်တော့ဘူး။ ဒီညအကြောင်းကိုလည်း ကိုကြီးတာ မကြိုက်ရင် ကြေးမှုံ နောက်ထပ်မမေးပါဘူး။ ဒါပေမင့် ဆရာ ဦးအောင်ဖေတို့လည်း အတော်ပျက်စီးသွားတယ်။ အဲဒီညက အသေ အပျောက် မီးထဲမှာ ပါသွားတာ အတော်များတယ်တဲ့။ဆရာ ကတော့ ရှိသမျှနဲ့ ပြန်ထူထောင်တယ်လေ၊ ရင်းစားတော့ မမီသေးဘူးပေါ့၊ ခတ်ကြိုးကရှော့ဖြစ်ပြီး လောင်တာတဲ့၊ ကြေးမှုံသတင်း ကြားရသရွေ့ ပြောပြရတာ။ မီးလောင် တာကတော့ ဝမ်းနည်းစရာ ကြီး၊ ဒါပေမင့် အစိုးရအပြစ်ဒဏ်ကနေ ကိုကြီးတာကို မီးက ကယ် လိုက်တာ။ အဲဒီညကလေ ဦးလေး အကူအညီနဲ့ အဖေတို့တဲ ရောက်လာတာ ကိုကြီးတာ အသက်သာ မသေတာ သတိလွတ် ကယောင်ကတမ်းဖြစ်နေတာကို တစ်ပတ်လောက်ကြာတယ်။

အိုလေ . . . ဖြစ်သမျှအကြောင်း အကောင်းပေါ့ ကိုကြီးတာရယ်။ ကြေးမုံလေ နောက်ကိုလည်း အဲဒီညအကြောင်းကို ကိုကြီးတာကို မမေးတော့ပါဘူး”

သူလေ နောက်ထပ် အဲဒီည အကြောင်းရော၊ ကျွန်တော်ရဲ့ အတိတ်ဇာတ်ကြောင်းကိုရော မမေးတော့ဘူး။ ကျွန်တော့်မှာတော့ ဒေါ်ခင်နှင်းယုရဲ့ ဝတ္ထုတွေထဲပါတဲ့ . . ။

“သည်းတမြည့်မြည့်ကျွမ်းပါတဲ့
(သခင်ရယ်) ပွဲတွေ့အလွမ်း”

ဆိုတဲ့ လေးချိုးကဗျာကိုလည်း ဖတ်ခဲ့ရပါတယ်။

“သည်းတမြည့်မြည့်ကျွမ်းအောင်
အမှတ်မများတော့ပါဘု (သခင်ရယ်)
ပွဲတွေ့အမြတ်တရား”

ဆိုတဲ့ လေးချိုးကဗျာကိုလည်းဖတ်ခဲ့ရပါတယ်။ကာရန်မနိုင်ကဗျာ မပိုင်တဲ့ ကျွန်တော် ငတင်အောင်ထွန်းမှာတော့ ဒေါ်ခင်နှင်းယုလို ကဗျာမစပ်တတ်ဘူး။ ဒီတော့လေ သီပေါမင်းပါတော်မူပြီးတဲ့နောက် ရွှေမန်းစာဆို တစ်ယောက် ဖွဲ့ခဲ့တဲ့ လေးချိုးကြီး အဆုံးသတ်ကို ဟစ်လို့သာအော်ပြီး ဆိုချင်တယ် ဒေါ်ခင်နှင်းယုရယ်။ သူ့လေးချိုး အဆုံးသတ်က. . . .

“သိလျက်နှင့်ပင်၊ ဝိပါက်ကြမ္မာငင်တော့
ရွှေဉာဏ်ရှင် မဝေခွဲနိုင်ဘု
ပွဲတွေ့အမှား”

## အခန်း (၆)

# အဘသမက်

တူကိုကိုင်စွဲကြတဲ့ × အလုပ်သမား လူထုနဲ့ × တံစဉ်ကို ကိုင်စွဲကြတဲ့ × လယ်သမားလူထုနဲ့ × ပေါင်းရမယ် . . . ခနရှင်ဘေး × တိုက်ဖျက်ရေး × ဆင်းရဲသူတွေ × ဘုံခေတ်ကြီးကို × ဆောက်တည်ခါကွယ် × နေပြီတကယ်. . . အခက်အခဲ × မှန်သမျှ ပယ်ဖျက်ရမယ် × ညီညီညာညာကွယ် × အလုပ်သမားတွေ အားစုခါနေမယ် . . .

ကျွန်တော်ပျော်လွန်းလို့ ဒီသီချင်းကို ဟစ်ဆိုနေတယ် မထင်ပါနဲ့။ ဆိုသူက ကြေးမှုံပါ။ ကြေးမှုံကို သူတို့ရွာက မိမှုံလို့ပဲ သိတယ်ခေါ်တယ်။ မြကြေးမှုံဆိုတဲ့ အငြိမ့်သမအမည်ကို ဖျောက်ပြီး သူ့အဖေရဲ့ လယ်တောမှာ သူ့ဘဝကို မြှုပ်လိုက်တယ်။ ကျွန်တော်က တော့ ကျွန်တော့်ချစ်ဇနီးကို ဝတ်မှုံလို့ပဲ ခေါ်တယ်။

သူဘာကိုပဲလုပ်လုပ် သူ့ဝါသနာအလျောက် ဇာတ်ထဲမှာ ဆိုခဲ့ရတဲ့ သီချင်းတွေကို ဆိုပြီး လုပ်တတ်တယ်။ ခုလည်း ဒီသီချင်းကို

http://www.cherrythitsar.org



တစ်ယောက်တည်းဆိုနေပေမင့် သူ့ဘေးမှာ ကျွန်တော်တို့ ရွာသား တချို့ လယ်သမားတချို့ ရှိနေတယ်။

ကျွန်တော်တို့ ဘာလုပ်နေလဲသိလား။ ရွာဦးက ဦးပညာ ဇောတ ကျောင်းကို ပြင်နေကြတယ်လေ။ ဒီနေရာမှာ အဘသမက် ကိုဖိုးတာ သိပ်ကို အသုံးကျနေတာပေါ့ဗျာ။ (ဘယ်သူမှတော့ အဘ သမက် ကိုဖိုးတာဟာ ဘိလပ်ပြန်အဆောက်အအုံ အင်ဂျင်နီယာကြီး တစ်ယောက်လို့ မသိဘူး)

"အေးလေဗျာ၊ ကိုဖိုးတာရေ ခင်ဗျားတစ်ယောက် ဒီရွာကို ရောက်လာတာ အဘသာ ကံကောင်းတာမဟုတ်ဘူး၊ ကျွန်တော် တို့ရော ဟောဒီရွာရော ကံကောင်းတာ"

ဘုန်းကြီးကျောင်း ပညာအုပ် ကိုသောင်းစိန်က ပေါက်လာ ပြီး ကျွန်တော့်ကို အားပေးတယ်။ သူဟာ ဒီရွာထဲကို မဟုတ်ဘူး ရွာလေးငါးရွာမှာ ရှိသမျှ ဘုန်းကြီးကျောင်းတွေက ရွာက ကလေး တွေ စာပေသင်ကြားတဲ့ နေရာမှာ ပညာအုပ်အနေနဲ့ လိုအပ်တာ ကူညီရတဲ့ သူဖြစ်တယ်။ စကားပြောရင်လည်း ပြုံးပြုံး ပြုံးပြုံးနဲ့ ချစ်ဖို့ကောင်းတဲ့ လူတစ်ယောက်။ ကွမ်းသိပ်စားပြီး လူက ပုညက် ညက်ရယ်။ ကျွန်တော့်ကို အားပေးရင်း သူ့လွယ်အိတ်ကြီး ဘေးချပြီး ထိုင်လိုက်တယ်။

ဝတ်မှုံတို့အုပ်စုထဲက လာချသွားတဲ့ ရေနွေးကြမ်းကို တစ်ခွက် မော့လိုက်တယ်။ ကျွန်တော်ကလည်း ရွာသားတချို့ကို သစ်ဟောင်းတွေထဲက အကောင်းကို ရွေးထုတ် ခိုင်းထားဆဲမို့ အမောပြေ ကျောင်းအောက်ကပြင်မှာ ထိုင်ရင်း ကောက်ညှင်း ပြန်ပေါင်းကို ရေနွေးကြမ်းနဲ့ သောက်နေဆဲကို။

"ဒီမှာဗျ၊ ကိုဖိုးတာရဲ့ ခုခေတ်မှာ သစ်က အသစ်စက်စက်ရမှ သွပ်အသစ်ရမှဘာမှနဲ့သာ စောင့်နေရရင် အဲဒီကျောင်းကြီးသာ

http://www.cherrythitsar.org



တအိအိ ပြိုမယ်၊ ဘယ်က ဒီပစ္စည်းတွေ တစ်လုံးတစ်စည်းတည်း ရမလဲ။ ပြီးတော့ ကျွန်တော်တို့ ကျေးရွာတွေက ဆင်းဆင်းရဲရဲ ရယ်. . . ခုတော့ ဝမ်းသာလိုက်တာဗျာ၊ ဆရာတော်ကလည်း ခင်ဗျားကို ကျေးဇူးတင်တယ်”

သူဟာ ပထမပိုင်းတစ်သုတ်ပြီးသွားတဲ့ ခြေတံရှည်ကျောင်းရဲ့ အပေါ်ထပ် ဆရာတော်နေတဲ့ အထပ်ကို မော့ကြည့်ပြီး ပြောတယ်။ အောက်ပိုင်းမှာတော့ ဆင့်တွေရိုက်ပြီးပြီ။ ပေပျဉ်ကြီးတွေ ခင်းပြီးရင်ဖြင့် ကျွန်တော့်စိတ်ထင် အနည်းဆုံး ကျောင်းသားတစ်ရာကို စာသင်နိုင်တဲ့ မူလတန်းကျောင်း ကောင်းကောင်း ဖြစ်နိုင်ပါတယ်။ ဆရာတော်ဟာ ဆွမ်းစားချိန် ၁ဝနာရီကနေ တစ်ချက်တီးထိ အနားယူတယ်။ ကျန်အချိန်မှာ ကျောင်းသားငယ်လေးတွေနဲ့ ကိုရင်လေးတွေကို အောက်ထပ်မှာ စာသင်တာပဲ။

“ဆရာတော် ဝမ်းသာတာက တစ်ခါတုန်းက တောကြီးတန်းက အလှူရှင်တစ်ယောက် ပေါ်တာနဲ့ ဒီကျောင်းပြင်ဖို့ဆွေးနွေးတာ၊ လက်သမားက လက်သမားခလည်း အဆမတန်တောင်း၊ သစ်လည်း တွက်ချက် ပြလိုက်တာ၊ အဟောင်း ပြန်မသုံးလိုဘူးပေါ့ဗျာ။ ခုတော့ စပ်စပ်ဖာဖာ ခင်ဗျားလုပ်တတ်တာကိုပဲ ဆရာတော်က ဝမ်းသာနေတယ်။ ကျွန်တော်တို့လည်း အဘသမက် ကိုဖိုးတာ လက်သမားတတ်မှန်း မသိဘူးဗျာ”

“ဟုတ်. . . ဟုတ်ကဲ့. . . ကျွန်တော်ဝတ်မှုံနဲ့ မညားခင် တွံ့တေးမှာနေတုန်းက လက်သမားလုပ်စားပါတယ်”

ကျွန်တော်ဟာ ထစ်အဲထစ်အဲနဲ့ ပါးစပ်ထဲတွေ့သမျှ ဖြေရတာ။

“တွံ့တေးကနေ မအူပင်အထိ၊ သဘော်ာဆိပ်ရှိတဲ့ လေးအိမ်စုတို့ တာပေါ်တို့ အစရှိတဲ့ ရွာတွေက ဘာဖြစ်ဖြစ်

ခေတ်မီသေးတယ်။ ဒီနေရာ ရန်ကုန်နဲ့နီးသလောက် ခေါင်တယ်၊ ရွာနာမည်တောင် မရှိဘူး၊ တွံတေးတောကြီးတန်းဆိုတာ အရင်တုန်းကဖြင့် သောင်းကျန်းသူတွေ အဖြတ်အသန်းများလို့ ရွာအနေနဲ့တောင် အခြေမတည်နိုင်ဘူး၊ ဒီရွာကိုလည်း တွံတေးတောကြီးတန်း နောက်လို့သာ ခေါ်နေကြတာ ကြည့်ပေတော့၊ ဒါလောက် အဆက်အသွယ်ပြတ်ပြီး ခေါင်တဲ့နေရာ၊ ခင်ဗျား ဒီဆရာတော် ဦးပညာဇောတအကြောင်းကို သိလား"

"မသိဘူး ခင်ဗျ"

"ဒီဆရာတော်က၊ စာတတ်ပေတတ်ဗျ၊ ရန်ကုန်သား မဟုတ်ဘူး၊ တစ်ခါကမှ စကားစပ်ပြီး ကျွန်တော် ဒီကိုယ်တော် အကြောင်း သိရတာ"

"ဆိုစမ်းပါဦး"

"ဟိုဗျာ. . . ဒီကိစ္စမှာ၊ သိပ္ပံမောင်ဝလည်း. . . ပါတယ်"

"ကျွန်တော်က ပညာအုပ်ဆိုတော့ ကျောင်းဆရာလည်း လုပ်ဖူးတော့၊ စကားကလည်း ခပ်များများရယ်၊ စကားပြောတာ လောဘလည်း ကြီးသေး၊ ကျွန်တော့်ကို အဲဒီရွာက လူတွေက လာရင် ဘုရားလောက် နီးနီးထားတော့ အာတွေ့လျှာတွေ့၊ စကားပြောချင်လို့လည်း ဘက်ညီတဲ့လူ တယ်မရှိဘူးဗျ၊ အဲဒီကိုယ်တော်တစ်ပါးပဲ ရှိတာ၊ ကိုယ်တော်ကလည်း အားလပ်ချိန် သိပ်မရှိဘူး။ ကျွန်တော်တို့ ငယ်ငယ်ကလိုပေါ့ဗျာ၊ ဒီဦးပညာဇောတတို့ တစ်ခေတ်ကလည်း သိပ္ပံမောင်ဝတို့ ခေတ်စမ်းစာပေ လွှမ်းမိုးခံရချိန်၊ သူက ခု ရန်ကုန် ခြောက်ထပ်ကြီး စာသင်တိုက်ထွက်ဆိုတော့ လောကုတ္တရာ စာပေမှာလည်း နှံ့စပ်တယ်၊ လောကီစာပေမှာလည်း တော်တော် စုံအောင် လေ့လာတယ်၊ ပဉ္စင်းငယ်ဘဝဆိုတော့ သိပ္ပံမောင်ဝရဲ့ တစ်ပေ ကုလားရွာက စာသင်ကျောင်း အကြောင်း ဖတ်ရပြီး

http://www.cherrythitsar.org



ကတည်းက မြို့ပေါ်မှာ မနေတော့ဘဲ ဒီလိုလူအရောက် အပေါက် နည်းတဲ့ တောကျေးရွာတွေမှာ သာသနာပြုမယ်ဆိုပြီး ရန်ကုန်ကို ခွာလာတဲ့ ဆရာတော်. . ."

ကျွန်တော်ဟာ ဆရာတော်ရဲ့ အကြောင်းကို သိလာတော့မှ ကျောင်းဆောက်ရာမှာ စေတနာပိုပြီး ထက်သန်လာပါတယ်။ သဒ္ဓါတရား ပေါက်လာတာပေါ့။

"ဒီရွာကံကောင်းချင်တော့ အကြောင်းအကျိုးက ဒီလို ဆက်လာတယ်ဗျ"

ပညာအုပ် ကိုသောင်းစိန်ဟာ သူ့ကိုယ်သူ မိတ်ဆက်သလို စကားလောဘကြီးတယ်ဆိုပေမဲ့ သူစကားပြောပုံဟာ ငြီးငွေ့စရာ မကောင်းဘူး။ စိတ်ဝင်စားစရာကောင်းလာပါတယ်။

"ခင်ဗျား တွံတေးမှာ နေခဲ့ဖူးတယ် ဆိုတော့ ဒီတစ်ဝိုက်မှာ တစ်ခါက နာမည်ကြီးခဲ့တဲ့ တပ်ရင်းအကြောင်း မသိဘူးလား"

ကျွန်တော်ဘယ့်နှယ်ဖြေရမှန်း မသိလို့ ဆက်ပြောပါဦးလို့ပဲ ပြောရတယ်။

"ကျွန်တော်ကတော့ မအူပင် ပညာဝန်ဆီမှာ လခထုတ်ရင်း သိတယ်၊ ဒီတပ်ရဲ့ တပ်ရင်းက ပန်တပွတ်မှာဗျ၊ သူတို့စစ်ဆင်ရေးဟာ ရွှေတောင်မှော်တို့ လေးအိမ်စုတို့ တစ်ပေကုလားတို့ကအစ ဒီတွံတေး တောကြီးတန်းဘက်ရော အစုံအစုံပါပဲ။ ကျွန်တော်ကလည်း ပညာအုပ်အနေနဲ့ သွားနေရတာ အတည်တကျ တစ်နေရာတည်း ဘယ်ဟုတ်မလဲ၊ တစ်ခါတလေ ချောင်းကြို မြောင်းကြား လှေ တစ်စင်းနဲ့ သွားရင်း အဲဒီတပ်ရင်း စစ်ဆင်ရေးနဲ့ သွားတိုးတဲ့အခါ အသက်ရှူပေါက် မှားခဲ့ရသေးတယ်။

သူက သက်ပြင်းချလိုက်တယ်။

"အဲ. . . အဲဒီတပ်က တပ်ရင်းမှူး ဗိုလ်မှူးနိုင်လေ၊

http://www.cherrythitsar.org



သူကလည်း ဒီနယ်တစ်ဝိုက်နဲ့ကို အကြောင်းဆက်တယ်ဗျာ၊ ကျွန်တော် ပြောတာ လိုရင်းမရောက်ဘဲ ရှည်နေပြီလား”

“မရှည်ပါဘူး၊ ကျွန်တော်စိတ်ဝင်စားပါတယ်”

“ဟဲ့. . . ဟဲ ကျွန်တော်စကားပြောရင် အဲဒီလို အားပေးသူလည်းရှိမှ”

သူဟာ စကားကြောင်းကို ဆက်ပြောတယ်။

“ဗိုလ်မှူးနိုင်က ရှမ်း ၁ နဲ့အတူ ပန်တပွတ် ရောက်မလာခင် ဒီနယ်တစ်ဝိုက် စစ်ဆင်ရေးကို ခြေမြန်တပ်ရင်း ၁၀၁ မှာ တပ်ခွဲမှူး အနေနဲ့ တာဝန်ယူလာခဲ့ဖူးတယ်။ သူတို့တပ်ခွဲက အင်းမမှာ ရှိပါတယ် ဒါပေမင့် အဲဒီတုန်းကများ တပ်မတော်နဲ့ သောင်းကျန်းသူတွေဟာ ပြေးတမ်း လိုက်တမ်း ကစားနေသလား အောက်မေ့ရတယ်။ အခြေအနေက ဘာမှ မတည်ငြိမ်ဘူး။ အဲဒီအချိန်မှာ စစ်ဆင်ရေး တစ်နေရာက ဘုန်းကြီးကျောင်းအိုတစ်ခုမှာ ဦးပညာဇောတက၊ ကျောင်းထိုင်တုန်း သောင်းကျန်းသူတွေက ဆရာတော်ကျောင်းကို ခိုခိုပြီးမှ ဖြတ်သန်းသွားလို့ ဆရာတော်ကိုလည်း ဒီရွာပြောင်းနေပါ လျှောက်ထားပြီး ကျောင်း အဟောင်းကိုဖျက်ပြီး ဒီယူလာပြီး ပုံထားရတဲ့ သစ်တွေ၊ သစ်တွေ၊ ခု ဒီသစ်တွေထဲက အသုံးကျ လိုက်တာ”

“ဟုတ်ကဲ့. . . သစ်အဟောင်းဆိုပေမင့် ရှေးသစ် ပျဉ်းကတိုးနဲ့ ကျွန်းတွေဆိုတော့ ရွှေပေါ်ထိုးလိုက်ရင်ပဲ အသစ်လို ဖြစ်သွားပါတယ် ဦးသောင်းစိန်ရဲ့။ ခိုင်တဲ့နေရာမှာတော့ မပြောနဲ့တော့ အိမ်အို၊ အိမ်ဟောင်းကြီးတွေ ကြည့်ပါလား”

“ဟုတ်ပါတယ်. . .၊ ဟုတ်ပါတယ်. . .၊ အဲဒီ . . . အကြောင်းလည်း ဦးပညာဇောတက ပြောပြလို့ သိရတာ။ ခုဗျာ ခင်ဗျား လက်ထဲ ရောက်တော့မှ စပ်စပ်ဖာဖာ အဟောင်းထဲက

http://www.cherrythitsar.org



အကောင်း၊ စာသင်ကျောင်းတစ်ကျောင်း ဖြစ်လာရတာ၊ ဝမ်းမသာဘူးလား ကိုဖိုးတာ၊ ၁၀၁ ရဲဘော်တွေ ကောင်းမှုကုသိုလ် ပေါ့ဗျာ"

"ကျွန်တော် တစ်သက်ပြုလာတဲ့ ကုသိုလ်တွေမှာ ဒီကုသိုလ်ကို အမွန်မြတ်ဆုံးလို့ ယူဆပါတယ်ခင်ဗျာ"

"ခုတော့ ရွာတစ်ရွာ ဖြစ်လာလောက်အောင်ကို အိမ်ခြေ ရွာခြေ များလာ၊ ဘုန်းကြီးကျောင်းနဲ့ စာသင်ကျောင်းနဲ့ဆိုတော့ ဟန်ကျလာတာပေါ့။ အရင်ကတော့ ကျွန်တော်စိတ်မောလိုက်တာ၊ အဘဦးစံတို့အုပ်စု လောက်ပဲရှိတာ၊ အိမ်ခြေ ကျိုးတိုးကျဲတဲ၊ ကလေးတွေကလည်း ဖရို၊ ဖရဲ၊ ဘာမှ မသိနားမလည်။ အဲ. . . ဦးပညာဇောတနဲ့ ကျွန်တော် တိုင်ပင်ပြီး တဖြည်းဖြည်း ရွာဖြစ်လာအောင် ထူထောင်ရတာ ဆိုပါတော့ဗျာ၊ လွန်ခဲ့တဲ့ ၄-၅နှစ်က ရောက်ဖူးခဲ့သူသာဆိုရင် အခု အခြေအနေကို မြင်ရင် သိပ်အံ့ဩမှာ၊ ယုံနိုင်စရာမရှိဘူး။ ၁၀၁ ရဲဘော်တွေကို ခေါ်ပြချင်တယ်။ ကျွန်တော်ရွာထဲဘက်သွားဦးမယ်၊ လိုအပ်တာလည်း ပြောပါ။ ဒီကျောင်းပြီးမှ ကျွန်တော် ရန်ကုန်ဘက်တက်မယ်၊ ဆရာတော် လိုချင်တဲ့ စာအုပ်တွေလည်း စုရင်းပေါ့"

"ဟုတ်ကဲ့. . . ကျွန်တော်တို့လည်း လက်စသတ်စရာလေးတွေ လုပ်လိုက်ဦးမယ်"

ပညာအုပ်ကိုသောင်းစိန် ရွာထဲဘက်ထွက်သွားမှ ကျွန်တော်တို့လည်း အောက်ကြမ်းပျဉ်ခင်းတဲ့ အလုပ်ကို စရတော့တာပဲ။ ပါးစပ်က ကိုသောင်းစိန်ကို ပြောခဲ့သလိုပါပဲ၊ စိတ်ထဲမှာလည်း တကယ် ကြည်နူးပါတယ်။ ကျွန်တော်အရာရှိ တစ်ယောက်အဖြစ် အမှုထမ်းပြီး အစိုးရအဆောက်အအုံ အမြောက်အမြား ဆောက်ခဲ့ပေမင့် ဟိုအလုပ်တွေက အလုပ်သဘော သက်သက်ပါ၊ ခုလို

http://www.cherrythitsar.org



လူအရောက်အပေါက်နည်းပြီး အင်မတန်ခေါင်တဲ့ နေရာမှာ ဒီကလေးတွေအတွက် ကျောင်းလေးတစ်ဆောင် လက်ထိ လက်ရောက်ဆောက်ပေးရတဲ့ ကုသိုလ်အပေါ်မှာဖြင့် တကယ့်ကိုပဲ လှိုက်လှိုက်လှဲလှဲ သဒ္ဓါစိတ်ပေါက်ပါတယ်၊ စေတနာလည်း သက်ရောက်ပါတယ်။

ချစ်ဦးသူ မွေးကိုလည်း ပြောလိုက်ချင်သေးတယ်။ မွေးရေ အကြောင်းကံမဆုံလို့ မပေါင်းရသော်လည်း မင်းချစ်သူ ခင်ပွန်းသည် ကိုကိုနိုင်နဲ့ တင်အောင်ထွန်းဆိုတဲ့အကောင် ဒီနေရာမှာ ကြုံဖန်ပြီး ရေစက်ဆုံလာရတယ်၊ ကုသိုလ်ကောင်းမှုပြုဖြစ်ကြတယ်ဆိုတာ ပြောပြချင်တယ်။ စိတ်ထဲမှာ ဒီကျောင်းကို လက်စသတ်ရင်း တမလွန် ကို ရောက်နေပြီဖြစ်တဲ့ ဗိုလ်မှူးနိုင်ကိုလည်း မေတ္တာပို့ အမျှဝေမိပါ တယ်။ သူ့လက်ငုတ်လက်ရင်း သစ်ကွင်း သစ်ကျန်အစုအပုံကို ကျွန်တော် အကောင်အထည်ဖော်ဖြစ်တာကိုလည်း တိုင်တည် ချင်တယ်၊ ပြသချင်တယ်။

ဒုတိယ မွေးရဲ့ မေမေ ဒေါ်တင်တင်ကြီး၊ မတော်လိုက်ရတဲ့ ယောက္ခမကြီးကိုလည်း မြူရိုကရက်သပေါက်သား တင်အောင်ထွန်း တစ်ယောက် ကြီးကြီးတင်ဆန္ဒအတိုင်း၊ ခုခေတ်စကားနဲ့ဆိုရင် အများကို အကျိုးပြုလိုက်တာမှ ဘတို့ ကျေးရွာကို လာလို့ကြည့် ပါ။ ကျွန်တော့် ဒါနကို သာဓုခေါ်ပါလို့ ပြောပြချင်တယ်။

ရွာကျောင်းကိုပြင်တဲ့ကိစ္စ တစ်ပတ်လောက်အတွင်းပြီးသွား ပါတယ်။ ကျောင်းဖွင့် ရေစက်ချ အခမ်းအနားကိုလည်း ရွာသားတွေ အကြိုက် လုပ်ကြသေးတယ်။ အစားအသောက်ကလည်း ရွာဓလေ့ အတိုင်းရှိတာဆိုပေမယ့် ဝါးခယ်မတုန်းက စားခဲ့ရတဲ့ အုန်း ကောက်ညှင်းပေါ့။ ကောက်ညှင်းကို လယ်သမားတွေက လှူတယ်။ ချောင်းဘက်က လူတွေက ပုစွန်လှော်နဲ့ အုန်းသီးလှူတယ်။

http://www.cherrythitsar.org



ကောက်ညှင်းကို အုန်းနို့နဲ့ ဆီထမင်းလို ပေါင်းထားပြီးမှ တစ်ခါ၊ ပုစွန်လှော် ညက်ညက်ထောင်း အုန်းသီးမှုန့်ခြစ်ပြီးသားနဲ့ ရောမွှေထားတယ်။ အဲဒီနှစ်ခုတို့စားရတာ အရသာရှိလိုက်တာ။

ကျွန်တော် ကျောင်းဖွင့်ပွဲအပြီးမှာ ဆရာတော့်ဆီမှာ စိတ်ထဲကပဲ ဆုတောင်းမိပါတယ်။ ဒီကုသိုလ်အကျိုးဆက်ကြောင့် ကျွန်တော်ခွဲခွာနေရတဲ့ ကျွန်တော့်သားလေးနဲ့ မြန်မြန်ပြန်လည် တွေ့ဆုံပါစေလို့ ဆုတောင်းပါတယ်။ ဆရာတော်ကလည်း ဒါန ကုသိုလ်အကြောင်းဟောရင်းက နိဗ္ဗာန်ကို ရည်ညွှန်းပြီး အဆုံးသတ်ပါတယ်။

စားလို့သောက်လို့ တပြုံးပြုံးနဲ့ ကျောင်းပတ်ဝန်းကျင်မှာ ကစားနေကြတဲ့ ကလေးအုပ်စုကို မြင်ရရင်လည်း ဝမ်းသာဝမ်းနည်း၊ သားကြီးကိုပဲ တွေ့ချင်တယ်။ ဒါကြောင့် ပါရမီမရင့်သေးတဲ့ ကျွန်တော်ဟာ နိဗ္ဗာန်ဆုကို သမားရိုးကျ တောင်းသာ တောင်းလိုက်ရသော်လည်း လောလောဆယ် ဆန္ဒကတော့ သားကြီးကို တွေ့လိုတဲ့ဆန္ဒပါပဲ။ ဒီကျောင်းမှာကို ရုပ်ရည်သန့်ပြန့်ပြီး၊ ကြည်ညိုစရာကောင်းတဲ့ ကိုယ်ရင် လေးတစ်ပါးကို မြင်တိုင်း သားကြီးကိုတွေ့လိုတဲ့စိတ် ပိုမိုပြင်းပြလာတယ်။ နွေရာသီကုန်လို့ မိုးဦးကျလာရင်လည်း၊ ဒီအချိန်ရောက်ရင် သားကြီးကျောင်းပြန်တက်ချိန်ပဲလို့ သတိရတယ်။

ကျွန်တော်နဲ့ခွဲကာနီး သူကျွန်တော့်ကို ကန်တော့တာ၊ ဖက်နမ်းတာတွေ၊ အို. . . သားကြီး၊ အပြစ်မဲ့တဲ့သူတော်ကောင်း သားကြီးဟာ ကျွန်တော်တို့ ဇနီးမောင်နှံ မိစ္ဆာဒိဋ္ဌိတွေနဲ့ မတန်လို့၊ သူ ဘိုးဘိုး ဘွားဘွားတွေ အရိပ်အောက်မှာ အမွေအနှစ်များစွာနဲ့ ကျန်ရစ်ခဲ့တာပဲလို့ စိတ်ဖြေလိုက်ပါတယ်။

"ဒက်ဒီ၊ ခရီးထွက်ရင် ဖြစ်ဖြစ်၊ မိဘကို ခွဲသွားရင်ဖြစ်ဖြစ်၊ ရိုရိုသေသေ၊ ကိုယ့်အဖေအမေကို ကန်တော့ရတယ်တဲ့၊ အေးအေးသာသာ နှုတ်ဆက်ရတယ်တဲ့၊ မိတ္တဝိန္ဒကဟာလေ အရက်တွေ

http://www.cherrythitsar.org



သောက်၊ သူ့အမေက မသွားသင့်လို့ မသွားပါနဲ့လို့ပြောတဲ့လမ်းကို အတင်းထွက်သွားတယ်၊ အမေကိုလည်းရိုက်၊ သူ့အမေကို နှုတ်လည်းမဆက်၊ မကန်တော့လို့ ပင်လယ်ကမ်းမှာ သင်္ဘောပျက် သွားရော၊ ကျွန်းတစ်ကျွန်းပေါ်ရောက်တော့ လွှသွားတွေ တပ်ထားတဲ့ ငရဲပန်းကို ခေါင်းပေါ်တင်ထားရတဲ့ ကျွန်းသားတွေနဲ့ တွေ့ရော၊ သူက ကြာပန်းထင်ပြီး တောင်းယူပြီး တင်လိုက်တာ၊ တစ်ခါတည်း ချွတ်မရဘူး၊ မိတ္တဝိန္ဒက ဟာလေ အရှင်လတ်လတ် ငရဲခံရတယ်. . . ”

သားကြီးဟာ သူ့ဘွားဘွားဆရာမ ပြောပြတဲ့ ပုံကို အဲဒီညက သူနားလည်သလို ကျွန်တော့်ကို ပြောနေတဲ့သူ့အသံကိုပဲ ကျွန်တော် ကြားယောင်နေတယ်။ မိအေမိဘယ်တော့မှ မိဘကို အထူးသဖြင့် အမေကို ကန်တော့ဖို့ နှုတ်ဆက်ဖို့ သတိမရလို့များ အသေဆိုးနဲ့ သေရလေသလား၊ သူရဲ့ မာမီဝမ်းနည်းတာက အေမိကို မွေးတုန်းက နို့ဘူးမတိုက်ဘူး၊ သူ့နို့ကို တိုက်ပြီးကို မွေးလာခဲ့တာ။

ကျွန်တော်ကတော့ ဖေဖေရဲ့ နောက်ဆုံးနေ့များမှာ ခြေဆုပ် လက်နယ်ပြုခဲ့တဲ့ ကုသိုလ်၊ ယောက္ခမကြီးကို နှစ်သိမ့်ခဲ့တဲ့ ကုသိုလ် ကြောင့် အသက်ရှင်ကျန်ရစ်ခဲ့တယ် ထင်ပါရဲ့ . . . ဩော် . . . အသက်ရှင်သော်လည်း သားကြီးနဲ့ ဘဝခြားခဲ့ပြီ။ သားကြီးနဲ့ပြန်တွေ့ ချင်သေးတယ်။

ဘယ်လိုများ ပြန်တွေ့ရပါ့မလဲ။

စောင်းတော်ရှင် ကိုသစ္စာ၊ သရဲကလည်း အမြဲပဲ ကျွန်တော့် ကို လာချောက်နေသလိုပဲ၊ နွေဦးပေါက်လို့ တောတန်းဘက်က ဥသြလေး တွန်သံကြားရင် မောင်သစ္စာကို နောက်ဆုံး တွေ့ခဲ့ရ ကြည့်ခဲ့ရတဲ့ ဇာတ်ကွက်လေးတစ်ခန်းဟာ ကျွန်တော့်မျက်စိထဲ ထင်းထင်းကြီး ပေါ်လာတယ်။

သူ့သီချင်းသံကို ပြန်ပြီး ကြားယောင်ရမယ့်အစား

"ကျုပ်ကို သေနတ်နဲ့ ပစ်သတ်လိုက်တဲ့ ကိုတင်အောင်ထွန်းကြီးရဲ့၊ အစိုးရပြစ်ဒဏ်တော့ ခင်ဗျားလွတ်နေပြီ၊ ဒါပေမင့် မင်းပစ်မင်းဒဏ်ထက်ဆိုးတဲ့ လောက ငရဲကို ခင်ဗျားခံနေရပြီ။ အသက်ရှင်ရက်နဲ့ ချစ်တဲ့သူတွေနဲ့ ဘဝခြားခဲ့ရပြီ၊ တောအနှံ့ တောင်အနှံ့ မိခင်ပျောက်လို့ 'မေကော . . . မေကော . . ' နဲ့ ဥသြလေးဟာ တကြော်ကြော် အော်ခေါ်ပြီး ရှာနေရသလို ခင်ဗျားသား ကျော်ထင်ဦးဟာ ဒက်ဒီရော၊ မာမီရောနဲ့ ရှာနေရပြီ၊ သိရဲ့လား၊ ဘိုးဘွားအမွေ၊ ငွေတွေ ကုဋေကုဋာပုံ နေပေမင့် မိဘရင်ငွေ့လောက် သားသမီးမှာချမ်းမြေ့ကြည်လင်တဲ့ အအေးဓာတ်ကို မရဘူးအောက်မေ့"

"တူသော အကျိုးကို ပေးပြီးလေ၊ ခင်ဗျားတို့နှစ်ယောက် ဖောက်ပြန်ကြတဲ့ဒဏ်ကို သားလေးဟာ ခံနေရပြီ သိလား. . . ခံနေရပြီ. . "

ကိုသစ္စာဟာ စောင်းကြီးပိုက်ပိုက်ပြီး ကျွန်တော့်နောက် လိုက်လိုက်ပြီး အော်နေသလိုပဲ။ ဩော်. . . တကယ်တော့ အရက်သမားထုံးစံ ကျွန်တော် စိတ်ချောက်ချားနေတာပါ။ ကိုသစ္စာဟာ ကျွန်တော့်ကို လိုက်မချောက်ပါဘူး၊ ကျွန်တော့်စိတ်က ကျွန်တော့်ကို ချောက်နေတာပဲ။

"ဟင့်အင်း . . ၊ ကျွန်တော်သေနတ်နဲ့ ချိန်ရုံပဲ ချိန်တာ၊ ကျွန်တော် မသတ်ပါဘူး၊ မနောကံမြောက်တော့ ကျူးလွန်မိတာ တော့ အမှန်ပါပဲ၊ ကျွန်တော် သတ်တာမဟုတ်ဘူးလို့"အိပ်မက်ထဲမှာ လည်း ခဏခဏအော်မိတယ်။ အဲဒီလို စိတ်မငြိမ်မသက်ဖြစ်လာရင် ကျွန်တော် အလွန်အကျွံ မူးအောင်ကို ထန်းရည်တွေသောက်ပစ် လိုက်ရော။ ကဲ . . . စိတ်ဒုက္ခကင်းအောင် အရက်နဲ့ပဲ ရှာမိတယ်။

ကျောင်းဆောက်လုပ်ငန်းပြီးတဲ့ခါတော့၊ ဆောင်းဦးမှာ

http://www.cherrythitsar.org



အဘတို့ လယ်တောကိစ္စတွေဟာ တဖြည်းဖြည်း လက်စသတ်ကြပြန်ရော။ လယ်ကိစ္စပြီးရင်၊ ဆောင်းသီးနှံတွေကို ဆက်စိုက်ဖို့ပါပဲ။

လွယ်အိတ်တစ်လုံးနဲ့ ရွာစဉ်လည်တဲ့ ပညာအုပ်ကိုသောင်းစိန် ပေါက်လာပြန်တယ်။ သူဟာ ကလေးတွေနဲ့ရော ဒီရွာအဆင့်နဲ့ တော်တဲ့ စာအုပ်စာတမ်းတစ်ပတ်ရစ်တွေကို ဆရာတော်ကျောင်းကို လာပို့ပါတယ်။ ကျွန်တော့်မှာတော့စာမတတ်တတတ်အနေမျိုး နေနေရတယ်။ ဒါပေမင့် မြို့နဲ့ခွဲခွာနေရတာကြာတော့လည်း စာငတ်တယ်ခေါ်မှာပေါ့။ သတင်းစာအဟောင်း၊ ဝတ္ထုမဂ္ဂဇင်း အစုတ်အပြဲတွေကိုပဲ အားလပ်ချိန်မှာ သိပ်ဖတ်ချင်တာဘဲ။ ဆရာတော်ရဲ့ ကျောင်းကို စာဖတ်ဖို့သွားရင်း တစ်နေ့တော့ ကိုသောင်းစိန်နဲ့ ကျွန်တော့်ကို ဆရာတော်ကခေါ်ပြီး ပြောပြတိုင်ပင်တယ် ဆိုပါတော့။

"ဒီရွာက ရန်ကုန်နဲ့ နီးပေမင့် အင်မတန်ခေါင်တော့၊ စာမတတ် ပေမတတ်နေလာခဲ့ရတဲ့ အဖြစ်ကတော့ လွတ်သွားပြီ၊ ဦးပဉ္စင်းဆန္ဒကို ကူညီနိုင်ရင်ဖြင့် ကူညီပါဦး"တဲ့။

"ဘယ်လို လုပ်ချင်သေးလို့လဲ ဘုရား"လို့ ကိုသောင်းစိန်က လျှောက်တယ်။

"စာငတ်သလို ရေလည်းငတ်တယ်၊ ရွာမှာ လူနေနည်းတုန်းကတော့ ဦးပဉ္စင်းရဲ့ ကျောင်းဝင်းထဲက ရေတွင်းက ရေနဲ့ပဲ ရွာသူရွာသားတွေဟာ သောက်ရေပြေသနာ ပြေလည်ခဲ့ကြတယ်။ ရွာနောက်ဘက်ကန်ကတော့ သူတို့ဆောင်းတွင်း အသီးအနှံတွေအတွက် ရေပေးဖို့ အသုံးကျတယ်။ ဒီရွာက မြစ်နဲ့လည်း မနီး၊ ချောင်းဦးတိုတောင် မရှိဘူး။ အတော်ကံနည်းတဲ့ရွာ။ ဒီတော့ ဦးပဉ္စင်းမိုးတွင်းတုန်းက စဉ်းစားမိတယ်။ အလျှံပယ်ရွာလာတဲ့မိုးကို စနစ်တကျ သိုလှောင်ထားနိုင်ရင် ခုလိုဆောင်းမှာ သူတို့ယာခင်း

http://www.cherrythitsar.org



တွေကို ရေလုံလောက်အောင် ပေးနိုင်လာမယ်။ သောက်ရေကန် တစ်ခု သန့်သန့်ကိုလည်း သင့်တော်တဲ့ နေရာမှာ ထပ်တူးရ အောင်. . . ဒီရွာက လူတွေက ညွန်ကြားလို့ ရှေ့ဆောင်မယ့်သူရှိ ရင် တက်တက်ကြွကြွ လိုက်လုပ်တတ်ပါတယ်။ သူတို့ပင်ကို အနေနဲ့ကတော့ အင်မတန်ရိုးတယ်၊ အတယ် ဆိုရမှာပေါ့”

“မှန်ပါ့ဘုရား၊ သူတို့အပြစ်လည်း မဟုတ်ပါဘူး” ကိုသောင်းစိန်က ဘုန်းကြီးကို လျှောက်ထားပြန်တယ်။

“ကိုဖိုးတာကတော့ စကားအလွန်နည်း၊ ဒါပေမင့် လုပ်တတ် ကိုင်တတ်၊ ဒကာကြီးလက်ရာကို ဦးပဥ္စင်း အကဲခတ်မိလို့ စိတ်ထဲက ချီးကျူးမိပါတယ်။ဒီတော့ ကိုဖိုးတာနဲ့ ပညာအုပ်မောင်သောင်းစိန်တို့ တိုင်တိုင်ပင်ပင် ရှေ့ဆောင် ရှေ့ရွက်လုပ်ပါ၊ ရွာသားတွေ သဒ္ဓါစိတ် ပေါက်အောင် ဦးပဥ္စင်းတရားဟောပေးပါ့မယ်”

“ဟို. . . ဟို. . . အဲ တပည့်တော် ရောဂါကြောင့် အသံ ကလည်း တိုးတစ်ခါ ကျယ်တစ်ချက်နဲ့ မထွက်တထွက် ဖြစ်နေတယ် ဘုရား။ စကားပြောစမှာ စကားပြောရတာ ထစ်အဲထစ်အဲ ဖြစ်နေလို့ ပါ၊ ဦးပဥ္စင်းဆန္ဒကို တတ်နိုင်သလောက်ဖြည့်ဖို့ အဆင်သင့်ပါ”

“ဦးပဥ္စင်းလည်း အကဲခတ်မိပါတယ်။ ရွာနောက်ဘက် ကန်ကို ပိုမိုကျယ်ဝန်းလာအောင် ဆည်ဖို့၊ ရေလျှောင်ဖို့ ဦးပဥ္စင်း စိတ်ကူးမိတာကတော့ ဒကာကြီးဦးစံနဲ့ တစ်နေ့က စကားစပ်လို့ပါပဲ။ ဒကာကြီးက ဒီနှစ်သူ့ယာမှာ မြေပဲစိုက်မယ်၊ ဆီကြိတ်ချင်လို့တဲ့၊ ဒီတော့ ဦးပဥ္စင်း စဉ်းစားကြည့်တယ်၊ ဒီရွာက မွဲလည်းမွဲသေးတယ်၊ ဒကာကြီးဦးစံ သူ့မိသားစု အတွက် ဆီတစ်နှစ်စာ ဖူလုံအောင် မြေပဲစိုက်သလို လာမယ့်နှစ် ရေပြဿနာ လုံလောက်ရင် တစ်ရွာလုံး မြေပဲကို စီးပွားဖြစ်စိုက်ကြရင် မကောင်းဘူးလား။ ကိုယ့်ရွာက မြေပဲထွက်သမျှ ကိုယ့်ဆုံနဲ့ပဲ ကိုယ်ကြိတ်ပေါ့၊ ဦးပဥ္စင်းကတော့

http://www.cherrythitsar.org



စီးပွားဆိုတာ သူတို့တစ်ရွာလုံး အလုံအလောက်စားဖို့ ဆိုလိုတာပါ၊ ပိုလျှံမှ တွံတေး တို့ မအူပင်တို့ဘက် ဆီကို ထုတ်ရောင်းဖို့ ပြောတာပါ၊ သိပ်လည်း မြေပို မြေလျှံ ကျယ်ကျယ်ဝန်းဝန်းရှိကြတာမှ မဟုတ်ဘဲ၊ ရေငတ် ပြဿနာ နဲ့ ဆီငတ်ပြဿနာ ပြေလည်သွားတာပေါ့"

"အင်မတန်ကောင်းတဲ့ ရည်ရွယ်ချက်ပါဘုရား၊တပည့်တော် ကျွမ်းကျင်သလောက်တော့ ကူညီမှာပါပဲ။ လိုအပ်တဲ့နေရာမှာခိုင်းပါဘုရား"

ကျွန်တော်ဟာ ဆရာတော်ကိုလည်း စိတ်ပါ လက်ပါပဲ လျှောက်ထားလိုက်ပါတယ်။

"တပည့်တော်ကတော့ ဒီရွာမှာ ပညာအုပ်ရယ်လို့ လူတော်လူကောင်းဖြစ်နေတာ၊ မြို့ကျတော့လည်း တောသား သာသာရယ်၊ သူတို့မြို့တွေမှာ စက်မှုလယ်ယာတို့၊ သိပ္ပံနည်းကျကျတို့ ဘယ်လိုပဲ အော်နေနေ၊ တပည့်တော်ဆန္ဒက ဖြစ်ချင်သော်လည်း မဖြစ်နိုင်သေးတဲ့ ကိစ္စတွေအတွက် စိတ်ပန်းနေမယ့်အစား၊ ကိုယ့်ရွာနဲ့ ကိုယ်တန် သလောက် ဖြစ်နိုင်တဲ့ အခြေမှာ ကျွန်တော်တို့ ဓလေ့ထုံးစံအတိုင်း ရှိတဲ့ ကိရိယာနဲ့ စိုက်ပျိုးသွားရင် ကိုယ့်ရွာထွက်ပစ္စည်းဟာ ကိုယ့်ရွာရိက္ခာအတွက် ဖူလုံတာပေါ့။ အခုလည်း အရှင်ဘုရား အကြံကောင်းပါတယ်။ မြန်မာဆိုတာ ဆီရယ်၊ ဆန်ရယ်၊ ငါးပိရယ် ရှိရင် ထမင်းတစ်နပ်ဝတဲ့လူစား၊ အာဟာရဓာတ် မချို့ယွင်းနိုင်ပါဘူး။ တပည့်တော်တော့ ကျောင်းပညာအုပ် အနေနဲ့ဒီလိုပဲ မြင်ပါတယ်။ ပြီးတော့ အရှင်ဘုရားတို့ရွာမှာ တပည့်တော်လုပ်ချင်တာ တစ်ခု ရှိသေးတယ် ဘုရား့"

ကိုသောင်းစိန် လျှောက်ထားတာကို ဆရာတော်ဟာ စိတ်ဝင်ဝင်စားစားနဲ့ နားထောင်ပါတယ်။

http://www.cherrythitsar.org



"အင်း. . . ဆိုစမ်းပါဦး"

"အရှင်ဘုရားဆန္ဒအတိုင်း ရေကိစ္စပြီးမှပါ၊ တစ်ရွာလုံး နွှေဦး ပေါက်နားချိန်ရောက်မှ တပည့်တော်လည်း စာမေးပွဲတွေ ကိစ္စပြီး ချိန်ဆိုတော့ အံကိုက်ပဲ၊ တပည့်တော်ဖြစ်ချင်တာကတော့ အိမ်သာ ကိစ္စ"

"အဲ. . . အဲ. . . ဟုတ်ပါတယ် ဘုရား"

တကယ်တော့ ကျွန်တော့်ရင်ထဲမှာ ဒီကိစ္စကို လှိုက်လှိုက် လှဲလှဲ ဝင်ဆွေးနွေးချင်လိုက်တာ ဒေါ်ခင်နှင်းယုရယ်။ ပါးစပ်က ထစ်အဲ နေတာကိုပဲ ကျေးဇူးတင်ရသေးတယ်။ နို့မို့ရင် ကျွန်တော့် ဇာတိတွေ ပေါ်ကုန်မှာပေ့ါ။ ကျွန်တော်ဟာ (ရောမရောက်ရင်ရောမ လိုကျင့်ရမယ်) ဆိုသလိုပဲ၊ ဝတ်မှုံလင်အဖြစ် ရောက်လာရလို့သာ ဒီရွာဓလေ့အတိုင်း နေရတာ၊ ဟန်ဆောင်လှည့်စားပြီးတော့လည်း မပြောပါရစေနဲ့၊ ကျွန်တော် တင်အောင်ထွန်း ကြီးပြင်းလာရတဲ့ အချိန်က ကြွေဂမုတ်ဖြူဖြူမှာ ဆွဲအိမ်သာနဲ့ နေလာခဲ့တဲ့ အကောင် တွေဆိုတော့ ရွာကိုရောက်စ ကဖြင့် အိမ်သာသွားချိန်ရောက်တိုင်း စိတ်ဆင်းရဲရတယ်။ ကန်တော့ပါရဲ့ လောက်တဖွားဖွားနဲ့အောက်က မစင်ပုံကို မြင်ရရင် ကျွန်တော် အသည်းယားလို့ မဆုံးဘူး။ မွှေးတို့ ဝါးခယ်မကို ရောက်စတုန်းကလည်း ဇလားစနစ်ကို မြူနီစီပယ်က သုံးပေမင့် ကျွန်တော်ရုတ်တရက် မသွားတတ်ဘူး။ ကျွန်တော်ဖတ် ခဲ့ရတဲ့ စာအုပ်တွေထဲမှာ တိုင်းပြည်တစ်ခုရဲ့ လူနေအဆင့်အတန်းကို ဆုံးဖြတ်ချင်ရင် အိမ်သာကို သွားကြည့် လိုက်ပါတဲ့၊ ဒီစကားဟာ တယ်မှန်တယ်။ ခုလည်း ဦးပညာဇောတနဲ့ ပညာအုပ် ကိုသောင်းစိန် တို့ အချီအချပြောနေတဲ့စကားကို တောသားကြီး ကိုဖိုးတာအနေနဲ့ အသာနားထောင်နေရတယ်။ စိတ်ထဲက ဖြစ်မြောက် စေချင်လိုက် တာ။

http://www.cherrythitsar.org



"ဒကာကြီးက ဘယ်လိုလုပ်ချင်သလဲ"

"ရွာက လုပ်နိုင်ကိုင်နိုင် လူငယ်ရွာသားတွေ ဝါးခုတ်၊ဝါးထရံကို တောင့်တောင့်ရက်၊ ကျွန်တော်တို့ ရွာသူတွေလည်း ထရံရက်တဲ့ ကိစ္စမှာ ကူနိုင်ပါတယ်။ ကျင်းပောင်းတွေ အကုန်မြေကြီးဖို့၊ ကျင်းသစ် တူး၊ မြေတွင်းထဲကို ကျူထရံလေးဘက်ချ။ တစ်အိမ် တစ်မိသားစုအတွက် တစ်ရွာလုံးကူဆောက်ပေးတဲ့အနေနဲ့ လုပ်သွားရင် တစ်လမလုပ်ရပါဘုရား။ အိမ်သာသစ်တွေ ဖြစ်သွားမှာ။ တပည့်တော် ရှင်းရှင်းပြောရရင် ရွာလယ် လျှောက်သွားတိုင်း လူမစင်ခြောက်အနံ့နဲ့ နွားချေးနံ့ နံတာ တပည့်တော် တော်တော်စိတ်ညစ်တယ်" ကိုသောင်းစိန်က ပွင့်ပွင့်လင်းလင်းပဲ ပြောတယ်။

ဦးပဉ္စင်းကရယ်တော့ ကျွန်တော်လည်း ရယ်မိတယ်။

"အင်းပေါ့၊ ပညာအုပ်တို့ကလည်း ဘာပြောပြော မြို့ကြီးသားတွေကို ကျေးဇူးတင်ပါတယ် ကိုသောင်းစိန်ရယ်၊ တဖြည်းဖြည်းပေါ့"

"တပည့်တော် ဒီတစ်ပတ် ရွာမှာ ကြာကြာ နေဖြစ်မယ်ဘုရား"

"အင်း. . အင်း. . အစစ အောင်မြင်ကြပါစေ"ဆရာတော်က ဆုပေးလိုက်ပါတယ်။ ကျွန်တော်တို့လည်း အိမ်ပြန်ဖို့ ဆရာတော်ကို ကန်တော့ပြီး ကျောင်းအောက်ဆင်းလာတယ်။

"ကိုဖိုးတာ ကျွန်တော်ခင်ဗျားတို့ အိမ်လိုက်မလို့ မိမ္မရှိလား"

"ရှိပါတယ်"

"ထမင်းကော ကျွေးမလား"

"ကျွေးပါတယ် ပညာအုပ်မင်းရယ်"

ကလေးတွေ စာကျက်သံဟာ ကျွန်တော်တို့နောက်မှာ ကျန်ရစ်တယ်။ ကျောင်းဝင်းအပြင်ရောက်မှ ကိုသောင်းစိန်က ဘာပြောလဲဆိုတော့. . .

http://www.cherrythitsar.org



"မိမ့်အကူအညီလိုချင်လို့ဗျ၊ ကိုဖိုးတာရဲ့" တဲ့ . . "မိမ့်က အဆိုကောင်း၊ အပြောကောင်း၊ သူသီချင်း ဟစ်ဟစ်ဆိုနေတာ ကျွန်တော်အမြဲကြားတယ်"

"ဆိုစမ်းပါဦးလေ၊ ဝတ်မှုံက ဘာလုပ်ရမှာလဲ"

"ရေဒီယိုမရှိ ဘာမရှိ၊ ဒီရွာလောက် ဆင်းရဲတဲ့ရွာ မရှိဘူး ထင်ပါရဲ့ ဒီတော့ ကျွန်တော် စာအုပ်အဟောင်းတွေ စုလာခဲ့ပြီ"

"ရေဒီယို အဆိုကျော် လုပ်ရဦးမှာလား"

ကျွန်တော် အရွှန်းဖောက်တော့မှ ကိုသောင်းစိန်လည်း ဟက်ဟက်ပက်ပက်ရယ်တော့တယ်။

"ဒီလိုဗျ၊ ရန်ကုန်နဲ့ မြန်မာတစ်ပြည်လုံး ဆွမ်းအုပ်နီလိုက်ကြတာ ဆရာမင်းသုဝဏ်ရဲ့ ဆွမ်းအုပ်နီနီလေ၊ ဒီရွာမှာက ကလေးတွေ သနားစရာ၊ ကျွန်တော်က ကလေးတွေ စာသင်ရင်း ကဗျာရွတ်စေချင်တယ်။ ဘာသာရေးနဲ့ ပတ်သက်ပြီးတော့လည်း မင်္ဂလာ ကဗျာလေးတွေ ဆိုစေချင်တယ်၊ ကျွန်တော်ဆိုတဲ့ အကောင်က သီချင်း အလိုက်တော့ ရပါတယ်၊ အသံကဟစ်လေ၊ မထွက်လေ၊ သာသာယာယာမရှိတော့ ကလေးတွေ စိတ်မဝင်စားဘူး။ ဒီတော့ ကျွန်တော်က အလိုက် မိမ့်ကို ချပေးမယ်။ မိမ့်က တစ်နေ့မှာ နှစ်နာရီ အနည်းဆုံး အချိန်မပေးနိုင်ဘူးလားဗျာ"

"ပေးနိုင်ပါတယ်"

"မနက်တစ်နာရီက မင်္ဂလာကဗျာ အစရှိတဲ့ ရှစ်လုံးဘွဲ့ ရတနာသုံးပါးနဲ့ ပတ်သက်တဲ့ လင်္ကာလေးတွေ ကလေးတွေကို သင်ပေး၊ ညနေကျောင်းမဆင်းခင် တစ်နာရီမှာ မင်းသုဝဏ်ကဗျာ ရွတ်ပေစေပေါ့ဗျာ၊ ကျွန်တော့် ရွာတော့ ခုမှ အိပ်ရာကမှ နိုးတယ် ပြောပြော နိုးတဲ့အချိန်ဟာ နောက်မကျဘူးပဲ"

ကျွန်တော်ဖြင့် ကိုသောင်းစိန် စိတ်ကူးစိတ်သန်းရော၊ လုပ်ပုံ

http://www.cherrythitsar.org



ရော စိတ်ထဲက ချီးကျူးမိတယ်၊ ဒီလိုဘုန်းကြီးကျောင်း ပညာအုပ်မျိုး တောလက်ကျေးရွာအနှံ့ ရှိစေချင်လိုက်တာ။

သူ့ဆန္ဒအတိုင်း ဝတ်မှုံကလည်း လိုက်လျောပါတယ်။ ညနေအဘယာခင်းက ကျွန်တော် စောစောပြန်ချိန်ဆိုရင် ဆရာတော်ကျောင်းဝင်းနားက ဖြတ်ပြန်လာတယ်။ ကျွန်တော်ဟာ ဝတ်မှုံကိုကျောင်းဝင်းအပြင် ခရေပင်အောက်က စောင့်ရတယ်။

ကျောင်းသားငယ်တွေ ကဗျာရွတ်သံကို ကြားရရင်တော့ အဲဒီဆရာမင်းသုဝဏ်ရဲ့ ကဗျာတွေကို သူ့အဆို သူ့အတီးနဲ့တတ်အောင်ဆရာမက သင်ပေးတယ်။ သူရဲ့ ကဗျာရွတ်သံကို ကျွန်တော်ကြားယောင်လာတယ်။ သားကြီးဟာ ကြီးရင်ဘာဖြစ်မယ်လို့တော့မပြောတတ်ဘူး။

"ငှက်ကလေးရယ် စိုးစီ စိုးစီ

ကျွန်းတောထိပ်မှာမြည်"

ဆိုတဲ့ ကဗျာသင်ရချိန်ဆိုရင် ဆရာမ သင်ပေးပြီးသွားရင် ကျွန်တော့်ဆီ ပြေးလာတတ်တယ်။

"ဒက်ဒီ. . . . မနက်သားကြီး နိုးချိန်ဆိုရင်လေ၊ ပြတင်းပေါက်နားမှာ ငှက်ကလေးတစ်ကောင် လာအော်တယ်၊သူက ဘယ်လိုအော်လဲသိလား၊ ပီကေကျော်၊ ပီကေကျော်၊ ပြုတ်ပြုတ် ကျော်တဲ့၊ သားကြီး နာမည်ကို အော်အော်ခေါ်တယ်"

ကျွန်တော့်လည်ပင်းကိုဖက်ရင်း သူကြားတဲ့ငှက်သံကို ပြောပြတယ်။

"အဲဒီတော့ သားကြီးလေ ခေါက်ဆွဲပြုတ်ကြော် သိပ်စားချင်တာပဲ၊ ဒီညနေ ဒက်ဒီရယ်၊ မာမီရယ် သားနဲ့မြို့ထဲသွားရင်း ခေါက်ဆွဲပြုတ်ကြော် ဝယ်စားမယ်နော်"

"မင်းကွာ သိပ်လူလည်လုပ်တာပဲ၊ ခေါက်ဆွဲပြုတ်ကြော်

http://www.cherrythitsar.org



စားချင်ရင် စားချင်တယ် မပြောဘူး၊ ငှက်ကလေးပဲ ကျွန်တော့် နာမည်လာခေါ် ရပြန်တယ်တဲ့”

“အဟုတ်ပြောတာပါ ဒက်ဒီရဲ့ မယုံရင် နာနီ့ကိုမေးကြည့်”

ကျော်ထင်ဦးဟာလေ၊ အဲဒီလောက်လူလည်ကျတယ်ခင်ဗျ။ မအေမိ ခြေငြိမ်နေဆဲ သားကြီး လေးနှစ်သားလောက်ကဆိုရင် ကျောင်းပိတ်ချိန် မတ်လကို ရောက်တိုင်း ငပလီကမ်းခြေကို အနည်း ဆုံး တစ်ပတ်တော့ ဇိမ်ခံထွက်တယ်။ ပြောရမှာပေါ့၊ သူများတွေလို အပန်းဖြေဆိုရအောင် ကျွန်တော်တို့ဇနီးမောင်နှံ ဘာမှ ပင်ပင် ပန်းပန်း မလုပ်ရဘဲ. . . . ။

သဲဖြူငွေ လွလွမှာ ပယင်းရောင် ဇိမ်ခံသောက်လို့။ အို. . . ငွေဖြူရောင် ဖန်ပယင်းရောင်၊ သက်တံရောင်တွေ၊ လှိုင်းတွေရဲ့ ယိမ်း၊ အုန်းပင်လက်များရဲ့ ရယ်မောသံ . . . .၊ ဩော် . . . . သားအဖ သုံးယောက် ငပလီသောင်ယံမှာ ဇိမ်ခံကြဆဲတုန်းကလည်း သားကြီးဟာ နာနီနဲ့သာ သဲပြင်မှာ ကစားနေရတယ်၊ လူကြီးတွေအဖို့ တပတ်ဟာ မကြာပေမင့် သူ့အဖို့ဒီသဲပြင်ကြီးမှာ တစ်ယောက်တည်း တစ်ပတ်နေရတာ ကြာလာတယ် ထင်ပါရဲ့။

“ဒက်ဒီ၊ မနက်တုန်းကလေ သားကြီးတို့ အိပ်ခန်းနားမှာ ကြက်ဖကြီးက လာတွန်တယ်”

“အောက်အီးအီးအွတ်၊ အဝေးကြီး၊ အဝေးကြီးတဲ့၊ ညနေကျ တော့လည်းလေ၊ အောက်အီးအွတ်ပြန်ချီပြီ၊ ပြန်ချင်ပြီတဲ့”

“လာခဲ့စမ်း. . . အဲဒီ တွန်တဲ့ကြက်ဖ” ဆိုပြီး ကျွန်တော် သူ့ကို ပွေ့ယူပြီး ဖင်ကို သုံးလေးချက်ပုတ်လိုက်ရင် သူကျွန်တော့်လည်ပင်း ဖက်နမ်းလိုက်ရော။

“ဆွမ်းအုပ်နီနီ အမေရွှက်လို့
နက်ဖြန်မနက် ကျောင်းထွက်မယ်”

ကလေးငယ်သုံးယောက်က ကျွန်တော့်အနားသံပြိုင်အော် လိုက်တော့မှ သားကြီးဆီ ရောက်နေတဲ့စိတ် ပျောက်သွားတယ်။

အင်္ကျီမည်းတူ၊ အစုတ်လေးတွေနဲ့ပါးမှာ သနပ်ခါးပေနေတဲ့၊ ချာတိတ်သုံးကောင်လေ ကျွန်တော့်အနားကပ်လာပြီး မဝတ်မှုံ သင်လိုက်တဲ့ သီချင်းကို သံပြိုင်ဆိုကြတယ်၊ ကျွန်တော့်ကို ပြောင်ပြ၊ ပြုံးပြပြီး ထွက်သွားကြရော။ ဩော် . . . ကလေးတွေ ဆင်းရဲတယ်၊ ချမ်းသာတယ်မဟုတ်ဘူး။ သီချင်းသီဆိုကစား ပျော်ရွှင်ရမယ့် နေရာမှာ သူတို့စိတ်ဓာတ်တူတူပဲ။

အေး . . . မင်းတို့မှာတော့ နောင် မင်းတို့ရွတ်တဲ့ ကဗျာလေး တွေကို ဖွဲ့နွဲ့စပ်ဆိုတဲ့ဆရာ မင်းသုဝဏ်ဆိုတာ၊ အဲဒီတွံတေးတော ကြီး အနီးက ကွမ်းခြံကုန်းမြို့ဇာတိဆိုတာကိုတောင် မသိဘူး။

တစ်နေ့တော့ မင်းတို့အထဲမှာ တစ်ပြည်လုံးသိသူ ပေါ်လာဦး မှာပေါ့ကွယ်လို့ စိတ်ထဲက ပြောမိတယ်။ တွံတေးဆိုတာ အိုးလုပ် တဲ့မြို့လို့သာ လူသိများပေမင့်၊ ခုတော့ ပြည်သူချစ်တဲ့ အဆိုတော် တွေထဲမှာ တွံတေးသိန်းတန်တစ်ယောက် ပါလာခဲ့ပြီ။

ကျွန်တော်စိတ်ရင်းစေတနာနဲ့ လက်ထိလက်ရောက် ဆောက်လုပ်ခဲ့ရတဲ့ ကျောင်းကထွက်တဲ့ ကျောင်းတော်သားကြီး တွေဟာ ထွန်းထွန်းပေါက်ပေါက်ဖြစ်ပါစေလို့ ဆုတောင်းမိတယ်။

"ကိုကြီးတာ ပြန်စို့လေ"

လို့ ဝတ်မှုံခေါ်သံကြားမှ ကျွန်တော်အတွေးရပ်ပြီး ကျွန်တော်တို့ အိမ်ဆီကို ပြန်လာခဲ့တယ်။

## အခန်း (၇)

# ပြန်လည်၍ တွေ့ဆုံသည့်တိုင်အောင်

"နိုးတဲ့အချိန်ဟာ နောက်မကျဘူး"

ပညာအုပ်ကိုသောင်းစိန်ရဲ့ ဆောင်ပုဒ်အတိုင်း၊ သူ့ရဲ့ ကျေးရွာလေးဟာ နိုးကြားချိန် အလွန်နောက်ကျနေပါသော်လည်း သူကြိုးပမ်းမှုကြောင့် အခုတော့ဖြင့် ပထမတန်းစားရွာလေးတစ်ရွာ ဖြစ်လာခဲ့ပြီ။

ကျွန်တော်ဟာ ကိုသောင်းစိန်ကိုရော ဆရာတော်ကိုရော၊ ဒီရွာလေးကခွာဖို့ ခွင့်တောင်းမိတယ်။

"ဆရာတော်တို့ ကျေနပ်အောင် ကျွန်တော် အစစကူညီခဲ့ပြီး ပါပြီ။ လုံးဝ ကျွန်တော်ဒီရွာကို ပစ်ခွာသွားမှာ မဟုတ်ပါဘူး။ ကျွန်တော့် ကျန်းမာရေး ကောင်းလာတဲ့အချိန်ကျ ပြန်လာခဲ့မှာပါ"

ကျွန်တော်ဟာ ဆေးကုသဖို့ကို အကြောင်းပြပေမင့် တကယ်

http://www.cherrythitsar.org



တော့ ကျွန်တော့်သားကြီးကို တွေ့လိုတဲ့ဆန္ဒကြောင့် ရန်ကုန်ကို ပြန်သွားချင်တာပါပဲ။ နောက်ကြောင်းတွေကလည်း မရှင်း၊ ဘယ်လို ရှင်းရမှန်းလည်း မသိသေးတာကြောင့် ဘယ်နေရာမှာနေမယ်၊ ဘာလုပ်မယ်ဆိုတာကိုလည်း သူတို့ကို ဘာမှမပြောခဲ့ပါဘူး၊ အဘ ကိုသာ . . .

"အဘတို့ကျေးဇူး ကျွန်တော့်အပေါ် အများကြီးရှိပါတယ်။ ကျွန်တော်အဘလယ်တောကိုလည်း ပစ်မထားပါဘူး။ တစ်နေ့နေ့ ပြန်လာခဲ့မှာပါ၊ ရန်ကုန်မှာ အလုပ်ရှာရလို့ အခြေချမိမှပဲ အဘ ခေတ္တလာလည်ဖို့ ကျွန်တော်လာခေါ်ပါ့မယ်။ ခေတ်မီ ဆေးဝါးတွေ ရန်ကုန်မှာ ရနေချိန်မှာ ကျွန်တော် စကားပြောမသွက်လက်တဲ့ ရောဂါ ကို ဆရာဝန်တွေနဲ့ ပြသချင်တယ်။

နွေဦးပေါက်နဲ့ မိုးမှာတော့ ကျွန်တော်ရန်ကုန်တက်နေပါ ရစေ၊ တစ်ခါတစ်ခါ စိတ်ချောက်ချားတဲ့ ကျွန်တော့်ကိုလည်း ကုချင် တယ်"လို့ ပြောလိုက်တယ်။ ဘယ်သွားသွား၊ ယောက္ခမရတဲ့ကုသိုလ် တော့ တကယ်ကောင်းတဲ့ ကျွန်တော် တင်အောင်ထွန်းပဲ။ အဘဟာ ကျွန်တော့်ကို ကျေကျေနပ်နပ် ခွင့်ပြုတယ်။ ကျွန်တော်နဲ့ ကြေးမုံ သူ့ကို ကန်တော့တဲ့အခါ၊ ဆုမွန်ကောင်းတောင်းရင်း မျက်ရည်တွေ ဝဲလို့။

မြန်မာမိသားစုဟာ သိုက်သိုက်ဝန်းဝန်း ဒီလိုပဲ ရှိရမှာပေါ့ ဗျာ၊ မြန်မာဟာ တရားလက်လွတ်တဲ့လူမျိုးမှ မဟုတ်ဘဲ၊ ချစ်လှ ခင်လှတဲ့ အဆွေအမျိုးတွေနဲ့ သေကွဲကွဲရခြင်း၊ ရှင်ကွဲ ကွဲရခြင်း ဆိုတာ အမြဲရှိစမြဲပဲလို့ အဘိဏှသုတ်မှာ ဆိုထားတာပဲ။ (ဒီနေရာ မှာ အဘိဏှသုတ်ထည့်ရေးလို့ ကျွန်တော့်ကို သိပ်အထင်မကြီးပါနဲ့။ အန်တီမာလေး ဘုရားရှိခိုးပြီးတိုင်း အမြဲရွတ်တော့ ကျွန်တော် ကြားနေကျဖြစ်ပြီး ရနေတာပါ) ဒီတော့ ကောင်းသော လာခြင်း

http://www.cherrythitsar.org



ဖြစ်ပါစေသတည်းလို့ ရှေးမြန်မာစာအုပ်တွေမှာ နှုတ်ဆက်စကား တွေ့ရတယ်မို့လား၊ အဲဒီလိုပဲပေါ့၊ ဆွေမျိုးတွေ၊ မိတ်သင်္ဂဟ တွေ နဲ့ ကောင်းသော တွေ့ဆုံခြင်းဖြစ်ရသလို မလွဲမသွေ ခွဲခွာရတဲ့နေ့တွေ ကြုံတဲ့အခါဟာလည်း ကောင်းသော ခွဲခွာရခြင်းပဲ ဖြစ်စေချင်ပါ တယ်လေ။ အော်. . . မိအေမီ. . . မိအေမီ၊ မိခင်ဖြစ်သူအပေါ်မှာ ကောင်းသော ခွဲခွာခြင်းနဲ့ ချိုသာသော နှုတ်ဆက်ခြင်းမျိုးကို မပြုလုပ် ခဲ့တဲ့ အကုသိုလ်အကျိုးပေးကြောင့် သူဟာလည်း လူ့ဘဝကို မလှမပ နဲ့ ခွဲခွာသွားရတယ်ထင်ပါရဲ့။

ကျွန်တော်ဒီစာရေးနေတဲ့ ကျွန်တော်တင်အောင်ထွန်းဟာ ဖြင့် ယောက္ခမလယ်တောင်သူကြီး အဘဦးစံကို ကောင်းသော ခွဲခွာခြင်းနဲ့ ခွဲခွာလာခဲ့ပါတယ်။

ကျွန်တော့်အဖို့တော့၊ မဒ္ဒီဒေဝီဖြစ်နေတဲ့ သူ့သမီးကြေးမုံကို လည်း အကြည်အသာ ထည့်လိုက်တယ်။ ကြေးမုံဟာ ဝတ်မှုံအဖြစ် ကျွန်တော့်နောက်ကို ပုဆိုးပိုက်ကာ၊ စောင်ပိုက်ကာနဲ့ လိုက်လာ ခဲ့တယ်။

ယခင်ကတော့ ရန်ကုန်မြို့ကို ကားတဝီဝီနဲ့ ခြေတော်တင် ခဲ့တဲ့ ကျွန်တော် ငတင်အောင်ထွန်းဟာ ခုတော့ ကိုဖိုးတာအဖြစ် ဝတ်မှုံခေါင်းဆောင်မှုကို ခံယူပြီး နောက်က လိုက်ရတယ်။

သူက သူတို့လယ်တောသူ အမျိုးသမီးလေးတွေ မြန်မာရော ကရင်ရော လယ်ကိစ္စပြီး မြို့မှာ တက်အလုပ်လုပ်တဲ့ သူ့အဖော်တွေ ဆီက ဒီမိန်းကလေးတွေလောက နေရထိုင်ရပုံကို သိပြီးသား။ သူက ဘာပြောလဲဆိုတော့. . . .

"ဝတ်မှုံတို့အခုသွားမှာ၊ အလုံက အသင်းလည်းမဟုတ်ဘူး၊ ပွဲစား တွေရှိတဲ့ဆီလည်းမဟုတ်ဘူး၊ ခဏပဲ ပစ္စည်းတွေထားမယ့် ဝတ်မှုံရဲ့ သူငယ်ချင်းမအိမ်ကို သွားမယ်၊ ကိုကြီးတာအတွက်

http://www.cherrythitsar.org



ခဏဆိုပေမင့် အစေခံတန်းလျားတွေမှာ တခြားအလုပ်သမားစုတွေနဲ့အိပ်လို့မဖြစ်ဘူး၊ ကိုကြီးတာရော၊ ကိစ္စအထူးရှိသေးလား”

ကဲလေ၊ ကျွန်တော်ရဲ့ မဒ္ဒီဒေဝီလေးဟာ သူ့လင်တော်မောင်ကို နေရာဘယ်လောက်ထားသလဲဗျာ၊ ကျွန်တော်ကတော့ ရန်ကုန်ရောက်ရောက်ချင်း ကိုယ့်အခြေအနေရော သားကြီးတို့ အခြေအနေရော ဘာမှန်းမသိသေး၊ အေမီကို သတ်မှုကလည်း ဘယ်လိုဇာတ်သိမ်းမှန်း မသိသေးတော့၊ ပထမဆုံး ကျွန်တော့်အပေါ် သစ္စာရှိတဲ့ ကိုမြင့်မောင်နဲ့ တွေ့ဖို့ကိုသာ ဆုံးဖြတ်လိုက်တယ်။ သူနဲ့တွေ့ပြီးမှ ကျွန်တော့်နောင်ရေးကို စီစဉ်မယ်လေ၊ ကျွန်တော့်အစီအစဉ်က ဒါဘဲ။

“ကိုကြီးတာ ရန်ကုန်ရောက်ရောက်ချင်း မိတ်ဆွေတစ်ယောက်ကို သွားတွေ့စရာရှိတယ်၊ ဝတ်မှုံ လုပ်စရာရှိတာလုပ်”

ဆိုပြီး ကျွန်တော်တို့ ပစ္စည်းတွေ တက္ကသိုလ်ဝင်းထဲက အိမ်တစ်အိမ်မှာ ထားခဲ့တယ်၊ ဝတ်မှုံလည်း အလုပ်ရှာဖို့နေရစ်တယ်၊ ကျွန်တော်ကတော့ ပြည်ထောင်စုဘဏ်ကို ထွက်လာခဲ့တယ်။ ကိုမြင့်မောင်ရုံးခန်းကို ရောက်တော့ သူ့ရဲ့မင်းစေ၊ ခွင့်ပေးချက်နဲ့ ကျွန်တော်လည်းရိုရိုသေသေ၊ သူ့အခန်းထဲကို ဝင်သွားပါတယ်။ သူဟာ ကျွန်တော့်ကို လုံးဝမမှတ်မိတော့ပါဘူး။ အဲဒီလို မမှတ်မိကြတာ ကောင်းပါတယ်လေ၊ ကျွန်တော့်ဘဝအတွက် ကောင်းဖို့ကြီးပါပဲ။

“ထိုင်ပါဦး၊ ဘာကိစ္စရှိလို့လဲ”

သူက သူ့ရဲ့ မဟော်ဂနီရောင် စားပွဲကြီးရှေ့က ကုလားထိုင်မှာ ထိုင်ဖို့ ညွှန်ပြပြီး နေရာပေးပါတယ်။ ကျွန်တော်လည်း ထစ်အဲထစ်အဲ၊ လေဆက်မမီတဲ့ အသံလေးလေးသြသြကြီးနဲ့ ခွင့်တောင်းရတယ်။

http://www.cherrythitsar.org



"စာရွက်နဲ့ ခဲတံ ခဏပေးပါ"

သူလည်း ကျွန်တော့်ကို တအံ့တသြ အကဲခတ်သလို ကြည့်ပြီး၊ စာရွက်နဲ့ ခဲတံပေးတယ်။

"ကိုမြင့်မောင် ကျွန်တော်တင်အောင်ထွန်းလေ၊ ဖတ်ပြီး ဒီစာကို မီးရှို့ပစ်လိုက်ပါ"

ဆိုတဲ့ စာကြောင်းပဲရေးပြီး၊ သူ့ရှေ့ချလိုက်တယ်။ သူဟာ ဒီစာကိုလဲမြင်ရော၊ "ဖရက်ဒီ"လို့ လေသံနဲ့ခေါ်ပြီးတော့ လက်တွေကို တင်းတင်းကျပ်ကျပ်ဆုပ်ထားလိုက်တာ၊ ကျွန်တော်တို့ သူငယ်ချင်း နှစ်ယောက်ဟာ ရင်ထဲရှိတဲ့ ဝေဒနာတွေကို တစ်မိနစ်လောက် အချိန်အတော အတွင်းမှာ စကားတစ်လုံးမှ မပြောဘဲ၊ မျက်နှာဟန်နဲ့ ပဲ၊ ထုတ်ဖော် ပြောပြလိုက်ကြတယ်။

"ကိုယ်နဲ့လိုက်ခဲ့ပါ၊ တိုင်ပင်စရာရှိတယ်"လို့ ကျွန်တော်က လေသံနဲ့ပြောတယ်။ သူဟာ ခေါင်းညိတ်ပြပြီး ချက်ချင်းပဲ ကျွန်တော် စာရေးပြတဲ့ စက္ကူလေးကို ဆေးလိပ်ပြာခွက်ထဲထည့် မီးရှို့ လိုက်တယ်။

"လှေကားရင်းကစောင့်နေ၊ ကျွန်တော် နေ့ဝက်ခွင့်သွားယူ ခဲ့ပြီး လိုက်ခဲ့မယ်၊ တစ်နေရာသွားမယ်"

ကျွန်တော်လည်း ထော့နင်း၊ ထော့နင်း၊ ပုံပျက် ပန်းပျက်နဲ့ သူစောင့်ခိုင်းတဲ့ နေရာက စောင့်နေတယ်။ မကြာခင် သူဆင်းလာပြီး မြို့ပြင်က တရုတ်ဟိုတယ် တစ်ခုမှာ ဝင်ပြီး နှစ်ယောက်သား စကားပြောရတယ်။

"ဖြစ်ရလေခြင်း ဖရက်ရယ်၊ ကိုယ်လုံးဝမမှတ်မိဘူး၊ အသံပါ ပြောင်းသွားတာကို လက်ရေးသာ ရေးမပြရင် မင်းဟာ ဖရက်ဒီဆို တာ ကိုယ်နည်းနည်းမှ ယုံမှာ မဟုတ်ဘူး" ကျွန်တော့် အကြောင်း တွေ ကျွန်တော်အားလုံး ပြောပြလိုက်တယ်။ ဒါပေမင့် မောင်သစ္စာ

http://www.cherrythitsar.org



နဲ့ အေမီသေရတဲ့ အကြောင်းတော့ ချန်ခဲ့သေးတယ်။ အခြေအနေ အလျောက် နောက်မှ တဖြည်းဖြည်း အသိပေးမယ်ဆိုတဲ့ စိတ်ကူး နဲ့ပါပဲ။ ကိုမြင့်မောင်ကလည်း အဲဒီညတုန်းက သူ့အဖြစ်ကို ပြောပြ တယ်။

"ကျွန်တော်ကတော့ ကွမ်းလုံဘက် ခင်ဗျားနဲ့ ခရီးထွက်မှာ မို့ ရသင့်တဲ့ ခွင့်ပေးဖို့အကြောင်း ကျွန်တော်တို့ မန်နေဂျာကိုအားလုံး အသိပေးပြီးမှ ခွင့်ယူတာ ကားဒရိုင်ဘာကလည်း သိနေတာပေါ့၊ မြကြေးမုံလိုက်မှာကိုသာ ဘယ်သူမှ မသိတာ။ ဒီတော့ ကျွန်တော် လည်း လိမ်တာ တစ်ခုမှ မပါဘူးလေ။ မီးလည်းငြိမ်းရော ဌာနကို တန်းပြီး သွားတာပဲ။ ကျွန်တော်တို့ သူငယ်ချင်းနှစ်ယောက် ပွဲကြည့်ပြီးမှ ခရီးဆက်ထွက်မလို့ ပွဲဝင်ကြည့်ပါတယ်။ မီးလည်း လောင်လာတော့ ကျွန်တော်တို့ နှစ်ယောက်ဟာ ကားရှိတဲ့ဆီပြေးရာ မှာ ပြေးတုန်းကတူတူ၊ နောက်လူချင်းကွဲသွားပါတယ်။ ကျွန်တော့် သူငယ်ချင်း ဦးတင်အောင်ထွန်းကို ရှာပါလို့ ပြောရတာပေါ့။ မီးကလည်း ဆိုးဝါးလိုက်တာဗျာ၊ ဇာတ်ရုံကနေ ပွဲဈေးတန်း ဆိုင်လေးတွေရော၊ အနားက တဲအိမ်တွေဆီပါ ဆက်လောင်နဲ့၊ အသေအပျောက် များလိုက်တာ မီးငြိမ်းတော့မှ အရပ်သားရော၊ ဇာတ်အဖွဲ့ဝင်ရော ပုံပျက်နေတဲ့ မီးကျွမ်းအလောင်းတွေကို မနည်းပဲ မီးသတ်တာဝန်ခံ တွေနဲ့ သက်ဆိုင်ရာ တွေဟာ ရှင်းယူရတယ်။ ဇာတ်ဆရာ ရွှေမန်းအောင်ဝင်းဖေလည်း ပက်လက်လန်၊ မီးခိုးသင့် ပြီး မနည်းကုယူရတယ်။ ခင်ဗျားကိုလည်း သေစာရင်းထဲထည့်၊ မြကြေးမုံတို့ ကိုသစ္စာတို့ သူတို့အဖွဲ့ထဲ လူစုံတက်စိ မတွေ့သမျှ သေစာရင်းထဲ ထည့်ရတာပဲ။ ပွဲကြည့်ပရိတ်သက်ထဲကလည်း အဲဒီလိုပဲ အမည်မဖော်နိုင်တဲ့ သေစာရင်းဝင်အများကြီး"

"ဘုရား. . . . . ဘုရား. . . . . ကျွန်တော်သေပြီနော်၊ ကျွန်တော်

http://www.cherrythitsar.org



သေပြီပေါ့” လို့ ပြောလိုက်မိတယ်။ “ဝမ်းမနည်းပါနဲ့ ဖရက်ဒီရယ်။ ကိုယ်လည်း ဒါထက်ဘာမှ မလုပ်တတ်ဘူးလေ။ ကဲဒီတော့ ကိုယ် အခု ဘာကူရမလဲ၊ အိမ်ကိုသွားမလား”

သူဟာ သူငယ်ချင်းကောင်းပီပီ ပြောပါတယ်။

“လောလာဆယ်တော့ ကိုမြင့်မောင်ရယ် ကျွန်တော့် ဇာတ်လမ်းကို ဒီလိုပဲ ထားပါဦး၊ ကျွန်တော်နောက်မှ တဖြည်းဖြည်း တိုင်ပင်စရာရှိတယ်။ အကူအညီလိုရင်လည်း ပြောပါမယ် . . . ကဲ ဒုတိယ ကျွန်တော်သိချင်တာက၊ မိအေမီနဲ့ ကျွန်တော့်အဖြစ်ကို သားကြီးကို ဘယ်လိုအသိပေးကြသလဲ”

ကိုမြင့်မောင်ဟာ ပင့်သက်ရှူပြီး ပြောပြပြန်တယ်။

“ဂါတ်ကို တရားဝင်ပြောပြီး ကျွန်တော်လည်း အန်တီ မာလေးဆီကို သွားရတာပေ့ါ။ အကျိုးအကြောင်းအားလုံး ပြောပြ တယ်။ အန်တီမာလေးကလည်း သူ့ခေါင်းတစ်ခုထဲနဲ့ မဆုံးဖြတ်ပါ ဘူး။ အေမီရဲ့ အမေအိမ်ကိုပဲ နှစ်ယောက်သားသွားပြီး အဘွားကြီး ကို အားလုံး အသိပေးရတော့တာပေ့ါ။ အဘွားကြီးလည်း အတော် စိတ်ညစ် ရှာတယ်ခင်ဗျ။ ဒါပေမင့် ဒီအဘွားကြီးဟာ အိပ်ရာထဲ လဲနေတာ များပေမင့် တကယ်တော်တယ်ဗျာ၊ သူကပဲ သားကြီးကို ဘယ်လို အသိပေးသင့်တယ်ဆိုတာ၊ အကြံဉာဏ်ပေးတယ်၊ ကျွန်တော်တို့ သုံးယောက်လုံးကလည်း ခင်ဗျားဇာတ်ရုံထဲမှာ မီးလောင်လို့ သေပြီလို့ တကယ်ယူဆတယ်။ ဌာနနဲ့ ပတ်ဝန်း ကျင်ကလည်း ဘာမှ ပြဿနာ တက်မလာဘူး။ ဒီတော့-သားကြီး ကလည်း သူ့ဖေဖေဟာ ပွဲခင်းမီးလောင်ရာမှာ ပါသွားတယ်လို့ပဲ ယူဆပါတယ်။ ခက်နေတာက အေမီပြဿနာတဲ့”

“အဘွားကြီးပြောလည်း ပြောစရာပဲ၊ သူကတော့ သူ့သမီး ကိုး။ သူသတိရတယ်တဲ့၊ ဘာဖြစ်လို့လဲဆို မီးလောင်ပြီး နောက်နေ့

http://www.cherrythitsar.org



ကတည်းက အေမီအိမ်ပြန်မလာဘူးဆိုတာ သူ့အိမ်က အစေခံတွေက အဘွားကြီးကို တယ်လီဖုန်းဆက်ထားပြီးပြီ။ အဘွားကြီးဟာ ကျွန်တော်တို့ မရောက်လာခင်ကပဲ ရာဇဝတ်ဝန်ကြီး စောလှမင်းကို အေမီပြန်မရောက်ကြောင်း ခေါ်ပြောထားပြီးပြီ။ လူတစ်ယောက်လုံး ပျောက်တာ တိုင်ချက်မဖွင့်ရင်လည်း ပတ်ဝန်းကျင်နဲ့ ဆွေမျိုးတွေမှာ ဒုက္ခပေါ့၊ ဦးစောလှမင်းကလည်း ရှာပေမယ်လို့ အေမီရဲ့ ပျောက်သွားပုံကို အစအနတောင် လိုက်လို့မရဘူး” ကိုမြင့်မောင်ဟာ သူ့စကားကို ဒီနေရာခဏရပ်ပြီး သက်ပြင်းချလိုက်တော့ ကျွန်တော်လည်း မောသွားတာပဲ၊ ချွေးစေးတွေလည်း ပြန်လာတယ်။

“သူနဲ့တွဲနေကျ ကိုသစ္စာလည်း ဇာတ်အဖွဲ့က ရွက်ဖျင်အခန်းထဲမှာ ပိတ်မိပြီး မီးလောင်ပြီး သေတယ်ဆိုတာလည်း အားလုံးလက်ခံတယ်။ ဒါပေမင့် အဲဒီညအဖြစ်က ဘယ်သူ့အလောင်း၊ ဘာရယ်လို့ ပုံဖော်ဖို့ကို မပီသအောင် ပုံပျက်နေကြတယ်။ ဒီတော့ အေမီပျောက်ဆုံးခြင်းဟာ သီးသန့်အမှုတစ်ခု ဖြစ်နေတယ်။ ခုထိလည်း အေမီကို မတွေ့ကြတော့ဘူး”

ကျွန်တော် ဘာတစ်လုံးမှ ကိုမြင့်မောင်ကိုမပြောဘူး။ငြိမ်ငြိမ်သက်သက်ပဲ နားထောင်နေတယ်။

“သားကြီးကိုတော့ သူရဲ့မာမီအေမီဟာ သူ့ဘိုးဘိုးဦးပြည့်မောင် အသည်းအသန်ဖြစ်လို့ ကြုံရာလေယာဉ်နဲ့ ပဲရစ်ကို ညတွင်းချင်း အမြန်လိုက်သွားရတယ်။ နောက်တော့မှ သားကြီးရှင်ပြုချိန် အဘိုးပြန်လာတော့ အေမီပဲရစ်မှာ ကားတိုက်လို့ သေပြီလို့ပဲ အသိပေးထားကြတယ်”

“ဟင်. . . ကျွန်တော့်သားကြီး ရှင်ပြုပြီးပြီးနော်. . . . ”

“ပြီးပြီလေဗျာ၊ ဘိုးဘိုးနဲ့ဘွားဘွားတွေ ကမကထပြုပြီး သိုက်သိုက်မြိုက်မြိုက် ခမ်းခမ်းနားနားပါပဲ၊ အားလုံးကလည်း

http://www.cherrythitsar.org



ခင်ဗျားတို့နှစ်ယောက်ကို သေစာရင်းဝင်အဖြစ် အမျှဝေကြတယ်။ သားကြီးကတော့ သိပ်မသိတတ်သေးတော့ တော်သေးတယ်။ အဘွားကြီးနဲ့ ဆရာမလေးတို့ကတော့ ထိန်းမရအောင် ချုံးပွဲချ ငိုတာပဲဗျာ"

"သာခု. . . သာခု. . . နတ်စိမ်းမဟုတ်ဘဲ၊လူစင်စစ်ဘဝနဲ့ ဘဝခြားနေတော့ ကျွန်တော်သာခုခေါ် ရမှာပဲ အေမီဟာ ကိုသစ္စာ အခန်းထဲမှာ သေနေတောင် မြန်မာဇာတ်ခုံတွေရဲ့ နောက်ဘက် အဝတ်လဲခန်းတွေက ရှက်ဖျင်တဲဆိုတော့ မီးလောင်သွားရင်ပဲ ဘယ်သူဟာ ဘယ်အခန်းထဲမှာ သေနေတယ်လို့ သိပ့်ါမလဲ"

ကျွန်တော်ဟာ မနည်းစိတ်တင်းပြီး၊ ဒီစကားကို ပြောရ တယ်။

"အေမီရဲ့ အမေကတော့ဆရာဝန်ကြီးကတော်သေနည်းမျိုး အပွေလွန်ရာက လူသတ်သမားတွေ သတ်လိုက်ပြီလို့ ယူဆတယ်။ ခုတော့ အေမီရဲ့ ပျောက်ဆုံးမှုလည်း သဲလွန်စရှာမရတော့ အမှုပိတ် ထားတာပေ့ါ၊ ကဲ. . . ခင်ဗျား ပြဿနာ အိမ်သွားမလား၊ အန်တီမာလေးကို ဖွင့်ပြောမလား၊ ဘာလုပ်ချင်လဲ"

"ဘာမှ မလုပ်ချင်ဘူး။ ဘာမှ မလုပ်ချင်ဘူး၊ ကျွန်တော် တစ်ယောက်တည်းမဟုတ်ဘူး၊ မြကြေးမှုံနဲ့ ကျွန်တော်ညားနေပြီ"

"ဘုရားရေ. . . သွားလေရာ၊ မိန်းမရ ရပါစေရဲ့ဆုတောင်း တော့ တကယ်ပြည့်တယ်။ ဖရက်ရယ်" ငိုအားထက် ရယ်အားသန် ကျွန်တော့်ပခုံးကို ပုတ်ပြီး ကိုမြင့်မောင်က ပြောတယ်။

"အေးပေ့ါလေ၊ ခုတော့လည်း မြကြေးမှုံဟာ ဝတ်မှုံဖြစ်။ ကျွန်တော်ကလည်း ကိုဖိုးတာအနေနဲ့ပဲ နေသွားဦးမယ်။ ကျွန်တော့် ဇာတ်ထုပ်က ခုအထိ ဒါလောက်ပဲ။ ရပ်ထားသင့်သေးတယ်၊ ကိုမြင့်မောင်လည်း ဇာတ်ဆရာ ကိုအောင်ဝင်းဖေ ယူဆသလို

http://www.cherrythitsar.org



သူ့ယိမ်းသမ မြကြေးမှုံ မီးထဲပါသွားတဲ့အနေပဲယူဆထားပါတော့ဗျာ၊ ကျွန်တော်လုပ်ချင်တာ တစ်ခုပဲရှိတယ်”

“ဘာလုပ်ချင်လဲ. . . ပြောလေ”

“ကျွန်တော်သားကြီးကိုတွေ့ချင်တယ်၊ ကျွန်တော်ဟာ သူ့ဖေဖေတင်အောင်ထွန်းလို့တော့ အသိမပေးပဲ အဝေးကပဲ တွေ့ချင်တာပါ”

ကိုမြင့်မောင်ဟာ နာရီကို စိုက်ကြည့်ရင်း ခဏစဉ်းစားနေတယ်။

“ဒီလိုလုပ်ဖရက်၊ အချိန်ရှိသေးတယ်၊ ခင်ဗျားကျွန်တော်နဲ့ လိုက်ခဲ့၊ ကျွန်တော့် ဒရိုင်ဘာအနေနဲ့ လိုက်ခဲ့၊ ကျွန်တော်တို့ အန်တီမာလေးအိမ်သွားမယ်၊ သားကြီး ဒီအချိန်ကျောင်းဆင်းပြီ။ သူဘိုးဘိုးနဲ့ ဘွားဘွားက ဆရာမ ဒေါ်မာလေးကို သူတို့မြေးအပ်ပြီး ခင်ဗျားတို့ ဖေဖေအိမ်ပဲထားတယ်၊ အန်တီမာလေးလည်း၊ ဝါးခယ်မ မပြန်ရတော့ဘူး၊ အဘွားကြီးက သူ့သမီးအေမီဟာ သူအုပ်ချုပ်ပုံမဟုတ်လို့ ဒီလိုဖြစ်ရတာတဲ့၊ သူတို့မြေးဟာ သူတို့လက်ထဲမှာဆိုရင် ပျက်စီးမယ်၊ သူဌေးရဲ့မြေးလည်းဖြစ်၊ မိတဆိုးဖတဆိုးမို့ သူတို့ သိပ်အလိုလိုက်မိရင် ကလေးပျက်စီးမှာစိုးလို့တဲ့”

“သူတို့အစီအစဉ်အားလုံးပဲ ကောင်းပါတယ်၊ ကဲ-သွားကြစို့”

ကျွန်တော်ဟာ ကိုမြင့်မောင်နဲ့အတူ၊ ကျွန်တော်တို့အိမ်ကြီးကို ပြန်ရောက်သွားတယ်၊ အိမ်ရှေ့မြက်ခင်းတစ်ဝက်ကို ကစားကွင်းလုပ်ထားတယ်၊ ကျွန်တော်တို့ကား ဆင်ဝင်အောက်မှာ ထိုးရပ်လိုက်တယ်ဆိုရင်ပဲ သားကြီးဟာ ကားရှိရာကို ပြေးလာတယ်၊ သူ့လက်ထဲမှာ တင်းနစ်ဘောလုံးနဲ့ ရိုက်တဲ့အတံ၊ ဘောင်းဘီးရှည်အဖြူ ဖိနပ်ဖြူနဲ့သားကြီး မြင့်မြင့်ထွားထွားကြီးနဲ့ ခံ့ညားတဲ့ သားကြီးရဲ့

http://www.cherrythitsar.org



ကျက်သရေဟာ ဘယ်သူနဲ့မှ မတူဘူးလို့ ကျွန်တော်ထင်မိတယ်။

"ဦးဦးမြင့်မောင် လာလာ၊ ဒက်ဒီနဲ့ မာမီမရှိတယ်ဆို ဦးဦးကလည်း ခဏခဏမလာဘူး" ဆိုပြီး သူကိုယ်တိုင်ကားတံခါးဖွင့်ပေးတယ်။ ကျွန်တော့်ကို လုံးဝ မမှတ်မိတဲ့ သားကြီးဟာ ကိုမြင့်မောင်ကို ကစားကွင်းဘေး မြက်ခင်းပေါ်က ကြိမ်ကုလားထိုင်မှာ ထိုင်နေတဲ့ အန်တီမာလေးရှိရာကို ခေါ်သွားတယ်၊ အန်တီမာလေးကလည်း သုံးနှစ်အတွင်း အတော်ရုပ်ကျသွားတယ်၊ ဒါပေမင့်အပျိုကြီးဆိုတော့ ဖြူဖြူနွဲ့နွဲ့နဲ့ လှနေသေးတာပဲ၊ ကျွန်တော့်သားကို စိတ်ဓာတ်တွင် မကဘူး ကိုယ်ခန္ဓာ ကျန်းမာရေးကိုလည်း ဂရုစိုက်ပေးတဲ့ ဆရာမကြီးပဲ။

သားကြီးဟာ သူ့သူငယ်ချင်းတွေကို အလှည့်ပေးလိုက်ပြီး လက်ထဲက တင်းနစ်ရိုက်တံနဲ့ ဘောလုံးကို ခုံတန်းပေါ်မှာ ထားခဲ့တယ်။ ကလေးမလေးလာချတဲ့ လိမ္မော်ဖန်ခွက်ထဲက တစ်ဖန်ခွက်ယူပြီး ကားပေါ်က ကျွန်တော့်ကို ကိုယ်တိုင် လာပေးတယ်၊ တုန်ရီတဲ့လက်တွေနဲ့ ကျွန်တော်လှမ်းယူရင်း စိတ်ထဲက ဒီဖျော်ရည်တိုက်တဲ့ ကုသိုလ်ကြောင့် သားကြီး ကိုယ်စိတ်နှစ်ဖြာ ချမ်းသာပါစေလို့ မေတ္တာပို့မိတယ်။ ကျလုဆဲ မျက်ရည်ကို မနည်းထိန်းရတယ်။ အိမ်ကြီးကို ပြန်ရောက်လို့ တွေ့ချင်တဲ့သားကြီးနဲ့ တွေ့ပါသော်လည်း ဘဝခြားခဲ့ပြီ။ ကျွန်တော့်ခံစားနေရချက်ကို စာနာမိတယ်ထင်ပါရဲ့၊ ကိုမြင့်မောင်ဟာ ခဏခဏစကားပြောပြီး ပြန်လာတယ်။ ကားထွက်ခါနီး. . .

"နောက်မှာ ဦးဦး အေးအေးဆေးဆေးအကြာကြီးလာလည်မယ်" လို့ သူက နှုတ်ဆက်ခဲ့တယ်၊ မြေးအဘွားနှစ်ယောက်ဟာ ဆင်ဝင်အောက်ကနေ၊ လက်ဝှေ့ယမ်းပြရင်း ကျန်ရစ်တယ်။ အပြန်လမ်းမှာ ကိုမြင့်မောင်ဟာ သူကိုင်တိုင် ကားမောင်းတယ်။ "ခင်ဗျား

http://www.cherrythitsar.org



စိတ်ဒုက္ခ သိပ်ခံစားနေရမှာစိုးလို့ စကားစဖြတ်ပြီး ကျွန်တော် မြန်မြန်ပြန်လာတာ”တဲ့၊ ကားပေါ်မှာ ကိုမြင့်မောင်က ပြောပြတယ်။

“ဟုတ်တယ် ကိုမြင့်မောင်၊ ပြန်လည်တွေ့ဆုံကြတဲ့အချိန်မှာ ကျွန်တော်စိတ်ဝေဒနာ ဘယ်လိုပဲ ခံစားရခံစားရ ရှိပါစေ။ ကျွန်တော့်အချစ်ဆုံး သားကြီးဟာ အခြေအနေမှန်နေရာမှန်နဲ့ ခုလို တွေ့ရတာ ကျွန်တော်သိပ်စိတ်ချမ်းသာပါတယ်ဗျာ၊ ကဲ ကြေးမုံ မျှော်နေမယ်၊ ကျွန်တော့်ကို ပုဂံလမ်းထိပ်မှာပဲ ချခဲ့တော့”

ကျွန်တော်ဟာဘွဲ့နှင်းသဘင်နောက်ဘက်လမ်းမကြီးကနေ ပုဂံလမ်းဘက် လျှောက်သွားခဲ့တယ်။ ရှေ့ဘက်လမ်းမကြီးပေါ်ကို မလျှောက်ရဲဘူး။ မွေးကို ရက်ရက်စက်စက် နှုတ်မဆက်ဘဲ ထားခဲ့ ပြီး၊ အေမီဆီကို တန်းတန်းစွဲ လိုက်သွားတဲ့နေ့က မွေး ငေးကြောင် ကြောင်နဲ့ ကျန်ရစ်တဲ့ သစ်ပုပ်ပင်ကြီးအောက် ကျွန်တော်ဖြတ် မသွားရဲလို့ပါပဲ။ စစ်ကိုင်းအဆောင်ရှေ့ကိုလည်း ဖြတ်မလျှောက်ရဲ ဘူး။ လမ်းသွားရင်း အင်းလျားဆောင်ရှေ့ကို ရောက်တော့လည်း ကိုယ့်လိပ်ပြာ ကိုယ်မသန့်တော့ စိတ်ထဲမှာလေ အင်းလျားဆောင်သူ တွေကပဲ လက်ညှိုးငေါက်ငေါက်ဝိုင်းထိုးပြီး. . .

“ဘယ့်နှယ်၊ ဖရက်၊ တစ်ခါက ကားမျိုးစုံနဲ့ မိန်းကလေး အဆောင်တွေကို ခြေတော်တင်ခဲ့တဲ့သူကြီး ခုတော့ ဘယ်ဘဝ ရောက်နေပြီ လဲ” လို့ လိုက်ပြောတော့မလိုပဲ။ ကျွန်တော် လန့်ဖျပ်ပြီး လမ်းလျှောက်ရင်း ချောက်ချားလိုက်တာ၊ ရှေ့က မောင်းလာတဲ့ ကားတစ်စီးကတောင် သူကဦးအောင် ရှောင်လိုက် ပေလို့ နို့မို့ရင် ကျွန်တော်သေမှာ။

တက္ကသိုလ်နယ်မြေဟာ နတ်ကြီးတယ်နော်။ သူ့ကို အောင်မြင်စွာနဲ့ စွန့်ခွာခဲ့သည်ဖြစ်စေ၊ လက်မြှောက်ဆုတ်ခွာခဲ့သည် ဖြစ်စေ၊ အောင်မြင်စွာ ဆုတ်ခွာခဲ့သည်ဖြစ်စေ နှစ်ပေါင်းကြာလို့

http://www.cherrythitsar.org



ဒီမြေကို ပြန်နင်းတဲ့အခါကျရင် သစ်ရွက်ကလေးတွေဟာလည်း ခေါင်းချင်းဆိုင်လို့ အတိတ်ဒဏ္ဍာရီတွေကို တီးတိုး အတင်းပြောကြ တယ်၊ အင်းလျားကန်လယ်က ရေဂယက်လှိုင်းလေးတွေဟာ ကမ်းစပ်ကို ပြေးလာတွေ့ထိပြီး၊ ထူးခြားဆန်းကြယ်တဲ့ ကန်လယ် ကျွန်းပုံပြင်နဲ့ ရေပြင်အောက်က ကြေကွဲစရာ အကြောင်းတွေကို ပြန်ပြောင်းလို့ ပြောကြတယ်လေ။

ခုတော့ အသည်းနှလုံးအပြည့်ရှိပါသော ကျွန်တော် တင်အောင်ထွန်းဟာ သူတို့က တီးတိုး သံအုပ်နဲ့ စကားတင်းဆိုပေ မင့်၊ ကျွန်တော့်နားမှာ မခံသာအောင် ကျယ်လောင်လာလို့ ၊အမလေး နားပိတ်ပြီး ပြေးတော့မလိုပဲ၊ ကျွန်တော် သုတ်ခြေတင်လျှောက် လိုက်ရတာ. . .။

“ကိုကြီးတာကလည်း သွားနေတာ ကြာလိုက်တာ လာကား ပေါ်တက်”

ဆိုတဲ့ ဝတ်မှုံအသံကြားတော့မှ ပုဂံလမ်းထိပ်ရောက်လာ မှန်းသိတော့တယ်။

“ဟင်. . . ဘယ်ကားပေါ်တက်ရမှာလဲ” ဝတ်မှုံဟာ ကားတံခါးကို ဆွဲဖွင့်ပေးပြီး၊ ကျွန်တော့်ကို တက်ခိုင်းတယ်၊ ကားပေါ်မှာ ဒရိုင်ဘာတစ်ယောက်ပဲ ပါတယ်။ ကျွန်တော်လည်း ကြောင်တိကြောင်တက်နဲ့ ကားပေါ် တက်သာလိုက်ရတယ်၊ ဝတ်မှုံ ဘယ်ဇာတ်ခင်းလာမှန်း မသိဘူးခင်ဗျ။ ကားပေါ်ရောက်လာမှသူက အေးအေးဆေးဆေး ပြောပြတယ်။

“ဒီကားက ဆရာစံဝင်းရဲ့မိတ်ဆွေ ဆရာမရဲ့ကား၊ ဆရာမ က သူမအားတော့ ကားချည်းပဲ လွှတ်လိုက်တာ။ ခုလေ ဝတ်မှုံတို့ အလုပ်လုပ်ရမယ့်အိမ်ကို သွားရမှာ ရန်ကုန်က ဒီလိုပဲ သေပြေး ရှင်ပြေးကြီးပဲ။ ထမင်းချက်ဆိုပေမယ့်လည်း မြန်မြန်ထက်ထက်

http://www.cherrythitsar.org



သွားတွေ့နိုင်မှ ဘုရား သိကြားမလို့ သူတော်ကောင်းအိမ်နဲ့ တွေ့ပါစေ”

ဝတ်မှုံက ဆုလည်း တောင်းလိုက်သေးတယ်၊ အတိုချုံးပြီး သူစီမံထားသမျှပြောတော့မှ သြော်. . . ငါ့နှယ် ဖြစ်မှ ဖြစ်ရလေ။ ဝတ်မှုံလို ကျေးတောသူက (ရန်ကုန်မြို့ဆိုတာလေ)ဆိုတဲ့ ရန်ကုန် ခလေ့အကြောင်း ပြန်လည်ပြောကြားခြင်းကို နားထောင်ရတဲ့ ဘဝ ပါလားလို့ သက်ပြင်းချမိတယ်။

ကန်တော်ကြီးပတ်ခ်လမ်းထဲက အိမ်ကြီး တစ်အိမ်ဆင်ဝင် အောက်မှာ ကားထိုးရပ်လိုက်တယ်။ ကားဟာ ကျွန်တော်တို့ကို ချခဲ့ပြီး ပြန်ထွက်သွားပါရော။ မိန်းကလေးတစ်ယောက်က သံဆွဲ တံခါးကို ဖွင့်ပေးတယ်။

“ထိုင်ပါဦး၊ ခုပဲ တယ်လီဖုန်းနဲ့ ဆရာဆက်ထားလို့ ကျွန်မ စောင့်နေပါတယ်၊ ဆရာက မအားလို့ သူကိုယ်တိုင် လိုက်မလာဘူး။ သူ့မိတ်ဆွေကားနဲ့ပဲ လွှတ်လိုက်မယ်တဲ့၊ ဧည့်ခန်းမှာ ဝင်ထိုင်ပါ”

မိန်းကလေးဟာ ရည်ရည်မွန်မွန်နဲ့ စကားလက်ခံ ပြောပြီး ဧည့်ခန်းထဲ ကျွန်တော်တို့နှစ်ယောက်ကို သွင်းခဲ့တယ်။ ကျွန်တော် လည်း မူးတူး မောတောကြီးဖြစ်နေလို့ ဘာကိုမှ အကဲမခတ်နိုင်သေး ဘူး။ မျက်နှာအောက်ချပြီး ဝတ်မှုံ လွယ်အိတ်ထဲက ရှူဆေးအဖြူ ဘူးလေးကို ရှူနေရတယ်။ ကျွန်တော်နင်းထားတဲ့၊ မွေးရှည် ကော်ဇောအဖြူကတော့ တကယ့် အထက်တန်းအိမ်တွေမှာမှ သုံးနိုင်တဲ့ ကောဇောမျိုးပဲ။

ကျွန်တော်ထိုင်နေတဲ့ ဆိုဖာကတော့ အစိမ်းရင့်ရောင် တရုတ်ဖဲ ဘရိုကိတ်တွေ အုပ်ထားတယ် ခင်ဗျာ့။ အရင်ကတော့ အထက်တန်းလွှာတွေဟာ ဆိုဖာတွေကို ပြင်သစ် ဘရိုကိတ်၊ အမေရိကန် ဘရိုကိတ်၊ ဒါမှမဟုတ်လည်း တရုတ်ဖဲ ဘရိုကိတ်၊

http://www.cherrythitsar.org



အရောင်ရင့်ရင့်၊ အဆင်အသွေး ကျကျတွေကို တခမ်းတနား အပေါ်က သီးသန့်ဖုံးကြတဲ့ဓလေ့ရှိတယ်။

ကျွန်တော်တို့အိမ်မှာတော့ သက္ကလတ်အထူစားမျိုး၊ ပန်းကွက် ပန်းနွယ်တွေပါတဲ့ အစနဲ့ အပြီးချုပ်ထားတဲ့ ဆိုဖာကိုသာ မေမေက သုံးတယ်။ သီးသန့်အစွပ် အဖုံးကို မသုံးဘူး။ ကျွန်တော် ဟာ အသက်မှန်မှန်ရှူပြီး၊ ခုမှပဲ အမောဖြေရတယ် ဆိုပါတော့။ ခေါင်းငုံ့ထားဆဲ မြင်ရတဲ့ မျက်စိတစ်ဝိုင်းအမြင်နဲ့ အိမ်ရဲ့ အခြေအနေ ကို အကဲခတ် လေ့လာကြည့်ရတာပါ။

"ဩော်. . . ရောက်နေကြပြီလား" ဆိုတဲ့ အသံကြားတော့ ကျွန်တော်မော့ကြည့်ရင်း ကြက်သေသေနေမိတယ်။ အသံရှင်ဟာ ကျွန်တော့်အချစ်ဦး မွှေး။ ကျွန်တော်ရောက်နေတဲ့ အိမ်ဟာချစ်ဦးသူ မွှေးရဲ့အိမ်။ ရုတ်တရက်တော့ ထပဲ ပြေးချင်သလိုလိုဝမ်းသာအားရ 'မွှေး' ဆိုပြီးတော့ပဲ သူ့ကိုနှုတ်ဆက်ခေါ်မိတော့မလိုလို၊ ကျွန်တော် ပါးစပ်အဟောင်းသားဟပြီး ငေးတေးကြီး ဖြစ်နေမိတယ်။ တော်ပါ သေး၊ သူလုံးဝ ကျွန်တော့်ကို မှတ်မိပုံမရဘူး။

"မနက်ကတည်းက အထွေးက ဖုန်းဆက်ထားတယ်။ အင်္ဂလိပ်စာဌာနက ဆရာစံဝင်းရဲ့အဆက်နဲ့ အထွေးလည်း သိတာတဲ့၊ လင်မယားနှစ်ယောက်စလုံးကို စကားပြောကြည့် တွေ့ကြည့်ပါဦးတဲ့၊ အိမ်ကကားက မောင်းတဲ့လူ မရှိလို့ သူ့ကား လွှတ်လိုက်တာ"

"ဟုတ်ကဲ့. . . ကျွန်မတို့နှစ်ယောက်စလုံး အလုပ်လုပ်နိုင်ပါ တယ်" ဝတ်မှုံက သွက်သွက်လက်လက်ဖြေလိုက်လို့သာပဲ။ ကျွန်တော့်အနေနဲ့သာဆို၊ အင်းအဲနဲ့ ပါးစပ်ကလည်း ပြောထွက်မှာ မဟုတ်ဘူး။ အို. . . ဘုရား. . . ဘုရား. . . ဘယ်လိုအဖြစ်ပါလိမ့်။ မွှေးလည်းကိုယ်ရေတွေစစ်လို့။ ဒါပေမင့် ကျွန်တော်ချစ်တယ်ဆိုတဲ့

http://www.cherrythitsar.org



သူ့မျက်လုံးဝိုင်းဝိုင်းလေးတွေကတော့ မျက်ခုံးထူထူမှောင်မှောင် အောက်မှာ တောက်ပနေဆဲပါပဲ။

"မင်းနာမည်က"

"ကျွန်မ နာမည်က ဝတ်မှုံတဲ့၊ တောမှာတော့ မယ်မှုံပဲ ခေါ်ပါတယ်လေ"

"အိုကွယ် . . . . ဝတ်မှုံဆိုတဲ့ နာမည်ကလေးက ချစ်ဖို့ ကောင်းပါတယ်၊ ဒီက နာမည်ကရော"

"ဟိုဒင်းလေ၊ ဝတ်မှုံကတော့ ကိုကြီးတာလို့ခေါ်တယ်။ သူ့နာမည်က ကိုဖိုးတာပါ။ ဆရာစံဝင်းကတော့ ပြောလိုက်ပါတယ်။ ငါ့အသိ ဆရာမရဲ့ အစ်မအိမ်တဲ့၊ ဆရာမကားနဲ့ ကမန်းကတန်း ကိုကြီးတာကို ခေါ်ပြီးလိုက်လာတာ၊ နေရမယ့် အိမ်ရှင်နာမည်တွေ တောင် ဝတ်မှုံမမေးမိခဲ့သေးဘူး။ ဆရာက နင်တို့ စကားပြောလို့ နှစ်ဦးနှစ်ဖက်ကျေနပ်မှ သူတို့အိမ် နောက်တန်းလျားမှာ ပစ္စည်းတွေ ပြန်ယူတဲ့"

"သြော် . . ဆရာစံဝင်းတို့ ၊ ဒေါ်ခင်အေးကြည်တို့ အိမ်မှာပဲ နေကြတာကိုး။ မမမွှေးအကြောင်း ဆရာစံဝင်းကပြောမပြဘူးလား"

"ခဏတည်းတာပါ၊ သူလည်း မအားလှဘူး"

မွှေးဟာ ကျွန်တော်တို့ကိုကြည့်ပြီး လက်ညှိုးထိုးရင်းက. . .

"ကိုဖိုးတာက မာလီလုပ်တတ်လား"

ကျွန်တော်ခေါင်းခါပြနေတုန်း ဝတ်မှုံက ကောက်ခါ ငင်ခါ ဖြေလိုက်တယ်။

"သူ မာလီမလုပ်တတ်ဘူးမမ၊ ကားမောင်းတော့ ကျွမ်းကျင်ပါတယ်။ သူ့မျက်လုံးနဲ့ ပတ်သက်ပြီး မစိုးရိမ်ပါနဲ့၊ မမ သူမောင်းတာကို စီးကြည့်ပါဦးလေ၊ ကိုကြီးတာကလေ ရွာမှာ လယ်ထွန်စက်တွေ မောင်းနေကျ၊ ကျွဲအုပ်ကို အရှောင်လိုက်၊

http://www.cherrythitsar.org



လမ်းဘေးတဲနဲ့တိုက်ပြီး မျက်နှာလည်း ရုပ်ပျက်ဆင်းပျက်ဖြစ်၊ ခြေထောက်လည်း ထိသွားလို့ပါ”

ဝတ်မှုံဟာ ရုတ်တရက် ထိုးဇာတ်နဲ့ ဖြေလိုက်ပေလို့ ကျွန်တော်ဖြင့် ဘာဖြေရမှန်းမသိဘူး။

“ရုပ်ပျက်ရုံသာပဲဖြစ်ပေလို့ပေါ့။ မျက်လုံးအိမ်ပါ ပျက်သွားရင်တော့ ပြီးရော၊ ပြီးရော၊ ကိုဖိုးတာ ဘာမှ လုပ်စားလို့ ရမှာ မဟုတ်ဘူး”

“ဟုတ် ဟုတ်ကဲ့”လို့ ကျွန်တော့်အသံ ထစ်အဲ ထစ်အဲနဲ့ ထွက်သွားတယ်။ သူများအပူ၊ သူများအဖြစ် ဒုက္ခကို ရင်းရင်းနှီးနှီး ကိုယ်ကိုယ်တိုင် ခံစားရသလိုပဲ ပြောတတ်တဲ့ မွေးရဲ့ ဟန်ပန်ကတော့ ငယ်ငယ်တုန်းကအတိုင်းပဲ။

“ဆရာစံဝင်းအိမ်ကဆိုတော့ မမမွေးစိတ်ချပါတယ်။ သူဟာ မမမွေးရဲ့ မိတ်ဆွေရင်းတစ်ယောက်ပါပဲ။ မမမွေးတကယ်လိုချင်တာက ထမင်းချက်ပါကွယ်၊ ဝတ်မှုံက ချက်တက် ပြုတ်တတ်ကဲ့လား”

“မမ ခိုင်းကြည့်ပါ”

“အေးပါလေ မင်း ချက်ကျွေးရမှာက ပြေးကြည့်မှ မမ တစ်ယောက်ထဲပါ”

ဒီတော့မှ ကျွန်တော်ဟာ မွေးတစ်ယောက်ထည်း နေတယ်ဆိုတာကို သိတယ်။

“တူမလေးတွေ၊ တူလေးတွေက ကိုကိုနိုင်ဆုံးကတည်းက လာပြီး စောင့်ရှောက်ကြတယ်၊ ဓာတ်မသိတဲ့သူတွေကိုလည်း မမက အိမ်မှာ မထားရဲဘူးလေ”

“ဟုတ်ပါတယ် မမရယ်၊ ကျွန်မတို့ကလည်း အိမ်ရှင် တွေကို အဆိုးမဆိုပါဘူး၊ တချို့အိမ်ဖော်တွေ ဇာတ်ထုပ်က ခပ်ရှုပ် ရှုပ်ရယ်”

http://www.cherrythitsar.org



"မမအနေနဲ့ကလည်း လူတန်းစား မခွဲပါဘူး၊ အားလုံးကို ခွင့်လွှတ်နိုင်ပါတယ်။ မမ သတိထားတာက အရက်သမား ဖြစ်နေမှာရယ်"

ကျွန်တော်လေ မျက်နှာဘယ်ထားရမှန်း မသိဘူး။ ရုတ်တရက် မျက်နှာလွှဲလိုက်ရတယ်။ မွှေးကတော့ ကွန်ဖြွေမပျက် သူ့စကားသူ ဆက်ပြောတယ်။

"မမရဲ့ အစေခံတန်းလျားက နာမည်ကသာ အစေခံ တန်းလျားပါ၊ တစ်ခါတည်း တည်းခိုရိပ်သာလို သပ်သပ်ရပ်ရပ်၊ ကိုကိုနိုင့် မိဘတွေက ဆောက်ထားခဲ့တာ၊ အောက်ထပ်က ကားထားပြီး၊ အပေါ်မှာ ကားမောင်းတဲ့သူတွေ၊ ထမင်းချက်တွေ ထားတယ်။ ဒီလိုအိမ်မျိုး ထမင်းချက်စုံတွဲ၊ မာလီလင်မယား စုံတွဲတွေက သိပ်နေချင်တာပေါ့"

"ဟုတ်ပါတယ် မမရယ်. . .၊ အပျိုထမင်းချက်တွေက အရေးမကြီးဘူး။ ကျွန်မတို့အိမ်ထောင်သည်တွေက အိမ်ခန်းမရရင် မလုပ်နိုင်ဘူး"

အမျိုးသမီးနှစ်ယောက်ဟာ လက်ရှိအလုပ်သမား အိမ်ထောင်သည် ဘဝကိုနှစ်ဖက်အမြင်နဲ့ တင်ပြနေဆဲမှာ ကျွန်တော် ကတော့ မကြားတစ်ချက် ကြားတစ်ချက်ပဲ။ ချစ်သူအပါး ပြန်ရောက် လာလို့ ဝမ်းသာရမှာလား၊ ကျွန်တော့်ကို ရိပ်မိမလား၊ ကျွန်တော် အရက်သောက်တာသိရင် အလုပ်မှ ပေးပါ့မလား။ ကျွန်တော့် အတွက် အရေးမကြီးပါဘူး။ ဝတ်မှုံကို ခုလို လူနည်းနည်းနဲ့ စေတနာ ကောင်းတဲ့အိမ်မှာသာ လုပ်စေချင်တယ်လေ၊ မွှေးက ဆက်ပြော တယ်။

"နေချင်သူ ပေါတိုင်း လက်မခံရဲဘူး ဝတ်မှုံရဲ့ အရက် သောက်တတ်တာထက် သူတို့နောက်ပိုင်း လိုက်ကြည့်ရင် မှောင်ခို

အဆက်ချည်းများတယ်၊ တချို့များ သေးသေးဖွဲဖွဲမဟုတ်ဘူး၊ ဂိုဏ်းကြီးတွေနဲ့ ဆက်ထားတာ၊ အိမ်ရှင်ကတော့ ဘာသိမလဲ၊ မမမွှေးရဲ့ မိတ်ဆွေ ဆရာဝန်တစ်ယောက် ထိပြီးပြီလေ၊ သူကတော့ ထမင်းချက် လင်မယားကို စိတ်ချလက်ချ ခေါ်ထားလိုက်တာ၊ သက်ဆိုင်ရာက လိုက်လာစစ်ဆေးတော့မှ သူ့အစေခံတန်းလျားဟာ မှောင်ခိုရွှေချောင်းနဲ့ ကျောက်စိမ်းကုန်ကူးနေတဲ့သူတွေကိုဆက်သွယ်ပေးတဲ့ နေရာဖြစ်နေတော့တယ်။ ပတ်ဝန်းကျင်ကရော၊ လုံခြုံရေးအရာရှိတွေကရော၊ ဆရာဝန်ကြီးကိုပါ ဒီကိစ္စထဲမှာ သဘောတူခွင့်ပြုထားတယ်အောက်မေ့လို့ မနည်းရှင်းရတယ်”

“ဝတ်မှုံတို့ကို ဆက်ဆံကြည့်၊ ခိုင်းကြည့်ပါမမရယ်။ ဝတ်မှုံတို့က မြစ်ဝကျွန်းပေါ်ဘက်ကပါ၊ မော်လမြိုင်ဘက်က မဟုတ်ပါဘူး”

“ဩော် . . . ဟုတ်လား၊ မမကလည်း ဝါးခယ်မသူ နာမည်က မွှေးတဲ့”

မွှေး . . . မွှေး . . . သူဝါးခယ်မမြို့လေးကိုဖြင့် ဘယ်တော့မှ မမေ့ဘူး။ အမှွမ်းတင်လိုက်ရတာအမော။

“ဒီလိုလုပ်ပါလေ။ အချိန်လည်း မရှိဘူး၊ မမလည်း နားချင်သေးတယ်။ ဝတ်မှုံတို့နေရမယ့် တန်းလျားကို မမလိုက်ပြမယ်။ ဒီမှာ အိပ် မနက်စောစောမှ ကိုဖိုးတာ ကားမောင်းဘယ်လောက်ကျွမ်းကျင်လည်း သိရအောင် စမ်းရင်း မမနဲ့အတူ ဝတ်မှုံတို့ပစ္စည်းတွေ ဆရာစံဝင်းတို့ အိမ်သွားယူမယ်၊ မကောင်းဘူးလား၊ စိတ်ချလက်ချနားနော် . . . ဒါနဲ့ ဒါနဲ့ ဝတ်မှုံပါးက အဖြူကွက်တွေကရော ဘာဖြစ်တာလဲ”

“ဟိုဒင်းပါမမ၊ ကိုကြီးတာရယ် ထွန်စက်မောင်းတဲ့ ကားမှောက်တော့ ဝတ်မှုံလည်း အတူပါတယ်။ ကားရဲ့ ဒီဇယ်ဆီနဲ့ ဘယ်လိုဖြစ်တယ်မသိဘူး၊ လမ်းဘေးတဲက ထမင်းချက်ဆဲ မီးဖိုနဲ့

http://www.cherrythitsar.org



သွားတိုးတာ၊ မီးလောင်တော့ မီးရှိန် ဝတ်မှုံမျက်နှာကို ဟပ်သွားလို့ပါ"

"ဘုရားမတာပဲ၊ အေးကွယ် တချို့တောတွေမှာ ဒီမြေထွန်စက်တွေကို နေရာတကျ မသုံးတတ်တော့ ကားမှောက်မှုတွေ ခဏခဏ ဖြစ်ရတယ်။ ရောဂါဆိုရင်လည်း ပြောနော်။ မမမွေးကုပေးမယ်၊ ကျိတ်ပြီး ဘာမှ မလုပ်နဲ့၊ ဆရာဝန်မကြီး ဒေါ်မြမြအေးဆိုတာ မြရတနာဆေးတိုက်ပိုင်ရှင်၊ သူကလည်း မမကို ညီမလေးလိုပဲအထူးပဲ စောင့်ရှောက်ပါတယ်၊ တီဘီရှိလည်းပြော၊ အခု အနန်ကယ် ဦးသန်းအောင်ဆုံးသွားပေမယ့် ဆရာဝန်ကြီး ဦးကိုကိုကြီးတို့ ဒေါက်တာ စောအောင်တို့ ဆိုတာတွေကလေ၊ မမကိစ္စကို ကူညီကြပါတယ်။ အရေပြားရောဂါဆိုလည်း ဒေါက်တာ ဝင်းကြည်တို့ ဒေါက်တာစောလွင်တို့ ရှိတယ်။ ကျိတ်မှိတ်သာ တိတ်တိတ်ပုန်းလုပ်မနေနဲ့ သိလား၊ ဝတ်မှုံ အခု မမကို အမြဲကုနေတဲ့ မိသားစုဒေါက်တာကတော့ မမရီတဲ့"

ကဲဗျာ. . . ဘယ်တုန်းကများ စကားတွေပြောဖို့ စုထားလည်း မသိဘူး။ မွေးရယ်လေ တောက်လျှောက်ကြီး ပြောနေလိုက်တာ၊ ဆရာဝန်အသိကလည်း စုံလည်းစုံပါပေ့။ သူ့ကို ကြော်ငြာခိုင်းတာ ကျနေတာပဲ။ ဝတ်မှုံက ပြုံးစေ့စေ့ နားထောင်ရာက စိတ်မလုံတဲ့ မျက်နှာလေးနဲ့ ခပ်ဖြည်းဖြည်း ပြောပြတယ်။

"မမကို ဝတ်မှုံ တစ်ခုပြောပြပါရစေ"

"အို ပြောပြပါကွယ်၊ မမကလေ အိမ်ရှင်နဲ့ အလုပ်သမားပေမင့်၊ တိတိလင်းလင်း၊ ရိုးရိုးသားသား ဆက်ဆံရင် သိပ်သဘောကျတာ"

"'ဟိုဒင်းပါ သူရယ်လေ၊ သူ သူ ကိုကြီးတာ အရက်သောက်တတ်တယ်"

http://www.cherrythitsar.org



ဝတ်မှုံက ကျွန်တော့်ပေါင် ဆိတ်လိုက်လို့ ကျွန်တော်လည်း တွန့်ခနဲ ဖြစ်ရာက "ဟုတ်ဟုတ် ဟုတ်ပါတယ် . . . ခင်ဗျ"လို့ ပြောလိုက်တယ်။

"ဒါပေမင့် . . မမရယ် အလုပ်ခွင်မှာ နေ့လယ်မှာ သူလုံးဝ မသောက်စေရပါဘူး၊ ဝတ်မှုံအာမခံပါတယ်။ ဟိုလေ အိပ်ခါနီးလေး မှာတော့ သူငြိမ်ငြိမ်သက်သက် အိပ်ပျော်သွားအောင် ဝတ်မှုံ တစ်ခွက် တော့တိုက်ပါရစေ"

ကဲလေဗျာ. . . ကျွန်တော်ရဲ့ ကြေးမှုံ မြကြေးမှုံခေါ် ဝတ်မှုံ ဟာ ဘယ်လောက်များ ချစ်စရာကောင်းလိုက်လေသလဲ။ မွှေးဟာ ခဏလေး စဉ်းစားနေဆဲမှာ ဝတ်မှုံက . . .

"ကျွန်မတို့အပေါ် မမက ကောင်းတော့ ဝတ်မှုံ မလိမ်ချင် ဘူး။ ဒါကြောင့် ဖွင့်ပြောရတာပါ"

"မမကို ဒီလိုဖွင့်ပြောတာ အများကြီး ကျေးဇူးတင်ပါတယ် ကွယ်"

မွှေးစကား မဆုံးသေးဘဲ၊ ခပ်ငေးငေးလေးစဉ်းစားနေဆဲမှာ ကျွန်တော့်ရင်ထဲ တဒိတ်ဒိတ် ခုန်လာတယ်။ တံတွေး နင်သလို ဖြစ်လာပြီး၊ သူ့အဆုံးအဖြတ် ထွက်လာမည့် စကားလုံးကို မျှော်လင့် ကြီးစွာနဲ့ စောင့်စားမိတယ်။ ဘာဖြစ်လို့လဲဆိုတော့ ဒေါ်ခင်နှင်းယု ဘဝအခြေတွေ ဘယ်လိုပဲပြောင်းလို့၊ သမာအာဇီဝ လုပ်စားကြရ ပေမင့် ကျွန်တော်လိုကောင် သူများအိမ်မှာ ဒရိုင်ဘာလုပ်ရမယ့် အဖြစ်ဟာ အင်မတန် စိတ်ပင်ပန်းပါတယ်။ ရှင်းရှင်း ပြောရရင် မွှေး ကသာ ကျွန်တော့်ကို အလုပ်မပေးရင် ရွာပြန် အဘဆီမှာပဲ၊ အဘ ယာတောကိုပဲ ကူတော့မယ်။ ကိုမြင့်မောင်ဆီမှာ ဒရိုင်ဘာဝင်လုပ် လို့ရတောင် ကျွန်တော့်ချစ်ဦးသူ မွှေးအပေါ်ထားတဲ့ စေတနာမျိုး ကျွန်တော်ဟာ ကိုမြင့်မောင်မိန်းမ အပေါ်မှာ မထားနိုင်ဘူးလေ။

http://www.cherrythitsar.org



မွေးအပေါ်မှာတော့ တင်ခဲ့တဲ့ ချစ်ကြွေးရှိတယ်။ ဒီကြွေးကို ဆပ်ရမယ်။ ချစ်ကြွေးကို ဆပ်ချင်တဲ့ သဘောနဲ့ စေတနာသက်ရောက်စွာပဲ လုပ်ချင်တယ်။ ကောင်းသော စေတနာ ဦးတည်ချက် မရှိဘဲ ကျွန်တော် အလုပ်မလုပ်ချင်ဘူး။ ကျွန်တော်ဟာ ယစ်ထုပ်ကြီး တင်အောင်ထွန်းအဖြစ် ဖြစ်ချင်တာတွေ ဖြစ်ခဲ့ပေမင့်၊ အရာရှိဖြစ်တဲ့ အလုပ်သက်တမ်းတစ်လျှောက်မှာကိုယ့်အလုပ်ကိုတော့ကိုယ်ရိုသေခဲ့တဲ့ လူတစ်ယောက်ပါ။

ချစ်ဇနီးလေး ဝတ်မှုံပြောသလိုပဲ၊ တခြား ကြေးရတတ် အိမ်တွေမှာ ရရာအလုပ် ဝင်လုပ်ဖို့က လူပေါင်းစုံ အစေခံတန်းလျားမှာ ကျွန်တော်အများနဲ့ ရောနှော မနေနိုင်ဘူး။ အဘ ယာတောတဲလေးမှာ အသက်ဝဝ ရှုပြီး နေတော့မယ်။

"ဒီလိုဆို. . . ကိုဖိုးတာကို. . . မွေး မွေး . . . ချွတ်ရဦးမှာ ပေါ့နော်" သူ့စကားသံကြားတော့မှ အတွေးပြတ်သွား တော့တယ်။

"ဟင်. . မွေး. . ဟုတ်ဘူး၊ မမ ကျွန်တော့်ကို ချွတ်မယ်လား"

ကျွန်တော်လေ သူ့စကားကို ကြားရလို့၊ ဘယ်လောက် ဝမ်းသာသွားသလဲ မသိဘူး၊ စကားတွေတောင် စွတ်ရွတ် ထွက်သွားတယ်။

"ဒီလိုလုပ်ပါ။ တစ်ပတ်နေကြည့်၊ ကိုဖိုးတာတို့ နေပုံထိုင်ပုံ ကျေနပ်ရင် မွေးကလည်း အလုပ်ဆက်ခန့်မယ်။ မွေး နေပုံထိုင်ပုံကိုလည်း ကိုဖိုးတာတို့က သဘောကျရင် ဆက်လုပ်ပေါ့. . ဟုတ်လား"

"ကျေးဇူးတင်လိုက်တာ မမရယ်၊ ဝတ်မှုံ ဝမ်းသာလိုက်တာ"

"မွေးလေ. . ဘဝ. . ဘဝ ဝဋ်ဆင်းရဲတွေကို အခုဘဝ၊ စုခံရသူမို့ သူများဒုက္ခကို ကိုယ်ဖိရင်ဖိ ကူညီတာပါ။ ဝတ်မှုံကလည်း လိမ္မာမှပေါ့၊ ကိုဖိုးတာ အရက်ဖြတ်ဖို့ ကိစ္စမှာ ဝတ်မှုံလည်း ကူရမယ်နော်"

http://www.cherrythitsar.org



"ကူပါ့မယ် မမရယ်"

ဝတ်မှုံကလည်း ပြုံးစေ့စေ့နဲ့ ကျွန်တော့်မျက်နှာတစ်လှည့်၊ မွှေး မျက်နှာတစ်လှည့်ကြည့်ပြီး ပြန်ဖြေတယ်။

ကဲ နားကြဦး၊ ပင်ပန်းမယ်၊ အနွဲ့ရေ . . . တန်းလျား သော့ယူပြီး အန်တီမွှေးတို့နောက်ကို လိုက်ခဲ့"

ကျွန်တော်နဲ့ ဝတ်မှုံဟာ မွှေးလျှောက်သွားရာ နောက်ကို လိုက်သွားကြတယ်။ သူပြောတဲ့အတိုင်း မှန်တယ်ဗျာ။ ကျွန်တော်တို့ သူဌေးမျိုး မိသားစုနဲ့ အိမ်တွေက အစေခံ တန်းလျားတွေထက် တောင် သန့်ရှင်း သပ်ရပ်တယ်။ လေကောင်း လေသန့်တွေရတယ်။ မွှေးဟာ အနွဲ့ဆိုတဲ့ မိန်းကလေးလက်ထဲက သော့ယူပြီး ကျွန်တော် တို့လက်ထဲအပ်တယ်။ သူဟာ ကျွန်တော်တို့လင်မယားကို နှုတ်ဆက် ပြီး သူ့အိမ်ကြီးရှိရာကို ပြန်သွားတယ်။

မကြာခင်ပဲ အနွဲ့က စောင်တို့၊ ခြင်ထောင်တို့ ပိုက်ပြီး တစ်ခေါက်လာပို့တယ်။

"အန်တီမွှေးကလေ သူရန်ကုန်လာနေစက သူ့အဒေါ်ရဲ့ အစေခံတန်းလျားမှာ နေခဲ့ရတယ်။ ညစ်ပတ်ပေရပြီး၊ အမိုးက မလုံဘူး မိုးယိုသတဲ့။ ဒါကြောင့် ဒီအိမ်ကြီးကို သူ့ယောက္ခမဆီက အမွေရတော့ ဒီတန်းလျားကို ပိုမိုပြီး သပ်ရပ်ကောင်းမွန်အောင် ပြုပြင်ထားတာပါ။ သန့်ရှင်းဖို့ရယ်၊ ထမင်းချက်စားတဲ့အခါ ထမင်းရည် အရမ်းသွန်တာရယ်၊ ထမင်းကျန်၊ ဟင်းကျန်ကို ပရမ်းပတာ စွန့်ပစ် တာရယ်သူမကြိုက်ဘူး။ တန်းလျားနောက်မှာ အမှိုက်တွင်းရှိပါတယ် ထည့်ပါနော်" ကျွန်တော်တို့ ဘယ်လိုနေထိုင်စေချင်တယ်ဆိုတာ အနွဲ့ ကပြောပြတယ်။

"အနွဲ့က မမမွှေးနဲ့ ဘာတော်သလဲ"

ဝတ်မှုံကမေးလိုက်တယ်။

"အဒေါ်ဝမ်းကွဲပါ။ ကျွန်မက သော်ကရွာသူ၊ သော်ကရွာက မူလတန်းမှာ ကျောင်းဆရာမ၊ ကျောင်းမဖွင့်ခင် ခဏလာနေတာ ဝတ်မှုံတို့သာ ဒီမှာမြဲနေရင်တော့ ကျွန်မတို့ အန်တီမွေ့အတွက် စိတ်ချရတာပေ့ါ"

"စိတ်ချပါကွယ်၊ ဝတ်မှုံတို့က သူစိတ်ချမ်းသာအောင်နေမှာပါ။ ဝတ်မှုံတို့ကိုသာ မမက ကြိုက်မကြိုက် မသိရတာ"

"သူ အစားအသောက် ဘာမှ ချေးမထူဘူး၊ ကျွေးတာနဲ့ စားတာပဲ၊ ညစ်ပတ်တာနဲ့၊ ပတ်ဝန်းကျင်ကို သန့်ရှင်းအောင် မနေတတ်တာကို မကြိုက်ဘူး။ နေတဲ့သူတွေက စည်းကမ်း မရှိတော့ ကြွက်ပြဿနာ သိပ်ဖြစ်တာပဲ၊ စေတနာလည်း ကောင်းပါတယ်။ စေတနာဟာ ရတနာတစ်ပါးပါပဲ၊ ရတနာရှိရာ ရတနာစုဆိုသလို သူ့စေတနာကောင်းလို့လားမသိဘူး၊ အန်တီမွေ့ အိုဇာတာ သိပ်ကောင်းတာပဲ"

ဝါးခယ်မသူများ တယ်စကားပြောတယ်နော်၊ အန္တွလည်း စကားကောင်းလိုက်တာ ကျွန်တော်တို့ ေးပြီးနားထောင်ယူရတယ်။

"သူ့ညီမတွေရှိသားပဲ၊ အန်တီလေးရယ်၊ အန်တီထွေးရယ်၊ ဘယ်သူ့အိမ်မှလည်း သူလိုက်မနေဘူး၊ သူ့ဟာသူပဲ၊ ဦးလေးနိုင် ဆုံးကတည်းက ဖြစ်အောင်နေတယ်။ ကဲ. . . ဝတ်မှုံအန္တွနဲ့လိုက်ခဲ့ပြီး ဝတ်မှုံတို့နှစ်ယောက်စားဖို့ ညစာလိုက်ယူပါ"

"အဲ. . . အဲ. . . တစ်ခုတော့ရှိတယ်၊ စကားအလုံး တစ်ရာပြောရင် သူ့ယောက်ျားအကြောင်းကတော့ ခုနစ်ဆယ့် ငါးရာခိုင်နှုန်းပါလိမ့်မယ် နော်၊ အဲဒါကိုတော့ နားမငြီးလေနဲ့" တဲ့။

အန္တွလည်း စကားစသတ်ပြီး မမကြီးရှိရာကို ပြန်သွားရော၊ အဲဒီညဟာဖြင့် ကျွန်တော့်ချစ်ဦးသူရဲ့ မေတ္တာရိပ်ကို ပြန်လည် ခိုလှုံရတဲ့ညဆိုရင် မမှားပါဘူး။ ကိုယ့်အိမ်မှာခိုင်းတဲ့ဒရိုင်ဘာနဲ့ ထမင်းချက်

http://www.cherrythitsar.org



ကို ပေးတဲ့ ခြင်ထောင် စောင် ခေါင်းအုံးတွေမှာတောင် ပရုတ်လုံး နံ့မွှေးပြီး၊ အဟောင်းဖြစ်သော်လည်း ဖွပ်လျှော်ထားလို့ သန့်ရှင်းနေတာပဲ။ ဩော်. . . မွှေး. . . နာမည်တင်မက ဘဝရဲ့ တတိယအရွယ်ကံကြမ္မာဟာလည်း မွှေးပါစေ။ နောက် တစ်ဘဝ လားရာဂတိလည်း မွှေးပါစေလို့ ကျွန်တော်ဆုတောင်းပါတယ်။

ဝတ်မှုံဟာ ကျွန်တော့်ရင်ခွင်ထဲမှာ အိပ်ရင်း သူလည်း သူ့စိတ်ကူး၊ သူ့ဆန္ဒကို ပြောပြတယ်။

“ကိုကြီးတာရယ်၊ ခုထိတစ်ည အမြင်အတွေ့ပေါ့၊ မမမွှေးဟာ သိပ်စိတ်ကောင်းရှိပုံရတာပဲ၊ ဝတ်မှုံတို့ကလည်း သူ့ဆန္ဒကို အပြန်အလှန်လေးစားရမှာပေါ့။ ဝတ်မှုံလေ သူ့ကို စားရေး သောက်ရေး လိုလေသေးမရှိအောင် ဝတ်မှုံ တတ်နိုင်သမျှ လုပ်ပေးမှာပဲ။ သန့်ရှင်း သပ်ရပ်အောင်လည်း နေတတ်ပါတယ်။ ကိုကြီးတာကလည်း သူစိတ်ချမ်းသာအောင် အရက်ကို တဖြည်းဖြည်းဖြတ်နော်။ သုံးခွက် သောက်မယ့်အစား၊ တစ်ခွက်ပေါ့၊ တစ်ခွက်သောက်မယ့်အစား တစ်ဝက်ပေါ့၊ ဒီလိုနဲ့ တဖြည်းဖြည်း ပြတ်အောင် ကြိုးစားပါ ကိုကြီးတာရယ်”

“အေးပါဟယ်”

“ဘာဖြစ်လို့ဆိုတော့ ကိုကြီးတာ စိတ်ချမ်းသာအောင်လို့ မြို့ကို ဝတ်မှုံလိုက်လာတာ၊ ဆရာ ဦးအောင်ဝင်းဖေရဲ့ ဇာတ်ပြန်ပြီး ထူထောင်ဖြစ်တောင်မှ ဝတ်မှုံ ဒီမျက်နှာ၊ ဒီရုပ်နဲ့ ကလိုမဖြစ်တော့ဘူး၊ တခြားအိမ်တွေမှာလည်း ဝတ်မှုံအစေခံ မလုပ်ချင်ဘူး၊ တခြားအိမ်တွေမှာ လုပ်မယ့်အတူတူ အဘတို့ လယ်တောကို ပြန်မယ်နော်”

“အေးပါဟယ်၊ ငါးလည်းလေ ဝတ်မှုံ လိုပါပဲ၊ မွှေးကသာ အလုပ်မခန့်ဘူးဆိုရင်တော့ အဘဆီပဲပြန်မယ်၊ တခြားမှာတော့

မလုပ်ဘူးလို့ စိတ်ကူးထားတယ်။

ကျွန်တော့်ချစ်ဇနီးလေး ဝတ်မှုံဟာ ကျွန်တော်ရင်ခွင်ထက်မှာ အိပ်ပျော် သွားပါတယ်။ ကျွန်တော်လည်း ညဦးပိုင်းမှာ မောမောနဲ့ အိပ်ပျော်သွားတယ်။ ကျွန်တော် တစ်ရေးနိုးချိန်မှာ တစ်ခြံလုံး တိတ်ဆိတ်ငြိမ်သက်နေတယ်။ ဘာဘဲ ဖြစ်ဖြစ်ပေါ့လေ၊ ကျွန်တော်အနေနဲ့ မွေးဟာ ချစ်ဦးသူဖြစ်သော်လည်း အကြောင်းမပါလေတော့ ကံမဆုံခဲ့ကြဘူး။

ရွှေငွေအတိပုံလျက်နဲ့ အဆင်းကလည်း သူဇာလိုလှပတဲ့ မအေမိနဲ့ ဖူးစာဆုံခဲ့ပါသော်လည်း၊ ဇနီးမဟုတ်သော မယားမို့လို့ ကျွန်တော်ဟာ ခုထိ သူ့ကြောင့် စိတ်အဆင်းရဲကြီး ဆင်းရဲခဲ့ရတယ်။

ကချေသည်လူထွက် လယ်တောသူမပင် ဖြစ်ပေမင့် ကျွန်တော်လက်ရှိဘဝအတွက် ဝတ်မှုံဟာ ပထမတန်းစား ဇနီးသည်ပါပဲ။ ကျွန်တော်လည်း ကိုကိုနိုင်လိုသာ စာဖွဲ့တတ်ရင်တော့

For the love of Tin Aung Tun

She made her love

She made her Home

She made her Culture-

လို့ပဲ ရေးပြချင်ပါတယ်။ ဒီနေရာမှာ အင်္ဂလိပ်လို ရေးပြလို့ ဒေါ်ခင်နှင်းယု ခွင့်ပြုပါ။ ဒီစာတန်းတောင် ကိုကိုနိုင်ရဲ့ ရည်းစားစာထဲက ကူးယူဖော်ပြရတာပါ။

စကားအပြောအဆိုနဲ့ ပတ်သက်လို့လည်း ဝတ်မှုံ ကပြလာခဲ့တဲ့ ရွှေမန်းအောင်ဝင်းဖေဇာတ်မှာ ဇာတ်ဝင်ခန်းစကားတွေ၊ သီချင်းစာသားတွေရေးရတဲ့ ဇာနည်ချစ်ဆွေဟာ အသင်အပြကောင်းတော့ သူ့ဇာတ်ကထွက်တဲ့ ဇာတ်သမတွေ၊ ဇာတ်အဖွဲ့သားတွေဟာ အပြောအဆို ယဉ်ကျေးသိမ်မွေ့လာတယ်လို့ ဝတ်မှုံက ပြောပြဖူးတယ်။ ဒါကြောင့်လည်း ဝတ်မှုံဟာ မွေးနဲ့ စကား

အပေးအယူ အံ့ဝင်ခွင်ကျ ဖြစ်သွားတာပဲ။ ကံကောင်းခြင်း တစ်မျိုးလို့ ဆိုရမယ်။

ကျွန်တော်တို့နှစ်ယောက်ဟာ ဒီလိုနဲ့ပဲ မွှေးရဲ့အိမ်မှာနေဖြစ်သွားပါတယ်။ဘာမှလည်းထွေထွေထူးထူးပြဿနာမရှိလှဘူး။ ကျောင်းသင်္ချိုင်းလို တိတ်ဆိတ်နေတဲ့ အိမ်ကြီးဟာ တစ်ခါတလေ ဧည့်သည်တွေလာမှပဲ အသက်ဝင်လှုပ်ရှားလာတယ်။ မွှေးဟာ အပြင်အပနဲ့ အဆက်အသွယ်မရှိသလောက်ကို နည်းလေတော့ ကျွန်တော်လည်း ကားမောင်းရတဲ့အချိန် နည်းပါတယ်။အားလပ်ချိန်တွေမှာဒုတိယယောက္ခမကြီး အဘဦးစံလယ်တောမှာ သင်ခဲ့တဲ့ ပညာရပ်တွေကြောင့် မွှေးရဲ့ခြံကို ထိပ်တန်းမာလီကြီးတွေလောက် မတော်ပေမင့် သန့်ရှင်း သပ်ရပ်အောင် ကျွန်တော်လုပ်ပေးနိုင်ခဲ့တယ်။

"ဟောဒီ အုတ်ကန်လေးတွေအလယ်မှာ သရက်ထည် ပန်းလေးတွေစိုက်ချင်လို့ မြေဆွပြီး နောက်ချေးချပေးပါ။ ဒီပန်းက ပျိုးရာမှာ အနုစိတ်ရတယ်။ ပျိုးတဲ့ ထင်းရှူးပုံးလေးတွေထဲမှာ မြေမှုန့်ကို ဆန်ခါချပြီးမှ မျိုးစေ့ကို ပျိုးရတာ။ ဒီအသေးစိတ် အလုပ်တွေတော့ မွှေးလုပ်တတ်ပါတယ်။ ကိုဖိုးတာကသာ မြေပြင်ပေးနော်"

မွှေးပဲ သူလုပ်စေချင်တာကို အေးအေးဆေးဆေးပဲ ပြောပြတယ်။

"ကိုကိုနိုင် မဆုံးခင်ကလေ မွှေးရဲ့ခြံဟာ ရာသီလိုက် ဆောင်းတွင်းပန်းတွေ၊ နေကြာတို့၊ ပန်းချဉ်ပေါင်တို့နဲ့ ဝေနေတာပဲ။ တကယ်လှတာ ကိုဖိုးတာရဲ့၊ ကိုကိုနိုင်လည်း ဆုံးရော၊ မွှေးလည်း ပုံလျက် ကျသွားလိုက်တာလေ၊ နာလန်တောင် တော်တော်နဲ့ မထူ နိုင်ဘူး။ ခြံတစ်ခြံလုံး မြက်တောမဖြစ်ရုံတမယ်ပဲ။ အင်း . . . ဟိုကုံ့ကော်ရယ်၊ ပိတောက်ရယ်၊ စကားဝါရယ်ပဲ၊ မွှေးကို သစ္စာရှိတဲ့

ပန်းတွေလို့ ပြောရမယ်။ မပြုပြင်နိုင်လို့ ပစ်ထားတာတောင်မှ ရာသီချိန်ကျ သူ့အလိုလို ပွင့်ရှာကြတယ်”

မွှေးဟာလေ ကျွန်တော် အကြမ်းပေါက်သွားတဲ့မြေကြီးကို သုံးခွ မြေတူးခက်ရင်းနဲ့ ညှိရာက ကံ့ကော်ပင်ဘက်ကို လှမ်းကြည့်ရင်း၊ သူ့အသံဟာ တိမ်ပြီး တုန်တုန်ရီရီ ဖြစ်သွားရော။ အန္တဲ့ . . . ပြောသွားတဲ့ စကားလုံး ၁၀၀ မှာ ၇၅ ရာခိုင်နှုန်းဟာ သူ့ယောကျ်ား ကိုကိုနိုင်အကြောင်း ဖြစ်လိမ့်မယ်၊ ဒါတစ်ခုတော့ သည်းခံနားထောင်နော် ဆိုတဲ့စကားကို ကျွန်တော် သတိရသွားတယ်။

“ဩော် . . . သူကိုယ်တိုင်စိုက်ခဲ့တဲ့ အဲဒီပန်းသုံးမျိုးဟာဖြင့် မွှေးကို သစ္စာရှိပါတယ်၊ အဝေးကို ပစ်ခွာပြေးထွက်ပြီး မသွားဘူးလို့ ကိုကိုနိုင်သာ တမလွန်ဘဝကနေ သိရင် ပန်းလေးတွေကို သိပ်ကျေးဇူးတင်မှာ . . . ကိုဖိုးတာပဲ ဆက်လုပ်တော့နော်” ဆိုပြီး တစ်ခါတည်း မျက်နှာလေးညှိုးပြီး အိမ်ထဲကို ဝင်သွားပြန်ရော၊ ဒေါ်ခင်နှင်းယုရေ”

ဩော် . . . ဒီစိတ်ဝေဒနာကို သူကုစားလို့ မရနိုင်သေးဘူး ထင်ပါရဲ့နော်။

သူပြောတာလည်း ဟုတ်တာပဲ၊ နွေဦးမတိုင်ခင်ကပဲ ကံ့ကော်ပန်းဟာ ကြိုပြီးကိုပွင့်တယ်။ ကျွန်တော်နဲ့ ဝတ်မှုံဟာ အိမ်ဘုရားမှာ တင်ဖို့ ခူးပေးရတယ်။ တစ်ခြံလုံးဟာလည်း ကံ့ကော် ရနံ့နဲ့ မွှေးနေတာပဲ။ အိမ်နီးနားချင်းတွေလည်း ဝေတယ်၊ ရွှေတိဂုံ ဘုရားကြီးကိုလည်း ပွင့်စဦး အကိုင်းလိုက်ကို ချိုင်ပြီး၊ မုခ်လေးဝ အာရုံခံ တန်ဆောင်းတွေမှာ ကျွန်တော်နဲ့ ဝတ်မှုံ သွားလှူရတယ်။ သူကတော့ဖြင့် ကာဝေးဝေး မစီးနိုင်လို့ မလိုက်ဘူး။ စကားပွင့်ချိန် မှာလည်း ဒီလိုပါပဲ။

“မမွှေးတို့မှာတော့ အကုသိုလ် နည်းလိုက်တာ တစ်နေ့

http://www.cherrythitsar.org



တစ်နေ့ ကုသိုလ်ပွားလွန်းလို့ လျှံထွက်နေတာပဲ။ ကိုကြီးတာကျတော့ လည်း၊ အကုသိုလ်မရှိလို့ အကုသိုလ် ရှာတယ်။ ကိုယ့်ပြဿနာ ကိုယ်တက်ပြီး၊ ဒီအရက်ပဲ သောက်နေတာပဲ . . . ဟင်းနော်ဒါပဲ၊ နောက်လမှာ တစ်ပုလင်း လျှော့သောက်ရင်သောက် မသောက်ရင် တော့ မမမွေးကို တိုင်လိုက်မယ်"

ဝတ်မှုံဟာ ညဦးယံ ကျွန်တော့်ကို သောက်တော်ရေ ဆက်ရင်း၊ လက်ညှိုးလေး တထောင်ထောင်နဲ့ ပြောတဲ့အခါ ကျွန်တော့်မှာ ရယ်ရသေးတယ်။

ဒီဆောင်းဦးပေါက်နဲ့ နွေရာသီမှာ အဘ ယာတောကို ပြန်လာမယ် ပြောခဲ့သော်လည်း ဒီမှာလည်း အဆင်ပြေနေတာနဲ့ အဘဆီမပြန်နိုင်သေးကြောင်း ဝတ်မှုံကို စာရေးခိုင်းလိုက်ရတယ်။

ညနေစောင်းရင် မွေးခြံထဲကို ဆင်းဆင်းပြီး လမ်းလျှောက် တယ်။ သူ့လက်ထဲမှာ လက်ဆွဲ ရေဒီယိုလေး အမြဲ ပါလာတတ်တယ်။ ကျွန်တော်တို့လင်မယားကလည်း အားလပ်ချိန်ဆိုတော့ ခြံထဲမှာပဲ ဖင်ထိုင်ခုံလေးတွေနဲ့ ပန်းပင်လေးတွေ ကြားက မြက်ကို ပေါင်းသင် နေတတ်တယ်။ မွေးဟာ တစ်ညနေမှာ သစ်သားခုံလေးတစ်လုံး ကျွန်တော်တို့အနားကို လာချပြီး . . .

"ကဲ . . . ပေါင်းသင်ရင်းရေဒီယိုနားထောင်၊မွေးတော့လေ တခြားသီချင်းတွေသိပ်နားမထောင်ချင်ဘူး၊ခေတ်ဟောင်းနဲ့အနှစ် ၂၀ ခေတ်ပြားတွေပဲ ကြိုက်တာပဲ၊ ကိုဖိုးတာလည်းကြိုက်မှာပဲ၊ ဝတ်မှုံ ကတော့ ခေတ်ဟောင်းသီချင်းကို အရသာခံတတ်မှာ မဟုတ်ဘူး" လို့ ပြောတယ်။

"ဝတ်မှုံက အဆို၊ အကဝါသနာပါတော့ ဘာသီချင်း ဖြစ်ဖြစ် ကြိုက်တာပါပဲ မမရယ်"

"ဟုတ်လား၊ ဒီနေ့ ကြာသပတေးနေ့ဆိုတော့ ၅ နာရီမှာ

ခေတ်ဟောင်းလာမယ်၊ ဒါကြောင့် မွေး၊ ဝတ်မှုံတို့အနား ရေဒီယို လာချထားတယ်”

သူဟာ ကျွန်တော်တို့နဲ့ ခပ်လှမ်းလှမ်းမှာ သူ့ထိုင်ခုံလေးနဲ့ ထိုင်ရင်း တရုတ်စကားပန်းကို ဝါးတံလေးနဲ့သီနေတယ်။ အဲဒီနေ့ ခေတ်ဟောင်း ဓာတ်ပြားခန်းမှာ ခင်မောင်ရင်ရဲ့ ဆိပ်ကမ်းသာ သီချင်းပါလာတယ်။

“ ပိုက်ကြိုးများနဲ့ × တံငါလှေတွေရယ် × ငန်းကိုထောင်ကာ ရေယာဉ်ကြောမှာ × အမြဲမျှော် ပိုက်ကိုချတယ် × ဝမ်းရေး ကိုသာကွယ် × ရှာကြံနေကြတယ် × ငါးတန်ရွှေငကြင်းရယ် ပေါ်များ ကွယ်၊ ဟိုမြစ်လယ် × ငွေလရောင် ပြောင်အလင်း ဝင်းကြည်တယ် × စိတ်မှာလည်း ကြည်နူးဖွယ် × တောတန်းနဲ့ သောင်ကမ်းက သာယာပါ ပေတယ် × လောင်းလှေတွေများရယ် × ကူးခတ်လို့ နေ့တိုင်းပ ထာဝစဉ် ××× အများအားဖြင့် ကွယ်ပျော်ကြတယ် × တို့ကျေးရွာကြီး မြစ်ဆိပ်ကမ်းသာတယ် ××

မွေးကလေ အဲဒီအပိုဒ်ကျတော့ စိတ်ပါလက်ပါ လိုက်ပြီး ဆိုတယ်၊ ခေတ်ဟောင်း ဓာတ်ပြား အပိုင်းပြီးတော့ ရေဒီယိုကို အသံတိုးလိုက်တယ်။

“မွေးဖြင့်လေ ခေတ်ဟောင်း သီချင်းတွေကြားရရင် အနှစ် ၂၀ လောက် အသက်ပြန်ငယ်သွားသလိုပဲ၊ ခင်မောင်ရင်ရဲ့ဆိပ်ကမ်း သာရော၊ တောသားကြီးရော၊ မွေးသိပ်ကြိုက်တာပဲ . . . ကိုဖိုးတာရာ”

“ဟုတ်ကဲ့ . . . ကျွန်တော်လည်း သိပ်ကြိုက်ပါတယ်”

“ဝတ်မှုံတို့ရွာက မြစ်ကမ်းပါးမှာ မဟုတ်ဘူးလား၊ မွေးတို့ သော်ကရွာကဖြင့် ဝါးခယ်မ မြစ်ကမ်းပါးမှာဆိုတော့ ညနေအားလပ် ချိန်ဆို ညီအစ်မကလည်း များများနဲ့ ရေဆင်းတံတားလေးမှာ ခုံတန်းလျားကလည်း ရိုက်ထားတယ်၊ အားရပါးရ သီချင်းဆိုကြ

http://www.cherrythitsar.org



တာပဲ၊ လသာတဲ့ညဆို သာပြီးပျော်သေးတယ်၊ ဝတ်မှုံကော ညီအစ်မတွေမရှိဘူးလား”

“ဝတ်မှုံက တစ်ယောက်တည်းပါ၊ ဒါပေမင့် သာပြီးတော့ တောင် သီချင်းဆိုသေးတယ်၊ တစ်ယောက်တည်း ဆိုနေရ၊ ကနေရရင် ပျော်တာပဲ၊ မမတို့သော်ကရွာလို မဟုတ်ဘူး၊ ဝတ်မှုံတို့ ရွာကမြစ်နဲ့ ဝေးတယ်”

“မွေးတို့ငယ်ငယ်က အပျိုပေါက်စတွေပေမင့် သိပ်လွတ်လပ် တယ်၊ ရန်ကုန်လိုလည်း အန္တရာယ်မများပါဘူး၊ လသာတဲ့ ညဦးဆို မွေးတို့နဲ့ ခြံချင်းကပ်လျက် ယောကျ်ားလေး သူငယ်ချင်းဆိုလည်း အတွတ်တို့လာပြီး သီချင်းဆိုတာပဲ။ သူကတော့ မေရှင်တို့ တင်မောင်တို့ သီချင်းတွေဆို သိပ်ကြိုက်တာပဲ။ အတွတ်ကလေ ပြီးတော့ ဟိုဒင်း ပြည်လှဖေရဲ့ ပန်းမဥ္စူသီချင်းကို ပိုကြိုက်တယ်။ ရွှေငုံးမင်း အမြီးမျှော်သလို၊ ကိုဖိုးတာရော စွဲစွဲမြဲမြဲ ကြိုက်တာရှိလား။

“ဟုတ်ကဲ့ . . . ခေတ်ဟောင်းထဲကတော့မကြိုက်တာမရှိဘူး အားလုံးကြိုက်တာပဲ။ အနှစ် နှစ်ဆယ် ခေတ်ပြားတွေမှာတော့ ကျွန်တော် ဘိုကလေးတင့်အောင်ဆိုတဲ့၊ ပြန်လည်၍ တွေ့ဆုံသည့် တိုင်အောင်ဆိုတဲ့ သီချင်းကို သိပ်ကြိုက်တာပဲ”

“ဟုတ်ပါရဲ့ . . . ဟုတ်ပါရဲ့ . . . သူတို့ညီအစ်ကို သိပ်တော်တယ် နော်၊ အနှစ် ၂၀ ခေတ်ပြားထဲမှာလေ မေရှင်ရဲ့ ချစ်ဘက်သက်လျာ သီချင်းက အလာသိပ်နည်းတာပဲ၊ သီချင်း စားသားရော၊ အလိုက်ရော သိပ်ကောင်းတယ်။ မွေးနဲ့ကိုကိုနိုင်လေ ပန်တပွတ်မှာနေတုန်းက တပ်ရင်းမှူးအိမ်က မြစ်ကမ်းပါးမှာ ရေ့တန်းက ပြန်တဲ့ရက်ဆို သူက စန္ဒရားမရှိတော့ ပျင်းတတ်တယ်။ မွေးကို ယပ်တောင် တစ်ချောင်း ကိုင်လိုက်ခဲ့လို့ ပြောပြီး ရေဆိပ်တံတားမှာ လသာသာအဲဒီဆိပ်ကမ်း သာ သီချင်းဆိုကြရော၊ မအူပင်မြစ်က ညဆိုလရောက်အောက်မှာ

http://www.cherrythitsar.org



သာယာတယ်။ တကယ်လည်း ငါးမြင်းရင်းပိုက်ချတဲ့ တံငါလှေတွေ ရှိတယ်။ ဘာလို့ ယပ်တောင်တစ်ချောင်းစီကိုင်ရလဲသိလား"

မွှေးက သူ့မေးခွန်း သူမေးရင်း ဖြေတယ်။

"ခြင်ကိုက်လွန်းလို့ ဝတ်မှုံရယ်။ အဲဒါ ခြင်ပုတ်ရင်း သီချင်းဆိုရတယ်။ ကိုကိုနိုင်တို့မျှား ပြောမပြချင်ပါဘူး"

ဆိုပြီး မျက်နှာလေးညှိုးသွားပြီး အိမ်ဘက်ဆီ လျှောက်သွားပြန်ရော။

"ကိုကြီးတာ နိဂုံးချုပ်တော့လည်း၊ ဒီဘူတာဆိုက်တာပဲ နော်"

"ဟဲ့. . ဝတ်မှုံကလည်း တိုးတိုးပြောပါဟယ်၊ မမကြားသွားပါ့မယ်။ ငယ်ကပေါင်း အနှစ်တစ်သောင်း မမေ့ကောင်းဆိုတာ မကြားဖူးဘူးလား"

"ဟုတ်ပါတယ်၊ ဝတ်မှုံက ဆရာမ အနွဲ့ပြောခဲ့တာ သတိရလို့ ဦးလေးနိုင်အကြောင်းက စကားလုံး ၁၀၀ မှာ ၇၅ရာခိုင်နှုန်းပါမယ်ဆိုတာလေ"

"ဟုတ်ပါတယ်၊ ဟိုနေ့ကလည်း ကိုကြီးတာကို ပန်းတွေအကြောင်း ပြောရင်းက ကိုကိုနိုင်စိုက်ခဲ့တဲ့ ကံ့ကော်တွေ၊ စကားဝါတွေ၊ ပိတောက်တွေအကြောင်း ရောက်သွားပြီး မျက်ရည်ဝဲဝဲနဲ့ ထသွားပြန်ရော"

"အင်းပေါ့လေ၊ ဝတ်မှုံ အဲဒီလို တမြည့်မြည့် ဆွေးမကျန်ရစ်စေချင်ရင် ကိုကြီးတာ အရက်လျှော့သောက်ပါ"

"သူလည်းပဲ နိဂုံးချုပ်ရင် ဒီအရက်ဘူတာဆိုက်တာပဲ"

"ဆိုက်ရတာပေါ့၊ အရင်တောမှာတုန်းက စည်းမဲ့ကမ်းမဲ့ကို သောက်တာ၊ ခု မမမွှေးအိမ်ရောက်တော့ လျှော့နိုင်သလောက် လျှော့လျှော့သောက်လာတာ ရောဂါကလည်း သက်သာ၊ မျက်နှာလည်း ဘယ်လောက် ကျက်သရေရှိလာသလဲ"

http://www.cherrythitsar.org



"ကျက်သရေ"

"ဟုတ်တယ်လေ၊ လုံးဝမျှား အရက်မသောက်တော့ရင် ဘယ်လောက် အသားအရေကောင်းလိုက်မလဲ၊ အနာရွတ်မကလို့ ဘာရှိရှိ၊ ကျက်သရေဟာ ကျက်သရေပဲ၊ ကိုယ့်လင်တော့ ကိုယ်လှတယ်ထင်တာပဲ၊ တကယ်ပဲနော်၊ ကိုကြီးတာလည်း ငယ်ငယ်က လှမှာပဲ အရက်ဖောဖောနေလို့ ပွစိကြီး ဖြစ်နေတာ"

"ဖြည်းဖြည်းပေါ့ဟယ်၊ ဝတ်မှုံကလည်း တစ်နေ့ပြတ်မှာပေါ့"

"ဖြည်းဖြည်း . . . ဖြည်းဖြည်းနဲ့ ဘယလောက်ကြာပြီလဲ၊ ဝတ်မှုံကလည်း ကိုယ့်လင်ကို သူတော်ကောင်းကြီးပါလို့ကြွားချင်တာ ပေါ့"

"တစ်နေ့တော့ ကြွားရမှာပေါ့ ဝတ်မှုံရယ်၊ ကဲ . . . တို့လည်း လက်စသတ်စို့"

အဲဒီညက ကျွန်တော်လည်း အိပ်ရာဝင်ချိန်မှာ ကျွန်တော့် အသံ ထစ်အဲအဲ အောအောကို ပြန်ပြီး စမ်းကြည့်မိတယ်။သီချင်းဆိုလို့ မရတာ ကြာခဲ့ပြီလေ။ ကျွန်တော်ဆိုကြည့်တဲ့ သီချင်းကတော့ . . .

"ပြန်လည်၍ တွေ့ဆုံသည့်တိုင်အောင် ×
မေတ္တာယှက်ကူး × ပန္နက်ဖူး × သည်မောင်
ဘယ်လိုပဲ × အမြဲရှောင်ပုန်းပေမဲ့
မုန်းလေနဲ့ ထိပ်ခေါင်"

နောက်နေ့မနက် ကျွန်တော် ကားရေဆေးနေတဲ့နေရာကို မွှေးရောက်လာတယ်။

"ကိုဖိုးတာရေ၊ ဖေဖေ့ဆီ သွားရအောင်နော်၊ ပြီးရင် ဆင်ဝင်အောက် လာခဲ့ပေတော့။ ဟော - သူကလေး၊ မွှေးရဲ့ ညီမ အငယ်ဆုံး အထွေး"

ကျွန်တော်ဟာ ရေပိုက်ကိုင်ရင်းတန်းလန်းက မွှေးရဲ့နောက်

http://www.cherrythitsar.org



က အမျိုးသမီးကို လှမ်းကြည့်မိတယ်။ အထွေး . . . အထွေး . . . တကယ့်မိန်းမကြီး ဖြစ်နေပါရော့လား၊ အပြင်မှာဆိုရင်တော့ ကျွန်တော် သူ့ကို လုံးဝမှတ်မိမှာ မဟုတ်ဘူး၊ ငယ်ငယ်တုန်းက သော်ကဘက် ကူးသွားပြီး၊ အတွတ်နဲ့အတူ မွှေးတို့အိမ် သွားလည်ရင်၊ တကတည်း ထဘီလေးခါတောင်းကျိုက်ပြီး၊ သူ့ ဖေဖေနဲ့ ကျီးသား တောက်ထွေခင်း၊ ခွေလှိမ့်နေတဲ့ကောင်းမလေးပေါ့။ သူကလည်း ကျွန်တော့်ကို လုံးဝမှတ်မိပုံမပေါ်ပါဘူး။

"ခု . . . အထွေးက ရန်ကုန်တက္ကသိုလ်မှာ လက်ထောက်ကထိက၊ အထွေး အဲဒီ ကိုဖိုးတာက ဆရာစံဝင်း ပို့လိုက်တာလေ"

"မပြောနဲ့တော့၊ မပြောနဲ့တော့၊ ရန်ကုန်မြို့ အဖြစ်များ ညီအစ်မချင်းတောင် တစ်နှစ်တစ်ခါ ဆုံဖို့ခဲယဉ်းသား ကိုဖိုတာရယ်၊ အထွေးဖြင့် တယ်လီဖုန်းထဲကပဲ မမမွှေး အဲဒီလင်မယားနဲ့ အဆင်ပြေရဲ့လားလို့ပဲ မေးမိတယ်။ အဲဒီနေ့ကလည်းကားသာလွှတ်ရတယ်၊ သူကိုယ်တိုင် မလာနိုင်ဘူး။ မမမွှေးကလည်း အဆင်ပြေတယ်။ သိပ်တော်တဲ့ လင်မယားလို့ ချီးကျူးသံပဲ ကြားနေရတယ်။ အထွေး အမ်အေအတွက် စာတမ်းတင်ရင်တော့ မအားဘူး။ ခု စာမေးပွဲ အောင်မှ အသက်ရှူနိုင်တယ်။ ကျောင်းအလုပ်တွေက များနဲ့ တစ်စက်မှ မအားဘူး၊ သားသုံးယောက် မျောက်သုံးကောင်ကလည်း တစ်မျိုး၊ သမီးတစ်ကောင် နွားတစ်ထောင်ကလည်း တစ်မျိုး၊ သိပ်ကျေးဇူးတင်တာပါပဲ၊ ကိုဖိုးတာရယ် ဝတ်မှုံကလည်း ချစ်စရာလေးနော်"

အထွေးကလေ စကားပြောသံ ဟန်ပန်ကျတော့ ငယ်မူ မပျောက်ဘူး ရွှန်းရွှန်းဝေနေတာဘဲ။

"ခုတောင် ဖေဖေ့ပြဿနာ ပေါ်လာလို့ ပြေးလာရတာ"

"အထွေးတို့က ဆိုက်ကိုလိုတာကိုး ကိစ္စမရှိဘူး၊ ဒီပြဿနာ

http://www.cherrythitsar.org



ပြေလည်စေရမယ်” လို့ မွေးက ပြောပြီး ညီအစ်မနှစ်ယောက်အိမ်ထဲ ဝင်သွားပါရော၊ ကျွန်တော်ကလည်း ကားရေစင်အောင် သုတ်ပြီး ဆင်ဝင်အောက် သွားရပ်ထားလိုက်တယ်။ ညီအစ်မနှစ်ယောက် ဆင်းလာတယ်၊ နောက်ကလည်း ဝတ်မှုံဟာ ဗန္ဓုလစောင် အသစ် စက်စက် ပလပ်စတစ်အပါးလေးနဲ့ ဖုံးထားတာကို ကိုင်လို့ သူတို့ ညီအစ်မလက်ထဲမှာလည်း ဇာခြင်ထောင် အသစ်၊ ပုဆိုး၊ အင်္ကျီတွေ ကို သယ်ပြီး ကားပေါ် တက်လာကြတယ်။

“ကဲ - ကိုဖိုးတာ၊ ဝတ်မှုံလက်ထဲက စောင်ကို ယူလိုက်ပါဦး၊ ဝတ်မှုံရေတို့မျှား၊ ဒီမနက် အထွေးအိမ်မှာ မနက်စာ စားမယ်၊ ဝတ်မှုံ စားနှင့်နေ၊ ကိုဖိုးတာကို မစောင့်နဲ့တော့”

ကျွန်တော်ဟာ အထွေးညွှန်ကြားချက်အတိုင်း ပြည်လမ်း ဘက်ကို မောင်းလာခဲ့တယ်။

“မမမွေးကသာ၊ ငါတစ်ယောက်တည်းနေတာ အေးချမ်း ပါတယ် အထွေးရယ်၊ အန္တရာယ်လည်း မရှိဘူးဆိုပေမင့်၊ မမမွေးရဲ့ ဖေဖေကလေ သူ့သမီးကို ၁၆နှစ် အောက်မေ့နေတာ” ညီအမ နှစ်ယောက် ကားပေါ်မှာ စကားအချီအချ ပြောလာကြတယ်။

“မိဘဆိုတာ ဒီလိုပဲ အထွေးရဲ့”

“တစ်နေ့တစ်နေ့လေ၊ အထွေး မွေးတို့ဆီကို တယ်လီဖုန်း ဆက်ရဲ့လား၊ တစ်လတစ်ခါ ဖေဖေ့ဆီလာပါလို့ပြောပါ၊ သူ့အနားမှာ မောင်မောင်နိုင်လည်း မရှိတော့ဘူး၊ ယောကျ်ားမားမားမတ်မတ် အနေနဲ့ ငါရှိမှ ဖြစ်မယ်၊ မွေးဆီငါပြန်တော့မယ်ဆိုပြီး သေတ္တာပဲ ပြင်နေတာပဲ၊ အထွေးမှာဖြင့် မမမွေး တစ်လတစ်ခါ မလာတာ ကားအဝေးကြီး မစီးနိုင်လို့လို့ ပြောလိုက်ရင်၊ ဟင် . . . သူ့ရောဂါ ဆိုးလာပြန်ပြီလား၊ ဖေဖေ ခုသွားမှ ဖြစ်မယ်လို့ ပြောမှာစိုးလို့ ဒရိုင်ဘာမရှိလို့ မလာတာ ဖေဖေရေလို့ စာရေးပြရတယ်။”

http://www.cherrythitsar.org



"အေးပေါ့ဟယ်၊ အထွေးရယ်၊ သူ့စိတ်တွေဟာ အရင်လောက် မဆိုးတော့ဘူး၊ သိပ်ကို တည်ငြိမ်လာတာပဲ၊ မမမွှေးဟိုတစ်ခါလာတုန်းကလည်း သမီးမျက်နှာတွေဟာ ပွတတဖောတော တောကြီး ဖေဖေမကြိုက်ပါဘူးတဲ့၊ သမီးတို့မေမေငယ်ငယ်က ကျို စားတဲ့ တဖောင်းလက်ပတ်ဆေး ကျိုစားလေတဲ့၊ သမီး မကျိုတတ်ရင် ဖေဖေကိုယ်တိုင် ကျိုပေးမယ်ဆိုလို့ သမီးကျိုတတ်ပါတယ် စားပါ့မယ် ပြောခဲ့ရတယ်"

ညီအစ်မနှစ်ယောက်ဟာ သူတို့ဖေဖေအကြောင်း ကားပေါ်မှာ ပြောလာကြတယ်။ အဖိုးကြီးရှိနေမှန်း ကျွန်တော်လည်း ခုမှပဲ သိတယ်။ ကျွန်တော့် ဖေဖေဆုံးသွားလို့ မွှေးတို့ဖေဖေလည်း ဆုံးသွားပြီ အောက်မေ့နေတာ။ မွှေး မွှေး . . . ကျွန်တော့်နောက်ကောက်ကောက်ပါအောင် မလိုက် . . . နိုင်တဲ့အကြောင်းထဲမှာ သူ့အဖေ စိတ်မနှံ့သူကို အထူးငဲ့တဲ့အကြောင်းလည်း တစ်ကြောင်းပါတယ်။ ညားပြီးမှ အဲဒီအဖေကြီး ဘယ်လို အဖေကြီးပါလိမ့်လို့။ ကျွန်တော်တို့ ဆွေစု၊ မျိုးစုက ဝိုင်းနှိမ်မှာ အထင်သေးမှာကို သူနည်းနည်းမှ မခံနိုင်ဘူး၊ သူ့ဖေဖေကိုသာ အော်ချင်အော်မိတယ်၊ ငေါက်ချင် ငေါက်မယ် တစိမ်းကတော့ သူ့ဖေဖေကို မျက်စောင်းတစ်ချက်ထိုးတာတောင် မကြိုက်နိုင်ဘူးလို့ သူ့ သူငယ်ချင်းဆီက ကျွန်တော် ကြားရတယ်။ အဖေကြီးကလည်း စိတ္တဇဝေဒနာသည်ဆိုတော့ မွှေးအဖို့ သာမန်အဖေကို ပြုစုရတာနဲ့ မတူဘူး၊ စိတ်တိုဒေါသဖြစ်ရတဲ့ အခန်း တွေလည်း ပါလိမ့်မယ်ပေါ့။ ကျွန်တော်ရဲ့ အတွေးကို အထွေး စကားသံက ပြတ်သွားစေပါတယ်။

"အဲဒါလေ၊ အခု ဆန္ဒပြနေတယ်၊ မွှေးဆီကို ငါမပြန်ရရင် ရေလည်းမချိုးဘူး၊ အဝတ်လည်း မလဲဘူး၊ ငါ့သေတ္တာကိုလည်း ဘယ်သူမှ လက်ဖျားနဲ့ မတို့ရဘူးဆိုပြီး သော့ခတ်ထားတယ်။ အိမ်က

http://www.cherrythitsar.org



ဒရိုင်ဘာကိုလည်း မင်းငဲ့ါကို မွှေးရဲ့ အိမ် လိုက်မပို့ရင် ငဲ့ါအခန်းထဲ မဝင်ရဘူးတဲ့၊ တစ်နေ့ရေနှစ်ခါချိုးတဲ့လူဟာ အခုတစ်ပတ်ရှိပြီ။ ရေလည်းမချိုး၊ အဝတ်လည်း မလဲဘူး၊ အဲဒါနဲ့ ကိုကြည်မောင်က အထွေးရေ မဖြစ်တော့ဘူး၊ မမမွှေး အကူအညီတောင်းပါဦး၊ ယောက္ခမကြီးက ဆန္ဒပြနေပြီဟေ့ . . . ဆိုလို့ အထွေးလည်း မမမွှေးဆီ လှမ်းပြီး အကူအညီတောင်းရတော့တာ . . . ”

မွှေးက တဟဲဟဲနဲ့ ရယ်ပြီးမှ ပြောတယ်။

“စိတ်ချ . . . ၊ ဒီပြဿနာ ပြေလည်စေရမယ်၊ တို့သားအဖ နှစ်ယောက်လေ အတူနေရင်လည်း ပူညံပူညံ။ ဒါပေမင့် ငဲ့ါဖေဖေအကြောင်း ငါသိပါတယ်၊ ပြေလည်စေရမယ်၊ သူ့ဆန္ဒ သိပ်ရှိနေရင်လည်း အခုပြန်၊ ဖေဖေ့ကို ထည့်လိုက်ပါလား၊ ကိုဖိုးတာတို့လင်မယား မွှေးအနားမှာ ရှိနေပြီပဲ၊ ဖေဖေ့တာဝန်သူတို့ ယူနိုင်ပါတယ်”

“အမလေး . . . အမလေး၊ မလုပ်ပါနဲ့ မမမွှေးရယ်၊ ကျန်မာလက်စနဲ့ ဆက်ပြီး အားမွေးပါဦး၊ မမမွှေး အခု သိပ်ပြီး အခြေအနေကောင်းလာတာပဲ၊ စိတ်အေးလက်အေးနဲ့ ဆက်ပြီး အနားယူ၊ ဖေဖေ့ဒဏ်က အနားအတူနေမှ သေသေချာချာ သိရတာ။ မမမွှေး ပြန်သွားရင်ဒုက္ခ၊ စိတ်ကိုဖြေပါ မမမွှေးရယ်။ အထွေးကလေ စကားအဖြစ်ပြောနေတာလည်း မဟုတ်ဘူး။ ကိုယ့်အစ်မ ကိုယ်မြှောက်ပြောနေတာလည်း မဟုတ်ဘူး။ မမမွှေးအဖို့ မိဘအပေါ် ညီမအပေါ် သားချင်း ဆွေမျိုးတွေအပေါ်၊ ပတ်ဝန်းကျင်အပေါ်မှာ တာဝန်တွေကျေခဲ့ပါပြီ၊ ငါဟာဖြင့် လူ့ဘဝမှာ တာဝန်အကျေဆုံး သူတစ်ယောက်အနေနဲ့ စိတ်ချလက်ချ နားတော့၊ အထွေးအနေနဲ့ ဖေဖေ့တာဝန်ကို မမမွှေး မပြောတောင် အလိုက်သိစွာနဲ့ ပခုံးပြောင်းယူရမှာ၊ ခုကြည့်မိဘကို ပြုစုတာများ ဘဝမပြောင်းဘူး၊ ဒိဋ္ဌဓမ္မ အကျိုးပေးတယ်။

အထွေး ဖေဖေ့ကို အိမ်မှာပြောင်းခေါ် ပြုစုကတည်းက တွေ့လား၊ ရာထူးလည်းတက်၊ စာမေးပွဲလည်းအောင် . . . အထွေး စိတ်ချမ်းသာပါတယ် မမမွေးရယ်"

"သာဓုပါပဲ . . . ညီမလေးရယ်"

"မမမွေးကို ပြောရဦးမယ်၊ ကိုယ့်အဖေရဲ့ ခေါင်းမာပုံတွေဖွဲ့တွေ သိတယ်မို့လား၊ အိမ်ရှေ့ သစ်ပုံကြီးနောက်ဖေးရောက်အောင် တစ်ယောက်တည်း ရွှေ့တယ်လေ၊ သစ်ပုံကြီးကတော့ ပြောင်းပြီးပါရဲ့၊ ချော်လဲလို့ လမ်းကောင်းကောင်း လျှောက်မရဘူး"

"အေး . . . အဲဒီလို ဇွတ်လုပ်တာတွေရှိတယ်။ အသက်ရှစ်ဆယ်ကျော်နေပြီတဲ့၊ နည်းနည်းမှ အလျှော့မပေးချင်ဘူး"

"မမမွေးတို့သားအဖ အတူတူပဲ၊ အတူတူပဲ၊ ဟော. . . ဟောကိုဖိုးတာရေ စကားကောင်းလိုက်ကြတာ ရှေ့နားကျ ဖြည်းဖြည်းမောင်း၊ ညာဘက်က မြေနီလမ်းလေးကို ကွေ့လိုက်"

ကျွန်တော်ဟာ အထွေးပြောတဲ့အတိုင်း ကားကို မြေနီလမ်းထဲ ကွေ့ပြီး ပထမဆုံးတွေ့တဲ့ ခြံဝင်းထဲမှာ ဝင်ပြီး ရပ်လိုက်တယ်။ အိမ်ကလေးက တစ်ထပ်တိုက် သပ်သပ်ရပ်ရပ်လေးပါပဲ။

"ကဲ . . . ကိုဖိုးတာ ဒီဗန္ဒုလစောင်ကြီး သယ်ခဲ့ပါဦး"

ကျွန်တော်ဟာစောင်ကိုသယ်ပြီးသူတို့ညီအစ်မနောက်ကို လိုက်သွားတယ်။ ဧည့်ခန်းထဲလည်း ရောက်ရော . . .

"ဟော. . . သမီး. . . သမီး. . . မွေးရောက်လာပြီ၊ဖေဖေသွားချင်တာ သူတို့က လိုက်မပို့ဘူး သမီးရယ်" မွေးဟာလေ သူ့အဖေကြီးထိုင်နေတဲ့ ပက်လက်ကုလားထိုင်ရှေ့မှာ ထိုင်ချလိုက်တယ်ဆို အမလေး သူ့သမီးကို အရုပ်ကလေးတစ်ခုကို ကိုင်ကြည့်သလိုပဲ၊ လက်မောင်းကို ဆုပ်၊ နဖူးစမ်း၊ ခေါင်းကို သပ်နဲ့ယုယနေလိုက်တာ။

"အဲ . . . ဒီမျက်နှာမျိုးမှ ဖေဖေက ကြိုက်တာ၊ ဖောတော

တော မဟုတ်ဘူး ကိုယ်ရေစစ်လို့ ဒီတဇောင်းလက်ပတ်ဆေးက သမီးတို့ ငယ်ငယ်ကတည်းကသုံးတဲ့ မီးယပ်ဆေး၊ မိန်းမနဲ့ အလွန်သင့်တာ"

မွှေးက ခေါင်းညိတ်ပြရင်း ကျွန်တော့်ဘက်လှည့်ပြီး ကိုဖိုးတာ ဒီမှာပဲ နေပါဦးနော်။ ကိစ္စမပြီးသေးဘူး။ ဒါက မွှေးတို့ ဖေဖေလေ . . . တဲ့၊ မွှေးစကားကြောင့် ကျွန်တော်ဟာ ဧည့်ခန်း ကုလားထိုင်တစ်လုံးပေါ် ထိုင်ရင်း ကြည့်နေရတယ်။ မွှေးဟာ သူ့လက်ပွေ့အိတ်ထဲက စာရွက်နဲ့ခဲတံယူပြီး စာရေးတယ်ခင်ဗျ။ ရေးပြီး သူ့အဖေကို ပြလိုက်တယ်၊ အဖိုးကြီးက ခုနစ်သံနဲ့ကို အော်ဖတ်နေတယ်ဗျ။

"သမီးကို ဗေဒင်ဆရာတစ်ယောက်က ဟောတယ်၊ တနင်္လာ သမီး ကျန်းမာစေချင်ရင်၊ ယတြချေရမယ်တဲ့၊ စနေသားကို မွေ့ယာခင်း အသစ်၊ ခြင်ထောင်အသစ်၊ စောင်အသစ်လဲပေး၊ အဝတ်အစားသစ်လဲ၊ ကိုယ်တိုင် ဝတ်ပေးရမယ်တဲ့၊ စနေသားက အဲဒီအိပ်ရာပေါ်မှ တစ်လတိတိအိပ်ပြီး မေတ္တာပို့မှ တနင်္လာသမီး ရောဂါ ကွင်းလုံးကျွတ်ပြီး ကျန်းမာမှာတဲ့" အဘိုးကြီးဟာ စာဖတ်ပြီး "ဟေ ဟုတ်လား၊ အို . . . ဒီလိုဆို ဖေဖေ လုပ်မှာပေါ့" လို့ အကျယ်ကြီး အော်ပြန်တယ်။

"ကဲ . . . အထွေးရေ၊ မောင်ကြည်မောင်ရင်၊ လာကြဟေ့ . . .၊ မမမွှေးရဲ့ ဆိုက်ကို၊ ဒီတခါအောင်မြင်သွားပြီ"

မွှေးက ဝမ်းသာအားရ အော်ပြောလိုက်တယ်။ အထွေးတို့ လင်မယားရော၊ ဒရိုင်ဘာရော ပြေးဝင်လာကြတယ်။

"ကဲ . . . ကိုဖိုးတာဆီက စောင်ကို အထွေးယူပြီး ဖေဖေ့ အိပ်ရာ အကုန်အသစ်ပြင်ဟေ့" သူ့ဖေဖေကို ဧည့်ခန်းမှာပဲ ရေဝတ်တိုက်၊ ကျွန်တော့်အကူအညီနဲ့ အဝတ်သစ်၊ အစားသစ်တွေ

http://www.cherrythitsar.org



လဲပေးတယ်၊ မတော်ရတဲ့ ယောက္ခမကြီးကို ပြုစုနေရပါပကော၊ ကျွန်တော်ရင်ထဲမှာ ကြည်နူးမိပါတယ်။ အဖိုးကြီးက အရွယ်နဲ့ မလိုက်ဘူး၊ အသားအရေ ဖြူဖြူအိအိ၊ စိုစိုပြည်ပြည်ကြီး။ သူ့သမီး ပြုစုတာကို ငြိမ်ငြိမ်သက်သက်ခံရင်းက လှမ်းမေးတယ်”

“သမီးအနားမှာ ဘယ်သူရှိလဲ”

“သူတို့လင်မယားရှိတယ်” မွေးက ခြေဟန် လက်ဟန်နဲ့ အော်ပြောပြီး ကျွန်တော်ကို လက်ညှိုးထိုးပြတယ်။

“အေး. . . အေး. . . ဖေဖေ့ဆီ အနည်းဆုံးတစ်လ တစ်ခေါက် မျက်နှာလာပြပါ၊ စိတ်ချမ်းသာအောင်နေ၊ ဖေဖေဖြင့်လေ မရဏ မေဘဝိဿတိ၊ သေခြင်းလျှင် အဆုံးရှိ၏လို့ မနက်တိုင်း မရဏ နုဿတိကမ္မဋ္ဌာန်းကို စီးဖြန်းတယ်။ မောင်မောင်နိုင်အတွက်တော့ ပူမနေနဲ့တော့၊ ဒီသေမင်းဆိုသူက သူ့ကို စစ်ဖက်ပြိုင်တိုက်လို့ အနိုင် လည်း မရဘူး၊ လက်ကမ်းပြီး၊ မိတ်ဆွေဖွဲ့ပါရစေလို့လည်း မိတ်ဖွဲ့လို့ ရတဲ့သူမျိုးမဟုတ်ဘူး . . . စိတ်ဖြေပါသမီးရယ်။ ဟေး . . . မင်းတို့ ငါ့သမီး အနား ရှိတယ်နော်”လို့ အော်မေးလိုက်တော့ ကျွန်တော် လည်း လန့်ဖျပ်ပြီး ခေါင်းညိတ်လိုက်ရတယ်။ သူ့ကိုယ်ကြီး က ဝတော့ ကျွန်တော်ရယ်၊ မွေးရယ် တစ်ဖက်စီ တွဲရုံတင်မက အထွေးတို့ ဇနီးမောင်နှံပါ ကူးပြီးတွဲရင်း သူ့အိပ်ခန်းထဲမှာ သိပ်ထားရတယ်။

“သာဓု . . . သာဓု . . . သာဓု၊ တနင်္လာသမီးလေး ကျန်းမာ ပါစေ၊ မြန်မြန်ကျန်းမာပါစေ” သူ့သမီးလေးကိုလည်း သူမေတ္တာပို့ ဆုတောင်းတယ်လေ။ မွေးက ဖေဖေကြီးကို ကျုံ့ကျုံ့ထိုင် ကန်တော့ တော့ ကျွန်တော်လည်း မွေးနောက်က ထိုင်ပြီး ကန်တော့ရသေး တယ်။ ဩော် . . . ကျွန်တော့်အဖြစ်၊ ကျွန်တော့်အဖြစ် ဒီလိုများ ဖြစ်လာလိမ့်မယ်လို့ ဘယ်တုန်းကမှ မတွေးမိဘူး။

http://www.cherrythitsar.org



နံနက်စာ စားပြီး နေ့လယ်လောက်မှ အထွေးတို့ အိမ်က ပြန်လာခဲ့တယ်။ အပြန်လမ်းမှာ နှစ်ယောက်တည်းပေါ့၊ ကျွန်တော့် ရင်ထဲ လှုပ်ရှားလိုက်တာလေ။ စိတ်ထဲမှာ အချစ်ရယ်လို့ ခေါ်ပြီးတော့ ကျွန်တော့်အဖြစ်မှန်ကို ဖွင့်ပြောလိုက်ချင်တယ်။ မွှေးကသာ စကား စမပြောရင် ကျွန်တော်ဟာ စိတ်ကို ထိန်းမရဘဲ တစ်ခုခု ပြောမိမယ်ထင်တယ်။ သူက စကား စပေးလိုက်သလိုပေါ့။

"ကိုဖိုးတာရယ် မွှေးသာ ကျန်းမာရေး ဆက်ကောင်းလာရင် ဖေဖေ့ကို မွှေးနဲ့အတူ ပြန်ခေါ်ထားချင်တယ်။ ကိုဖိုးတာတို့လည်း ရှိနေသားပဲ။ ဒါပေမင့် အထွေးက ပြန်မပို့ချင်တော့ဘူး။ ကိုကိုနိုင် မဆုံးခင်ကတည်းက သူတို့ဖေဖေကို လာခေါ်သွားတာ။ မွှေးနဲ့ဖေဖေ က တစ်ခါမှ ခွဲဖူးတာမဟုတ်ဘူး။ မွှေးရောဂါကလည်း ကိုယ့်ကိုယ် ကိုမသိ၊ ဆရာဝန်ကြီးတွေကလည်း အထွေးတို့ကိုရော၊ ကိုကိုနိုင် ကိုရော မွှေးတော့ တဖြည်းဖြည်း သေလိမ့်မယ် ပြောထားတာ၊ သူတို့ကလည်း မွှေးကို စိုးရိမ်တကြီးနဲ့ အသိမပေးဘဲ ပြုစုနေကြချိန်မှာ ကိုကိုနိုင်က ပိုစိုးပက်စက် ဖျတ်ခနဲ သေရတယ်ကိုဖိုးတာရယ်။ လောကကြီးမှာ ဘာမှ ကြိုတင်မျှော်မှန်းထားလို့ မဖြစ်ပါလား။ မထင်ဘဲနဲ့လည်း ဖြစ်လာရတယ်နော်။ ကြောက်စရာကြီး . . . ကိုဖိုတာမှာရော မိဘတွေ ရှိသေလား"

"ဆုံးသွားကြပါပြီခင်ဗျာ"

"ဩော် . . . ဟုတ်လား၊ ပြုစုကျွေးမွေးချိန် ရလိုက်ရဲ့လား၊ လူမှာလည်း ကံပါသေးတယ်နော်၊ မိဘကို ကျွေးမွေးပြုစုချင်တယ် ဆိုတောင် မိဘက ငယ်ငယ်တုန်းကဆုံးသွားနှင့်တော့ မပြုစုရဘူး ဘယ်လောက်ဝမ်းနည်းဖို့ကောင်းလဲ။ ဒါကြောင့် မွှေးတော့လေ၊ နီးစပ်သမျှကို အမြဲတိုက်တွန်းတယ်။ အသက်ရှင်ဆဲမိဘကို ငွေရာ ထောင်ချီပြီး ပေးဖို့ ကမ်းဖို့ မဟုတ်ပါဘူး၊ အနည်းဆုံး တစ်လတစ်ခါ

စားဦးစာဖျား ဟင်းတစ်ခွက်တော့ ရောက်အောင် ပို့လို့.”

“ဟုတ်ကဲ့ . . . ကျွန်တော် မိဘတွေကို ပြုစုချိန် ရလိုက်ပါတယ်”

“သိပ်ကံကောင်းတာပေ့ါ၊ ဝတ်မှုံရဲ့ ဖေဖေ ယောက္ခမကြီး အဘဦးစံကိုလည်း ပစ်ထားလို့ မဖြစ်သေးဘူးနော်။ ခုထက် အိုမင်းသွားလို့၊ သူ့ယာတောကို သူဦးမစီးနိုင်တော့တဲ့ အချိန် ရောက်ရင် ကိုဖိုးတာတို့နှစ်ယောက်လည်း မွေးကိုခွဲပြီး ယာတောကို ပြန်ရမှာပါ။ အဲဒီအချိန်ကိုလည်း မွေးကြိုတင်တွက်ပြီးပြီ။ မွေးဘယ်သူနဲ့မှ လိုက်မနေဘူး။ ဒီအိမ်ကြီးကို မက်လွန်းလို့ မဟုတ်ပါဘူး။ ကိုဖိုးတာအနေနဲ့ မိဘမရှိလဲ ယောက္ခမကို ရှိသေရင် ဆင်းရဲတောင် ပြောင်ပြောင်ရောင်ရောင် နဲ့ သူတကာထက်တော့ အေးအေးချမ်းချမ်းနေရတတ်တယ်”

“ဟုတ်ကဲ့ . . . ကျွန်တော့် မိဘတွေကို ပြုစုတဲ့ကုသိုလ် အဘဦးစံကို စောင့်ရှောက်ခဲ့တဲ့ ကုသိုလ်ကြောင့် ကျွန်တော်တို့ လင်မယား မမအိမ်ရိပ်မှာ စိတ်ချမ်းချမ်းသာသာနဲ့ နေရတယ်လို့ ကျွန်တော် ထင်ပါတယ်။ အခုလည်း အထွေးက ခွင့်မပြုလို့ပါ။ မမသာ စိတ်ချမ်းသာ မယ်ဆိုရင် မမရဲ့ ဖေဖေကြီးကို ပြန်ခေါ်ထားပါ။ ကျွန်တော် ဘဘကြီး ဝေယျာဝစ္စကို လုပ်နိုင်ပါတယ်။ဝတ်မှုံကလည်း မမကို ချစ်နေတော့ သူပစ်ပြီး မသွားပါဘူး”

အဲဒီ စကားလုံးတွေကလေ ကျွန်တော့်ပါးစပ်က ထွက်တဲ့ စကားလုံးတွေ၊ တကယ်ရင်ထဲမှာ ရှိတဲ့ မျိုချလိုက်ရတဲ့ စကားလုံး တွေကတော့ အဓိပ္ပာယ်ထူး စကားလုံးကွဲ ဆိုပါတော့။

“အချစ်အပေါ်မှာ မောင်ပြုခဲ့တဲ့၊ ဆိုးပြစ်တွေ ကျေအောင် မောင်လေ၊ အချစ်အပါးက တစ်ဖဝါးမခွာဘဲ၊ အချစ်ကို ပြုစုချင်ပါ တယ် အချစ်ရယ်၊ ပါးပေါ်မှာ စိမ့်လာတဲ့ အချစ်ရဲ့ မျက်ရည်တွေကို လက်တစ်ဖက်နဲ့သုတ်ပြီး အချစ်ကို ကျွေးမွေးရမယ့် ကျန်းမာရေး

http://www.cherrythitsar.org



အတွက် အစာတွေကို မောင်ကျန်တဲ့ လက်တစ်ဖက်နဲ့ ကျွေးချင်ပါတယ်။ မောင့်ကို ခွင့်ပြုပါ”လို့။

ပြောချင်ပါတယ်၊ ဒေါ်ခင်နှင်းယုရယ်၊ အမှန်ပါ ဤမှန်သော သစ္စာစကားကြောင့် လက်ရှိခံစားနေရတဲ့ ဝဋ်ဆင်းရဲက ကောင်းသော လွတ်ခြင်းနဲ့ အမြန်ဆုံးလွတ်ရပါလို၏။

ကျွန်တော့်အလုပ်ဟာ ကျွန်တော် ဆုတောင်းအတိုင်း အေးချမ်းပါတယ်။ ကားမောင်း အားလပ်ချိန် ညနေစောင်းမှာ ခြံထဲမှာ ပေါင်းသင်၊ မွေးညွှန်ပြသလို ပန်းပင်တွေ စိုက်ပေါ့။

နေ့တိုင်းတော့ ခြံတံခါးက အိမ်စာတိုက်ပုံး နီနီထဲမှာ တစ်နေ့လုံး မွေးဆီ ရောက်လာသမျှ စာတွေယူရတယ်။ မွေးက ဖောက်ဖတ်ပြီး သူဆောင်ရွက်စေချင်တာ သူခိုင်းသမျှ ကျွန်တော် စောင့်လုပ်ရတယ်။

တစ်ခါတလေတော့လည်း ကိုကိုနိုင်ဆုံးကတည်းက မရှင်းလင်းရသေးတဲ့ စာရွက်စာတမ်း၊ သတင်းစာ၊ ဂျာနယ် အဟောင်းတွေကို ဝတ်မှုံနဲ့အတူ ရှင်းလင်းပေးရတယ်။ ဝတ်မှုံကတော့ အိမ်စေမိန်းကလေးတွေ ထုံးစံအတိုင်း သတင်းစာ အဟောင်း၊ ဂျာနယ်အဟောင်း၊ မဂ္ဂဇင်း အဟောင်းတွေကို တစ်ခါတည်း ချိန်ရောင်းတာဘဲ။ မွေးက သူလိုချင်တဲ့ တချို့ဂျာနယ်တွေ ကျရင်တော့ ပြန်စုပြီး သိမ်းတတ်တယ်။

“ကိုဖိုးတာက သတင်းစုံ ဂျာနယ်အဟောင်းတွေကို ပြန်ရှာကြည့်နော်။ မစံပယ်နဲ့ကိုထင်ရှုးဆိုတဲ့ ဝတ္ထုတိုလေးပါတဲ့ ဂျာနယ်တွေရင် မွေးကိုပေးနော်၊ ကုလားတွေ ရောင်းတဲ့အထဲ ထည့်မရောင်းလိုက်နဲ့”

ကျွန်တော်မှာလေ အဲဒီ ဝတ္ထုတိုလေးကို ရှာရတာအမော။ သူပြောတဲ့အတိုင်း ရှာတွေ့တယ်၊ သူအဲဒီတုန်းက ကလောင်နာမည်

http://www.cherrythitsar.org



ကို မသုံးဘူး။ မွေးလိုဘဲ ရေးသူနာမည်ကို တတ်ထားတယ်။ မွေးလက်ထဲ မထည့်ခင် ဒီဂျာနယ်ထဲက ဝတ္ထုတိုလေးကို ဖတ်ကြည့်ရသေးတယ်။

ဝတ္ထုတိုလေး သဘော အတိုချုပ်ကတော့ စံပယ်ပင်လေးရဲ့ ခံစားမှုပါပဲ၊ စံပယ်ပင်လေးတပင်ဟာထင်ရှူးပင်လေးတစ်ပင်နဲ့အတူ အဖွားအိုကြီး တစ်ယောက်ရဲ့ ခြံကို ရောက်လာတယ်တဲ့။ စံပယ်ပင်လေးဟာ ၁၂ ရာသီ စံပယ်ဖြစ်တော့ မိုးကျကတည်းက စတင်ပြီး ၁၂ ရာသီ မပြတ်ပွင့်တယ်။ ပွင့်သမျှ ပန်းပွင့်လေးတွေကို အဖွားကြီး ကခူးပြီး တချို့လဲ ဘုရားတင်တယ်၊ သီကုံးပြီးတော့လဲ မိန်းကလေး တွေက ခေါင်းမှာ အလှဆင်တယ်ပေါ့။ သူ့ရင်မှခွဲထွက်သွားတဲ့၊ ပွားသွားတဲ့ စံပယ်မျိုးစဉ်ဆွေဆက်ဟာဖြင့် အားလုံးကို ဒီလို ကြည်နူး နှစ်သိမ့်အောင် အစွမ်းရှိတယ်၊ စွမ်းဆောင်ပေးတယ်လို့ သိရလို့ စံပယ်ဟာ ဝမ်းသာလို့ မဆုံးနိုင်ဘူးတဲ့။

"မစံပယ်ရေ . . . သွားလိုက်ဦးမယ်၊ ကိုယ့်ကိုခွင့်လွှတ်ပါဦး" ဆိုတဲ့ နှုတ်ခွန်းဆက်သံတစ်ခုကို ကြားလိုက်တယ်။ ဘယ်သူ့အသံလဲ ဆိုတော့ သူရဲ့ချစ်သူကို ထင်ရှူးသံပါပဲတဲ့၊ တစ်နေ့တခြား မြင့်မားတဲ့ ကောင်းကင်ကို တလွင့်လွင့်တက်သွားတဲ့၊ ကိုထင်ရှူးကိုဖြင့် လည်တမော့မော့နဲ့ လသာသော ညများမှာ မော်ကြည့်ရတာ မစံပယ် လည်တိုင် ကျိုးမတတ်ပါဘဲ။ ကောင်းကင်လေကို ရှူရှိုက်ပြီး၊ ကြယ်များနှင့်အတူ ပြေးလွှားသွားသလိုပ၊ တွေ့လိုက်ရဲ့၊ ကျယ်ပြန့်တဲ့ ရေပြင်ပြာမှာ လမင်းကို ငွေလှေလုပ်လို့ တိမ်သားပြင်ကို ရွက်လွှင့်လို့လည်း ဘရဏီသူဇာနဲ့ ပျားရည်ဆမ်းခရီးပျော် ထွက်ကြတာကို လည်း မြင်တွေ့လိုက်သလိုရှိပါရဲ့တဲ့။

မိုးဦးရဲ့ ညနေစောင်းမှာလည်း သက်တံကုန်းလေးပေါ်မှာ စီးလျှောစီးသွားတဲ့ ကိုထင်ရှူးပုံသဏ္ဍာန်ကို မစံပယ်ဟာ

http://www.cherrythitsar.org



ဝိုးတဝါးတွေ့ လိုက်ပါရဲ့။

မြေပြင်ပျော် မစံပယ်မှာတော့ တဖြေးဖြေး ဆွေဆက်မျိုးပွား လို့၊ အဘွားရဲ့ တစ်ခြံလုံး စံပယ်ရနံ့တွေသင်းလို့တဲ့၊ မစံပယ်ဟာ အထူး သဖြင့် လဝန်းတိတိပြည့်ရင် . . .

"ဘယ်တော့မှ ပြန်လာမှာလဲ ကောင်းကင်ပျော်ကြီးရယ်" လို့ ရေရွတ်မိတယ်။ ဘရဏီနက္ခတ်ကို စောင့်တဲ့ နတ်သမီးကို ခွဲထား ခဲ့ပြီး၊ လနတ်သူဇာခင်ရဲ့ ရင်ခွင်မှာများ ဆက်လက်ပျော်ပါးနေဦး မှာလား၊ မစံပယ် ရွက်ဟောင်းတွေ ခြွေခြွေရစ်ပြီး၊ အရိုးပြိုင်းပြိုင်း ကိုင်းခက်တွေကို အသစ်လဲလို့ တစောင့်စောင့်မျှော်နေရတယ်၊ ဆောင်းနွေရက်တွေလည်း ကုန်ပါပြီ။

"အို . . . ဘုရား . . . ဘုရား"

ဆောင်းနှောင်းလို့ နွေဦးပေါက်၊ တစ်နွေရက်မှာဖြင့် မြေပြင် မှာ ဘုံးဘုံးလဲကျနေတဲ့၊ ချစ်သူမောင့်ကို မရှုမလှတွေ့ရပါပကော၊ မစံပယ်မကြည့်ရဲလို့ မျက်လုံးလေးတွေမှိတ်ထားရတယ်။ သူ့ကို . . . သူ့ကို . . . အပိုင်းပိုင်း ခုတ်ဖြတ်တဲ့ လွှတိုက်သံ၊ ပုဆိန်သံတွေကိုပဲ ကြားရတယ်။ နောက်ဆုံး ကြားရတဲ့အသံကတော့ . . .

"ခြကလွဲလို့ မင်းကို ကြိုက်တဲ့လူမရှိဘူး" တဲ့။ လူတစ်စု အသံကိုသာ မစံပယ်ကြားလိုက်ရတယ်၊ အတိုချုပ်လိုက်တော့ သူ့ဝတ္ထုတိုလေးဟာ ဒါပါပဲ။

"ဝတ်မှုံ ငိုချင်လိုက်တာ"

ကျွန်တော့်လိုပဲ စိတ်ဝင်တစားနဲ့ ကျွန်တော့်အပါးမှာ မစံပယ်နဲ့ ကိုထင်ရှူး ဝတ္ထုတိုကိုဖတ်နေတဲ့ ဝတ်မှုံဟာ သက်ပြင်း လေးချပြီး ပြောလိုက်တယ်။

"မမဟာ၊ အဲဒီတုန်းက စာရေးဆရာမလား၊ မသိဘူးနော်"

"ဟုတ်မှာပေါ့၊ ဒီဂျာနယ်ထွက်တာ ကြာပြီပဲ၊ ဒီမှာ ရက်စွဲ

ကြည့်ပါလား။ ၁၉၄၈ ခုနှစ်ဆိုတော့ အနှစ် ၃၀ ပြည့်ဖို့ သုံးနှစ်ဘဲ လိုတော့တယ်” ကဲ. . . သူလိုချင်တာ ရှာခိုင်းတဲ့ ဝတ္ထုတိုတွေ့ပြီ၊ ဝတ်မှုံ မမပြန်လာရင် ဖတ်ဖို့ သူ့စာကြည့် စာပွဲပေါ်တင်ထားလိုက်” လို့ ကျွန်တော် ဝတ်မှုံကို ပြောပြီး ပေးလိုက်တယ်။

မွှေးဟာ . . . အဲဒီနေ့က သူ့မိတ်ဆွေ ကားနဲ့ သူငယ်ချင်းမ တစ်ယောက်ရဲ့သမီး မင်္ဂလာဆောင်ကို သွားတယ်။ ကျွန်တော်မှာ စာအုပ်ဟောင်းတွေကို ဆက်ရှင်းရင် စိတ်မကောင်းဖြစ်နေတယ်။ ဝတ်မှုံကတော့ ဘာမှ မသိရှာဘူး။ ကျွန်တော့မှာတော့ မွှေးဒီတုန်းက ခံစားရချက်ကို ခု အသိနဲ့သိပြီး ပြန်တွေးရင် စိတ်မကောင်းဘူး။

“ရာသီကိုလည်း မဖွဲ့ချင်တယ် × တောတောင် ရေမြေ၊
အထွေထွေကိုလည်း မဖွဲ့ချင် မနွဲ့ချင် × အဓိပ္ပာယ်တော့
ခပ်လွယ်လွယ် × မောင့်ကိုသာ တိုက်ရိုက် ရည်ရွယ်၊
တေးတေး၊ တေးကဗျာကိုကွယ် × ရေး ရေး၊
ရေးကာဆိုမယ် ×တေးသံကို ကြားရုံမျှနဲ့ ဘယ်သူက၊
ဘယ်သူ့ကို ရည်ရွယ် × သူကတော့ နားလည် ×
နားလည် × ချည်နှောင်ခဲ့ကြတဲ့ ချစ်ကြိုးသွယ်”

ဆိုတဲ့ သီချင်းလေးလိုပါပဲ။ မွှေး ဒီတုန်းက ဘာကို ဆိုလိုတယ်။ ဘယ်သူ့ကို ဆိုလိုတယ်ဆိုတာ၊ ကျွန်တော်သိသပေ့ါ၊ သိသမှ သိပ်သိ ပေ့ါလို့ အော်လိုက်ချင်တယ်။ ဖြေရှင်းပြောပြရမယ့်၊ တစ်ချိန်လေး ကိုလည်းရောက်စေချင်တယ်၊ ဒေါ်ခင်နှင်းယုရယ်။ ပြောပြချင်တာ ကတော့

“မစံပယ်ရယ်၊ မင်းချစ်သူ ကိုထင်ရှူးဟာဖြင့်၊ တစ်ချိန်က ကောင်းကင်ပျော် ဘရဏီနက္ခတ် သူဇာရဲ့ ရင်ငွေ့ခိုလှုံခဲ့မိတာ အမှန်ပါပဲ။ နောက်တော့မြေမှာ ဘုံးဘုံးလဲလို့၊ ခြလောက်သာ ကြိုက်တဲ့၊ သစ်စာရင်းဝင်ဖြစ်ခဲ့ပေမင့်၊ ခုလို သစ်မာတွေ ရှားပါးချိန်

http://www.cherrythitsar.org



မှာ၊ ငထင်းရှူးရဲ့ အသားကိုပဲ၊ စက်နဲ့ခွဲလို့ ဆင်းရဲသူတွေရဲ့ တဲအိမ်မှာ အောက်ခင်းကြမ်းပြင်အဖြစ်ရော၊ ပြည်သူတွေလိုတဲ့ ပစ္စည်းကို အလွယ်တကူ၊ ပို့ဆောင်ဖို့ ထင်ရှူးပုံအဖြစ်ရော အသုံးတော်ခံနေပါတယ်” လို့ ပြောချင်တယ်၊ ပြောချင်တယ်။ လွတ်လပ်စွာ ပြောပိုင်ခွင့် လွတ်လပ်စွာနှစ်ကိုယ်တွေ့ ပိုင်ခွင့်ကိုဖြင့် ဘယ်သောအခါ ရပ့ါမလဲ။

အလုပ်ကို ဆက်လုပ်၊ အလုပ်ကို ဆက်လုပ်ဆိုပြီး၊ ကျန်တဲ့ စာရွက်စာတမ်းတွေကို ဆက်ရှင်းရင်းနဲ့စိတ်ကို ကုစားလိုက်ရတယ်။ အချိန်တွေကို ကုန်လွန်စေခဲ့ရတယ်။

၃-၄ ရက်တော့ ဝတ်မှုံက . . .

“ကိုကြီးတာ၊ ဝတ်မှုံနဲ့ လိုက်ခဲ့ပါဦး” တဲ့

“ဘယ်ကိုလဲ” မေးတော့၊ စာဖတ်ခန်းထဲကိုတဲ့၊ ဝတ်မှုံခေါ်လို့ ဘာများလဲ အောက်မေ့တယ်၊ မွှေးရေးထားတဲ့ လက်ရေး စာမူ စာရွက်တချို့ကို ပြတယ်။

“မမမွှေးလည်း စာရေးဆရာများ လုပ်မလို့လား မသိဘူး” တဲ့

“နင့်မမလာမှ၊ ခွင့်တောင်းဖတ်လေ၊ တော်ကြာ တို့များကို သူစာတွေ ခိုးဖတ်တဲ့သူလို့ ဒါလေးတစ်ခုကြောင့်နဲ့ အထင်လွဲခံနေရဦးမယ်”

ကျွန်တော်တို့စကားပြောနေတုန်း၊ အိမ်ရှေ့က ဧည့်သည် ခေါင်းလောင်းသံကြားလို့၊ နှစ်ယောက်သား ထွက်ကြည့်ကြတယ်။ ဧည့်သည်ဟုတ်ပါဘူး၊ ကုလားတစ်ယောက်တွေ့ရတယ်။

“ဘာကိစ္စရှိလို့လဲ” မေးတော့ ကြုံကြုံဖန်ဖန် အိမ်ရှေ့ခြံဝင်း စပ်နားမှာ ပိတောက်ပင်တွေနဲ့ တစ်တန်းတည်းပေါက်နေတဲ့ထင်ရှူးပင်ကြီးတွေကို ဖြတ်ရောင်းမယ်ဆိုရင် ဝယ်ချင်လိုတဲ့ဗျာ။ ကျွန်တော့် စိတ်ထဲက တိုက်ပဲ တိုက်ဆိုင်လွန်းတယ်၊ မစံပယ်နဲ့ ကိုထင်ရှူး ဝတ္ထုမှ

http://www.cherrythitsar.org



ဖတ်ပြီးကာစ ဒီကုလားက လာဝယ်ပလေလို့ ကျွန်တော်တို့ ဒီကုလား နဲ့ စကားပြောနေတုန်း မွှေးက အပြင်ကပြန်ရောက်လာ တယ်၊ သူ့မိတ်ဆွေကား ပြန်ထွက်သွားတော့မှ . . .

"ဘာပြဿနာဖြစ်နေကြလဲ"တဲ့။

"မမရဲ့ ထင်းရှူးပင်တွေကို ကုလားက ဖြတ်ရောင်းမလားတဲ့ ဝယ်ချင်လိုတဲ့" ဝတ်မှုံက ပြောလိုက်တယ်၊ မွှေးက ကုလားကို ပြုံးပြ ပြီး ခေါင်းခါလိုက်တယ်၊ ကုလားလည်း ထွက်သွားရော။

မွှေးက ခါးလေးထောက်တဲ့ပြီး . . .

"အံ့ အံ့ပါရဲ့တော်၊ နိုင်ငံခြားသားများ စီးပွားရေးကွက် သိပ်မြင်တယ်နော်၊ ကျုပ်လင်တော်မောင် ကိုကိုနိုင်နဲ့အတူ နေခဲ့တဲ့ ရှမ်းပြည်နယ်ကို သတိတရ ချစ်တဲ့စိတ်မြတ်နိုးစိတ်အထိမ်းအမှတ်နဲ့ ထင်းရှူးပင်တွေကို တမင်မွေးထားတာတော်ရေ့" တဲ့၊ လက်ခုပ် လက်ဝါးလေးတီးလို့၊ ရယ်ရယ်မောမော ကျွန်တော်တို့ဘက် လှည့် ပြောတယ်။

"မမရေးတဲ့ မစံပယ်နဲ့ကိုထင်ရှူး ဝတ္ထုတိုလေးလို ဖြစ်လာ တယ်"

"အရင်က စာရေးဆရာလား၊ ဒီဝတ္ထုတိုလေးရေးပြီးနောက် ဂျာနယ်တွေမှာ ဆက်မရေးဘူးလားဟင်" ဝတ်မှုံက မေးတော့။

မွှေးဟာ အိမ်ထဲကိုမဝင်သေးဘဲ၊အိမ်ဝက ကျောက်ခုံလေး မှာဝင်ထိုင်ရင်း ဝတ်မှုံ့အမေးကို ဖြေလိုက်တယ်လေ။

"မမက စာရေးဆရာ သိပ်ဖြစ်ချင်တာပေါ့၊ စာရေးဆရာဖြစ် ဖို့ဆိုတာ မလွယ်ပါဘူးကွယ်။

"ဝတ်မှုံကတော့ ဟိုသတင်းစုံ ဂျာနယ်ထဲက ဝတ္ထုတိုလေး ဖတ်ပြီးကတည်းက၊ မမစာရေးဆရာ လုပ်ရင် ကောင်းမှာလို့၊ မမ ဝတ္ထုတွေ ဆက်ဖတ်ချင်တယ်"

## ၂၀၂ ခင်နှင်းယု

"အေးပါကွယ်၊ ဟိုတုန်းကသတင်းစုံးဂျာနယ်မှာအလုပ်အား ချိန် ညနေစောင်းမှာ အလုပ်သင်ဝင်လုပ်တာက ဝတ္ထုရေးဆရာ မဖြစ်တောင်၊သတင်းစာဆရာဖြစ်ဖြစ်၊ဂျာနယ်တစ်ခုခုမှာ အယ်ဒီတာ ဖြစ်ဖြစ်၊ ဝါသနာပါလွန်းလို့လုပ်ချင်လို့ပါပဲ ၊ ကိုကိုနိုင်နဲ့ လက်ထပ် လိုက်တော့၊ စာဖတ်တဲ့ဘက်သာ အလေးသာသွားတယ်၊ ပြီးတော့ လည်းလေ၊ ဟိုတစ်ချိန် ဟိုတစ်ခါ၊ ဟိုငယ်စိတ်နဲ့ ထင်းရှူးပင်တစ်ပင် အပေါ်မြင်တဲ့စိတ်ဟာ ခု အသက်လေးဆယ်ကျော်မြင်တဲ့စိတ်နဲ့မတူ တော့ဘူးကွဲ့ . . . . ကဲ-အဲဒီ မမစာဖတ်ခန်းထဲက လက်ရေးမူကို ယူသွား၊ လင်မယားနှစ်ယောက်ဖတ်ပြီး ဝေဖန်စမ်း ၊ မမက ရေးပါ ပြီတဲ့ မမရဲ့ အတွေးအရေးကို ဘယ်မဂ္ဂဇင်းတိုက်က ထည့်ပုံ့မလဲ။ ဟေ. . . ဟော့. ဝတ်မှုံတို့နှစ်ယောက်တော့ ဖတ်မဲ့ ပရိသတ်ရှိပြီ၊ မမအဝတ်သွားလဲဦးမယ်"

သူဟာ ခပ်သောသောလေးရယ်တယ်၊ ကျွန်တော်တို့ကို လည်းသူ့ရဲ့စာတတ်ပေတတ် မိတ်ဆွေပတ်ဝန်းကျင်မှာပြောတဲ့ ဟန်နဲ့ရင်းရင်းနှီးနှီး ပြောပြီး ၊ အိမ်ထဲကိုဝင်သွားရော။

သူ့ဘာတွေများ ရေးထားသလဲ၊ ထင်းရှူးပင်အပေါ် သို့မဟုတ်ကိုထင်းရှူးအပေါ် ထားခဲ့တဲ့ မစံပယ်ရဲ့ စိတ်ဓာတ်ဟာဖြင့် အနှစ် ၂၀ကျော်အတွင်း ဘယ်လိုများ ပြောင်းသွားသလဲဆိုတာ သိချင်တဲ့စိတ်ပြင်းထန်နေတဲ့ ကျွန်တော်ဟာဖြင့် ဝတ်မှုံကို မစောင့် တော့ဘဲ စာဖတ်ခန်းထဲ အရင်ဝင်သွားမိပါတယ်။

သူ့လက်ရေးမူနဲ့ စာရွက် ၄ရွက်၊ ၅ရွက် လောက်ရှိတဲ့ ရေးလက်စကိုယူပြီးကျွန်တော့် တန်းလျားကိုပြန်သွားပြီးဖတ်တယ်၊ စာမူခေါင်းစဉ်က မြကန်သာမှ ငရဲရိပ်တဲ့၊ ပြောင်ပြောင်ကြီးဆန့်ကျင် တဲ့ အပူနဲ့ အအေးကို ယှဉ်တွဲသုံးထားတဲ့ အမည်ပါပဲ၊ ဒါပေမင့် ကျွန်တော်ဟာ လက်ထဲက မချနိုင်ဘဲ သူ့စာမူကို ပြီးအောင် အထိ

http://www.cherrythitsar.org



ဖတ်လိုက်ပါတယ်။

**မြကန်သာမှ ငရဲရိပ်**

ရေဒီယိုကစီးသွန်ကျလာတဲ့တေးသံ. . . . .

ငြိမ့်တယ်၊ နွဲ့တယ်၊ အေးတယ်၊ ယိမ်းသမထင်းရှူး ရွက်မွှားလေးတွေဟာ လက်တွဲပြီး တဖြည်းဖြည်းမြင့်တက်သွားတယ်၊ ပြီးတော့ လေညင်းမှာ ဒန်းစီးပြီး ဝှေကာ ဝှေ့ကာနဲ့ ပြန်ဆင်းလာကြတယ်၊ က သူနဲ့ တီးသူလို။ ပြာတဲ့ကောင်းကင်နောက်ခံမှာ မြရောင်ဆံမြွှာ ဖြန့်ကြဲလိုက်တယ်။

တွတ်တွတ်တာတာနဲ့ စာလေးငယ်လေးတွေ၊ သူတို့က မြဆံမြွှာကို ရီးလေးခိုပြီး၊ တူတူပုန်းကြတယ်။ တေးသံနဲ့ လိုက်အောင် ကခုန်သွားတဲ့ရွှေ့ဆောင်ငှက်လေးနောက်ကို ပျံတက်လိုက်သွားကြပြန်ပြီ။

ငြိမ့်ခြင်း၊ အေးခြင်း၊ သာယာခြင်း၊ လေညင်းကလည်း ညင်သာလိုက်တာ၊ ရင်းထဲမှာလည်းအေးသွားတာဘဲ။ မြင်တဲ့သူစိတ်က ကြည့်တတ်သလိုပဲ အလှကို မြင်မိလေသလား၊ သူတို့က တကယ်လှနေတာလား။ အို. . . . သူကပဲလှလှ ကိုယ်ကပဲ တီထွင်ပြီး မြင်မြင်၊ တဒင်္ဂ အမောပြေစေတော့၊ ထင်းရှူးရွက်မွှားလေးတွေရယ်၊ ငှက်ကလေးတွေရယ်၊ ရေဒီယိုက တေးသံရယ်ကို ကျေးဇူးတင်မိတယ်။

နေ့လယ်က မြို့လယ်ရှုခင်းနဲ့တော့ ဘာမှမတူဘူး။ လှတယ်တဲ့၊ မိန်းမချော မိန်းမလှလေးတွေ ဆံပင်တွေဖွာဆန်ကြဲလို့ အော်လိုက် ဟစ်လိုက်ကြတာ အဲဒါဟာတေးသံတဲ့။ ချိုတေးသံတဲ့၊ တေးသံလား အော်သံလား ချိုသလား အေးသလား မသဲကွဲမိဘူး၊ ကိုယ်တွေက တွန့်လိမ်လှုပ်ရှားနေတယ်၊ ယိမ်းထိုးနေတယ်။

နံရံမှာလည်း ပန်းချီကားတွေ ကားချပ်တွေပေါ်က မိန်းမ

ငယ်ရုပ်တွေနဲ့ ကားချပ်အပြင်က အပျိုချောတွေနဲ့ ရောင်ပြန်ဟပ်နေကြတယ်။

အားလုံးဟာ ဖရိုဖရဲ တိမ်ပန်းချီ လှိုင်းထနေတဲ့ အကွေးအကောက်တွေက ကနုတ်ပန်းလည်းမဆန်ဘူး၊ နတ်သူဇာလား၊ ငရဲ သူဇာလား။

အပြာတွေရော၊ အဝါတွေရော၊ အနီတွေရော၊ လူသားမျက်နှာနဲ့လည်းမတူဘူး၊ မျက်တောင်ခတ်တော့လည်း တလက်လက်နဲ့ မီးဖွားတွေ ဖြာကျသွားသလိုပဲ။

ရာဂမီးတောင်တွေလား၊ အခိုးလွှတ်နေတဲ့ နတ်နဂါးမရဲ့အရောင်၊ အဆိပ်အငွေ့တွေပဲလား၊ အို့ . . . သူတို့ကအဲဒါအလှတဲ့၊ မြကန်သာ လက်ထပ်ခန်းမမှာ လှသူဇာတွေပဲတဲ့။ တချို့ဆံပင်ခွေတွေဟာ တရုတ်လက်သမားရဲ့ ရွှေပေါ်ထိုးပြီး ကျလာတဲ့ ရွှေပေါ်စာအတိုအစတွေလို ပခုံးအပေါ်မှာ ဝဲပျံနေကြတယ်။

သူတို့အလှ သူတို့ရဲ့ ဂီတကို ကိုယ်က မကြည့်တတ်လို့ပဲလား၊ဘယ်ခံစားရမှာလဲ၊ ရင်ခုန်သံဟာ တဒိတ်ဒိတ်နဲ့ မြည်လာတယ်၊ တီးလုံးတွေ ကျွတ်ကျွတ်ညံလာတော့ အသက်ရှူရတာ ကျပ်လာတယ်၊ နားတွေပဲအူကွဲပြီး ပင်းတော့မလို ဖြစ်လာတယ်၊ လက်ထပ်ခန်းကို ခွာဖို့ သက်ဆိုင်သူတွေ ခွင့်ပန်ပြန်လာရတယ်။

ကားပေါ်မှာ အလိုလို မောလာပါလား၊ အသက်ရှူကျပ်လို့ ကားမှန်ကိုလျှော့ချပြီး လမ်းပေါ်ကို ကြည့်လိုက်တယ်၊ လမ်းပေါ်မှာ လမ်းဘေးမှာ၊ လမ်းပေါ်မှာလည်းအို . . . . ဘာဖြစ်လို့မော်တော်ကားတွေ မျက်လုံးတောက်တောက်ကြီးတွေ၊ စုံလုံးကန်း တစ်ဖက်ကန်း သူအိုကြီးတွေ လမ်းလျှောက်သလို တစ်ဖက်စောင်းမိသွားပြန်ပြီ။

ကလုံ့ . . . . ကလွမ် . . . ဟော၊ကားဘေးပေါက်တွဲလွဲခိုတဲ့ သူငယ်အုပ်စု ထီးနဲ့ လမ်းဘေးက အထမ်းသမားတိုက်မိပြန်ပြီ၊

http://www.cherrythitsar.org



ပန်းကန်ဘယ်နှချပ်ကွဲလည်းမသိ၊ ထမ်းပိုးကြီး မြေကြီးပေါ် လျော ကျသွားပြန်ပါရော၊ တို့ဟူးသုတ်သည်လား၊ မုန့်ဟင်းခါးသည်လား၊ နက်ဖြန်ရောင်းဖို့ ပန်းကန်မှ ရှိသေးရဲ့လား။

သူ့ပါးစပ်က မြည်တွန်တောက်တီးသံတွေ မသဲကွဲဘူး၊ ကား နောက်မှာလေထဲကျန်ရစ်ကြပြီ၊ ကိုယ်တို့က မှန်ကားပေါ်က လေထဲမှာပျံနေတဲ့ မိုးပျံလူတန်းစားတစ်ရပ်၊ ကဲ. . . . ဘာပြောဦး မလဲ။

မြကန်သာလက်ထပ်ခန်းက အလှအပတွေ အမလေး တကယ့်ကိုယ့်မှာတော့ မိုးပျံလူတန်းစားလို့ဘဲ အတင်းစိတ်က တင်းထားရာက မောလိုက်တာ တစ်နေ့ခင်း ဝင်္ငသွားခံရတာပဲ၊ငါနဲ့ ဘာမှအဆိုင်ဘူး။ ပန်းကန်ကွဲတာ၊ အိုးကွဲတာ သူ့ဘာသာ ကွဲတာလို့ စိတ်တင်းထားတယ်။

ထင်းရှူးမွှားလေးတွေကို အပြစ်တင်မိတဲ့၊ ဟိုလွန်ခဲ့တဲ့ စာရေးဟန်ကို ပြင်ချင်လာတယ်။ စမ်းပြီး ရေးကြည့်ပေမဲ့ စာရေး လို့လည်းမရဘူး။

တောင်းပန်ရမယ်။ ကိုထင်းရှူးကို တောင်းပန်ရမယ်။

ပန်းကန်ကွဲတွေနဲ့ လမ်းပေးကျန်ရစ်တဲ့ တို့ဟူးသည်ကြီးကို လည်းတောင်းပန်ရဦးမယ်။

ကားရပ်ပြီး တကယ်တော့ တို့ဟူးသည်ကြီးရဲ့ ပန်းကန်တွေ ကိုကူပြီးသိမ်းပေးသင့်ပါတယ်၊ လမ်းပေါ်မှာ ဖိနပ်မပါဘဲ လျှောက် သွားတဲ့သူတွေ ပန်းကန်ကွဲ မရှအောင်။

တစ်လုံးစီ ပြန့်ကျဲသွားတဲ့ ဒန်အိုးဒန်ခွက်၊ဆီချက်ခွက်၊ပဲမှုန့် ခွက်၊ ငရုတ်သီးမှုန့်ခွက်တွေကိုလည်း ကူပြီး ကောက်ပေးသင့်ပါ တယ်။

လုပ်ပေးသင့်ပါတယ်ဆိုလို့သာ တွေးမိပြီး၊ မှန်ကားပြာလွှလွှ

http://www.cherrythitsar.org



ကို အရပ်လည်းမခိုင်းမိဘူး၊ ဆင်းပြီးတော့လည်း ဘာမှလည်း လုပ်မပေးဘူး၊ ငြိမ့်ငြိမ့်လေး ပြေးနေတဲ့ ကားပေါ်မှာစီးရင်း အိမ်ကို သာအရောက် ပြန်လာမိတယ်။

ဖဲကြောင်းဖောက်ထားတဲ့ အိပ်ယာဖြူဖြူပေါ် လှဲအိပ်နေမိတယ်။ ဇာစ ပြာပြာကို မော့ကြည့်ရာက မျက်စိကို စင်းပြီးကိုယ့်ကို ချော့သိပ်တယ်။ အိပ်စမ်းပါလို့ တိုးတိုးလေးပြောမိတော့. . . .

"အိပ်ဘူးတဲ့" တန်ပြန်တော်လှန်တဲ့အသံ၊ ဘယ်သူက ပြောလိုက်ပါလိမ့်၊ နှလုံးသားထဲမှာ စကားပြောတဲ့သူရှိပြီ။

"ဟေ. . . . ကျယ်ကျယ်ပြောပါ၊ တီးတိုးတီးတိုးနဲ့ တိုးတိုးပြောတာနည်းနည်းမှမကြိုက်ဘူး။ တိုးတိုးပြောလို့ လိစ္ဆဝီ မင်းသားတွေ သွေးကွဲ၊ သွေးကွဲတော့ ပြည်ပျက်ရတယ်"

"ကျယ်ကျယ်ပြောတော့ နားမခံနိုင်ဘူးဆို၊ မင်းနှလုံးသားထဲ မှာ ငါမနေပါဘူး။ လိစ္ဆဝီမင်းသားလည်းမဟုတ်ဘူး" ပြန်ငေါက် လိုက်သံကြားရပြန်တယ်။

"ဒါဖြင့် ဘယ်သူလဲ. . . . ဘယ်မှာနေလဲ"

"နတ်ပုလေးလေ. . . . မင်းတို့ခြံထောင့်မှာ ပေါက်နေတဲ့၊ လိမ်ပင်ပေါ်မှာနေတယ်။ ဒီအပင်ကို ဒန့်နွယ်လက်ဆက်လို့လဲခေါ်တယ်၊ ဘုရားသခင်လက်ထက်တော်က စရည်းပင်လို့ခေါ်တယ်"

"အို. . . . ဘုရား၊ ဘုရားပုလိုက်သမှ သိပ်ကို ပုတာပါပဲလား"

"စိတ်မရှိပါနဲ့ နတ်ပုလေးရယ်၊ဒီခြံထဲမှာ ရှိနေတယ်လို့လည်း မသိပါဘူး၊ ဒီလိုဆို ကျွန်မပို့တဲ့ မေတ္တာ ရှင့်ဆီရောက်ပါရဲ့နော်၊ မနက်တိုင်း သမာဒေဝ နတ်တွေကအစ၊ မြေဘုတ်ဘီလူးအထိ မေတ္တာပို့ပါတယ်။ ဒါနဲ့ ဒါနဲ့ ရှင်က သမာဒေဝနတ်ထဲပါတာလား၊ နတ်မိစ္ဆာလေးလား"

"ဟင်. . . . မင်းတို့လူသားတွေရဲ့ မေတ္တာဆိုတာကို ငါတော့

http://www.cherrythitsar.org



နည်းနည်းမှ မယုံဘူး”

“ ယုံပါရှင်”

“ ဒဏ္ဍာရီသဘောတွေပါကွယ်”

“ ယုံစမ်းပါ၊ ကျွန်မလေ နတ်ပုလေး၏ ဒဏ္ဍာရီဆိုပြီးစာရေးဦးမယ်”

“ နတ်သမီးပုံပြင်လို့သာရှိတာ၊ နတ်ပုလေးရဲ့ ဒဏ္ဍာလို့ရှိ မှမရှိတဲ၊ မင်းရေးလည်း အယ်ဒီတာတွေက ထည့်မှာမဟုတ်ဘူး”

“ သူတို့လေ ကျွန်မရေးထားတဲ့စာကို ထည့်အောင်လို့ နတ်ပုလေးတန်ခိုးနဲ့ လုပ်ပေးရင်ကော မရဘူးလား၊ တချို့စာမူပေါ်မှာ ဘိုးဘိုးလေးပေးတဲ့ ဆေးဖယောင်းတိုင်ထွန်းလိုက်တာ၊ တစ်ခါတည်း တစ်ကြိမ်တည်းနဲ့ကို စာအုပ်တွေစွံပြီး တစ်လတစ်အုပ် မိုးပျံအောင်ထွက်တာဘဲတဲ့ ၊နတ်ပုလေးနဲ့ ကျွန်မက တစ်ယောက်တစ်ယောက်အကျိုးပြုနေသူပါ”

“ ဟား. . . ဟား”

နတ်ပုလေးဟာ ခါးလေးထောက်။ ခေါင်းတွေငှဲ့ယမ်းပြီး၊ အူတက်မတတ် ရယ်တယ်။

“ စာရေးဆရာလည်း လုပ်ချင်သေး၊ ခေတ်နောက်ကျတာ အလွန်ပဲ။အဲ. . . ဒါစာရေးတာမခေါ်ဘူး၊ ငွေလုပ်တာခေါ်တယ်. . . ငွေလုပ်တာ”

သူဟာ ရယ်သံရပ်သွားပြီး မျက်နှာပိုးသတ်ပြီး ပြောပြန်တယ်။

“ မင်းဘာလုပ်မလဲဆိုတာ ငါသိတယ်၊ လမ်းပေါ်က တို့ဟူးသည်အကြောင်းရေးပြီး၊ မင်းက ပလက်ဖောင်းပေါ်က လူတန်းစားရှေ့နေဆိုပြီး ရှေ့နေခယူမယ်၊ ငွေလုပ်ဦးမယ်၊ လက်ခုပ်သံကိုနားထောင်ဦးမယ်။ အဲဒီတုန်းက ကားကိုရပ် ကားပေါ်က

http://www.cherrythitsar.org



ဆင်းပြီး ပန်းကန်ခွက်ယောက်တွေကို ဘာလို့ သိမ်းမပေးတာလဲ၊ ဒရိုင်ဘာဆိုတာ မင်းတို့ခိုင်းရင် အကုန်လုပ်ရတာ၊ ကိုယ့်ဘက်ကို ဗိမ်မိနေတယ်၊ ဗိမ်ခံချင်နေတယ်ဆိုတာ သိလိုက်စမ်းပါ။ ရေးရုံဘဲလား၊ တွေးရုံဘဲလား၊ ဘာလို့လက်တွေ့မလုပ်ရဲတာလဲ"

"ကျွန်မ. . . ကျွန်မ အဲဒါကို စဉ်းစားမိနေပါတယ်၊ စဉ်းစားမိပါတယ်၊ နတ်ပုလေးရယ်၊ ကျွန်မမေတ္တာကိုတော့ယုံပါ. . . နော်"

နတ်ပုလေးကိုတောင်းပန်ပေမင့်. . .

"မယုံနိုင်ဘူးလို့" အော်ပြန်ရော။

"မေတ္တာ. . . မေတ္တာ. . ဘာမေတ္တာလည်း၊ မေတ္တာဘွဲ့ဆိုတဲ့ စာပေတွေထဲမှာလည်း မေတ္တာဘွဲ့ကို ရှာမတွေ့ပါဘူး၊ မေတ္တာဆိုတဲ့ ချိုးငှက်ကိုဖြင့်၊ အဏုမြူဒုံးပျံတွေနဲ့ ပစ်ပြီးဖမ်းတော့ မြေပေါ်ကျလာတဲ့မေတ္တာငှက်ဟာ သေနေပြီ။ အဲဒီငှက်သားကိုလည်းမင်းတို့ စားတယ်။ မျိုးတူဇာတ်တူသား၊ လူသားအချင်းချင်းကိုလည်းမင်းတို့ ပြန်စားတယ်။ ပြီးတော့ ရွှေကွန်ခြာ ငွေကွန်ခြာ သံမဏိကွန်ခြာ တွေနဲ့ ကိုယ့်လူပြည်သတင်း ကိုယ်အုပ်ထားတယ်၊ ရလိမ့်မယ် စောင့်နေ၊ ဆိတ်ကွယ်ရာဆိုတာ ဘယ်မှာမရှိဘူး။ နတ်မျက်စိဟာ၊ သံမဏိကန့်လန့်ကာခုနစ်လွှာအုပ်ထားပေစေ၊ ထိုးဖေါက်မြင်နိုင်တယ်သိရဲ့လား. . "

"ကြိမ်းလိုက် မောင်းလိုက်တာနော်. . . နတ်ပုလေးဟာ ပုသလောက် ဒေါသကြီးတယ်၊ အသံကျယ်တယ်၊ နတ်ဟာ ဒေါသ မဖြစ်ရဘူးဆို. . "

"ဘယ်သူပြောလဲ၊ ဘယ်သူပြောလဲ၊ ကောင်းကင်ဘုံက နတ်ဘုရင်၊ သိကြားမင်းတောင် လောဘ၊ဒေါသရှိသေးတာဘဲ"

" မြတ်စွာဘုရားကို ညဥ့်သန်းခေါင်ယံ ဆင်းတွေ့ရတာ၊ သိကြားမင်း လောဘမသတ်နိုင်လို့ ၊ နတ်သားတစ်ပါးဟာ၊ နတ်

http://www.cherrythitsar.org



ရထားကိုစီးပြီး သိကြားမင်းရဲ့အပါးက ဖြတ်ပြီးတော့၊ သူ့အခြွေ အရံတွေ သွားတယ်၊ သူရဲ့ ကိုယ်ရောင်ကိုယ်ဝါဟာ သိကြားမင်းထက် တောက်ပနေလို့ သိကြားမင်းဟာ စိတ်မသက်မသာ ဖြစ်သွားမိ တယ်။ ဘယ်လိုအကြောင်းကြောင့်လဲဆိုတာ သိလိုတယ်၊ သူ့လက် အောက်ခံနတ်ထက်သာတဲ့ ကိုယ်ရောင်ကိုယ်ဝါပိုတောက်ချင်သေး လို့ ဘုရားကိုတောင် သန်းခေါင်ယံဆင်းပြီး လျှောက်ထားရတယ်. . . အဲ့ဒါသိကြားမင်းမှာလောဘရှိသေးလို့ပဲ၊ ဒေါသသိပ်ကြီးရင်တော့၊ နတ်သက်ကြွေတတ်တာပေါ့။ အဲဒီ တာဝတိံသာ အုပ်စုက မင်းတို့လူလို ရုပ်ကြမ်းမဟုတ်ဘူး. . . ရုပ်နု ရုပ်နု. . . ”

“အဲဒီတော့ နတ်ပုလေးက ဘယ်ဘုံမှာ ပါတာလဲဟင် ဒေါသဖြစ်လာရင်၊ မသေဘူးလား. . . ”

“မင်းကလည်းနော် အမေးအမြန်းထူးရန်ကော၊ လောဘ ဒေါသမကင်းဘူးလို့သာ ပြောတာ လူသားထက်တော့ နည်းပါး တာပေါ့၊ ကိုယ်က တာဝတိံသာအုပ်စုမှာလည်းမပါပါဘူး။ အုပ်စုနဲ့ နေရတာ ပျင်းလွန်းလို့ ပြီးတော့လည်း အာကာသကိုတက်လာပြီး၊ မင်းတို့ရန်ရှာစပြုနေပြီ။ ချိုးငှက်မြေကျလာလို့ မြေကြီးလည်း ဟက်တက်ကွဲ တောင်ပံစတွေ သမုဒ္ဒရာမှာ ပြန့်ကျဲစင်ကျသွားလို့၊ ရေတွေလှိုင်းထ၊ မြစ်တွေမှာ ရေလျှံလာတာတောင် မင်းတို့လူသား တွေသတိမရဘူး၊ ကိုယ်အာကာသထဲမှာမနေ၊ သစ်ကိုင်းပေါ်မှာပဲ နေတယ်။ မင်းတို့ အာကာသကို စစ်မဆင်ခင်. . . မြေပြင်ကို ငဲ့ ပရိသတ်က စစ်ဆင်မှာ. . . ထုနဲ့ကိုဆင်မှာ. . . ”

“ အို. . . နတ်ပုလေးဟာ တန်ခိုးသိပ်ကြီးတာပဲ”

“ ဟိုမှာကြည့်စမ်း. . . ”

နတ်ပုလေး၊ ညွှန်ပြတဲ့ မြေတွင်းထဲမှာ ဖွဲ့တစ်ကောင်။ အမွှေးတွေထောင်နေတာပဲ။

http://www.cherrythitsar.org



"ဖြူကောင်လား. . . "

"ဘယ်ဟုတ်ရမှာလဲ မြေကြွက်၊မြေကြွက် သူတို့မြေတွင်းထဲမှာ အောင်းနေရပြီ၊ နေရာယူနေကြပြီ၊ သူတို့ဟာ တရုတ်ပြည်ရဲ့မဟာတံတိုင်းကိုတောင်ပြိုလဲသွားအောင်တတ်နိုင်တယ်. . . ပြီးတော့ကြည့်စမ်း ဟိုမှာ. . . "

"ခြကောင်များနဲ့ ပုရွက်ဆိတ်များပါလား. . . "

"သူတို့ဟာ သိန်းသန်းမကခေါပဏီ၊ခေါပဏီတွေ၊ မြေပြင်စစ်ဆင်ရေးမှာ မင်းတို့လူ့ဘုံရဲ့ တိုက်တာအဆောက်အအုံတွေကိုဖျက်ဖို့အဆင်သင့်ပဲ၊ ဒါတောင် သတိမရကြဘူး၊ တော်လဲသံတွေလှိုင်းသံတွေ မကြားဘူးလား။

ခရစ်တော်အိပ်ပျော်နေတဲ့ နေရာနားမှာ ပင်လယ်နီနဲ့ မြေထဲပင်လယ်၊ အို. . . ဂျော်ဒန်မြစ်ကမ်းပါးမှာလည်း အမြောက်သံ၊ဗုံးသံ၊ဗုဒ္ဓဘုရားသခင် ပွင့်တော်မူရာမဇ္ဈိမတိုင်းမြောက်ဘက်က မြစ်ဖျားခံလာတဲ့ မြစ်ပြင်တွေ ကမ်းပါးမှာလည်း အမြောက်သံတွေ ဗုံးသံတွေအသားအဖြူ အမည်းလေး ကွဲတာနဲ့ ကိုယ့်အချင်းချင်း သတ်ပြီး၊ကောင်းကင်ကိုလည်း စစ်ဆင်ဦးမယ်၊ ဒါကြောင့် ကိုယ်ဟာ မြေတွင်းအောင်းနေရာယူနေတဲ့ သူတို့အားလုံးကို မေတ္တာရပ်ခံထားရသေးတယ်. . . "

"တော်ပါတော့ နတ်ပုလေးရယ်၊ စိတ်မောပါတယ်ဆိုကာမှဘာတွေပြောနေပါလိမ့်. . . "

"အေးလေ၊အမှန်တွေပြောတာ၊ မကြားနိုင်ရင်လည်း မှန်စိမ်းကာထားတဲ့ မင်းအိပ်ခန်းမှာ အေးအေးသက်သာပဲ အိပ်နေပါလား. . . အိပ်လေ. . . အိပ်. . . အိပ်. . . "

*****

http://www.cherrythitsar.org



"ဟင် . . . အိပ်နေရမယ်လား၊အမြဲတော့လည်းဘယ်သူ အိပ်နေနိုင်မှာလဲ၊ ပြီးတော့လည်း၊ မကြားအောင်၊ မမြင်အောင် နေစေချင်ရင်၊ လူသားဆိုတဲ့၊ ကျွန်မတို့ကို ဘာဖြစ်လို့ . . . နားရယ် မျက်စိရယ်၊ လက်ရယ်၊လျှာရယ်၊ တပ်ပေးလိုက်ရလဲ ဟင် . . . ဟိုပြတိုက်ထဲက၊ မြေအောက်က တူးဖော်ရရှိတဲ့ ကျောက်ရုပ် လို နှာခေါင်းအပြတ်၊လက်မောင်းမပါ၊ မျက်လုံးကြီးတွေကြောင်တောင် ကန်းလို့ လုပ်ပေးလိုက်ပါလား၊ စကားမပြောနိုင်အောင် ဖန်ဆင်းပေး လိုက်ပါလား"

နတ်ပုလေးဟာ၊ သက်ပြင်းချလိုက်တယ်။"တုံးလိုက်ပါဘိ သူငယ်မရယ်. . . မင်းတို့ကို ဘယ်သူဖန်ဆင်းလို့လဲ၊ တွေးကြည့်ပါဦး၊ အို. . . မနုဿလူသား၊ ကိုယ့်ဘဝကိုယ့်တန်ဘိုးရှိတာကိုဖြင့် မသိ နတ်တွေ သိကြားတွေတောင်လူလိုအခွင့်အရေးလူလို အသိဉာဏ် လိုချင်တယ်။ သူတို့ထက် အသိမှာပိုတယ်။ လောဘ၊ဒေါသ၊မောဟပဲ ကင်းစင်လို့ လူကဖြစ်တဲ့ ရှင်တော်ဂေါတမကို နတ်ပြဟ္မာတွေဦးညွှတ် ရတာ. . . ကိုယ့်တန်ဖိုးကိုယ်မသိတာက မင်းတို့လူသားတွေ၊မွေးပါ၊ အခွင့်အရေး၊ မျက်စိ နား လျှာ လက်တွေ ပါလာတာကိုတောင် ဖြတ်ပေးလိုက်ပါလားတဲ့၊ ပိတ်မှောင်နေတဲ့ ခေတ်အမှောင်ထဲမှာ စိတ်သောကတွေနဲ့ အိမ်မောကျနေပြီးတော့ ၊ ဒါနဲ့များစာရေးဆရာ လည်းဖြစ်ချင်သေးသတဲ့"

"ကျွန်မအိပ်မောကျမနေပါဘူး၊ အိပ်လို့မရဘူး၊ ဘာတွေ ပြောနေတာလဲ နတ်ပုလေးရယ်၊ အိပ် . . . အိပ်လို့လည်းဆိုတယ်. . အိပ်မောကျနေရမလားလို့လည်းအပြစ်တင်တယ်"

နတ်ပုလေးကအသံကိုလျှော့လိုက်ပြီး၊

ဖြည်းဖြည်းပြောမယ်၊ အေးအေးဆေးဆေးနားထောင်ကွဲ့ သူငယ်မရဲ့. . . စကားကိုတင်စားပြီးပြောတာ။ စိတ်သောကတွေနဲ့

အိပ်မောကျနေတယ်ဆိုတာက အမှောင်ထဲမှာတွေဝေပြီး နေတယ်လို့ပြောတာ။ ခူးခူးနဲ့ အိပ်ပျော်နေတယ်လို့ ပြောတာ မဟုတ်ပါဘူး၊ မင်းဟာတွေဝေနေတယ်၊ မပြတ်သားဘူး၊ ကိုယ်ဘာ လုပ်ရမယ်ဆိုတာ ပြတ်ပြတ်သားသား မသိတဲ့သူဟာ ၊ မလုပ်တဲ့ သူဟာ စာရေးဆရာ မလုပ်သင့်ဘူးလို့ ဆိုတာ. . . ”

“ရှင်းပါပြီ. . . နတ်ပုလေး. . . ”

“တော်သားဘဲ၊တည့်တည့်ပြောတော့လဲ ရိပ်မိတယ်. . . ”

“ဟုတ်ကဲ့ တည့်တည့်ပဲပြောပါ. . . ”

“ကိုယ်ရွှေပေလွှာချခဲ့မယ်၊ သိကြားမင်း ရွှေပေလွှာကိုတော့ လူတွေဟာသိပ်ကြောက်တာပဲ၊ ခုနစ်အိမ်ဝေဆိုရင်၊ ချက်ချင်းဝေ ကြတယ်. . . ”

“ကျွန်မကူးရေးမယ်နတ်ပုလေး၊ ရွှေပေလွှာကို ကူးရေးမယ် ပြီးတော့ အယ်ဒီတာတွေကိုပေးလိုက်မယ်၊ သူတို့ မဂ္ဂဇင်းတွေထဲ ထည့်လိုက်ရင် သိကြားမင်းရွှေပေလွှာထက်တောင် လူထုလက်ထဲ အန္တရောက်သေးတယ်၊ ဟင်. . . ပြောသာပြောရတယ် အယ်ဒီတာက နတ်မယုံရင်ဒုက္ခ. . . ”

“ဩော်-စစ်မရောက်ခင်က မြှားကုန်နေတယ်၊ ငါ့ရွှေပေ လွှာက သိပ္ပံနည်းကျကျ၊ သဘာဝနဲ့ညှိနှိုင်းထားတဲ့ ရွှေပေလွှာ၊ ဒီနေ့သိပ္ပံပညာရှင်တွေက ငါ့ရွှေပေလွှာကို သူတို့သိပ္ပံ ပေတံနဲ့ကို တိုင်းကြည့်ပေစေဦး. . . အတိုင်းခံတယ်၊ နတ်ကိုးကွယ်အောင် နတ်ကတော် ဘော်ချက်တဲ့ရွှေပေလွှာမဟုတ်ဘူး. . . ”

“ဟုတ်ကဲ့. . . ပြောပါ. . . ”

အခုသာသနာသက္ကရာဇ် ၂၅၂၀ မရောက်ခင် တို့ဗုဒ္ဓဘုရား သက်တော် ၂၉ နှစ်မှာ တောထွက်ပြီး ၆-နှစ်တိုင်တိုင်ဒုက္ကရစရိယာ ကို ကျင့်ခဲ့တယ်။ ဗောဓိပင်ရွှေပလ္လင်မှာ ကဆုန်လပြည့်နေ့ည

http://www.cherrythitsar.org



ဘုရားအဖြစ်ကို ရောက်တော့မယ့်ဆဲဆဲ မာန်နတ်မင်းဟာ ရွှေပုလ္လင် လုပွဲကို ကောင်းကင်စစ်ဆင်ရေးနဲ့ စစ်ဆင်ခဲ့တယ်၊ မြားတွေ မြားတွေ၊ မြားတွေဆိုတာ လက်ရုံးတစ်ထောင်ရှိတဲ့ သူ့လက်နက်နဲ့ ပစ်တာဆိုတော့ စဉ်းစားကြည့် ဘယ်လောက်များလိုက်မလဲ၊ လေပြင်းမုန်တိုင်းတွေ တရကြမ်း တိုက်ခတ်ပြီး၊ ဗောဓိပင်အမြစ်တွေ ပြတ်ထွက်သွားအောင်။ ကောင်းကင်စစ်ဆင်ရေးကို လုပ်ခဲ့တယ်။ ဒီအခါမှာ ဝသုန္ဒြေမြေကိုစောင့်တဲ့နတ်သားဟာပေါ်လာပြီး. . .

"တို့ မြတ်စွာဘုရားသခင်ဟာ ဒီပင်္ကရာဘုရားလက်ထက် သုမေဓာသူကြွယ်ဘဝ ဗျာဒိတ်ပန်ဆင်ပြီး၊လေးသင်္ချေနဲ့ ကမ္ဘာ တစ်သိန်းပါရမီဖြည့်၊ အလှူဒါနပြုပြီး ရေစက်သွန်းချခဲ့တာ၊ရေစက် သွန်းချပြီး လှူဒါန်းတဲ့အလှူ ဘယ်လောက်များလဲဆိုတာ မာန်နတ် မင်းငါပြမယ်" ဆိုပြီး ၊သူ့ခေါင်းပေါ်ကဆံပင်တွေကိုဖြေပြီး ညှစ်ပြ လိုက်တာ တစ်ခါတည်း သမုဒ္ဒရာရေလျှံလာသလား အောက်မေ့ရ တယ်၊ မာန်နတ်နဲ့တကွ သူ့စစ်သည်တွေဟာ ဝသုန္ဒြေနတ်မင်းရဲ့ ဆံပင်ကျရေယဉ်မှာ မျောပါသွားကြတယ်၊ မြေပြင်စစ်ဆင်ရေး ကောင်းကင်စစ်ဆင်ရေးကိုညမိုးသောက်ယံမတိုင်ခင် အနိုင်ရလိုက် တယ်။

"မင်းတို့မနုဿလူသားတွေ မြေကမွေးတဲ့ မြေသားတွေ ဖြစ်ပါရက်နဲ့ မျိုးတူဘဝဇာတ်တူတွေရဲ့ ဘဝကို မေ့လျော့ကြတယ်၊ မြေပေါ်မှာမဝတဝ ငတ်မွတ်ခေါင်းပါးလို့ ရိက္ခာပေးပါလို့ တစာစာ အော်တဲ့လူသားအချင်းချင်းမင်းတို့လှည့်မကြည့်ဘူး။ မြေဆီ လွှာကိုညစ်ရတဲ့ဆီနဲ့ ကောင်းကင်ကို နယ်ချဲ့ဖို့ ၊ မင်းတို့လက်နက် ကိရိယာတွေမှာ အသုံးချကြတယ်။

မေတ္တာဘွဲ့ဆိုသော်လည်း မင်းတို့လူသားရဲ့ အဘိဓာန်မှာ မေတ္တာဆိုတဲ့ စကားလုံးရှာလို့ မတွေ့သေးဘူး၊ ငါတွေ့တာ သံဆူးတွေ

သံခွာတွေတပ်ထားတဲ့ သားရေဖိနပ်၊ ဒီဖိနပ်နဲ့ လူသားချင်းချင်း လည်ပင်းကိုလှိမ့်နင်းကြတယ်။ သိပ္ပံပညာရှင်တွေကလည်း မေတ္တာ ငှက်ကို ဒုံးပျံနဲ့ပစ်ထည့်လို့ ခိုကိုးရာမဲ့နားစရာအေးချမ်းတဲ့ မြေ တစ်ကွက်ကို ကမ္ဘာမြေပြင်မှာ ရှာမတွေ့လို့ ခုတော့ဖြင့် သူ ကောင်းကင်က ပြန်ကျပြီး မြေပြင်မှာ ရင်ကွဲပြီးသေရှာပြီ"

"ဘုရား. . . ဘုရား. . . "

သူ့ရဲ့နှလုံးသားက မဇ္ဈိမဒေသမှာကျတယ်၊ သူ့ရင်က ဥလေးတွေက အိန္ဒိယ သမုဒ္ဒရာထဲမှာ မျောနေတယ်၊

အချိန်မီ ဆယ်နိုင်ရင်ဖြင့် မေတ္တာငှက်မျိုးမပျက်သေးဘူး၊ သူ့နှုတ်သီး ဟာ၊အာတိတ်စက်ဝိုင်းရေခဲပြင်ပေါ်မှာကျတယ်။ သူ့နှုတ်သီးက သွေးဟာ ပူပူနွေးနွေးပဲရှိသေးတယ်၊ ဒါကြောင့် အာတိတ်စက်ဝိုင်း ရေခဲပြင်ကြီးတွေ အရေပျော်ပြီး သမုဒ္ဒရာမှာ ရေလျှံလာတယ်။ ရေဘေးကြုံပြီး မင်းတို့လူသားတွေရေမှာမျောလည်းသတိမရ။

မေတ္တာငှက်ကိုပစ်မှတ်ပြင်းထန်သည်နဲ့အမျှ တန်ပြန်လာတဲ့ လက်နက်ဆံတွေမြေမှာထိတိုင်း မြေငလျင်တော်လဲလို့ မြေကြီး တွေ ဟက်တက်ကွဲပြီ။

"ကောင်းကင်လေမှာ အအေးဓာတ်ခန်း ခြောက်လို့မကြုံဖူး အောင်လည်း မိုးခေါင်ခဲ့ပြီ။ ဒါပေမယ့်လဲ၊ သတိမရပါဘူး။ မင်းတို့ တက်ရှာတဲ့ တခြားဂြိုဟ် အစိုင်အခဲမြေလုံးတွေလိုပဲ မင်းတို့ကမ္ဘာ မြေကြီးဟာ တစ်နေ့သောအခါ၊ မဆုံးသောလောင်ခြင်းနဲ့ မီးလောင် နေပေလိမ့်မယ်"

"ဒီကမ္ဘာဟာ စကတည်းကမြေ၊ရေ၊လေ၊မီး ဆိုတဲ့ဓာတ် လေးခုစုပြီး ဖွဲ့လာရတဲ့ကမ္ဘာ၊ တို့ဗုဒ္ဓဟောကြားတဲ့ ဒီတရား သဘောကို မင်းတို့သိပ္ပံပညာရှင်တွေသွားမေးကြည့်၊ ငြင်းနိုင်ပါ သလား"

http://www.cherrythitsar.org



ငါပြောတဲ့အကောင်၊မြေတွင်းအောင်း သတ္တဝါတွေက ဒါလောက်ကောင်းကင်ဆန်တဲ့ မနုဿဆိုတဲ့ လူသားတွေကို၊ သူတို့ ခေါင်းဆောင် ဝသုန္ဓြေနတ်မင်းကို ဦးဆောင်စေပြီး မြေပြင်စစ်ဆင် နဲ့ တစ်ခါတည်းတွယ်မလို့၊ သိရဲ့လား၊ သိရဲ့လား. . . ငါမေတ္တာရပ်ခံ ထားပါတယ်။ ငါမေတ္တာရပ်ခံထားလို့ နို့မို့ရင်၊ မြေထဲပင်လယ်ရော၊ ပင်လယ်နက်ရော၊ သွေးချောင်းစီးတဲ့၊ ပင်လယ်နီဖြစ်တယ်။ အချိန် တွေရှိပါသေးတယ်။

ခရစ်တော်ကိုလည်း တိုင်တည်ချင်တယ်၊ ဂျော်ဒန်မြစ်ရေစင် ကိုပက်ဖျန်းပြီး၊ မြေထဲပင်လယ်နဲ့တကွ၊ အာဖရိက ကမ်းခြေကို အေးမြသာယာအောင်၊ ပြုပေးတော်မူပါ။ မိုဟာမက်တမန်တော်ကို လည်းအကူအညီခေါ်တော်မူပါ။

ပရိနိဗ္ဗာန်စံဝင်တော်ပြီဖြစ်သော မြတ်စွာဗုဒ္ဓရဲ့ တစ်ခါက၊ ငြိမ်းချမ်းရေးတရားဟောရော၊ဂင်္ဂါနဲ့ ရောဟဏီမြစ်ဆုံရာ ရေစင် ကိုလည်း၊ ဘုရားသားတော်များဆင့်ပွားယူလို့ ကမ္ဘာအနှံ့၊မေတ္တာ ရေစင် ဖျန်းတော်မူပါလို့ ငါမှာတိုင်တယ်၊မေတ္တာပို့ခဲ့ပါတယ်၊ ကောင်းမွန်ချမ်းမြေ့စွာ အိပ်ပျော်ပါစေ၊ အိပ်. . . အိပ်. . . ”

နတ်ပုလေးရဲ့ အသံဟာ တဖြည်းဖြည်းဝေးဝေးသွားရော ခပ်တိုးတိုးလေးပဲကြားရတယ်၊ သူဟာ ပြတင်းကထွက်ပျံသွားတယ်။ မှန်ပြတင်းကကြည့်တော့သူ့ကို မမြင်ရတော့ဘူး။

မိုးကုတ်စက်ဝိုင်းဆီကို၊ ခရီးထွက်သွားတဲ့ ကြေးနီရောင် လခြမ်းလေးကိုပဲ တွေ့ရတော့တယ်။ ထင်းရှူးရွက်. . . သန်းခေါင်ယံ ညဇကေရီရဲ့ မြေဆီလွှာမှာ ငွေပွင့်နဲ့ စိန်မှုံ တွေပုလဲခက်တွေ၊ပုလဲ သွယ်တွေဆင်လို့ လေညင်းမှာ တနွဲ့နွဲ့ ညတေ့ယမ်းပြီး လဝန်းကို နှုတ်ဆက်ကျန်ရစ်ကြတယ်၊ သန်းခေါင်ယံ ညင်းလေပြည်ဟာ . . . ရင်မှာထိလာတော့၊အမောပြေသား၊ ဩော်. . . ဒီလိုတော့လည်း

http://www.cherrythitsar.org



လောကကြီးဟာ နှစ်လိုချမ်းမြေ့စရာ၊ ကောင်းပါသေး တယ်လေ။

* * * *

သူရဲ့စာမူက ဒီနေရာမှာပဲ ရပ်သွားတယ်၊ သူဆက်ရေးရေး မရေးရေး၊ စာရေးဆရာ သူဖြစ်ဖြစ် မဖြစ်ဖြစ်၊ သူ့စာမူကိုလည်း ထည့်မယ့် လက်ခံမယ့် အယ်ဒီတာတွေ မဂ္ဂဇင်း ဂျာနယ်တိုက်တွေ ရှိရှိ မရှိရှိ ကျွန်တော်တော့ ဖတ်ပြီးသွားပြီ။ အသက်ရှူရတာလည်း သက်တောင့်သက်သာရှိသွားတယ်။

ရင်းတွင်းပဋိပက္ခရဲ့အပူအအေးကိုပေါင်းစပ်ပြီး ပေါ်လာတဲ့ သူ့ဝေဒနာကို ဖေါ်ပြတဲ့နေရမှာ ဒီစာရွက်ကလေး သုံးလေးရွက်ဟာ အောင်မြင်တယ်။

ကျွန်တော်ဟာ ဒီနေရာမှာ တစ်ကယ့်စာပေ ဝေဖန်ရေး သမားကြီး ဖြစ်သွားတယ်။ ဟုတ်တယ်၊ စာတစ်ကြောင်းဖြစ်အောင် မရေးနိုင်သော်လည်း ဝေဖန်ဖို့တော့ စာဖတ်သူဟာ နားလည်တယ်။ ကျွမ်းကျင်တယ်။ အထူးသဖြင့် ကျွန်တော်နားလည်တယ်။

ကျွန်တော်ဘဝင်ကျသွားပြီ၊ ဘာဖြစ်လို့လဲသိလား၊ မွှေး ရင်ထဲမှာ လိပ်ခဲတည်းလည်းဖြစ်နေတဲ့၊ ဝေဒနာအားလုံးကို သူဖြေလို့ ရသွားသည်နှင့်အမျှ ဝမ်းသာရသူမှာက ကျွန်တော်ပဲ။ ကောင်းကင် ကိုပဲ အကျိုးပြုပြီး၊ မြေကြီးကိုပဲ အကျိုးပြုပြု လက်ရှိ ကျွန်တော့်ကို အကျိုးပြုရင် ဒီစာရေးသူကို ကျွန်တော်က ကျေးဇူးတင်ရမယ်လေ။

"ကဲပါလေ၊ ကဲပါ ဘာလဲ မမမွှေး ခြေရာနင်းပြီး၊ စာရေး ဆရာလုပ်မလို့လား"

မဝတ်မှုံ အော်လိုက်ရာမှကျွန်တော့်အတွေးကို ရပ်ပစ် လိုက် တယ်။

"မမမွှေးလည်းနော်၊ စာသာရေးဖြစ်ရင် စိတ်ဖြေသာမှာ၊ သူ့ဘဝက သူနေတတ်လို့သာ၊ တကယ်တော့ ပျင်းစရာကြီး၊

ခုတစ်လောတောင်၊ ဖေဖေကြီးအတွက် ဆေးရှာစရာရှိလို့ ခဏ အပြင်ထွက်တာ၊ ကဲ. . . ဝတ်မှုံဖတ်ဦးမယ်၊ အလုပ်အားသွားပြီ” ဝတ်မှုံက ကျွန်တော့်လက်ထဲက စာမူကိုယူဖတ်တယ်၊ သူ့သဘော ထားကိုဖြင့် ကျွန်တော်တို့မဆွေးနွေးမိဘူး၊ သူ့လက်ရေးစာမူလေးကို တော့ ကျွန်တော်တောင်းယူပြီး သေသေချာချာ သိမ်းထားလိုက် တယ်. . ”

နောက်လ အတွင်းမှာ ဘဘကြီးဟာ အထွေးတို့ အိမ်ထဲမှာပဲ ကွယ်လွန်သွားပါတယ်။

ကျွန်တော်တို့ မိသားစုလို့ပဲ အမည်တပ်ချင်ပါတယ်လေ၊ ဘာကြောင့်လဲဆိုတော့ မွှေးရယ်၊ ဝတ်မှုံရယ်၊ ကျွန်တော်ရယ် သုံးယောက် မိသားစုစိတ်ဓာတ်နဲ့ နေကြတဲ့ အိမ်ထောင်ကလေးဟာ ဖြင့် စည်းစည်းလုံးလုံး အေးအေးချမ်းချမ်းပါပဲ။

သွေးနဲ့ အမျိုးမစပ်ပါသော်လည်း မေတ္တာရဲ့ ရစ်ပတ်မှုဟာ တကယ့်ငြိမ်းချမ်းသာယာမှုကို ပေးလေတော့ ကျွန်တော်ဟာ ဒီဘဝ မှာ ပျော်မိတယ်၊ နှစ်သိမ့်ရောင့်ရဲမိတယ် ဆိုပါတော့။

တစ်ညချမ်းမှာတော့ ဝတ်မှုံဟာ ပြုံးပြုံးပျာပျာနဲ့ ကျွန်တော့် ကိုသတင်းတစ်ခုလာပြောတယ်။

“ကိုကြီးတာ. . . ကိုကြီးတာ. . . မမမွှေးရယ် လက်ထပ် တော့မယ်. . . ”

“ဘာ-ဘာပြောလိုက်တယ်၊ ဘုရားရေ” ကျွန်တော်လည်း ခေါင်းကို မိုးကြိုးပစ်လိုက်သလား အောက်မေ့ရတယ်၊ ရင်ထဲမှာ လည်း ဒိန်းခနဲဆို ဖြစ်သွားတာပဲ၊ ဒီသတင်းဟာ ကျွန်တော်တို့ အသိုင်းအဝိုင်းလေး စည်းရုံးမှုကိုများ ပျက်စီးစေမှာလား။

“ဝတ်မှုံ ဘယ်ကကြားလဲ ငါ့နားတောင် ငါမယုံဘူး”

“ဝတ်မှုံလည်း၊ အပြင်က စကားဆိုရင်တော့ မယုံဘူး. . .

http://www.cherrythitsar.org



နေ့ခင်းက ကိုကြီးတာနဲ့ မမမွှေးအပြင်ကို သွားနေတုန်း၊ ဟိုလှလှ ချောချောလေး ကောင်မလေးတယောက် ဒီအိမ်ကို တစ်ခါတစ်ခါ လာတတ်တယ်လေ. . . ကလေးလေးမွေးလို့ တစ်ခါလာပြတာ၊ သုတို့လင်မယားလာတယ်"

"ဪ. . . မိုနာလား"

"အင်း-အင်း၊ သူကပြောတယ်၊ အန်တီမွှေးအတွက် စာပါ လာတယ်ဆိုပြီး စာတစ်စောင်လည်း မမမွှေးလက်ထဲထည့်ဖို့ ပေးသွားတယ်၊ ပြီးတော-ဝတ်မှုံရှေ့မှာပဲ သူ့ယောက်ျားကို ပြောပြ နေတယ်၊ အန်တီမွှေးက ဒီတစ်ခါ လူကိုယ်တိုင် လေယာဉ်ပျံကွင်းကို ဆင်းကြိုမှာ ဆရာတဲ့၊ အန်ကယ်နဲ့အန်တီမွှေး လက်ထပ်ပြီးရင်တော့၊ ဒီအိမ်ကြီးလေ စိုပြည်လာမှာတဲ့ . . . ဆက်ပြောတယ်၊ ပြီးတော့ ကလေးနို့တိုက်စာရာရှိလို့ မမမွှေးတို့ ပြန်တဲ့အထိ၊ မစောင့်နိုင်ဘဲ ပြန်သွားတယ်လို့ ပြောလိုက်ပါတဲ့၊ ဝတ်မှုံကို ပြောသွားတယ်၊ " ကျွန်တော်ငိုင်ပြီး နားထောင်နေတုန်း ဝတ်မှုံက ဆက်ပြောတယ်။

"မိုနာယောက်ျားက ဘာပြောလဲဆိုတော့လေ၊ တို့များ ဖေဖေရဲ့ ရွှေငုံးမင်း အမြီးမျှော်တဲ့ဇာတ်ခုမှပဲ ဇာတ်ပေါင်းခန်း ရောက်မှာတဲ့။ ဖေဖေတို့များ အန်တီမွှေးကို လူပျိုကြီးလုပ်ပြီး ဒီအရွယ် ထိ စောင့်တာများ အံ့ပါရဲ့တဲ့ . . . "

ကျွန်တော် ဒီစကားကြားရမှ အသက်ရှုနိုင်တော့တယ်ဗျာ၊ ဝတ်မှုံအတွက်တော့ ဇာတ်လမ်းအသစ်ပေါ့၊ ကျွန်တော့် အတွက် တော့ ဇာတ်လမ်းအဟောင်း။

"ဟင်. . .ကိုကြီးတာ . . .ဘာငိုင်နေလဲ၊မမမွှေးယူမှာ လူပျိုကြီး လည်းဆိုသေးရဲ့၊ သူသားက အဲဒီမိုနာရဲ့ယောက်ျား။ ဘာတွေ လဲဟင်၊ ဝတ်မှုံ နားမလည်ဘူး"

"ဝတ်မှုံ မသိပါဘူးဟယ်. . . "

http://www.cherrythitsar.org



"မသိလို့ မေးတာပေါ့၊ ကိုကြီးတာက သိတယ်လား၊ ဘယ်လိုလုပ်သိတာလဲ. . ."

ကျွန်တော်မှာ ကျွန်တော့် ဇာတ်လမ်းပဲ ဝတ်မှုံမသိအောင် ဖုံးဖို့နဲ့ရှေ့စကား နောက်စကားညီအောင် ခဏစဉ်းစားနေရသေး တယ်၊ ပြီးမှ. . .

"ကိုကြီးတာက မွေးလက်ထပ်မှာကို သိတာမဟုတ်ဘူး။ ဟိုတစ်ခါ ဧည့်သည်တွေလာတုန်းက သူတို့အချင်းချင်း ပြောသံကြား တာပါ။ တစ်ခါတလေ လာလည်တယ်လေ၊ ဟိုဘီးဆံပတ်ကြီးတွေနဲ့ အဘွားကြီးနှစ်ယောက်မှာ ဒေါ်သောင်းစိန်ရဲ့သားအတွက် ခေါ်တဲ့ ဆရာဝန်ကြီးက အဲဒီရစ်ချက်ကို မွေးစားတာတဲ့" ကိုယ့်စကားကို ယုတ္တိရှိအောင် ဖုံးရတယ်။ "ဩော်. . . တစ်ညနေတုန်းက မမမွေးက ခင်မောင်ရင်ရဲ့ ဆိပ်ကမ်းသာ သီချင်းအကြောင်း ပြောတုန်းက သူ့ သူငယ်ချင်း အတွက်ဆိုတာ ထင်တယ်. . ."

"အေးပေါ့"

"ဆရာဝန်ကြီးလည်း ဆိုသေးရဲ့ နာမည်က အတွတ်တဲ့၊ အေးလေ တခြားနာမည်လည်း ရှိဦးမှာပေါ့၊ ကိုကြီးတာမှာလည်း တခြားနာမည်ရှိမှာဘဲ၊ ဝတ်မှုံကိုသာ ကိုဖိုးတာလို့ ပြောထားတာ။ စကားပြောရာမှ ခုမှထစ်အဲ ထစ်အဲ ဖြစ်သွားတာ မီးမလောင်ခင် တုန်းက ကိုကြီးတာစကားပြောတာ သိပ်တာတာပဲ။ ကိုကြီးတာဟာ တာလည်းတာသေး၊ တေလည်းတေသေး၊ ကိုတာတေကြီးလို့သာ နာမည်ပေးဖို့ကောင်းတယ်၊ ဘုရားသိကြားမလို့ အဲဒီဆရာဝန်ကြီး အတွတ်ဆိုသူဟာ သူတော်ကောင်းကြီး ဖြစ်ပါစေ၊ မမမွေးလိုပဲ ဝတ်မှုံတို့အပေါ် စေတနာကောင်းရှိပါစေ. . ."

ဝတ်မှုံဟာလေ သူ့စကားသူပြော၊ သူ့အမေးသူဖြေပြီး သူ့သောက ပူပန်မှုလေးကို ဖြေဖျော်နေတယ်။

http://www.cherrythitsar.org



"မပူပါနဲ့ ဝတ်မှုံရယ်၊ အဲဒီလူ စိတ်ကောင်း သဘောကောင်း ရှိလို့လည်း မင်းရဲ့ မမမွှေးအနားကပ်နိုင်တာလို့ ကိုကြီးတာ ထင်တာ ပဲ၊ မထိုက်ရင်၊ မတန်ရင် လင်မယား အဖြစ်ကို မညားဖြစ်ဘူး။ ဘယ်လောက်ပဲချစ်ချစ်၊ အေးလေဆုလည်းတောင်းပေါ့။ ငါပြောခဲ့ပါ ပကော နေမဖြစ်လည်း အဘဆီပြန်ရုံပဲ"

"ဟင်. ."

ဝတ်မှုံက မျက်စောင်းလေးတစ်ချက် ကျွန်တော့်ဘက်ထိုး လိုက်ပြီး. . .

"အဘဆီပြန်၊ အဘဆီပြန်၊ ဝတ်မှုံက သာပြီး ပြန်ချင်သေး တယ် ကိုကြီးတာရေ၊ အစကတည်းက ရွံ့ထဲမှာမွေးလာ၊ ရွံ့တွေလူး နေတဲ့ မိမှုံဟာ ရွံ့အိုင်ထဲမှာသာ ပျော်တာ၊ ကျွဲမ ကျွဲမ၊ ရွှေရေးဆောင် မှာ ရွှေအိုင်က ရေကိုချိုးပြီး ပျော်နိုင်တဲ့ကောင်မ မဟုတ်ဘူး။ ဟောဒီ ကိုကြီးတာဆိုတဲ့ ကိုဖိုးတာကြီးကြောင့် သိရဲ့လား။ သူဟာ ငါ့ကို ချစ်လို့ နေရတာ ဘယ်လိုလည်း တောမှာပျော်တယ်ဆိုပေမဲ့ တကယ်တော့ အရင်က အရာရှိတစ်ယောက်ဖြစ်ခဲ့တယ်။ သူပျော်ရာ ငါတစ်လှည့်လိုက်ဦးမှဆိုပြီး၊ မိမှုံ အဘကိုပစ်ပြီး လင့်တစ်မျက်နှာ တစ်ရာထင်ပြီး လိုက်လာတာ. . . သိလား" သူ့မျက်လုံးမှာ မျက်ရည် ဝေ့ပြီး ကျွန်တော့်ကို လက်ညှိုးလေး တထောင်ထောင်နဲ့ ရန်တွေ့ သလို ပြောတော့ သူ့ခေါင်းလေးကို ဆွဲယူပြီး ရင်ခွင်ထဲမှာ ပိုက်ထား လိုက်ရတယ်။ ဝတ်မှုံပြောတာ အမှန်တွေချည်းပါပဲလား။

ယောကျ်ားများနော်၊ တကယ်တော့ အချစ်ရေးမှာ သဝန် ကြောင်တဲ့စိတ် မိန်းမထက် ပိုပါတယ်၊ မွှေးဟာ ကျွန်တော်နဲ့ ဘာဆိုဘာမှမဆိုင် သိသားပဲ၊ ဒါပေမဲ့လည်း မပိုင်မဆိုင်ရသော်လည်း ခုလို အတွတ်ကြီးနဲ့ လက်ထပ်ကြတော့မယ်လို့ သိရတော့ ရင်ထဲမှာ တုန်လှုပ်မိသေးတယ်၊ နှမြောသလိုလို၊ တားမြစ်ချင် သလိုလိုပဲ။

တချို့ ယောကျ်ားတွေဟာ ကိုယ်သာအလေလိုက်ပြီး ဆယ်မယားယူယူ၊ကိုယ်က တရားဝင်ကွာခဲ့တဲ့ မယားကြီးများ၊ သူ့ဟာသူနောက်အိမ်ထောင်ပြုရင် မကျေနပ်တာတွေ တွေ့ခဲ့ဖူးတာ အထူးအဆန်း မဟုတ်တော့ဘူးနော်. . . ။ ကျွန်တော်ဟာ အဲဒီယောကျ်ားတွေကိုလည်း ခွင့်လွှတ်စိတ်ဖြစ်လာပါတယ်။

အေးလေ . . . ဘာဘဲဖြစ်ဖြစ် မွှေးဟာ သူ့ကိုယ်သူ အဘွားကြီးဂိုက်ဖမ်းပြီး အဘွားအိုလေးလိုနေလို့သာကို၊ တကယ်တော့ သူဟာ အရွယ်ရှိသေးတယ်၊ သူ့အနေနဲ့လည်း နောက်အိမ်ထောင်ပြုမယ်ဆိုရင်၊ ဘယ်သူကမှ မွှေးကို ဘာအကြောင်းပြပြီးမှ ကန့်ကွက်စရာ မရှိဘူး။

အထူးသဖြင့် အတွက်ကြီးနဲ့ဆိုတော့ သာပြီး ဘက်ညီပါတယ်။ တနေ့နေ့မှာ တခြားယောကျ်ားတယောက်ကို စိတ်ညွတ်ပြီး ယူသွားလည်း ကျွန်တော်တို့ ဘာတတ်နိုင်မှာလဲ ခင်ဗျာ။

ခုတော့ အတွတ်၊ အို. . . ကျွန်တော့် အချစ်ဆုံး သူငယ်ချင်း အတွတ်။ ကျွန်တော်လည်းသူခေါ်လို့ မွှေးထံပါးကို ရောက်ခဲ့ရတာ။ ကိုကိုနိုင်ဆိုတဲ့သူကလည်း သူတတွတ်တွတ်နဲ့ မွှေးအကြောင်း ရွှက်ဖတ်သရဖျှယ်လွန်းလို့ မွှေးဆိုတဲ့၊ ခြုံနွယ်တွေပိတ်နေတဲ့ အချစ်နတ်သမီး ရုပ်ပွားလေးကို တူးဖော်ရှာဖွေတွေ့ရှိ သွားရတာပါ။

ခုမှပဲ သူ့မှာသူရဲ့အချစ် ရွှေရုပ်တုကို သူ့ရင်ခွင်မှာ သိမ်းပိုက်ခွင့်ရတဲ့အတွက် ကျွန်တော်ဟာ သင့်တဲ့အခန်းက ပါဝင်ကူညီရမှာပေါ့။

မင်းလောင်း မောင်ဇနက္က (ခေါ်) ဇွဲကောင်းလှပါသော အတွတ်ကို ကြိုဆိုရမယ့်နေ့ ရောက်လာပါပြီ။ ဆွေစု မျိုးစုနဲ့အတူ ဖုတ်သွင်းရထားနဲ့ လေယာဉ်ပျံကွင်းကို သွားကြိုရတော့မယ်။ ဒေါ်သီဝလိဒေဝီခေါ် မွှေးကတော့ သူ့ကားနဲ့ပဲ သွားမယ်တဲ့။

အဘွားကြီးတွေနဲ့ ရစ်ချတ်တို့က သွားနှင့်တယ်။

မွှေးဟာ ဘယ်တော့မှ ဆန်းဆန်းပြားပြား မဆင်တတ် သလို ဒီနေ့လည်း သူဆင်ပြင်လာပုံဟာ ခပ်ရိုးရိုးပါပဲ၊ ဒါပေမယ့် ကျွန်တော့်စိတ်ထဲ ဒီညနေ သူဟာ ပိုလှနေသလိုပဲ။

ပြီးတော့ ငယ်ငယ်တုန်းက အတွတ်နဲ့ ကျွန်တော် လိုက်သွား ပြီး သူ့ကို ပထမဆုံး တွေ့တဲ့နေ့၊ သော်ကရွာက သူတို့ပန်းခြံဝန်းထဲမှာ တွေ့ခဲ့ရတဲ့ ညနေစောင်းမှာတုန်းက ဝတ်တဲ့ လုံချည်များလား။ ဒီလုံချည်ဟာ နှစ်ပေါင်းသုံးဆယ် ခံနိုင်ပါ့မလား၊ အသိမ်းအဆည်း အဝတ်အစားကို ရိုသေရင်ကော ခံရင်လည်း ခံမှာပေါ့လေ။

အပြာပေါ်မှာ အဝါခက်တွေပါတဲ့ လုံချည်ပါပဲ၊ အကျီ လက်ရှည်အဖြူ မထူးမပါးကိုဝတ်လို့၊ ကတ္တီပါစဖိနပ်၊ နက်ပြာ ပါးပါးလေးကို စီးထားတယ်။ နှုတ်ခမ်းကတော့ ပန်းနုရောင်ကို ပြေပြေလေးဆိုးထားလို့ ခါတိုင်းလို ဖြူဖျော့ဖျော့ကြီး ဖြစ်မနေဘူး။

သူ့နဂိုမျက်ခုံး ညိုညိုမှောင်မှောင်ကြီးကတော့ ခုခေတ် လို မင်သဖို့လည်းမလို၊ ကာချယ်ဆွဲဖို့လည်းမလိုဘူးလေ။ အိမ်ပေါ် လှေကားက သူဖြေးဖြေးဆင်းလာပုံကို ကျွန်တော် မသိမသာကြည့်ရ တယ်။ ဩဘ်ခြေလှမ်းကတော့ အရင်လို မသွက်တော့ဘူး၊ တက်တက်ကြွ ကြွ မရှိတော့ဘူး။

“ဝတ်မှုံရေ” တဲ့ လှမ်းခေါ်ပြီး လှေကားရင်းမှာ ခပ်ငေး ငေးလေး စဉ်းစားနေတယ်။

“မမ. . . ဘာလုပ်မလို့လဲ”

သူ့ကိုယ်သူ ခပ်ငြီးငြီးလေး ပြောနေတယ်။

“အင်း. . . ခုလိုတော့ရှုံးက အပြည့်ပါပဲ၊ လေယာဉ်ကွင်းမှာ လူတွေ ရုတ်ရုတ်မြင်ရရင် မွှေးကခြေလှမ်းတွေက ယိုင်သွားမှာ ဒီတော့ ဝတ်မှုံကိုတွဲဖို့ ခေါ်သွားရကောင်းမလားလို့ပါ။ ကိစ္စ မရှိပါဘူးလေ၊

http://www.cherrythitsar.org



မိုနာရှိသားပဲ၊ အတွက်က ညစာ ဒီမှာစားမှာဆိုတော့ ဝတ်မှုံကလည်း မအားပါဘူး၊ ကိုဖိုးတာကသာ လေဆိပ် ညှော်ခန်းရောက်ရင် မွှေးအနားမှာနေနော်၊ မွှေးကလည်း အဲဒီလေလုံခန်း အအေးကြီးကို မခံနိုင်ဘူး၊ အသက်မရှူတတ်ဘူး။ ကဲ. . . သွားစို့၊ တစ်ယောက်တည်း ပြောပြီး၊ ကားရှိရာကို ရှေ့ကဆင်းသွားနှင့်တယ်။

ငပလီက လာမယ့်လေယာဉ်ဟာ ညနေ ငါးနာရီလောက် ဆိုက်တတ်တယ်။ သူ့နာရီကို လက်မြှောက်ကြည့်ရင်း ပြောတယ်။ "ကိုဖိုးတာသွားစို့၊ မွှေးတို့နောက်မကျပါဘူးနော်၊ ခုမှ ၄ နာရီ ရှိသေးတာပဲ၊ အဘွားကြီးကတော့ စောစော ဆင်းစေချင်ပါတယ် မွှေးကလည်း လူထူထူများများထဲမှာ ကြာကြာနေရင် မူးတူး မောတောကြီး၊ သူတို့ကလည်း ခွဲနေကြတဲ့ အချိန်ကြာတော့ သားကို ပြန်တွေ့ရမှာဆိုတော့ ဝမ်းသာမှာပေါ့လေ၊ မွှေးတို့အချိန်မီ ရောက်မှာပါ"

"ဟုတ်ကဲ့ . . . " ကျွန်တော်လည်း ကားပေါ်တက်ပြီး လေဆိပ်ကို မောင်းလာခဲ့တယ်။ ကျွန်တော်နဲ့မွှေး လေဆိပ်ရောက်တော့ မိုနာနဲ့ရစ်ချတ်လည်း လေဆိပ်ဆင်ဝင်အောက်ကနေ မွှေးကို စောင့်နေတယ်။

"ဘွားဘွားတို့ အထဲမှာရောက်နှင့်နေပြီ"တဲ့၊ မိုနာက ဆီးပြော ပြီး မွှေးကိုစောင့်ခေါ်တယ်။ မွှေးဟာ ခြေလှမ်းမှန်မှန်နဲ့ပဲ ဆင်းသွား ပြီး ကျွန်တော် သူ့နောက်ကိုလိုက်ခဲ့ဖို့ မှာသွားတယ်။

လေယာဉ်ဆိုက်တော့ အဘွားကြီးကလည်း သားကိုဖက်လဲ တကင်းနဲ့ ဝမ်းသာအားရကြိုလို့၊ အတွက်ဟာ အသားနည်းနည်း ညိုသွားတာကလွဲလို့ ငယ်ရုပ်မပျောက်ပါဘူး။ ရစ်ချတ်လက်ထဲက သူ့မြေးကိုလည်း အသာယူပြီး နမ်းလိုက်သေးတယ်။ သူ့မေမေရဲ့ ပခုံးကိုဖက်ပြီး မွှေးရှိရာကို တန်းတန်းမတ်မတ် လျှောက်လာတယ်။

"ကဲ. . . မေမေတို့ သွားနှင့်မယ်၊ သားတို့ လိုက်ခဲ့ပေတော့" တဲ့၊ အဘွားကြီးက ကလေးထိန်းနဲ့အတူ ပြန်သွားတယ်။

အတွတ်ဟာ မွေးအပါးမှာ ရပ်လိုက်တော့ ကျွန်တော်လည်း မွေးနောက်တည့်တည့် ထိုင်ခုံကနေ ထပြီး ကြိုမိတယ်။

"မွေး. ."

အတွတ်ရဲ့အသံဟာ ကြည်လင်ပြတ်သားပြီး မျက်လုံး အရောင်ဟာ တဖိတ်ဖိတ် တောက်ပနေတယ်။ နှစ်သိမ့်ကြည်နူးမှု အပြည့်ရှိနေတဲ့ရင်ထဲက ခံစားချက်ဟာ သူ့မျက်နှာပေါ်မှာ ပေါ်လွင် နေတယ်။ တကယ်တော့ သူ့ခမျာလည်း ခုမှပဲ သူ့ရဲ့ အချစ်ပွဲမှာ အောင်ပွဲရမျက်နှာ ဒီတစ်ခါပဲ ရှိသေးတာကိုး။

"အတွတ်"

မွေးဟာ ကျွန်တော့်အပါးကနေ မတ်တတ်ရပ်ပြီး ကြိုလိုက် ပါတယ်။ သူ့အသံ ကတုန်ကယင်ဟာ သူ့ရင်တွင်း ခံစားမှုကို တစ်ဝက် တစ်စိတ် ဖော်ပြနေပုံရတယ်။

"အတွတ်ကို ကိုယ်တိုင် လာကြိုတယ်နော်၊ ကတိတည်သား ပဲ၊ အတွတ် သိပ်ဝမ်းသာတာဘဲ"

"မွေးပြောတာတွေ လက်ခံပဲ့ါမယ်။ ဆက်ဆက် လာကြိုပါ ဆိုတော့ မွေးကလည်း ကတိတည်ရတာပေါ့"တဲ့၊ မွေးက ပြုံးပြပြီး ပြောပါတယ်။

"ဖေဖေ. . . သားတို့ကားမှာ ဖေဖေပစ္စည်းတွေ အားလုံး ပြည့်သွားပြီ၊ ဖေဖေ အန်တီမွေးကားနဲ့ပဲ လိုက်လာခဲ့ပေတော့၊ သားတို့သွားနှင့်မယ်"

"ဟုတ်တယ် အန်ကယ်၊ မိုနာတို့ အန်ကယ့်ပစ္စည်းတွေ အားလုံး အိမ်ကို ယူသွားမယ် စိတ်ချ"

မိုနာရော၊ ရစ်ချက်ရော ဘေးတီးပေးသူတွေအနေနဲ့

http://www.cherrythitsar.org



တစ်ယောက်တစ်ယောက် မျက်စပစ်ပြပြီး အချစ်ရေးမှာ လက်နှေး တတ်တဲ့ ငတွတ်ကြီးအကျင့်ကို သိပြီးသားအတိုင်း အတွတ်ကို မွှေးရဲ့ ကားပေါ် တွန်းပို့နေကြတယ်။

"အန်တီမွှေးက အန်ကယ်အတွတ် ညစာစီစဉ်ပြီးသား၊ မိုနာတို့အိမ်မှာ အန်ကယ်အတွက် ဘာမှလုပ်မထားဘူး၊ အန်ကယ် ညစာစားပြီးမှ ပြန်ပေတော့"

မိုနာဟာ ပြုံးပြုံးရွှင်ရွှင်နဲ့ ပြောဆိုနှုတ်ဆက်ပြီး လေဆိပ်ရဲ့ ခန်းမအပြင်ကို ထွက်သွားကြတယ်။

"အတွတ် ဘာပစ္စည်းကျန်သေးလဲ"

"မကျန်တော့ဘူး မွှေး၊ လက်ဆွဲအိတ်ပဲရှိတယ်" အတွတ်က သူ့လက်ထဲက လက်ဆွဲအိမ်ကို ပြလိုက်တယ်။

"ကိုဖိုးတာကို ပေးလိုက်လေ။ အတွတ် ၊ သူကလေ ကိုဖိုးတာတဲ့၊ မွှေးကားကို မောင်းတဲ့သူ၊ ဒီညစာဟာ ကိုဖိုးတာရဲ့ ချစ်ဇနီး ဝတ်မှုံလက်ရာပဲ၊ ကိုဖိုးတာ ဒါက ခုန ရစ်ချတ်ရဲ့ဖေဖေ။ ဆရာဝန်ကြီး ဦးမိုးကောင်းခေါ် အတွတ်တဲ့၊ မွှေးတို့ ဝါးခယ်မ သားဘဲ၊ မွှေးတို့နဲ့ ခြံချင်းကပ်လျက် သိပ်ခင်တာ"

အတွတ်က ကျွန်တော့်ကို ပြုံးကြည့်လိုက်တော့ ကျွန်တော့် ရင်ထဲ ဒိန်းဒိန်းနဲ့ ခုန်သွားတာပဲ၊ သူလုံးဝမှန်မိပုံတော့ မပေါ်ပါဘူး။ ကျွန်တော် နှုတ်ခမ်းတွေ တလှုပ်လှုပ် တုန်လာပြီ။

"အတွတ်ရေ၊ ငါဟာ ဖရက်ဒီ မင်းရဲ့အချစ်တော် တင်အောင်ထွန်းပါကွ" လို့ အော်ပြီးသာ ပြောလိုက်ချင်တယ်။ လည်ချောင်းဝမှာ ဆို့လာတဲ့ အလုံးကြီးကို မျိုချလိုက်ပြီး၊ သူ့လက်ဆွဲ အိတ်ကိုယူဖို့ ကျွန်တော် လက်ကမ်းလိုက်တယ်။

"ကျွန်တော်နိုင်ပါတယ်၊ ခင်ဗျားနာမည်က ကိုဖိုးတာတဲ့ လား၊ မွှေးကို ကိုဖိုးတာတို့ လင်မယား စောင့်ရှောက် ပြုစုနေတယ်

လို့ သိရလို့ သိပ်ပြီးကျေးဇူးတင်ပါတယ်။ လာသွားစို့” ဆိုပြီး သူတို့နှစ်ယောက် ရှေ့ကသွားနှင့်တယ်၊ သူတိုစုံတွဲ ရှေ့ကထွက်သွားတာကို ခဏ ငေးနေမိတယ်၊ နောက်မှ ကမန်းကတန်း လိုက်သွားပြီး ကားရှိရာကို ကျွန်တော် အရင်ဦးအောင် လျှောက်သွားရတယ်။ ကားကို မောင်းယူလာပြီး၊ သူတို့ရှေ့မှာ ထိုးရပ် ကားတံခါးကို အဆင်သင့်ဖွင့်ပေး၊ ဟိုဒင်းပေ့ါလေ၊ ဒရိုင်ဘာတို့ ၀တ္တရားရှိသည့် အတိုင်းပေ့ါခင်ဗျာ။ ကျွန်တော်ဟာ ပေ့ါပါး သွတ်လက်စွာ လုပ်ပေးမိတယ်။ ကားနောက်ဘက်မှာ အတွတ်ရယ်၊ မွှေးရယ် ယှဉ်တွဲထိုင်လိုက်ပြီး၊ ကျွန်တော်တို့ဟာ လေဆိပ်က ထွက်ခွာလာကြတယ်။

ဩော်. . . နေ၀င်ရိုးရီမှာ ချစ်သူသုံးဦးတို့ ရန်ကုန်မြို့ ၀င်လာခန်းဟာဖြင့် ဘယ်လိုစာဖွဲ့ရမှာလဲ ဒေါ်ခင်နှင်းယုရယ်။

ဒါပေမယ့် ကျွန်တော် ကျေနပ်ရမယ်လေ၊ ကျေနပ်ရမယ်၊ ကားမောင်းရင်း ကိုယ့်တရားကိုယ်ချပြီး၊ စိတ်ကို ငြိမ်အောင် ထိန်းလိုက်တယ်။ ကားကိုလည်း ငြိမ်သက်ဖြောင့်မတ်အောင် ကျွန်တော် မောင်းလိုက်တယ်။ ကားပေါ်ပါလာသူ နှစ်ယောက်ဟာ တခါက ကျွန်တော်ရဲ့ အချစ်ဆုံးသူနှစ်ဦး မဟုတ်ပါလား။

အတွတ်က မင်္ဂလာဒုံနယ်မြေ အလွန်လောက်မှာမှ မွှေးကို စကားစပြောတယ်ခင်ဗျ။

“ဒါပဲနော် အိမ်ရောက်ရောက်ချင်း အတွတ် ပစ္စည်းတွေက မွှေး၀ယ်ထားတဲ့ သက်န်းပရိက္ခရာအစုံလို့ ထိုးမပြရဘူး”

အတွက်က ဒီလိုပြောတော့ မွှေးက အသံ ထွက်အောင် ရယ်တယ်။

“မွှေး. . . နားလည်ပါတယ် အတွတ်ရယ်” လို့ ပြန်ပြောလိုက်တယ်။

“သိနိုင်ဘူးလေ၊ မွှေးဒါမျိုး သိပ်လုပ်တတ်တာ၊ လူများမှာဖြင့်

http://www.cherrythitsar.org



သူ့စာကို မျှော်ရတာ အမော၊ စာကို ဖတ်တော့လည်း မရှင်းမလင်းနဲ့၊ နှောင်ကြိုးတွေ တသီကြီးသူ့ကိုယူရမဲ့ရေး ဒုက္ခရစရိယာ ဘယ်နှနှစ် ကျင့်ရဦးမလဲ၊ ဒုလ္လဘရဟန်း ဝတ်ရင်လဲ ခုနစ်ရက်ပဲ ဝတ်နိုင်မယ် နော်၊ ဒါဘဲ"

"ခုနစ်ရက်ပဲဖြစ်ဖြစ်၊ ခုနစ်နာရီဘဲဖြစ်ဖြစ် ဝတ်ပေါ့"

"ပြီးတော့လည်း ဘယ်လိုနားလည်ရမှာလဲ၊ နောက်ဆုံးသတ်၊ ကဗျာက အဓိပ္ပာယ်တွေ များလိုက်တာ။"

"တရားသံဝေ၊ အောက်မေ့ ချေသော်
ကြွေးရွှေဂဟော၊ မစပ်ချေသို့
စာပေတတ်မွန်၊ ဓမ္မက္ခန်နှင့်
ကျမ်းဂန်သိမြောက်၊ ပဥ္စင်းရောက်က၊
ထပ်လျောက်ကြင်ဖွယ်၊ ရှေးသောနှယ်ကို
အဘယ်ကြိုးရှာပေတော့မည်တဲ့"

"အမလေးဟဲ့၊ ကဗျာကို၊ အလွတ်ရအောင်ကို ကျက်ထား တာပဲ၊ အိမ်ကျမှပဲ မေးစရာပြောစရာရှိတာမေးပါ အတွတ်ရယ်၊ အိမ်ရောက်အောင်တောင် မစောင့်နိုင်တော့ဘူး" မွှေးစကား ဆုံးတော့မှ အတွတ်က အားရပါးရ ရယ်လိုက်သံကို ကျွန်တော် ကြားရတယ်။

အိမ်ရောက်တယ်ဆို ဝတ်မှုံဟာ ဆင်ဝင်ဝက ဆီးကြိုပြီး၊ ကားတံခါးကိုဖွင့်လေးတယ်၊ ပါလာတဲ့ ပစ္စည်းအချို့ သယ်တင်သွား တော့မှ ကျွန်တော်ကားကို ဂိုဒေါင်ထဲ မောင်းသွားပြီ၊ တခါထဲ ကျွန်တော့်အိမ်ခန်းကို ပြေးတက်သွားမိတယ်။

အိပ်ရာပေါ် လှဲချလိုက်ပြီး အသက်မှန်မှန် ရှူနိုင်အောင် ကြိုးစားရတယ်။ မောနေသလိုလို၊ စိတ်အိုက်သလိုလိုပဲ၊ တကယ် တော့ ကျွန်တော့်ရင်ထဲ စိတ်တွေပြိုင်နေကြတယ်လေ။ ဝမ်းသာ

သလိုလိုနဲ့ ကျွန်တော် ဝမ်းနည်းနေတယ်။

မကြာခင်ပဲ ဝတ်မှုံဟာ ထမင်းချိုင့်ဆွဲပြီး အခန်းထဲကို ဝင်လာတယ်။

"ကိုကြီးတာ နေမကောင်းဘူးလား၊ ဝတ်မှုံ ထမင်းပြင်တော့မယ်နော်၊ ပူပူနွေးနွေးစားလိုက်"

"နေကောင်းပါတယ်၊ ခဏမောလို့ လှဲနေတာပါ"

"မမမွေ့က မှာလိုက်တယ်၊ ကိုကြီးတာ ထမင်းစားပြီးရင် ကားသိမ်းနားပေတော့တဲ့၊ ဆရာဝန်ကြီးကလေ သူ့အိမ် တယ်လီဖုန်းဆက်လိုက်တယ်၊ သူ့အိမ်က ကားလာကြိုတယ်"

"သြော်" ကျွန်တော်ဟာ ဘာစကားမှ ဆက်မပြောဘဲ ဝတ်မှုံ ထမင်းပွဲလည်း ပြင်ပြီးရော၊ ထစားလိုက်တယ်

"ဆရာဝန်ကြီးကလေ၊ ဝတ်မှုံ ထမင်းစားရင်း အကဲခတ်ကြည့်တယ်၊ သဘောကောင်းပုံရတယ်နော်၊ မမမွေ့ကိုလဲ သိပ်ဂရုစိုက်တာပဲ၊ ပြီးတော့လည်းလေ၊ ဝတ်မှုံ ထမင်းလိုက်တဲ့အခါ ဝတ်မှုံမျက်နှာကို ပြုံးကြည့်ပြီး ပြောတယ်။ ကျေးဇူးတင်လိုက်တာကွယ်တဲ့၊ မင်းတို့ မမမွေ့ကို ခုလိုစားချင်တာ ဖွယ်ဖွယ်ရာရာ ချက်ကျွေးပြီးပြုစုနေတာသိရလို့ ကိုယ်ဝမ်းသာ လိုက်တာတဲ့၊ ကိုယ်သတင်းကြားနေတာက ကိုကိုနိုင် ဆုံးပြီးကတည်းက ဒီအိမ်ကြီးမှာ သူတစ်ယောက်တည်းလို့ သိနေတာတဲ့။ ဝတ်မှုံကိုလည်း ပြောတယ်။

ပြီးတော့လေ မမမွေ့က ဘာမှပြောရတယ်မရှိဘူး၊ သူက ချည်းပဲ ပြောတယ်။ အစာလည်းဆေး၊ ဆေးလည်းဆေးပဲတဲ့၊ အဟာရဖြစ်တဲ့ အသားအသီးအနှံတွေကို များများစားပေးမှပေါ့ မွေ့ရဲ့ ဆိုပြီး၊ ဟင်းဖတ်တွေ မမမွေ့ပန်းကန်ထဲထည့်၊ ထမင်းမကုန်ချင်နေ၊ အဲဒီအသားနဲ့ ဟင်းသီးဟင်းရွက်ကြော်ကိုပဲ ထမင်းလွတ်စားစမ်းဆိုပြီး ကျွေးတာပဲ. . . မမမွေ့ကလေ . . .

http://www.cherrythitsar.org



ကဲပါလေ၊ အတွတ်ရယ်၊ အဲဒီဟင်းတွေ မွှေးစီမံထားတာပါ။ မွှေးက အိမ်ရှင်၊ မွှေးကကျွေးရမှာတဲ့၊ အဲဒီတော့ ဆရာဝန်ကြီးက ပြန်ပြောတယ်။ အဲဒီအိမ်ရှင်မက သူတစ်ပါးကိုသာ ထိုင်ကျွေးနေတယ်၊ သူ့ပါးစပ်ထဲဖြင့် အသားဖတ်ဝင်အောင်မစားလို့ မာလာငွေဖော့ ကြွေတော့မယ်ပုံဖြစ်နေတာသိရဲ့လား၊ ဆရာဝန်မျက်စိနဲ့ ဒီက အကောင်က လေယာဉ်ပျံပေါ်ကအဆင်း လှမ်းကြည့်လိုက်ကတည်းက ဘယ်လိုအဟာရဓာတ်ချို့ယွင်းနေတယ်ဆိုတာ သိပြီးပြီ၊ သိပြီးပြီ၊ ဒါဘဲနော်. . . စားဆိုရင်စား၊ အိပ်ဆိုတဲ့အချိန် အိပ်ရမယ်။ တစ်ခါတည်း (လေ)စားပြီး အငွေ့နဲ့ပဲအစာဝတဲ့ နတ်သမီးကျနေတာပဲတဲ့"

ဝတ်မှုံကလည်း အပြောကောင်းကောင်းနဲ့ လက်ဟန်ခြေဟန်ရော၊ ကျွန်တော်မမြင်ရသော်လည်း ငတွတ်ကြီးရယ်၊ မွှေးကို ထမင်းကျွေးခန်းကို သရုပ်ဖော်နေတော့တယ်။ ပြီးတော့မှ သူ့မျက်နှာလေးဟာ စိုးရိမ်တဲ့ အမူအရာပြောင်းသွားပြီး. . .

"ဒီလိုဆိုတော့၊ ကိုကြီးတာရယ်။ ဝတ်မှုံတို့ကို သူနဲ့မမွှေး လက်ထပ်ပြီးတောင် ဆက်ခန့်ထားဖို့ သေချာပါတယ်နော်" တဲ့ သူလည်း စိုးရိမ်စိတ်ကို ဖော်ပြရှာတယ်။

"အေးပါတယ်၊ မပူပါနဲ့၊ ဒီလူ သဘောကောင်းပါတယ်. . "

"အောင်မယ်ကိုကြီးတာက ဘယ်လိုလုပ်သိလဲ. . . . သဖြင့် ခုနပဲ တွေ့ရပြီး. . . "

"ကိုကြီးလည်း ဝတ်မှုံလိုပေါ့၊ တွေ့သမျှအချိန်ကလေးမှာ အကဲခတ် ကြည့်ရတာလေ" လို့ ကျွန်တော်စကား ကျွန်တော် အဖုံးအပိတ်နဲ့ ပြန်ပြီး ပိတ်ရတယ်။

"ဒါတွေ မပူပါနဲ့ ဝတ်မှုံရယ်၊ တို့မြို့တက်လာပြီး၊ ကသိကအောက်ဖြစ်နေချိန်မှာ သူအိမ်ရဲ့ အရိပ်အဝန်းမှာ စိတ်ချမ်းသာ

http://www.cherrythitsar.org



ကိုယ်ချမ်းသာနဲ့ နေခွင့်ပြုတဲ့ ကျေးဇူးရှင်တစ်ယောက်ဟာ သူ့ကို ကောင်းကောင်းမွန်မွန် ပြုစုစောင့်ရှောက်တဲ့ ချစ်သူတစ်ယောက် ရင်ခွင်ထဲရောက်သွားရတယ်ဆိုရင်၊ တို့ဝမ်းသာရမှာပေါ့”လို့

ကျွန်တော့် လေအေးနဲ့ ဝတ်မှုံကို ကျွန်တော်ရဲ့ စေတနာရင်း တရားကို ဟောလိုက်ရတယ်။ ဝတ်မှုံလည်း သဘောပေါက်သွားပါ တယ်။ ကျွန်တော်တို့ ထမင်းစားပြီး၊ အိပ်ရာမဝင်ခင်မှာပဲ ကားတစီး ရောက်လာသံကြားလို့ ဝတ်မှုံ အိမ်မကြီးဘက် ကူးသွားတယ်။

အတွတ်ပြန်သွားလို့ တံခါးတွေအားလုံးပိတ်ပြီးမှ ဝတ်မှုံ ပြန်လာတယ်လို့ ဝတ်မှုံက ပြောပြတယ်။

* * * * *

# အခန်း(၈)

## ချင်

(ချင်)ဆိုတဲ့ အကောင်ဟာဖြင့် ကျွန်တော့်ကို ကိုက်လာပြန်ပါပြီ၊ ဒေါ်ခင်နှင်းယုရေးတဲ့ ပွဲတွေ့ အမြတ်တရားထဲက ချင်လေ။

တစိမ့်စိမ့်တွေးလေလေ၊ ဒေါ်ခင်နှင်းယု ရေးပြတဲ့ ခကွေးယပင့် သေတ်ချင်နဲ့ ခကွေးယရစ် သေတ်ခြင် စကားနှစ်လုံးအဓိပ္ပာယ်ကို ကျွန်တော် သဘောပေါက်လေဘဲ။

ကျွန်တော်ဟာ သံသရာတို့၊ ဘဝတို့ အကြောင်းတွေးတဲ့အကောင် မဟုတ်ပါဘူး။ တွေးလောက်အောင် သံဝေဂကလဲ ရစရာကျွန်တော်တို့မှာ မရှိခဲ့ပဲ။ လောကကို မုန်းလာတယ်။

ဘဝတစ်ဖန်ဖြစ်လာမှာကို ကြောက်တယ်ဆိုတဲ့လူတွေဟာ၊ မုန်းစရာ၊ ကြောက်စရာ အထိနာမှ သံဝေဂဆိုတာ ရတတ်တာမျိုး၊ ကျွန်တော်တို့က မီးလောင်မခံရခင် ရွှေပိုင်းမှာ တင်အောင်ထွန်းတို့လူတန်းစားက မိုးပျံနေတဲ့ လူတန်းစားဆိုတော့ ဒေါ်ခင်နှင်းယု

## ၂၄၂ ခင်နှင်းယု

အသိပါဘဲ။

ဒါကြောင့်လည်း ယပင့်ချင်တွေ သံသရာတစ်လျှောက် ကိုက်လာတာကိုလည်း သတိမထားပါဘူး၊ မျက်မှောက်ဘဝမှာ ဒီချင်ကိုက်ခံရလို့ အရိုးထိအောင် အကိုက်ခံရလည်း၊ ပင်နဲ့စလင်က အစ၊ ဆေးမျိုးစုံထိုးပြီး ဒီချင်ကိုက်လို့ရတဲ့ ရောဂါကို ကုသခဲ့ကြတာ။

ဒီချင်ကို ဘယ်လိုနှိမ်နင်းမယ်၊ ဒီချင်ကို ခန္ဓာကိုယ်အကိုက်မခံရအောင် ဘယ်လိုကာကွယ်မယ် ဆိုတာကို အိပ်မက်ထဲတောင်မမက်ခဲ့ဘူး။

ချစ်ပင်လယ်ကြောဝယ်×နှစ်သွယ်မျှောမူ × ဆယ်သောသူ မုန်းလိမ့်မယ် ဆိုတဲ့ သီချင်းထဲကလိုပါပဲ။ ဒီချင်ကိုက်လို့ရတဲ့ရောဂါကို ကုလို့ပျောက်တဲ့ဆေး ရှိပါတယ်လို့ လာပြောတဲ့သူကို ရန်သူလိုတောင် ထင်သေးတယ်၊ စစ်ကြေညာလိုက်ချင်သေးတယ်။

ဩော် . . တကယ်တော့ ယရစ်သက်ရှိသတ္တဝါခြင်ကောင်က ရေအိုင်ဆေးဖျန်း၊ ရေဗွက်တွေ မြေဖို့၊ မြက်ရှင်းရုံနဲ့ ကာကွယ်လို့ရတယ်။ အကိုက်ခံရလို့ ရောဂါကလည်း တစ်ဘဝပါ။ ကုသလို့ပျောက်လွယ်ပါတယ်။ ကျွန်တော်တို့ ဂုဏ်ကြီးရှင်တွေမှာဆို ခြင်ဆန်ခါ တပ်ထားရုံနဲ့ ခြင်ထောင်တောင် မထောင်ရတော့ဘူး။ တစ်အိမ်လုံး ခြင်ကာကွယ်နိုင်တယ်။

ယပင့်ချင် . . . ယပင့်ချင်၊ ဒီချင်ကတော့ သံသရာမှာ လိုက်ကိုက်၊ခုလည်းကိုက်၊ ဒီချင်က ရတဲ့ရောဂါပိုးက နောက်ဘဝအထိ ကူးစက်ပြီး ဘဝရှိသမျှ အကိုက်ခံရ နေတော့မှာဘဲ။ ခုမှ ဒီအတွေး က တွေးမိတာပါနော်။

အခုလည်း ကျွန်တော် လုပ်ချင်တဲ့ဆန္ဒ၊ တခုပေါ်လာပြန်ပြီ၊ ဒီဆန္ဒကတော့ ကောင်းသော ရည်ရွယ်ချက်နဲ့ လုပ်ချင်သော ဆန္ဒပါပဲ။

http://www.cherrythitsar.org



မွှေးနဲ့ အတွတ်တို့ တရားဝင် စေ့စပ်ကြတော့မယ်တဲ့။ မွေးကတော့ အကဲခတ်ကြည့်ရတာ အတွတ်ကို ဒုလ္လဘရဟန်းခံ ပေးပြီးရင် သူတို့လက်ထပ်ပွဲကို သိပ်သိပ်သည်းသည်းနဲ့ အကျဉ်းရုံး ချင်ပုံရတယ်။

အတွတ်တို့ဘက်ကတော့ သိပ်သိပ်သည်းသည်း လုပ် တောင်၊ အတွတ်အမေ ဒေါ်သောင်းစိန်ဟာ သမီးချင်းစာနာတဲ့ သဘော၊ မွှေးကို ဦးစားပေးချင်တဲ့သဘော ရှိတယ်။

ပြီးတော့ သူတို့ရဲ့သား လူပျိုကြီးဟာဖြင့် သူ့အမေ စိတ်ကြိုက်၊ သူ့စိတ်ကြိုက် မိန်းမကို လက်ထပ်ရမယ့်အချိန်မှာ ဝမ်းမြောက်ဝမ်းသာ တခမ်းတနား ချီးမြှောက်ချင်ပုံပါတယ်။

မွှေးဆန္ဒအတိုင်း အကျယ်မချဲ့သော်လည်း အပျိုနုနုထွတ် ထွတ်လေးကို လက်ထပ်ဖို့ အစီအစဉ် ထုံးစံအတိုင်းလုပ်ဖို့ ဒေါ်သောင်းစိန်ရဲ့ စီမံမှုကို မွှေးက လက်ခံလိုက်ပါတယ်။

ဒါကြောင့် မွှေးကို လူကြီးစုံရာနဲ့ လာရောက်တောင်းဖို့၊ စေ့စပ်ဖို့နေ့ကို သတ်မှတ်လိုက်ကြပါတယ်။

အဲဒီရက်မတိုင်မီ တစ်ပတ်လုံးလိုလိုပဲ ကျွန်တော် အိပ်မ ပျော်ဘူး၊ ကျွန်တော့်အကြံအစည်ကို လုပ်သင့်၊ မလုပ်သင့် ဘယ်လိုလုပ်ရမယ်ဆိုတာ တွေးနေမိတယ်။ နောက်ဆုံးတော့ ဖြစ်လာတဲ့ ပြဿနာကို နောက်မှ ကြည့်ရှင်းတော့မယ်လို့ဆုံးဖြတ်ပြီး ကျွန်တော့်အလုပ်ကို စတင်လုပ်ပါတယ်။

"အန်တီမာလေး
ကျွန်တော်လာတွေ့ပါရစေ
တင်အောင်ထွန်း"

ဆိုတဲ့စာကိုရေးပြီး ကိုမြင့်မောင်ကနေတစ်ဆင့် ပေးလိုက်တယ်။ ကိုမြင့်မောင် ပြောပြချက်အရ အန်တီမာလေးဟာ ဒီစာရွက်ကလေး

http://www.cherrythitsar.org



ကို ရင်မှာပိုက်ပြီး ငိုလိုက်တာတဲ့ခင်ဗျား။ သေရွာပြန်သဘော သက်ဝင်နေတဲ့ သူ့တူကို တွေ့ချင်လွန်းလို့ ဝမ်းသာဝမ်းနည်း ဖြစ်နေတယ်တဲ့။

ကိုမြင့်မောင်က ဖရက်ဒီမှာ အန္တရာယ်ရှိလို့ ပွင့်ပွင့်လင်းလင်း တွေ့လို့မဖြစ်သေးဘူး၊ သားကြီးလည်း မသိစေချင်လို့ပါ။ ဒါကြောင့် သားကြီး အိပ်ချိန်ရောက်မှ အန်တီမာလေးတို့ အိမ်ကြီးပေါ်က အခန်းတစ်ခန်းမှာဘဲ တွေ့ပါရစေလို့ ပြောခဲ့ရတယ်တဲ့။

ကျွန်တော်ဟာ ဒီနည်းနဲ့ပဲ ညတစ်ညမှာ ကျွန်တော် မွေးဖွားခဲ့တဲ့ အိမ်ကြီးရဲ့ နောက်ဖက် အခန်းတစ်ခုမှာ အန်တီမာလေးကို တိတ်တဆိတ် တွေ့ခဲ့ပါတယ်။

တွေ့တွေ့ချင်း မမှတ်မိနိုင်လောက်အောင်ပြောင်းလဲနေတဲ့ ကျွန်တော့်ရုပ်ကို ကြည့်ရင်း အံ့အားသင့်နေပုံရတယ်၊ ပြီးမှ . . .

"တရားတွေကိုသာ အားထုတ် မထားရင် ဖရက်တို့ မိသားစု အဖြစ်ဟာ အန်တီမာလေးကို ရူးလောက်ပါတယ်။ အဖြစ် ဆိုးလှချည်လား လူလေးရယ်" ဆိုပြီး ကျွန်တော့်ကို ဖတ်ပြီး ငိုတယ်။ ကျွန်တော်ရော၊ ကိုမြင့်မောင်ရော အန်တီမာလေးကို အတော် နှစ်သိမ့်ယူရတယ်။

"ကျွန်တော့် လက်ရေးမြင်မှ အန်တီမာလေးတို့ ယုံမှာမို့ ကျွန်တော်စာရေးရတာ၊ ဒီစာကို မီးရှို့ပစ်ပါ" ဆိုမှ အန်တီမာလေးလည်း စာကို မီးရှို့ပစ်တယ်။

"အန္တရာယ်ရှိတယ်ဆိုလို့သာပါ ရုပ်ပျက်ရုံမက တစ်ကိုယ်လုံးပဲ နူနေနေ၊ လူလေး ဒီအိမ်ကြီးပေါ် အချိန်မရွေး ပြန်လာပါ။ လူလေးပိုင်ဆိုင်ခွင့်ရှိတဲ့ ပစ္စည်းတွေလက်ခံပြီး မိဘမဲ့ သူသားကြီး ကျော်ထင်ဦးနဲ့ အတူနေပါ" တဲ့။

"ဩော် ...အန်တီမာလေး တရားရှိသူများဟာ ဘယ်ပစ္စည်း

http://www.cherrythitsar.org



ကိုမှ မက်မောဟန် မပြဘူးနော်”

“အန်တီမာလေး ကိုယ်ပျက်တာထက် ဆိုးတဲ့ ဂုဏ်သတင်း အကျင့်သိက္ခာ ကျွန်တော့်မှာ ပျက်ခဲ့လို့ အဲ့ဒီအပျက်ရဲ့ အရှိန်ဟာ ကျွန်တော်ချစ်တဲ့ သားကြီး ကျော်ထင်ဦးကို ထိခိုက်မှာစိုးလို့ ကျွန်တော် ခုလိုနေတာပါ။ တစ်နေ့ ကံရှိသေးရင် ကျွန်တော်နဲ့ သားကြီး ဒီအိမ်ပေါ်မှာ ပြန်ဆုံရမှာပေါ့။ ကျွန်တော် အခုလာတာ အမွေတို့ ငွေတို့ တခြားပစ္စည်းတွေ လိုချင်လို့မဟုတ်ဘူး။ အန်တီမာလေး သဒ္ဓါရင် ကျွန်တော့်ကို နှစ်ခုဘဲပေးပါ”. . . လို့ ကျွန်တော် အတန်တီမာလေးကို ပြောလိုက်တယ်။

“အို . . . အားလုံး လူလေးတို့ပစ္စည်းတွေပါ၊ ဖရက်တို့ ချမ်းသာတာ ဘာပစ္စည်းတွေ ရှိတယ်ဆိုတာ ဖရက်အသိပါ။ အားလုံး ကြိုက်တာယူနိုင်ပါတယ်။

“ကျွန်တော် နှစ်ခုဘဲ၊ အန်တီမာလေးဆီမှာ တောင်းချင်တယ်၊ တစ်ခုက ဖေဖေဝတ်နေကျ စိန်ရံထားတဲ့ မြလက်စွပ်တကွင်းရယ်၊ မေမေပန်နေကျ စိန်နားကပ်တစ်ရံရယ် ဒါပဲလိုချင်ပါတယ်” လို့ ကျွန်တော်က ပြောလိုက်တယ်။

ဖေဖေတို့ မေမေတို့နဲ့ အမြဲလက်ပွန်းတတီးနေခဲ့တဲ့ အန်တီမာလေးဟာ ဖေဖေတို့မှာ ဘာပစ္စည်းတွေ ရှိတယ်ဆိုတာကို ကျွန်တော်သိသလို သူလည်း သိခဲ့ပါတယ်။ နှောင့်နှေးခြင်း မရှိဘဲ ကျွန်တော်ကန်တော့တော့လဲ . . .

“ရှိရှိသမျှ ဝဋ်ကြွေးတွေ မြန်မြန်ကုန်ပြီး၊ လူလေး တင်အောင်ထွန်း ဒီအိမ်ကြီးမှာ ပြန်လည် ရောက်ရှိလာပါစေ” တဲ့ ဆုပေးလိုက်သေးတယ်။

အိမ်ပြန်ရောက်ပြီး နောက်နေ့မှာ ဝတ်မှုံနဲ့လေးတို့ ထွေးတို့ ညီအစ်မတွေလာကြပြီး မွေးနဲ့ အတွတ် စေ့စပ်ကြောင်းလမ်းပွဲ

http://www.cherrythitsar.org



အတွက် အလုပ်ရှုပ်နေကြတာကို ကျွန်တော် တဖက်က ကူရင်း၊ ကျွန်တော့် အလုပ်အတွက် ကျွန်တော့်အစီအစဉ်နဲ့ ကျွန်တော်လည်း အလုပ်ရှုပ်နေတယ်။

တပေါင်းလဆန်း ၁၄ ရက်နေ့ ညနေခင်းမှာ အတွတ်နဲ့ မွှေး စေ့စပ်ကြောင်းလမ်းပွဲကို မွှေးတို့အိမ်ကြီးမှာ လုပ်ခဲ့ကြတယ်။ အကျယ်မချဲ့ဘူး ဆိုတာတောင် ဒေါ်သောင်းစိန်ရဲ့ အစီအစဉ်အရ မင်္ဂလာဆောင် အသေးလေးကျနေတာဘဲ။

မွှေးတို့ဘက်ကလည်း အဒေါ်တွေ၊ ညီမလေးတွေနဲ့၊ အတွတ် ဘက်ကလဲ ဆွေစုမျိုးစု၊ ရစ်ချတ်မွေးတဲ့ သူ့မြေး ပေါက်စပါမကျန် စေ့စပ်ပွဲကို တက်တယ်။ ကျွေးတာမွေးတာကိုလည်း အားလုံး ဒေါ်သောင်းစိန်ကြီးက အသံစာစာနဲ့မနက်ကတည်းက လာပြီး စီစဉ်ပေးတယ်။ အုန်းထမင်းနဲ့ ကြက်သားဟင်းကျွေးပြီး၊ မိုနာက သစ်သီးစုံကို နို့နဲ့ ဖျော်တိုက်တယ်လေ။

အားလုံး ပရိသတ်တွေ ပြန်သွားကြပြီ။ အိမ်ကြီးဟာ တိတ်ဆိတ်ကျန်ရစ်ပေမင့် အရင်လို တိတ်ဆိတ်နည်းမျိုးမဟုတ်ဘူး၊ အိမ်ရှေ့မြက်ခင်းပေါ်က ခါတိုင်းကြိမ်ကုလားထိုင် တစ်လုံးထဲဟာ နှစ်လုံးဖြစ်လာတယ်။

တစ်ပင်တိုင်မြနန်းမှာ တကိုယ်တည်း စံမြန်းနေတဲ့ မရွှေမွှေး ရဲ့အပါးမှာ ခုတော့ မင်းသားကြီး အတွတ် ရောက်နေတယ်။

မွှေးက ငြီးစီစီကြီးဖြစ်နေတယ်ဆိုလို့ အငြီးပြေ လိမ္မော် ရည်နှစ်ခွက် ဝတ်မှုံက မွှေးတို့ရှေ့မှာ လာချထားတယ်။

မွှေးဟာ အဝတ်အစား မလဲသေးဘူး၊ မင်္ဂလာရှိသော ညနေခင်းမှာ ကျွန်တော့်ချစ်ဦးသူဟာ အတွတ် ရွတ်ဖတ်တတ်တဲ့ ကဗျာလေးအတိုင်းပါဘဲ။

"သည်သခင်မူ၊ ရုပ်သွင်ပျို့ချော

http://www.cherrythitsar.org



တင့်မောပေစွ၊ သဘောတည်ကြည်
မျိုးမြတ်မည်နှင့်၊ ရွှေရည်ရုပ်တု
ပုံသွင်းပြုသို့ ပျိုနုလတ်လတ်
ဝင်းရှိန်းမတ်မူ၊ သွယ်ပတ်ဝေဝေ
ထုံးနောက်ခွေနှင့်၊ တင့်နေစလှ
ဆည်းရီညဝယ်”

သူ့ညနေစောင်းလေးမှာ အပြင်အဆင် မဆန်းလို့သား မသိဘူး၊ သူ့အလှက ဘယ်တော့မှလည်း မရိုးသွားဘူး၊ အစဉ် အေးချမ်းတဲ့ မျက်နှာဟာ ကျက်သရေနဲ့ တောက်ပနေတော့တယ်။ ကျွန်တော် ထင်တယ်လေ၊ ခုခေတ် မချောစာတွေလှသလို တရုတ်ဆေးရေး နတ်သမီးအလှလို ကုလားကွမ်းရာဆိုင်က ကုလား နတ်ဘုရားမ အလှတွေလိုတော့ မဟုတ်ဘူး ဒေါ်ခင်နှင်းယုရေ။

ကဲ . . . ကျွန်တော့် အလုပ်ကို ကျွန်တော်ဘယ်လိုစလဲ ဆိုတော့၊ ဆေးရေးယွန်းဗန်း အချောလေးမှာ ကျွန်တော်သိမ်းနေကျ အိမ်စာတိုက်ပုံးထဲက စာတွေကို စီတင်ပြီး သူတို့ရှေ့က စားပွဲခုံ အနိမ့်လေးပေါ် တင်လိုက်ရတယ်။

“မမ ဒီနေ့ ပင်ပန်းနေလို့ ခုမှပဲ စာတွေ သိမ်းလာရတာပါ” လို့ ကျွန်တော်က ပြောလိုက်တယ်။

“ဟုတ်တယ် . . . အတွက်ရေ ကဲ . . . အတွက်ပဲ စာတွေ ဖောက်ပါကွယ်” တဲ့။ ကျွန်တော်ဟာ နေ့တိုင်းလိုပဲ မွှေးစာတွေ ဖောက်ဖတ်နေဆဲဆို၊ သူဘာခိုင်းမလဲ၊ သူဘာပြောမလဲ ဆိုတာ အနားကရပ်ပြီး စောင့်နားထောင်ရတယ်။

အပေါ်ဆုံးကစာအိတ်ကို အတွက်ကကိုင်ကြည့်ရင်း မွှေး . . . မွှေး . . . အဲဒီလက်ရေးကို ကိုယ်မြင်ဖူးတယ်တဲ့။ “ဟင် . . . စာတိုက်တံဆိပ်လည်း မပါဘူး၊ ကိုဖိုးတာ ပုံးထဲက ဒီလိုဘဲ ယူလာ

http://www.cherrythitsar.org



တာလား၊ တစ်ယောက်ယောက် ထည့်သွားလိမ့်မယ်” အတွတ်က မေးမေးပြောပြော ကျွန်တော့်ကို မော့ကြည့်တယ်။

“ဟို့ . . . ခါတိုင်း . . . ခါတိုင်းလိုပါပဲ၊ ကျွန်တော် သော့ခတ်ထားပါတယ်၊ ယူချိန်မှ သော့ဖွင့်ယူခဲ့တာပါ” လို့ ကျွန်တော်က ဖြေလိုက်တယ်။ မွေးဟာ အတွတ်လက်ထဲကစာကို ဆွဲယူကြည့်ရင်း . . .

“အတွတ် . . . အတွတ် . . . မောင်လေ၊ မောင့်လက်ရေး၊ အို . . . ကိုတင်အောင်ထွန်းလက်ရေး” ဆိုပြီး ဖျတ်ကနဲ ဒီစာအိတ်ကို ရင်မှာပိုက်ထားလိုက်တယ်။ သူ့မျက်နှာဟာ တုန်ရီပြီး နှုတ်ခမ်းတွေ ဖြူသွားတယ်၊ မျက်လုံးတွေ မှေးသွားလို့ ကျွန်တော်တောင် လန့်ပြီး ဆတ်ဆတ်တုန်သွားတာပဲ။ ဘုရား . . . ဘုရား၊ မွေးစိတ်ထိခိုက်ပြီး ကျွန်တော့်ရှေ့မှာ မေ့မျောသွားမလား၊ အမလေး အချစ်ရယ်၊ ကောင်းစေလိုလို့လုပ်တာ တစ်ခုခုများ ဖြစ်သွားရင် မောင်ရင်ကျိုး ရချည်ရဲ့လို့ စိတ်ထဲကပြောမိပြီး၊ ကုန်းရမလို၊ ကွရမလို၊ သူ့လက်ပဲ ဖမ်းကိုင်ဆုပ်ရမလိုနဲ့ ကြွေကွဲကို ပျက်သွားတာဘဲ။

“မွေး သတိထားမှာပေ့ါ၊ ဘဲရီး ဆင်ဆေးတစ်၊ (Very Sensitive) ဘဲကွယ်”တဲ့၊ အတွတ်က အင်္ဂလိပ်လိုပြောရင်း မွေးရဲ့ ပုခုံးကို ဖက်လိုက်ပြီး၊ လက်ဖျားလေးတွေကို ဆုပ်နယ်လိုက်တယ်။

“ရော့ . . . ရော့ . . . ဒီလိမ္မော်ရည်ကို သောက်ချပြီးတော့မှ စာကိုဖတ်”တဲ့၊ အတွတ်တိုက်တဲ့ လိမ္မော်ရည်ကို မွေးက တစ်ကျိုက် သောက်ပြီးမှ . . .

“သူ . . . သူ သေပြီဆို အတွတ်ရယ်” လို့ပြောပြီး စာကို ဖွင့်ဖတ်တယ်။ ခု စာကိုမြင်ရလို့ သူ မသေသေးဘူးဆိုတာသိရရင် တို့များ ဝမ်းသာရမှာပေ့ါ မွေးရယ်” တဲ့။

မွေးဟာ စာအိတ်ကို ဖောက်လိုက်တော့ စာအိတ်ထဲမှာ စာတစ်စောင် တိုတိုလေးနဲ့ ဂွမ်းဖြူဖြူနဲ့ ထုပ်ထားတဲ့ ကျွန်တော့်

ဖေဖေ့ရဲ့ စိန်လက်စွပ်လေ။

**အချစ်ဦးမွေး . . .**

ဒီစာနှင့်အတူပို့လိုက်သော စိန်ရံထားသော မြလက်စွပ်ကို အတွတ်ရဲ့လက်ခလယ်မှာ မွေးကိုယ်တိုင် ဝတ်ပေးပါ။

မွေးတို့နှစ်ယောက် လက်ထပ်ပွဲကို မောင်ကိုယ်တိုင်က တက်ချင်မှ တက်နိုင်မှာမို့ စေ့စပ်ပွဲ အမှီ မောင်ပို့လိုက်ပါတယ်။

**မွေးရဲ့တစ်ခါကချစ်သူ**
**ကိုမွေး**

မွေးဟာ တုန်တုန်ရီရီနဲ့ စာကိုဖတ်တယ်၊ စာလဲဆုံးရော ဂွမ်းထုပ်ကလေးကို ဖြည်းဖြည်းဖြေတယ်ဘာစကားမှမပြောနိုင်ဘူး ဂွမ်းထုတ်ကလေးထဲက လက်စွပ်ကိုယူ အတွတ်လက်ကိုဆွဲပြီးတော့ စွပ်ပေးလိုက်တယ်၊ ဆက်လက်ပြီး ဣန္ဒြေမဆောင်နိုင်တော့တဲ့ ကျွန်တော်ဟာ ခေါင်းညွှတ်အရိုအသေပြုသလို လုပ်ပြီး၊ သူတို့ အပါးက ခွာခဲ့တယ်။ ကျွန်တော့်မျက်လုံးက မျက်ရည်ပေါက်တွေ ကျသွားတာကို ခြေဖဝါးအောက်က မြက်နုလေးတွေဟာ သိလိုက်ပါတယ်။

ကျွန်တော်ဟာ တန်းလျားကို မပြန်တော့ဘူး၊ ထမင်းစားခန်းနဲ့ ကပ်ရက်၊ ကျွန်တော်တို့အပန်းဖြေတဲ့အခန်းရဲ့ ကွပ်ပြစ်ပေါ်မှာ ခြေပစ်လက်ပစ်လှဲပြီး နားနေလိုက်ရတယ်။ ဆက်လက် လှုပ်ရှားချင်တဲ့ အားမရှိတော့သလိုပါပဲ။

ဝတ်မှူးကတော့ ညနေခင်းက ဧည့်သည်တွေကို ကျွေးမွေးလိုက်တဲ့ ပန်းကန်ခွက်ယောက်တွေကို ဆေးကြောသိမ်းဆည်းနေတယ်။

ကျွန်တော် မှိန်းနေတုန်း အတွတ်နဲ့ မွေးတို့ဟာ ခြံထဲက

http://www.cherrythitsar.org



နေအိမ်ထဲကို ဝင်လာကြတဲ့အသံကြားတယ်။ မီးခလုတ်ကို ဖွင့်သံလဲ ကြားတယ်။

"ကဲ-စိတ်တုန်လှုပ်စရာတွေကို မေ့လိုက်စမ်း၊ အတွတ် စန္ဒရားတီးပြမယ် " ဆိုတဲ့ အတွတ်အသံကို ထပ်ကြားမှ ကျွန်တော် လည်း ငုတ်တုတ်ထိုင်ပြီး သူတို့ကို ကြည့်မိတယ်၊ အတွတ်ဟာ စန္ဒရား ခုံမှာထိုင်ပြီး စန္ဒရားကို လက်သံစမ်းပြီးမှ သီချင်းတစ်ပုဒ်ကို ကိုယ်တိုင် ဆိုတော့တယ်။

> **ယုံ . . . ယုံကြည်စေကွယ်၊ မင်းအပေါ်မှာတော့ မေတ္တာတွေပိုတယ် . . . သခ္ချိုင်း သခ္ချိုင်းဘဝတွေ ပြောင်းတော့၊ မောင်ပေါင်းသင်းပါမယ်၊ သစ္စာ တော် ရွှေကျမ်းကိုတော့၊ စိန္တေယျာ ဘုရားရှေ့မှာ မောင်ပြုပါမယ် ခင်ရယ် ချစ်တဲ့စိတ်ဟာ ကြိတ်မနိုင် ခဲမရတယ် × × × ကိန္နရီ မောင်နှံလို တူစုံတွဲကာ နွဲစို့ကွယ် ခင်ရယ်၊ နေ့တိုင်းများဖြင့် ခင့်မျက်နှာ ကိုကွယ်၊ မောင်ထင်တစ်ရေးနဲ့ မြင်ယောင်မိသေး တယ်။"**

စန္ဒရားခလုတ်ကို သွက်သွက်လက်လက်နဲ့ တီးပြီး ဆိုနေတဲ့ အတွတ်ရဲ့ အသံဟာဖြင့် လွင်ပြီး ချိုနေတာပဲ၊ ဗိုလ်အောင်ဒင် ဇာတ်ကားထဲက ဗိုလ်အောင်ဒင်ဆိုတဲ့သီချင်းပေါ့။

အတွတ်က စန္ဒရားခလုတ်ကိုငုံ့ကြည့်ပြီး တီးလိုက်၊ မွေး မျက်နှာကို တောက်ပကြည်လွှင်နေတဲ့ မျက်လုံးနဲ့ စိုက်ကြည့်ပြီး၊ နေလိုက်နဲ့ သိပ်ပြီးတက်ကြွရွှင်ပြတဲ့ အမူအရာဖြစ်နေသလောက် မွေးကတော့ဖြင့် အတွတ်မော့ကြည့်တဲ့အခါ ပြုံးပြပြီး အတွတ် မျက်လုံးတွေစန္ဒရား၊ ခလုတ်ပေါ် ရောက်သွားတဲ့အခါ သူ့မျက်နှာ လေးဟာ ညှိုးကျသွားတယ်။

http://www.cherrythitsar.org



အနားယူခန်းအလေးက ကြည့်နေတဲ့ကျွန်တော်ဟာ မွှေးရဲ့ ခံစားချက်ကို သိနေတယ်၊ တကယ့်ကို သိနေပါတယ်ခင်ဗျာ၊ သူ့ရင်ထဲမှာလေ အတွတ်ကို မချစ်ဘူးလည်း မဟုတ်ပါဘူး၊ ဒီစန္ဒရား ရှေ့မှာ တစ်ခါတုန်းက ထိုင်ပြီးဆိုနေကျ တီးနေကျ သူ့ချစ်သူခင်ပွန်း သည်ကိုကိုနိုင် အောက်မေ့ သတိရနေမှာပဲ၊ ဘယ်သူ မလွမ်းဘဲ ရှိပါ့မလဲ၊ ဘယ်သူ မအောက်မေ့ဘဲ ရှိပါ့မလဲ၊ ကျွန်တော်တောင် မုဆိုးတစ်ပိုင်း မိန်းမရိုင်းကြီးလို တေချင်တိုင်းတေနေတဲ့ မိအေမီကို ဝတ်မှုံကများ ကျွန်တော့်ကို ခရာတာတာနွဲ့တဲ့တဲ့ပြောတဲ့အခါ တွေဆိုရင် သွားသွားပြီး သတိရနေတာဘဲ။

အတွတ်ဟာ သီချင်းဆုံးတော့ စန္ဒရားအဖုံးကို မပိတ်သေး ဘူး။

"မွှေး၊ အတွတ်ကိုချစ်ရင် သီချင်းတစ်ပုဒ်လောက်ဆိုပါလား ကွယ်၊ အတွတ်က တီးမယ်လေ . . ."တဲ့၊ မွှေးဟာ သက်ပြင်းလေး ရှိုက်လိုက်ပြီး၊ ယဲ့ယဲ့လေးပြုံးလိုက်ပါတယ်။

"အတွတ်ကို မချစ်လို့ ဟုတ်ပါဘူးကွယ်၊ မွှေး ညနေခင်း တစ်ခုလုံး ဧည့်သည်တွေနဲ့တွေ့ရလို့ နွမ်းနေတယ်။ ပြီးတော့လေ ဘာပြောပြော ဒီညနေဟာ မွှေးစိတ်ကို လှုပ်ရှားရတဲ့ အပြောင်း အလဲကို အများဆုံးတွေ့ရတဲ့ ညနေမို့၊ မွှေးပင်ပန်းသွားတယ် အတွတ်ရယ်၊ ဒါကြောင့် မွှေး စောစောပဲ နားပါရစေ။ နောက်နေ့တွေ အတွတ်လာတဲ့အခါ၊ သီချင်းဆိုပြပါ့မယ် အတွတ်ရယ်" လို့ ဖြေလိုက် တယ်။

"အို့ . . . ကေ" တဲ့၊ အတွတ်က ပါးစပ်ကအော်လိုက်ရင်း စန္ဒရားအဖုံးကို ပိတ်လိုက်တယ်။

"အဲဒီအခါ ဆိုပြမယ့် သီချင်းကတော့ ဒီခေတ်တွင် မယ်ကြည်အောင် ဆယ်ပြည်ထောင်ချော့တော့မပြုံးဆိုတဲ့ မမြလေး

http://www.cherrythitsar.org



တို့ လှိုင်ထိပ်ခေါင်တင်တို့ဆိုတဲ့ မျှော်တော်စိုက် ပတ်ပျိုးတွေ၊ ဘောလယ်တွေမဆိုရဘူးနော်၊ မွေးဘဝဟာ အမျှော်စိုက်နေရမယ့် ဘဝအချိန်မဟုတ်တော့ဘူး၊ ကဏ္ဍသစ်တစ်ခုကို အတွတ်ရဲ့ ရင်ခွင်မှာ ဖွင့်ရမယ့်အချိန်၊ အဲဒီမျက်နှာလေးဟာ ရွှင်မြူးတက်ကြွနေစမ်းပါနော်”တဲ့ ပြောပြီး၊ မွေးရဲ့ မေးစေ့ကို ကိုင်ပြီး မလိုက်တယ်။ ပြီးတော့ မွေးလက်ဖျားလေးကို ဆွဲယူလိုက်တယ်။

“ဝတ်မှုံရေ ဘာရှိလဲ နို့ လတ်လတ်ဆတ်ဆတ်ရှိရင် တစ်ဖန်ခွက် မွေးအိပ်ခန်းထဲကို ယူခဲ့ပါ။ နို့မရှိရင် ဟောလစ်ဖျော်ယူခဲ့”တဲ့။ ဝတ်မှုံရှိရာ ထမင်းစားခန်းထဲကို အတွတ်က လှမ်းပြောရင်း သူတို့နှစ်ယောက် လှေကားပေါ်တက်သွားရော၊ ကျွန်တော် ကွပ်ပစ်ပေါ် ပြန်ပြီး ပုံကျသွားပြန်ရော။ အမှန်တော့ ထိုက်သင့်တဲ့သူဟာ ထိုက်သင့်တဲ့နေရာမှန်ကို ပြန်ရောက်ပြီလို့ ဆိုရမယ်။ ဒီနေရာမှာ အတွတ်ပြန်ရောက်ဖို့ ကောင်းနေတာဖြင့် ကြာလှပြီလေ။

တကယ်တော့ ကိုယ်နှစ်သက်ရာအလှူကို လှိုက်လှိုက်လှဲလှဲ ပေးလှူပြီးတဲ့အခါ အဟောဝတ၊ ကောင်းလေစွလို့ သာဓုအနုမောဒနာ ပြုသင့်တဲ့အချိန်ပါပဲ။

မကြာခင်မှာ ဝတ်မှုံအပေါ်ကို လိုက်တက်သွားသံကြားရတယ်၊ နာရီဝက်လောက်ကြာတော့ အတွတ်ရော၊ ဝတ်မှုံရော ပြန်ဆင်းလာကြပြီး၊ အတွတ်က သူ့ကားသူမောင်းပြီး ပြန်သွားရော။ ဝတ်မှုံက တံခါးတွေကိုပိတ်ရင်း ကျွန်တော်နေတဲ့ အခန်းတံခါးတွေပိတ်ဖို့ မီးတစ်ပွင့်ဖွင့်လိုက်မှ လှဲနေတဲ့ ကျွန်တော့်ကို မြင့်တော့တယ်။

“ကိုကြီးကလည်းကွယ် ဝတ်မှုံလန့်လိုက်တာ၊ ဘာလဲနှစ်ပါးသွားတာကို ချောင်းကြည့်နေတာလား” သူကပြုံးပြီး ကျွန်တော့်ဘေးမှာ ထိုင်ရင်း ပြောတယ်။

“ဒါပေါ့ဟယ် တို့မင်းသားကြီးက ဒီနေရာမှာ မဆိုးပါဘူး၊

http://www.cherrythitsar.org



အပဟဲ၊ အဆွဲ၊ အချွဲတွေနဲ့ ဖိုးစိန်ကြီး နှစ်ပါးသွား ကျနေတာပဲ”

“အဲဒီသီချင်းက ကိုကြီးတာတို့ ငယ်ငယ်က ဗိုလ်အောင်ဒင် ဇာတ်ကားမှာ မင်းသားကြီး ခင်မောင်ရင် ဆိုတာနော်၊ သိပ်ကောင်းတာပဲ။ ဝတ်မှုံတို့က ငယ်သေးတော့ ခုရန်ကုန်မှာ ပြန်ပြမှကြည့်ရ၊ ကြားရတော့တယ်။ သိပ်ကောင်းတာပဲ၊ အိမ်ပေါ်ရောက်တော့ လည်းလေ ဆရာဝန်ကြီးက မမမွှေးကို ယုယလိုက်တာ၊ ဝတ်မှုံလက်ထဲက နွားနို့ကိုယူပြီး။ “ကဲ . . . သောက်တဲ့နောက်ကို အိပ်ခါနီး နို့တစ်ခွက်၊ ဟောလစ်တစ်ခွက်ကို မှန်မှန်သောက်ရမယ်တဲ့၊ ဝတ်မှုံက မှန်မှန် အိပ်ခန်းထဲ လာပို့နော်၊ သူမသောက်ဘူးဆိုပြီး နေတဲ့ညဆိုရင် အန်ကယ်လ့်ဆီတယ်လီဖုန်းဆက်သိလား“တဲ့ဆိုပြီး သူကိုယ်တိုင်တိုက်တယ်။ မမမွှေး အိပ်ရာထဲဝင်မှကို နှုတ်ဆက်ပြီး ဆင်းလာတယ်။ လှေကားပေါ်မှာလဲ ဝတ်မှုံကို ပြောလာတယ်။ သူအစာမစားဘဲ အိပ်တဲ့ညတို့၊ နေမကောင်းတဲ့ ညတို့ဆိုရင် ဝတ်မှုံရော ကိုဖိုးတာရော အောက်ခန်းမှာ လာအိပ်ကြနော်” တဲ့ ပြောသွားတယ် ကိုကြီးတာရဲ့၊ ကျွန်တော်လည်း အင်း. . . လိုက်ပြီး ဝတ်မှုန်နဲ့အတူ တံခါးတွေ ပိတ်ပေးပြီး တန်းလျားကို ပြန်လာတယ်၊ ဝတ်မှုန်ကလေ…

“ရွှေမိုးပဇ္ဇုန်ရယ် × အမျှင်ကညင်း
တိမ်ယံတွင်းမှာတော့
ညိုပြာရီမှောင် × တိမ်တောင်တွေရယ်
မိလ္လာတွေဆိုင်းပြန်တော့ × အာကာဝေယံ
ဘုံပျံ့ခွင်ဝယ် × ရှုမြင်သူ × ဘဝင်ထဲမှာ
ရွှေရင်ကွဲကာ × ကျွမ်းလှုပေါ့နော . . . ။”

ဗိုလ်အောင်ဒင် ဇာတ်လမ်းထဲကပဲ မေမေဝင်း ဆိုတဲ့ သီချင်းကိုဆိုပြီး ကျွန်တော့်နောက်က လိုက်လာတယ်။

သြော် . . . ကချေသည်မလေး သူ့ဝါသနာကိုဖြင့် မဖျောက်

http://www.cherrythitsar.org



နိုင်ဘူး။

ကျွန်တော့်ရင်ထဲမှာလည်း တကယ်တော့ အတွက်နဲ့မွေးရဲ့ ညဦးယံ နှစ်ပါးသွားကိုကြည့်ရင်း ရွှေရင်ကွဲကာ ကျွမ်းလုပေ့ါနော်. . ဆိုပြီးတော့သာ ဝတ်မှုံနဲ့အတူ သံပြိုင်ဟစ်လိုက်ချင်တယ်။ ဒါမှ ခံစားရချက်တွေဟာ ရင်ထဲမှာ ပေ့ါသွားမှာပေ့ါဒေါ်ခင်နှင်းယုရယ်။

တကယ်တော့ (နှစ်ပါးသွား) လို့ ကျွန်တော် ဒီနေရာမှာ ရေးရပေမဲ့ ခုခေတ်ဇာတ်သဘင်၊ ရုပ်ရှင်တွေထဲကလို မောင်နှင့်နှမ၊ သားနှင့်အမိ ကြည့်လို့မတော်၊ မြင်လို့မတော်တဲ့၊ တို့တော့မယ်တဲ့ ဆိတ်တော့မယ် နှစ်ပါးသွားမျိုးလည်း မဟုတ်ပါဘူး။

လူရှေ့မရှောင် သူရှေ့မရှောင်၊ ရင်ခြင်းအပ်နှုတ်ခမ်းချင်း စုပ်ကြတဲ့ အနောက်ရဲ့ နှစ်ပါးသွားမျိုးလည်း မဟုတ်ပါဘူး၊ အတွက်နဲ့ မွေးရဲ့နှစ်ပါးသွားက ပဝါတစ်ကမ်း ယပ်တောင်တစ်လှမ်း ဖြစ်တဲ့ ကုန်းဘောင်ခေတ်နှစ်ပါးသွားပါ။

ကျွန်တော်တို့တန်းလျားလေးကို ပြန်ရောက်တော့ ဝတ်မှုံဟာ အိပ်ရာပေါ်မှာ အပန်းဖြေလှဲလိုက်တယ်။

"မောသွားပြီလားဝတ်မှုံ"

"မောတော့မောသွားပါတယ်၊ ဒါပေမယ့်၊ ဝတ်မှုံ စိတ်ချမ်းသာသွားပါပြီ။ မမမွေး အတွက်ရော ဝတ်မှုံတို့ နှစ်ယောက်အတွက်ရော ဒီအပြောင်းအလဲဟာ ကောင်းသောပြောင်းလဲခြင်းပါပဲ"

"အေး. . . ဒီလိုစိတ်ထားနိုင်လို့ ဝတ်မှုံကို ကိုကြီးတာ ချစ်ပါတယ် ဝတ်မှုံရယ်"

"ကိုကြီးတာကလည်း စကားလုံးတွေ ဆန်းလိုက်တာ"တဲ့။

"မဆန်းပါဘူး။ ဝတ်မှုံကျေးဇူးတွေကို ဆပ်ရမယ့်နေ့ ရောက်လာပြီလို့ ကိုကြီးတာထင်ပါတယ်၊ ဝတ်မှုံအိပ်နေတဲ့ခေါင်းအုံး အောက်မှာ ကတ္တီပါဘူးလေး ရှိတယ်၊ ဝတ်မှုံ ဖွင့်ကြည့်စမ်း"

http://www.cherrythitsar.org



ဝတ်မှုံဟာ ကတ္တီပါဘူးလေးဖွင့်ပြီး မျက်လုံးမျက်ဆန်ပြူး သွားတယ်။ ကျွန်တော်က သူ့အပါး ကပ်သွားပြီး အန်တီမာလေး ဆီကယူလာတဲ့ မေမေရဲ့စိန်နားကပ်ကို သူ့နားမှာ ပန်ပေးလိုက် တယ်။

"ကိုကြီးတာ . . . အဲဒါဘယ်ကရတာလဲ သိပ်လှတာဘဲနော်။

"မေမေရဲ့ စိန်နားကပ်ပါ။ ကိုကြီးတာ စင်စင်ကြယ်ကြယ် ရလာတဲ့ပစ္စည်းပါ။ ဘယ်လိုရသလဲဆိုတာတွေကို အရင်အတိတ် အကြောင်းတွေကို မမေးခဲ့သလို ခုလဲ ဘာမှမမေးနဲ့နော်"

သူဟာ ဝမ်းသာဝမ်းနည်းနဲ့ ကျွန်တော့်မျက်နှာကို စေ့စေ့ ကြည့်နေတယ်။

ခုလောလောဆယ်တော့၊ ပြန်ချွတ်ပြီး သိမ်းထားလို့ ကျွန်တော်ပြောလိုက်တယ်။ အမှန်တော့ ဝတ်မှုံတို့ လူတန်းစား အနေနဲ့ တစ်သက်လုံးကျုံးလုပ်တောင် ဒီလို စိန်နားကပ်မျိုး စုမိ ပိုင်မိဖို့ ခဲယဉ်းတယ်၊ ဝတ်မှုံ အစဉ်ဝတ်ထားတာမြင်ရင် ဝတ်မှုံကို မလိုသူတွေ စွပ်စွဲမယ့်အန္တရာယ် မြင်လို့ပါ။ ပြီးတော့ မေမေဟာ အိမ်ဖော်ကလေးမလေးတွေအပေါ်မှာ ဇွန်းတစ်ချောင်းကျိုး၊ ပန်းကန် တစ်ချပ်ကွဲတိုင်း လခဖြတ်တဲ့ လိုအပ်တာထက် ပိုပြုတဲ့အမှုကို နောက်ဘဝ ဝဋ်မခံရအောင်လို့ မေမေ့စိန်နားကပ်ကို ဝတ်မှုံကို ပေးတာပါ။

အငြိမ့်သမလေး ကျေးတောသူ ဝတ်မှုံ ကျွန်တော့် ရင်ခွင်ထဲ မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါတယ်။

ကျွန်တော့်မှာတော့ မအိပ်နိုင်ဘူး၊ ကျွန်တော့် မျက်စိထဲ မှာ ကျွန်တော့် လက်ရေးနဲ့ စာအိတ်ကို မွှေးဖတ်မိတဲ့အချိန် မွှေးရဲ့ လှုပ်ရှားမှု ခံစားရချက်ကိုပဲ အသေးစိတ် မြင်ယောင်နေတယ်။

မိန်းမများ ဘယ်လိုပဲ စိတ်ကိုထိန်းထိန်း သူတို့ စိတ်ဝမ်းတွင်း

http://www.cherrythitsar.org



ဓာတ်ခံကို ရုတ်တရက် အပြောင်းအလဲတွေ့ရရင် ဖုံးကွယ်ဖို့ ခဲယဉ်း တတ်တယ်။

မွေးဟာ ကျွန်တော့်ရဲ့စာကို ရုတ်တရက် မြင်လိုက်တော့ သူ့ရင်ခွင်မှာ ပိုက်လိုက်တယ်နော်။ သူ့ရှေ့မှာ အတွတ်တစ်ယောက် ငုတ်တုတ်ကြီး ထိုင်နေတာကိုတောင် သတိမရနိုင်အောင် ကြွေ ပျက်သွားတယ်။

အစွဲအလန်းကြီးသောမိန်းကလေး၊ သူလည်း ကျွန်တော့်ကို မမေ့သေးပါလား။ အချစ်ရယ် မောင်လည်း ဘယ်လိုပဲ တေပြီး လှမျိုးစု ချောကလျာတွေနဲ့ တွေ့ခဲ့ပေမယ့် အချစ်ကို မောင်မေ့မရခဲ့ ပါဘူးလို့ စိတ်ထဲက ရေရွတ်မိတယ်။

အဖြစ်ချင်းက မတူပေမဲ့၊ မိန်းမတွေအကြောင်း ရေးရင်း ကျွန်တော် သွားပြီး သတိရမိတယ်။ ဦးပုည၊ ကင်ပွန်းတပ်ခဲ့တဲ့ မုဆိုး တစ်ပိုင်း မိန်းမရိုင်းကြီးလေ။ စူဠသုဘဒ္ဒါကို ကျွန်တော် သတိပြန်ရ တယ်။

မိန်းမတို့ရဲ့ စိတ်လှုပ်ရှားမှု ဂယက်အရှိန်ကို တိုင်းတာရင် စူဠသုဘဒ္ဒါကို  စံထားရမယ်၊ တစ်ဘဝခြားလာခဲ့ပြီဆိုတဲ့ အခြေ ရောက်တောင်မှ ဘယ်လိုပဲ ရန်ငြိုးထားခဲ့တယ်ဆိုပေမဲ့ ဘဝခြားခဲ့တဲ့ ငယ်ချစ်ဟောင်းရဲ့ စွယ်တော်နှစ်ဆူကို ရင်မှာပိုက်ပြီး အသက်ကုန် ဆုံးသွားရတဲ့အဖြစ်အထိ စိတ်ထိခိုက်သွားရတယ်နော်။

သူ့စိတ်ကု ပြန်လည်စီစစ်လေ့လာရင်၊ ပဌမပိုင်းကသာ ဒေါမနဿဆိုတဲ့ ဒေါသအရှိန်နဲ့ အစွယ်တော်ကို ဖြတ်ခိုင်းမိပေမယ့် တကယ်ဘဲငယ်ချစ်ဟောင်းရဲ့ စွယ်တော်ကို ရပြန်တော့ ချစ်တဲ့စိတ်ရဲ့ အပူမီးဒဏ် နှလုံးကိုခိုက်ပြီး ရုတ်တရက်သေရတယ်။

မွေးအဖြစ်က သူ့ဘက်က ဘာမှ ချို့ယွင်းခဲ့တာ မရှိတော့ ငယ်ချစ်ဦးရဲ့လက်ရေးကို နှစ်ပေါင်း ၃၀ ကျော်မှာ ရုတ်တရက်

http://www.cherrythitsar.org



မတွေးမထင် မမျှော်လင့်တဲ့ အချိန်မှာ တွေ့လိုက်ရတော့ ခုလိုက္ကန္ဒြေ ပျက်လောက်အောင် ဖြစ်သွားရတာ မဆန်းပါဘူး။

ကျွန်တော် ငတင်အောင်ထွန်းတော့ ညသန်းခေါင်ယံသာ လွန်လာရော၊ အိပ်မရ နေမရ အရက်သမားထုံးစံ၊ စိတ်ညစ်တော့လည်း ညစ်လို့သောက်၊ စိတ်ပျော်တော့လည်း ပျော်လို့သောက်၊ ကိုယ့်စိတ်ကို ကိုယ်အလျှော့ပေးလိုက်တာ။

ဝတ်မှုံထားတဲ့ စည်းကမ်းကိုတောင် မစောင့်တော့နိုင်တော့ပဲ ခွက်ချင် တစ်ခွက်မဟုတ်ဘူး။ ခေါင်းရင်း ကြောင်အိမ်ထဲက ပုလင်းလိုက်ကို တစ်ခါတည်း တစ်ပုလင်းလုံး မော့ချမိတယ်။

လဆန်း ၁၄ ရက်နေ့ည မွေးနဲ့ ကျွန်တော် သော်ကရွာခြံကြီးထဲမှာတွေ့တဲ့ည၊ အို . . . လမင်းကြီးကလည်း ထိန်ထိန်သာသာ၊ သကျမဟာသီရိဘုရားကြီးက ရေကြည်တော်ဝတ်အသင်းက၊ ရေကြည်တော်ကပ်ချိန်မှာတီးတဲ့ နရည်းသံ၊ ကျွန်တော် အားလုံး ပြန်ကြားရပြီ။ ပြန်ကြားရပြီ။

အေးလှတဲ့ တပေါင်းလ၊ လရောင်အောက်ကို ပြေးထွက်သွားမိတယ်။

> "ပြန်လည်၍ တွေ့ဆုံသည့်တိုင်အောင် မေတ္တာ ယှက်ကူး၊ ပန္နက်ဖူးသည်၊ မောင် ဘယ်လိုပဲ အမြဲ ရှောင်ပုန်း ပေမဲ့ မုန်းလေနဲ့ထိပ်ခေါင်"

ရှိသမျှအသံကို ဖျစ်ညှစ်ပြီး အော်ဟစ်ပြီး ဒီသီချင်းကို ဆိုမိတယ်၊ လနတ်ဖမ်းစားလိုက်တာ ကျွန်တော် ဘာဖြစ်သွားတယ်ဆို မသိတော့ပါဘူး။

"ကိုကြီးတာ သတိရလာပြီလား၊ ငြိမ်ငြိမ်နေ၊ ငြိမ်ငြိမ်" ဆိုတဲ့ ဝတ်မှုံအသံကို သဲ့သဲ့ကြားရတယ်၊ ပြီးတော့မှ မျက်လုံးတွေလည်း ပြာနေရာက ကြည်လင်လာတယ်၊ ကြားရတဲ့အသံတွေလည်း

http://www.cherrythitsar.org



ပြတ်သားလာတယ်။ ကျွန်တော်တို့ အခန်းထဲကို မွှေးရယ် အတွတ်ရယ် ဝင်လာတယ်။

"ကဲ . . . ဆိုစမ်း၊ ကိုဖိုးတာ၊ ဘယ်အဖြစ် ဖြစ်ရတာလဲ"

အတွတ်က ပြောပြောဆိုဆို ဆရာဝန်တို့ ထုံးစံအတိုင်း အင်္ကျီကြယ်သီးဖြုတ် ရင်ပတ်ကို ဟိုစမ်းဒီစမ်း နားကြပ်နဲ့ စမ်းတော့တာပါပဲ။

"ညက ဝတ်မှုံလည်း မောမောနဲ့ အိပ်ပျော်သွားတယ်၊ ကိုကြီးတာက ဟိုဘက်ပြတင်းနားမှာ စောင်လဲမခြုံ တံခါးလဲ မပိတ်ဘူး၊ ညဦးအိုက်တယ်ဆိုပြီး၊ ဒီအတိုင်းအိပ်တယ်၊ ဝတ်မှုံ တစ်ရေးနိုးထကြည့်တော့ ကိုယ်တွေ ခြစ်ခြစ်တောက် ပူနေလို့ မနက်အစောကြီး မမမွှေးကို သွားပြောရတယ်။

"ဟုတ်တယ်၊ မွှေးလာပြီး အဖျားတိုင်းကြည့်တော့ တစ်ရာ့လေး (၁၀၄) ဒီဂရီရှိတယ်၊ ဒါနဲ့ပဲ အတွတ်ဆီ ဖုန်းဆက်ရတာ"

ဝတ်မှုံနဲ့ မွှေးက တလှည့်စီ ပြောပြကြတယ်။

"အင်း . . . အဆုတ်ကို အအေးပတ်သွားတယ်၊ အသည်းကလည်း နည်းနည်းရောင်နေတယ်၊ နေ့ပူလို့ ညချမ်း၊ တပေါင်းလ သရမ်းဆိုတာ ကိုဖိုးတာ သတိထားမှပေါ့၊ ညဦး သိပ်အိုက်ပေမယ့် သန်းခေါင်လွန်ရင် တပေါင်းညဟာ၊ အလွန်အေးတယ်။ ကိုဖိုးတာ ကျွန်တော့်စကားနားထောင်ရမယ်၊ အဖျားကျအောင်ရယ်၊ အသဲရောင်တာရယ်၊ ဆေးရုံတက်ဖို့မလို ဒီမှာပဲပျောက်အောင် ကျွန်တော်ကုမယ် ဒါပေမယ့်...ဒါပေမယ့် ဒီရောဂါတွေပျောက်ရင် အသောက်ကို အပြတ်ရှင်းရလိမ့်မယ် . . . အဲဒီအတွက် ကိုတော့ ဆရာဝန်ကြီး ဦးနေဝင်းလက်ထဲကို အပ်ရလိမ့် . . . မွှေးသဘောတူလား"

"အို . . . မွှေး အစောကြီးကတဲက ကိုဖိုးတာကို အရက်တရားဟောနေတာ"

http://www.cherrythitsar.org



"ကဲ . . . ဝတ်မှုံ အရေပဲတိုက်၊ ဆေးဘယ်လိုကျွေးရမယ် ဆိုတာ မွှေးကိုပြောခဲ့မယ် . . . ကိုဖိုးတာ ကျွန်တော့် စကား နားထောင်နော်။ ကျွန်တော်တစ်နေ့ကိုနှစ်ခေါက်လာကြည့်မယ်။ ဒေါ်ဒေါ်မွှေးရယ်၊ တကတည်းခင်ဗျားအိမ်ကလည်း စိတ္တဇဝေဒနာ သည်ချည့်ပါဘဲလား။ ဝတ်မှုံရေ ကိုဖိုးတာကိုပဲ လာကြည့်တာ မဟုတ်ဘူးဟေ့၊ ဟောဒီမင်းရဲ့မမ၊ ဒေါ်ရွှေမွှေးကိုလည်း အန်ကယ်က လာလာကြည့်ရတာ သတိထားနော်၊ ဒီဆရာဝန်ကြီး စကားကို နားမထောင်ရင် ကိုဖိုးတာလိုဘဲ စိတ်ရောဂါကုဆေးရုံ ဆရာဝန် ဦးနေဝင်း လက်ထဲအပ်လိုက်မှာ"တဲ့ . . . အတွတ်က အရွှန်းဖောက် ပြီး စကားကို လက်စသတ်တယ်၊ မွှေးကတော့ "မဖြစ်ပါဘူး၊ ဝတ်မှုံ က သူ့ကိုကြီးတာကိုအလိုလိုက်ပုံရတယ်၊ အရက်ပုလင်းတွေ အကုန်သိမ်းမှ" ဆိုပြီး ကြောင်အိမ်ထဲရှိသမျှ ပုလင်းတွေ အကုန်ယူ ပြီး သူတို့နှစ်ယောက်အောက်ဆင်းသွားရော။

ဒီတော့မှ ဝတ်မှုံက ကျွန်တော် နားနားကပ်ပြီး တိုးတိုး လေးပြောတယ်။

"ဟင်း . . . မမမွှေး ဆိုမှာစိုးလို့ ဝတ်မှုံညာပြောရယ်၊ ကိုယ့်အဖြစ်ကို ဘာဖြစ်လဲ သိရဲ့လား" တဲ့၊ ကျွန်တော် ခေါင်းယမ်းပြ လိုက်တယ်။

"ဝတ်မှုံ တစ်ရေးနိုးတော့ အခန်းထဲမှာ ကိုကြီးတာကို မတွေ့ဘူး၊ အဲဒါနဲ့ တံခါးလည်းပွင့်နေတော့၊ ခြံထဲလိုက်ရှာရတယ်၊ သီချင်းသံသဲ့သဲ့ ကြားလိုက်သလို ရှိတာနဲ့ ခြံထိပ်အထိ သွားကြည့် ရတယ်၊ တော်ပါသေး၊ မမမွှေးကလည်း အခန်းတံခါးတွေ အလုံ ပိတ်ထားလို့ ကိုကြီးတာ သီချင်းဆိုသံ မကြားရတာ၊ ဝတ်မှုံ ပိတောက်ပင်အောက် လာကြည့်တော့ အကျီကြ ဟင်းလင်းပွင့်ကို ပက်လက်ကြီးလန်နေတော့တယ်၊ ပါးစပ်ကလည်း ဘာတွေ ဆိုနေ

http://www.cherrythitsar.org



မှန်း မသိဘူး၊ မနက်ထိသာ လဲနေရင်လေ၊ တခါထဲ သေပြီး၊ တောင့်နေမှာ၊ ခုတောင် မိုးလင်းခါလည်းနီးရော၊ ကိုယ်တွေ ခြစ်ခြစ် တောက်ပူနေတာဘဲ. . . ကလေးလည်းမဟုတ် သူငယ်လည်းမဟုတ်၊ လူပျိုပေါက်စကျနေတာပဲ"

ဝတ်မှုံလေ၊ စိုးရိမ်သံလေးနဲ့ ကျွန်တော့်ကို ဆူတယ်၊ ခုမှပဲ ကျွန်တော်ဟာ ညက လနတ်ဖမ်းစားသော ငန်းဖျားရောဂါထမိ ကြောင်း သတိရသွားရတယ်။

ကဲ. . . တိုတိုပဲရေးပါရစေတော့ ဒေါ်ခင်နှင်းယုရယ်၊ ကျွန်တော် အဖျားပျောက်တော့ အတွတ်နဲ့မွေးဟာ ကျွန်တော့်ကို ခွင့်ရက်ရှည်ပေးပြီး ကျွန်တော့်ကိုစိတ်ရောဂါဆေးရုံ ဆရာဝန်ကြီး ဦးနေဝင်းလက်ထဲကို အပ်လိုက်ပါတယ်။ ခု မူးယစ်ဆေးဝါး အကု အသခံနေပါသော ငတင်အောင်ထွန်းဘဝ ရောက်နေပါတယ်။

ကျွန်တော့်ရဲ့ ဒရိုင်ဘာရာထူး လစ်လပ်နေတဲ့နေရာကို ငတွတ်ကြီးယူထားတော့ အားလုံးအဆင်ပြေသွားတယ်။

နောက်. . . အရေးကြီးဆုံး အဆင်ပြေသွားတဲ့ အကြောင်း တစ်ခုကို ကျွန်တော်ရေးပြပါရစေ။ ဒေါ်ခင်နှင်းယု စာပေများကို အချိန်ရတိုင်း ဖတ်ရင်း၊ ဒေါ်ခင်နှင်းယုရဲ့ စကားတစ်လုံးကို ကျွန်တော် သွားသတိရတယ်။

"နှလုံးသားမှာ ထိခိုက်မှုမရှိရင် ကျွန်မ ဘယ်တော့မှ စာမရေးဘူး" ဆိုတာလေ၊ ဝေဒနာမှ ပွင့်သောပန်းမှာ ကျွန်တော် ဖတ်လိုက်ရတယ်။ ခုလည်း ဆေးရုံပေါ်မှာနေရင်း ကျွန်တော့်ရင်ထဲ မှာရှိတဲ့ ဝေဒနာတွေ ခံစားရချက်တွေကို စားရေးချင်တယ်၊သိပ်ကို ရေးချင်တာပဲခင်ဗျာ။

" ချင် " ဆိုတဲ့ အကောင်ဟာ၊ နှိုပ်စက်လာပြန်ပြီ။ ဒါပေမင့် ဖွင့်ဟာရေးရင်၊ မိအေမီနဲ့ငသစ္စာ ပြဿနာကဘယ်လိုဖြစ်လာမလဲ၊

http://www.cherrythitsar.org



တရားခွင်မှာ ဥပဒေကြောင်းအရ မရှင်းလင်းခင်ခံရမယ့် ဒုက္ခတွေကိုလည်း ကျွန်တော်မခံချင်ဘူး။ သူ့အမေကို သတ်သူပါရယ်လို့ ကျွန်တော့်သားကြီး ကျော်ထင်ဦးကလည်း ကျွန်တော့်အပေါ် မထင်စေချင်ဘူး။ ဒါပေမင့် စာရေးချင်တဲ့ ဆန္ဒကိုတော့ ချိုးနှိမ်လို့ မရဘူး၊ ကျွန်တော်ဟာ ဆေးရုံတက်နေကြောင်း ကိုမြင့်မောင်ကို စာရေးလိုက်တယ်၊ သူတစ်ပတ်တစ်ခါ၊ မွေးတို့နဲ့ အချိန်လွဲချိန်မှာ လာကြည့်တယ်၊ကျွန်တော် လန်ဒန်မှာနေတုန်း မွေးရေးတဲ့စာရော၊ မစံပယ်နဲ့ ကိုထင်ရှူးဝတ္ထုကိုရော မွေးရဲ့လက်ရေးမူ၊ မြကန်သာမှင ရဲခန်းစာမူပါ ဆေးရုံကိုယူခဲ့တယ်၊ ကိုမြင့်မောင်ဆီကပဲ စာရွက်နဲ့ဖောင်တိန်တောင်းပြီး တစ်နေ့ တစ်ရွက် နှစ်ရွက် ရင်ထဲရှိသမျှ ချရေးနေတယ်။ နောက်ဆုံး ဖွင့်ဟ ဝန်ခံသဘောပေါ့လေ။ ကျွန်တော့်အသက်ကိုလည်း ဆရာဝန်ကြီးတွေ အကုအသကောင်းပေမင့် ကျွန်တော်စိတ်မချဘူး၊ အရက်ကြောင့် အသည်းကင်ဆာသဘောမျိုး ဖြစ်လာခဲ့ပြီလေ။

ကျွတ်ချိန်တန်တော့ ကိုမြင့်မောင်ဟာ တစ်နေ့လာရင်း သတင်းစာတစ်ရွက်ကို ယူလာပြီးပြတယ်၊ သတင်းအတိုချုပ်ကတော့ အရင် အိုရီရင့်ကလပ်ရဲ့ လက်ထောက်အုပ်ချုပ်ရေးမှူးက သူဟာ ကင်ဆာရောဂါနဲ့ သေရမယ့်ဆဲဆဲ၊ ရဲချုပ်ဟောင်း ဦးစောလှမင်း၊ တရားသူကြီးများ၊ အေမီရဲ့အမေ ဒေါ်စောထယ်နဲ့ ဇာတ်မင်းသားကြီးရွှေမန်းအောင်ဝင်းဖေတို့ကိုခေါ်ယူပြီး ဖွင့်ပြောသွားတယ်။

သူဟာ သေသွားရင် တရားဥပဒေအရ အရေးမယူနိုင်သော်လည်း သံသရာဝဋ်ဆင်းရဲကို မခံလိုလို့ မှန်ရာ အစစ်ခံပါရစေတဲ့။

ရွှေမန်းအောင်ဝင်းဖေဇာတ်ရုံကြီး မီးမလောင်ခင်အချိန်ပိုင်းလေးမှာ ကိုသစ္စာနဲ့ မအေမီကို သေနတ်နဲ့ပစ်သတ် အဆုံးစီရင်လိုက်တာသူပါပဲတဲ့၊ နောက်မှမီးက လောင်လာတာတဲ့ . . .

ဘာကြောင့် သတ်တယ်ဆိုတာကိုတော့ သေသူနှစ်ယောက် ဂုဏ်သရေကို သေပြီးမှမထိခိုက်စေလိုလို့ မပြောလိုတော့ဘူးဆိုပြီး ဖွင့်ဟဝန်ခံတဲ့အကြောင်းပါပဲ၊ ဒီလူလည်းသေသွားပြီ။

"ကဲ. . . ဒါကြောင့်ကျွန်တော်လဲလွတ်လွတ်ရှင်းရှင်း ကျွန်တော် ငတင်အောင်ထွန်းရဲ့ဖြစ်ကြောင်းရယ်မှကုန်စင်ကိုတစ်နေ့တစ်လံပုဂံဘယ် ရွှေ့မတုံး ဖွဲ့နဲ့ရေးပြီး၊ဒေါ်ခင်နှင်းယုဆီ ရေးပို့ လိုက်တာပါ။"

ကျွန်တော့်စာကို သေသေချာချာဖတ်ပြီး ကျွန်တော်ရဲ့ မေးခွန်းကိုလည်း သေသေချာချာ ဖြေစေလိုပါသည်ခင်ဗျား။

* * * * *

## အခန်း (၉)

"တကျဦးပေါကလှည့်ပါ"

"ကာမဘောင် ရှုပ်အထွေးကိုလ၊
ပျိုလေးမယ်မခင်လို့၊ ရှုန်းချင်ပြီ" ဆုပန်ကြားရဲ့
တားမြစ်ဖို့ ခွင့်မသာ။
နှစ်ကိုယ်တူတွဲကာပ
သည်ဝဲသံသရာက၊ သောင်ခေမာ ဟိုတစ်ဖက်ဆီသို့
ဖောင်မဂ္ဂင်ဆင်ကာကူးမယ်လို့ ဆုထူးကိုပန်ညီသော်လည်း
ပါရမီ မောင်မရင့်သော်ကြောင့်၊
သွားနှင့်သက်လျာ။
ဇာတ်မတူ အမူကြမ်းသူဖြင့်
သောင်ကမ်းမမြင်နိုင်လို့

http://www.cherrythitsar.org



တစ်ပင်တိုင် နာဝါပျက်လိုပ
သံသရာ သည်ဂယက်မှလ
စုန်တစ်ခါ ဆန်တစ်ချက်ကယ်နှင့်
မျောလျက်ကွဲ့ ယောင်ချာချာ
တွယ်ရာဖြင့် ရှိနိုင်ဘူး။
သို့ အကြောင်းရယ်ကြောင့်
ချစ်ဟောင်း နွယ်သာကီရဲ့
ပါရမီ ပြည့်လျှံ ဖြိုးကာပ
တန်ခိုးတွေ တလူလူနှင့်
ဘိက္ခုနီ ထေရီဖြစ်တော့ခါ
မောင်ချစ်ကို မယ်သနားတာဖြင့်
တရားမွန် မှန်သဘောကို
ဟောလှည့်အဦး။

**ဒေါ်ခင်နှင်းယုရေ . . .**

ဒီကဗျာကို ရေးသူက ဆရာမင်းသုဝဏ်၊ ကူးယူသူက ကျွန်တော် တင်အောင်ထွန်း။

အကြောင်းရှိလို့ ကျွန်တော်ရဲ့ စာနဲ့အတူဒီကဗျာကို ကျွန်တော် ပူးတွဲပေးပို့ရတာပါ။

ဒေါ်ခင်နှင်းယုရဲ့ခင်ပွန်းသည် ကွယ်လွန်အနိစ္စရောက်ပြီး၊ ၁၉၇၀ နိုဝင်ဘာလထုတ် ရှုမဝမှာ ဒေါ်ခင်နှင်းယုရဲ့ ကဗျာ 'ပွဲတွေ့အလွမ်း' ကို ကျွန်တော် ဖတ်လိုက်ရပါတယ်။
အဲဒီ ကဗျာထဲမှာ. . .

"ပါရမီကံက နည်းသူမို့ အံခဲကာ ဟန်ကိုလုပ်ပေမင့်၊ အနာဂါမ်မယ်မဟုတ်လေတော့ နာမ်-ရုပ်ကို

http://www.cherrythitsar.org



ပြတ်ပြတ်စဲအောင်ပ၊ အားထုတ်စဉ် ခဏတာပဲပေထင့်၊
မြဲလေသည့် သတိယှဉ်၊ မဆင်ခြင်နိုင်ဘုကျန်စခန်း"

ဆိုတဲ့အပိုဒ်ကို ကျွန်တော်တွေ့ပါတယ်။ ဒေါ်ခင်နှင်းယု ဟာ ချစ်တဲ့သူနဲ့ ရုတ်တရက် ကွေကွင်းလိုက်ရတဲ့ ဒဏ်ကိုခံစားရချိန်မှာ ဒီကဗျာဟာဖြင့် ဝေဒနာမှ ပွင့်သော ပန်းတစ်ပွင့်ပါဘဲ။

ကျွန်တော်လို လူပြိန်းအနေနဲ့ ရသမြောက်လေသလား မမြောက်လေသလား၊ ကာရန်က ဘယ်လိုစကားလုံးက ဘယ့်နှယ်၊ အဖွဲ့အနွဲ့က၊ ဘာဖြစ်တယ်လို့ ဝေလည်း မဝေဖန်တတ်ဘူး၊ ပြောလဲ မပြောတတ်ဘူး။

သို့သော် အဲဒီကဗျာက ကဗျာကြမ်းပဲ။ စကားလုံးမလှဘူးပဲ၊ ရှေးစာဆိုတွေ၊ လက်ရှိကဗျာပညာရှင်တွေ၊ အဖွဲ့အနွဲ့ကို မမှီဘူးဘဲ ထားတော့၊ ကျွန်တော်ဖတ်တဲ့သူတယောက်အနေနဲ့ အသည်းနှလုံးမှာ ခံစားလိုက်တယ်။ မြောက်ပြောတယ်လည်းမထင်နဲ့၊ မြောက် စရာလည်း မလိုပါဘူး။

ဒါကြောင့်အဲဒီကဗျာကို ကျွန်တော်အလွတ်ကျက်ထားမိတယ်။ ကျွန်တော်ဖော်ပြတဲ့ ဒေါ်ခင်နှင်းယုရဲ့ ကဗျာစာပိုဒ်ထဲမှာ "ပါရမီကံကနည်းသူမို့" လို့ရေးထားသော်လဲ ကျွန်တော့်ထက်စာရင် ဒေါ်ခင်နှင်းယုဟာ ပါရမီရှိပြီးသူတယောက်လို့ကျွန်တော်ယူဆ ပါတယ်၊ ဘာကြောင့်လဲဆိုတော့ "နာမ်-ရုပ်ကိုပြတ်ပြတ်စဲအောင်ပ၊ အားထုတ်စဉ် ခဏတာပဲပေထင့်" ဆိုတဲ့ အပိုဒ်ကြောင့်ပဲ။

ကျွန်တော့်မှာ အဘသမက်ဘဝ မရောက်ခင် စည်းစိမ် ဥစ္စာ ဘယ်လိုပဲပြည့်ဝခဲ့ပေမင့်၊ ဘာသာရေးဘက်မှာ အတော်တုံးခဲ့သူပါ။

မိဘက ရှိခိုးဆိုလို့သာ၊ ဘုရားဦးသုံးကြိမ် ချတာကလွဲလို့ ရတနာသုံးပါးနဲ့စပ်ဆိုင်တဲ့အသိတရား၊ကျွန်တော့်မှာ ဘာမှမရှိခဲ့ဘူး။ ရှိအောင်လည်း ဘယ်ဘုန်းကြီးအနားမှ မကပ်ခဲ့ဘူး။

http://www.cherrythitsar.org



လက်ထပ်ပြီးတော့လည်း ချစ်ဇနီး လှဧကေရီအေမီက ဘုန်းကြီးနဲ့ အိုင်တို့တော့ စကားမပြောတတ်ဘူးဆိုတာကို လူရှေ့မှာ အသားယူ ပြောတတ်တဲ့ ဇနီးဖြစ်လေတော့ ရတနာသုံးပါးဆိုတာ ဘုရား တရား သံဃာပဲ ဆိုတာလောက်သာ နားလည်ခဲ့တယ်။ နေလာခဲ့တာလည်း စိန်ပေါကျောင်းဆိုတော့ မြန်မာနိုင်ငံမှာနေပြီး သာသနာပ နေတဲ့ အဖြစ်ပဲ။

ဒီတော့လဲ"နာမ်-ရုပ်" ကိုပြတ်ပြတ်စွဲအောင်ပ အားထုတ် စဉ်ခဏတာပဲပေထင့်ဆိုတဲ့ စာသား အဓိပ္ပာယ်ကိုတောင် ဘယ်လို လက်ခံရမှန်း နားလည်ရမှန်း မသိရိုးအမှန်ပါ။ ဒါကြောင့် 'ပါရမီကံကနည်းသူမို့လို့' ကိုယ့်ကိုယ်ကို ဘယ်လိုပဲဆိုသော်လည်း ကျွန်တော့်ထက်စာရင်ဖြင့် ပါရမီကံကပြည့်သူမို့ ကောင်းကင်မှာစျာန် တွေနဲ့ မွေ့ပြီးမနေနိုင်သေးသော်လည်း အနာဂါမ် မဟုတ်သေးသော် လည်း ကျွန်တော့်ကို မေတ္တာရှေ့ထားပြီးသဗ္ဗေသတ္တာထက်ကျော်ပြီး တရားဦးဟောလှည့်ပါလို့ တောင်းပန်ရတာပါ။

ကျွန်တော်အဖြစ်ဟာ ဆရာမင်းသုဝဏ် ကဗျာထဲကလို ဒေါ်ခင်နှင်းယု ဘိက္ခုနီထေရီမကြီးဖြစ်တဲ့အထိ မစောင့်နိုင်တော့ ဘူး။

ကျွန်တော်သိချင်တဲ့အကြောင်းတွေကို ဘုန်းကြီးတွေထံမှာ လျှောက်ထားမေးလျှောက်ဖို့က မလွယ်ကူဘူး။ဆရာတော်များက တက္ကသိုလ်ဆရာများနဲ့တူတယ်၊ ကျွန်တော်က မူလတန်းကျောင်း သားနဲ့တူတယ်။

တက္ကသိုလ်ကျောင်းသားက မူလဓာတ်ခံ ပညာအရည် ချင်းရှိတော့ ဆရာတော်တွေ ဟောလိုက်ရင်ပဲ၊ နားမစိမ်းဘူး၊ ချက်ခြင်းနားလည်လွယ်တယ်။

ကျွန်တော့်လို ဘာမှမသိတဲ့သူက ဘုန်းတော်ကြီးတွေ

http://www.cherrythitsar.org



ဘယ်လိုပဲရှင်းပြပြ အခံကလဲမရှိတော့ ဘာတစ်လုံးမှ နားလည်မှာ မဟုတ်ပါဘူး။ ဒေါ်ခင်နှင်းယု ကဗျာကိုတောင် နာမ်-ရုပ်ကို ပြတ်စဲအောင် အားထုတ်နေစဉ် ခဏလေးပဲ သောကတွေကငြိမ်းတယ် ပြောထားတယ်၊ ဘယ်လိုများ ပြတ်အောင်လုပ်လဲ၊ အဲဒီနာမ်-နဲ့ ရုပ်ကြီးပြတ်အောင်လုပ်မှ သေရောပေါ့လို့ တွေးမိပါတယ်။ ဒီစာ ဖတ်ပြီးမရယ်ပါနဲ့နော်။

အဲဒီတော့ ဒေါ်ခင်နှင်းယုရဲ့ပွဲတွေ့ အမြတ်တရားကိုလည်း ဖတ်ပြီးပါပြီ။ ကျွန်တော့်ကို တရားဦး ဟောနိုင်သူဟာဖြင့် ဒေါ်ခင်နှင်းယုပဲ ရှိပါတယ်။ ပွဲတွေ့ အမြတ်တရားထဲက စကားလုံးကိုတောင် သဘောမပေါက်နိုင်ဘူး။

မသေခင်မသေမီမှာ၊ တစ်ဘဝလုံး ခံစားလာခဲ့ရတဲ့ သောကတွေကို ခဏတာပဲမေ့လို့ရရ၊ငြိမ်းအောင်ပဲလုပ်လို့ရရ ဒေါ်ခင်နှင်းယုလို ချင်ပါတယ်။ ကျွန်တော်မှာတော့ အရက်နဲ့ဖြေလဲအပြေ၊ စိတ်ငြိမ်ဆေးတွေ၊ ဆရာဝန်ကြီးဦးနေဝင်းတို့ ဘယ်လိုပဲ ကျွေးကျွေး၊ ရင်ထဲကအပူကဖြင့် မငြိမ်းလေဘူး။

ဒါကြောင့် ဒီစာကိုရေးရင်း ဒေါ်ခင်နှင်းယုကို မေးခွန်းမေးပါရစေ၊ တတ်နိုင်သလောက်သာဖြေပါ။ ကျွန်တော်ကျေနပ်ပါတယ်။

ကျွန်တော့်ကိုတော့ အစစခွင့်လွှတ်ပါတော့နော်။

ငြိမ်းချမ်းရေးရဲ့အရသာကို မငြိမ်းချမ်းသောကာလ (စစ်ဖြစ်နေချိန်) မှပဲသိတယ်ဆိုတာ တယ်မှန်တယ်၊ စစ်ပြီးလို့ရန်ကုန်မှာ တက္ကသိုလ်ကျောင်းပြန်ဖွင့်တော့၊ သူငယ်ချင်းမျိုးစုံရဲ့အဖြစ်မျိုးစုံကို ကျွန်တော်ကြားရတယ်။

စစ်ပြေးရင်း ခံစားရတာရယ်၊ တိုင်းပြည်အတွက် ဂျပန်တစ်ခေတ်လုံး၊ တပ်မတော်လူထွက်လူငယ်လေးတွေလည်း ပညာဆက်သင်တော့ သူတို့ရဲ့တွေ့ကြုံခံစားချက်တွေရယ်၊ စုပေါင်းသိရ

တော့မှ ဘုရား. . . ဘုရား ၅နှစ်တိုင်ကာလပတ်လုံး ဒီဒုက္ခတွေ ရဲ့ကင်းငြိမ်းရာလုံခြုံရာ၊ဝါးခယ်မမြို့ဆိုတဲ့အေးရိပ်သာကို တို့ မိသားစုခိုလှုံခဲ့ရပါလား၊ ငါဟာ သူ့မြေနင်း၊ သူ့ရေသောက်၊ သူ့အရိပ် ခိုပြီးမှသူ့ ကျေးဇူးကန်းပြီး၊ သူမြေကမွေးတဲ့. . . မွေးဆိုတဲ့ မိန်းကလေးကို ရက်ရက်စက်စက် စွန့်ခွာခဲ့သူပါလားလို့၊ ခုချိန်မှာ နောင်တ တရားရနေသူပါ။

ဒီဝင်္ကြေးကိုဆပ်တဲ့အနေနဲ့ ငတင်အောင်ထွန်း ဒရိုင်ဘာ ကြီး တစ်ယောက်လုပ်ပြီး၊ မွေးအပါးမှာ သစ္စာရှိစွာ စောင့်ရှောက်ခဲ့ပြီ မို့၊ ဒေါ်ခင်နှင်းယု၊ ကျွန်တော့်အပေါ် အစစ ခွင့်လွှတ်ပါတော့ ဆိုတဲ့ စကားလုံး သုံးရခြင်းပါ။

ကဲ. . . ကျွန်တော်သိလိုတာကို စတင်ရေးပါရစေ။ မကြာခင်တင်ပဲ သေခြင်းတရားဟာ ကျွန်တော့်ကို ခြိမ်းခြောက် လာခဲ့ပါပြီ။

ဘယ်လိုပဲ ဆရာဝန်ကြီးတွေ ဆေးတွေစွမ်းလို့ပဲ ကုကု၊ အရက်ဒဏ် ပွေခဲ့တဲ့ဒဏ်တွေကြောင့် အလွန်အကျွံ ကျွန်တော့် အသက်ရှည်လှရင် ၅နှစ်ပေါ့။

ကျွန်တော့်လက်ပေါ်မှာ ဖေဖေလည်း ကွယ်လွန်အနိစ္စ ရောက်ခဲ့တယ်၊ မေမေနဲ့ကြီးကြီးထားတို့လဲ ကွယ်လွန်ခဲ့တယ်၊ ကျွန်တော် စိတ်တုန်လှုပ်တာကတော့ ကြီးကြီးထားနေမကောင်းစဉ် က ဆေးရုံပေါ်မှာ တင်ထားတုန်း ကျွန်တော် သွားရောက် ပြုစုခဲ့ တယ်။ အဲဒီတုန်းက မင်းကြီးဦးသော်ဇင်ရဲ့ နောက်ဆုံးနေ့ပါပဲ။

သူဟာသက်သတ်လွတ်စား၊ ကောင်းမှုဒါနတွေပြု၊ သီလ တွေ၊ ဆောက်တည်ပေမင့်၊ သေခါနီးဇောပြန်တာ မြင်ရတော့ ကျွန်တော် ကြောက်လိုက်တာ။

ခရစ်ယာန်သူနာပြုဆရာမလေး စတယ်လာနဲ့ ဒေါ်ရစ်က

http://www.cherrythitsar.org



လည်း ပြောတယ်၊ ဗုဒ္ဓဘာသာတွေတင်မဟုတ်ဘူး၊ ခရစ်ယာန်တွေမှာလည်း ဘုရားသခင်ထံမှာ အိပ်ပျော်သွားကြတယ်လို့ ဘယ်လိုပဲဆိုဆို သေခါးနီး မငြိမ်မသက် အဲဒီလို အာရုံ နိမိတ်တွေထင်တဲ့ လူနာတွေ သူတို့ ခဏခဏ တွေ့ရတယ်တဲ့။

အခု ကျွန်တော် အိပ်ရာပေါ် အိပ်ရင်း ဝေဒနာတွေကို ခံစားရရင်း နောင်တစ်ဘဝဆိုတဲ့အကြောင်း၊ ဇောဆိုတဲ့အကြောင်း၊ ဇောပြန်ဆိုတဲ့အကြောင်း တွေးမိလာပြီလေ။

အမလေး. . . ဒေါ်ခင်နှင်းယုရယ်၊ တစ်သက်လုံး ပွေလာတဲ့ ကျွန်တော်ရဲ့နောက်ကိုလေ၊ တစ်သက်လုံး ပြုလာတဲ့အမှု ကံတွေဟာ လိုက်လာနှိပ်စက်ပြီး၊ နိမိတ်ထင်လာမှ ဦးသော်ဇင်ထက် ဆယ်ဆဆိုးမယ်။

ကြီးကြီးထား စိန်ထုပ်ကြီးကို တစ္ဆဲလမ်းလမ်း လက်ကြီးကွင်းကွင်းပြပြီး၊ စိန်ထုပ်ကို ရင်မှာပိုက်ပြီး သေတာထက် ဆယ်ဆဆိုးမယ်။

အိမ်စေကလေးမလေးတွေနဲ့ အခြွေအရံ အစေခံတွေ အပေါ် မေမေဆိုးခဲ့သမျှ နှလုံးရောဂါကြီး မရှုမလှခံရပြီး သေရတာထက် ဆယ်ဆဆိုးမယ်။

အိုး. . . ခုတော့ နောက်ဘဝဆိုတာကိုလည်းယုံတယ်၊ ကံဆိုတာကိုလည်းယုံတယ်။ ဒီတော့ ကျွန်တော်သေခါနီးရင် ဘယ်တရားကို အာရုံပြုလို့ ဘယ်လိုသေရပါ့မလဲ ဒေါ်ခင်နှင်းယုရဲ့။ ဒီဇောတွေ မကပ်နိုင်အောင် ကြိုတင်ကာကွယ်နည်းများ မရှိပေဘူးလား၊ နောက်တစ်ဘဝဆိုတာကို ဘယ်လို ကူးပြောင်းကြတာလဲ။

ဒေါ်ခင်နှင်းယုအသိက သဲပွင့်လေးလောက်ပဲ ရှိတယ်ပဲဆိုဆို အဲဒီသဲပွင့် အလင်းရောင် လက်လက်ကလေးနဲ့ပဲ အမှောင်တွင်း

http://www.cherrythitsar.org



မှာ ကျရောက်နေတဲ့ ကျွန်တော် ငတင်အောင်ထွန်းကို လမ်းပြပေးပါ နော်။

ချမ်းမြေ့ရွှင်လန်းပါစေ. . .

**ကျွန်တော်**
**တင်အောင်ထွန်း။**

ကျွန်မသည် ကိုတင်အောင်ထွန်း၏ ရှည်လျားလှသော စာကိုဖတ်ရှုပြီးသည်နောက် ရင်မောလှပါသည်။ ကြေကွဲမိပါသည်။ ကျွန်မ၏အဖော် ကလောင်တံလေးကိုပဲဆွဲယူ၍ ကိုတင်အောင်ထွန်း ထံ စာရေးရပါသည်။

**ကိုတင်အောင်ထွန်း**

မသဲပွင့်စာပြန်ရေးလိုက်ပါသည်။

ဒီစာကို စရေးရေးချင်းပဲ ကျွန်မကလည်း တောင်းပန်ပါရစေ၊ ကိုတင်အောင်ထွန်းရဲ့ ရှည်လျားတဲ့စာကို ကျွန်မအိပ်ရာပေါ်မှာ အနားယူ လဲလျောင်းနေရာက တစ်ရှိက်ခြင်းဖတ်သလို ကျွန်မရဲ့ ပြန်စာကိုလည်း ကိုတင်အောင်ထွန်းဟာ၊ အိပ်ရာပေါ်ကနေ စိတ်ရှည် စွာဖတ်ဖို့ တောင်းပန်ပါတယ်။

ဘာကြောင့်လဲဆိုရင် အမေ နွားကျောင်း အဖြေဘုရား အလောင်းဆိုသလိုပဲ ကိုတင်အောင်ထွန်းကတော့ အမေးကို မေးလိုက်တာ စာတစ်တန်းစကားတစ်ခွန်းဘဲ ကျွန်မအနေနဲ့ ဖြေဆိုရ မှာ မလွယ်ဘူး။

ဘယ်စာအုပ်ကိုဖတ်လို့ညွှန်းရင်လည်းလွယ်ကူပါတယ်၊ သာသနာ့ရိပ်သာမှာ မဟာစည်ဆရာတော်ဘုရား ရေးခဲ့တဲ့စာအုပ် တွေဟာ အစုံပဲရှိပါတယ်၊ တိုတိုနဲ့လိုရင်း ရှင်းရှင်းပဲ ရေးထားပါတယ်။

ဒါပေမင့် ကိုတင်အောင်ထွန်း စာထဲပါသလို တိုကျဉ်းရှင်း

http://www.cherrythitsar.org



ဘယ်လိုပဲ ရေးထားပေမင့် အခံမရှိဘာသာရေးနဲ့ စိမ်းနေသူအဖို့၊ မူလတန်းကျောင်းသားကို ဝေဿန္တရာဇာတ်တော် ဖတ်ခိုင်းသလို၊ ဖြစ်နေမှာပဲ ဆိုတာလည်း သဘောပေါက်ပါတယ်။

ဇာတ်တော်စစ်စစ်ကို ပုံလို သဘောပြောပြရင်တော့ မူလတန်းကလေးတွေ နားလည်ပါတယ်၊ ဦးဩဘာသစကားလုံးလို ရသတော့ မမြောက်ပေဘူးပေ့ါ။

တချို့ စာရေးဆရာတွေဟာ အရေးလည်းတော်၊ အပြော အဟောလည်းကောင်းကြပါပေတယ်။ ကျွန်မမှာတော့ ကိုတင်အောင်ထွန်းသာသာပဲ ဖြစ်နေတယ်ဆိုရင်ဖြင့် အံ့ဩမှာပဲ၊ တမင်လုပ်ပြောသလား ထင်ရအောင် မေးလေး၊ အာလေး၊ လျှာလေး ဖြစ်နေလို့ တတ်နိုင်သလောက် စကားပြော ဆင်ခြင်၊ ဟောပြောပွဲ တွေကို အဝေးက ရှောင်နေရတဲ့ ဘဝပဲ။

ပြီးခဲ့တဲ့ ကဆုန်လပြည့်ကပဲ ဒုတိယအကြိမ် နှလုံးအားနည်း ဒဏ်ကို ပြန်လည် ခံစားရပြန်တော့၊ သိမ်ဖြူဆရာတော် ဘုရားထံ ပြေးရသေးတယ်။ ဒီစာကိုဖြင့် ဆရာတော်ရဲ့ အထူးနှလုံးဆေးကို စားပြီး၊ ကျွန်မ ခင်နှင်းယုကလည်း ကျွန်တော် တင်အောင်ထွန်းထံကို စာပြန်ရခြင်းပါ။

ကိုတင်အောင်ထွန်းကမှ ဝတ်မှုံဆိုတဲ့ ချစ်စရာ ဇနီးလေး အပါးမှာ ပြုစုလို့ ကျွန်မထက် ကံကောင်းပါတယ်။ အထီးကျန် မိခင်ယုမှာတော့ အမှတ်တရားနဲ့ ဝိပဿနာအခံသာ ရင်ထဲမရှိရင် ဒီတစ်ပွဲ ဝါဆိုဦးမှာ၊ ကိုတင်အောင်ထွန်းဆီကို ဒီစာမရေးနိုင်တော့ဘူး လို့မှတ်ပါ။

လောကခံဒီပွဲမှာလည်း ချစ်တဲ့သူတွေနဲ့ ရှင်ကွဲကွဲခဲ့ပြန်ပြီ၊ လွန်ခဲ့တဲ့ ၆နှစ်က ကျွန်မချစ်သူ ခင်ပွန်းသည်နဲ့ သေကွဲကွဲရတယ်၊ အခု ဒီတစ်ချိန်မှာတော့ မခင်ယု၊ ဝိပဿနာကို လက်ကိုင်ပြုလို့ မမြ

## ၂၇၂ ခင်နှင်းယု

ဆင်းရဲသဘောလို့ နှလုံးသွင်းရတယ်။ ကိုတင်အောင်ထွန်းရဲ့ အန်တီ ဆရာမမာလေး ပြောသလိုဘဲ ချစ်သော အဆွေအမျိုး၊ အဆွေခင်ပွန်း တိုင်း သေကွဲသော်လည်းကောင်း၊ မလွဲမသေကွေကွင်းခြင်း ဆင်းရဲကို ခံရမှာပဲ။

ငါ့မှာ ကံသာလျှင် မှီခိုအားထားရာ အဆွေခင်ပွန်းအစစ် ဖြစ်ပါပေတယ်လို့ စာသဘောနဲ့ ဆင်ခြင်ပြီး၊ တဖက်တော့ ဝိပဿနာ သဘောနဲ့ မပြတ်မလပ် တရစပ်ကို ရှုမှတ်လိုက်ရပါတယ်။

ဒါကြောင့် ဝါဆိုဦးမှာ တရားဦးကိုဖြင့် ကိုတင်အောင်ထွန်း ဆီကို လူကိုယ်တိုင်လာပြီး မဟောနိုင်တာပါ။ ငါတို့မြေမှာ မွေးတဲ့ မွေးကို ရက်စက်သူပဲရယ်လို့ အမုန်းအာဃာတထားလို့ လာရောက် တွေ့ဆုံခြင်း မပြုဘဲ နေတယ်လို့ မထင်ပါနဲ့နော်။

အားလုံးကို ခွင့်လွှတ်ပါတယ်၊ ကျွန်မဟာ သတ္တိနည်းသူပါ။ သံသရာကိုလည်းကြောက်၊ လူတွေကိုလည်း ကြောက်လွန်းလို့ ဟိုသီချင်းလေးလိုပဲ ကြောက်ရွံ့၍ တုန်လှုပ်မိပါသည်၊ ဆိုသလို ဖြစ် နေပါတယ်။

ဒေါသဖြစ်နေတဲ့အပြောအဆို မျက်နှာထားကိုတောင် ကျွန်မ မကြည့်ရဲလောက်အောင်ပဲ လူတွေကို ကြောက်လွန်းလို့ တစ်ယောက်တည်းပဲ တရားနဲ့နေပါရစေလို့ ဘုရားမှာ ဆုတောင်းပါ တယ်။

ကိုတင်အောင်ထွန်းရဲ့စာပိုဒ်ထဲမှာ ကျွန်တော့် အဖြစ်က ဒေါ်ခင်နှင်းယုဟာ ဈာန်တရားတွေနဲ့ပျော်မွေ့ပြီး ဘိက္ခုနီထေရီ ဖြစ်တဲ့အထိကို မစောင့်နိုင်တော့ဘူးလို့ ပါပါတယ်။

ဒီစာပိုဒ်ကိုကြည့်ရှုနဲ့ကို ကိုတင်အောင်ထွန်းမှာ ဝိပဿနာ တရားအခံလုံးဝ စိမ်းနေသေးတယ်ဆိုတာ ကျွန်မ သဘောပေါက် ပါတယ်။

http://www.cherrythitsar.org



ဝိပဿနာသမားသည် တန်ခိုးတွေတလူလူနဲ့ ကောင်းကင်မှာ ပျံနိုင်အောင် စျာန်တရားကိုမပွား၊ အားမထုတ် စျာန်တန်ခိုး၊ စျာန်ပျံခြင်းသည် သမထ သဘောသည်သာလျှင် ဖြစ်တယ်လို့ ကျွန်မနားလည်ထားပါသည်။

ဒါကို ထားပါတော့လေ၊ စရေးရေးချင်ဘဲ၊ ကျွန်မစကားလုံးက ကိုတင်အောင်ထွန်းကို နားရှုပ်သွားတော့မယ်။ ကျွန်မ ခုပထမဆုံး ကိုတင်အောင်ထွန်းကို စိတ်ဓာတ်မကျအောင်လောကီလိုပဲ၊ အားပေးပါရစေ။

မသဲပွင့်လို ရေးရတာက၊ အသည်းတွေပွင့်ထွက်သွားလို့ မဟုတ်ပါဘူး၊ ကိုတင်အောင်ထွန်း စကားလုံးကိုမှီ၍ တည်၍ ပွားလိုက်သော စကားလုံးပါ၊ အမှောင်တွင်းမှာ ကျရောက်နေတဲ့ ကိုတင်အောင်ထွန်းအတွက် သဲတစ်ပွင့်အရောင်လေး လက်သလောက်ပဲ၊ ပါရမီရှိသည်ဖြစ်ပါစေ၊ ဒီသဲတစ်ပွင့် အရောင်ကို ကျွန်တော် အားကိုးရမှာပါဆိုလို့ ကျွန်မကိုယ်ကျွန်မ မသဲပွင့်လို့ စာရေးရတာပါ။

မှန်ပါတယ်၊ အဘိုးဂေါတမဘုရားသခင် ဖြည့်ဆည်းတော်မူခဲ့တဲ့ ပါရမီ၊ အဖမဟာစည်ဆရာတော်ဘုရားကျင့်သုံးခဲ့တဲ့ ပါရမီ၊ အကျင့်နဲ့ နှိုင်းလိုက်တော့ ကျွန်မရဲ့ကျင့်ကြံအားထုတ်မှုဟာ သဲတစ်ပွင့်စာလောက်ပဲ ရှိပါတယ်။

ဒီလိုပဲ တရားအားထုတ်ရင်း ကိုယ်တွေ့ကြုံသမျှ ရေးရသားရသော ပါရမီကုသိုလ် အဟုန်ကြောင့် တစ်နေ့သောအခါ ကျွန်မစာပေဟော ဗုဒ္ဓသာသနာကိုပြုရာမှာ သဲတစ်ပွင့်မှသည် ရွှေဆောင်ပုပ္ဖကြယ်ပွင့်ကြီးလို လောကကိုဖြင့် အလင်းပြနိုင်ပါစေလို့ ဆုတောင်းပါတယ်၊ ကိုတင်အောင်ထွန်းရယ်။

http://www.cherrythitsar.org



## ပါရမီကိုငှားပါ

ဒီစကားကို သုံးတော့ ကိုတင်အောင်ထွန်း အံ့အားသင့်သွားမယ်။

တစ်ခါတလေ ကျွန်မတို့မှာ ဖြစ်တတ်တယ်၊ ငွေကြေးအခက်ရုတ်တရက် ကြုံတတ်တယ်၊ တစ်နေရာမှာ လှည့်သုံးလိုက်မိလို့ ဘယ်လိုပဲ ချမ်းသာချမ်းသာ၊ ချမ်းသာလို့ဆင်းရဲလို့မဟုတ်ဘူး၊ ငွေမလည်ရင်ငွေကြေးမလည်ပတ်ရင်၊ အစိုးရတောင်မှ ပြင်ပနိုင်ငံတွေက၊ ငွေချေးရသေးတယ်၊ ကျွန်မတို့မှာလည်း ပါရမီကံကနည်းတဲ့အထဲ ရုတ်တရက် ပါရမီဆိုတာ ဖြည့်လိုလည်း မရတော့ပါရမီကို ငှားရပါတယ်။ ကျွန်မလုပ်ပုံတွေကို ကိုတင်အောင်ထွန်းကိုပြောပြရတာပါ။

ကျွန်မဟာ သိပ်စိတ်ဆင်းရဲပြီး၊ အထီးကျန်ဘဝနဲ့လောကရဲ့ဒဏ်ချက်တွေကိုခဏခဏ ခံစားခဲ့ရပေါင်း များလှပြီ၊ ပုထုဇဉ်ပေပဲ၊ တုန်လှုပ်တာပေါ့၊ကြံ့ကြံ့ခံနိုင်ငံတယ်ဟော့၊ မျက်ရည် တစ်ပေါက်မကျဘူးဟော့လို့လည်းမအော်ရဲပါဘူး။ကယ်မပါ၊ပြုစုပါလို့လည်းသူများကိုအကူအညီသွားတောင်းရင်၊အဆင်းသာဘီးလိုမ့်တတ်ပြီး၊တွန်းတတ်တဲ့ပတ်ဝန်းကျင်ကျွန်မကြောက်တယ်။ကိုယ့်ရောဂါနဲ့ကိုယ်တောင်ရောဂါကိုအကျယ်ချဲ့ပြီး၊ရိုးမယ်ဖွဲ့ပြီးကိုယ့်ကိုယ်ကိုသိပ်သနားနေတယ်လို့အထင်ခံရတဲ့အချိန်။

သိမ်ဖြူဆရာတော်ဘုရားနဲ့ဆရာဝန်ကြီးများသာကျွန်မရောဂါအခြေခံကိုသိလေတော့၊ ကိုယ့်ရင်မှာပဲပိုက်ထားရတယ်။

"ကျွန်တော်တို့မှာလည်း ကျွန်တော်တို့ပြဿနာနဲ့"လို့ပက်ပက်စက်စက် အအော်ခံခဲ့ရကတည်းက ကျွန်မချစ်သူကတစ်ယောက်တည်း နေတတ်အောင် ကြိုးစားပါ မိချိုရယ်လို့အသက်ရှင်စဉ်က ဆုံးမခဲ့တဲ့အတိုင်းဖြစ်နေအောင် ကြိုးစားရတယ်၊

http://www.cherrythitsar.org



ဟုတ်တယ် ကိစ္စများမြောင်တဲ့လူတို့ဘောင်မှာ သူတို့မှာလည်း သူတို့ပြဿနာနဲ့ကို။

နေမဖြစ်ရင် ဘုရားရှေ့မှာ ကျုံ့ကျုံ့ထိုင်ပြီးရိုသေစွာရှိခိုးပြီး ပါရမီ ငှားမိတယ်။

"အရှင်ဘုရား ဘုရားလောင်းတော် ငုံးမင်းလေး ဖြစ်စဉ်ဘဝတုန်းက သစ္စာဆိုခဲ့တာကို ဝဋ္ဋသုတ်လည်း တပည့်တော် ရွတ်ဖတ် သရဇ္ဈာယ်တိုင်း သတိရပါတယ်။

ငါသည်အတောင်ဖြင့် ပျံသန်းနိုင်သော အရွယ်မဟုတ်။

ငါ၌မိဘများလည်း ကွယ်လွန်ကြပြီ၊ ယခု တောမီးက လည်း ပြင်းစွာလောင်ကျွမ်း၍ ငါ၏အသိုက်ရှိရာ၊ သစ်ပင်အနီးသို့ ကပ်လာခဲ့ပြီ။ ငါ၌ဘဝဘဝက ပြုခဲ့သော ပါရမီကလွဲ၍ အားကိုး အားထားရာမရှိပါပြီ။

ဤမှန်သော သစ္စာစကားကြောင့် ယခုလောင်ကျွမ်းလျက် ရှိသော တောမီးသည် ခဏခြင်းပင် ငြိမ်းပါစေသတည်း။ ငုံးမင်းရဲ့ ဘဝကံ ပါရမီကြောင့် သစ္စာဆိုသောခဏ၌ တောမီးသည်ငြိမ်းပါ သည် အရှင်ဘုရား။

ဘုရားတပည့်တော်မ၌ ငုံးမင်းလေးကဲ့သို့ ပါရမီလည်း မရှိပါ။ မိဘများလည်း ကွယ်လွန်ခဲ့ကြပါပြီ။ အားကိုးရာခင်ပွန်းသည်လည်း မရှိတော့ပါဘုရား၊ ပတ်ဝန်းကျင် အဆွေအမျိုးတို့ကိုလည်း လိုအပ် သည်ထက် ပိုမိုပြီး အကူအညီတောင်းဖို့ မသင့်ပါဘုရား။

တောမီးနှင့်တူသော လောကဓံမီးတို့သည် ညီးညီးလောင် လျက် တပည့်တော်၏အပါးသို့ ချည်းကပ်လာခဲ့ကြပါပြီ။

ငုံးမင်းလေး၏ ကြီးကျယ်မြင့်မြတ်လှသော ပါရမီကြောင့် တောမီးသည် ငြိမ်းခဲ့ဖူးပါ၏။ ဤမှန်သော သစ္စာစကားကြောင့် တပည့်တော်မ၏ ပြင်ပ၌ လောင်ကျွမ်းသော လောကဓံမီးသည်

http://www.cherrythitsar.org



လည်းကောင်း၊ ရင်တွင်း၌ပြင်းစွာ လောင်လျှက်ရှိသောသောက မီးသည်လည်းကောင်း ငြိမ်းပါစေသတည်း”လို့ အဲဒီလိုပဲ ဘုရားလောင်း ငုံမင်းလေးရဲ့ ပါရမီကိုငှားပြီး သစ္စာဆိုခဲ့ဖူးပါတယ်။ ဒေါ်ခင်နှင်းယုကလည်း ကြံကြံဖန်ဖန်လို့ မတွေးနဲ့၊ မပြောနဲ့။ မရယ်ချင်နဲ့ကိုတင်အောင်ထွန်း။

ကျွန်မဟာ တွေးလည်းတွေးတယ်၊ ကိုယ်တွေ့ဖြစ်အောင် လုပ်လည်းလုပ်ကြည့်ပြီးမှ ရေးတတ်တယ်၊ဘယ်တော့မှစိတ်ကူး ယဉ်ပြီး တစ်ဆင့်ဖေါက်သည် မချဘူး။

အခု ကိုတင်အောင်ထွန်းမှာ ဝတ်မှုံကလွဲလို့ မိန်းကလေး တွေကိုပြစ်မှား ကျူးလွန်တဲ့စိတ်မရှိ၊ အရက်လည်းမသောက်တော့၊ ငါးပါးသီလမြဲနေချိန်မှာသီလစင်ကြယ်သူအနေနဲ့ကျွန်မပြောခဲ့သလို ပါရမီငှားပြီး သစ္စာဆိုကြည့်ပါ၊ ထိရောက်ပါလိမ့်မယ်။

ကိုတင်အောင်ထွန်းရဲ့စာကို ကျွန်မအထပ်ထပ် ဖတ်ကြည့် ပြီးပါပြီ။ ကိုတင်အောင်ထွန်းဟာ ပင်ရင်းသဘောထား စိတ်ခံ ကောင်းသူလို့ ကျွန်မ ယူဆမိလာပါတယ်။ အလှနဲ့ ကာမဂုဏ် သဘောတွေကို မက်တဲ့ နေရာမှာ ယောက်ျားတိုင်းထဲက ယောက်ျား တစ်ယောက်မို့ ကိုတင်အောင်ထွန်းကို ကျွန်မ အဆိုးမဆိုလိုတော့ပါ ဘူး။

အဖေကြီးအပေါ်မှာ မကွယ်လွန်ခင် ပြုစုခဲ့တာ ယောက္ခမ ဟောင်းအပေါ်ရှိသေတာတွေ၊ လက်ရှိယောက္ခမ အဘဦးစံအပေါ် ဝတ္တရား ကျေပွန်စွာ ပြုစုခဲ့တာတွေ။

အထူးသဖြင့် ဝတ်မှုံလို ကျေးတောသူ ဇနီးအပေါ်မှာ အညီအမျှရှိတတ်ပြီး။ ကျေးဇူးဆပ်တဲ့ အပြုအမူတွေ တွေ့ရတော့၊ ခုခေတ်စကားနဲ့ပြောရရင်. . .

“ကိုတင်အောင်ထွန်း၊ ဘယ်ဆိုးလို့တုန်း” လို့ ဆိုရမယ်။

ဒီကုသိုလ်ကံတွေဟာ တမလွန်ကိုမစောင့်ပါဘူး။မျက်မှောက်ဘဝ မှာပဲ အကျိုးပေးပါလိမ့်မယ်၊ မယုံရင် စောင့်ကြည့်ပါ။ အဲ. . . အရက်ကိုတော့ပြန်ပြီး မသောက်နဲ့တော့နော်။

**အားမငယ်ပါနဲ့**

ပါရမီကိုငွားဖို့ တိုက်တွန်းပြီးပြီ။ အားမငယ်ပါနဲ့ဆိုတဲ့ စကားလုံးနဲ့အားပေးပါရစေဦး။ ကိုယ်ဖြစ်တဲ့အကြောင်းတွေကို တနုံ့နုံ့ပြန်တွေးပြီး စိတ်သောကမဖြစ်နေပါနဲ့တော့။

လျှမ်းလျှမ်းတောက် သူဌေးသားဘဝ ဦးတင်အောင်ထွန်း (ခေါ်) ဖရက်ဒီလို့ သတင်းမွှေးခဲ့တဲ့ အရာရှိဘဝကနေ၊ ဒရိုင်ဘာ အထိ ပြောင်းလဲခဲ့ရတဲ့အတွက်လည်း စိတ်ထိခိုက်စရာမရှိပါဘူး။ ကိုတင်အောင်ထွန်း စာအစမှာဖော်ပြခဲ့တဲ့ နပိုလီယံဘုရင် ဧကရာဇ် ကြီးဟာဖြင့်ဥပရောပနယ်မြေကို ဖိနှိပ်ဖိနှိပ်တုန်စေခဲ့တဲ့စစ်ဘုရင်ကြီးပါ။ အင်္ဂလန်ရော၊ရုရှားရော။ပိုလန်၊ဂျာမဏီ၊ဩစတြီးယား အစရှိတဲ့ နိုင်ငံတွေ မဟာမိတ်ဖွဲ့ပြီးတော့ကို လက်တွဲ ဝိုင်းတိုက်ခဲ့ရတဲ့ မဟာစစ်သူကြီး နပိုလီယံဆိုပါတော့၊ သူတောင် စိစလီကျွန်းမှာ တစ်ကိုယ်တည်း သာမန်အကျဉ်းသားဘဝနဲ့ ကွယ်လွန်ခဲ့ရတယ်။

ဘုံပြဿဒ်တဝင်းဝင်းနဲ့ စံစားခဲ့တဲ့ ပြဟ္မာကြီးတွေလဲ ကုသိုလ်ကံ အဟုန်ပြတ်သွားရင် ဝတ်စားကျင်းမှာ တစ်လှည့်ကြုံခဲ့ ကြရတာထောက်တော့ ကိုတင်အောင်ထွန်း အဖြစ်ဟာ စိတ်ထိခိုက် စရာ မဟုတ်ပါဘူး။

ဒီနေရာမှာ ကျွန်မရေးရင်း သန္တတိ အမတ်ကြီးကို သွားပြီး သတိရပါတယ်။ သန္တတိ အမတ်ကြီးဟာ စစ်ပွဲတွေ အောင်ပွဲခံ ခဲ့တော့ ကောသလ ဘုရင်ကြီးက သူ့ကို ချီးမြှောက်တယ်။ ဘုရင့် စည်းစိမ်ကို ၇ရက်ခံစားစေတယ်။ သူသောက်ချင်တဲ့ အရက်မျိုးစုံ

http://www.cherrythitsar.org



ကို သောက်ပြီး၊ ရံရွှေတော်များနဲ့ ဘုရင့်ရဲ့စည်းစိမ်ကို ၇ရက် ပတ်လုံး ခံစားရတဲ့ သန္တတိ အမတ်ကြီးဟာ ၇ရက် မြောက်တဲ့နေ့မှာ ဆင်စီးပြီး အခြွေအရံများနဲ့အတူ ရေဆိပ်မှာရေသွားချိုးတယ်။

လမ်းမှာ ဘုရားသခင်နဲ့တွေ့တော့ ဆင်ပေါ်ကပဲ ဦးညွတ် အရိုအသေပြုတယ်။ ဒီအခါမှာမြတ်စွာဘုရားက"ဒီအမတ်ကြီးဟာ ယနေ့ပဲ ငါ့ထံမှာ ဂါထာတစ်ပုဒ် ကြားနာပြီး လူဝတ်လူစားနဲ့ဘဲ ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန်ပြုလိမ့်မယ်လို့ ပြောတယ်"

ဒီစကားကို တိတ္ထိတွေကြားတော့ အရက်ဒါလောက် သောက်ပြီး အမူးလွန်နေတဲ့ လူဟာ ဂါထာလေးတစ်ပုဒ် ကြားနာရ တာနဲ့ ရဟန္တာဖြစ်၊ ပရိနိဗ္ဗာန်ပြု ဖြစ်နိုင်ပါ့မလား၊ မုသားပြောတဲ့ ဂေါတမကို တို့များဝိုင်းပြီးနှိမ်ဖို့ အခွင့်ရပြီလို့ ကဲ့ရဲ့ကြတယ်။

သန္တတိအမတ်ကြီးဟာ ဒီနေ့မှာဘဲ သူအင်မတန်ချစ်တဲ့ ရံရွှေတော် တစ်ယောက်ဟာ သူ့ကိုဖျော်ဖြေနေဆဲ ရုတ်တရက် ကွယ်လွန် အနိစ္စရောက်သွားတယ်။ ချစ်သောသူနှင့်ကွေကွင်းရခြင်း ဒုက္ခကို မခံနိုင်တဲ့ အမတ်ကြီးဟာ မြတ်စွာဘုရားထံတော်ကို ပြေးသွားတယ်။ ဘုရားသခင်ဟာ အမတ်ကြီးကို ဂါထာတစ်ပုဒ် ဟောကြားတယ်။ အဓိပ္ပာယ်ကတော့. . .

"ရှေး၌ဖြစ်ခဲ့တဲ့ အတိတ်က အပူမီးကိုလည်း ပြန်ပြီး မပွားပါ နဲ့၊ မတွေးပါနဲ့တော့၊ ဒီအတိတ်က ဖြစ်ခဲ့တဲ့အကြောင်းတွေကို စွဲပြီး လောင်ကျွမ်းတဲ့ ကိလေသာကိုလည်း ထပ်မံမဖြစ်ပါစေနဲ့၊ နောက် ဖြစ်လာမယ့် ဒီရုပ်တရား၊ နာမ်တရားတွေပေါ်မှာလည်း စွဲလမ်းပြီး ရာဂ ဆိုတဲ့ အပူမီးကိုလဲ ထပ်ပြီးမမွေးပါနဲ့တော့။ အခုဖြစ်ဆဲရုပ်နာမ်၊ ခန္ဓာပေါ်မှာ တဏှာနဲ့စွဲလမ်းစိတ်မရှိဘဲနေရင်၊ကျင့်ကြံအားထုတ်ရင် သင့်မှာ ယခုလောင်ကျွမ်းနေတဲ့ ကိလေသာ အပူမီးငြိမ်းသွားလိမ့် မည်" တဲ့။

http://www.cherrythitsar.org



သန္တတိ အမတ်ကြီးဟာ ဒီဂါထာကို ကြားနာရပြီး နှလုံးသွင်း ရှုမှတ်လို့ ရဟန္တာ ဖြစ်တယ်။ ဘုရားသခင် ဟောကြားတာကို လူတွေ ယုံမှားသံသယဖြစ်မှာစိုးလို့ တိတ္တိတွေ စိတ်ထဲလည်း သံသယ ပျောက်အောင် ထန်းပင်ခုနစ်ဆင့်မြင့်တဲ့ အရပ်သို့ ပျံတက်ပြီး ဒီနေ့မှာပဲ ပရိနိဗ္ဗာန်ပြုသွားတယ်။

ဒီနေရာမှာ ကိုတင်အောင်ထွန်းရေ၊ တရားနာရုံနဲ့ ချက်ချင်း ရဟန္တာဖြစ်တယ် မထင်နဲ့နော်၊ ရှင်းရှင်းမြန်မာစကားနဲ့ ရေးရရင် အတိတ်လည်း မပြန်ဘူး၊ အနာဂတ်ကိုလည်း မကြံပဲ၊ ဖြစ်ဆဲ သူ့ခန္ဓာ ရုပ်နာမ်တွေအပေါ်မှာ တရားရှုမှတ်လို့ရဟန္တာဖြစ်တာ စကားချပ် အနေနဲ့ရေးပြတာပါ။ ဘယ်လိုရှုမှတ်တယ်ဆိုတာ နောက်ပိုင်းကျမှ ကျွန်မရေးပြမယ်။

အဲ. . . အဲ. . . သန္တတိအမတ်ကြီးလို ဘုရင့်စည်းစိမ်၇ရက် ခံစားပြီး သေသောက်ကြူးနေတဲ့သူတောင် ရဟန္တာ ဖြစ်နိုင်သေးရင် ခုအရက်မသောက်ဘဲ ကိုတင်အောင်ထွန်း တရားရှုမှတ်ရင် ရဟန္တာ မဖြစ်တောင် အပါယ်မလားဘူး။အို လောလောဆယ် သေတောင် ကြီးကြီးထားတို့၊ဦးသော်ဇင်တို့လို ဇောမပြန် ဇောမကပ်ဘဲငြိမ်သက် စွာသေရမယ်ဆိုတာ ကျွန်မရဲရဲအာမခံရဲပါတယ်။

ကိုတင်အောင်ထွန်းမှာ အမာခံကုသိုလ်တရားတွေအများ ကြီး ရှိပါတယ်။ စိတ်မရှိပါနဲ့နော်၊ ကျွန်မပွင့်ပွင့်လင်းလင်း တစ်ခုတော့ ပြောပြပါရစေ။

မြတ်စွာဘုရားသခင်ရဲ့ ကရုဏာ၊ မေတ္တာတော်ဟာ အတိုင်းအဆမရှိအောင် ကြီးမားတော်မူလွန်းလို့ မဟာတပ်ပြီး မဟာ ကရုဏာလို့ သုံးစွဲကြပါတယ်။ မိဘမေတ္တာဟာလည်း မြင့်မိုရ်တောင် နဲ့ နှိုင်းယှဉ်လို့တောင် မနှိုင်းသာအောင် ကြီးမားတယ်။

သို့သော်လည်း မေတ္တာထုဟာ မိုးရေပါသော၊ ရေခိုးရေငွေ့

http://www.cherrythitsar.org



ပါသော တိမ်လွှာထုနဲ့တူပါတယ်။ မေတ္တာတိမ်လွှာဟာ ရွှာသွန်းချင်လွန်းလို့မြေနဲ့နီးနိုင်သမျှ နီးကပ်အောင်နိမ့်ဆင်းလာပြီး သတ္တဝါတို့နှင့်တကွ သစ်ပင်ပန်းမာလ်၊ တောတောင်တွေအပေါ် စိုပြည်လန်းဆန်းအောင် ပက်ဖျန်းစေလိုပါသော်လည်း အောက်ခံမြေက အအေးဓာတ်ခံမရှိရင်၊ တောတန်းများ၊ တောင်တန်းများ မရှိရင် ရေခိုးရေငွေ့ဓာတ်ပါတဲ့ တိမ်လွှာထုဟာ အပေါ်ကို လွင့်ပျံတက်သွားရတယ်။

ဒါကြောင့် မိုးခေါင်ရေရှားရပ်ဝန်းနဲ့သဲကန္တာရတွေ ကမ္ဘာမှာ ဖြစ်ပေါ်ရတာ ကျွန်မအထူးရေးပြဖို့မလိုပါဘူး။ဦးတင်အောင်ထွန်းလို သိပ္ပံပညာရှင် အင်ဂျင်နီယာ တစ်ယောက်ဟာ သိပြီးသားပါ။

ဦးတင်အောင်ထွန်းရဲ့ ချစ်ဇနီးအေမီဟာ အအေးဓာတ်ခံဆိုတဲ့ ကုသိုလ်တရားကို သူ့ရင်မှာ ခေါင်းပါးခဲ့တယ်။ အထူးသဖြင့် မိခင်တစ်ယောက်အပေါ်မှာ တယ်လီဖုန်းလေးနဲ့တောင် မာမီနေကောင်းရဲ့လားလို့တစ်ခွန်းမမေး၊ ခြေဆုပ်လက်နက်ပြုဖို့နေနေ သာသာလက်ဖျားနဲ့တောင်မအေကို မတို့ဘူးတော့၊ အကုသိုလ်ကအလွန်ကြီးမားလွန်းလို့ သူ့မိခင်က သူ့အပေါ်မေတ္တာ ဘယ်လိုပဲထားထား၊ မေတ္တာမိုးရေငွေ့ဟာ သိပ်သည်းစုပေါင်းပြီး အေးမြတဲ့ ရေစင်အဖြစ်သူ့အပေါ် မရွာသွန်းနိုင်ဘဲ သူပိုးစိုးပက်စက် သေရတဲ့အထိဖြစ်သွားရတာပါ။

ကိုတင်အောင်ထွန်းမှာတော့ အဖေကြီးကို ခြေဆုပ်လက်နယ် ကာယကံမြောက်ပြုခဲ့တဲ့ ကုသိုလ်တရားအခံက ရှိပြီးမို့၊ အားမငယ်ပါနဲ့၊ မြတ်ဘုရားသခင်ရဲ့ကရုဏာ၊ မေတ္တာ၊ မိုးရေဆွတ်ဖျန်းခြင်း ခံရမှာပါ။ ရင်တွင်းအပူမီးကို ငြိမ်းအေးစေမယ့်တရားကို ဒီဘဝမှာ ရနိုင်ပါသေးတယ် အားမလျှော့ပါနဲ့။

ပွင့်ပွင့်လင်းလင်းရေးပါစေလို့ တောင်းပန်ခွင့်တောင်းရ

http://www.cherrythitsar.org



တာကတော့ အေမီဟာ တစ်ခါကဖြင့် ကိုတင်အောင်ထွန်းရဲ့ အသည်းနှလုံးနဲ့ တူသောရှုမငြီး ချစ်ဇနီးဖြစ်ခဲ့လို့ပါ။ ငါ့ဇနီးကို ခင်နှင်းယုက အပြစ်ပြောတယ်လို့ အထင်လွဲမှာစိုးလို့ပါ။

အဆူဆူသော ဘုရားသခင်တို့ မေတ္တာရေငွေနဲ့ ကျွန်မတို့လွဲခဲ့ကြရတာလည်း ကျွန်မတို့မှာ ဘဝအဆက်ဆက်က အခံပါရမီနဲခဲ့လို့ပေါ့။

ပြီးတော့ ကိုတင်အောင်ထွန်းဟာ ကိုယ့်ကိုယ်ကို နားလည်တဲ့ လူတစ်ယောက်လို့ကျွန်မလက်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ကျွန်တော်သေရအုံ့ဆဲဆဲ ဘာတရားကိုမှ နားမလည်သေးဘူး၊ ဒေါ်ခင်နှင်းယုဘယ်တရားကို ဆင်ခြင် ဘယ်လိုနှလုံးသွင်းပြီး သေရမလဲလို့သိတတ်လာတာ၊ ပြောကြားလာတာကိုက အင်မတန်တန်ဖိုးရှိပါတယ်။

(ဓမ္မပဒ-၆၃)ဂဏ္ဌိဘေဒကစောရဝတ္ထုမှာ. . .

"မသိမလိမ္မာသော သူမိုက်ပင်ဖြစ်စေကာမူ ငါဟာ မသိတတ်ဘူး၊ မိုက်တယ်ဟုသိလျှင် တော်သေး၏။ ကိုယ့်ထက်တတ်သိ လိမ္မာသော သူတို့၏အဆုံးအမကို နာခံ၍ လူလိမ္မာ ပညာရှိတစ်ယောက် ဖြစ်နိုင်သေး၏။ မသိတတ် မလိမ္မာသော လူမိုက် ဖြစ်ပါလျက် ငါဟာ ပညာရှိပဲ၊ ငါသိတတ်တယ်။ နားလည်တယ်ဟုထင်မှားလျက်နေသော သူသည်ကား လူအမိုက်အစစ်ပေတည်း။ မည်သူ၏ဩဝါဒကိုမှ မနာခံ၊ မည်သူ၏ဝေဖန်မှုကိုမှ လက်မခံသောကြောင့် ထိုသို့သူမှာ လူမိုက် ဘဝမှ တက်လမ်းမရှိပြီ"

လို့ ဟောကြားတော်မူခဲ့ပါတယ်။ ကိုတင်အောင်ထွန်းဟာ ကိုယ့်အခြေအနေမှန်ကို လေ့လာတတ်သူ၊ နားလည်သူမို့

ခုအချိန်ဟာ နောက်မကျသေးပါဘူးလို့ ကျွန်မဆိုလိုတာပါ။ ဒါပေမင့် ကိုတင်အောင်ထွန်းကတော့ ကြီးမားပြီး၊ အဆင့်အတန်း မြင့်လွန်း တယ်၊ ရုတ်တရက် တရားကျင့်လေ့ ကျင့်ထမရှိသူကို ပြောပြဖို့၊ ကျွန်မ မပြောနဲ့ ဘုန်းကြီးတွေဟောတောင် လက်တွေ့မရှိရင် နားမလည်ဘူး။ ဒီတော့ စာတွေ့အနေနဲ့ဖတ်ဖို့ ကျွန်မကူးယူဖော်ပြတာကို ပထမဖတ်ကြည့်ပါဦး။

"စိတ်ဟာ ရှေ့သွားဖြစ်တယ်၊ အကြီးအကဲဖြစ်တယ်၊ စိတ်ကောင်းရင် ဒိပြင် နာမ်တရားတွေလည်း ကောင်းတယ်၊စိတ်က မကောင်းရင် ဒိပြင် နာမ်တရားတွေလည်း မကောင်းဘူး၊ စိတ်ဟာ လိုရင်း အချုပ်အခြာ အခရာပဲ။ ဒါကြောင့် စိတ်ဆိုးပြစ်မှားတဲ့ စိတ်ကြံရင် အကုသိုလ်မနောကံဖြစ်တယ်။ ပြောဆိုရင် အကုသိုလ် ဝစီကံဖြစ်တယ်။ ပြုလုပ်ရင် အကုသိုလ်ကာယကံဖြစ်တယ်။ ဒီကံသုံးပါးဟာ အဝိဇ္ဇာကြောင့်ဖြစ်တဲ့သင်္ခါရတွေဟာ ကြံတဲ့၊ပြောတဲ့၊ ပြုတဲ့အချိန်ကစပြီး အဲဒီပုဂ္ဂိုလ်ရဲ့ရုပ်နာမ်အစဉ်သန္တာန်မှာ အကျိုးပေးဖို့ အရှိန်အဝါ သတ္တိအဖြစ်နဲ့ အစဉ်မပြတ် လိုက်ပါနေတယ်၊ ကြံတိုင်း ပြောတိုင်း ပြုတိုင်း ဇောခုနစ်ကြိမ် ခုနစ်ကြိမ်၊ အကြိမ်ပေါင်းများစွာ အထပ်ထပ်ဖြစ်တယ်။

အဲဒီဇော ခုနစ်ကြိမ် ခုနစ်ကြိမ်ထဲက ပထမဇောတွေက အကြောင်း ညီညွတ်ရင် ယခုဘဝတွင်ပဲ အကျိုးပေးတယ်၊ အကြောင်း မညီညွတ်ရင်တော့ အဟောသိကံ ဖြစ်သွားတယ်၊ အကျိုးမပေးတော့ဘူးလို့ ဆိုလိုပါတယ်။

ခုနစ်ကြိမ်ခြောက်သတ္တမဇောတစ်ခုခုကလည်း အကြောင်း ညီညွတ်ရင် သေခါနီးမှာ ကံကမ္မနိမိတ်ဂတိနိမိတ် ထင်စေပြီးတော့ အကျိုးမပေးတော့ဘူး၊ အဟောသိကံ ဖြစ်သွားတယ်။

ပထမနဲ့သတ္တမဇောကို ဖယ်ထားပြီး အလယ်က ဇောငါး ချက်ရှိတယ်၊ အဲဒီအလယ်ဇော ငါးချက်ဆိုတာတွေကတော့ တတိယဘဝကစပြီး ပရိနိဗ္ဗာန် ဝင်စံရမည့် နောက်ဆုံး ဘဝအထိ အကြောင်းညီညွတ်တဲ့ အခါမှ သူက အကျိုးပေးတယ်။

ကိလေသာကုန်ခမ်း ရဟန္တာဖြစ်လို့ ပရိနိဗ္ဗာန်ဝင်စံသွားမှာပဲ သူက အဟောသိကံ ဖြစ်သွားတယ်။ ပရိနိဗ္ဗာန် မဝင်စံသေး ခင်အတွင်းမှာတော့ ဘဝပေါင်း သိန်းသန်းကုဋေအသင်္ချေ၊ ကမ္ဘာ ပေါင်း သိန်းသန်းကုဋေ အသင်္ချေ၊ ဘယ်လောက်ပဲကြာကြာ သူက အကျိုးမပေးရသေးရင် ကုန်သွားတယ်လို့ မရှိဘူး၊ ပျက်သွားတယ်လို့ မရှိဘူး၊ အကြောင်းညီညွတ်ရင် အကျိုးပေးဖို့ရာ အသင့်နေတာပဲ၊ အကျိုးပေးတော့ ဘယ်လိုအကျိုးကို ပေးပါသလဲဆိုရင် အကုသိုလ်ကံဆိုတာ ကိုယ်ဆင်းရဲ အမျိုးမျိုး၊ စိတ်ဆင်းရဲအမျိုးမျိုးကိုပဲ ပေးတယ်။

ငရဲ တိရစ္ဆာန် ပြိတ္တာဘုံဘဝတွေမှာ ဖြစ်စေပြီး ဆင်းရဲ အမျိုးမျိုးကိုပေးတယ်၊ ကုသိုလ်ကံ တစ်ခုခုက လူ့ဘဝကို ပို့ပေးလို့ လူဖြစ်လာပြန်ရင်လည်း အဲဒီလူ့ဘဝမှာ ကိုယ်ဆင်းရဲ အမျိုးမျိုး တွေကို ဖြစ်စေတယ်၊ ဥပမာအားဖြင့် လှည်းဝန်ကို ရုန်းဆောင် ပြီးသွားနေတဲ့ နွားရဲ့ခြေနောက်လှည်းဘီးက အစဉ်လိုက်နေသလို ပါပဲတဲ့၊ နွားက တလှမ်း လှမ်းလိုက်ရင် လှည်းဘီးကလည်း တစ်လှမ်းစာလိမ့်ပြီး လိုက်လာတာပဲ၊ နှစ်လှမ်း သုံးလှမ်း စသည်ဖြင့် လှမ်းလိုက်ရင် လှည်းကလည်း နှစ်လှမ်း သုံးလှမ်းစာ စသည်ဖြင့် လိမ့်လိမ့်ပြီး လိုက်လိုက်လာတာပဲ၊ အဲဒါနဲ့ တူပါတယ်တဲ့။

အကုသိုလ်ကံပြုထားတဲ့သူ သွားလေရာဖြစ်လေရာမှာ လိုက်ပြီး ကိုယ်ဆင်းရဲ အမျိုးမျိုးတွေအဲဒီအကုသိုလ်ကံက အကျိုး ပေးနှိပ်စက်နေပါတယ်တဲ့။

http://www.cherrythitsar.org



ကဲ. . . အဲဒီစာဖတ်ပြီး ကိုတင်အောင်ထွန်းဘယ်လို နားလည်လဲ၊ ပိုပြီးနားလည်ချင်ရင်၊ သင်္ဂြိုဟ်တက်ပေတော့၊ကျွန်မတို့ အနေနဲ့ကတော့ ပဋိစ္စသမုပ္ပာဒ်ကို တက္ကသိုလ်မှာ ဘီအေ (ဝိဇ္ဇာ) တန်းမှာ သင်ခဲ့ရတယ်။စာမေးပွဲ အောင်ရုံတော့ အဝိဇ္ဇာ၊တဏှာတို့ အကြောင်းသိတယ်။ ပြတ်ရာပြတ်ကြောင်းကိုတော့ တကယ် အားထုတ်မှ ရှင်းခနဲ၊ရှင်းခနဲ သိသွားတယ်။

ဒါကြောင့် စာတွေကတော့ မဟာစည်ဆရာတော်ဘုရား ရေးတဲ့ ပဋိစ္စသမုပ္ပာဒ် တရားတော်စာအုပ်တွေဖတ်၊ နေကောင်းရင် သင်္ဂြိုဟ်သင်တန်း တက်ကြည့်ပဲ။

ငါတွေ့မပါရင်တော့ ကြိုးပမ်းအားထုတ်မှု၊ အလုပ်မပါ ရင်တော့ ကိုတင်အောင်ထွန်းပြောတဲ့ နာမ်-ရုပ်ဆိုတာဘာလဲ၊နာမ် ရုပ်ကြီးပြတ်သွားအောင် ဘယ်လိုလုပ်ရမှာလဲဆိုတဲ့ မေးခွန်းကို ကျွန်မသေအောင်ဖြေပြလည်း ကိုတင်အောင်ထွန်း နားလည်မှာ မဟုတ်ဘူး။

ဘာကြောင့်လဲဆိုတော့ ဒီတရားက ကိုယ်တိုင်ကျ၊ ဝီရိယ၊ ဇွဲနဲ့ကို သေသေကြေကြေ၊ အရိုးကြေကြေ၊ အရေခမ်းခမ်း၊ အားထုတ်မှ၊ ကိုယ်လုပ်မှ ကိုယ်ရတဲ့တရားမို့ပါ။

ဖြစ်နိုင်ရင်တော့ ဆေးရုံကဆင်းတဲ့အခါ မဟာစည် သာသ နာ့ရိပ်သာကို သွားပါ။ ကျွန်မအားလုံးစီစဉ်ပေးမယ်။ မသွားခင် ကျွန်မသတိ တစ်ခုပေးချင်တယ်။

ဉာဏ်စဉ်. . . ဆိုတဲ့ စကားလုံးပဲ၊ ဉာဏ်စဉ်ဆိုတဲ့ စကားလုံး ဟာ ယောဂီသစ်တွေကို နှိပ်စက်နေတယ်။ အဲဉာဏ်စဉ် နာရရုံ လောက်တော့ ရည်ရွယ်ချက်ထားပြီး ဒီတရားကို အားမထုတ်ပါနဲ့၊ ဉာဏ်စဉ် နာရသည်ဖြစ်စေ၊ မနာရသည်ဖြစ်စေ တစ်မဂ်တစ်ဖိုလ် ဖြင့် ငါရအောင် အားထုတ်မယ်ဆိုတဲ့ ဇွဲနဲ့ရည်ရွယ်ချက်နဲ့သွားပါ။

http://www.cherrythitsar.org



တခြားတရားကျင့်တဲ့စခန်းများလို ၁၀ရက်တို့ တစ်လတို့ နေပြီး ပြန်မယ်လို့လည်း ရက်ကန့်သတ် မထားပါနဲ့နော်။ သေမင်း နောက်က လိုက်လာနေပြီကို သိပါလျက်နဲ့ ခဏရပ် နေပါဦးဗျာ၊ ကျွန်တော် အိမ်ခဏ ပြန်လိုက်ဦးမယ်လို့ ပြောထားလို့ အဲဒီ သေမင်း က ရပ်စောင့်နေမှာမှ မဟုတ်ဘဲ။ ဒီတော့ နောက်တစ်ဘဝ အတွက် လုံခြုံမှုရှိအောင်၊အာမခံချက်ရှိအောင်အပြတ်ရှင်းချင်ရင် ဉာဏ်စဉ်တို့ ရက်ပိုင်းဖြတ်မှုတို့ကို ခေါင်းထဲမသွင်းပါနဲ့။

အတန်းထဲမှာ တချို့ အောင်မှတ်မပြည့်လည်း(Moderation Board) ထိုင်ပြီး အအောင်ပေးသင့်လည်း ပေးလိုက်ရတာပဲ။ ကမ္မဋ္ဌာန်း နည်းပြဆရာတွေ ကိုယ်တိုင်ကပြောတယ်၊ ဉာဏ်စဉ် တရားဆိုတာ ကိုက ကိုယ်အားထုတ်စဉ် ဖြစ်လာတဲ့ တရားအတွေ့ အကြုံဟာ ဆရာဟောတဲ့ဉာဏ်စဉ်နဲ့ကိုက်မကိုက်၊ ယောဂီကိုယ် တိုင်ဆင်ခြင်ဖို့ ဟောတာတဲ့။

ဉာဏ်စဉ် နာရရုံနဲ့ သောတာပန်ဖြစ်ပြီ၊ ဘာဖြစ်ပြီ၊ တရား ပေါက်ပြီ ဘာညာနဲ့ ကြွားဖို့လည်းမဟုတ်၊ ကိုယ့်ကိုယ်ကို အထင်ကြီးဖို့လည်း မဟုတ်ပါဘူးလို့ ဆရာတော်များ ခဏခဏ သတိပေးတယ်။

တချို့ ယောဂီတွေကျတော့လည်း ပုထုဇဉ်တွေဆိုတော့၊ ကိုယ့်အားထုတ်ကြိုးပမ်းမှုလိုသေးလို့ ဉာဏ်စဉ်မနာရတာကို နားမလည်ပဲ၊ ဆရာတော်တွေကို မျက်နှာလိုက်တယ်လို့စွပ်စွဲကြ သေးတယ်။ ဒါက တရားအားထုတ်တဲ့ ယောဂီတွေဘက်က ချို့ယွင်း မှုတွေ။

ပြင်ပအားမထုတ်ဖူးသေးသူတွေ အနေနဲ့ကတော့ သူတို့ဟာ သာသနာ့ရိပ်သာပြန် ယောဂီတွေကို ယောဂီတွေမှာရှိတဲ့ အရည် အချင်းထက် သူတို့က ပိုမိုတိုင်းထွာထားကြတယ်၊ တစ်နည်းတော့

http://www.cherrythitsar.org



ကျေးဇူးတင်သင့်ပါတယ်လေ၊ သို့သော် ဘယ်လိုပြောတတ် ကြလည်းဆိုရင်ရိပ်သာမှာလည်း တရားအားထုတ်နေသေးရဲ့၊ လောဘ၊ ဒေါသရှိတုန်းပဲလား တဲ့။

အမှန်တော့ လောဘ၊ ဒေါသရှိတုန်းပဲလို့ ဖြေရမယ်၊ အားထုတ်ခဲ့တဲ့ ယောဂီရဲ့အရည်အချင်း အခံအလျောက်၊ နည်းပါး သွားတာပဲရှိတယ်။ အချို့ကြတော့လည်း အမှတ်စိတ်တယ်၊ အဦးစိတ်ကို ထိန်းချုပ်နိုင်တဲ့ သမာဓိအင်အား ကောင်းတော့၊ လောဘ၊ ဒေါသမရှိ ကင်းစင်သွားတာမဟုတ်ဘူး၊ဖြစ်တော့မယ် ဆိုတဲ့ စိတ်ကို ကြိုတင်ထိန်းချုပ်နိုင်လိုက်လို့ဖြစ်သင့်သလောက် လောဘလည်းမထွက် ဒေါသလည်းမပေါက်ကွဲတာ လုံးဝရှိတာ မဟုတ်ဘူး။

သတ္တဝါဟူသမျှ ဒုက္ခနဲ့မကင်းသလို လောဘ၊ ဒေါသလည်း ဘယ်ကင်းမလဲ။မြစ်ပြင်ကျယ်ကို ဖြတ်ကူးရသလိုပဲ။ လှေလှော် ကျွမ်းကျင်သူကတော့ လာတဲ့လှိုင်းကို လှေဦးတည်ပေးပြီး တက်မ ကိုမြဲမြဲကိုင်တယ်။ ဒီတော့ လှေမမှောက်ဘူး၊ လှိုင်းဟာ လှေ အောက်ကိုပဲ ဝင်သွားတယ်။

လှေမလှော်တတ်တဲ့သူက လှိုင်းကို ဘေးတိုက်ခံတယ်၊ တက်မကို မြဲမြဲမကိုင်ဘူး၊ ကြောက်အားလန့်အားနဲ့ ကိုင်တော့ လှိုင်းကလှေကို ဘေးတိုက်ပုတ်ပြီး စောင်းမှောက်သလို ဖြစ်သွား တတ်ပါတယ်။

လောကဓံ လှိုင်းကိုခံရာမှာ ဝိပဿနာတရားရဲ့ သဘော က အခံကောင်းတဲ့နည်းရတာရယ်၊ သတ္တိရှိလာတာရယ်၊ တရား အားထုတ်သူမှာ တိုးတက်လာတာပါပဲ။

ကဲ. . . ကျွန်မအစွမ်းရှိသလောက်ကိုတင်အောင်ထွန်း အမေး ကိုဖြေမယ်။ ဘာကိုမှ တွေးမနေနဲ့ကြောက်မနေနဲ့လောလောဆယ်

http://www.cherrythitsar.org



အိပ်ရာကကို မထနိုင်သေးရင် အိပ်လျက်ပဲ ဗိုက်ပေါ် လက်တင်ပြီး ထား၊ ကျွန်မတော့ အိပ်စမှာ ပက်လက်လှန်မအိပ်ရင် အသက်ရှူမဝ လို့ ပက်လက်လှန်အိပ်တယ်။ အကျင့်ရှိပြီးသား သူအဖို့တော့ လက်တင်ထားဖို့ မလိုပါဘူး၊ ကိုတင်အောင်ထွန်း အဖို့တော့ လက်နှစ်ဖက်ကို ဗိုက်ပေါ် တင်ထားလိုက်ပေ့ါ။ လေရှူသွင်းလိုက်ရင်ပဲ ဗိုက်ဟာ တဖြည်းဖြည်းဖောင်းလာလိမ့်မယ်။ အဲဒါကိုဖောင်းတယ်၊ ပိန်တယ်လို့၊ အမြင့်ဆုံးအဖောင်းထိမှတ်၊ ဗိုက်ကပြန်ပိန်သွားပြန် လည်း တဖြည်းဖြည်းပိန်ပြီးချပ်ပြားသွားတဲ့ အထိစူးစူးစိုက်စိုက်သာ မှတ်၊ မျက်စိကတော့ မှိတ်ထားပါ။

ဒီဖောင်းတာ၊ ပိန်တာက တရားလား၊ ဒါမှတ်ရုံနဲ့ကိလေ သာ အပူမီးကချုပ်ငြိမ်းမတဲ့လား။နိဗ္ဗာန်ဆိုတာ ရောက်မတဲ့လား နဲ့၊ လားပေါင်းတစ်ထောင်ကို တွေးမနေနဲ့။

အဲဒီလိုမှတ်နေတုန်းယားတာကအစ၊ကျဉ်တာ၊ညောင်း တာ၊ကိုက်တာ၊ခဲတာ၊ ခန္ဓာကိုယ်မှာဖြစ်လာသမျှ ဝေဒနာတွေကို စူးစူးစိုက်စိုက်သာ ဖြစ်တဲ့နေရာကိုစိုက်ပြီးမှတ်။

မှတ်နေဆဲစိတ်ကူးပေါင်း ထောင်သောင်းက ကိုတင် အောင်ထွန်းကို ခုမှပဲတစ်သက်လုံး လုပ်သမျှထိုင်တွေးနေသလား အောက်မေ့လောက်အောင်ကို ပေါ် လာလိမ့်မယ်။အဲဒီအခါလည်း စိတ်ကူးနေတယ်၊ စိတ်တွေအပြင်ထွက်နေတယ်ဆိုတာကို သတိ ပြုပြီးမှတ်၊ တစ်ရက်နဲ့မရလည်းစိတ်မလျှော့နဲ့၊တစ်ပတ်လုံးပဲမှတ်ရ မှတ်ရဆက်မှတ်ပါ။

တံတွေးမျိုလာချင်လည်း၊ မျိုလာချင်တဲ့ဆန္ဒက အစမှတ်၊ တံတွေးတွေလျှာပေါ် စုလာတယ်၊ မျိုတော့မယ်၊ မျိုချလိုက်ပြီ ဆိုတဲ့အထိကိုမှတ်။

ပက်လက်ကနေ စောင်းချင်လည်း၊စောင်းချတဲ့ဆန္ဒကနေ

စမှတ်၊ စောင်းနေဆဲ၊ စောင်းပြီးအထိလက်ကို ကွေးချင်ချင်၊ ခြေထောက် ကိုပဲကွေးချင်ချင်။ ကွေးချင်တဲ့ဆန္ဒကနေ စကွေးနေဆဲ ကွေးသွားတဲ့ မိမိခန္ဓာကိုယ်ပြင်ပ လှုပ်ရှားသမျှ အသေးစိတ်မှတ်၊ သို့ပေမင့် လှုပ်ချင်တိုင်း ကိုယ်ဟန်အနေအထားကို ပြောင်းလဲချင်တိုင်းတော့ စိတ်လိုလိုက်ပြီး ရုတ်တရက် မပြောင်းနဲ့ပေါ့။

နေကောင်းလို့ ထိုင်နိုင်ပြီဆိုတော့ ခုတင်ပေါ်မှာ ကိုယ်သက်သာသလို ကြိုက်တဲ့ပုံစံနဲ့ထိုင်၊ ယောကျ်ားတွေတော့ များသောအားဖြင့် တင်ပလျှဉ်ခွေထိုင်တယ်။ ပေါင်ပေါ်မှာလက်ကို ယှက်တင်ထားတယ်။ မှတ်နေကျလာတော့ ဗိုက်ပေါ်ကို လက်တင်ထားဖို့မလိုဘဲ၊ အလိုလိုလည်း စိတ်ကမှတ်လို့ရလာလိမ့်မယ်။ဗိုက်ဖောင်းတာပိန်တာပဲ မှတ်လို့လွယ်လွယ်လေးရယ် လို့အထင်တော့ မသေးနဲ့နော်၊ ဖောင်းတာ ပိန်တာပဲမှတ်မရလို့ မသိလို့ သာသနာ့ ရိပ်သာက ပြန်ပြေးရတဲ့ သူတွေအများကြီးပဲ။

မှတ်ရင်းက ရေထသောက်ချင်တာတွေ၊ ဝမ်းသွားချင်တာ၊ ဆီးသွားချင်တာကအစ ပထမဖြစ်လာတဲ့ ဆန္ဒကနေပြီး ပြင်ပ ကိုယ်ဟန် လှုပ်ရှားသမျှကို မှတ်ပေတော့။

မှတ်သားကျလာတော့ ကိုတင်အောင်ထွန်းရဲ့ စိတ်ဟာ ဘယ်မှမပျံ့လွင့်တော့ဘူး။ လှုပ်ရှားတဲ့ရုပ်နဲ့မှတ်လိုက်တဲ့စိတ်နဲ့ကို တစ်ထပ်တည်းကျလာလိမ့်မယ်။ ဒီလိုမှတ်တဲ့စိတ်အား ကောင်းလာလေလေ၊ အရင်ကဖြစ်တဲ့စိတ်ရဲ့အတွေး အာရုံ သောကတွေဟာ ဘာမှ ခေါင်းထဲကို ဝင်မလာတော့ဘူး၊ ခေါင်းမရှုပ်တော့ဘူး။ စိတ်လည်း တဖြည်းဖြည်းကြည်လင် အေးချမ်းလာပြီး နှလုံးသားမှာ အတိတ်ဖြစ်လာတဲ့ ဇောအာရုံတွေဟာ ဝင်ခွင့်ကို မရတော့ဘူး။

လမ်းလျှောက်လည်း ခြေထောက်ကို လျှောက်မယ်လို့ ဟန်ပြင်ကတည်းက ခြေကြွချင်တဲ့စိတ်က စပြီးမှတ်၊ ခြေကြွတာရယ်၊

http://www.cherrythitsar.org



လှမ်းနေဆဲဖဝါးက ချနေဆဲ ဖဝါးချလိုက်လို့ကြမ်းပေါ်ကို ထိတဲ့အထိကို မှတ်ပေတော့။ အဲဒါက တရားအားထုတ်နေသူကိုတော့ စကြံသွားချိန်ခေါ်တာပေါ့။

အဲဒီလိုက နေကောင်းလာရင် ရိပ်သာကိုသာ ဝင်ပါတော့၊ ဆရာတော်များက ဆက်လက်ပြီးနည်းပြပါလိမ့်မယ်။ အားထုတ်နေဆဲ၊ မျက်စေ့မှိတ်ထားဆဲ အရောင်းလင်းလင်းဝိုင်းဝိုင်းဝင်းဝင်းတွေ မြင်တာနဲ့ ဒါတရားပဲဆိုပြီး အယူမမှားနဲ့ဦး၊ အဲဒါမှ ဝိပဿနာရဲ့အစ ရှိသေးတယ်။

တချို့လည်း အမွှေးနံ့ရတာနဲ့တရားရလာပြီလို့ကိုယ့်ကိုယ်ကိုအထင်ကြီးမိကြတယ်။ တကယ့်ဝိပဿနာက မွှေးတာကိုလည်း မွှေးတယ်ပဲမှတ်ရတာ၊ မြင်တာ၊ ကြားတာ၊ နံတာ၊ ပါးစပ်အရသာ၊ ကိုယ်အတွေ့၊ စိတ်မှာထင်လာတဲ့ အာရုံရယ်၊မျက်စိ၊ နား၊နှာ၊လျှာ၊ ကိုယ်၊စိတ်ဆိုဒါတော့ အဲဒါတွေနဲ့တွေ့ထိသမျှ အာရုံကို မပြတ်မလတ်မှတ်နေရမှာ။

ကျွန်မရဲ့ ဆရာတစ်ယောက်ကဖြင့် သူ့မှာအဲဒီမွှေးတဲ့အနံ့ရလာတာပဲ တရားဆိုပြီး သူတရားတွေတက်လာပြီဆိုလို့ ကျွန်မဖြင့်ဘယ်လို ပြောရမှန်းလဲမသိဘူး။ အာရုံကို ယိုင်ညွှတ်ပြီးခံစားတဲ့ အထိစိတ်ကိုမလွှတ်ရဘူးလို့ပဲပြောပြတတ်တယ်။

တချို့လည်းကျောင်းဆရာတွေဆိုတော့ ဆရာပဲလုပ်ချင်တယ်၊ကမ္မဋ္ဌာန်းနည်းပြဆရာများ ပြသတာကို ကျိုးကျိုးနွံနွံမလိုက်နာချင်ဘူး၊ ကျွန်မက တရားပြသနိုင်လောက်အောင် ဆရာဖြစ်လက်မှတ်မရသေးဘူး၊ နည်းပြကျူတာတောင် မလုပ်တတ်သေးလို့ ဒီနေရာတွင်ပဲ ရပ်ပါရစေ။ ကျန်တာကတော့ တပ်မတော်စကားနဲ့ပြောရင် ဆက်လုပ်ပဲ ရဲဘော်ရေ။

ရောဂါကိုက မသက်သာသေးလို့ သာသနာ့ရိပ်ကိုသာ

မဝင်နိုင်သေးဘူး။ ကျွန်တော် စိတ္တဇဆေးရုံမှာပဲ၊ ဆက်နေရအုံး မယ်ဆိုရင်နေပါ၊ ကျွန်မပြောသလောက်ပဲ အနည်းဆုံး မှတ်ကြည့် ပါ။

အနည်းဆုံးတော့ နှလုံးသွေးကြည်လင်လာပြီး၊ စိတ်အေး ချမ်းလာလိမ့်မယ်ဆိုတာကိုတော့ ကျွန်မရဲရဲ အာမခံရဲပါတယ်။ မယုံမရှိပါနဲ့ ကိုယ်တွေ့ပါ။

အရက်သောက်ရမှ အိပ်လို့ရတယ်ဆိုတဲ့ ဝေဒနာလည်း ပျောက်သွားလိမ့်မယ်။ ရိပ်သာမှာ တရားသွားထိုင်နိုင်လို့ တရား အားထုတ်ပြီးတော့မှ ကျွန်မ ယခုစာထဲမှာ ပူးတွဲဖော်ပြလိုက်တဲ့ စိတ်ဇောနဲ့ပတ်သက်တဲ့ မဟာစည် ဆရာတော်ဘုရားရေးတဲ့ စာကိုလည်း ထပ်ဖတ်ကြည့်ပါ၊ ဒီတော့မှ ရှင်းခနဲရှင်းခနဲ နေမယ်၊ သေခါနီးဇောတို့ဘဝတို့ ဘဝကူးပြောင်းပုံ၊ နောက်ဘဝ ဘယ်လို ဖြစ်သလဲဆိုတဲ့ ကိုတင်အောင်ထွန်းရဲ့မေးခွန်းတွေ အလိုလို ပြေလည်သွားပါလိမ့်မယ်။

တရားခံမှာ မူလတန်းကလေးလောက်ပဲ၊ အသိရှိတယ်လို့ ကိုယ့်ကိုယ်ကိုလည်း သိပ်အထင်မသေးပါနဲ့၊ ဘီအက်စီ ဘီလပ်ပြန် တစ်ယောက်ရဲ့ဉာဏ်ဟာ မသေးမထုံပါဘူး။ ကျောင်းမှဉာဏ် ကောင်း စာတော်တဲ့သူဟာ ဝိပဿနာ အားထုတ်ရာမှာလည်း ထက် မြတ်တတ်ပါတယ်။အဲဒီတော့မှလည်း ဩော် . . ဝိပဿနာဉာဏ်လို့ သက်သက်ခေါ်ရအောင်ကို ဒီတရားဟာ ထူးခြားပါလား။

တစ်ယောက်တည်းထိုင် မျက်စိမှိတ်နေရုံနဲ့တရားအားထုတ် တာ မဟုတ်သေးပါလား ဆိုတာ သေသေချာချာ နားလည်လာပါ လိမ့်မယ်။

ကျွန်မလာနိုင်ပါရက်နဲ့ ကိုတင်အောင်ထွန်းအပေါ် အာဃာ တ အငြိုးမပြေလို့၊ ဒီတရားလေးတောင် စာနဲ့ပဲရေးဖြေတယ်၊

http://www.cherrythitsar.org



လူကိုယ်တိုင် လာမဟောဘူးလို့ ထင်မှတ်မမှားဖို့ထပ်မံ တောင်းပန်ပါတယ်။

ကျွန်မ သာဓကပြတာ မှားချင်လည်းမှားမယ်၊ ကျွန်မတခုတော့ရေးပြချင်တယ်။ ကျွန်မစာထဲ ရေးပြသလိုပဲ ကျွန်မဟာကိုယ့်ကိုယ်ကို စိတ်ထဲမှာ ဂေါတမ မြတ်စွာဘုရားသခင်ရဲ့ မြေးတော်မဟာစည်ဆရာတော်ဘုရားရဲ့ သမီးလို့စွဲမှတ်ထားတယ်။

မြတ်စွာဘုရားသခင်သည် သတ္တဝါအများအတွက် ကြီးစွာသော ကရုဏာရှေ့ထားပြီးပါရမီတွေဖြည့်ခဲ့တယ်။ အများအတွက်အကျိုးရှိမယ်လို့ သိရရင်လည်း အများကို ကယ်တင်ဖို့တရားကိုအလေးထားပြီး ကြွသွား ဟောပြတော်မူပါတယ်။ ဥပမာ မဟာသမယနေ့ဆိုရင် သွေးချောင်းစီးမယ့် စစ်ပွဲကြီးမဖြစ်အောင် ကြွရောက်ဟောပြောတယ်၊ တစ်ယောက်အတွက် အကျိုးရှိမယ် ထင်လည်း တရားဦးစားပေးပြီး ဟောလေ့ ဟောထ ရှိပါတယ်။ မဟာစည်ဆရာတော်ဘုရားလည်း ဒီလိုပါပဲ။

ကိုတင်အောင်ထွန်း ကြားဖူးမယ်ထင်ပါတယ်။

တစ်ခါတုန်းက မြတ်စွာဘုရားသခင်ဟာ ဒေသစာရီ ကြွချီဖို့ ဇေတဝန်ကျောင်းတော်မှ နောက်ပါသံဃာများနဲ့ ကြွချီတော်မူတယ်။ မြတ်စွာဘုရားကို ကောသလမင်းကြီးကအစ၊ အနာထပိဏ်တွေ ဒကာဒကာမမျက်နှာကြီးတွေက ဝိုင်းဝန်းတားမြစ်ကြတယ်၊ ဘယ်သူတားလို့မှ မရဘူး။

အနာထပိဏ် သူဌေးကြီးက လက်မှိုင်ချပြီး ညည်းညူနေတာကို သူ့ကျွန်မ ပုဏ္ဏာက မြင်တော့ စိတ်မချမ်းသာဖြစ်တဲ့အကြောင်းရင်းကိုမေးတယ်။ မြတ်စွာဘုရားသခင်ကို တို့သူဌေးတွေ ဒကာဒကာမတွေ ဝိုင်းတားလို့မရဘူး၊ ဒေသစာရီကြွမလို့တဲ့၊ တို့မှာပြုနေကျကုသိုလ်လည်း မပြုရ၊ တရားလည်း မနာရတော့ဘူး

http://www.cherrythitsar.org



လို့ ပြောပြတယ်။

ဒီတော့ ပုဏ္ဏာက အရှင်သူဌေးမင်း၊ မြတ်စွာဘုရားကို ဇေတဝန်ကျောင်းတော်က ကြွချီမသွားအောင်လျှောက်ထားလို့ရရင် ကျွန်တော်မကို ဘယ်လိုဆုချီးမြှင့်မလဲလို့ မေးတယ်။

မင်းကို ကျွန်အဖြစ်က လွတ်ခွင့်ပေးမယ်လို့သူဌေးကြီးက ကတိပေးတယ်။ ပုဏ္ဏာဟာ မြတ်စွာဘုရားနောက်ကို လိုက်ပြီး ဒေသစာရီမကြွဖို့ တားတယ်။

"ဘုရားကျွန်မမှာ အစေခံကျွန်မမိုလို့ အထူးလှူစရာ ပစ္စည်းလည်း မရှိပါဘုရား၊ အရှင်ဘုရား တပည့်တော် လျှောက်ထားချက်ကို လက်ခံပြီး ဇေတဝန်ကျောင်းကို ပြန်လည်ကြွလာရင် အနာထပိဏ် သူဌေးကြီးက ကျွန်ဘဝကနေ ကျွန်မကို လွတ်ခွင့်ပေးမယ်၊ ဒါမှလည်း ငါးပါးသီလမြဲပြီး၊ သရဏဂုံတည်နိုင်ပါလိမ့်မယ်" လို့ လျှောက်ထားတယ်။ ဒီနေရာမှာအစေခံကျွန်မပုဏ္ဏာရဲ့ ရှေ့ရေးအကျိုးရှိရာကိုမြင်တဲ့ မြတ်စွာဘုရားသခင်ဟာ တစ်ဦးထဲအတွက်လည်း အကျိုးပြုဆောင်ရွက်ပေးဖို့ ဦးစားပေးခဲ့တယ်။ ဇေတဝန် ကျောင်းတော်ကို ပြန်ကြွလာခဲ့တယ်။ အနာထပိဏ် သူဌေးလည်း သူ့ကတိအတိုင်း ပုဏ္ဏာကိုချီးမြှောက်ပြီး သမီးအဖြစ် မွေးစားတယ်၊ ပုဏ္ဏာဟာလွတ်လပ်စွာ ဘုရားကို ကိုးကွယ်ပိုင်ခွင့်ရသွားတောအချိန်မရွေး ဘုရားကျောင်းကိုသွား ကုသိုလ်ပြုနိုင်တော့မှ မြတ်စွာ ဘုရားထံတော်မှာ ရဟန်းမိန်းမပြုပြီး ဝိပဿနာတရား အားထုတ်တယ်၊ ရုပ်နာမ် အဖြစ်အပျက်ကိုမြင်တဲ့ ဥဒယဗ္ဗယဉာဏ် ဖြစ်နေတဲ့ အခါမြတ်စွာဘုရားဟာ မိမိနေရာက ရောင်ခြည်တော်လွှတ်ပြီး အားပေးတရားကို ဟောပါတယ်။

"ချစ်သမီး ပုဏ္ဏာ"

"ကောင်းကင်၌ ၁၅ ရက် ပြည့်မြောက် ပေါ်

http://www.cherrythitsar.org



ထွန်းသောလမင်းသည် ဝိုင်းဝိုင်းတိတိအလုံးစုံပြည့်ဘိ သကဲ့သို့ ဝိပဿနာ တရားကို တင်းတင်းပြည့်အောင် အားထုတ်လိုက်ပါ။ ဝိပဿနာ အရိယာမဂ် ပညာသည် ပြည့်စုံသည့်တစ်ပြိုင်နက် အသင်ဟာ ဝဋ်ဆင်းရဲ၏အဆုံး သို့ရောက်လိမ့်မည်”

လို့ ဒီလိုအားပေးတရားဟောပါတယ်။ ပုဏ္ဏားဟာ ဘုရား သခင် ဟောကြားတဲ့အတိုင်း လိုက်နာလို့ အရဟတ္တ မဂ်ဖိုလ်ဆိုက်ပြီး ရဟန္တာမ ဖြစ်သွားပါတယ်။

ဒီတော့ ကျွန်မခင်နှင်းယုဟာ ကိုတင်အောင်ထွန်းရဲ့ တရားဦးဟောလှည့်ပါဆိုတဲ့ တောင်းဆိုချက်ကို ဖြစ်များဖြစ်နိုင်ရင် ပြေးလာပြီး ဟောလိုက်ပါရဲ့၊ ဘိုးတော်ရှင်မြတ်ဘုရား၏ အဆုံး အမအတိုင်း လိုက်နာပြီး လာမှာပါ။ ခုတော့ဖြင့် မတတ်သာလွန်း လို့ စာနဲ့ပဲ အားပေးတရား ရေးလိုက်တာကို ကျေနပ်နိုင်လိမ့်မယ် လို့ မျှော်လင့်ပါတယ်။

ပူးတွဲစာကိုတော့ ဖတ်လိုမှဖတ်ပါ၊ မဖတ်ချင်လဲ နေနိုင် ပါတယ်။ မြတ်စွာဘုရားသခင်လက်ထက်က ကိုတင်အောင်ထွန်း လိုပဲ၊ သေလုဆဲဆဲ ရောဂါခံရစဉ် ရဟန်းလေးတစ်ပါးရဲ့ အမေးကို မြတ်စွာဘုရား ဖြေထားတဲ့ဝတ္ထု။ မဟာစည်ဆရာတော်ဘုရား ရေးတဲ့ ပူရာဘေဒသုတ်ထဲ ပါတဲ့အတိုင်း ကူးယူဖော်ပြလိုပါတယ်။

## အရေကြီးတဲ့ ကုဏ္ဍစ္စ

ဒီကုဏ္ဍစ္စတွေထဲမှာ အထူးအားဖြင့် အရေးကြီးတာကတော့ ငါဟာ သီလတွေပြည့်ပြည့်စုံစုံ မကျင့်ရသေးဘူးဆိုပြီးတော့ ပူပန်တတ်တယ်၊ သမာဓိလုပ်ငန်းတွေကို မကျင့်ရသေးဘူးဆိုပြီး တော့လည်း ပူပန်တတ်တယ်။ ပညာစခန်းတွေကို မကျင့်ရသေးဘူး

ဆိုပြီးတော့လည်း ပူပန်တတ်တယ်၊ အရိယမဂ်ဖိုလ်တရားတွေကို မကျင့်ရသေးဘူးဆိုပြီးတော့လဲ ပူပန်တယ်၊ အရိယာမဂ်ဖိုလ်တရားတွေကို မကျင့်ရသေးဘူး မရောက်သေးဘူး မပြည့်စုံသေးဘူး ဆိုပြီးတော့လည်း ပူပန်တတ်တယ်။ ငါ့မှာ ဘဝသံသရာထဲ ထောက်ရာ တည်ရာ မပြည့်စုံသေးဘူး ဆိုပြီးတော့လည်း ပူပန်တတ်တယ်။

အေး- ဒီပူပန်မှုတွေက အရေးကြီးတယ်၊ ဒီပူပန်မှုတွေ မဖြစ်ရအောင်လို့ပဲ ယခုကျင့်နေရတာ မဟုတ်လား။ ယခု တရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ ဒီပူပန်မှုတွေငြိမ်းအောင်လို့ အားထုတ်ထားရင်တော့ ပူပန်စရာ ဘယ်ရှိတော့မလဲ၊ မပူပန်ရတော့ဘူးပေါ့၊ စိတ်အေးလက်အေးဖြစ်ပြီး ဝမ်းသာအားရဖို့လည်းပဲရှိနေပါတယ်။

အရေးကြီးတာက တခြားအခါထက် သေခါနီးမှာ သာပြီး အရေးကြီးတယ်၊ သေခါနီးကျလို့ရှိရင် ပြန်စဉ်းစားလိမ့်မယ်၊ ဘယ်လိုလဲဆိုတော့ ငါ့မှာဘဝ၏ ထောက်ရာတည်ရာကလေးများ ပြည့်စုံပြီလားလို့ ပြန်လှည့်ကြည့်လိုက်တဲ့အခါ မပြည့်စုံသေးလို့ ရှိရင်ဖြင့် ပူပန်တော့မှာပဲ၊အဲဒီလိုမပူပန်ရအောင်လို့စောစောကတည်းက အားထုတ်ထားရတာပဲ။

## ဂိလာနရဟန်းငယ်ဝတ္ထု

မြတ်စွာဘုရား လက်ထက်တော်ကာလတုန်းက ဂိလာနရဟန်းတော်တစ်ပါးရှိတယ်တဲ့၊ ဒီလိုရဟန်းတော်တွေတစ်ပါးတော့ မကပါဘူး၊ တော်တော်များများပဲ ရှိပါတယ်၊ ဒါပေမယ့် အမှတ်ရလွယ်အောင်လို့ တစ်ပါးပဲပြောရတယ်၊ ဒီရဟန်းတော်တစ်ပါးဟာ မကျန်းမမာဖြစ်တာနဲ့ မြတ်စွာဘုရားထံ သွားပြီးတော့ အလျှောက်ခိုင်းတယ်၊ မြတ်စွာဘုရား ရဟန်းငယ်တစ်ပါး မကျန်းမမာ အသည်း

http://www.cherrythitsar.org



အသန် ဖြစ်နေပါတယ်ဘုရား၊ အညတရ မထင်ရှားတဲ့ ပုဂ္ဂိုလ်လည်း ဖြစ်ပါတယ်ဘုရား၊ အဲဒီပုဂ္ဂိုလ်ကလေးထံ ကြွရောက်ပြီးတော့ တရားချီးမြှင့်တော်မူပါလို့ အလျှောက်ခိုင်းလိုက်တယ်။

ခိုင်းလိုက်တဲ့အတိုင်း ရဟန်းတစ်ပါးကသွားပြီး လျှောက်တော့ မြတ်စွာဘုရားက ရဟန်းငယ်တစ်ပါး မကျန်းမမာ ဖြစ်နေတယ်ဆိုတာ ကြားရတာနဲ့ သနားတာက တစ်ကြောင်း၊ ပြီးတော့ မထင်မရှား အညတရဆိုတော့ ပြုစုမည့်သူ မရှိပေဘူးလို့ နှလုံးသွင်းပြီး ချီးမြှောက်လိုတာက တစ်ကြောင်း ဒီအကြောင်း နှစ်ပါးကြောင့် ချီးမြှောက်မယ်ဆိုပြီး ဘုရားကိုယ်တိုင် ကြွတော်မူတယ်။

ကြွလာလို့ ရောက်တဲ့အခါမှာ မေးတော်မူတယ်၊ ချစ်သား သင့်ရောဂါဝေဒနာ ဘယ့်နှယ်နေသလဲ၊ ယခု ငါဘုရား ကြွလာတုန်း ဆုတ်ယုတ်ရဲ့လား သက်သာရဲ့လား ဘယ့်နှယ့်နေသတုံးလို့ မေးတော်မူပါတယ်။ ဒီတော့ရဟန်းတော်လေးမှာ အားကိုးထားတဲ့ ဘုရားကိုယ်တော်တိုင် ကြွပြီး ဒီလိုမေးတယ်ဆိုတော့ အားတက်ရှာမှာပေါ့လေ၊ ဒါပေမယ့်လို့ ရောဂါက မသက်သာဘူး၊ ဒါကြောင့် မြတ်စွာဘုရား တပည့်တော်ရဲ့ ရောဂါဟာ မဆုတ်ယုတ်ပါဘူး ဘုရား၊တိုးတက်နေပါတယ်ဘုရားလို့ လျှောက်ထားတယ်။ ဒီလို ရောဂါတိုးတက်နေတာကိုသိပြီး ဖြစ်ပေမဲ့ မကျန်းမမာတဲ့ ပုဂ္ဂိုလ်ကိုစပြီး မေးလို့ရှိရင် ဒီလိုမေးရမှာပဲ၊ဒါပေမဲ့ လိုရင်းကတော့ မြတ်စွာဘုရား ကြွလာတာဟာ တရားဟောဖို့ပါပဲ၊ ဒါကြောင့် မြတ်စွာဘုရားက ဆက်လက်ပြီး မေးတော်မူပြန်တယ်။ ချစ်သား ဘယ့်နှယ့်လဲ သင့်ရဲ့စိတ်ထဲမှာ စိတ်နှလုံး ပူပန်မှု ကုက္ကုစ္စများ ရှိသေးလားလို့ မေးတော်မူတော့ "မှန်လှပါ မြတ်စွာဘုရား တပည့်တော်မှာ စိတ်နှလုံးပူပန်တွေ အများကြီးရှိနေပါတယ် ဘုရား" လို့ ဒီလို လျှောက်တယ်။

http://www.cherrythitsar.org



အနုပ္ပကံကုဏ္ဍစ္စ် အနုပ္ပကောဝိပ္ပဋိသာရော၊ စိတ်နှလုံး ပူပန်မှုတွေ အများကြီး ဖြစ်နေပါတယ်ဘုရားလို့ လျှောက်ထားတော့ မြတ်စွာဘုရားက ချစ်သား သင့်မှာ သီလနှင့် စပ်ပြီးတော့ စိတ်ပူပန် ရသလားလို့ မေးတော်မူပါတယ်၊ သီလနှင့် စပ်ပြီးတော့ ဘာမှ စွဲလမ်းစရာ ပူပန်စရာမရှိပါ ဘုရားလို့ လျှောက်ထားတယ်။

ရဟန်းတော်များမှာ အရေးကြီးတာက သီလနှင့်စပ်ပြီးတော့ ပူပန်မှု ဖြစ်တတ်တယ်၊ ငါသီလမစင်ကြယ်ဘူး၊ ဘယ် အာ ပတ်သင့်နေတယ် စသည်ဖြင့် စိတ်ပူပန်မှု ဖြစ်တတ်တယ်၊ ရဟန်း မှာအဲဒါက အရေးပါတယ်၊ လူမှာတော့ အလွယ်သားပဲ။ ငါးပါးသီလ ပျက်နေတယ်လို့ဆိုရင် ဒီငါးပါးသီလကို ဆောက်တည်လိုက်ရုံနဲ့ စင်ကြယ်သွားတာပဲ။

ဒါကြောင့် လူမှာတော့ ဘာမှမခက်ပါဘူး၊ ရဟန်းမှာ နည်းနည်းခက်တယ်၊ တချို့ အာပတ်တွေကဒေသနာကြားရုံနဲ့လည်း မပြီးသေးဘူး၊ ပစ္စည်းတွေစွန့်ရ ပရိဝတ်မာနတ်ကိုဆောက်တည်ရနဲ့ တော်တော်ကို ကျပ်နေတယ်၊ ဒါကြောင့် သီလစပ်ပြီးတော့ ပူပန် တတ်တယ်၊ အဲဒါကြောင့် မြတ်စွာဘုရားက သီလနှင့်များစပ်ပြီး ပူပန်မှုရှိသလားလို့ မေးတော့ ရဟန်းငယ်က သီလနှင့် စပ်ပြီး ပူပန် မှုမရှိပါဘူးတဲ့။

## မြတ်ဗုဒ္ဓသာသနာ၏ ရည်မှန်းချက်

ဒီတော့ သီလ စင်ကြယ်နေလို့ရှိရင် သင်ရဟန်းမှာ ဘာမှပူစရာ ရှိသေးလို့လဲလို့ မြတ်စွာဘုရားက ထပ်ပြီးမေးတော်မူ ပြန်တယ်၊ သူ့အမှုကလေး ပေါ်လာအောင်လို့မေးတာပါဘဲ၊ဒီတော့ရဟန်းငယ် ကလျှောက်တယ်၊ အရှင်ဘုရားတပည့်တော်သိနားလည်ထားတာ

http://www.cherrythitsar.org



ကတော့ မြတ်စွာဘုရား၏ သာသနာတော်မှာ မြတ်စွာဘုရား ဟောကြားထားတဲ့ တရားဟာသီလစင်ကြယ်ဖို့ရာလောက်ကျင့်ရတဲ့ တရားမဟုတ်ဘူးလို့ နားလည်ထားပါတယ်၊ ဘုရားသာသနာဟာ သီလစင်ကြယ်ဖို့လောက်အတွက် ကျင့်ရတာ မဟုတ်ဘူးလို့ တပည့်တော် နားလည်ထားပါတယ်လို့ လျှောက်ထားပါတယ်။

ချစ်သား သီလစင်ကြယ်ဖို့လောက် မဟုတ်ရင် ဘယ် အတွက်လို့ သင်နားလည်ထားသလဲလို့ မေးတော်မူတော့ "ရာဂ ဝိရာဂတ္ထ၊ တပ်မက်သော ရာဂကင်းရန် အလို့ငှာ တပ်မက်သော ရာဂကင်းသော နိဗ္ဗာန်အလို့ငှာ အနုပါဒါပရိနိဗ္ဗာနတ္ထံ၊ အစွဲအလမ်း မရှိ ဆင်းရဲခပ်သိမ်းငြိမ်းရန်အလို့ငှာ ကျင့်ရမယ်လို့ ရှင်တော်ဘုရား ဟောကြားထားပါတယ်။

ဒီအတိုင်း တပည့်တော် နားလည်ထားပါတယ်။ နားလည် သည့်အတိုင်း ရာဂတပ်မက်ခြင်းကင်းအောင်၊ တပ်မက်ခြင်းကင်းတဲ့ နိဗ္ဗာန်ကို ရောက်အောင်၊ စွဲလမ်းမှုကိလေသာတွေ အကုန်လုံး ကင်းငြိမ်းပြီးတော့ ဆင်းရဲတွေ အကုန်လုံးငြိမ်းတဲ့နိဗ္ဗာန်ကိုရောက် အောင်လို့တပည့်တော်အားထုတ်နေပါတယ်၊သို့သော်လည်းအဲဒီ နိဗ္ဗာန်ကိုတပည့်တော် မရောက်သေးပါဘူးဘုရား။ ဒါကြောင့် တပည့်တော်မှာ စိတ်ပူပန်ခြင်းတွေ အများကြီးဖြစ်နေပါတယ်ဘုရား လို့ လျှောက်ထားတယ်။

## သေခါနီးမှာ ဆောက်တည်ရာရဖို့ အရေးကြီးတယ်

ဟုတ်တယ် ရဟန်းတော်ကလေး လျှောက်တာ တော်တော် သဘာဝကျတယ်၊ အဲဒါကြောင့် စုတေခါနီးသေခါနီးကျလို့ရှိရင်အရေး အကြောင်းက ရှိလာတော့ ထောက်တည်ရာ ရှိဖို့ရာက အရေးကြီး

http://www.cherrythitsar.org



တယ်၊ တခြားအရေးကြီးတာထက် ဒီထောက်တည်ရာရဖို့က သေခါနီးမှာ ပိုအရေးကြီးတယ်၊ ထောက်တည်ရာ မရှိသေးရင် စိတ်နှလုံး ပူပန်စရာတွေ ဖြစ်လာတတ်တယ်၊ "ငါ့သီလစင်ကြယ်နေတာပဲ၊ ငါသာဒီဘဝကသေပြီးရင် နောင်ဘဝ နတ်ပြည်ရောက်မှာပဲ"လို့ နတ်ပြည်လောက် အာရုံပြုနေတဲ့ ပုဂ္ဂိုလ်မှာတော့ သီလစင်ကြယ်ရင် ပူပန်စရာမရှိဘူးပေါ့၊ နောက်ဘဝမှာ ကောင်းစားမှာပဲ ဆိုပြီး စိတ်ချနေမှာပေါ့၊ ဒီရဟန်းတော်ကလေးမှာတော့ သူက နတ်ပြည်လောက် ရည်ရွယ်တာ မဟုတ်ပဲကိုး၊ နိဗ္ဗာန်မဂ်ဖိုလ်ကို မရသေးလို့ သူ့မှာ စိတ်ပူပန်မှုတွေ ဖြစ်နေရှာတယ်၊ အဲဒါဟာ ကုက္ကုစ္စပဲ၊ ဒီကုက္ကုစ္စမျိုးတွေ ကင်းသွားအောင် ကျင့်ရမှာဘဲ၊ အဲဒီလို ရဟန်းငယ်က လျှောက်တော့ ကုက္ကုစ္စတွေ ကင်းသွားအောင်လို့ မြတ်စွာဘုရားက တရားဟောတော်မူတယ်၊ ချစ်သားရဟန်း သင်ကောင်းစွာ နားထောင်တဲ့။

စက္ခုံနိစ္စံ ဝါအနိစ္စံ ဝါ မျက်စိဆိုတာ မြဲသလား မမြဲဘူးလား စသည်ဖြင့် ဒီကစပြီးတော့ ဟောတော်မူပါတယ်၊ မျက်စိ ရုပ်ဟာ မြဲသလား မမြဲဘူးလားလို့ မေးတော်မူပါတယ်။ အမြဲပါ ဘုရားလို့ ဖြေတယ်၊ ဒီလိုမေးခွန်းဟာ မေးသူရဲ့ အာဘော်ကို လိုက်ပြီးတော့ သင့်တော်သလို ဖြေမယ်ဆိုရင်တော့ လွယ်လွယ်ပါပဲမေးတဲ့ပုဂ္ဂိုလ်က ဘာအလိုရှိလို့ မေးတယ်ဆိုတာ သိနေတော့ ယခုကာလ တရားပွဲတွေမှာ တရားနာပရိသတ်က တရားဟောတဲ့ ပုဂ္ဂိုလ်၏ အရိပ်အခြည်ကြည့်ပြီးတော့ ဒီအမေးမျိုးကို ဖြေနေကြတယ်။ ယခု မြတ်စွာဘုရား မေးတာကတော့ သေသေချာချာသိပြီးမှ ဖြေဖို့မေးပါတယ်။ ဒါကြောင့် ဒီအမေးကို ဖြေဖို့မလွယ်လှဘူး၊ မျက်စိဟာ မြဲသလား၊ မမြဲဘူးလားဆိုတော့ သူ့ဉာဏ်ထဲမှာကို မမြဲတာ တွေ့ရနေမှာဖြေလို့ ဖြစ်မှာ၊ အကြမ်းအားဖြင့်တော့ သေတဲ့ အခါကာလကျရင်

http://www.cherrythitsar.org



ဒီမျက်စိရုပ်ဟာ ပျက်စီးသွားတယ်။ ဒီလို သဘောကျပြီး မမြဲဘူးလို့ ဖြေမယ်ဆိုလို့ရှိရင် ဖြစ်နိုင်ပါတယ်။ ပြီးတော့ ဒီမျက်စိဟာ တစ်စုံ တစ်ရာနဲ့ ထိခိုက်မိလို့ရှိရင် ပျက်စီးသွားနိုင်တယ်၊ ဒါကြောင့် မျက်စိ ဟာ မမြဲဘူးလို့ ဒီလိုဖြေမယ်ဆိုရင်လည်း ဖြစ်နိုင်ပါတယ်။ ဒီလို ဖြေတာက အကြမ်းဖျင်းပဲ ဒီလောက်နဲ့တော့ ဘာဝနာဉာဏ် ဖြစ်မှာ မဟုတ်ဘူး။

ဘာဝနာဉာဏ်ဖြစ်ဖို့ ဆိုတာကတော့ ဝိပဿနာဉာဏ်နဲ့ ရှုပြီးနေမှ ဖြစ်တယ်၊ ဒွါရခြောက်ပါးက ဖြစ်ခိုက် ရုပ်နံကိုရှုရာမှာ မျက်စိက မြင်တိုင်းမြင်တိုင်း မြင်တယ်မြင်တယ် စသည်ဖြင့် ရှုတော့ အဲဒီမြင်ခိုက်မှာ ထင်ရှားတဲ့ မျက်စိရုပ်ရော မြင်ရတဲ့အဆင်းရုပ်ရော မြင်သိတဲ့စိတ်ရှုမှတ်တဲ့စိတ်ရော ဒါကလေးတွေဟာ မှတ်တိုင်း မှတ်တိုင်း ပျောက်ပျောက်သွားတာကို တွေ့ရတယ်၊ အဲဒီလို ပျောက်ပျောက်သွားတာကလေးတွေကို သိထားမှ ဒီအမေးကို သေသေချာချာ ဖြေနိုင်မှာ၊ ဒီရဟန်းတော်ကတော့ တရားအားထုတ် နေတဲ့ ရဟန်းတော်မို့ မြတ်စွာဘုရားရဲ့ အမေးကိုဖြေနိုင်တယ်၊ ဒါကြောင့် မျက်စိဟာ မြဲသလား မမြဲဘူးလားလို့ မေးတော့ မမြဲပါဘုရားတဲ့၊ ဘာဖြစ်လို့ မမြဲတာလဲဆိုတော့ မြင်တိုင်းမြင်တိုင်း မြင်ပြီးရင်ပျောက်သွားရင်း မြင်ပြီးရင် ပျောက်သွားရင်း ဒီလိုသူက တွေ့နေလို့ပါပဲတဲ့၊ အဆင်းကကောမြဲသလားမမြဲဘူးလားလို့ မေးတော့အဆင်းကလည်း မြင်ပြီးရင်း ပျောက်သွားရင်း မြင်ပြီးရင်း ပျောက်သွားရင်းမို့ မမြဲပါဘုရားလို့ ဖြေတယ်။

မြင်သိတာကလေးကောလို့ဆိုတော့ စက္ခုဝိညာဏ် ဆိုတဲ့ မြင်သိတာကလေးကလည်း မြင်ပြီးရင် ပျောက်သွားလို့ မမြဲပါဘုရား လို့ဖြေတယ်။ မြင်တွေ့တာကလေးကကောလို့ ဆိုတော့ ဒီမြင်တွေ့ တာကလေးကလည်း တွေ့ပြီးရင် ပျောက်သွားလို့ မမြဲပါဘုရားလို့

http://www.cherrythitsar.org



ဖြေတယ်။

မြင်တွေ့ပြီးကောင်းတာ မကောင်းတာကောလို့မေးတော့ အဲဒါလည်းကောင်းပြီး၊ မကောင်းပြီးပျောက်သွားလို့မမြဲပါဘုရားလို့ ဖြေတယ်။ ဒီတရားတွေဟာ အကုန်လုံး မမြဲတဲ့တရားတွေချည်းပဲ၊ အဲဒါဟာ မြင်ရာတစ်ခုတည်းက မမြဲတာတွေကို ပြောနေတာပဲ။

ကြားရာကနေပြီးတော့လည်း နားရယ် ကြားတဲ့အသံရယ် ကြားသိတဲ့စိတ်ရယ် နားထဲမှာ အသံကို တွေ့တာရယ် ကောင်း မကောင်းတဲ့ အသံကလေးတွေ ကြားပြီးတော့ အဲဒီ ကောင်း မကောင်းတဲ့ အာရုံကိုခံစားမှုကလေးတွေရယ် ဒါကလေးတွေလည်း ကြားပြီးရင်းပျောက်သွားရင်းကြားပြီးရင်း ပျောက်သွားရင်းမို့မမြဲတဲ့ တရားတွေချည်းပဲ။

ထို့အတူ နံခိုက်မှာ ရောစားခိုက်မှာရော တွေ့ထိခိုက်မှာရော မမြဲတာချည်းပဲ၊အင်းတွေ့ထိခိုက်မှာတော့ရှုရတာကအများဆုံးပဲ တွေ့ထိခိုက်မှာ ကိုယ်ထဲမှာ ကာလပသာဒလို့ခေါ်တဲ့ တွေ့ထိရာ ဌာနကိုယ်ရုပ်ရော တွေ့ထိရတဲ့အကောင်းအဆိုး အတွေ့အထိရော တွေ့ပြီးတော့ သိနေတာကလေးတွေရော ဒါတွေ အကုန်လုံးထိပြီး ပျောက်သွားတာချည်းဘဲ၊ မှတ်တိုင်း မှတ်တိုင်း ထိတာလေးတွေဟာ ထိပြီးရင်း ပျောက်သွားရင်းထိပြီးရင်း ပျောက်သွားရင်းနဲ့ ပျောက်သွား တာ ချည်းပဲ။

ကွေးတယ် ဆန့်တယ်ဆိုတာလည်း အတွေ့အထိတွေပါပဲ ကွေးတယ်လို့မှတ်လိုက်ရင်း ပျောက်သွားရင်း ဆန့်တယ်လို့မှတ် လိုက်ရင်း ပျောက်သွားရင်းနဲ့ဖြစ်ပြီးပျောက်ပျောက်သွားတာကလေး တွေချည်းပဲ၊ ပြီးတော့ ကိုယ်ထဲက ညောင်းတာ ပူတာ နာတာ ကိုက်တာ၊ခဲတာ ဒါကလေးတွေကလည်း မှတ်ရင်းမှတ်ရင်း ပျောက် ပျောက်သွားတာချည်းပဲ။

ညောင်းတယ်မှတ်လိုက်ရင် ပျောက်သွားတာဘဲ၊ပူတယ်၊ နာတယ်၊ ကျဉ်တယ်၊ ကိုက်တယ်၊ ခဲတယ်၊ ဒါကလေးတွေလည်း ဖြစ်တိုင်းဖြစ်တိုင်းမှတ် မှတ်တိုင်းမှတ်တိုင်းပျောက်သွားတာချည်းပဲ။ ဒီတရားတွေဟာ ကိုယ်နှင့်တွေ့ထိတဲ့အခါကာလမှာ ထင်ရှားတဲ့ တရားတွေပဲ တွေ့ထိပြီးတော့ ပျောက်သွားလိုက် တွေ့ထိပြီးတော့ ပျောက်သွားလိုက် ဖြစ်နေတယ်၊ ဒါတွေကို ယောဂီက ကိုယ်တိုင် တွေ့ရတယ်။

စိတ်ကူးစဉ်းစားကြံစည်တဲ့ အခါမှာလည်း စိတ်ရောစိတ်ကူး ထဲမှာ ပေါ်လာတဲ့ အာရုံရော၊အာရုံကို သိတဲ့စိတ်ရော၊ တွေ့ထိတဲ့ ဖဿရောအကုန်လုံးပျောက်ပျောက်သွားကြတယ်။ စိတ်ကူးစဉ်းစား ကြံစည်ပြီးတော့ ဝမ်းသာနေတာလည်း ရှိတယ်။ နှလုံးမသာယာ ဖြစ်နေတာလည်းရှိတယ်။ သာမန်လျစ်လျူခံစားမှုကလည်းရှိတယ်၊ အဲဒီဝေဒနာတွေဟာလည်း မြဲသလားဆိုတော့ မမြဲဘူးတဲ့၊ ဘာကြောင့်တုံးဆိုသော် ဖြစ်ပြီးပျောက်သွားလို့ပါပဲ။

ယခုတရားအားထုတ်နေတဲ့ ပုဂ္ဂိုလ်တွေမှာလည်းဒွါရ၆ပါး က ပေါ်တိုင်းပေါ်တိုင်းကိုမှတ်၊ မှတ်တိုင်းမှတ်တိုင်း ပေါ်ပြီးရင် ပျောက်သွားတာချည်းပဲ။ဘာမှတည်တံ့ နေတာမရှိဘူး။ ဒါတွေကို ယောဂီက ကိုယ်တိုင်တွေ့ နေရတယ်။ ဒါကြောင့် ဒီလိုပေါ်ပြီး ပျောက်သွားလို့ မမြဲတဲ့ တရားတွေတဲ့၊ မမြဲတဲ့အတွက် ဒါတွေဟာ ဆင်းရဲတရားတွေပဲတဲ့။

ပုဂ္ဂိုလ်သတ္တဝါ မဟုတ်ဘူး သူ့အခိုက်အတန့်နဲ့ သူဖြစ် ပျက်နေတဲ့ တရားတွေချည်းပဲ၊ ဒါကြောင့် ဒီတရားတွေကို အနိစ္စ မမြဲတဲ့တရား၊ ဒုက္ခ ဆင်းရဲတဲ့တရား၊ အနတ္တ အစိုးမရတဲ့ တရား တွေလို့ ရှုရမယ်တဲ့။

ဒုက္ခဆင်းရဲဆိုပေမယ့်လို့ အခံခက်နေတာရယ်လို့တော့

http://www.cherrythitsar.org



မဟုတ်ပါဘူး။ နှစ်သက်သာယာဖွယ်၊ အားကိုးဖွယ်မဟုတ်တဲ့ တရားလို့ဆိုလိုပါတယ်၊ ဒီတရားတွေက ဖြစ်ပြီးတော့ ချက်ချင်းပဲ ပျောက်ပျောက်သွားကြတယ်။ ဘယ်မှာအားကိုးရာရမလဲ၊ အမှန်အားဖြင့် သူတို့ပျက်သွားတိုင်း သေနိုင်တဲ့အချိန်ချည်းပဲရုပ်နာမ် အသစ်မဖြစ်ပေါ်လာရင် သေဘို့ချည်းပဲ။ ဒါကြောင့် ကြောက်စရာ အင်မတန်ကောင်းပါတယ်။ ဒီလိုကြောက်စရာ ကောင်းတဲ့အတွက် ဒုက္ခဆင်းရဲလို့ဆိုပါတယ်။

ပြီးတော့ သူ့သဘောအတိုင်းဖြစ်ပျက်နေလို့ အစိုးမရတဲ့ တရားတဲ့၊ အစိုးမရတဲ့ အရာဟာကိုယ်တိုင် အတ္တဘယ်ဟုတ်နိုင်မလဲ အနတ္တသာဟုတ်တယ်။ ဒါကြောင့် မြတ်စွာဘုရားက အဲဒီတရား တွေကို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုဖို့ရာ ရဟန်းငယ်အား ဟောပါ တယ်။

ဒီလို အနိစ္စ၊ ဒုက္ခ၊ အနတ္တလို့ ရှုမြင်တော့ အဲဒီတရားတွေ ရဲ့အပေါ်မှာ နိဗ္ဗိန္ဒတိ . . ငြီးငွေ့တယ်။

ငြီးငွေ့တော့ နိဗ္ဗိန္ဒဝိရဇ္ဇတိ ငြီးငွေ့တဲ့တရားတွေရဲ့အပေါ် မှာတပ်မက်တွယ်တာခြင်း ကင်းသွားတယ်။

အဲဒီတော့ ဝိရာဂါဝိမုစ္စတိတဲ့ တပ်မက်တွယ်တာခြင်း ကင်းသွားလို့ရှိရင် လွတ်မြောက်သွားတယ်။

အဲဒီလိုလွတ်မြောက်သွားရင် ခီဏာဇာတိဂုသိတံပြဟ္မစရိယံ စသည်နှင့်အညီ ဘဝသစ်ဖြစ်ရခြင်း ကုန်သွားပြီး၊ အကျင့်လမ်းဆုံးပြီ ဆိုတာကိုလည်း ကိုယ်ပိုင်ဉာဏ်ဖြင့်သိနိုင်တယ်လို့ မြတ်စွာဘုရား က အရဟတ္တမဂ်ဖိုလ်တိုင်အောင် အဲဒီရဟန်းငယ်ကို ဟောတော်မူ ပါတယ်။

ဒီတရားတော်ကို နာနေရင်း ဂိလာနရဟန်းတော်လေးလည်း ရဟန္တာ ဖြစ်သွားပါတယ်။

http://www.cherrythitsar.org



ကဲ. . . ကျွန်မကိုယ်တိုင် တရားဦး မဟောနိုင်လို့ ပါရမီ ငှားသလို တရားကိုလည်း အငှားကူးယူဖော်ပြပြီး၊ ကိုတင်အောင် ထွန်းထံ ပို့လိုက်ပါတယ်။

ငယ်ချစ်ဦးမွေးကို အကျိုးပြုချင်သေးတယ်၊ ထပ်မံချီးမြှင့် ချင်သေးတယ် ဆိုရင်ဖြင့်၊ ကျန်းမာရေးကောင်းအောင် ကြိုးစား၊ အရက်ကိုပြတ်အောင်ဖြတ်ပြီး အတွတ်နဲ့အတူ မဟာစည်သာသနာ့ ရိပ်သာမှာ ပဋ္ဌာန်းတက် ရဟန်းပြုပါ၊ မွေးကိုရဟန်းအမအဖြစ် ကာယကံမြောက် ချီးမြှင့်လိုက်ပါ။

ကိုတင်အောင်ထွန်းတို့ ပြန်လည်တွေ့ဆုံပွဲကိုဖြင့်၊ ကျွန်မ ခင်နှင်းယုအဝေးကနေ၊ သာဓု အနုမောဒနာ ပြုပါမယ်။

* * * * *

# ၃၀၄ ခင်နှင်းယု

မယ်သည်းအိမ်မှဝါချည်စ

ညွှန်းဆိုလာသည့် . . . သဝဏ်စာခွေ
နွေကန္တာဇာတ်၊ မသိမ်းတတ်ပြီ
ရွှေနဂိုကောင်၊ ရီမှောင်ဆည်းဆာ
ခရီးသမား၊ နှလုံးသားချောက်
လျှောက်၍ရှာရင်း၊ မျှော်ပြင်းတသ
ရေကြည်မြ။
ထွန်းပါစေလို့ . . . ညရက်အိုချိန်
ငွေလ္ဘာအိမ်တွင်၊ တိမ်မစင်သေး
မှေးမှေးပျပျ၊ စုန်းကြူးမငယ်
အလည်မရောက်၊ တောက်စား
မပျော်
မျှော်ပါသော်ငြား၊ မှောင်သား
ကွက်ထူ
ပင့်ယှက်မြူသန်း၊ဇာပန်းမဟူရာ
ဆင်လာသောည။
အို . . . သောကနွယ်ခြုံ၊ ယှက်မှုန်ပိတ်ဆီး
မောင့်ခရီးတွင်း၊ ပဝင်းတည်ငြိမ်
မယ့်သည်းအိမ်မှ၊ ဝါချည်စကို
မြှင့်စမ်းပါတဲ့။
အော် . . . ငယ်ချစ်ဦး၏။ မဖြူနိဂုံး
အလှသုံးသည့်၊ လမ်းဆုံးဆန္ဒ
ဝေမျှသဒ္ဓါ၊ ရင်မှာရှိလည်း
ကျင့်ဆပြပါရမီ၊ ဝတ်ရည်ဆုမှုန်

http://www.cherrythitsar.org



သင်းမထုံသေး
ငုံစဖူးစ၊ တရားကိုယ့်မှာ၊ မပြည့်ပါ
သေး
တန်ခိုးငွေ့လူ၊ ဘိကျွူနီလည်း၊ မပီ
တတ်သေး
ရေးရေးမြင်စ၊ သောင်မ ခေမာ
စီးသာစခန်း၊ မြတ်ပွင့်ပန်းကို
ကမ်းလိုက်ပါသည်
မောင့်မှာလက်လှမ်း မှီပါစေ။
ရှေ့ပြုဗ္ဗာတွင် . . . ဓမ္မာတေးဖြင့်၊ အေးပါစေ
မိုးသောက်ယံတွင်၊ ပန်းများ ဖွေးဖွေး
မွှေးပါစေ
မိုးသောက်ဦးတွင်၊ နှင်းသက်
လေညင်းသင်းပါစေ။

**ခင်နှင်းယု**
**၁၉-၈-၇၆**

http://www.cherrythitsar.org

